www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

## ယုဇန

BURMESE CLASSIC .com

# ရှင့်ကို ချစ်တယ်

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## အခန်း [ ၁ ]

ပလက်ဖောင်းပေါ် ပြေးတက်လိုက်ရင်း အနီရောင်လွယ်အိတ်ပြားလေး၏ကြိုးကို လက်မတစ်ဖက်နှင့် ချိတ်ထားလိုက်ပြီး တစ်ဖက်က နာရီကို မြှောက်ကြည့်သည်။

စိတ်စောနေသမျှ လူက သွားနေရသဖြင့် ကျောတစ်ဝက်လောက်မှာ ဖြန့်ချထားသည့်ဆံပင်တွေ ခုလောက်ဆို ကျောပေါ်မှာမရှိဘဲ ကိုယ့်ရဲ့နောက်မှာ စုပါမင်းလို လွင့်ပျံပြေးလွှားနေမှာ သေချာ၏။ ထိုစဉ် ဖုန်းသံကြားလိုက်တော့ ရင်စေ့ပြီးဝတ်ထားသည့် ကုတ်အင်္ကျီအညိုရောင်ထဲက ဖုန်းကို ထုတ်ယူ၍…

"ဟလို…"

"………"

"လာနေပြီကွာ…၊ ခဏပဲ"

"………"

"ဟုတ်တယ်…၊ မတတ်နိုင်ဘူး၊ ဆယ်မိနစ်ထပ်ကြာမယ်၊ နိုး… ဆိုရင်လဲ ပြန်လိုက်တော့…"

ဖုန်းပြန်ပိတ်ပြီး အိတ်ထဲထည့်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သွားသွား အရေးပေါ်ချည်းပဲ ဖြစ်နေတတ်သည်မို့ သူမခြေထောက်တွေက နာရီကြည့်ရင်း၊ ဖုန်းပြောရင်း လမ်းဖြတ်ကူး၊ ကားတား၊ ရထားပေါ် ပြေးတက်ရဦးမလား...။ မနားတမ်း တောက်လျှောက်သွားနေနိုင်သည်။

ခလုတ်တိုက် လဲပြိုမိတယ်ဆိုတာ မရှိ။ ကိုယ့်ကြောင့်၊ သူများကြောင့် ဘာအတွက်နှင့်မှ အခက်အခဲ၊ အထစ်အငေါ့ ဖြစ်ရတယ်ဆိုတာလည်း မရှိဘူး...။

ထိုသို့သော အရည်အချင်းကောင်းများနှင့် သူမသည်...

"မော် ဆိုတာ သူပဲ"

"မော်. "

မျက်လုံးတွေ ရောက်သွားပြန်မှ ကြည့်တဲ့လူက သံယောင်လိုက်ရွတ်သည်။ အနီရောင်ဘောင်းဘီရှည်ပွပွ၊ လည်ကပ်အွယ်တာ အနီရဲက မေးရိုးနားမှာပဲ မြင်နေရကာ အညိုရောင်ကုတ်အင်္ကျီကို ထပ်ဝတ်ထား၏။

အရပ်မြင့်သည်ဆိုသော မိန်းကလေးတချို့၏ပုံစံမျိုး...။ အဆီပိုမရှိသည့် သွယ်လျသောကိုယ်ဟန်က တင်းပြည့်ဖြောင့်စင်းနေသဖြင့် ခြေလှမ်းကျဲလွန်းသည့် သူမက အများထဲမှာ ထင်းနေသည်။ ထို့ပြင် အလယ်ခွဲမကျတကျဆံပင်နှင့် မျက်မှန်နက်ကို တပ်ထား၏။

ချစ်ဖူး က ကားကို ဘီးလိမ့်ရုံလေး ထပ်တိုးပြီး အသင့်ပါလာသည့် ဖုန်းနှင့် အနီးကပ်ဆုံးချဲ့ပြီး ဓာတ်ပုံ တချပ်ချပ်ရိုက်၏။ ရိုက်နေရင်း ပြုံးကာ...

"ခြေလှမ်းကတော့ စက်တပ်ထားသလား မှတ်ရတယ်၊ အံ့သြစရာပဲ"

"အဟွန်း...၊ ကားထည်လဲစီးနိုင်တဲ့ခြေထောက်က အဲဒီလို အလေ့





အကျင့်တွေ ရနေတာ မင်း စဉ်းစားကြည့်လေ"

ဖုန်းကိုင်ထားသည့်လက်ကိုချ၍ ချစ်ဖူး က လှည့်ကြည့်၏။

"သူက အဲဒီလောက်တောင်လား"

"ပိုတာပေါ့"

အပီအပြင် ကြေမွထားသည့် ရင်ဘတ်ကြီးကိုဖွင့်၍ တန်ခိုး က ကူရှင်မှာ ပစ်စလက်ခတ် မှီလိုက်သည်။

"တစ်ယောက်ဆာ မကျေနပ်ရင် တခြားတစ်ယောက်ကို ချက်ချင်း ခေါ်တယ်၊ နှစ်ယောက် တစ်ပြိုင်တည်း တိုက်ဆိုင်တာတွေရှိလာရင် အခု မင်း မြင်လိုက်သလိုမျိုး..."

ဆိုတော့ ချစ်ဖူး က သူမ ပျောက်ကွယ်သွားသည့်ဘက်ကို နောက်ထပ် ကြည့်သည်။ ပြီးမှ သတိရပြီး ဖုန်းပြန်ဖွင့်၍ ရိုက်ထားသည့်ပုံတွေကို ကြည့်ကာ...

"ဒါဆို သူက အမြဲတမ်း Exercise ရှိတာပေါ့၊ ဒါကြောင့် မိုက်နေတာထင်တယ်"

တန်ခိုး က နာကျင်သည့်မဲ့ပြုံးနှင့် ရင်ဖွင့်ထားသည့်ရှပ်အင်္ကျီကို ကြယ်သီးကုန်အောင် ထပ်ဖြုတ်ပြီး ဘောင်းဘီထဲသွင်းထားသည့် အောက်ဖျားစတွေကိုပါ ထုတ်ခါပစ်သည်။ စိတ်အိုက်လူအိုက်နှင့် အင်္ကျီကိုယ်ပေါ်တင်ထားရတာတောင် ပူလောင်နေသလိုမျိုး...။

"သူ့ကို ပြေးလွှားမောပန်းနေရမှာပဲလို့ မင်း ထင်သလား"

"ငါ မြင်တာပဲလေ"

"မြင်တဲ့လူတိုင်း ဒီလိုပဲ ထင်ကြတာပဲ"

တန်ခိုး က လှည့်ကြည့်၏။ ပြီးတော့ ဖုန်းထဲကပုံတွေကိုပဲ ပြန်ထုတ်ကြည့်နေရင်း...

"အေးပါ..၊ မင်းက သူ့ရဲ့ ကိုးဆယ့်ကိုးယောက်မြောက် နေ



www.burmeseclassic.com

www.burmeseclassic.com



လောက်မှာ တစ်နေရာရဖူးတဲ့သူဆိုတော့ ပြောပါဦး၊ လှတာကတော့ ဓာတ်ပုံကိုမြင်ရတာတောင် မျက်လုံးမခွာချင်ဘူး"

"သူ့မှာ ဘာစိုးရိမ်ကြောင့်ကြမှုမှ မရှိဘူး၊ ရည်းစားတွေထားပြီး အားလုံးကို စီရင်ချက်ချပစ်နိုင်နေတဲ့ဘဝကို အလိုရှိတာ.."

"ဟင်!..."

"သူ ဒါလုပ်တယ်၊ ဒီလို ရှိခဲ့တယ်၊ ဒီလိုနေမလား၊ ဟိုလိုမကြိုက်ဘူး၊ မဟုတ်ရင် အားလုံး နိုး..ပဲ၊ မော် ဆိုတဲ့အတိုင်း သူ့ကို ချစ်မိတဲ့ ယောက်ျားလေးတွေက သူ ဘယ်လိုပြောပြော..၊ ဘယ်လောက်ဆိုးဆိုး အနိုင်ယူပါ၊ အရှုံးပေးပြီးသားဆိုတာမျိုးပဲ၊ စိတ်ဆိုးလို့မရဘူး၊ ဒေါသတွေ ဖြစ်ဖြစ်နေတတ်ပေမယ့် မမုန်းနိုင်ဘူး"

"ဒီလိုမိန်းမမျိုးမှာ ရန်သူတွေ ဝိုင်းနေတတ်တယ်ကွ..၊ သူ မကြောက်ဘူးထင်တယ်"

"ခုချိန်ထိတော့ သူ့ရှေ့မှာ တက်ခေါက်သွားတဲ့လူတောင် မရှိသေးဘူး၊ အဲဒါ သူ့ရာဇဝင်.."

ချစ်ဖူး ကတော့ လူပြောများလွန်းလို့၊ ပြီးတော့ ကိုယ့်သူငယ်ချင်း တစ်ယောက်လုံး အသည်းကွဲဝေဒနာနှင့် ညည်းညည်းညူညူ ကျန်ရစ်ခဲ့လို့..။ ဒီနေ့ တမင် လိုက်စောင့်ကြည့်မိတာ 'မော်'ဆိုတဲ့မိန်းမကို..။

"တကယ် ဆွဲဆောင်နိုင်တဲ့ မိန်းမမျိုးပဲ"

တန်ခိုး လှည့်ကြည့်တာကိုရော..၊ ပြုံးလိုက်တာကိုရော.. ဂရုမစိုက်နိုင်။ မော်ဆန်သည့်...လှမျိုးနှင့် ဖမ်းစားနိုင်လွန်းသော သူမရဲ့ ရုပ်သွင်ဟာ ဓာတ်ပုံကိုကြည့်နေတာတောင် ခြေလှမ်းတွေ အသက်ဝင်နေသလိုလို..။

ခါးမတ်မတ် တောက်ကြွကြွပုံစံနှင့် မျက်နှာကိုလည်း မငဲ့၊ လွင့်နေသည့်ဆံပင်တွေကိုလည်း မသိမ်း။





မျက်မှန်တပ်၍ လိုက်ဖက်သော လေးထောင့်ဆန်ချင်သည့်မေးရိုးကျပုံသည် မျက်နှာကို ဖူးဖူးပြည့်ပြည့်လေးနှင့် ခိုင်ကြည်သည့်သရုပ်ကို ဖော်၏။

သူမကိုယ်ဟန်နှင့် လမ်းလျှောက်ပုံမျိုး မြန်မာမိန်းကလေးတွေထဲမှာတော့ ပုံစံတူ သိပ်မရှိနိုင်။ ဒါကြောင့် လိုက်ပြစမ်းပါလို့ သူပြောတုန်းက "မင်း စိတ်ခိုင်မှ ဖြစ်မယ်"လို့ တန်ခိုး က သတိပေးခဲ့တာဖြစ်မည်။

'နတ်သမီးလောက် လှပါတယ်ဆိုရင်တောင် နတ်သမီး မမြင်ဖူးလို့ ယုံဖို့ စဉ်းစားရဦးမယ်'လို့ သူ ပြောခဲ့တာကို သတိရပြီး မလုံမလဲ ပြုံးလိုက်မိသည်။

ခုတော့ စကားရင်မ်သေးသေးပေါ်က ပုံရိပ်လေးကိုတောင် ပြန်ပိတ်ဖို့ မေ့နေခဲ့၏။

သူမကို ဒီ့ထက်ပို၍ နီးနီးလေး မြင်ချင်သည်။

သေချာထိုင်ကြည့်တဲ့အခါ မျက်နှာပုံစံ ဘယ်လိုပြောင်းလဲသွားနိုင်မလဲ သိချင်လာ၏။ အရမ်းလှပါတယ်ဆိုတာ ရှုထောင့်အမျိုး ...က ဘယ်လိုကြည့်ကြည့် လှနေတာမျိုး..။

သူမနှင့် ဘယ်လို ဆုံစည်းနိုင်မလဲ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂ ]

"အခု ဆုံနေကြတာပဲလေ၊ မဟုတ်ဘူးလား"

စကားပြောသံလေးက ချိုသည်။ ဒါပေမယ့် မိန်းကလေးပီပီသသ ဆွဲဆောင်နိုင်သည့်အသံမျိုးမဟုတ်ဘဲ ကြည်ရှရှနှင့် အမိန့်ဆန်နေသည်။

လူကို မမြင်ရပေမယ့် သူ့မျက်လုံးထဲမှာ သူမ မျက်နှာကို မြင်နေရသည်။ ပြုံးနေသည့်နှုတ်ခမ်းလေး ဘယ်လောက်လှနေသလဲဆိုတာ မျက်လုံးတွေ မှိတ်လိုက်တာတောင် အမြင်အာရုံတွေထဲမှာ ပျောက်မသွားခဲ့..။

တစ်ခုခုတော့ ဖြစ်နေပါပြီ။ သူ့ရင်ထဲမှာ...

"ရှင် ဘယ်လိုဖြစ်နေတာလဲ ကောင်း..၊ စားစရာရှိတာ စား၊ ပြောမယ်ဆိုတာကို ပြောလေ..."

"မင်းကို ကိုယ် ဘယ်လောက်ချစ်တဲ့စကားတွေပဲ ပြောချင်နေတယ်"

"ပြောပေါ့..၊ စားသောက်ရင်းပြောတော့ တစ်ချိန်တည်းနဲ့ နှစ်လုပ် ပြီးတယ်"

"မော် ကလဲကွာ.."





သူ ပြုံးလိုက်မိသည်။ ယောကျ်ားချင်းမို့ ကောင်းခိုင် ဆိုသည့် ပုဂ္ဂိုလ်အတွက် စိတ်တော့မကောင်း..။

"ရှင် အဲဒီလို တည်ည်းညည်းတညူညူနဲ့ အလူးအလိမ့်မျက်နှာကြီးကို ကျွန်မက ထိုင်ကြည့်ပြီး ဒါတွေ ဘယ်လိုမျိုချရမလဲ"

"တကယ် မျိုမကျဘူးဆိုရင် တို့ကို တစ်ခုလောက် လိုက်လျောပေးပါလား မော် ရယ်..၊ တစ်ခါနှစ်ခါမက တောင်းဆိုနေတဲ့လူကို နည်းနည်းပါးပါး လိုက်လျောပေးဖို့ စဉ်းစားပါဦး"

"တောင်းဆိုတိုင်း လိုက်လျောနေရရင် မော့် နောက်မှာ ကလေးတွေ ပုတ်နဲ့လိုက်ကောက်ကာတောင် နိုင်မှာမဟုတ်ဘူး၊ ဘာကို စဉ်းစားရမှာလဲ.."

"ဟာ!... မဟုတ်ပါဘူး..၊ အဲဒီလို..."

ကောင်းခိုင် ပျာပျာသလဲဖြစ်သွားလျှင် ကျောနောက်က ရယ်သံသဲ့သဲ့ကိုကြားလိုက်ရ၏။ မော် ပြန်လှည့်ကြည့်တော့ မမြင်ရပါ။ ထိုင်ခုံတွေ ကျောချင်းကပ် ခင်းထားပေမယ့် ကျောမှီတွေက မြင့်[illegible]မို့ တစ်ဦးနှင့်တစ်ဦးကို မမြင်နိုင်..။

စားပွဲတစ်လုံးမှာ နှစ်ယောက်တွဲ ဆိုဖာတစ်စုံကို မျက်နှာချင်းဆိုင်ချထားပေးသည်။ စုံတွဲနှစ်တွဲ သို့မဟုတ် လေးယောက်ပဲ ထိုင်လို့ရ၏။

မော် တို့ကတော့ နှစ်ယောက်တည်းပါ။ ကိုယ့်အကြောင်းနှင့် ကိုယ့်စကားပဲ ရှုပ်နေသည်မို့ ကျောနောက်က စားပွဲမှာ လူရှိသလား၊ မရှိဘူးလားလည်း မသိ..။

ရယ်သံထွက်လာတာက ကိုယ့်စကားကို ရယ်တာလား..၊ သူတို့ချင်း ပြောနေရင်း ရယ်လိုက်တာလား..။ ထိုရယ်သံကြောင့် အာရုံက ဖျတ်ခနဲ ပြောင်းသွားခဲ့ပြီး...

"မော် ရယ်..၊ ကိုယ် တောင်းဆိုတယ်ဆိုတာက..."



www.burmeseclassic.com

www.burmeseclassic.com



"နေဦး…"

ကောင်းခိုင် စကားကြားလိုက်မှ စိတ်က ရှေ့ကို ပြန်ရောက်လာကာ…

"ရှင် စားလို့မဝင်ဘူးမို့လား၊ ကျွန်မ စားလိုက်ဦးမယ်၊ စားပြီးရင် ဆယ်မိနစ် အချိန်ထပ်ရတယ်၊ ရှင် ပြောချင်တာပြော‥၊ အိုခေ‥နော်‥"

တစ်ဖက်က တိတ်ကျသွားတော့ သူ ပြုံးလိုက်မိသည်။ မော့် ဆိုတဲ့မိန်းမ မြိန်ရေရှက်ရေ စားသောက်နေတာကို မချိုသောရင်‥၊ ပြုံး၍ငိုနေသော မျက်လုံးအစုံဖြင့် စောင့်စားနေရမည့်မျက်နှာတစ်ခုကို ပြေးမကြည့်ရဘဲ မြင်နေမိ၏။

ကောင်းခိုင် ဆိုသည့် လူတစ်ယောက်၏ လှုပ်ရှားမှုတွေကိုပါ သူ လိုက်ကြည့်ဖြစ်ခဲ့တာ မော့် နောက်ကို လိုက်နေရင်းနှင့်ဖြစ်သည်။

"လောလောဆယ် မော့် နဲ့တွဲနေတာ အဲဒီတစ်ယောက်ပဲ၊ နာမည်က ကောင်းခိုင်၊ အသိုင်းအဝိုင်းကတော့ ဂရိတ်ပဲကွ‥၊ ဒါပေမယ့် မော့် ရှေ့မှာတော့ သူ ဘာမှမဟုတ်ရှာဘူး"တဲ့‥။

တကယ် အဟုတ်ပါ။ ကြားနေရတာတွေက သိထားခဲ့တာတွေနှင့် ကွက်တိ‥။ Bakery မှာ ချစ်သူစုံတွဲတွေပဲ လာကြတာများပေမယ့် သူကတော့ တစ်ယောက်တည်းပါ‥။

ရည်ရွယ်ချက်ကိုက ချစ်သူတွေများနေသည့် မိန်းကလေးတစ်ယောက်အကြောင်းကို သိချင်တာမို့…

"ကဲ… ရှင် ရှေ့ဆက်လို့ရပြီ"

သူမအသံကို ပြန်လည် ကြားလိုက်ရသည်။ စားသောက်ပြီးသွားပြီ ထင်၏။ သူ စီးကရက်တစ်လိပ် ထုတ်လိုက်ရင်း မီးမညှိဖြစ်သေးဘဲ နားစွင့်ထားလိုက်သည်။

"ပြောရမှာတောင် အားမပါတော့ဘူးကွာ‥၊ မော့် က ကိုယ့်ခံစား





ချက်တွေကို ပြက်ရယ်ပြုနေသလိုပဲ"

"ရှင့်ကို ကျွန်မက ဟားတိုက်ရယ်နေလို့လား‥"

"ဒါပေမယ့် တို့က လေးနက်စေချင်တာ"

"လေးနက်ရအောင် ရှင် ဘာမှမပြောရသေးဘူးလေ၊ ဒီမှာ စထိုင်ကတည်းက ကျွန်မပဲ မုန့်ပွဲယူလာတယ်၊ ကော်ဖီ ရောက်လာတော့လဲ ရှင် မသောက်ဘူး၊ ကျွန်မပဲ သောက်တာ…"

"ဒါက ကိုယ် ဝယ်ကျွေးရတာမှ မဟုတ်တာ၊ မော့် က ကိုယ့်ဘာသာ စားမှာပဲဆိုတာ သိနေလို့ မော့် လုပ်နေသမျှ ဒီတိုင်း ကြည့်နေရတာလေ"

"ဟုတ်တယ် အဲဒီအပိုင်းက‥၊ ဒါပေမယ့် အခွင့်အရေးတစ်ခုဆိုတာမှာ ရှင် ရှေ့မဆက်မတက်ဘဲ လည်နင်နေတာ မဟုတ်ဘူးလား"

"ကိုယ် စကားစ,လိုက်တာနဲ့ မော့် က ဒေါက်နဲ့တာလဲ ထည့်ပြောပါဦး၊ ဘယ်လို ဆက်ပြောရမလဲ"

"ခက်တော့တာပဲ‥"

သက်ပြင်းချသံလေးနှင့် မော့် စကားကြောင့် စီးကရက်မီးညှိရင်း သူ ပြုံးမိပြန်၏။

"အရမ်း ပါးနပ်တယ်‥၊ ရည်းစားလို့ သတ်မှတ်ပေးလိုက်တာပဲ ရှိတယ်၊ သူ့ဆီက ဘာမှမရဘူး၊ ဘယ်ကောင် ခံနိုင်မှာလဲ၊ အဲဒါကို ပြောကြည့်ပါလား၊ သူကလဲ ဖြောင်ပဲနော်၊ တော်ကီတွေက ကြမ်းတယ်၊ မထင်ရဘူး" တဲ့‥။

ပြောမယ့် ကြားဖူးမှ သိပါ၏။ သူ့ကျောနောက်က စကားသံတွေ နောက်ထပ် ထွက်ပေါ်လာသည်။

"ကျွန်မ မကြိုက်တာကို သိနေရင်လဲ ကြိုက်လောက်မယ်ထင်တာကိုပဲ ပြောကြည့်ပါလား၊ ရည်းစားသက်တမ်းအရ အရှည်ကြာဆုံးမို့



www.burmeseclassic.com

www.burmeseclassic.com



ရှင် ရနိုင်တယ်”

“ကိုယ် တစ်ခုလောက် သိချင်တယ်”

“အဲဒါမျိုးရှိရင်လဲ တန်းမေးလိုက်ပါ၊ မေးခွန်းမှားရင် ကြိမ်ဒဏ်ပေးခံရမှာမျိုးမှ မဟုတ်တာ…”

“မော် ရယ်..၊ အားလုံးကို လိုရင်းတို ိုး ဖြစ်ချင်နေတော့တာပဲ၊ ကိုယ် အဲဒါကိုပဲ သိချင်တာ..၊ ချစ်သူဖြစ်ကြခြင်းရဲ့အစိပ္ပာယ်ကို မော် ဘယ်လို မြင်သလဲ..၊ ပြီးတော့ ခုလို နှစ်ယောက်တည်း ဆုံဖြစ်ကြတဲ့အခါ မော့် ရင်ထဲမှာ ဘယ်လိုခံစားချက်တွေ ရှိနေခဲ့သလဲ”

ခဏတော့ တိတ်ကျသွားသည်။ စီးကရက်မီးခိုးတွေကို လှလှပပလေး လွန့်လူးထွက်ခွာလို့ရအောင် ဖြေလွှတ်ပေးရင်း သူ နားစွင့်နေခဲ့၏။

“ဟွန်း..၊ မွန်နေတာပဲ၊ စိတ်ပျက်လိုက်တာ…”

အကြောင်းအရာနှင့်မသက်ဆိုင်သော ညည်းသံလေး ထွက်လာ၏။ စီးကရက်ညှပ်ထားသည့်လက်ကို လက်တင်ပေါ် သာသာပြန်ချ၍ သူ ပခုံးတွန့်လိုက်မိ၏။ မလွယ်ပါလား..။

“ကိုယ်တို့ နေရာပြောင်းမလား”

“နေပါစေ..၊ ရှင် မေးတာဖြေဖို့ ရှိသေးတယ်၊ ချစ်သူဖြစ်သွားကြတာဟာ ချစ်သလားလို့မေးရင် ချစ်တယ်လို့ ပြန်ဖြေလို့ပေါ့..၊ ချစ်တယ်လို့ဖြေဖို့က ဖြေချင်စိတ်ရှိမှလေ..၊ ဖြေချင်တဲ့လူကို ချစ်တယ်လို့ ဖြေလိုက်တဲ့အတွက် ချစ်သူ ဖြစ်သွားကြတယ်”

“မော်!…”

“အဲ… နောက်တစ်ခုက ချစ်သူထားပြီဆိုရင် မိဘက အသေအလဲ တားဆီးတဲ့အတွက် ဒါကို ကျော်လွှားပြီးမှ ချစ်သူထားခြင်းပြီးမြောက်မှာ..၊ အဲဒီလိုကျော်လွှားနိုင်တာကို ကျွန်မ ကြိုက်တယ်”





“မဟုတ်ဘူး..၊ ကိုယ် သိချင်တာက မော် ရွေးချယ်တဲ့ ချစ်သူအပေါ်မှာ ဘယ်လောက်ထိ လေးနက်တယ်ဆိုတဲ့ ခံစားချက်မျိုး..။

“ကျွန်မဘက်က လေးနက်မှုပဲလေ၊ အခု ရှင် ချိန်းတဲ့နေရာကို လာနိုင်ဖို့ ကျွန်မ ဘယ်လောက်ထိ ဖြတ်သန်း ကျော်လွှားခဲ့ရသလဲ သိလား”

“သိပါတယ်..၊ ဒါပေမယ့် အဲဒီလို ဖြတ်သန်းပြေးလွှားပြီး ရောက်တဲ့အခါ အမောပြေစရာ ရင်ခွင်တစ်ခုတော့ မလိုဘူးလား၊ ဥပမာ ချစ်တဲ့သူကို မြင်လိုက်ရမှ အမောပြေတာ၊ ချစ်သူရဲ့ရင်ခွင်မှာ မှီနွဲ့ပြီး ကြည်နူးရတာမျိုး…”

“ကျွန်မမှ မမောတာ…”

နောက်ထပ် ရယ်သံတစ်ချက် ပျံ့လွင့်လာတော့ မော့် စကားသံလေး တိတ်သွားကာ ကောင်းခိုင့် မျက်လုံးတွေက မော့် နောက်ကျောအကွယ်ဘက်ကို ဝေ့၏။

ဒီက ပြောသမျှကို လိုက်ရယ်နေတာလား..၊ သူတို့ချင်း ပြောနေကြတာလား။ နောက်ထပ် တွေးဖြစ်ပေမယ့် ဒီတိုင်း ထားလိုက်ရပြန်၏။

“ဖြေပြီးပြီနော်..၊ ကျွန်မ ပြန်တော့မယ်”

“ဟာ!… ဒီလိုတော့ မလုပ်ပါနဲ့ မော် ရယ်..၊ စကားတွေ ဟိုရောက်ဒီရောက်နဲ့ လိုရင်းကို မပြောရဘူး၊ ခဏ နေပါဦး…”

“ဆယ့်ငါးမိနစ်တောင် ရှိနေပြီ ကောင်း..၊ ရှင် ကျွန်မကို ရည်းစားစကား မပြောခင်ကတည်းက အမြဲတမ်း တိကျတတ်ဖို့လိုတယ်ဆိုတာ သိထားသင့်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ဒီလို လွတ်လပ်စွာ သွားလာခွင့်ရနေဖို့အတွက် အချိန်က ကန့်သတ်တဲ့အတိုင်း တိကျနေမှ ဖြစ်မယ်။ အဟွတ်… အဟွတ်…”

ချောင်းဆိုးလိုက်ပြီးမှ သူမက ဆက်၍…



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆိုရင် မလိုအပ်တဲ့မေးခွန်းတွေ အိမ်မှာကတည်းက ထုတ်နုတ်လာခဲ့ပါ..."

"မှော်..."

နှစ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့် ထရပ်လိုက်ကြတာကို သိလိုက်သည့်နောက်...

"ဘုတ်... ဘုတ်..."

သူ ကျောကပ်မှီထားသည့် ဆိုဖာကို နှစ်ချက်ဆင့်ပုတ်ကာ...

"အတွဲချောင်းချင်တယ်ဆိုလဲ မီးခိုးတလူလူနဲ့ သူများမခံသာအောင် လုပ်မနေနဲ့..၊ ဒီက ပြောသမျှကြားရအောင် ကျောကပ်ထားရတာလဲ နောက်မှီနဲ့ တစ်သားတည်းဖြစ်နေပြီ၊ ဝါသနာက သေးသေးကွေးကွေး မဟုတ်ဘူး၊ ဟွန်း..."

ထွက်သွားတဲ့အထိ ဒေါက်ဖိနပ်သံကို နားစွင့်ရင်း သူ ငြိမ်ငြိမ်လေး နေလိုက်သည်။ ပြီးတော့ ကိုင်ထားသည့် စီးကရက်ကို ပြန်ကြည့်ရင်း သူမ ချောင်းဆိုးသွားသည့်အသံလေးကို ပြန်ကြားယောင်မိ၏။

မိတ်ဆက်ထားလိုက်တာပါ မှော်..။

ဘာဖြစ်လို့လဲဆိုတော့ မင်းကို ချစ်ချင်လို့..။





## အခန်း [ ၃ ]

ကြိုးတွေ ရှုပ်နေအောင်ချည်ရသည့် ဒေါက်မြင့်ရှူးအနက်ကို စီးနေစဉ် အခန်းရှေ့မှာ လူရိပ်ထင်လာတာကို မျက်ဝန်းထောင့်မှာ မြင်လိုက်၏။ လှည့်မကြည့်ဘဲ ကိုယ်ကို ပြန်မတ်ကာ မှန်တင်ခုံရှေ့ကို မျက်နှာမူလိုက်တော့ မှန်ထဲမှာ ပေါ်လာသူက မှော့် ရဲ့နို့ထိန်း မေချို..။

နာမည်က ဒေါ်ချိုကြည် ဖြစ်သည်။ ငယ်စဉ်ကတည်းက အမိမဲ့သမီးလေးဖြစ်ခဲ့သော မှော် ကတော့ မေချို လို့ပဲ ခေါ်ခဲ့၏။

ဒေါ်ချိုကြည် ငယ်ငယ်တုန်းကတော့ ပိန်သွယ်သွယ်လေးလို့ ပြောကြပေမယ့် ခုချိန်မှာ ခပ်ဖိုင့်ဖိုင့်ကိုယ်လုံးကြီးနှင့် အရပ်ပုနေသဖြင့် ပုပုလုံးလုံးလေး ဖြစ်နေပါပြီ..။

"ဘယ်သွားဦးမှာလဲ သမီးရယ်..၊ ဆရာကြီးက အပြင်မှာ အစောင့်တွေ အထပ်ထပ်ထားခဲ့တာ..."

"ထားပေ့စေ..."

"သမီးက ဘယ်သွားမလို့လဲ..၊ ဒီနေ့ဒီရက်မျိုးကျတော့ နည်းနည်း အောင့်အည်းနေလိုက်ရင် နောက်..."



www.burmeseclassic.com

www.burmeseclassic.com



"မချို ကလဲ အသာနေစမ်းပါ၊ မျိုသိပ်တာတွေ..၊ အောင့်အည်းတာတွေ မော့် မလုပ်ချင်ပါဘူး၊ လုပ်ချင်တာကို လုပ်ကိုလုပ်ရမှ၊ သွားချင်တာကို မသွားဘဲ နေစရာလား"

"ဘယ်ကိုလဲ ဆိုမှ..."

"ချိန်းထားလို့.."

ဒုက္ခပါပဲလို့ အသံထွက်ရုံ ညည်းညူရင်း မချို ခေါင်းကုတ်၏။ မော့် က အနက်ရောင် ခရစ္စတယ်ကြိုးရှည်ကို လည်ပင်းမှာ စွပ်ချလိုက်ပြီး လက်ပတ်အနက်လေးကို ဘယ်လက်မှာ ပတ်လိုက်သည်။

မီးခိုးနှင့် အနက်ရောင် စလွယ်ရစ်ထားသည့် ခါးပတ်အနက်နှင့် အင်္ကျီပွပွကို စတော့ကင်အနက်နှင့် တွဲဝတ်ထားသဖြင့် တစ်ကိုယ်လုံး အနက်ရောင်လွှမ်းနေသည့် မျက်နှာဖြူနုနုလေးက ဝင်းထိန်နေ၏။

ပန်းခရမ်းရောင် မှောင်လက်နေသည့် ဆံပင်တွေကတော့ အမြဲတမ်းလိုပဲ ဖြန့်လျက်သား..။ မီးခိုးရောင်ရင့်ရင့် လွယ်အိတ်ပြားကြီးကို ကောက်လွယ်ပြီး ဒီဘက်လှည့်ရပ်လိုက်တော့ မချို က ကပျာကယာ ရှေ့က တားလိုက်ရင်း....

"ဒီနေ့တော့ မသွားပါနဲ့ သမီးရယ်..၊ ဆရာကြီး သိရင် လုံးဝ မလွယ်ဘူး"

"ဘယ်တုန်းက သိသွားခဲ့တာရှိလို့လဲ မချို..၊ မော့် ဘာလုပ်ရမလဲဆိုတာ မော့် သိတယ်၊ ပူမနေပါနဲ့.."

"သမီး..."

"ဩော်... မချို ကလဲ သူများ စိတ်မရှည်အောင်..နော်..."

"စိတ်မရှည်ရင်လဲ မချို့ ကို ကြိုက်သလို လုပ်လိုက်စမ်းပါကလေးရယ်..၊ ဟိုလေ... နောက်နေ့ကျမှ..."

မော့် က မချို့ ကိုယ်လုံးကြီးကို စိတ်ပျက်စွာ စုန်ချီဆန်ချီ





ကြည့်၍...

"ဒီနေ့ ချိန်းထားတာကို နောက်နေ့ရွှေ့လို့ ဖြစ်မလား၊ ဖယ်ပါ မချို ရယ်..၊ အစောင့်တွေ ဘယ်လောက်ထားထား မော့် ရှင်းသွားမယ်"

မချို့ ပခုံးကို တွန်းဖယ်လိုက်ပြီး ဖုန်းနံပါတ်တစ်ခု နှိပ်သည်။ ဖုန်းပြောရင်း သုံးဆစ်ချိုးလှေကားကြီးထိပ်မှာ အောက်ကို မြင်ရသည့်နေရာမှာ ကွယ်ရပ်ရင်း ခဏစောင့်နေလိုက်၏။

ဖုန်းကို ပြန်သိမ်းပြီးတော့ နာရီကြည့်လိုက်..၊ ဟိုလျှောက် ဒီလျှောက်နှင့် ပြတင်းပေါက်တွေနား ရောက်လိုက်၊ မော့် လှုပ်ရှားနေတဲ့အတိုင်း ခေါက်တုံ့ခေါက်ပြန် လိုက်ကြည့်ရင်း မချို ခေါင်းမူးလာသဖြင့် ကြမ်းပေါ်မှာပဲ နံရံကိုမှီ၍ ငုတ်တုတ်ထိုင်လိုက်ရသည်။

မော့် ဘာလုပ်နေမှန်း မသိပေမယ့် မကြာခင် အပြင်ရောက်သွားတော့မှာကိုတော့ သိနေ၏။ နှစ်ထပ်ခွဲတိုက်ကြီးမှာ လှေကားချည်းပဲ အတွင်းမှာ နှစ်ခု၊ နောက်ဖေးအပြင်မှာ တစ်ခု..။

အစက လှေကားတိုင်းမှာ အစောင့်တစ်ယောက်စီ ရှိသည်။ ခုနောက်ပိုင်းမှာတော့ နောက်ဖေးလှေကားကို သံဆန်ခါငုံထားလိုက်ပြီမို့ နောက်မှာ အစောင့်မထားတော့ပေ..။

မော့် ဆိုတဲ့ကောင်မလေး ထိုလှေကားကနေ အမြဲတမ်း လစ်ထွက်နိုင်နေတာကို ဖခင်ဖြစ်သော ဦးသုဝေ က မသိ..။

မော့် အပြင်ထွက်ချင်ပြီဆို ခြံစောင့်ကို ကျော်လွှားဖို့ပဲ လိုသည်။ အိမ်ထဲက စောင့်နေသူတွေကတော့ ထွက်သွားတာလည်း မသိ၊ ပြန်ရောက်လာတာလည်း မမြင်..။

ထို့ကြောင့် မော့် နှင့်ပတ်သက်သည့် သတင်းတစ်ခုခုဆို ဦးသုဝေ အပြင်မှာ ကြားရတာပဲရှိသည်။ တကယ် သိတာ မရှိ၊ ဘာမှမမြင်..။

"သမီးနော်..၊ ဒက်ဒီမျက်လုံးနဲ့ တစ်ခုခု တပ်အပ်မြင်လို့ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီက ဝမ်တိန်ပေးနေမှာ မဟုတ်ဘူး''

လို့ ကြိမ်းမောင်းလျှင် မော် က ကွယ်ရာမှာ မဲ့မဲ့ရွဲ့ရွဲ့..။

''သိတယ်..၊ မမြင်ဘဲနဲ့တောင် ရာဇဝင်လူဆိုး ဖမ်းထားသလို အစောင့်အထပ်ထပ်နဲ့၊ ဘယ်တော့မှ မမြင်စေရဘူး၊ ယုံလိုက်..''တဲ့..။

မေချို့ ရှေ့မှာပဲ သူမက ဖအေကို စိန်ခေါ် ကြိမ်းဝါးခဲ့တာပါ။ မော် ဟာ ငယ်ငယ်ကတည်းက ကလေးချင်းမတူတဲ့ကလေး ဖြစ်သည်။

ဦးသုဝေ ကလည်း ချမ်းသာသလောက် အလုပ်ရှုပ်သူပီပီ သမီးကို ခြွေရံသင်းပင်းနဲ့ထားသည်။ ကြင်နာယုယတာ သိပ်မရှိ..။

မိတဆိုးလေးဖြစ်သွားတော့လည်း ဒီ့ထက်မပိုခဲ့သည့်အခါ မော်ဆိုသည့် ကလေးတစ်ယောက်ရင်ထဲမှာ နူးညံ့မှုတွေ ပျောက်ဆုံးလာခဲ့၏။

''ဆရာကြီးရယ်..၊ ကလေးက ဆရာကြီးရဲ့ အလိုလိုက်ယုယမှုကို တောင့်တနေရှာတာ ထင်ပါတယ်၊ ဟိုလေ နေရာတကာ ပြောဆိုဆူပူမိတာတွေမလုပ်ဘဲ ချော့မော့ စည်းရုံးကြည့်ရင်...''

''မချို..၊ ခင်ဗျား က ကျုပ်ကို ကလေးအပေါ် မကြင်နာဘူးလို့ ပြောချင်တာလား''

''မဟုတ်ပါဘူး ဆရာကြီးရယ်..၊ ကျွန်မ အဲဒီလောက် မပြောရဲပါဘူး''

မေချို ဟာ မော့် ရဲ့မေမေရှိစဉ်ကတည်းက စေတနာ မေတ္တာ အရင်းခံတွေနှင့်ရှိခဲ့တဲ့ အလုပ်သမားမို့ ဟိုတုန်းကတည်းက အလုပ်သမားလို မဆက်ဆံခဲ့တာ ဖြစ်သည်။

ဦးသုဝေ က သူ့စိတ်ဓာတ်အရင်းခံပေါ်မှာ မေချို ကိုယ်တိုင် နားမလည်ဘူးဆိုတာ သိသွားတော့ ရှင်းပြခဲ့သေးသည်။

''သမီးလေးကို ကျုပ် မချစ်ဘဲနေမလား မချို၊ စီးပွားရေးနောက်ကို လိုက်နေတယ်ဆိုတာလဲ သူ့အတွက်ပဲ၊ ဟုတ်ပါတယ်..၊ ကျုပ်မှာ ချို့





ယွင်းချက် ရှိလိမ့်မယ်၊ ချစ်တာကို သိသာစေတဲ့ အပြုအမူ၊ အပြောအဆိုတွေ ကျုပ် မတတ်ဘူး၊ သူ့မာမီနဲ့ အိမ်ထောင်ရေး အဆင်မပြေခဲ့တာလဲ အဲဒီအကြောင်းတွေပဲ၊ သမီးလေးက သူ့ရဲ့ဒိုင်ယာရီကိုဖတ်ပြီး ကျုပ်အပေါ်မှာ အမြင်စောင်းလာခဲ့တာ...''

ဘာတွေမို့လို့လဲဆိုတာတော့ မေချို မသိခဲ့ရပါ။ မော် တို့သားအဖရဲ့ မိသားစုအရေးအခင်း အကျဉ်းချုပ်က ဒီလောက်ပဲ ဖြစ်သည်။

အတွေးလွန်နေတုန်း ကားသံကြားသဖြင့် မေချို လှေကားထိပ်ကို ကမန်းကတန်း ထ,ကြည့်လိုက်မိသည်။ ခဲပုပ်ရောင်ကားကြီးတစ်စီးက ပေါ်တီကိုအောက်မရောက်ခင် ရပ်တန့်သွားသဖြင့် ဘာတွေပြောကြတာလဲသိရအောင် မေချို လှေကားထစ် အနည်းငယ်ကို ဆင်းလိုက်သည်။

''ကိုသု နဲ့ ခရီးသွားဖို့ကိစ္စ ပြောမလို့''

''သူ့ဒြေးက သုံးနာရီလောက်မှ ပြန်လာမှာ...''

''ဩော်... ထင်တော့ထင်သားပဲ''

ကားပြန်ထွက်သွားတော့ မေချို ဖျတ်ခနဲ သတိရလိုက်သည်။ အပေါ်ကို ပြန်ပြေးကြည့်မိတော့ မော် မရှိတော့ပါ။

ဩော်... သူမပဲ ငတ်တုတ်ကြီး ထိုင်လျက်နှင့် ကန်းသွားတာလား..၊ မဟုတ်ဘူးဆိုရင်လည်း မော် တစ်ယောက် ကိုယ်ပျောက်နေပြီထင်သည်။

အပြင်ကိုထွက်ဖို့ အခက်အခဲဖြစ်လာတိုင်း ထိုအခက်အခဲဟာ မော့်ခြေလှမ်းတွေကို မရပ်တန့်နိုင်ခဲ့ပေ..။

မယ်မင်းကြီးမလေး ဘုန်းကြီးပါပေသည်။



www.burmeseclassic.com

## အခန်း [ ၄ ]

"ဟား… ဟား… ဟား…"

ချစ်ဖူး ရယ်နေတာကို တန်ခိုး က မျက်မှောင်ကြုတ်၍ စိုက်ကြည့်နေ၏။ ဆံပင်ကောက်တာ မဟုတ်ပေမယ့် လှိုင်းတွန့်တွေ သိသာထင်လျက် နဖူးတက က ဉပေါ်တယ်ဆိုတာထက် ပိုလွန်းနေသည်။

မျက်ခုံးရိုးမောက်နေပြီး မျက်ခုံးမွေးကျတော့ မထူဘဲ အဖျားရှူး၍ ခပ်ပါးပါးပဲဖြစ်၏။ ဖြူဝင်းသောအသားရောင်မှာ မျက်တောင်တိုစိပ်စိပ်က ထင်းနေသည်။

ခြုံငုံပြောရပါလျှင် ချစ်ဖူး ဟာ ချောတဲ့သူတွေထဲမှာ တစ်မျိုးပုံစံနှင့် ချောနေတာဖြစ်သည်။ ထို့ပြင် ကစားသမားပီပီ မျက်နှာသာမကဘဲ လူကလည်း ဖြောင့်သည်။

ရည်းစားထားသည့်နေရာမှာ မှော် ထက် မသာရင်တောင် မလျော့နိုင်သည့်အရေအတွက်လည်း ရှိလိမ့်မည်ထင်၏။

ဒါကြောင့်လည်း ဒီလို ရယ်နိုင်နေသည်လား…။

စိတ်ထဲမှာ မခံချင်သလို ဖြစ်လာတာမို့ တန်ခိုး က နှုတ်ခမ်းမဲ့လိုက်ရင်း…





"ဒါပေါ့လေ…၊ မှော် ကိုမြင်တာတောင် ဂရုမစိုက်ဘဲနေနိုင်တဲ့သူဆိုတော့ ငါ မပြောတော့ပါဘူး၊ ဒါပေမယ့် ဒီလို ရယ်ပုံမျိုးကြီးကတော့ ခံရခက်တယ်နော်၊ မင်းကို ငါ ထိုးမိတော့မယ်"

"ဟား… ဟား… ဟား…"

ချစ်ဖူး က ရယ်ရှိန်သတ်လိုက်ပြီး တန်ခိုး ပခုံးကို လှမ်းဖက်ကာ…

"ဂရုမစိုက်ဘဲနေတယ်လို့ မင်း ထင်တယ် ဟုတ်လား…"

တန်ခိုး က စိုက်ကြည့်နေ၏။

"သူ့နောက်ကို ငါ တကောက်ကောက် လိုက်ကြည့်နေတာ မင်းမှ မသိဘဲ"

"ဘာ!…"

"ဟုတ်တယ်…၊ မင်းနဲ့ လိုက်ကြည့်ပြီးတဲ့နောက်မှာ သူသွားတဲ့နေရာ တော်တော်များများမှာ ငါ ရှိခဲ့တယ်"

တန်ခိုး မျက်နှာ ပြေကျသွားကာ 'ဒီလိုပဲ ဖြစ်ရမယ်'ဆိုသည့် အပြုံးတစ်ခု ဖြစ်သွား၏။

"ဒါပေမယ့် လှလွန်းလို့ စွဲလမ်းသွားတာမျိုးတော့ မဟုတ်သေးဘူးကွ…၊ သူက တကယ် စိတ်ဝင်စားဖို့ကောင်းနေတာ၊ ဒီလိုကွာ…၊ စွဲလမ်းရူးသွပ်တဲ့လူတွေဟာ ကိုယ် ခံစားကျန်ရစ်ခဲ့တဲ့အတိုင်း စကားကို ချဲ့ချဲ့ ပြောကြတယ်လေ၊ အခု မင်းနဲ့ဆိုရင် နှစ်ယောက်ရှိပြီ၊ မှော် ဆိုတဲ့မိန်းမအကြောင်းပဲ ပြောတာ…"

"အင်း…၊ ပြောပါဦး"

"မင်းတို့ပြောတဲ့ အကြောင်းတွေက ငါမြင်ရတဲ့ သူ့ အပြုအမူအနေအထိုင်တွေနဲ့ တစ်ထပ်တည်းပဲ၊ ဘယ်လောက်လှတယ်ဆိုတဲ့ အကြောင်း ပြောတာတွေ…၊ ဘယ်လိုစိတ်ဓာတ်မျိုး ရှိနေတယ်ဆိုတာတွေပေါ့၊ အမွှမ်းတင်လွန်းတယ်လို့ ငါ ထင်လိုက်တာလဲ မှားသွားတယ်"

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တန်ခိုး မျက်နှာက မိန့်မိန့်ကြီးပြုံးနေသည့်အတွက် မုန်းစရာတော့ ကောင်း၏။ ဒါပေမယ့် ချစ်ဖူး က မုန်းဖို့ သတိမရသေး။

"ပြောတဲ့အတိုင်း လုပ်ရဲတယ်၊ ယောကျ်ားလေးတွေကို တကယ် သူ မကြောက်ဘူး"

"ဟုတ်တယ်..၊ သူက ဘယ်လိုပါရမီတွေရင့်သန်နေသလဲ မသိပါဘူးကွာ၊ သူ့ကိုဆိုရင် ရှုံးပြီးရင်း ရှုံးနေလဲ မုန်းလို့မရကြပါဘူး"

"မင်းကရော..."

"ဒီတိုင်းပဲ"

တန်ခိုး က ကန့်ရေပြင်ကို ခဲလုံးလေးနှင့် ရှပ်တိုက်ပစ်လိုက်ပြီးမှ ခပ်မဲ့မဲ့မျက်နှာနှင့်...

"ကိုယ်က မပြီးပေမယ့်လဲ သူက ဆောရီးဆိုတဲ့နေရာမှာပဲ ရပ်ကျန်ခဲ့ရတာပေါ့၊ မရှည်တဲ့သက်တမ်းကာလတစ်ခုမှာ သူနဲ့ ရင်းနှီးစရာ ဘာမှလဲ ချည်နှောင်ခွင့်မရခဲ့တော့ ပြီးပြီးဆိုတာနဲ့ ဘာမှကို ပြန်ဆက်ဖို့ မရှိတော့ဘူး၊ အားလုံး ဒီတိုင်းပဲ ကျန်ခဲ့ကြတာ ထင်ပါတယ်"

ပြောပုံက ဆွေးမြည့်ခြင်းများစွာနှင့်..။ စကားလုံးတိုင်းမှာ အက်ရာထင်နေ၏။

"သူက ရည်းစားများကြတဲ့ မိန်းကလေးတွေထဲမှာ တစ်မျိုးပဲလေ၊ တချို့က ယောကျ်ားလေးတွေ ဝိုင်းရံခစားနေတာကို သဘောကျတယ်၊ ခေါ်လိုက်ရင် လာမှ၊ လိုချင်တာဆို ရမှ၊ အဲဒါတွေမှာ အနိုင်ယူပြီး သာယာတတ်တာ..၊ သူက ငါ့ ိမဟုတ်ဘူး၊ ဟိုဟိုဒီဒီသွားမယ် လိုက်ပို့ပါဆိုတာမျိုး မရှိဘူး၊ သူကခေါ်တာ ဘယ်တော့မှမရှိဘဲ ယောကျ်ားလေးကချိန်းလိုက်ရင် ရောက်အောင်လာတယ်"

"ဩော်..."

"ထူးခြားတာက သူ လာနိုင်တဲ့နေရာကို သူပဲ သတ်မှတ်တယ်၊





သူ ပြန်ဖို့အချိန်အတွက် ရောက်လာကတည်းက ထုတ်နုတ် သတ်မှတ်ပြီးသား"

"ဒါက ချစ်သူတွေ ချိန်းတွေ့တာနဲ့မှ မတူတော့ဘဲ"

"မင်းထက် ပိုပြီးပြင်းရှတဲ့ စကားလုံးတွေကို သုံးကြတာပေါ့၊ ဒီလောက်လှပြီး တစ်နေကုန်ထိုင်ကြည့်လဲ အားမရနိုင်တဲ့မျက်နှာလေးကို ဆယ့်ငါးမိနစ်၊ နာရီဝက်လောက်ပဲတွေ့ပြီး ပြန်လွှတ်ချင်ပါ့မလား"

"ဟုတ်တယ်လေ ..၊ ရည်းစားဘဝမှာ ဘယ်လိုအခွင့်အရေးတွေ ရှိကြတယ်ဆိုတာ သိရမှာပေါ့"

တန်ခိုး က ချစ်ဖူး ပြောဟာကို ပြက်လုံးတစ်ခုကြားသလို မျက်နှာမော့ပြီး ရယ်ပစ်လိုက်၏။ အနားက ဖြတ်မောင်းသွားသည့် ကားထဲက မျက်နှာတွေ တန်ခိုး ရယ်နေတာကို လှမ်းကြည့်သွားကြသည်။

"ပါးစပ်ကြီး ပြန်စေ့လိုက်ဦး..၊ သွားရင်းလာရင်း ခဲနဲ့ထုသွားလို့ သွားကျိုးဦးမယ်"

ချစ်ဖူး က အမြင်ကတ်ကတ်နှင့် မေးဖျားကို တွန်းပစ်လိုက်ရင်း ရွဲ့ပြောသည်။ တန်ခိုး ကလည်း ဘာကိုပြောမှန်းသိကာ...

"ငါ့ကိုကြည့်သွားတာ မဟုတ်ဘူး၊ မင်းကား လမ်းပေါ်မှာ ရပ်ထားလို့ ငြိုးဟ်ကြည့်ကြည့်သွားတာ..၊ ဘေးကို မြန်မြန် သွားချထားလိုက်၊ မဟုတ်ရင် တိုက်ချသွားလို့ ကန်ထဲ ရေဆင်းသောက်နေလိမ့်မယ်"

"ကောင်းတာပေါ့၊ တစ်ခါတည်း ရေဆေးပြီးသားတောင် ရသေးတယ်"

တစ်ယောက်နှင့်တစ်ယောက် မခံချင်အောင်ပြောရင်း စကားတွေ အမြီးအမောက် လွဲကုန်ကြ၏။

"အဲဒီလောက် မင်း ပါးစပ်ပြဲနေလို့ မော် က လစ်ပြေးတာနေမှာ



www.burmeseclassic.com

www.burmeseclassic.com



မဆင်မခြင် ဖြုရယ်တတ်တဲ့အကျင့်ကို ဖျောက်ဦး''

''အေးပါ..၊ မင်းအလှည့်ကျမှ မော် ဘာကြောင့် ပြန်ပြေးသလဲ ဆိုတာ အကြောင်းပြဖို့ ရအောင် စဉ်းစားထားပါ''

ချစ်ဖူး က သတိရသွားသလို ရယ်ရှိန်သတ်လိုက်ပြီး ပခုံးတစ်ချက် တွန့်သည်။

''ခုနက မင်းပြောတာကို ပြန်ဆက်စမ်းပါ၊ သူ အချိန်တွေ ကန့်သတ်ပြီး ဘာဖြစ်လို့ တွေ့ဖို့အချိန်ကို ဇယားဆွဲတာ ဘာလုပ်တာလဲ''

တန်ခိုး လည်း မျက်နှာတည်သွားကာ ကန်ရေပြင်ဆီ အကြည့်တွေ ပြန်ရောက်၏။

''ချိန်းတာကို သူ ရောက်အောင်လာတယ်တဲ့''

''အင်း...၊ ပြီးတော့ရော...''

''ဒါပဲ..''

ချစ်ဖူး က ရယ်လိုက်သည်။

''ဘာရယ်တာလဲ...''

''ရယ်ချင်လာလို့ပေါ့ကွ''

''အေး... ရယ်ပါ..၊ မင်း သူ့ရှေ့မရောက်ခင်ပေါ့''

တန်ခိုး က တော်တော် နာကျင်ခံစားထားခဲ့ရသည့်မျက်နှာနှင့် ချစ်ဖူး ကို စိုက်ကြည့်ပြီး ခေါင်းညိတ်နေ၏။ ဘာတွေ သဘောပေါက်နေတာမှန်း မသိ..။

''မင်း သူ့ကို စိတ်ဝင်စားနေပြီပေါ့''

''ရအောင်လိုက်ဖို့ ဆုံးဖြတ်ထားတယ်''

''ရဖို့ များပါတယ်''

တန်ခိုး က ချက်ချင်း ထောက်ခံသည်။

''မင်းက သူ သဘောကျလောက်တဲ့ ရုပ်မျိုးပဲ၊ ပြီးတော့ ငါတို့





ထက် အများကြီး ချမ်းသာတယ်''

''အဲဒါ သူ့ရဲ့ အမှတ်ပေးစည်းမျဉ်းတွေလား''

''ဟုတ်တယ် ထင်တာပဲ..၊ ဘာဖြစ်လို့လဲဆိုတော့ သူက ရည်းစားသက်တမ်းကြာရှည်တာကို နှစ်သက်ပုံ မရဘူး၊ သဘောကျတာကို ရွေးပြီး စီနီယာတွေချိတ်ထားတာ၊ အထူးသဖြင့် ရုပ်ချော ချမ်းသာတာမျိုးပေါ့၊ ရွေးချယ်လိုက်တာ မကြာသလို ဖြတ်ချလိုက်ရင်လဲ မြန်တယ်''

''မင်း ပြောတာ ဘာလဲ...''

''တခြား မိန်းကလေးတွေလို အဖြေပေးမယ်၊ ဘာဖြစ်မှ၊ ဘာနေ့ရောက်မှ ဘာညာတွေမရှိတာကို ပြောတာ၊ ဟိုကွာ... အကြာကြီးအချိန်ဆွဲထားပြီး ဒုက္ခပေးတတ်တာတွေ ရှိတယ်မို့လား၊ သူ အဲဒီလို မဟုတ်ဘူး''

''ချစ်သူရွေးနေတာရော ဟုတ်ရဲ့လား တန်ခိုး၊ မင်းပြောတဲ့ တိုက်ပ်က လွဲနေပြီထင်တယ်''

''မသိဘူး..၊ သူ့ကို အခွင့်အရေးတစ်ခုခု ပြောလိုက်မိတိုင်း သူ့ဘက်က ပြတ်သားစွာ ပယ်ချဖို့ အမြဲတမ်း အဆင်သင့်ရှိနေတာ ဂ အမှန်ပဲ၊ ပြီးတော့ တစ်ခုခုစားသောက်ဖို့ဆိုရင် သူစားတာကို သူပဲ ရှင်းတယ်''

ချစ်ဖူး ခေါင်းညိတ်လိုက်သည်။ Bakery မှာ ကောင်းခိုင် နဲ့တုန်းက ပြောဆိုနေသံတွေ သူ ကြားခဲ့ပါသည်။

မော် ဆိုတဲ့မိန်းကလေးက ယောကျ်ားလေးတွေကို ထင်သလို ကစားဖို့ မတ်သတ်တွေနှင့်ပါလား..။

''ပလာဇာတွေဘာတွေ ရှော့ပင်းသွားဖို့ခေါ်ရင် မရဘူး၊ ဆိုးတာကကွာ..၊ ဘယ်မှာဆုံမယ်ဆိုတာ သူပဲ သတ်မှတ်လိုက်တာ၊ နောက်ထပ် ဘယ်ကိုရွှေ့မယ်ဆိုတာ လုံးဝ အယူခံဝင်လို့မရတော့တာပဲ၊ တော်



www.burmeseclassic.com

တော် ခံခက်ဆိုးရွားအောင် ပြုစားနိုင်တဲ့မိန်းမပါကွာ..၊ ရက်ရက်စက်စက်လှနေတော့လဲ ကြည့်နေခွင့်လေးတောင် မရရင် ခက်ရချည့်ရဲ့ဆိုတဲ့ ကောင်တွေ ဒုနဲ့ဒေးပေါ့"

တန်ခိုး က ရှုံ့မဲ့ညည်းလိုက်ပြီးမှ...

"ဘယ်ကောင်ကိုမှလဲ သူကစပြီး ဖြုတ်တာ မဟုတ်ဘူး"

"ဒီလောက် အသည်းယားအောင် အနိုင်ကျင့်နေမှတော့ ဘယ်ကောင်က ဒေါသမဖြစ်ဘဲနေမှာလဲ"

"ဟုတ်တယ်..၊ ငါ့တုန်းကဆို သူ ပြန်မယ်ဆိုတာကို တားလို့မရတာနဲ့ သူ့လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်မိတာ ဘာလုပ်တယ်မှတ်လဲ..."

"ပါးရိုက်သွားလား.."

တန်ခိုး က ခေါင်းခါလိုက်ပြီး...

"ငါ့လက်ကို ခါပစ်လိုက်ပြီး ငါကိုင်လိုက်တဲ့ သူ့လက်ပေါ်ကို ရေသန့်ဘူးထဲကရေနဲ့ လောင်းချပစ်လိုက်တယ်၊ ဘယ်လောက် လည်ပင်းညှစ်သတ်ပစ်ဖို့ကောင်းတဲ့ မိန်းမလဲ"

ချစ်ဖူး မျက်ခုံးနှစ်ဖက် တွန့်ကုတ်ကျသွားသည်။ စူးရဲသွားသည့် မျက်ဝန်းများမှာ မခံချင်မှုတွေ တလက်လက်ထလျက်..။

"ပြီးတော့ရော..."

"လုံးဝ ပြန်ဆက်လို့ မရတော့ဘူး"

"မင်းက ကြိုးစားသေးတယ်ပေါ့"

"ကြိုးစားတာပေါ့ကွ၊ သူ့အထာကိုက ချိန်းတဲ့အချိန်မဟုတ်ဘဲ တစ်နေရာရာမှာတွေ့ရင် အသိမိတ်ဆွေတွေလို လှမ်းကြည့်ပြုံးပြရုံရယ်၊ အဲဒါကို သွားမေးကြည့်ပါလား၊ သူ့ဘက်မှာ စောင့်ထိန်းနေရတဲ့ ချုပ်ချယ်မှုတွေ အများကြီးရှိတယ်တဲ့"





"ဒါကတော့ ဖြစ်နိုင်ပါတယ်"

"ဖြစ်နိုင်တာတွေထက် အများကြီး လွန်နေတာတွေချည်းပဲ ချစ်ဖူး၊ သူ့ကို မကျေနပ်တာတွေ ပြောမိ၊ ညည်းမိပြီဆို မကြာဘူး ပြဿနာတစ်ခုခု ဖြစ်တော့တာပဲ၊ အဲဒါ သူက ပြဿနာလုပ်တာ မဟုတ်ပေမယ့် ခံနေရတဲ့ကောင်က ရင်ထဲက တစ်စုံတစ်ရာနဲ့တော့ ပစ်ပေါက်မိမှာပေါ့ မဟုတ်ဘူးလား"

"အင်း..."

"ပြတ်စဲကုန်ကြတဲ့ အဓိကအကြောင်းတွေက အဲဒါ..၊ သူ့မှာ Nent One လို့ ခေါ်စရာမလိုဘဲ ပြေးပြီးဒူးတုပ်မယ့်ကောင်တွေက အဆင်သင့်ဆိုတော့ မြန်လဲ မြန်ပါတယ်ကွာ၊ သဝန်တို ဒေါသထွက်ဖို့တောင် အချိန်မရှိဘူး၊ ဘယ်ကောင်ကို ပြေးထိုးရမှန်း မသိလို့..."

"အဲလောက်တောင်လား..."

"လိုနေသေးတယ်၊ ငါပြောတာက..."

တော်တော်မလွယ်တဲ့ မိန်းမပါလား..၊ ဒီလို ရည်းစားထားတဲ့နည်းကို သူ သေချာ ဆည်းပူးသင့်သည်။ တန်ခိုး ပြောပြတာတွေထက် သူမဆီမှာ သေချာလက်ထပ်သင်မှ ပိုပြည့်စုံမှာပေါ့..။

စိတ်ကူးနှင့် ပြုံးလိုက်မိ၏။

ငါ ကြည့်ချင်လို့ပါ မှော်..၊ မင်းရဲ့ မှော်ဆန်ဆန် ပညာရပ်ဆန်းတွေ..။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၅ ]

သင်တန်းကထွက်လာတော့ ဖုန်းဝင်လာသဖြင့် ထုတ်ကြည့်လိုက်တော့ ဒက်ဒီ့ဖုန်း··။

"ဟလို··"

"သမီး သင်တန်းပြီးပြီလား"

"ပြီးပေမယ့် သမီး ဘာမှမစားရသေးဘူး ဒက်ဒီ"

"ဟုတ်ပြီ··၊ သမီးကို ပြန်ဖို့မပြောဘူး၊ မေးစရာရှိလို့"

"ဘာကိစ္စလဲ"? — "ဘာဏ်မှာ ဆယ်သိန်းထုတ်သွားတဲ့ကိစ္စလား ဒက်ဒီ"

"ဆယ်သိန်း မဟုတ်တော့ဘူး၊ ဆယ်သိန်း နှစ်ခါကို တစ်ပတ်ပဲခြားတာ၊ သမီး ဘာတွေသုံးဖို့ လိုနေလို့လဲ"

လမ်းလျှောက်ရင်း ဖုန်းပြောနေတာမို့ ကားနားရောက်လာတော့ ဒရိုင်ဘာနှင့်အတူ ကောင်းခိုင် ကိုပါ မြင်လိုက်၏။ မှော် မျက်နှာမပျက်ဘဲ ဖုန်းပြောခြင်းကို ပြီးဆုံးအောင် လုပ်၏။

"သမီးအတွက် ထည့်ပေးထားတာ မဟုတ်ဘူးလား ဒက်ဒီ၊ တစ်ခုခု သုံးစရာရှိလို့ဆိုရင် မရဘူးလား"





"မဟုတ်ဘူး··၊ အဲဒီလို အဆမတန်သုံးတာက ဘာအတွက်ဆိုတာ မပြနိုင်ရင် ဒက်ဒီ စိတ်မချနိုင်ဘူး၊ နေဦး··· အခု သမီးဆီ ဒက်ဒီ လာလို့ရတယ်၊ ဘယ်ဆိုင်မှာ မုန့်စားမှာလဲ ပြော···"

"သမီး မုန့်စားရင်း စကားမပြောတတ်ဘူး ဒက်ဒီ၊ ဒက်ဒီ လာမှာက သမီးလက်ထဲကငွေတွေ မထွက်သေးခင် အုပ်မိအောင် လာမှာဆိုရင် မလိုပါဘူး၊ အိမ်ပြန်ရောက်ရင် အဲဒီငွေအားလုံး ပါစေရမယ်"

"သမီး မဟုတ်ဘူးလေ··၊ ခက်ပါလားကွာ··၊ ကဲ··· ကဲ··· အိမ်ရောက်မှပဲ ဒက်ဒီ ပြောမယ်၊ ဒါပဲနော်···"

ဖုန်းချသွားတော့ ဒေါသကြောင့် စူးလက်နေသည့် မျက်ဝန်းတွေ ကောင်းခိုင် ဆီ တန်းခနဲ ရောက်၏။ ဒရိုင်ဘာက ကားပေါ်မှာဖြစ်ကာ သူက ကားနောက်မြီးနားမှာ လက်ပိုက်လျက်··။ မှော် က ဖုန်းကိုင်ထားလျက်နှင့် သူ့ရှေ့ကို လျှောက်သွားကာ···

"ရှင် ကားကြုံလိုက်ချင်တာတော့ မဟုတ်ဘူးထင်တယ်"

"မှော်···"

ကောင်းခိုင် က လက်ပိုက်ဖြုတ်လိုက်ပြီး ရှေ့တိုးသည်။

"ဆန်းဒေးတုန်းက မွေးနေ့ပွဲမှာ ကိုယ် ရုတ်တရက် သတိလွတ်ပြီး ပြောလိုက်မိတာပါ၊ မင်းရဲ့သိက္ခာကို စော်ကားမိသလိုဖြစ်သွားတာ မှန်ပါတယ်၊ အဲဒီအတွက် တောင်းပန်ချင်လို့··"

"မလိုပါဘူး၊ ကျွန်မက ဆက်ထုံးကို မုန်းတယ်၊ ပြတ်ပြီးသားကြိုးကို ပြန်ဆက်ဖို့ ဘယ်တော့မှ မကြိုးစားဘူး"

"ဘာဖြစ်လို့ ပြတ်ရမှာလဲ မှော်··၊ ကိုယ် ပြောလိုက်တာ လွန်ပေမယ့် အဲဒီလောက် ဖြစ်သွားလောက်စရာ···"

"ဖြစ်လောက်စရာဆိုတာ ဘာလဲ ကောင်းခိုင်၊ ရှင့်ကို ရှေ့ဆက်လက်တွဲဖို့ သင့်,မသင့်ကို ကျွန်မ အမှန်တရားနဲ့ ကျွန်မ ဆုံးဖြတ်တာ··"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အမှန်တရားလို့ထင်ပေမယ့် ကိုယ့်ဘက်က…"

"အဲဒါ ကျွန်မနဲ့ မဆိုင်ပါဘူး၊ ကျွန်မကစပြီး ဒီလူ ညံ့တယ်၊ ဆိုးတယ် ဘာမှမဝေဖန်ဘူး၊ ကျွန်မကို ဝေဖန်လာရင်လဲ ဆောရီးပဲ"

"မော့်…"

မော့် က နောက်ပြန်လှည့်လိုက်သ[ ]; ကောင်းခိုင် ရှေ့ရောက် အောင်သွားပြီး ပိတ်ရပ်လိုက်သည်။

ထိုအခါ ရှေ့တံခါးဟစ်ချပ် ဟသွားပြီး ဒရိုင်ဘာ ငုံ့ကြည့်ထား သည့်မျက်နှာနှင့် မော့် မျက်နှာချင်းဆိုင်မိ၏။ ဒရိုင်ဘာ ဖျတ်ခနဲ ပြန် ကွယ်သွားပေမယ့် မော့် မျက်နှာ တင်းသွားသည်။

"မော့်…၊ မင်း အဲဒီလို တစ်ဖက်သတ် ဆုံးဖြတ်လို့ရအောင် တစ်ဖက်သားရဲ့ဒေါသကို နှိုးဆွပေးတဲ့နည်းတွေ သုံးခဲ့တာလား…"

မော့် က မဲ့ပစ်လိုက်၏။

"နောက်ထပ် ဝေဖန်တာကို ဒီတိုင်းရပ်ပြီး နားထောင်ပေးဖို့ ကျွန်မမှာ အချိန်မရှိဘူး၊ ရှေ့က ဖယ်…"

"ကိုယ်…"

မော့် က ကောင်းခိုင် စကားကို ဂရုမစိုက်တော့ဘဲ တံခါးဆွဲဖွင့် လိုက်၏။ မလွတ်လပ်စွာရှိနေသော ကောင်းခိုင် ၏ပခုံးတစ်ဖက်ကို တံခါးက ပစ်ကပ်သွားသည်။

မော့် က သတိပေးလိုက်သလို တစ်ချက် ငဲ့ကြည့်ကာ သူ့မ အထဲကိုဝင်သာအောင် တံခါးကိုဖွင့်လိုက်လျှင် လူကို ဖိတွန်းလိုက်သလို ဖြစ်သွားလျက် ကောင်းခိုင် အနည်းငယ် ယိုင်သွား၏။ ဘေးကို ခြေ နှစ်လှမ်းလောက် ရွှေ့သွားသည်က ဖယ်ပေးတာမဟုတ်သော်လည်း တံခါးပိတ်သံကြားလိုက်တော့ အံကြိတ်မိသည်။

မော့် က ကားထဲမှ မျက်နှာလေးမော့၍ ဆံပင်တွေကို ခါသည်။





ပြီးတော့ မျက်မှန်တပ်လိုက်၏။ ကား၏ ရွေ့လျားသွားခြင်းအတိုင်း ဒီတိုင်း ရပ်ကြည့်နေကာ ကျန်ခဲ့သော ကောင်းခိုင် ၏ပုံရိပ်ကို လှည့် ကြည့်ဖို့မလိုဘဲ သိနေသည်။

နှုတ်ခမ်းမှာ ကာရံမဲ့သော အပြုံးတစ်ခု ဖြစ်ထွန်းသွား၏။

"ဦးဘလှ…"

"ဟေ…"

"မော့် အတွက် ဘာမှမထိခိုက်နိုင်တဲ့ကိစ္စနော်"

ဦးဘလှ အသံတိတ်နေ၏။ မော့် က လွယ်အိတ်ထဲက ချောက လက်တောင့်တွေ ဆွဲထုတ်လိုက်ပြီး ဦးဘလှ ရင်ခွင်ထဲကို လှမ်းထည့် ပေးကာ…

"ဒက်ဒီ့ကို ဘာမှပြောမနေနဲ့…၊ ပိုက်ဆံပေးရင် လာဘ်ထိုးတယ် ဖြစ်မှာစိုးလို့ မပေးတော့ဘူး၊ တစ်ခုခုလိုအပ်ရင် ပြောလို့ရတယ်နော်၊ ဦးဘလှကို ကျေးဇူးဆပ်မယ်…"

သက်ပြင်းချလိုက်တာကို မြင်သည်နှင့် မော့် ပြုံးသည်။ ဦးဘလှ အဲဒီလောက်ထိ စကားများတတ်တဲ့သူ မဟုတ်မှန်း သိသည်။ တစ်ဦး တစ်ယောက် ထိခိုက်နစ်နာသွားနိုင်သည့်ကိစ္စမှလွဲလျှင် တော်ရုံ ဝင်ပြော ဝင်ဆို မလုပ်တတ်ပေ…။ ဒါပေမယ့် အိမ်ပြန်ရောက်သည်နှင့် ဒက်ဒီနှင့် ရင်ဆိုင်တိုးလိုက်ရသည့်အခါ…

"ဒါ ဒက်ဒီ အခုပြန်လာခါနီးမှ ကားဘွန်နက်ပေါ်မှာ တွေ့ခဲ့တဲ့စာ…"

ဘာကိစ္စပြောရတော့မည် ထင်ထားပေမယ့် မျက်နှာရှေ့ ရောက် လာတာက အညိုရောင် စာအိတ်ရှည်ကြီးတစ်လုံး…၊ ဖွင့်ပြီးသားဖြစ် သော အပေါ်ဖုံးက လန်နေပေမယ့် ဘာတွေလဲဆိုသည့်စိတ်နှင့် မော့် ရုတ်တရက် မကိုင်ဖြစ်…။

"အထဲမှာ စာသုံးစောင် ပါတယ်၊ တစ်စောင်မှာ လက်မှတ်သုံးခု



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ယူဖတ်လေ…"

မော့် က လွယ်ထားသည့် ဆလင်းဘက်အိတ်ကို ပေါင်ပေါ်တင် ကာ ဆိုဖာပေါ်မှာ ထိုင်လိုက်၏။ ဦးသုဝေ က ဘေးမှာ လက်နှစ်ဖက် နောက်ပစ်ဆုပ်ရင်း လမ်းလျှောက်နေလျက်…

"သိပ်ရှက်စရာကောင်းတယ် မော့်‥၊ သမီးကို ဒက်ဒီ ယုံကြည် ထားခဲ့တာတွေက ဒီလိုဖြစ်လာဖို့လား"

မော့် စာအိတ်ကို ကောက်ယူပြီး ဖွင့်လိုက်၏။

ဆုံးမပေးစေလိုပါသည်…

တစ်နေ့တစ်ယောက်နှုန်းဖြင့် ယောက်ျားလေးတွေအသည်းကို ပန်းလိုခြွေနေသော 'မော့်'ဆရာမကြီးအား ဖခင်တစ်ယောက် အနေနှင့် ဆိုဆုံးမဖို့ မမေ့လျော့စေရန် အသိပေး အကြောင်းကြား ပါသည်။

သနားစရာ အသည်းကွဲသူများ…

သာထက်ကောင်း

လေးမြတ်သူ

ကောင်းကင်ရိပ်

မော့် အံကြိတ်လိုက်ပြီး စာကို လုံးချေ လွှင့်ပစ်လိုက်၏။

ဦးသုဝေ ခြေလှမ်းရပ်၍ လှည့်ကြည့်ကာ ပြီးမှ ဆက်လျှောက်၏။ နောက်ထပ်တစ်စောင်က အနီရောင်ရုပ်ပုံတွေနှင့် စာရွက်ပေါ်မှာ ရေး ထားတာ ဖြစ်သည်။

သူဌေးကြီး ဦးသုဝေ ခင်ဗျား…

ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုသည့် စကား





အတိုင်း အိမ်ထောင်ဖက်ကောင်း ရရှိရေးအတွက် သမီးတစ်ယောက် ကို ချစ်သူတွေ လွတ်လပ်စွာ ထားခွင့်ပြုထားခဲ့သည်ဆိုလျှင် အကြံ ပေးချင်ပါသည်။

နိုင်ငံတကာကို ဗိတ်စာတွေပို့ပြီး တိုရှေးခေတ်ကလို ပန်းကုံးစွပ် ပွဲ ကျင်းပပေးလိုက်ပါ။ ယခုကဲ့သို့ ရွေးချယ်နည်းအရ အသည်းကွဲ ကျရှုံးရစ်သူများအတွက် အလွန်အလွန် နစ်နာလျက်ရှိနေကြောင်း…။

ယနေ့အထိ အပြစ်တော်မမြင်ဘဲ အချစ်တော်ဝင်လျက်ရှိသော အသည်းကွဲသူများ…

မောင်

အလင်းရောင်

ခွန်ဆိုင်း

သူဌေးကြီး သိစေလိုပါသည်…

မော့်ဆရာမကြီးအား ကျေနပ်နေဆဲ အသည်းကွဲသူများစာရင်း အတိုင်း မကျေနပ်ကြသူတွေ အများအပြား ရှိနေပါသည်။

ရည်းစားအပြောက်အများ ထားရှိရေးစီမံချက်ကို သူဌေးကြီး၏ သမီးအား အမြန်ဆုံး စွန့်လွှတ်ဖျောက်ဖျက်ရန် မဆုံးမနိုင်ပါက ကြီးမားသောအန္တရာယ်များ ရောက်ရှိလာမည်ဟု ကျွန်ုပ်တို့ တပ်အပ်ပြောနိုင်သည်။ လက်ကျန်အသည်းလေးကို မချိတရိ ပြန် ဆက်ဖာထေး၍ စေတနာဖြင့် အသိပေးလိုက်ပါ၏။

လက်ကျန်စေတနာများဖြင့်…

………………

………………

………………



www.burmeseclassic.com

www.burmeseclassic.com



နာမည်တွေကို ဖတ်ကြည့်မိတိုင်း အံတစ်ခါကြိတ်မိကာ စာတွေကို လုံးထွေးပစ်ပေါက်လိုက်မိသည်။ ဦးသုဝေ က မှော် နှင့် ရှေ့တည့်တည့်မှာ မျက်နှာလှည့်ရပ်လိုက်ပြီး…

"ဖအေတစ်ယောက်လုံးက မဆုံးမဘူးလို့ပြောထားတာ ဘယ်လောက် ရှက်ဖို့ကောင်းလဲ၊ ကြည့်စမ်း… ဒက်ဒီ လုံးဝ မသိလိုက်အောင် သမီး ဘယ်လို လှုပ်ရှားပစ်လိုက်တာလဲ၊ ဒီစာထဲက နာမည်တွေက…"

ဦးသုဝေ ပြောနေရင်း မျက်နှာကြီး နီလာကာ မပြောချင်တော့သလို ဒီနားမှာပဲ ပြတ်တောက်သွား၏။ သို့သော် အနည်းငယ် တုန်ယင်နေသည့်အသံဖြင့်…

"အဲဒါတွေက သမီးနဲ့ တကယ် ဟုတ်ခဲ့တဲ့လူတွေလား၊ သူတို့ကို သမီး သိတယ်မို့လား၊ ပြောစမ်း…"

"မလိုတဲ့လူတွေပဲ ဒက်ဒီ…၊ သူတို့ဖြစ်ချင်သလို ဖြစ်မလာလို့ သက်သက်ချောက်တွန်းတာ…"

"အေး… ချောက်တွန်းတယ်ပဲ ထားလိုက်၊ သမီး ရည်းစားထားနေတယ်ဆိုတာကို ငြင်းမလား"

မှော် ဘာမှမပြောဘဲ မျက်နှာလွှဲပစ်လိုက်တာကို ဦးသုဝေ က မယုံနိုင်စွာ စိုက်ကြည့်၏။ သမီးလေးကို အစောင့်အကြပ်တွေနှင့်ထားတာက သမီးရဲ့လုံခြုံရေး၊ ပြီးတော့ သူကိုယ်တိုင် သမီးကို စိတ်ချချင်တာ ဖြစ်သည်။

ဒီလိုကိစ္စတွေတော့ ခေါင်းထဲ သိပ်မထည့်ဖြစ်ခဲ့ပါ။ သူငယ်ချင်းအပေါင်းအသင်းတောင် သိပ်မရှိခဲ့သော သမီးပုံစံဟာ ကလေးဆန်နေတာ မဟုတ်ပေမယ့် ပွေပွေရှုပ်ရှုပ်နေတတ်တဲ့ပုံစံမျိုး ပေါက်မနေဟု ယုံကြည်ထားခဲ့တာ သူ မှားခဲ့ပြီထင်သည်။

ဘယ်လိုစီးပွားရေးလုပ်ငန်းရှင်မဆို ဦးသုဝေ ရှေ့ ရောက်မလာလို့





မရ။ စီးပွားရေးလုပ်ငန်းတိုင်း၏ပါမစ်က သူ့လက်ထဲမှာပဲ ရှိသည်။

ထို့ပြင် မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝလာခဲ့ခြင်းဟာ သူ့လက်ထက်ကျမှ တစ်ဦးတည်းသောသမီးလေးပဲ ထွန်းကားခဲ့သည်မို့ ချမ်းသာသမျှအားလုံးက သူမအတွက်သာ..။ ခုတော့ သမီးလေးဘဝအတွက် ဘာမှမလိုအပ်တော့ဘူးလို့ ထင်ထားခဲ့သော ပြည့်စုံခြင်းတွေ..။

သူ့တစ်ဘဝလုံး မြင့်မားထည်ဝါစွာ ရပ်တည်လာခဲ့သည့် ဂုဏ်သိက္ခာ အရှိန်အဝါတွေ အားလုံးက ဘာမှမဟုတ်ခဲ့ဘူးလား..၊ ဒီအရာတွေအတွက် သမီးရဲ့စိတ်မှာ မာန်မာနဆိုသည့် ထည်ဝါခြင်းတွေ ဘယ်တုန်းကမှ ရှိမနေခဲ့ဘူးလား..။

ရည်းစားတွေ ထည်လဲတွဲ၍ မိဘဂုဏ်သိက္ခာ၊ သူမဘဝအတွက် မာန်မာနအားလုံးကို ခြောင်းထဲ လွှင့်ပစ်ရက်ခဲ့သည်။

ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်း တွေးလေ ရှက်မိလေ..။ သမီးတစ်ယောက်လုံး ထင်သလို သွားလာ လည်ပတ်နေတာကို သူက လွှဲပြီး တစ်လောကလုံး မမြင်ချင်အဆုံး ဖြစ်နေမှာပါ..။

"သမီး…"

ခြေလှမ်း တုံ့ခနဲရပ်သွားပေမယ့် ဦးသုဝေ အသံကတော့ ပြေးလွှားမောဟိုက်နေသလိုပင်..။

"သမီးကို ဒက်ဒီ နားမလည်နိုင်ဘူး"

မှော် က မျက်လွှာချထားပေမယ့် ကော့နက်ရှည်လျားသည့် မျက်တောင်တွေအောက်မှာ မျက်ဝန်းလေးတွေက ရူးရဲဝင်းလက်နေ၏။

ထိုမျက်ဝန်းတွေဟာ ကြောက်ရွံ့တုန်လှုပ်နေတာ မဟုတ်မှန်း ဦးသုဝေ နားလည်နေကာ…

"သမီးနဲ့ ဒက်ဒီ ဘယ်တုန်းကမှ ဒီလိုကိစ္စတွေ မပြောဖြစ်ခဲ့ကြဘူး၊ ဒါပေမယ့် အခု ပြောမှဖြစ်မယ်၊ သမီး ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မှော် က တိတ်ဆိတ်နေဆဲ ဖြစ်၏။

"သမီးရင်ထဲမှာ အချစ်ကို ရှာဖွေရလောက်အောင် နူးညံ့မှု မရှိသေးဘူး၊ ရှိလဲ မရှိခဲ့ဘူး၊ အဲဒါကို ဒက်ဒီ ဘာဖြစ်လို့ သိတာလဲဆိုတော့ သမီး တစ်ချိန်လုံး မကျေနပ်မှုတွေ ကျပ်သိပ်နေတဲ့ရင်နဲ့ ဒက်ဒီ့ကိုပဲ တိုက်ခိုက်ဖို့ ကြိုးစားနေခဲ့တာ..."

မှော် က ဦးသုဝေ သိနေတာကို သိလိုက်ရသဖြင့် ကျေနပ်သွားသည့်မျက်နှာလေးကို တမင်တကာမော့၍ ဆံပင်တွေကို ခါထုတ်လိုက်၏။

"သမီး ဘယ်လိုထင်ထင်..၊ ဘယ်လိုမြင်မြင် တစ်နေ့ နားလည်လာလိမ့်မယ်လို့ ဒက်ဒီက မျှော်လင့်ခဲ့တာ၊ ပြီးတော့ ဒက်ဒီ မမှားခဲ့တဲ့အတွက် သမီး အထင်အမြင်လွဲပြီး တိုက်ခိုက်ဖို့ပြင်ဆင်နေတာကို သိပေမယ့် ဂရုစိုက်စရာလို့ မမြင်ဘူး၊ နောက်ဆုံး အထင်မြင်လွဲတဲ့ စွပ်စွဲချက်နဲ့ ဒက်ဒီရဲ့စိတ်၊ ခန္ဓာကိုယ် ချုံးချုံးကျသွားပါစေ၊ ဒါက ဒက်ဒီတို့သားအဖချင်း ရင်ဆိုင်ဖို့ပဲ လိုတာ..၊ အခု သမီး ရင်ထဲကို ဒီကိစ္စတွေ ဘယ်လိုရောက်ကုန်တာလဲ၊ သမီး အထင်လွဲပြီး ဒက်ဒီ့ကို ဘယ်လိုဒုက္ခပေးပေး ရတယ်၊ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်တာမျိုးလုပ်ဖို့ ဒက်ဒီ ခွင့်မပြုဘူး"

"မစီရင်ပါဘူး ဒက်ဒီ..၊ သူများကိုပဲ စီရင်ချင်တာပါ၊ သမီး ယောကျ်ားတွေရဲ့ ဥပေက္ခာစိတ်ကို ရိုက်ချိုးချင်တယ်"

"ဘာ!..."

"သူတို့ ဘာဖြစ်လို့ ဥပေက္ခာထားနိုင်တာလဲ..၊ ဘယ်လောက်ထိထားနိုင်သလဲ၊ အဲဒါကို သိချင်လို့"

ဦးသုဝေ မျက်လုံးတွေ ရူးရဲလျက် သမီးမျက်နှာကို စိုက်ကြည့်သည်။





"သူတို့ရဲ့ဥပေက္ခာကို မိန်းမသားတွေက မခံနိုင်ဘူးဆိုတော့ ဥပေက္ခာထားခံရတဲ့ ခံစားချက်ကို သူတို့လဲ သိသင့်တာပေါ့..."

"သမီး..."

ဦးသုဝေ ထိတ်လန့်သွားသည်။ မှော့် ရင်ထဲက စွဲလမ်းခဲ့သော အငြိုးတရားကို သူ သေချာသိလိုက်သဖြင့် ရုတ်တရက် ပြောစရာစကားစ ရှာမရ..။

"ယောကျ်ားတွေရဲ့လက်တုံ့ပြန်မှုကို ရှောင်တိမ်းနိုင်တဲ့ပညာ သမီးမှာ မကြွယ်သေးလို့ ဒီလောက်နဲ့ပဲ ကန့်ချပစ်ခဲ့တာ၊ မဟုတ်ရင် အဲဒီယောကျ်ားတွေရဲ့မျက်ရည်နဲ့ ခြေဆေးဖို့ အိမ်မှာ မျက်ရည်လှောင်ကန်တည်ထားဖို့ ရှိသေးတယ်"

"အဲဒါ သမီး လုံးဝ မှားနေပြီ၊ ယောကျ်ားလေးတွေရဲ့ လက်တုံ့ပြန်မှုနဲ့ သမီးဘက်က ကာကွယ်နိုင်ခြင်း ရှိ,မရှိက ဘယ်တော့မှ တစ်ထပ်တည်း မကျနိုင်ဘူး၊ အဲဒီအတွက် သမီးမှာ အန္တရာယ် ဘယ်လောက်ကြီးသလဲ သမီး သိရဲ့လား"

"သိတယ် ဒက်ဒီ..၊ ဒါပေမယ့် အန္တရာယ် မဟုတ်ဘူး"

မှော် က ဦးသုဝေ ကို မျက်လွှာပင့်ကြည့်လိုက်ပြီး...

"ယောကျ်ားတွေကို သမီး မုန်းတယ်"

"ယောကျ်ားတွေကို မဟုတ်ပါဘူး၊ ဒက်ဒီ့ကိုပါ"

သားအဖနှစ်ယောက် မျက်လုံးချင်းဆုံရင်း ပြုံးပြက်လာသည့် မှော့်မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်သိပ်လာခဲ့၏။ ပြီးတော့ တစ်စက်ချင်း ဆင်းကျလာခဲ့ပြီး...

"ဒက်ဒီက သမီးရဲ့အဖေပါ၊ သမီး..."

"ဟုတ်တယ်..၊ အဲဒါကြောင့် သမီးရဲ့ဦးတည်ချက်တွေ လွဲနေတာ၊ ဒက်ဒီ့အပေါ်မှာ သမီးရဲ့မာမီအတွက် အထင်လွဲ ကြေကွဲနေသော



www.burmeseclassic.com

www.burmeseclassic.com



သမီး ပေါက်ကွဲပစ်နေတာက တစ်ဖက်ကိုဖြစ်နေတယ်၊ မှားကုန်ပါ့မယ် သမီးရယ်..၊ အတိတ်ကအကြောင်းတွေကို ထားခဲ့လိုက်ပါ၊ ခံစားချက်ဆိုတာ စိတ်မှာ ခံစားမိတဲ့အတိုင်း ဖြစ်တဲ့အရာ၊ သမီးမာမီ မျိုသိပ်ခံစားနေခဲ့တာတွေကို သူ မသေဆုံးမီ ဒက်ဒီ သိခွင့်ရခဲ့ရင်...''

''မပြောတဲ့စကားလုံးတွေက ပိုပြီးလေးနက်တယ် ဒက်ဒီ၊ မာမီ မပြောနိုင်တာတွေကို ဒက်ဒီမှ သိအောင် မကြိုးစားခဲ့တာ၊ မာမီက ဒက်ဒီ့ကို တစ်ဖက်သတ်အချစ်နဲ့...''

''မဟုတ်ဘူး..၊ မဟုတ်ဘူး...၊ ဒက်ဒီ သူ့ကို ချစ်တယ်၊ မိဘပေးစားလို့ လက်ထပ်ခဲ့ကြတာမှန်ပေမယ့် ဒက်ဒီတို့မှာ ချစ်သူတွေဘာတွေလဲ မရှိခဲ့ကြဘူး၊ သူ တွယ်တာသလို ဒက်ဒီလဲ တွယ်တာတယ်၊ ဒါပေမယ့် ဒက်ဒီ မယုယတတ်ဘူး၊ ဒက်ဒီ နေတတ်သလို နေခဲ့တဲ့ထဲမှာ သူ ဘာတွေလိုချင်နေသလဲဆိုတာ အဖြေမရှာခဲ့မိတာတော့ ဒက်ဒီ့အပြစ်ပါ၊ အိမ်ထောင်ဦးစီးယောက်ျားတစ်ယောက်ရဲ့တာဝန်ကို ကျေအောင် ကြိုးစားတယ်၊ အိမ်ထောင်ရေးရယ်၊ အလုပ်ရယ်ကလွဲပြီး ဒက်ဒီ ဘာမှမစဉ်းစားဘူး၊ ကိုယ့်ရဲ့ရိုးသားမှုဟာ အမှန်တရားလို့ ယုံကြည်ပြီး တစ်ဖက်ကမြင်နေတဲ့ မျက်လုံးထဲကို မကြည့်ခဲ့မိဘူး၊ ဒါလဲ ဒက်ဒီ မှားပါတယ်...''

နောက်ထပ် မှားနေတာတွေကို မေ့သွားပြီလားလို့ ဖြည့်စွက်ပြောချင်သည်။ ဒါပေမယ့် မပြောဖြစ်ခဲ့ပါ..။

နောက်ဆုံး အမှားအယွင်းဖြစ်တိုင်း ခွင့်မလွှတ်တတ်သည့် ယောက်ျားတစ်ယောက်၏ဒေါသဟာ ရိုက်နှက်ပေါက်ကွဲတဲ့အထိ ဖြစ်သွားသင့်သလား..။

ငါ မရှုပ်မပွေခဲ့ဘူး၊ တာဝန်ကျေအောင် ကြိုးစားတယ်ဆိုပြီး ငွေပုံပေါ် တင်ပေးထားလိုက်တာနှင့် အိမ်ထောင်တစ်စုရဲ့ ခရီးဆက်ခြင်း





က ပြည့်စုံပြီးမြောက်သလား..။

မိန်းကလေးတိုင်းအတွက် မသိပေမယ့် မာမီတို့က မိဘဘိုးဘွားအမွေအနှစ်တွေ သုံးဖြုန်းမကုန်အောင် ရှိနေကြသည်။ အိမ်ထောင်ပြုလိုက်တာဟာ ငွေတွေတိုးပွားအောင် ဘဝနှစ်ခု ပေါင်းစပ်ခဲ့တာ ဖြစ်ပါ့မလား။ ဒက်ဒီ အမျိုးမျိုး ချုပ်ချယ်တင်းမာခြင်းများနှင့် အနိုင်ယူခဲ့တာတွေ၊ နှစ်ယောက်အိပ်မွေ့ရာထက်မှာ တစ်ယောက်တည်း ငိုရှိုက်ရင်းမိုးလင်းခဲ့ရတာတွေ၊ ပြီးတော့...

ပါးရိုက်ခံလိုက်ရတာတောင် ဖြန်လည် ချော့မော့နှစ်သိမ့်ခြင်း မရှိခဲ့တဲ့ ယောက်ျားတဲ့..။

ဒိုင်ယာရီကိုဖတ်ရင်း မော့် မျက်ရည်ကျခဲ့ရ၏။

မြင့်မြတ်တဲ့စိတ်ထား ရှိကြတဲ့ယောက်ျားတွေ ကိုယ့်ရဲ့ဇနီးမယားကိုယ်ထိလက်ရောက် နာကျင်စေအောင် ဘယ်တော့မှ မပြုတတ်ဘူးဆိုတာမှန်လျှင် ဒက်ဒီက ဘယ်လိုယောက်ျားမျိုးလဲ..။

မာမီ အသက်ငယ်ငယ်နှင့် သေဆုံးရဖို့အထိ..၊ ပိန်ချုံးချုံ... တဲ့အထိ ဂရုစိုက်ကြင်နာရမှန်းမသိခဲ့သော ဒက်ဒီဟာ...

''ရေကန်တိုင်းမှာ ကြာ မရှိနိုင်ဘူး သမီး၊ ကိုယ် ယူထားတဲ့ယောက်ျားဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ မြင်အောင် မကြည့်တတ်ဘဲ ကိုယ် ဖြစ်ချင်တာတွေ မဖြစ်တိုင်း တန်းစီတွေးပြီး နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲစရာတွေပဲ ရင်ထဲထည့်နေရင် အဲဒီယောက်ျား ဘာတတ်နိုင်မှာလဲ''

''ဒါဆို အိမ်ထောင်ရေးသာယာဖို့ အဲဒီယောက်ျားက မကြိုးစားတော့ဘူးလား၊ ဇနီးဖြစ်တဲ့သူ စိတ်ချမ်းသာအောင် ထားဖို့ကရော အရေးမကြီးဘူးလား''

လင့်ဝတ္တရား၊ မယားဝတ္တရားတွေကို မော့် မသိပါ။ သူမ သိထား



www.burmeseclassic.com

www.burmeseclassic.com



တာက မာမီ စိတ်ချမ်းသာအောင် ဒက်ဒီ ဖန်ဆင်းပေးနိုင်သည်။ ဒါကို ဥပေက္ခာထားခဲ့ခြင်း..။

"မဟုတ်ဘူး သမီး"

သူ သိစေချင်တာကို မှော် မသိနိုင်ဘူး၊ သိလိုက်ရလျှင် ဦးသုဝေ ခေါင်းတခါခါနှင့် ပင့်သက်ရှိုက်၏။ သမီးရဲ့မာမီကို သူ ချစ်ခဲ့ပါသည်။ သူမနှင့်မတွေ့မီ..၊ သူမ သေဆုံးပြီးနောက် အပျော်ဆိုတာလည်း မရှာခဲ့။ အချစ်ဆိုတာကိုလည်း စိတ်မဝင်စားခဲ့ပေ..။

အိမ်ထောင်ပြုခဲ့သည့်နောက်မှာ သူဟာ ဒီမယား၊ ဒီသမီးပေါ်မှာ တာဝန်ကျေဖို့တစ်ခုတည်းပဲ ပခုံးထက်မှာ တင်ထားခဲ့သည်။

သူ့ခေါင်းထဲမှာ အလုပ်ဆိုမှ အလုပ်..။

လူ့ဘဝ တင့်တယ်ဖို့မှာ ငွေသာ အဓိက မဟုတ်ဘူးလား၊ သူမ ရင်ထဲမှာ ဘာတွေလိုချင်နေပြီး ဘာတွေဖြစ်ပျက်ခံစားနေမှန်း သူ တကယ် မသိခဲ့ပေ..။

သိလာတဲ့အခါမှာလည်း သူမရင်ထဲမှာ ဖွဲ့စည်းပြီးနေခဲ့သော ထုထည်အဆောက်အအုံကြီးကို မမြင်နိုင်ခဲ့ပါ။ သူ့အတွက် အဓိကမကျခဲ့သောအရာဟာ သူမအတွက် အဓိကဖြစ်နေခဲ့သည့်နောက်...

"ရှိပါစေတော့..၊ အဲဒါတွေ ဒက်ဒီ မရှင်းချင်တော့ဘူး၊ ဒက်ဒီ လက်တွဲပေါင်းဖက်ခဲ့တဲ့ ဇနီးတစ်ယောက်နဲ့တောင် အချစ်အတွက် လိုအပ်တာတွေ၊ ပိုလျှံတာတွေ မဆွေးနွေးခဲ့ဖူးဘူး၊ ဒါကြောင့် ဒက်ဒီ့သမီးနဲ့ ဒါတွေကို ပြောရမှာလဲ မပြောအပ်တဲ့စကားတွေပါ၊ ပြောနိုင်တာ တစ်ခုက ဒက်ဒီ ကြိုးစားနေတဲ့လမ်းကြောင်းကို နှောင့်ယှက်တာ၊ အခွင့်အရေးယူတာတွေ ဒက်ဒီ မကြိုက်ခဲ့ဘူး၊ မိသားစုဘဝဆိုတဲ့နေရာမှာ အဖေဟာ အဖေတာဝန်၊ အမေဟာ အမေတာဝန်ပေါ့၊ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ခဲ့တဲ့ ဒက်ဒီဟာ ကိုယ့်ကိုယ်ကိုယ် အပြစ်မရှိဘူးလို့





သတ်မှတ်ခဲ့ပေမယ့် သမီးမာမီရဲ့ ရင်ထဲမှာ မင်နီသားခဲ့တာကို ထားလိုက်ပါတော့"

"ထားလိုက်တော့ဆိုရင် သမီးကိုလဲ လွတ်လပ်သလို နေခွင့်ပြုပါ ဒက်ဒီ"

"ဘာ!..."

ဦးသုဝေ ဒေါသတွေ ဘစ်ကနေပြန်စဖို့ ခေါင်းထောင်လာခဲ့၏။

"သမီး ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်တယ်၊ သမီးကြောင့် ဒက်ဒီ ဂုဏ်သိက္ခာ မပျက်ယွင်းစေရဘူး"

"ဂုဏ်သိက္ခာမပြောနဲ့ ဘဝတစ်ခုလုံးကိုပါ သားသမီးအတွက် ပုံပေးထားခဲ့တာ သမီး၊ မိဘနေရာကို ရောက်လာပြီဆိုရင် ကောင်းကျိုးပေးမယ့် သားသမီးကိုပဲ မွေးမယ်ဆိုတဲ့စိတ် ဘယ်မိဘမှာမှ မရှိကြဘူး၊ သမီးကို ဒက်ဒီ ချုပ်ချယ်တားဆီးနေရတာ..၊ အခု ဆုံးမနေတာတွေ အားလုံးဟာ သမီးဘဝ နစ်မွန်းမှာစိုးလို့၊ ဒက်ဒီ့ဂုဏ်သိက္ခာ မကျဆင်းရေး ကြိုးစားနေတာ မဟုတ်ဘူး"

မှော် က မယုံဘူးဆိုသည့် မေးဖျားမလှုပ်တလှုပ်မဲ့ခြင်းနှင့် ဘက်လှည့်ပစ်၏။ ဒီလို ချမ်းသာမြင့်မားခြင်းတွေ၊ ဂုဏ်သိက္ခာတွေကို လိုချင်လွန်းလို့ မိသားစုဘဝ သာယာစိုပြည်ဖို့တောင် လှည့်မကြည့်ခဲ့တာပဲ..။

ဇနီးတစ်ယောက်လုံး သေဆုံးသွားတဲ့အထိ စိတ်ချမ်းသာမှုကို လိုချင်တပ်မက်ပြခဲ့တာတောင် ဂုဏ်သိက္ခာတွေ မြင့်မားဖို့ကြိုးစားရင်း ဒက်ဒီ ပြန်လှည့်ကြည့်ခဲ့လို့လား..။

ဒါကို ဒီနေ့ထိလည်း 'ငါ မှန်တယ်' လို့ ထင်နေတုန်း..။

"ဒက်ဒီ့ကို သမီး ဘယ်လိုထင်နေနေ ဒက်ဒီ မဖြေရှင်းချင်တော့ဘူး၊ အခု သမီးနဲ့ ဒက်ဒီနဲ့ပဲဆိုင်တဲ့ ပြဿနာကိုပဲ ပြန်ပြောမယ်



www.burmeseclassic.com

www.burmeseclassic.com



သမီး အနေအထိုင် ဆင်ခြင်ပါ၊ ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်တာ၊မထိန်းနိုင်တာဟာ ဘယ်သူနဲ့မှ သွားရောက် ပတ်သက်ခြင်း၊မပတ်သက်ခြင်းနဲ့ပဲ ဆိုင်တယ်၊ အခု သမီးက အန္တရာယ်ရှိနေတဲ့အလုပ်ကို မကြောက်မရွံ့ လုပ်နေတယ်၊ အဲဒါ ဒက်ဒီ ခွင့်မလွှတ်ဘူး၊ ယောကျ်ားလေးတွေကို လက်တို့ပြီး စိန်ပြေးတမ်းကစားလို့ မရဘူး သမီး''

''ကစားတာမဟုတ်ဘူး ဒက်ဒီ၊ သမီး ရည်ရွယ်ချက်က ဒီ့ထက်လေးနက်တယ်၊ မိန်းမတစ်ယောက်ကို ဂရုမစိုက်၊ အလေးမထားတဲ့ ယောကျ်ားမျိုး ဒက်ဒီကလွဲပြီး ရှိနေသေးတယ်ဆိုတာ တကယ် လက်တွေ့ သိရတဲ့နေ့…''

''သမီး ဘာလုပ်မလဲ…''

''ဒက်ဒီ့ကို ဟိုအစကနေ ပြန်ချစ်မယ်''

ဦးသုဝေ စိတ်မကောင်းသည့်မျက်နှာနှင့် ပြုံးလိုက်သဖြင့် မဲ့တာလား၊ ပြုံးတာလား မပီပြင်..။

''အဲဒီယောကျ်ားမျိုးက သမီးရဲ့ခင်ပွန်း ဖြစ်လာခဲ့ရင်ရော…''

''ဒက်ဒီ့ကို ပိုပြီး နားလည်ခွင့်ရသွားတာပေါ့ ဒက်ဒီ၊ တစ်ခု သေချာတာက သမီးက မာမီ့လို မျက်ရည်ဝေပြီး ကိုယ့်ကိုယ့်ကိုယ် သေအောင် နှိပ်စက်မယ့်မိန်းမမျိုး မဟုတ်ဘူး၊ သူက ဘယ်ဆိုရင် ကိုယ်က ညာလှမ်းပြီးသားပဲ၊ သူ့ကြောင့် တစ်ရက်ငိုလိုက်ရရင် ကိုယ့်ကြောင့် တစ်နှစ်လောက် ပြန်ငိုရအောင် လုပ်မယ်…''

''အေး… သမီးက အိမ်ထောင်ရေးကို ဘယ်တစ်ဖက် ညာတစ်ဖက်နဲ့ ကစားရဲပေမယ့် ဒက်ဒီက ကြည့်မနေနိုင်ဘူး၊ ဒက်ဒီ့မိန်းမ ဘယ်လိုဘဝနဲ့ ဘယ်လိုဇာတ်သိမ်းသွားသွား ဒက်ဒီ့သမီးကို အဲဒီလို မဖြစ်စေရဘူး၊ အဲဒါ ဒက်ဒီ လုံးဝ လျှော့မှာမဟုတ်တဲ့ အတွေ့ပဲ''

ဦးသုဝေ မျက်နှာလည်း တင်းမာတာထက်ပို၍ သွေးအေးရက်





စက်ခြင်းတွေပဲ လွှမ်းမိုးနေသည်။ ဆုံးဖြတ်ထားသည့်အတိုင်း မဖြစ်မနေ တစ်ထစ်ချ လုပ်သွားမည့်အကြောင်း သစ္စာဆို၍ ပြောနေသကဲ့သို့…

''သမီးကို ခြေရုံသင်းပင်းတွေနဲ့ ဒက်ဒီ ထားခဲ့တာ သမီး လိုရာ ခိုင်းစေဖို့..၊ ဒါပေမယ့် အခု မဟုတ်တော့ဘူး၊ သမီး သွားလာနေထိုင်သမျှ မဆင်မခြင် အမြင်မတော်တာလုပ်ရင် ကိုယ့်ရဲ့အလုပ်သမားက ပြန်ပြီး အမိန့်ပေးတာ ခံရမယ်၊ အဲဒီလိုဖြစ်အောင် ဒက်ဒီ တမင် စီစဉ်မှာ…''

မော် က မျက်နှာလွှဲထားလျက်ကနေ ပိုင်နိုင်သည့်အပြုံးနှင့် ငြိမ်သက်နေ၏။

''နောက်ထပ် ဒက်ဒီ ဒေါသဖြစ်ရတာမျိုး ထပ်ရှိလာရင် သမီးကို ဒက်ဒီ အိမ်ထောင်ချပေးရလိမ့်မယ်''

မော် ဖျတ်ခနဲ လှည့်ကြည့်သည်။ မျက်ဝန်းလေးတွေက မနာခံနိုင်သည့်မာနများနှင့် ဖြစ်သည်။ ဦးသုဝေ က စိုက်ကြည့်၍…

''သမီးစိတ်ထဲမှာ ဒက်ဒီ့စကားတွေကို ပြက်ရယ်ပြု လှောင်ရယ်နေမှာပါ၊ ဒက်ဒီ သိတယ်၊ ကိုယ့်စိတ်က နှစ်သက်လက်ခံတာ မဟုတ်ဘဲ မိဘစီစဉ်တာကို ခေါင်းငုံ့နာခံနေမယ့်မိန်းကလေး မဟုတ်ဘူးဆိုတာလဲ သိနေသေးတယ်၊ ဒါပေမယ့်…''

ဦးသုဝေ နှုတ်ခမ်း တင်းခနဲစေ့ပြီး တံခါးဘက်ကို တစောင်းလှည့်ရပ်၏။

''ဒက်ဒီကလဲ သမီးရဲ့ဒက်ဒီပဲ၊ လုပ်ချင်တာကို ဖြစ်အောင်လုပ်တယ်၊ လုပ်ပြီးရင် နောင်တမရဘူး၊ သမီးကို သတိပေးထားလျက်နဲ့ ဖွတ်တိုးခဲ့ရင်…''

ဦးသုဝေ က မော့် ကို ပြန်လှည့်ကြည့်၍…



www.burmeseclassic.com

"သမီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ လမ်းပေါ်ရောက်သွားမယ်"

တစ်ခွန်းချင်း ဆုံးဖြတ်ချက်နှင့်ပြော၍ မော့် မျက်ဝန်းလေးတွေထဲကို စူးစူးရဲရဲကြည့်သည်။

"ဒက်ဒီ ရှာဖွေစုဆောင်းနေတာ သမီး ့တွက်ချည်းပဲ၊ ဒါပေမယ့် စံထိုက်မှ စံရမယ်၊ ဆုံးမမရဘဲ သမီးတစ်ယောက်ကို လိုအပ်သမျှ လိုက်ဖြည့်ဆည်းပြီး ကိုယ့်စိတ်ဆင်းရဲမှု ကိုယ် မရှာဘူး၊ ဒက်ဒီ လုပ်ခဲ့သမျှ မှားခဲ့တယ်ဆိုရင် ဘာတွေလုပ်နေနေ၊ ဘာမှဖြစ်မလာတော့ဘူးဆိုရင် ဒက်ဒီလဲ ဘုရားရိပ်၊ တရားရိပ်ကို ဝင်မယ်၊ သမီး ပြောနေတဲ့ တကယ့် ဥပေက္ခာတရားကို အဲဒီနေ့မှာ ဒက်ဒီ လက်တွေ့ပြနိုင်မယ်ထင်တယ်"

ပြောပြီး ဦးသုဝေ ထွက်သွားသ ့ ့ သို့သော် ခြေငါးလှမ်းခန့် လွန်သွားပြီးမှ ပြန်လှည့်ကြည့်ကာ...

"ထူးထူးဆန်းဆန်းတွေလုပ်ပြီး စွန့်စားဖို့ စိတ်ကူးကြွေ့ဖြ ့ ့ရင် သားအဖမို့ စိတ်ချင်းဆက်သွယ်နေတာဆိုတော့ ဒက်ဒီလဲ ဒီညကား ့ ့း ကြိုးစားမယ်၊ သမီးဘက်က ဆန့်ကျင့်တဲ့နေ့။ ဒက်ဒီဥပေက္ခာ တစ်ထပ်တည်းကျဖို့..."

ဦးသုဝေ ထွက်ခွာသွားခဲ့၏။ မော် ဒီတိုင်းလေး ငြိမ်သက်ကျန်ရစ်ခဲ့သည်။

ဘယ်သူ့ အတွက မှန်နေသလဲ..။





## အခန်း [ ၆ ]

"သမီး ဒီနေ့ သင်တန်းပိတ်ရက်မို့လား"

"ဟုတ်.."

"ဘယ်သွားစရာရှိလဲ"

မော် က ကော်ဖီသောက်ရင်း မျက်လွှာပင့်ကြည့်သည်။ အမြဲတမ်းတည်ငြိမ်နေခဲ့သည့် ဒက်ဒီ့မျက်နှာမှာ မနေ့က တင်ကျန်ခဲ့နိုင်သည့် ကောက်ကြောင်းတွေ ဘာမှမရှိ..။

"ခု မရှိသေးပါဘူး"

ဖြေပုံကို မနှစ်မြို့သလို ဦးသုဝေ မျက်မှောင်ကြုတ်၏။ ပြီးမှ ခေါင်းညိတ်ကာ..

"အပြင်ထွက်ရင် ဒရိုင်ဘာမပါဘဲ မထွက်ရဘူး"

ဒါပဲပြောကာ ထုံးစံအတိုင်း ဒက်ဒီ အရင်ထ,သွားသည်။ ကော်ဖီဝိုင်းမှာ မော် တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။ ပေါင်မုန့်ကြော်စားနေရင်း အကြာကြီးငိုင်နေတော့ မေချို က အနားကပ်လာ၏။

"သမီး စားမကောင်းဘူးလား၊ မေချို ဘာလုပ်ပေးရမလဲ"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



ထမင်းချက်သည့် ကောင်မလေးတွေလည်း မျက်နှာပျက်နေကြ၏။ အိမ်မှာ မော့် စားချိန်တန်လို့မစားရင်၊ အိပ်ချိန်တန်လို့မအိပ်ရင် အားလုံးပဲ ပျာယာခတ်နေကြတာ ထုံးစံ..။

တစ်အိမ်လုံးမှာ မိန်းမငယ်လေးတွေ လေးယောက်လောက် ရှိသည်။ မေချို ကတော့ မော့် အတွက် အုပ်ထိန်းသူလိုပဲနေတော့တာ ဖြစ်သည်။ မော့် ဘာလုပ်လုပ် မေချို့ တာဝန်ဖြစ်သလို စားသောက်နေထိုင်ရေးကို မိန်းကလေးတွေက လိုလေသေးမရှိ လုပ်ပေးကြ၏။

ခုချိန်မှာ အမှတ်တမဲ့အားလုံးက အမှတ်တရကြည့်စရာ ဖြစ်လာသည်မို့ မော့် စိတ်ထဲမှာ အလုပ်သမားတွေ ပျာယာခတ်နေကြတာက စ၍ အခန်းထဲပြန်ရောက်တော့ ရတနာဘူးသုံးဘူးကို ဖွင့်ကြည့်မိတဲ့ အထိ..။ စိန်၊ ပတ္တမြား၊ နီလာ..၊ ကတ္တီပါအနက်ရောင်ဘူးထဲမှာ ပြိုးပြိုးပြက်ပြက် လက်နေကြ၏။ မင်္ဂလာပွဲတစ်ခုကိုသွားပြီး ဒက်ဒီ့ကို ပြန်မအပ်ရသေးတာ ဖြစ်သည်။

ဒီလို လက်ဝတ်ရတနာတွေ၊ ပြီးတော့ ကျောက်မျက်ရတနာတွေချည်း သီးခြားစုဆောင်းထားတာတွေ၊ ဒက်ဒီ့မှာ ဘိုးဘွားအမွေပစ္စည်းတွေနှင့် စုပေါင်းလျှင် ခန့်မှန်းမရနိုင်အောင် ရှိနေတာ မော့် သိသည်။

ဒါတွေဟာ တစ်ဦးတည်းသောသမီးဖြစ်သည့် မော့် ပဲ ပိုင်ဆိုင်ရမှာဖြစ်၏။ လုံးဝ ပိုင်ဆိုင်ခွင့်မရှိတော့ဘူးဆိုပြီး တခြားနေရာတွေမှာ ခေါင်းလောင်းထိုးလှူဖြစ်မည်ဆိုလျှင်လည်း သူမ ဘာမှ ခံစားခွင့်ရှိတော့မည်မဟုတ်ပေ..။

ဒက်ဒီ ဒီတိုင်း တကယ်လုပ်နိုင်တယ်ဆိုတာလည်း မယုံကြည်စရာ မရှိ။ ဒါဆို သူမ ဆင်းရဲမှာကို ကြောက်နေသည်လား..။

မဟုတ်ဘူးဆိုသည့်အဖြေ ချက်ချင်းထွက်၏။ ဒီလိုပြောရင် ဒက်ဒီ ယုံပါ့မလား။ မိဘက အမွေဖြတ်တာကို မခံနိုင်ပါဘူးဆိုသည့် ကျေနပ်





ပြုးကို သူမ ခံနိုင်ရည်မရှိခဲ့ရင်..။ စိတ်တွေက မာနနှင့် သံယောဇဉ် ချစ်ခြင်းတွေကြားမှာ ယောက်ယက်ခတ်နေ၏။

သူမနားထဲမှာ စံထိုက်မှ စံရမည်ဆိုသည့်စကားက နာကျင်စရာ ဖြစ်ကာ ဒက်ဒီ တရားရိပ်ခိုတော့မည်ဆိုသည့်အချက်ဟာ ရင်ဘတ်ကို အထပ်ထပ် ထုရိုက်နေသလိုပင်..။

မာမီနှင့်ပတ်သက်၍ ဒက်ဒီ့အပေါ် မကျေနပ်ဖြစ်နေခဲ့သော တင်ရှိခြင်းတွေအားလုံးသည် ဒက်ဒီ့ကို သူမ မုန်းနေတာမဟုတ်ခဲ့မှန်း ပို၍ သေချာသွားခဲ့၏။

မာမီ ဆုံးသွားပြီးသည့်နောက်မှာ မော့် မကြည်မလင် ပုတ်ခတ်ခိုင်းနှိုင်းနေသမျှ ဖြေရှင်းရင်း၊ ပြောမရဆိုမရရှိရင်း စိတ်မချမ်းသာစွာ ရှိလာခဲ့သမျှ...

ဒီလို အတိုက်အခံမျိုးနှင့် မော့် နောက်ထပ် တုံ့ပြန်ခဲ့ရင် ဒက်ဒီ ပြောသလိုလုပ်သွားမှာပဲဆိုတာ စိတ်ထဲမှာ အလိုလို ခံစားမိနေသည်။

မှန်ထဲက ကိုယ့်ပုံရိပ်ကိုငေးရင်း ဖြည်းလေးစွာ ထိုင်ချလိုက်မိလျှင် သီချင်းသံသဲ့သဲ့လေး ပျံ့လွင့်ထွက်လာ၏။ မော့် မျက်လုံးတွေ ချထားသည့်ဖုန်းဆီ ရောက်သွားပြီး တော်တော်နှင့် မကိုင်ဖြစ်ပေ။ ခဏနားသွားပြီး နောက်ထပ် ပြန်မြည်လာမှ...

"ဟလို..."

"မော့် ကိုယ်ထွက်လာခဲ့ပြီ၊ ဘယ်နေရာမှာ ဆုံမလဲ"

"ရှင် တခြားသွားစရာရှိသေးရင် အဲဒီကိုပဲ သွားလိုက်တော့ သာယာ၊ ကျွန်မ မလာနိုင်တော့ဘူး"

"ဟာ!... နေပါဦး၊ ကိုယ်စောင့်ဆိုရင် စောင့်နေပါ့မယ်၊ ဒီနေ့ လာမယ်ဆို ပြီးရောကွာ၊ ဘယ်အချိန်ဖြစ်ဖြစ်..."

"ဒီနေ့ မဖြစ်လို့ပါ"



www.burmeseclassic.com

"ကိုယ် တစ်ညလုံး ရင်တွေခုန်ပြီး အလူးအလှိမ့်နဲ့ မိုးလင်းခဲ့ရတာ မော် ရယ်..၊ ဒီနေ့လောက် အရေးကြီးတာ ကိုယ့်အတွက် မရှိဘူး၊ မင်းရဲ့အဖြေကို ဒီနေ့ ကြားပါရစေ"

"စိတ်မကောင်းပါဘူး"

မော် ဖုန်းပိတ်ထားလိုက်သည်။

ဒီနေ့ တစ်နေကုန်အတွက် သူမ ခေါင်းရှုပ်နေဦးမှာပဲမို့ ဘာအတွက်မှ စွန့်စားချင်စိတ် မရှိ..။

အပြင်ကို ပြန်ထွက်လာပြီးကြည့်လိုက်တော့ အိမ်စောင့်တွေ ချထားတာ အရင်လိုပါပဲ။ ပြင်းပြင်းထန်ထန်တွေ ဖြစ်ကုန်မည်ဟု ထင်ရပေမယ့် ဒက်ဒီ မော့် ကို ဘာမှ တင်းကျပ် ချုပ်ချယ်မထားခဲ့ပေ..။

မော့် နှုတ်ခမ်းလေး မသိမသာမဲ့သွား၏။ လုပ်ချင်ရာလုပ်ကြည့်ဆိုသည့် ဂရုမစိုက်ခြင်းကို ဒက်ဒီ ပြသွားတာ ဖြစ်သည်။ မော် အခန်းထဲ ပြန်ဝင်လာခဲ့၏။

ကြောက်လွန်းလို့တော့ မဟုတ်..။





## အခန်း [ ၇ ]

"သမီး ဘယ်မှာလဲ"

တူနှင့် ညှပ်ယူလိုက်ပြီးသည့် ကော်ပြန့်စိမ်းက ပါးစပ်ထဲရောက်မလာဘဲ ပန်းကန်ထဲပဲ အသာလေး ပြန်ချလိုက်ရခြင်းသို့ရောက်လျက်...

"သမီး အိုင်တီမှာ မုန့်စားနေတယ် ဒက်ဒီ.."

သူမဖြေသံကြားလိုက်တော့ သဘော်သီးဖျော်ရည်ကို ငုံ့စုပ်နေသည့် သာယာ့ မျက်နှာ ဖျတ်ခနဲ မော့လာ၏။ မျက်လုံးတွေက ထိတ်လန့်သွားသည့်အမူအရာတွေနှင့် ဟိုကြည့်ဒီကြည့် ဖြစ်သွားသည်။

မော် က ဘယ်ကိုမှ ထမသွားဘဲ သူ့ရှေ့မှာပဲ ပြောနေတာမို့ အားလုံး ကြားနေရသည်။

"ဘယ်သူနဲ့လဲလို့ ထပ်မေးရင်လဲ သမီး အမှန်အတိုင်းဖြေမှာကို ဒက်ဒီ သိတယ်၊ မဖြေနဲ့တော့၊ အခု သမီးပြန်လာဖို့ ဒက်ဒီ ပြောချင်တယ်၊ ငါးမိနစ်အတွင်း..."

"ငါးမိနစ်နဲ့ အိမ်ပြန်မရောက်နိုင်ဘူး ဒက်ဒီ"

"သမီး နှုတ်ဆက်လိုက်ပါ၊ အဲဒီကနေ ဒက်ဒီ့ဆီကို တစ်မိနစ်မကျော်ခင် ရောက်လာလိမ့်မယ်"

www.burmeseclassic.com



မော့် မျက်ဝန်းလေးတွေ ပတ်ဝန်းကျင်ကို တစ်ပတ်ဝေ့သွား၏။ အနီးအနားမှာ ဒက်ဒီ ရှိနေတာကို သိလိုက်ပြီမို့ ဖုန်းကို အိတ်ထဲ ပြန် ထည့်လိုက်သည်။

"ကျွန်မ ပြန်မယ် သာယာ..၊ ရှင်နဲ့ကျွန်မ ဒီလောက်ပဲ ဆုံစည်း ခွင့် ရှိတယ်ထင်တယ်၊ ဆောရီးနော်"

"မော့်..."

သူမ ထရပ်လိုက်တော့ သာယာ ဖျတ်ခနဲ လိုက်ထ,ကာ...

"ကိုယ် ဒီတိုင်း ကျန်ခဲ့ရမှာလား မော့် ရယ်..၊ ဘာမှတောင် မပြောရသေးဘူး"

"ဟုတ်တယ်..၊ ဒက်ဒီ ခေါ်နေလို့"

"ကိုယ် ဖုန်းဆက်မယ်နော်၊ ဘယ်နေ့ ပြန်တွေ့မလဲ"

"တွေ့ဖို့ မရှိတော့ဘူး၊ ဒီလောက်ဆို ရှင် နားလည်သင့်တယ်"

"ဟာကွာ.. မော့် ရာ..၊ မင်း လူသလောက် အရုပ်တစ်ရုပ်လို မိဘနဲ့ချစ်သူကြားမှာ စိုးရိမ်တာတွေ၊ ထိတ်လန့်တာတွေ တစ် လောက် ဖြစ်ပြသွားရင်တောင် ကိုယ် ဒီမှာ ငုတ်တုတ်ကျန်ခဲ့ ကျေ နပ်သေးတယ်"

"ဟုတ်တယ်..၊ ကျွန်မက ကျွန်မ စွန့်စားရကျိုးနပ်အောင် ထ ရာလုပ်ခွင့်ရဖို့တစ်ခုပဲ လိုချင်တာ၊ ကျန်ခဲ့ရကျိုးနပ်အောင် သရုပ်ဆော င် မပေးနိုင်တာ ဝမ်းနည်းပါတယ်၊ ရှင်လဲ လွမ်းသင့်မှ လွမ်းပေါ့"

အိုင်တီထဲကနေ ထွက်လာပြီး လှည်းတန်းမီးပွိုင့်ဘက်ကို လျှော လာခဲ့စဉ် ဘေးမှာ အနက်ရောင်ဆပ်ဖ်ကားလေး ထိုးရပ်သွား၏။

မှန်တံခါးတစ်ဖက် လျှောကျသွားမှ လှည့်ကြည့်လိုက်မိသည်။ မော့် ကားထဲဝင်ထိုင်လိုက်သည်နှင့် ဒရိုင်ဘာက လမ်းကြောင်းပေ ပြန်တက်ဖို့ ကားကို ဘက်ခ်ဆုတ်နေသည်။





"ရာဇာ..၊ ငါ့ရုံးခန်းကိုပဲ မောင်း"

"ဟုတ်ကဲ့"

သားအဖနှစ်ယောက် စကားမပြောဖြစ်ကြဘဲ ရှစ်ထပ်ဟိုတယ်၏ အပေါ်ဆုံးထပ်ထိ ဓာတ်လှေကားနှင့် တက်ခဲ့ကြသည်။ အပေါ်ဆုံး၏ အောက်ထပ် အမိုးလွှတ် အပန်းဖြေစင်လေးပေါ်ကျမှ...

"ဒီနေ့ သမီး ဆုံးဖြတ်လိုက်တာလား"

မော့် က မထိုင်ပါ။ ဦးသုဝေ ထိုင်လိုက်သည့် ကြိမ်ကုလားထိုင် လေး၏ဘေးမှာပဲ ရပ်နေခဲ့ပြီး...

"ဒက်ဒီ ဘာကိုပြောတာလဲ"

"ဘာကိုပြောတာလဲဆိုတာ သမီး သိရမယ်၊ ဘာဖြစ်လို့ အပိုတွေ မေးနေတာလဲ"

"အပိုတွေပြောဖို့ သမီးကလဲ ဝါသနာမပါပါဘူး ဒက်ဒီ၊ ဒက်ဒီ ခွင့်ပေးထားတာ လမ်းကြောင်းတစ်ခုတည်းမှ မဟုတ်တာ၊ ခုချိန်ထိ ဒက်ဒီ့ကို ဆန့်ကျင်တိုက်ခိုက်ဖို့စိတ်ကူး သမီးမှာ မရှိဘူး"

ဦးသုဝေ က မော့် မျက်နှာကိုကြည့်၍ ဆိုလိုရင်းကို နားလည်ဖို့ ကြိုးစားနေသလိုရှိကာ...

"ဘာကိုလဲ..၊ ဒက်ဒီ တားဆီးထားတာကို လုပ်ပြနေတာ၊ ဆန့် ကျင်တာ မဟုတ်သေးဘူးလို့ ဆိုလိုတာလား"

"ဟုတ်တယ် ဒက်ဒီ..၊ ဒက်ဒီ အမွေဖြတ်စွန့်လွှတ်တဲ့အထိ သမီး ခေါင်းမာဖို့ စိတ်မကူးပေမယ့် သမီး စွန့်စားလို့ရနေသရွေ့ စွန့်စား မှာပဲ"

"ဘာပြောတယ်.."

"သမီး လုပ်နေတာ သမီးကိုယ်သမီး မထိခိုက်အောင် ကာကွယ် သွားပါ"



www.burmeseclassic.com

www.burmeseclassic.com



''ဘာကာကွယ်တာလဲ..၊ ရည်းစားထားနေရတာကို ပျော်စရာလို့ မြင်နေသလား''

''ဟုတ်တယ်..၊ သမီး ပျော်တယ်၊ မိန်းမသားဆိုတာ ယောကျ်ားတွေရဲ့ ထားရာနေ၊ စေရာသွား၊ စိတ်ရှိတော့ လာ၊ စိတ်မရှိတော့ သွား...''

''တိတ်စမ်း သမီး''

''သမီး မှတ်မိနေတဲ့ စာသားတွေကို ရွတ်ပြတာပါ၊ အဲဒါကြောင့် သမီးက ယောကျ်ားတွေကို ဥပေက္ခာပြန်ပေးနေရတာ ပျော်တယ်၊ သူတို့ ဒေါသဖြစ်ကျန်ခဲ့တာ..၊ မျက်ရည်ကျ၊ ပူဆွေးပြနေတာ၊ ဘယ်လောက် အလူးအလိမ့်ဖြစ်နေနေ သမီးက အပြုံးမပျက်ဘူး၊ အချစ်လို့ရေရွတ်ပြီး မချစ်တတ်တဲ့သူတွေနဲ့စာရင် မချစ်လို့ ကျကျနန ဒုက္ခပေးတဲ့သူက အပြစ်မဲ့ပါတယ်၊ သမီး မုန်းတဲ့သူတွေကိုတွဲတာ သမီးဘက်က ဘာဖြစ်ဖို့ ရှိသလဲ''

''တောက်!... ပြောလေ နားမလည်လေ၊ နင်...''

ဦးသုဝေ ပေါက်ကွဲချင်လာသည့်ဒေါသများနှင့် လက်တန်းနှစ်ဖက်ကို ဖျတ်ခနဲ ဖိဆုပ်၍ ထရပ်မိတော့မလို ဖြစ်သွားသည်။ ပြီးတော့မှ တောင့်မတ်သွားသည့်ကိုယ်ကို ပြန်လျှော့ချလိုက်ကာ...

''ဘာတွေ ရေလိုက်လွဲနေတာလဲ မှော်..၊ သမီး ခံစားနေရတာ သမီးကိုချစ်တဲ့ မိဘနှစ်ပါးကြားမှာ၊ ဒီမိသားစုထဲကပြဿနာ ဒီမိသားစုထဲမှာပဲ ထားပါလား''

''ဒက်ဒီက သမီးရဲ့အဖေ..၊ ဒက်ဒီ့ကို မုန်းလို့မရပေမယ့် ဒက်ဒီ့လိုယောကျ်ားတွေကို သမီး မုန်းတယ်၊ တကယ် ဥပေက္ခာထားနိုင်တဲ့ ယောကျ်ားမျိုး မတွေ့မချင်း၊ အဲဒီလိုယောကျ်ားမျိုးနဲ့ ဥပေက္ခာချင်းပြိုင်ပြီး အနိုင်မရမချင်း သမီး မရပ်ဘူး၊ အဲဒါကြောင့် ဒက်ဒီ ပေးချင်တဲ့





အပြစ် ပေး..၊ သမီး ဆက်လုပ်နေမှာပဲ''

''တိတ်စမ်း''

ဦးသုဝေ ဝုန်းခနဲ ထရပ်သည်။ မှော့် ရှေ့ကို တန်းရောက်သွားကာ...

''တော်တော့..၊ ဆက်မပြောနဲ့တော့...''

မှော့် မျက်ဝန်းမှာ မျက်ရည်တွေနှင့် ပြည့်သိပ်လျက်..။ မေးဖျားလေးပင့် အံကြိတ်ထားသည့်ပေါ်မှာ ပါးပြင်ထက်သို့ လျှောဆင်းခွင့်မရဘဲ လှုပ်လီလှုပ်လဲ့နှင့်..။

ဦးသုဝေ က သမီးမျက်နှာလေးနှင့် မျက်ဝန်းလေးတွေကို စူးစိုက်ကြည့်နေရင်း ခေါင်းညိတ်သည်။ ပြီးတော့ လက်တွေကို တဖြည်းဖြည်း ဖြေချပစ်လိုက်ပြီး...

''တားထားတဲ့ကြားက အပြစ်လုပ်ရင် ဒက်ဒီက ဝမ်တိန်ပေးနေမှာ မဟုတ်ဘူးလို့ သမီးကို ပြောထားခဲ့ပြီးပြီ၊ သမီးက ရဲရဲတင်းတင်း ရှေ့ဆက်ဖို့လဲ ဆုံးဖြတ်ထားတော့ ဒက်ဒီ ပြောမယ်၊ ပထမဆုံးနဲ့ နောက်ဆုံးအဖြစ် ဒက်ဒီတို့သားအဖရဲ့ ငြိမ်းချမ်းရေးအတွက် ဈေးစပ်ခြင်းပေါ့၊ သမီးကို ဒက်ဒီသဘောတူနိုင်တဲ့ အိမ်ထောင်ဖက်တစ်ယောက်နဲ့ လက်ထပ်ပေးမယ်''

''သမီးအတွက် ဘဝကြင်ဖော်ရှာလိုက်တာကျတော့ မြန်လှချေလား ဒက်ဒီ၊ သမီးနဲ့ လက်တွဲရမယ့်သူကို ဒက်ဒီ ဆွဲလွဲစီစဉ်ပေးလိုက်ခြင်းအားဖြင့် အကောင်းဆုံးဖြစ်သွားမယ်လို့ ဒက်ဒီ့ဘာသာ ယုံကြည်နေတာလား..''

''ဟုတ်တယ်..၊ ယုံကြည်တယ်..၊ ဘာဖြစ်လို့လဲဆိုတော့ သမီးပြောသလို ဆွဲလွဲစီစဉ်လိုက်တာ မဟုတ်လို့ပဲ''

မှော် မျက်နှာလေး ပျက်သွားသည်။ တမင်ပြောလိုက်တာပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ ဒီလိုလုပ်မှာ မဟုတ်ဘူးဆိုတာကို သိနေခဲ့သည်။ သို့သော်...

သူမအတွက် အိမ်ထောင်ပြုရေးကိစ္စကို ဒက်ဒီ· ခုလောက်ထိ အလေးအနက်ကြီး လုပ်နေခဲ့ခြင်းအတွက် အံ့လည်းအံ့ဩသည်။ ဘယ်တုန်းကမှ ခေါင်းထဲမထည့်ခဲ့သည့်ကိစ္စမို့ လက်လည်း မခံနိုင်..။

ဒက်ဒီ ထင်သလို သူမ ရည်းစားထားနေတယ်ဆိုတာဟာ သူမ အချစ်တွေနှင့်ပျော်မွေ့နေတာမှ မဟုတ်တာ။ ဒါကိုလည်း ပြောပြီးသား။

"သမီး လုံးဝ လက်မခံနိုင်ဘူးဆိုရင်၊ ဒီတိုင်းပဲ ထင်ရာတွေ လုပ်နေချင်သေးတယ်ဆိုရင် ဒက်ဒီ့ဘက်က သတို့သား ဘယ်သူဆိုတာ သမီးကို အသိပေးတဲ့နေ့မှာပဲ သမီးရဲ့ဆုံးဖြတ်ချက်ကို ပြောလို့ရတယ်၊ ဆွေးနွေးမှာ မဟုတ်ဘူးနော်၊ ဒါကို လက်မခံရင် ဘာလုပ်ရမယ်ဆိုတာကို ဒက်ဒီ သမီးကို ပြောခဲ့ပြီးပြီ၊ တစ်ခုပဲ ရှိတယ်.."

ဦးသုဝေ မျက်နှာမှာ ရီဝေဆွေးမြည့်ခြင်းများနှင့် ပြာလဲ့သော ကောင်းကင်ကို မော့ကြည့်လိုက်ပြီးမှ မမြင်သလို မျက်လုံးတွေ ဟိုဒီ ဝေ့လျက်...

"ဒက်ဒီ့ကို ကတိတစ်ခုတော့ ပေးပါ၊ ဒက်ဒီ့ဘက်က မျက်နှာ ငယ် အောက်ချပြီး တောင်းခံတာမို့လို့ သမီး ဒါကို အလေးအနက်ထားပြီး စဉ်းစားပါလို့လဲ ပြောချင်တယ်"

မော် က ဘာမှမမေးဘဲ ဦးသုဝေ ပြောလာမှာကို နားစွင့်ရင်း စိုက်ကြည့်နေ၏။

"သမီးကို ဒက်ဒီ ချုပ်ချယ်တားဆီးနေမှာ မဟုတ်တဲ့အတွက် ခိုးရာလိုက်ပြေးတဲ့အလုပ်မျိုး ဘယ်တော့မှ မလုပ်ပါနဲ့၊ အဲဒါကို ကတိ ပေးပါ"

မျက်ဝန်းတွေ ပြိုင်တူ တိမ်းဖယ်သွားကြသည်။ မျက်တောင်များ တို့ စိုက်ခနဲ ရွေ့လျားလိုက်သည်နှင့် မော့် မျက်ရည်စက်တွေ ခုန်လွှား





ပြေးဆင်းသွားကြ၏။

"ဒက်ဒီ့စကားကို နားမထောင်နိုင်ပါဘူးဆိုတဲ့အကြောင်း ဒက်ဒီ့ ရှေ့မှာပဲ ပြောနိုင်တယ်၊ နှုတ်ဆက်တဲ့အနေနဲ့ ရှိသေးသမှု ရှိသေးတယ် ဆိုရင်၊ ဒက်ဒီ့ကို ကန်တော့မယ်ဆိုရင် ဒက်ဒီ ကန်တော့ခံမှာပါ၊ ဆိုလို တာက သမီးက ဒက်ဒီ့သမီးအဖြစ် ရှိနေတဲ့အချိန်မှာ ဒက်ဒီ အရှက် တကွဲ မဖြစ်ချင်ဘူး၊ သမီးက ထူးဆန်းတဲ့ အယူအဆတွေရှိသလို ဒက်ဒီကလဲ ကိုယ့်အမှန်တရားနဲ့ကိုယ် အမြဲတမ်း ဆုပ်ကိုင်ထားခဲ့တဲ့ အတ္တကို မစွန့်လွှတ်ဘူး"

မော့် မျက်နှာလေး ဒီဘက်ကို တဖြည်းဖြည်း ပြန်လှည့်လာ၏။ ဦးသုဝေ ၏ ဘေးတစောင်းမြင်နေရသော မျက်နှာပြင်သည် မျက်ဝန်း ထောင့်နှင့် နှာသီးဖျားတို့ နီရဲလျက်၊ မျက်ရည်မကျဘဲ ငိုကြွေးနေသကဲ့သို့ ရှိလေသည်။

ပြောနေသမျှ ဒက်ဒီ့အတ္တတွေချည်းပါပဲ။ ဒက်ဒီ့ဘက်က အလျှော့ မပေးနိုင်တာတွေချည်းပဲမှာ ဘာတွေကို ဆုံးရှုံးရမှာမို့လို့ ငိုကြွေးနေရတာ လဲ..။ ဒက်ဒီနှင့် သူမဟာ နှစ်ယောက်တည်းနှင့် တစ်ဘဝ ဖြစ်လာခဲ့ရ ပေမယ့် ဇွယ်တော်ရွက်တွေလို ပူးတွဲ တွယ်တာခဲ့ကြတာမျိုးမဟုတ်..။

သားပိုက်ကောင်လို သားသမီးအတွက် ရင်ခွင်တစ်ခုလုံး ပုံအပ် ခိုလှုံခွင့်ပေးခဲ့တာမျိုးလည်း မဟုတ်ခဲ့ပါ..။

ဒက်ဒီ ပြောနေခဲ့သော 'ဒက်ဒီမှာ သမီးတစ်ယောက်ပဲရှိတာ၊ အားလုံးက သမီးအတွက်ပဲ' ဆိုတာ ဘာကိုပြောတာမှန်း မသိပေမယ့် မော် ဒက်ဒီ့ဆီက ဘာမှမရခဲ့သေးတာ သေချာပါသည်။

ဒက်ဒီ့စကားကို လိုက်နာရင် ရမယ်၊ မလိုက်နာရင် မရဘူး တဲ့..။ အဲဒါ ဘာလဲ..၊ မော် ဘာကိုလိုချင်နေတာလဲဆိုတာရော ဒက်ဒီ သိလို့လား..။



www.burmeseclassic.com

www.burmeseclassic.com



တလှုပ်လှုပ် ပွင့်ဟနေသည့် နှုတ်ခမ်းသားလေးတွေကို ဖိကိုက်ထားလိုက်စဉ် မျက်ရည်စက်တွေ လွှတ်လပ်စွာ ပြေးဆင်းသွားကြ၏။

နေညိုချိန်ပေမယ့် ဝေးတိုက်စွေစောင်းစင်းကျနေသည့် နေရောင်ခြည်က မှော့် ပါးပြင်ထက်က မျက်ရည်တွေကို ပြိုးပြက်လက်စေခဲ့၏။

မျက်ရည်စိုလူးနေသော သမီးမျက်နှာလေးကို ဦးသုဝေ ပြန်ငဲ့ကြည့်မိပြီး မျက်နှာချင်းဆိုင် ရပ်လိုက်ကာ…

"သမီး…"

ကြေကွဲလာပြီဆို နိုင်ကြည်ပြတ်သားသမျှတို့ကို ရိုက်ချိုးဖျက်ဆီးပစ်တတ်သည့် ပူလောင်ပြင်းရှခြင်းသည် မျက်ရည်အစား အသံလှိုင်းတို့ကို ပျက်စီးစေခဲ့ပြီး…

"ဒက်ဒီ့အပေါ် အထင်လွဲနေခဲ့တဲ့ သမီးကို ဒီလိုစကားတွေ ပြောခဲ့တဲ့အတွက် ပြာဖုံးနေတဲ့မီးခဲကို ယပ်ခတ်ပေးသလို ဖြစ်နေပြီမှန်း ဒက်ဒီ သိတယ်၊ ဒါပေမယ့် တစ်ဖက်သားရဲ့စိတ်ကို နူးညံ့ပျော့ဝင်လာအောင် ဒက်ဒီ ခင်းကျင်းမပြောတတ်ဘူး၊ အထူးသဖြင့် ဒက်ဒီ့မှာ ဥပေက္ခာတွေပဲရှိတယ်လို့ တစ်လျှောက်လုံး သတ်မှတ်လာခဲ့တဲ့ သမီးအပေါ်မှာ ဒက်ဒီ စည်းရုံးနိုင်ဖို့ မလွယ်ဘူးဆိုတာ နားလည်တယ်"

"ဒက်ဒီ အများကြီး နားလည်နေပြီးတော့ နားလည်သင့်တဲ့တစ်ခုကိုတော့ ဘာဖြစ်လို့ ချန်ထားခဲ့တာလဲ…၊ အဲဒီနားလည်မှုတွေ မာမီရှိနေစဉ်ကတည်းက ရှိခဲ့ရင်…"

"ဟုတ်ပါတယ်…၊ သမီးမာမီကို ဒက်ဒီ နားမလည်ခဲ့ဘူး၊ ဒါပေမယ့် သမီး ဒက်ဒီ့အပေါ်မှာ ဘယ်တုန်းကမှ စိတ်ကျေနပ် ခင်တွယ်မှုမရှိခဲ့ဘူးဆိုတာတော့ ဒက်ဒီ နားလည်ခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သမီးက ဒက်ဒီ့ရင်သွေး…၊ ဒက်ဒီ သိပ်ချစ်တဲ့ သမီးလေး ဖြစ်နေလို့…"

"မာမီ့ကိုလဲ ဒက်ဒီ ချစ်ခဲ့တာပဲဆို…"





"ဘာဖြစ်လို့ ခြားနားသွားသလဲဆိုတာ သမီး ရင်သွေးလေး ရလာတဲ့အခါ ဒက်ဒီ ရှင်းပြဖို့မလိုဘဲ နားလည်သွားမှာပါ၊ ဖခင်ကို သတ်ပစ်လိုက်တဲ့အထိ အထင်မြင်လွဲမှားခဲ့တဲ့ အဇာတသတ်မင်းသားတောင် ရင်သွေးရတနာ ထွန်းကားလာတော့ မိဘမေတ္တာကို စာနာလာတယ်၊ မိဘရဲ့ကျေးဇူးတရားကို အောက်မေ့တတ်ခဲ့တယ်၊ သမီး ဒက်ဒီ့အပေါ်မှာ အဲဒီလောက် မပြစ်မှားသေးပါဘူး၊ ဒက်ဒီ ဖြစ်စေချင်တာလဲ' အဲဒီလိုစိတ်က အလိုလို ခံစားသိမြင်လာတာကိုပဲ…၊ မေတ္တာတရားဆိုတာ စည်းရုံးဖြားယောင်းဖို့ မလိုဘူး၊ အထူးသဖြင့် ဒက်ဒီ့ဇနီးနဲ့ သမီးပေါ့၊ ဘဝနဲ့အသက်ကို ပုံအပ် ပေါင်းဖက်ခဲ့တဲ့ဇနီးနဲ့ ကိုယ့်ရဲ့ရင်သွေး၊ သူတို့ကို ဒက်ဒီက ကိုယ့်ကို ချစ်ဖို့…၊ နားလည်ဖို့တွေ စည်းရုံးနေရဦးမှာလား၊ နားမလည်လေခြင်းဆိုပြီး ရင်ဘတ်ထု ငိုကြွေးနေရမလား၊ ဒက်ဒီ ဘယ်တော့မှ အဲဒီလို မလုပ်ဘူး…"

နေဝင်သွားချိန်မှာ ပတ်ဝန်းကျင်က ဒေါသပြသွားပေမယ့် ဦးသုဝေ မျက်ဝန်းထောင့်တွေ နီနေဆဲဖြစ်ကာ မှော့် ပါးပြင်မှာ မျက်ရည်စတို့ စွန်းထင်းနေဆဲ…။

"သမီးရဲ့မာမီ…၊ သူ ဒက်ဒီ့အပေါ် ဘယ်လိုသဘောထားပြီး မုန်းနေနေ ဒက်ဒီ မသိဘူး၊ သိတဲ့အခါမှာလဲ စိတ်မကောင်းဖြစ်တာကလွဲပြီး မတတ်နိုင်ဘူးလေ၊ ဒါပေမယ့် သမီးတစ်ယောက်ရဲ့ မလေးမစား အတိုက်အခံပြောဆိုတာတွေ ကြားလာရတဲ့အခါ ကိုယ် အသက်လောက် ချစ်မြတ်နိုးခဲ့ရပြီး ကိုယ့်ကို မျက်လုံးစိမ်းနဲ့ တုံ့ပြန်ကြည့်တာတွေပဲ ရင်ဆိုင်လာရချိန်…၊ အဲဒီအချိန်မှာ နာကျင်တဲ့ရင်ဘတ်ကို ဒက်ဒီ ပြန်ငုံ့မကြည့်ရဲခဲ့ဘူး၊ ဥပေက္ခာတရားတွေနဲ့ နေတတ်သလို နေခဲ့တယ်လို့ သမီး ထင်နေတဲ့အချိန်ဟာ ဒက်ဒီ့အတွက် အဲဒီသောကတွေနဲ့ တနင့်တပိုး မွန်းကျပ် ပူလောင်နေခဲ့ရတာပါ"



www.burmeseclassic.com

ဦးသုဝေ နောက်ထပ် ကျောခိုင်းရပ်လိုက်သည့်အခါ မျက်ဝန်းမှာ မျက်ရည်ဝေ့လျက်ရှိနေခဲ့ပြီး…

"တစ်သက်လုံးမှာ ဒက်ဒီ ဘယ်သူ့အတွက်မှ စကားတွေ ဒီလောက် မပြောခဲ့ဘူး၊ ဒါပေမယ့် သမီးနဲ့ဒက်ဒီ ဒါ နောက်ဆုံးဆွေးနွေးကြခြင်း ဖြစ်ခဲ့ရင်တောင် ဒက်ဒီ့သဘောကို အနည်းအကျဉ်းတော့ သိသွားစေချင်တယ်၊ ဒါပါပဲ… သမီး ဆုံးဖြတ်ပါ"

အသက်တစ်အောင့်လောက်စောင့်ပြီးမှ မော့် ဘာမှမပြောသဖြင့် ဦးသုဝေ က ဆက်၍…

"သမီးကို မျက်စိဒေါက်ထောက်ကြည့်ဖို့၊ ချိန်းတွေ့တာမြင်ရင် ပြောဖို့ ကိုယ့်ရဲ့အလုပ်သမားတွေဆီမှာ သမီးတစ်ယောက်လုံး ထိုးအပ်ထားရတဲ့အထိ ဒက်ဒီ မညံ့ချင်ဘူး၊ ဒက်ဒီ့အိမ်မှာ ဒက်ဒီနဲ့သမီးက အရှင်သခင်၊ ကျေးကျွန်ဆိုတာကို သားသမီးထက်ပိုပြီး ပုံကြည့်ဖို့ မလိုဘူးလို့ ဒက်ဒီ သတ်မှတ်တယ်၊ အဲဒီတော့ ဒက်ဒီ မသိအောင် ဘာမှမလုပ်ပါနဲ့၊ ကျေးကျွန်၊ ပတ်ဝန်းကျင်ကပြောမှ သိရပြီး ခေါင်းငိုက်စိုက် မဖြစ်ပါရစေနဲ့.."

"စိတ်ချပါ ဒက်ဒီ..၊ ဒက်ဒီ့ဘက်က သတ်မှတ်ချက်တွေ များနေပေမယ့် သမီး မတောင်းဆိုပါဘူး၊ ဒက်ဒီ မသိအောင် ဘာမှမလုပ်ဘူးလို့ ကတိပေးပါတယ်၊ ဒက်ဒီ ဖြစ်စေချင်သလို သမီးက ထင်ရာလုပ်မယ်ဆိုရင်တောင် သမီးကို ဒက်ဒီ စွန့်ပစ်…"

"မဟုတ်ဘူး သမီး၊ ဒက်ဒီက စွန့်ပစ်မှာ မဟုတ်ဘူး၊ တို့သားအဖနှစ်ယောက်စလုံး တစ်ဘဝစီ၊ တစ်နေရာစီ မြုပ်နှံကြဖို့ပါ၊ သမီး ထင်သလို ဆုံးဖြတ်လုပ်ပိုင်ခွင့်ကို ယူ..၊ ဒက်ဒီက ဘုရားရိပ်၊ တရားရိပ်မှာ နေတော့မယ်၊ ပစ္စည်းဥစ္စာတွေ အားလုံးကတော့ ဒက်ဒီတို့ထက် မြင့်မြတ်တဲ့နေရာတွေမှာ ထိုက်တန်သလို ရောက်သွားကြမှာပါ၊ သမီးဘဝ





မှာ ဒက်ဒီ မရှိတော့သလို ဒက်ဒီ့မှာလဲ သမီး မရှိတော့ဘူး၊ သဘာဝကို ဆန့်ကျင်တဲ့လုပ်ရပ်မျိုးဖြစ်ပေမယ့် ဒီတိုင်းပဲ ဖြစ်သင့်တယ်၊ ရက်စက်တဲ့ဖခင်တစ်ယောက်အဖြစ် ဒက်ဒီ ရာဇဝင်တွင်သွားမယ် ထင်တယ်.."

ဦးသုဝေ မချိပြုံးနှင့် ရယ်မောဖွယ်ဖြစ်အောင် ကြိုးစားပေမယ့် အရာမထင်..။ တစ်ယောက်မျက်နှာတစ်ယောက်မကြည့်ဘဲ ဝေ့လည်နေသည့် မျက်ရည်စတွေကသာ ပြက်ရယ်ပြုနေကြသလို ဖိတ်ဖိတ်စင်စင်..။

ဒါဟာ သားအဖ နားလည်မှုလွဲမှားနေကြတာတွေအတွက် ချေပဆွေးနွေးသည့်ပွဲလား ဒါမှမဟုတ် ဘယ်တော့မှ ငြိမ်းချမ်းနိုင်ဖို့ မရှိတော့သည့်သဘောထားတွေကို ကုန်စင်အောင် ဖွင့်ချပြခဲ့ခြင်းလား..။

ဒက်ဒီ့အယူအဆ၊ ခံစားချက်တွေအပေါ် မော့် နားမလည်နိုင်ခဲ့ပါ။ နားလည်ဖို့ မကြိုးစားဘူးဟု ကြေညာသွားခဲ့ပြီး ဒက်ဒီ မျက်ရည်ကျခဲ့သည်။ သူမကရော…

ဒက်ဒီ လုပ်ခဲ့သမျှ အပြုအမူ၊ အယူအဆတွေပေါ်မှာ မကျေနပ်ခဲ့သမျှ ဒက်ဒီ့မျက်ရည်ကို မြင်လိုက်သည့်ဘက်မှာ ရင်တစ်ခုလုံး ဆတ်ဆတ်ခါခဲ့၏။

တကယ် ဒီတိုင်းပဲ ဖြစ်သင့်သည်လား..။

www.burmeseclassic.com



## အခန်း [ ၈ ]

ဒီနေ့ သင်တန်းနောက်ဆုံးနေ့မို့ ကြိုင် နှင့် ဒီဆိုင်မှာ ချိန်းထားခဲ့သည်။ လက်ဆောင်တွေ လဲမည်။ သီချင်းနားထောင်ရင်း စားသောက်ကြမည်ဟု နာရီကို ကြည့်လိုက်တော့ ချိန်းသည့်အချိန်ထက် ဆယ့်ငါးမိနစ်ကျော် နောက်ကျနေပြီဖြစ်သည်။

ရေသန့်ဘူးတစ်ဘူးပဲ ယူထားပြီး ဒီတိုင်း ငုတ်တုတ်ထိုင်နေရတာက ပြဿနာ မရှိ..၊ ရှိနေသမျှ စားပွဲတိုင်းကလူတွေ၊ ဝင်လာသမျှ မျက်လုံးတွေအားလုံးက သူမဆီမှာချည်း ဖြစ်နေတာက တော်တော်စိတ်ပျက်ဖို့ကောင်းနေသည်။

စောင့်ရမည့်အလုပ်ကို စိတ်မရှည်တတ်လို့ ကိုယ်ကချည်း အချိန်သတ်မှတ်ခဲ့တာဖြစ်ပေမယ့် မိန်းကလေးသူငယ်ချင်းဆိုလို့ ကြိုင် တစ်ယောက်ကိုပဲ ထားတာမို့ သူမအတွက်ကျတော့ မော့် ကပဲ လိုက်လျောခဲ့တာ များပါသည်။

ထို့ပြင် ကြိုင် က မဆင်းရဲပေမယ့် သိပ်ပြေလည်တဲ့သူ မဟုတ်..။

"ဒီနေ့ အစီအစဉ်အစမှာ ကြိုတင် တောင်းဆိုထားသည့် အစီအစဉ်အရ Sky အဖွဲ့က 'မိန်းမရိုင်း' သီချင်းနဲ့ ပွဲဦးထွက် ဖျော်ဖြေမှာဖြစ်ပါတယ်၊ ကျေးဇူးတင်ပါတယ်ရှင်"





စားသောက်ခန်းမှာရှိတဲ့လူတွေ စင်မြင့်ဆီကို အာရုံရောက်သွားကြ၏။ မော့် ကတော့ နာရီကိုပဲ နောက်ထပ် ကြည့်ဖြစ်သည်။

ဒီဆိုင်ကို ကြိုင် နှင့်သူမ နှစ်ခါ လာဖူးသည်။ အတူတူ လာကြသလို ချိန်းပြီးမှ လာတာလည်းရှိပေမယ့် ခုလို တစ်ယောက်ယောက်က နောက်ကျနေတာမျိုး မရှိပါ..။

ထိုစဉ် မီးလုံးကြီးတွေ ဖျတ်ခနဲ မှောင်ကျသွားကာ စင်မြင့်ဆီမှာ ဆလိုက်မီးတွေ ပြေးလွှားသွားသဖြင့် မော့် မျက်လုံးတွေ ရောက်သွားသည်။

အပြင်မှာ ညနေခင်းပဲ ရှိသော်လည်း အထဲမှာ အမှောင်ချလိုက်တော့ မှောင်သွားသည်။ ရောင်စုံမီးလုံးလေးတွေ၏ အင်အားကတဖြည်းဖြည်းကျမှ လုံလောက်သော အလင်းရောင်ကို ဖြစ်လာစေခဲ့ပြီး...

... ကဲ... ယုံချင်ယုံ မယုံချင်နေ... သူတို့ဇာတ်လမ်း... ပုံပြင်တွေ...

... သူ့ကြောင့် အသည်းကွဲရတဲ့ခနဲ... တစ်ယောက်လောက်မက... ဆိုရင်မေး...

... ယုံချင်ယုံ... မယုံချင်နေ... ဒါက သူ့ဂုဏ်အင်တွေ...

... ဒီလိုမျိုးမိန်းမ ယောကျ်ားတွေရဲ့ကြား... ဂုဏ်တင်နေလဲ အချစ်က... ကစားစရာလို...

... မျက်နှာများတာမျိုး... ဘေးက ဝိုင်း... ခွပ်စွဲလာရင် သူ့ဘဝ နစ်နာသွားမှာစိုး...

... ဘဝမှာ အရေးကြီးဆုံးက မေတ္တာတရားပါလို့... မိန်းမရိုင်း သိပါစေ...

... ရိုးရိုးသားသား အချစ်က... ရှားလာ... လို့...



www.burmeseclassic.com

www.burmeseclassic.com



Rap တွေက ရင့်သည်။

ထို့ပြင် မျက်နှာတွေ တော်တော်များများ မော့် ဘက်ကို ဖျတ်ခနဲ ဆတ်ခနဲ ငဲ့ကြည့်လာကြသဖြင့် ပြဿနာတစ်ရပ်ဆိုသည့် သတိပေး ခေါင်းလောင်းသံတွေ မော့် ခေါင်းထဲမှာ မြည်ဟည်းသွား၏။

နောက်ထပ်ဝင်လာသည့် သံစဉ်များ၏နောက်···

... (သူ့အလှအပတွေကို ငါ မူးမိုက်... အာရုံတွေက စူးစိုက်... ကြောက်ဖို့ကောင်းတဲ့ မိန်းမရိုင်း...)

ပြုံးစိစိ လှည့်ကြည့်လာသည့် မျက်နှာတွေကြောင့် မော့် တစ်ကိုယ်လုံး ဖျင်းခနဲ ပူနွေးသွား၏။ ဒါ တစ်စုံတစ်ယောက်၏ ကြိုတင်ကြံစည်မှုပင်··။

စူးရဲသည့် မော့် မျက်ဝန်းတွေ နှစ်ပတ်လောက် ဝေ့သွားသည်။ ဆိုင်ထဲမှာ သူမနှင့်ပတ်သက်ခဲ့သည့် တစ်စုံတစ်ယောက်··၊ သို့မဟုတ် တစ်ယောက်မက ရှိနေနိုင်ပေမယ့် ကြည့်သမျှ မြင်ကွင်းထဲမှာ မရှိ··။

ဒီအစီအစဉ်ကို သူမမှလွဲ၍ ဆိုင်ထဲမှာရှိသမျှလူတွေအားလုံး ကြိုတင်သိနှင့်ထားတာ သေချာ၏။ ခုချိန်ထိ ရောက်မလာခဲ့သည့် ကြိုင် ရော ပါနေသလား··။

... လူကို တစ်ကိုယ်လုံး သိမ်းပိုက်...

... မပျော်တော့ နောက်တစ်ယောက်ဆီ ယိမ်းလိုက်...

....ခုနေအခါကြည့် ရှူးချင်လာမိ... သိပ်သိပ်ကြောက်ဖို့ ကောင်းတဲ့ မိန်းမရိုင်း...

... နှလုံးသားခွဲတော့ အစိမ်းလိုက်...





... ပြန်တွေ့ကြတော့ သူစိမ်းအတိုင်း...

... နင်လေ... နင်... နင်... နင်... (သိပ်တော်တယ်)ᒧ... သိပ်ဒိုက်...

ဆိုင်ထဲက ရယ်သံသဲ့သဲ့ ဖိတ်စဉ်လာခဲ့သည်။ မော့် လက်သီးဆုပ်လေးဖြစ်သွားခဲ့ရင်း ဘာလုပ်ရမည်ကို စဉ်းစားလိုက်၏။ Rap စာသားတွေက ပြင်းထန်စွာ ပုတ်ခတ်နေဆဲ··။

... အသည်းခွဲတာလည်း... တစ်ဖက်ကမ်းခတ်...

... အရူးတွေလုပ်တာလဲ... တစ်ဖက်ကမ်းခတ်...

... ယောကျ်ားတွေကို... အရုပ်လိုကစားတဲ့ မိန်းမရိုင်း... တစ်ဖက်ကမ်းခတ်...

... အသည်းခွဲတာလည်း... ရပ်တန်းရပ်...

... အရူးတွေလုပ်တာလည်း... ရပ်တန်းရပ်...

... ယောကျ်ားတွေကို... အရုပ်လိုကစားတဲ့ မိန်းမရိုင်း... ရပ်တန်းရပ်...

(သူ့အလှအပတွေကို ငါ မူးမိုက်... အာရုံတွေကို စူးစိုက်...)

... ကြောက်ဖို့ကောင်းတဲ့ မိန်းမရိုင်း...

မော့် ပင့်သက်ရှိုက်၍ ဒီတိုင်း ဆက်ထိုင်နေလိုက်သည်။ ပြီးတော့ ပိုက်ဆံထုတ်၍ စားပွဲပေါ်မှာ ချထားလိုက်ပြီး သီချင်းဆုံးသွားမှ ဖုန်းခေါ်သည်။

ကြိုင် က ဖုန်းမကိုင်ပေ··။

"အနိုင်ကျင့်တာတော့ မဟုတ်ဘူး၊ ဒီဖုန်းကို ငါ ပေးထားတာ ငါနဲ့ပဲ ပြောဖို့နော်··၊ နင် အကျိုးအကြောင်းရှိလို့ အကူအညီလိုလာရင်



www.burmeseclassic.com

www.burmeseclassic.com



လဲ ငါ့ကို ဆက်လို့ရတာပေါ့၊ တခြား ဘယ်သူနဲ့မှ မပြောရဘူး၊ အထူးသဖြင့် ငါ ခေါ်လိုက်ရင် မအားဘူးဆိုတာ မရှိရဘူး"

မော် ဤကဲ့သို့ တမင်ပြောပြီး ပေးထားခဲ့တာ။ ဖုန်း မအားသည့် မြည်သံလေးကို ပြီးဆုံးတဲ့အထိ နားစိုက်ထောင်နေပြီးမှ ပြန်ထည့်ထားလိုက်သည်။

မော် နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ခု ဖြစ်သွားခဲ့၏။ သီချင်းဆုံးသွားတော့ နောက်ဆုံး မီးလုံးကြီးတစ်လုံး ပြန်လင်းလာသည်။

"ဟာလို..."

ဂစ်တာကိုင်ထားသည့်တစ်ယောက်က မိုက်ကို လက်နှင့်တောက်လိုက်ပြီး စားသောက်သူများထဲက သူမဆီကိုပဲ အကြည့်တွေ ရောက်လျက်...

"ဒီသီချင်းလေးကို တောင်းဆိုတဲ့ အသည်းကွဲသူများအဖွဲ့က သိပ်လှတဲ့ အသည်းခွဲမိန်းမရိုင်းတစ်ယောက်ကို သိစေချင်ပါသည် တဲ့၊ ဟုတ်ကဲ့..၊ သူမ သိပါစေလို့ ဆန္ဒပြုပါတယ်ခင်ဗျာ"

ဒါကို ပြောဖို့မလိုဘဲ ပြောသွားသည်။ လက်ခုပ်တီးရမှာမဟုတ်ဘဲ တစ်ဆိုင်လုံး ဆွံ့သွား၏။ မော် နေရာက ထ,ရပ်လိုက်၏။

တစ်သက်နှင့်တစ်ကိုယ် ဤသို့ ခြေလှမ်းမမှားခဲ့ဘူးပါပဲ မှန်ကန်စွာလှမ်းနိုင်ဖို့ တော်တော် ကြိုးစားယူရ၏။ သို့သော်...

"အား..."

ဆိုင်ထဲကထွက်ပြီး ဘယ်ဘက်ကို လှည့်အထွက်တွင် လူရိပ်တွေ မြင်လိုက်ရပြီး မော့် ပခုံးတစ်ဖက်ကို တိုက်ချပစ်လိုက်တာ ပစ်စလက်ခတ်..။

ဟီးလ်ဒေါက်တွေပဲ စီးတတ်သည့် မော့် ကိုယ်က ယိုင်သွားသည်နှင့် ဘယ်လိုမှ ထိန်းမရတော့ဘဲ နောက်ပြန်ဘေးတိုက်ကြီး ပက်ပက်





စက်စက် ပစ်လဲသွားခဲ့၏။

"ဟာ!... မင်းကလဲ အရမ်းပဲကွာ"

"အသည်းခွဲမိန်းမရိုင်းကွ၊ နှယ်နှယ်ရရ မဟုတ်ဘူး၊ မင်း သွားစရသလား"

"ဟုတ်လို့လားကွာ၊ ဒီလောက်လှတာလေးကို..."

"ဆောရီးနော်..."

ဆိုင်ထဲမှာလို လူတွေ သိပ်မများပေမယ့် ကားပါကင်နှင့် နီးနေပြီမို့ ဝင်လာသူတွေ၊ ပြန်မယ့်လူတွေတော့ ရှိနေကြတာပင်..။

သံမံတလင်းပေါ်မှာ မော် ဒီတိုင်းကျန်ခဲ့ပြီး ရယ်သံများကို ချန်ရစ်ခဲ့သူတို့က ဆိုင်ထဲ ဝင်သွားကြလေသည်။

"တောက်!..."

တမင်သက်သက် အကွက်ချ လုပ်ကြံကြတာ..။

ဒီတရားခံထဲမှာ ကြိုင် ခေါင်းဆောင်လိုက်တာမှန်း သိလိုက်ရတော့ မခံရပ်နိုင်အောင်ဖြစ်ရသည့်ဒေါသကြောင့် မျက်ရည်တွေ ချက်ချင်း ပိုးပိုးပေါက်ပေါက်ကျ၏။

"အား!..."

မာနနှင့် အံကြိတ်၍ ပြန်ထရပ်ပေမယ့် ခြေထောက်နှစ်ဖက်စလုံးဘာတွေဖြစ်ကုန်ပြီ မသိ..။ ပေါင်လယ်လောက်ထိရှည်သော အသားပျော့လက်ရှည် ကိုယ်ကျပ်အဝါရောင်သည် လက်ရှည်တွေမှာတော့ အနက်ရောင် ဖြစ်၏။

အဝါရောင် ဘေးစင်းလေးတွေပါသည့် စတော့ကင်အနက်ဟာ သူမ ပြန်ထရပ်နိုင်လျှင်တောင် ကြည့်ပျော်ရှုပျော်တော့ ကျန်တော့မည် မထင်..။

မော် ဘယ်ကိုမှမကြည့်တော့ဘဲ ပြန်ထရပ်ဖို့ ကြိုးစားနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်နှာရှေ့သို့ ကော်ဖီရောင် ဘောင်းဘီရှည်နှင့် ရှူးဖိနပ် အနက်ပြောင်ကို စီးထားသည့် ခြေထောက်တစ်စုံ ရောက်လာသည်။

မော့ကြည့်လိုက်တော့ မိုးပြာရောင် အပွင့်နုပ်လေးတွေပါသည့် ရှပ်လက်တိုပွပွနှင့် မျက်နှာတစ်ခု‥။ ကုလားဆန်ဆန် မျက်နှာကျပုံနှင့် ဖြူနုချောမွေ့နေသောပုံစံက ထင်းနေ၏။

သူက တည်သည်၊ ပြုံးသည် မမည်သော မျက်ဝန်းများနှင့် ငုံ့မိုးကြည့်နေပြီး မော် နှင့် မျက်လုံးချင်းဆုံတော့ လက်တစ်ဖက် ကမ်းပေးသည်။

မော် က မျက်ခုံးလေးတွန့်လျက် မျက်နှာလွှဲပစ်၏။ လှမ်းကြည့်နေကြသည့် လူတချို့ကို သတိရကာ ကိုယ့်ဘာသာပဲ ထ,ရပ်နိုင်အောင် ကြိုးစားသည်။

ဒီယောကျ်ားကရော ဘယ်က ရောက်လာတာလဲ‥၊ ဆိုင်တစ်ဆိုင်လုံး ဝိုင်းဝန်းလုပ်ကြံမှုထဲမှာ သူ မပါနိုင်ဘူးလား‥။ မဟုတ်လျှင်လည်း ဒီလိုဖြစ်ဖို့ အကွက်ရွှေ့တာ ဖြစ်နိုင်သည်။

မော် မနိုင်မနင်း အံကြိတ်ထရပ်နေတာကို သူက ကမ်းထားသည့် လက်ကို ပြန်ရုတ်၍ ဘောင်းဘီထဲကို လက်တွေထည့်ရင်း အေးဆေးရပ်ကြည့်နေသည်။

"အား!…"

နောက်ထပ် အသည်းခိုက်မတတ် နာကျင်သွားခဲ့ပြီး မော် မျက်လုံးတွေ ပြာခနဲ ဖြစ်သွား၏။ ဘယ်လိုမှ ပြန်လည် ထိန်းသိမ်းနိုင်စွမ်း မရှိတော့ဘဲ နောက်ထပ် ဘိုင်းခနဲပစ်လဲဖို့ သေချာသွားခဲ့သည့်နောက်‥

"တကယ် စာနာစိတ်နဲ့ ကူညီမလို့"

မော့် လက်မောင်းလေးတစ်ဖက်ကို သူက မိမိရရ ထိန်းကိုင်ထား လိုက်သံဖြင့် ဒယိမ်းဒယိုင်နှင့်ပဲ သူ့ဘက်ကို မှီလျက်သား ငြိမ်သက်ခဲ့





သည်။

"ကားပါသလား‥၊ ဘယ်ကို ပို့ပေးရမလဲ"

"ဖြခ…… မာစီးဒီး"

"တို့ကို မှီလိုက်ပါ၊ ရလား…"

"အင်း…၊ အား!…"

ခြေလှမ်းဖို့ အားစိုက်လိုက်တာနှင့် မော် ခွေခနဲ ပြိုကျသွား၏။ ဝေဒနာ ခံစားရခြင်းထက် သူများ လုပ်ကြံတာ ခံလိုက်ရခြင်းအတွက် ရင်ထဲမှာ တဆစ်ဆစ် ပူလောင်နေသည်။ ဒေါသနှင့် နာကျင်တာ ရောကာ မျက်ရည်က ကျပြီးရင်း ကျ၏။

ပတ်ဝန်းကျင်မှာ ရှိသမျှလူအားလုံးဟာ မော် ဆိုသည့် မိန်းမကို ရွံစရာသတ္တဝါအဖြစ် ဖယ်ကြဉ်ထားကြမျိုး‥။ ထိုသူမှလွဲ၍ မည်သူ တစ်ဦးတစ်ယောက်ကမှ ကူညီချင်စိတ်လေးနှင့်တောင် ကြည့်ဖော်မရ‥။

တကယ့်ကို ရက်စက်စွာ လုပ်ကြံလိုက်ခြင်းဖြစ်သည်။ ဒီလူက ရော ဘာလဲ‥။

"ကိုယ် ပွေ့သွားလိုက်မယ်‥"

"အို!… မလိုဘူး"

"မလိုဘူးဆိုပြီး အခု မင်း ကိုယ့်ရင်ခွင်ထဲ ရောက်နေပြီလေ"

သူက မော့် ပခုံးလေးကို ထိန်းဖက်ထားရပြီ ဖြစ်၏။ သူမ၏ သည်ကိုယ်ခန္ဓာဟာ သူစိမ်းယောကျ်ားတစ်ယောက်၏ရင်ခွင်မှာ တစ်ကြိမ်တစ်ခါမျှ ခိုဝင်ခဲ့ဖူးတာ မဟုတ်‥။

ခုတော့ ရုန်းထွက်သွားလို့လည်း မဖြစ်‥၊ ရှက်ရွံ့ခံပြင်းခြင်းများနှင့် ခေါင်းညိတ်ဖို့လည်း မာနက ခံနေသည်။

"မင်းခြေထောက် ကားမောင်းဖို့လဲ ဖြစ်မှာမဟုတ်ဘူး၊ ဒရိုင်ဘာ မပါဘူးမို့လား"



www.burmeseclassic.com

www.burmeseclassic.com



မှော့် မျက်နှာလေး တင်းနေကာ ဘာတစ်ခွန်းမှ မဖြေ··။

ဒီနေရာမှာ သူမှ လာမကယ်လျှင် မြေပြင်မှာ လေးဖက်ထောက်သွားနိုင်ဖို့တောင် မလွယ်နိုင်တဲ့ အခြေအနေမှန်းလည်း ကိုယ့်ကိုယ်ကိုယ် သိပေမယ့် ထိုသူကိုလည်း မသက်ာ··။

ကျေးဖူးတင်ရတဲ့အဖြစ်မျိုးတွေကို မုန်းတီးတဲ့သူကိုမှ···

"ဆောရီးနော်"

"အို!··· ရှင်···"

မှော့် ကို သူ ပွေ့ပစ်လိုက်၏။ လက်ပေါ်ရောက်သွားပြီးမှ တစ်ချက်တော့ ပြင်လိုက်ပေမယ့် သူ ပွေ့သွားပုံက ပိုင်ပိုင်နိုင်နိုင်ပါ··။

"အို!··· ရှင်··· ရှင်··· ဘာလုပ်တာလဲ··၊ မလိုက်ဘူး၊ ကျွန်မ ကားပေါ်ကို တင်ပေး··၊ လွှတ်နော်···"

"ခက်ပါလား"

သူ့ကားနားမှာ ရပ်လိုက်ကာ ညည်းညူသံတစ်ရပ်နှင့် နောက်ပြန်ဆုတ်၏။ ပြီးတော့ မှော့် ကားဆီကို ပြန်ပို့ပေးကာ···

"ကိုယ် မောင်းပို့ဖို့တော့ လိုတယ်မို့လား"

ခေါင်းညိတ်တာကို မစောင့်ဘဲ သူ ကားပေါ်ရောက်လာ၏။ ငုတ်တုတ်ထိုင်လျက် မျက်ရည် တွေတွေကျရင်း နှုတ်ခမ်းလေး ဖိပိတ်ထားတာကို မှန်ထဲကနေ လှမ်းကြည့်နေတတ်ပြီး···

"မင်းနဲ့ တစ်ခုခု ရန်စရှိကြတာလား··၊ သူတို့ပုံစံက မတော်တဆ မဟုတ်ဘူး"

သူ အပြင်ကနေ ရောက်လာတာမှန်း မှော် သိလိုက်သည်။ ဒါပေမယ့် သူ့ဘက်ကို မလှည့်ဘဲနေကာ ပြန်လည်း မဖြေမိ··။

"မင်း တစ်နေ့နေ့ ဒီလိုဖြစ်လာနိုင်တယ်ဆိုတာ ကိုယ် တွက်မိထားတယ်"





မှော် ဖျတ်ခနဲ လှည့်ကြည့်၏။ သူက ပြန်ကြည့်ပြီးမှ ရှေ့ကို ပြန်လှည့်သွားကာ··၊

"ဒါပေမယ့် မင်းကို ဒီလို ပက်ပက်စက်စက် လုပ်ပစ်မယ့်သူ မရှိနိုင်ဘူးလို့ ထင်ခဲ့တာ···"

ကားမောင်းမပျက် ပြောနေသည့်သူကို မှော် က စူးစိုက်ကြည့်လိုက်ရင်း···

"ရှင် ဘယ်သူလဲ···"

"မင်းကို သိနေတဲ့တစ်ယောက်ပေါ့"

"ဟွန့်···၊ ထင်သားပဲ"

"အထင်တွေ မှားကုန်မယ်နော်··၊ ကိုယ်က မင်း သိပ်လှလို့ လိုက်ကြည့်နေမိရုံပဲ၊ ဇယားတွေခင်းဖို့ လုံးဝ စိတ်ကူးမရှိဘူး"

"အခု ရှင်ရောက်လာတာ တိုက်ဆိုင်တာလို့ ဆိုချင်တာလား"

"လုံးဝ အတိအကျပါ၊ မင်း လဲကျသွားတဲ့အချိန်မှာ ကိုယ် ကားပေါ်က မဆင်းရသေးဘူး၊ တခြားမှာ မြင်လိုက်ရင် လိုက်ကြည့်ခဲ့ဖူးပေမယ့် ဒီနေ့ အဲဒီဆိုင်ကို ကိုယ် ရောက်လာတာ မင်းရှိနေမှန်းသိလို့ မဟုတ်ဘူး၊ အဲဒါ တကယ်···"

မှော် ကုတ်ချီထားသည့် မျက်ခုံးတန်းတွေကို ဖြေချလိုက်ပြီး ရှေ့ပြန်လှည့်၏။

"ယောက်ျားတိုင်းကတော့ လှတဲ့မိန်းကလေးမြင်ရင် ကြည့်မိတာပဲလေ၊ ဒါပေမယ့် ကိုယ်က မင်း ခေါက်ထားတဲ့စာရင်းတွေကို ကြားလိုက်တော့ ဝင်တိုးဖို့စိတ်ကူးတွေကို ဖျက်ခဲ့တယ်"

"ရှင် ဆုံးဖြတ်တာ မှန်တယ်၊ အခု ရှင်ပြောသမျှကို အမှန်တရားတွေလို့ သတ်မှတ်ပြီး ကျွန်မကို ကူညီခဲ့တဲ့သူအဖြစ် ကျွန်မ ရင်ထဲက တစ်စုံတစ်ရာကို ပြောပြလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ..."

"ကျွန်မ ရင်ထဲမှာ အသည်းမရှိဘူး"

သူက ပြုံးလိုက်ပြီး တစ်ခွန်းမှ ပြန်မမေးဘဲနေ၏။

"ကျွန်မအချစ်ကို ရဖို့ကြိုးစားရင် ခေါက်တဲ့စာရင်းထဲမှာ ပါသွားမှာပဲ"

"မင်း အဲဒီလို ထပ်လုပ်ဦးမှာလား မှော်..၊ အခု ဖြစ်ပျက်ခဲ့တာတွေက မင်းရဲ့လုပ်ရပ်တွေနဲ့ သက်ဆိုင်နေနိုင်တယ်ဆိုတာကို မတွေးမိဘူးလား.."

သိပ်ဆိုင်တာပေါ့..၊ အဲဒါကြောင့် ဝိုင်းဝန်းလုပ်ကြံလိုက်ကြတာ..။ ရင်ထဲမှာ အသံတိတ်ပြော၍ မှော့် နှုတ်ခမ်းသားလေးတွေ မဲ့ကျသွား၏။ ဒါဆို ဆိုင်ထဲကအဖြစ်တွေကို သူ မသိခဲ့တာ အမှန်တကယ် ဖြစ်နိုင်သည်ဟု သတ်မှတ်၍...

"ကျွန်မ အရှုပ်အရှင်းတွေကို ရှင် စိတ်မဝင်စားပါနဲ့၊ ယောက်ျားဖြစ်ပြီး လက်တုံ့ပြန်ချင်ကြတော့ ကျွန်မက သနားစရာဖြစ်သွားတာပေါ့၊ အဲဒါ ယုတ်မာတာ...၊ သူတို့ဘာသာ ရူးကြောင်မူးကြောင်တွေဖြစ်ကျန်ခဲ့တိုင်း ကျွန်မက ဂရုစိုက်ရမှာလား..၊ ဒီနေ့ထိ ဘယ်သူ့ကိုမှ ကျွန်မ မဆွဲဆောင်ဘူး၊ ချည်နှောင်ဖို့လဲ မစည်းရုံးခဲ့ဘူး"

သူက ခပ်သဲ့သဲ့ရယ်သည်။ ပြီးတော့ လှည့်ကြည့်၍...

"မင်းက အဲဒီလိုထင်ပေမယ့် ဂရုမစိုက်တတ်တာတွေကပဲ ဆွဲဆောင်နေတာဆိုရင် လ..်မခံဘူးလား"

မှော် က မဖြေ..။

"စည်းရုံးထားနိုင်ဖို့မှ မလိုတာ မှော် ရယ်..၊ မင်းက ရူးသွပ်ချင်အောင် လှနေတဲ့သူပဲ၊ မင်းရဲ့ဘေးမှာ ထာဝရအဖြစ် တည်ရှိချင်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေမှာပေါ့.."





"အဲဒီထဲမှာ ရှင် မပါဖို့ သတိပေးချင်တာ..."

"ပြောလို့တော့ မရဘူး..၊ ရည်းစားထားခြင်းကို မင်း ငြီးငွေ့လာတဲ့ တစ်နေ့မှာ နောက်ဆုံးတစ်ယောက်ဟာ ကိုယ် ဖြစ်ချင်တယ်"

မှော် က ခပ်မဲ့မဲ့ မျက်တောင်စင်း၍ ငဲ့ကြည့်လိုက်တော့ သူက ပြုံးပြကာ...

"ထားခဲ့တဲ့ List တွေထဲမှာ ပါဝင်ဖို့ မဟုတ်ဘူး၊ မင်းလက်ထဲမှာ တင်ရှိကျန်ခဲ့မယ့်သူအဖြစ်..."

မှော် က မျက်နှာလွှဲပစ်လိုက်ပြီး စိတ်ပျက်သလို ရှုံ့မဲ့သွားတော့လည်း သူက အပြုံးမပျက်..။

"ရည်းစားတစ်ထောင် ပြည့်တဲ့အထိ ထားမယ်ဆိုရင်လဲ ကိုယ်က တစ်ထောင့်တစ်ယောက်ဖြစ်မယ့်သူ..."

"ရှေ့မှာ ကားရပ်ပေးတော့..."

မှော် သူ့ကို ခြံထဲအထိခေါ်ဖို့ စိတ်ကူးမရှိပေ။ ဒီအချိန် အိမ်မှာ ဒက်ဒီ ရှိနေ၏။ ဒက်ဒီရှေ့ထိ ပြောင်ပြောင်တွဲသွားရဲတဲ့အထိ မစော်ကားဝံ့ပါ။ သူက ကားရပ်လိုက်ပြီးမှ...

"ကိုယ့်ကို ဒီတိုင်း ပြန်လွှတ်မှာလား"

"စိတ်မရှိပါနဲ့..၊ ကျွန်မ ဘာမှမတတ်နိုင်ဘူး"

"မဟုတ်ဘူးလေ..၊ အိမ်ထဲ ခဏဝင်ထိုင်ခွင့်ပြုရင် ရပါပြီ၊ အိမ်ကကားကို ဖုန်းဆက်ခေါ်လိုက်မယ်"

စားသောက်ဆိုင်ရှေ့မှာလည်း ပါဂျဲရိုကား ရပ်ထားခဲ့သည်။ အိမ်ကို ကားလှမ်းခေါ်မည်ဆိုတော့ မှော် က စိုက်ကြည့်လိုက်ရင်း...

"အိမ်ထဲထိ ဖိတ်ခေါ်ရလောက်အောင် ကျွန်မအတွက် အရေးပါတဲ့ သူစိမ်းယောက်ျား မရှိသေးဘူး၊ ရှင် လောဘတွေ သိပ်များနေတယ် မထင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ရှိုးသားမှာပါ"

"ဟွန့်…"

မျက်နှာရှေ့ ပြန်လှည့်လိုက်လျှင် မှောင်ရီစပျိုးဖြစ်ပေမယ့် ရှေ့တည့်တည့်က လာနေတာ ဒက်ဒီ့ကားမှန်း မော်် သိလိုက်၏။ ရင်ထဲမှာ ဒိန်းခနဲ မြည်ဟည်းသွားသည်။

ဟိုရက်…၊ ဟိုလတွေတုန်းကဆို ဒီအဖြစ်မျိုးကို ဂရုမစိုက်ဘဲ နေလိုက်လို့ ရကောင်းရနိုင်ပေမယ့် ဒီအချိန်မှာ ဒက်ဒီ့ရှေ့မှာ သူမ ဤသို့ မဖြစ်ချင်…။

ကားရပ်ထားတာကို မြင်သွားကာ ခြံရှေ့မှာပဲ ဒက်ဒီ့ကား ရပ်သွား၏။ မော် တို့က ခြံ၏တစ်ဖက်စွန်းလောက်မှာဖြစ်လျက် ဒက်ဒီက ခြံရှေ့မှာ ဦးထိုးပြီးမှ ဖြစ်သည်။ မော် ဆင်းလာမလားလို့ စောင့်နေသည့်ပုံနှင့် ခဏ ဒီတိုင်းနေပြီးမှ ဒက်ဒီ ဆင်းလာ၏။

ပင့်သက်ရှိုက်ထားလိုက်ပြီး ပြန်ရှုထုတ်ဖို့ မလုပ်ဖြစ်ဘဲ မော် အားယူထားသည်။ ဒက်ဒီသည် မောင်းသူနေရာမှာ သွားရပ်လိုက်ပြီး အထဲကို ကြည့်၏။ သူ မှန်ချလိုက်သဖြင့် အထဲကို သေချာမြင်သွားကာ ဒက်ဒီ့မျက်လုံးတွေ ရှုးရဲကျဉ်းမြောင်းသွားခဲ့ပြီး…

"မင်းက ဘယ်သူလဲ…"

"ချစ်ဖူးအံ့ ပါ"

"ချစ်…ဖူး…အံ့…"

ထိုနာမည်နှင့် ဒက်ဒီ့မျက်လုံးတွေကြောင့် မော် သတိလစ်နေသူကဲ့သို့ တောင့်တောင့်လေး ရှိနေခဲ့ရင်း…





## အခန်း [ ၉ ]

"နောက် မဖြစ်စေရပါဘူး ဒက်ဒီ"

အိပ်ရာဘေးမှာ ငုံ့မိုးရပ်ကြည့်နေရင်း ဦးသုဝေ အသံတိတ်နေ၏။ တစ်အောင့်ကြာမှ စာကြည့်စားပွဲနားကို ခပ်လှုပ်လှုပ်လျှောက်သွားကာ စားပွဲစွန်းမှာ လက်တစ်ဖက်တင်၍…

"ဒက်ဒီ့ရှေ့ရောက်အောင် တွဲမလာတော့ဘူးလို့ ကတိပေးတာလား"

မော် ခေါင်းအုံးလေး ပြန်ဖက်ထားကာ မျက်လွှာချထားလျက…

"သူ ကူညီခဲ့လို့ ဒီထိ ပါလာတာပါ၊ သမီး ကားလဲမမောင်းနိုင်တော့လို့ သူ မောင်းပေးမယ်ဆိုတာကို လက်ခံလိုက်တာ၊ သူ့ကို သမီး အဲဒီနေ့ကမှ သိတာပါ"

"ဟုတ်ပါပြီ…၊ သမီး မညာဘူးဆိုတာ ဒက်ဒီ ယုံပါတယ်၊ ကျန်းမာရေးကို ဂရုစိုက်…၊ သွားတာလာတာလဲ ဆင်ခြင်ပါ၊ ဒရိုင်ဘာမပါဘဲ မသွားနဲ့လို့ သမီးကို ဒက်ဒီ ပြောတာ ချုပ်ချယ်တာ မဟုတ်ဘူး၊ တစ်နေရာမှာ တစ်ယောက်တည်း အရေးအကြောင်းကြီးငယ် ကြုံလာရင် သမီး ဒုက္ခရောက်မှာစိုးလို့…"



www.burmeseclassic.com

www.burmeseclassic.com



ဒီဒဏ်ရာ ဘာလို့ ဒီလောက်ဖြစ်လာသလဲဆိုတာ ဒက်ဒီ စေ့စေ့ပေါက်ပေါက် မမေးခဲ့ပေ။ ဒါပေမယ့် ဘာဖြစ်လာသလဲဆိုတာကို သိနေသလိုမျိုး သတိတွေပေးနေ၏။

ထို့ပြင် မနေ့တစ်နေ့က ဖြစ်ပျက်ခဲ့သော စိတ်ပျက်ကြေကွဲစရာ အကြောင်းတွေ ဒက်ဒီ့မျက်နှာမှာ ဘာမှမထင်ကျန်ခဲ့ဘဲ ခါတိုင်းထက် ပို၍ နူးညံ့နေသလိုပင်..။ သူမပဲ စိတ်ထင်နေတာလား..။

"သင်တန်းပြီးသွားပြီမို့လို့ တော်သေးတာပေါ့၊ ဒဏ်ရာ အရှင်းမပျောက်သေးဘဲ အပြင်မထွက်ပါနဲ့၊ သူငယ်ချင်းနဲ့ မဖြစ်မနေ တွေ့ဆုံဖို့ကိစ္စရှိရင် အိမ်ကိုပဲ ခေါ်ပါ"

ဒက်ဒီ့ကို မော့ကြည့်ပြီး မှော် ခေါင်းညိတ်လိုက်သည်။

"မချို..."

"ရှင်... ဆရာကြီး၊ လာပါပြီ.."

မေချို ခပ်ဖိုင့်ဖိုင့်ကိုယ်လုံးကြီးနှင့် အပြေးတစ်ပိုင်း ရောက်လာ၏။

"သမီး ခြေထောက်ကို ဆေးလိမ်းချိန်၊ ဆေးတိုက်ချိန် အတိအကျ လုပ်ပေးနော်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"စားချင်တာရှိရင် အပြင်စာဖြစ်ဖြစ်၊ အိမ်မှာပဲပြီးပြီး အားလုံး လုပ်ပေး..."

"ဟုတ်ကဲ့ပါ"

မေချို့ ကို မှာပြီးတော့ မှော့် ကို ပြန်ကြည့်ကာ...

"သမီး ခြေထောက်နာနေတာကို ဖွတ်လျှောက်မနေနဲ့နော်၊ ဒဏ်ရာပျောက်ဖို့ ရက်ကြာသွားမယ်၊ အကြောင်းရှိရင် ဒက်ဒီ့ကို ဖုန်းဆက်လိုက်"

"ဟုတ်ကဲ့"





ဦးသုဝေ အပြင်ထွက်သွားပြီးမှ မှော့် မျက်ဝန်းလေးတွေ တံခါးဝထိ လိုက်ငေးနေရာကနေ ပြန်ရုတ်သိမ်း၏။ ရင်ထဲမှာ ချမ်းမြေ့ခြင်းတစ်ရပ်က ဘယ်အရပ်ကနေ ဘယ်ဆီသို့ တိုးဝင်စီးမျောလာမှန်း မသိ..။

ဤကဲ့သို့ နူးညံ့သောမျက်နှာနှင့် ဂရုစိုက် လိုက်လျောသော အနှီစကားမျိုးကို မှော် မကြားခဲ့ဖူးသလို ထူးဆန်းအံ့သြ၍ ကြည်နူးခြင်းတွေ ရင်ထဲမှာ တစ်ပြိုင်နက် ဖြစ်ထွန်းနေခဲ့သည်။ ထို ကြည်နူးခြင်းသည် လိုချင်တာတစ်ခုကို ရရှိလိုက်သဖြင့် ဖြစ်ပေါ်လာသော ခံစားချက်မျိုးလို မဟုတ်..။

အောင်မြင်ခြင်းတစ်ခုခုကို ရရှိသည့်အခါ ပျော်ရွှင် ဝမ်းမြောက်ခြင်းနှင့်လည်း မတူ..။ မှော့် နှုတ်ခမ်းလေးတွေ လှုပ်ခတ်ခြင်းမရှိဘဲ ပြုံးယောင်သမ်းနေခဲ့၏။ သို့သော် ခဏအံ့တွင်းမှာပဲ မျက်ဝန်းတွေ တဖျပ်ဖျပ် ရှုံ့ရဲလာကာ အိပ်ရာပေါ်ကနေ ဖင်ရွှေ့တိုးရင်း စားပွဲပေါ်မှာရှိသည့် ဖုန်းကို လှမ်းယူလိုက်သည်။

နောက်ထပ် အံဆွဲကိုဖွင့်၍..၊ ခေါင်းအုံးအောက်ကို လက်နှိုက်၍ မှော့် ဘေးမှာ ဖုန်းသုံးလုံးဖြစ်သွား၏။ နံပါတ်တစ်ခုကို နှိပ်လိုက်ပြီးလျှင်...

"ဟလို..."

"............"

"ဟလို...၊ ဘယ်သူလဲ..."

ကြိုင် အထပ်ထပ်မေးနေတာကို နားထောင်ရင်း ဖုန်းပြန်ပိတ်လိုက်သည်။ နောက်ထပ် တစ်မိနစ်ထပ်စောင့်ပြီး နောက်တစ်လုံးနှင့် ခေါ်လိုက်တော့...

တစ်ချက်ဝင်သွားပြီးမှ ပြတ်ကျသွား၏။ မှော် ဟွန့်ခနဲ မဲ့၍ ဖုန်းကို ရွံရှာသလို ထောင်ကြည့်၏။ ဒါက မှော် ကိုင်နေကျဖုန်းမှန်း ကြိုင် သိသည်။ နင် လုပ်ထားလိုက်ပါ ကြိုင်..၊ ရင်ထဲမှာ ပြင်းပြသည့်



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာတစ်ခု ရှိနေသလို ခံရခက်သည့်ဝေဒနာက ခြေထောက်က ဒဏ်ရာထက် ဆိုး၏။

ကိုယ်ညှဲ့လို့ ခံလိုက်ရသည်ဆိုရင်တောင် ဒီလောက် ရင်းနှီးနေတဲ့ သူငယ်ချင်းတွေ··။ ဒီလို ပက်ပက်စက်စက် တုံ့ပြန်ရလောက်အောင် ဘယ်လိုအငြိုးတွေ ရှိခဲ့ဖူးလို့လဲ··။

တကယ်ဆို သူမအပေါ်မှာသာ မော် နေရာတကာ သိတတ်စွာ ကူညီထောက်ပံ့ခဲ့ရတာ ဖြစ်သည်။ ဒါကို သိရမှဖြစ်မှာပါ။ နေ့နေ့ညည ဒဏ်ရာကနာကျင်လာတိုင်း ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေခဲ့တာကို မခံစားနိုင်··။

"သမီးလေးရေ··၊ နို့ပူပူလေး သောက်ရအောင်"

"ဘာလုပ်ဖို့လဲ နို့က··၊ လူမမာ ကျနေတာပဲ"

မချို က အငွေ့တထောင်းထောင်းထနေသည့် နို့ဖန်ခွက်ကို စားပွဲပေါ်မှာ အသာလေးချလိုက်ပြီး ခွေ့ရာပေါ်မှာ တင်ပါးလွှဲဝင်ထိုင်ကာ···

"လူက မာပေမယ့် ခြေထောက်က မမာဘူးလေ··၊ မနက်စာ စားလိုက်တာ စောသွားတော့ ဆေးသောက်ချိန်မှာ တစ်ခုခုတော့ အစာဝင်မှ ဖြစ်မှာပေါ့ ကလေးရဲ့··၊ ဆေးတွေက ပြင်းတယ်"

"ရပါတယ် မချို ရယ်··၊ ဒီဆေးဒဏ်လေးတောင် မခံနိုင်ရအောင် မော် က ချည့်နဲ့ပိန်လှီနေတဲ့ လူမမာကြီးမှ မဟုတ်တာ၊ ဖြစ်နိုင်ရင် တစ်ရက်စာ ဆေးတွေကို တစ်ခွက်တည်း သောက်ပြီး တစ်ပတ်စာလောက်ကို တစ်ရက်တည်းနဲ့ ပြီးသွားချင်တာ"

"အလိုလေးတော်!···"

"မော် ဒီခြေထောက် မြန်မြန်ပျောက်မှ ဖြစ်မှာ···"

"မကြံကောင်းမစည်ရာ ကလေးလေးရယ်··၊ ဒီလောက် ဆေးကောင်းဝါးကောင်းနဲ့၊ သမားတော်ကြီးတွေနဲ့ ကုထားတာ၊ အချိန်တန် တော့ ပျောက်သွားမှာပေါ့၊ ဘာတွေ ဒီလောက် အရေးကြီးနေရတာလဲ"





"ကြီးတယ်··၊ အရမ်းကို အရေးကြီးတယ်"

ကိုယ့်စိတ်ကူးနှင့်ကိုယ် ပြောလိုက်ပြီးမှ ပြူးပြဲလိုက်ကြည့်နေသည့် မချို့ ကို သတိရကာ···

"မော် အိမ်တွင်းအောင်းပြီး ကြာကြာနေခဲ့ဖူးလို့လား၊ ဘာတွေ ထူးဆန်းပြီး ကြည့်နေတာလဲ"

မချို ကတော့ တစ်ခုခုကို သူမဘာသာ နားလည်သွားတာမျိုး ခေါင်းတခါခါနှင့် စိုးရိမ်တကြီး ဖြစ်သွားရင်း···

"မဖြစ်ပါဘူး··၊ ဆေးတွေ ဒီအခန်းထဲမှာ ထားခဲ့လို့ မဖြစ်တော့ ဘူး၊ ဒေါက်တာကြီး လာရင်လဲ သောက်ဆေးတွေ အများကြီး မပေးခဲ့ဖို့ ပြောဦးမှ···"

ပြောနေရင်း အိပ်ရာပေါ်က ထ,လိုက်ပြီး ဆေးတွေကို စုဆောင်း တော့သည်။ မော် က အသံထွက်အောင် ရယ်လိုက်ပြီး အိပ်ရာပေါ်မှာ လှဲချလိုက်ကာ···

"သိမ်း···၊ သိမ်း···၊ တွေ့ရင်တော့ အကုန်လုံး သောက်ပစ်မှာ၊ အဟုတ်ပြောတာ"

"အို··· ပြောလေ ကဲလေ ဒုက္ခပါပဲ၊ ငါ့နှယ် ဒီကလေး···"

မချို လက်တွေတုန်ကာ ဆေးပုလင်းကိုင်လိုက်၊ ဆေးထုပ်ကိုင် လိုက် ဖြစ်နေတာကိုကြည့်၍ မော် က ရယ်သည်။

တစ်သက်လုံးမှာ မော့် ကို ချစ်ခင်ယုယခဲ့တာ မချို တစ်ယောက် ပဲ ရှိနေသလားလို့။ တစ်ခါတစ်ရံ တွေးဖြစ်ခဲ့တာ အဲဒါလေးတွေ ကြောင့်··။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၀၀ ]

လုံး၀ ဖုန်းဆက်လို့မရသည်မို့ ကားကို ကြိုင် တို့ တိုက်ခန်းရှေ့ထိ မောင်းသွားလိုက်သည်။ ထိုအချိန်မှာ ကြိုင် တို့ဦးလေး တကူ့စီဆွဲနေသည့် တိုယိုတာအနွမ်းလေးက ရှေ့က ဝင်ရပ်သွားသဖြင့် မော် ဒီဘက်မှာပဲရပ်ပြီး ကားပေါ်က ဆင်းသွားလိုက်သည်။

"ဟော… သမီးပါလား"

အိမ်သားတွေက မော့် ကို သိနေကြသဖြင့် ဦးမြင့်နိုင် ဆိုသည့် လူကြီးမျက်နှာမှာ နှုတ်ဆက်ခြင်းနှင့်အတူ အံ့သြရိပ်တွေနှင့်…

"အန်ကယ်လ် ကြိုင် ရှိလားဟင်"

"ကြိုင်…"

နောက်ထပ် မျက်လုံးပြူးနှင့်မေးကာ…

"ကြိုင် ခုပဲ မြင်းခြံကို သွားမယ်ဆိုလို့ အဝေးပြေးဂိတ်ကို ဦးလေး လိုက်ပို့ခဲ့တာ၊ သမီး မသိဘူးလား၊ သြော် ဒီကောင်မလေး ဘာတွေ အရေးကြီးသွားတယ် မသိပါဘူး၊ အလည်သွားပါရစေ ချက်ချင်း ထ ပူဆာလို့၊ သူ့အမေလဲ နယ်ကို ပစ္စည်းလေးတွေ ပို့ပေးဖို့လဲ ရှိတယ်ဆိုပြီး သွားခိုင်းလိုက်တာ…"

"သြော်…"





မော် ခေါင်းညိတ်ဖို့ မေ့သွားလောက်အောင် မျက်လုံးထဲမှာ ရေခဲပြင်ကြီး ဖြစ်သွားခဲ့၏။

"လာလေ သမီး‥၊ အထဲ ဝင်ထိုင်ဦး"

"မထိုင်တော့ဘူး အန်ကယ်‥၊ ဘယ်ကားနဲ့ သွားတာလဲဟင်"

"ရွှေအောင်လံ ထင်တယ်၊ သမီး လိုက်သွားမလို့လား‥၊ ငါးနာရီ ခွဲတော့မယ်ဆိုတော့ မမီလောက်ဘူးထင်တယ်"

"ရတယ် အန်ကယ်‥၊ သူ မပြောအားလို့နေမှာ၊ မော် လိုက်နှုတ်ဆက်လိုက်ဦးမယ်"

ကားကို လမ်းပေါ်ပြန်တက်လိုက်ပြီး ကြိုင် ကို ဖုန်းခေါ်နေစဉ် ချထားသည့်ဖုန်းက မြည်လာ၏။ မော် ကောက်ကိုင်လိုက်သည်။

"ဟလို…"

"သမီးလေး ဆရာကြီး ဖုန်းဆက်မေးနေတယ်၊ အိမ်မှာရှိလားတဲ့‥"

"မရှိဘူးလို့ ပြောလိုက်တာပဲမို့လား၊ ဘာလို့ မေးနေသေးလဲ"

"မဟုတ်ပါဘူး သမီးရယ်‥၊ ရှိတာ,မရှိတာကို သိချင်လို့ စုံစမ်းတာမျိုး မဟုတ်ဘူး၊ မိုးတွေ အရမ်းအုံ့နေတော့ မိုးကြီးတုန်း သမီး အပြင်ရောက်နေမှာစိုးလို့တဲ့၊ သမီး ထီးမကိုင်တတ်တာသိလို့ စိတ်ပူတာပါ၊ အခု ဘယ်မှာလဲဟင်‥၊ မိုးမချုပ်ခင် ပြန်ခဲ့လေ၊ တော်ကြာ မိုးတွေပါ ကြီးနေရင် ဒုက္ခရောက်ဦးမယ်"

"ကားနဲ့ပဲဥစ္စာ ဘာမှမဖြစ်ပါဘူး၊ ဒက်ဒီ မေးရင် သူငယ်ချင်း ယ်ကိုပြန်လို့ လိုက်ပို့ပေးတာလို့၊ မပူနဲ့လို့၊ မိုးနည်းနည်းချုပ်လဲ စိတ် မပူနဲ့လို့နော်‥"

သူငယ်ချင်းနှင့်လို့ ထည့်ပြောလိုက်တာက ရည်းစားနှင့်ချိန်းတွေ့ မဟုတ်မှန်း ဒက်ဒီ သိစေချင်တာပါ။ ဖုန်းချပစ်လိုက်ပြီး နောက်ဖုန်း င့် ကြိုင့် ကို ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟလို..."

ကြိုင် ချက်ချင်းပြန်ထူးတော့ မှော် ပြုံးလိုက်ကာ...

"ထွက်ပြေးတာလား ကြိုင်..၊ ဖုန်းမချလိုက်နဲ့နော်၊ ဟွန်း..."

တစ်ဖက်က အသံတိတ်နေတာကို နားစွင့်လိုက်ပြီးမှ မှော် က ကားကို အဝေးပြေးဂိတ်ဘက်သို့ ကွေ့ချိုးထားလိုက်ရင်း...

"ငါက အေးဂျင့်တစ်ယောက်တော့ မဟုတ်ဘူး၊ ဒါပေမယ့် နင် သွားမယ့်လမ်းကို ပိတ်ပြီး နင့်ခြေထောက်တွေကို ရိုက်ချိုးမလို့၊ အခု လာနေပြီ၊ ဘယ်လိုလဲ..၊ နင် လွတ်မယ်ထင်လား..."

"မှော်..."

"ပြော..."

"ငါလဲ ငါ့အမှန်တရားနဲ့ ငါပါ"

"ပြောကြည့်ပါဦး"

မှော် လက်တစ်ဖက်တည်းနှင့် ကားမောင်းရင်း၊ ဖုန်းပြောရင်း နာရီကိုလည်း ကြည့်သည်။ ဤသို့ လုပ်နေဆဲ လုပ်လတ္တံ့များနှင့် တစ်ချိန်တည်းမှာ ခြေ၊ လက်၊ နား၊ မျက်စိ အားလုံးကို တစ်ပြိုင်တည်း အလုပ်ပေးတတ်တာ မှော် ပဲ ဖြစ်လေသည်။

"ငါက သိပ်ချစ်ပြီး ငါ့ကို ချစ်နေတယ်လို့ထင်ရတဲ့ တစ်ယောက်က နင့်ကိုချစ်ပြီး ငါ့ကို ရင်နီးအောင် ကြိုးစားတာတဲ့"

မှော် နားထောင်ရင်း မျက်မှောင်ကြုတ်သွားသည်။ ဘယ်သူလဲ ဆိုသည့်မေးခွန်း ခေါင်းထဲမှာ ချက်ချင်း ဖြစ်သွားသည်။

"ငါ ပြောတာမဟုတ်ဘူးဆိုတာ ယုံလိုက်စမ်းပါ မှော်..၊ နင့်လို မိန်းမတစ်ယောက်က ဒီလောက်တော့ ပြန်ရသင့်ပါတယ်"

"တောက်!..."

မှော် တက်ခေါက်လိုက်မိ၏။





"ဆိုင်လို့လား..၊ အဲဒါ နင့်ရဲ့တစ်ဖက်သတ်..၊ ငါနဲ့ဘာဆိုင်လို့လဲ..၊ ကြိုင် ဒီကိစ္စ နင် ငါ့ကို သေချာရှင်းရမှာနော်၊ ကားပေါ်ရောက်နေရင် ခုဆင်းနေခဲ့၊ မဟုတ်ရင် အားလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်ကုန်လိမ့်မယ်"

"နင် အခု ကားမောင်းရင်း ဒေါသတွေဖြစ်နေတာမို့လား၊ ငါ့ဆီ မရောက်ခင် ရှုတ်ရှုတ်သဲသဲတွေ နင့်ဆီ ရောက်လာလိမ့်မယ်၊ ငါ့ကား က ဟိုင်းဝေးလမ်းပေါ်ရောက်နေပြီ၊ စိတ်လျှော့လိုက်တော့ မှော်..၊ ငါ နင့်ဖုန်းကို သုံးရက်အတွင်း ပြန်ပို့ပေးလိုက်မယ်"

မှော် ကားကို ဖြတ်လမ်းထဲကို ကွေ့ချိုးပစ်လိုက်သည်။ ထိုစဉ် မိုးစက်တွေ သေးငယ်မှုန်ဝါးသော အစက်အပေါက်လေးတွေအဖြစ် ခုန်ဆင်းကျလာ၏။ မှော် လီဗာကို ဖိနင်းပစ်လိုက်သည်။

အလင်းရောင်သည် အချိန်နှင့် မိုးရိပ်မိုးသားတို့၏ ဝါးမှုန်မှုကြောင့် မျက်တောင်ခတ်နေပြီ ဖြစ်၏။ အဝေးပြေးလမ်းမကြီးပေါ်မှာ အရှိန် ထပ်တင်လိုက်ပြီး မိုးစက်တွေ စိပ်လာတာကိုလည်း ဂရုမစိုက်ချင်..။ ရှေ့မှာ အဝေးကားဆိုလို့ တစ်စီးမှမမြင်ရဘဲဖြစ်နေလေ မခံချင်စိတ်တွေ က ဝုန်းဒိုင်းကြဲချင်လေ..။

မှော် ဝမ်းနည်းလို့ မျက်ရည်ကျတာ သိပ်မရှိခဲ့ပေမယ့် ဒေါသဖြစ် လွန်းလျှင် မျက်ရည်ကျသည်။ ပြင်းပြင်းထန်ထန် ခံစားပြီး မျိုသိပ်လိုက် ရပြီဆိုလည်း မျက်ရည်က ဒီတိုင်း..။

တစ်စစ အမှောင်ထု၏ ဝါးမျိုခြင်းနောက်မှာ အလင်းရောင် ချုပ် ငြိမ်းသွားတော့မှ မှော် အံကြိတ်၍ တက်ခေါက်၏။ ကျလာသည့် မျက်ရည်ကို လက်မောင်းနှင့် ဖြစ်သလို ပင့်သုတ်ပစ်လိုက်ပြီး ကားကို ပြန်လှည့်ဖို့ ဆုံးဖြတ်ကာ...

"ဒုတ်... ဒုတ်..."

ကားက ဘာဖြစ်သွားမှန်း မသိ..။ ညမှောင်မှောင်ထဲမှာ လမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ကန့်လန့်ဖြတ် ပိတ်ထားသလိုပုံစံနှင့် ကျောက်ချသွား၏။ ဘယ်လို ပြန်နှိုးလို့မှ မရတော့တာ သေချာလျှင် နာရီကိုငုံ့ကြည့်မိသည်။ ခုနစ်နာရီ မထိုးသေးပါ။ ဒါပေမယ့် တစ်လမ်းလုံး မှောင်နှင့်မည်းမည်းဖြစ်နေပြီ..။

အကျပ်အတည်းတွေ ဖြစ်လာတိုင်း ဒက်ဒီ့ကို သတိရမိသည်မို့ ဒရိုင်ဘာခေါ်ဖို့ သတိပေးထားသည်ကို တွေးမိပြီး ဒေါသပေါ်မှာ စိတ်ပျက်ခြင်းတွေ ထပ်ဆင့်ဖြစ်၏။ ယောကျ်ားလေးတွေကို ဒီလိုသဘောထားတာ အန္တရာယ်ရှိပါသည်လို့ ဒက်ဒီ သတိပေးနေတာကို နားမထောင်မိလို့လည်း အရှက်တကွဲ ဖြစ်ခဲ့ပြီးပြီ..။

ဒီတစ်ခါတော့ လမ်းမလယ်ခေါင်မှာ ဘယ်လိုလုပ်မလဲ..။

"တီ... တီ..."

ကားဟွန်းသံနှင့်အတူ မီးရောင်က ရှူးခနဲ ရောက်လာ၏။ Express ကားကြီးတစ်စီးက ကျယ်နေသေးသည့် တစ်ဖက်ခြမ်းကနေ ကတ်သတ်မောင်းထွက်သွားသဖြင့် မျက်နှာချင်းဆိုင်လာနေသော နောက်ကားတစ်စီးက မှော့် ကားဘေးမှာ ကျပ်၍ ရပ်စောင့်နေရသည်။

"တီ... တီ... တီ... တီ..."

ဟွန်းတွေ ဆက်တိုက် ဆောင့်တီးကာ မှော့် ဘက်က မှန်မချ မချင်း ခေါ်နေ၏။ မှန်ချကြည့်လိုက်တော့ မိုးစက်မှုန်လေးတွေ မှော့် ပခုံးသားလေးဆီ ပြေးဆော့သွားကြ၏။

"ဟော့... ကားကို ဘာလုပ်ထားတာလဲ.."

"ရပ်ထားတာ မမြင်ဘူးလား"

အံမာ..၊ လေသံက ကောင်းကင်မှာ လွင့်နေပါလား။ ဟိုဘက်မှာ ကပ်နေသည့် မိန်းကလေးကို သူ သေချာငုံ့ကြည့်လိုက်မိသည်။ ကားနှစ်စီး၏ မီးရောင်တွေနှင့် လက်ပြတ်ဝတ်ထားပုံပေါ်သော သူမ၏ ဖြူဝင်းနေသော လက်မောင်းလေးတစ်ဖက်ကိုတော့ မြင်ရသည်။





ပြီးတော့ ကော့စင်းနေသည့်နှာတံနှင့် မေးဖျားပုံလေးက ဖြူရိပ်ရိပ်လေး ထင်နေ၏။ ကားပျက်နေပြီဆိုတာ သူ သိလိုက်သည်။

ဒါပေမယ့် ကားပျက်နေတာကို ဒီတိုင်းနေလို့ ရမလား..၊ ဘာဖြစ်တာလဲ ဆင်းကြည့်ရင် ကြည့်..၊ မဟုတ်ရင်လည်း အကူအညီတောင်းဖို့ ကြိုးစားရမည်။

အဝေးပြေးလမ်းပေါ်မှာ ဒီတိုင်း ငုတ်တုတ်ထိုင်နေလို့ကတော့ သွားလာနေကြတဲ့ကားတွေက စေတနာမေတ္တာ ကြီးမားစွာ ရပ်တန့်ကူညီကြမှာ မဟုတ်ပေ..။ သူတောင် ကွေ့ရှောင်သွားမလို့ဟာ..၊ အရင်ဦးသွားသည့်ကားကြောင့် ဒီဘက်ကပ်ရပ်နေလိုက်တာ ဖြစ်သည်။

"တီ..."

သူ ဟွန်းထပ်တီးလိုက်တော့ သူမမျက်နှာလေး လှည့်လာ၏။ မသဲကွဲပေမယ့် ဆံပင်အလယ်ခွဲကို ဖားလျားချထားတာမှန်း ထပ်သိလိုက်၏။

"ကားပျက်နေတာလား..၊ ဘာဖြစ်တာလဲ.."

"မသိဘူး..၊ ရပ်သွားတာပဲ"

"ရပ်သွားတာက ဘာဖြစ်လို့ ကန့်လန့်ကြီး ဖြစ်နေတာလဲ"

"နောက်ပြန်လှည့်တာလေ..၊ လှည့်နေရင်းနဲ့ဖြစ်တာ၊ ရှင်က စပ်စပ်စုစုတွေမေးပြီး ဘာလုပ်မလို့လဲ"

"မေးမှ သိမှာမို့လို့ပေါ့ကွ၊ မင်းလဲ စိတ်မရှည်တတ်ဘဲနဲ့ အကူအညီလိုချင်လို့ ပြန်ဖြေနေရတာ မဟုတ်ဘူးလား"

မှော် နည်းနည်းတော့ စိတ်ဝင်စားသွားသည်။ ကိုယ် စိတ်မရှည်တတ်တာတောင် သူက သိနေပြန်သည်။ စကားသံအရဆို ဒီလူ မှော့်ထက်တော့ အသက်ကြီးနိုင်၏။

"ကားမှာ ဆီရှိရဲ့လား"

သူ့မေးသံ ကြားလိုက်ကာမှ သတိရသည်။ ဆီ သိပ်မရှိဘဲ ဖြေ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဒီနားဆိုပြီး မောင်းထွက်လာခဲ့တာ ဘယ်နှစ်မိုင်လောက် ပြေးခဲ့မိပြီ မသိ..။ ဒါဆို ဆီကုန်သွားတာ သေချာနေပြီပေါ့..။

"ဟော့... မေးတာ ဖြေလေ"

"အင်း... မရှိတော့ဘူး ထင်တယ်၊ မြို့ထဲမှာပဲဆိုပြီး ဆီကို သတိမထားမိခဲ့ဘူး"

"ရန်ကုန်က လာတာလား"

"အင်း..."

ခဏကြာတော့ သူ့ဘက်က တံခါးပွင့်လာသည်။ ခေါင်းစွပ်ပါသည့် ဂျာကင်အနက်နှင့် ဘောင်းဘီအနက်ကြောင့် မိုးစက်တွေနှင့် ညထဲမှာ သူ့မျက်နှာဖြူဖြူကိုပဲ မြင်ရ၏။ ခေါင်းပေါ်မှာ ခေါင်းစွပ်အုပ်လျက်..၊ ဓာတ်မီးကိုင်ထားလျက်ဖြစ်ကာ...

"ဆီပေါက် ဖွင့်ပေး..."

"ဒီဖယ်နော်"

သူ ဘာမှပြန်မပြောသဖြင့် မော် ဝမ်းသာသွား၏။ တကယ်ကို ကျေးဇူးတင်သွားမိတာ ဖြစ်သည်။ ကားတွေ မကြာခဏ ဖြတ်သွားကြတာ ရှိပေမယ့် မော် တို့ကို ခေါင်းပြူကြည့်ဖော်တောင် မရ..။

အကယ်၍ ကိုယ်လည်း မဆင်းရဲ..၊ သူတို့ကလည်း ကူညီဖို့ မစဉ်းစားဘူးဆိုလျှင် ဒီလမ်းပေါ်မှာ မော့် အဖြစ်က တွေးပင်မတွေးရဲ..။

နောက်ဆုံး အိမ်ကို ဖုန်းဆက်မည်ဆိုရင်တောင် နောက်ထပ် အနည်းဆုံး တစ်နာရီနီးပါးတော့ ကြာဦးမည်။

တစ်ယောက်တည်း ပင့်သက်လေးရှိုက်ရင်း သူ့ကားပေါ်မှာ တခြားလူမပါပါစေနှင့်လို့လည်း ဆုတောင်းမိ၏။ ပါသည်ဆိုလည်း မိန်းမပဲ ဖြစ်ပါစေ..။

ကိုယ်က တစ်ယောက်တည်းမို့ ခုကျမှ ဟိုတွေး ဒီတွေးနှင့်..။





"ဟိတ်!..."

"အမေ့!..."

ဘေးမှာ မျက်နှာဖွေးဖွေးကြီးပေါ်လာတော့ မော် သတိလက်လွတ် လန့်သွား၏။ သူက မော့် ကို စိုက်ကြည့်နေရင်း မျက်နှာကို ဓာတ်မီးနှင့် ဖမ်းထိုးပစ်လိုက်၏။

"အား...၊ ရှင်... ဘာလုပ်တာလဲ"

မော် လက်နှင့်ကာပြီး အော်ကာမှ တည့်တည့်ထိုးထားရာကနေ ဘေးကို ဖယ်လိုက်၍...

"မင်း တစ်ယောက်တည်းလား"

မော် ဒေါသထွက်သွား၏။ မျက်လုံးထဲမှာ ခုထိ ကျိန်းနေတုန်း..။

ဒီလောက်တောင် ရိုင်းစိုင်းရသလား..ဟု စိတ်တိုတိုနှင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်သော မော့် မျက်နှာကို လွှဲထားသည့် ဓာတ်မီးအလင်းရောင်နှင့် သူက စူးစိုက်ကြည့်ကာ...

"မင်းက တော်တော်လှတာပဲ၊ ကားပေါ်မှာ မဟုတ်ဘဲ လမ်းဘေးမှာ ရပ်နေရင်း ကားတားရင် မင်းကို ဥစ္စာစောင့်ထင်ပြီး ဘယ်သူမှ ရပ်ပေးမှာ မဟုတ်ဘူး"

"အဲဒီတော့ ဘာဖြစ်လဲ..၊ ကျွန်မ လှတာ ရှင်ပြောမှ မဟုတ်ဘူး၊ ဆီဖိုး ဘယ်လောက်ပေးရမလဲ ပြော..."

သူက မိုးစက်တွေကို မေ့သွားတာလား..၊ တမင်တကာလား မသိ။ ခေါင်းဆောင်းထားသည်ကို ဖယ်ချပစ်လိုက်ပြီး ပြုံးသည်။

"နောက်ကို မှတ်ထား..၊ ယောကျ်ားတစ်ယောက်ကို တစ်ခုခု ပေးရဖို့ရှိရင် 'ဘာ' 'ဘယ်'ဆိုတဲ့ ကန့်သတ်မယ့်ပမာဏတွေနဲ့ စိန်ခေါ် သလို မမေးရဘူး၊ သူ့ဘာသာ လိုချင်တာကို ပြန်တောင်းရင် မင်း ပေးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



မှော့် မျက်နှာလေးမှာ ပါးပြင်လေးတွေ ပန်းရောင်သမ်းသွား၏။ သူက မှော့် ကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေသည်မို့..။

"ဆီဖိုး ဘယ်လောက်လဲ မေးတာကို ဘယ်လိုပြင်ဆင်ပြီး မေးရမလဲ၊ ရှင် ဘယ်နှစ်ဂါလံ ထည့်လိုက်သလဲမှ ကျွန်မ မသိတာ..."

သူက ပြုံးနေသည့်မျက်နှာနှင့် ကြည့်လျက်ကြည့်ဆဲ ဖြစ်၏။ ယောကျ်ားပီသသည့်မျက်နှာမျိုး ဖြစ်ပေမယ့် မေးရိုးကားတာက သိသာသည်။ ထူပြည့်သည့် နှုတ်ခမ်းသားတို့က အညိုရောင်သမ်း၏။

ပြီးတော့ ထူလွန်းသည့် မျက်ခုံးတန်းတို့က နှာတံထိပ်ဖျားမှာ ထိစပ်လျက်ရှိလေသည်။ အသားသာ မဖြူခဲ့လျှင် အကျည်းတန်စာရင်းထဲမှာ ရှိနိုင်၏။ အရောင်ထွက်နေသလား ထင်ရလောက်အောင် စူးရှသည့် မျက်ဝန်းတွေက မုန်းစရာအကောင်းဆုံး..။

တော်တော် အကြည့်ရိုင်းတဲ့လူ..။ မှော့် မျက်စောင်းနှင့်စိုက်ကြည့်တော့ သူက မျက်တောင်ခတ်လိုက်သလို မျက်ဝန်းတွေ တစ်ချက်လှုပ်ရှားသွားကာ...

"မင်းနာမည် ဘယ်လိုခေါ်သလဲ..."

"ဟွန်း..."

မှော့် က မဲ့ပစ်လိုက်ကာ တံခါးမှန်တင်ဖို့ ပြင်လိုက်လျှင် သူက အပြင်ကနေ မှော့် လက်ကို လှမ်းပုတ်လိုက်ပြီး...

"အဲဒါပြောပြီးရင် ရပြီ၊ ဒါတစ်ခုပဲ"

ဟု ထပ်ပြော၏။ မှော့် မျက်နှာမလှည့်တော့ဘဲ မျက်စောင်းထိုးသလို ငဲ့စောင်းကြည့်ကာ...

"တော်သေးတာပေါ့..၊ ကျေးဇူးရှင်လို့ သတ်မှတ်တော့မလို့.."

"နာမည်မေးတာနဲ့ မတင်တော့ဘူးလား"

"မတင်ဘူး..၊ ဒီလိုနည်းနဲ့ ကျွန်မနားကို ချဉ်းကပ်ဖို့ ကြိုးစားတဲ့





ယောကျ်ားလေးတွေ ရိုက်သတ်လို့ မကုန်ဘူး"

"ယုံတယ်"

"ရှင်လဲ မိန်းကလေးမြင်တာနဲ့ ကားပေါ်ကဆင်းလာပြီး ကျေးဇူးတွေရအောင် ယူနေတာလေ"

"မိန်းကလေးမို့လို့ ကူညီတာ မှန်ပါတယ်၊ ဒါပေမယ့် မင်းပြောသလိုကြီး မဟုတ်ဘူးကွ..၊ မင်းနေရာမှာ ယောကျ်ားလေးဆိုရင် ဒီအခက်အခဲမျိုးက ဘဝပျက်မသွားနိုင်ဘူးလေ၊ မိန်းကလေးမှန်းသိလို့ ကိုယ် ဆင်းလာခဲ့တာ..."

သူ ပြောပုံက မှော့် မှိုချိုးမျှစ်ချိုး ဝေဖန်လိုက်တာကို စိတ်ဆိုးတာ မဟုတ်ဘဲ သူ့သဘောကို ရှင်းပြသွားတာမျိုး..။ ပြီးတော့ တံခါးမှာ ထိကပ်ထားသည့် သူ့လက်တွေကိုဖယ်၍ ကိုယ်ကိုမတ်မတ်ရပ်လိုက်ပြီး...

"မင်း အဆင်ပြေရင် သွားလို့ရပါပြီ"

စူတင်းနေသည့် မှော့် မျက်နှာလေး အနည်းငယ် ပြေကျသွားပြီး သူ့ကို ကြည့်သည်။ မိုးစက်တွေဆိုပေမယ့် ဆံပင်ဖျားတွေ အိဆင်းနေတဲ့အထိ မျက်နှာမှာပါ စိုရွှဲနေပြီဖြစ်၏။ စေတနာဆိုတာကိုတော့ အသိအမှတ်ပြုရမှာပါ..။

"ဆောရီး..၊ ကျွန်မနာမည်က မှော်..."

"မှော်..."

သူ မျက်မှောင်ကြုတ်သွားပြီး ရေရွတ်လိုက်တာကို သရော်သလို ကြည့်လိုက်ရင်း မှော် ကားထွက်လိုက်၏။

"ဦးသုဝေ ရဲ့သမီးလား"

"ဟင်!..."

ထွက်လိုက်ပြီးမှ တုံ့ခနဲ ပြန်ရပ်တော့ ကားက ရှေ့နောက် တုန်ခါသွား၏။ မှော် ဖျတ်ခနဲ ပြန်ကြည့်ကာ..



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဒက်ဒီကို သိတယ်"

သူက ရေစိုနေသည့်ဆံပင်တွေကို မျက်နှာတစ်ဖက်လှည့် ခါပစ်နေရင်း ရယ်၏။ ဘာတွေ သဘောကျစရာပါလို့လဲ‥။

"ပြောစမ်းပါ‥၊ ရှင်က ဒက်ဒီကို သိနေတော့ ဒက်ဒီမိတ်ဆွေလား၊ ဘယ်သူလဲ…"

သူက ရယ်မြူးရိပ်မစင်သေးသည့်မျက်နှာနှင့် မှော့် ဘက်ကို ပြန်လှည့်လာပြီး…

"ကိုယ့်နာမည်က မင်းနေရာ မှတ်ထားပေါ့၊ ဒီကနေ မိုင်ဝက်လောက် ရှေ့ဆက်သွားရင် တွေ့တဲ့လမ်းသွယ်ထဲကို ဝင်တာနဲ့ ကိုယ့်ခြံကို ရောက်တယ်"

မှော့် မျက်နှာလေး တင်းခနဲ ဖြစ်သွား၏။

"ရှင့်အိမ်ကို ဘယ်သူက လာမယ်ပြောနေလို့လဲ"

သူက ဟက်ခနဲ ရယ်၍…

"ဟုတ်လား‥၊ မလာရင်လဲ နောက်ထပ်တစ်ခါ ဒီနေရာမှာများ ဒီလိုထပ်ဖြစ်ခဲ့ရင် ဝင်လာပြီး အကူအညီတောင်းလို့ ရတာပေါ့"

"ဟွန်း…"

"ဒါပေမယ့် ကိုယ်က ဆန်းဒေးတစ်ရက်ပဲ ရှိတာ"

မှော် က ကားမောင်းထွက်လိုက်ရင်း မျက်နှာမဲ့ပြီး ပြန်ကြည့်ကာ…

"အိမ်ကို မြန်မြန်ရောက်အောင် ပြန်‥၊ စိတ်ကူးတွေနဲ့ ပိပြားပြီး အဲဒီနားမှာတင် လဲနေလိမ့်မယ်"

သူ ခါးထောက်ရပ်ကျန်ခဲ့သောပုံရိပ်ကို မှန်ထဲကနေ မြင်နေရရင်း မှော် စိတ်တွေ တိုနေမိသည်။ လူကောင်းသူကောင်းမှန်း သိပေမယ့် စကားပြောပုံက ကျေးဇူးတင်ဖို့မှ မကောင်းတာ‥။ ကားပျက်တာနှင့် စကားများရတာတွေကြောင့် အိမ်ပြန်ဖို့ သိရတော့မှ နာရီပြန်ကြည့်မိ၏။





ခုလောက်ဆို ဒက်ဒီ ဒေါသတွေ ဖြစ်နေလောက်ပြီ‥။

မိုးက မှန်မှန်လေး ရွာနေသဖြင့် နောက်ထပ် လမ်းမဆုံးသေးခင် ကားတစ်ခုခု ထပ်မဖြစ်ဖို့ကိုပဲ ဆုတောင်းနေမိ၏။

ရင်တွေ ပူလာခဲ့တာ လမ်းထဲကို ကားဝင်လာမှပဲ သက်ပြင်းချနိုင်တော့သည်။ ထိုစဉ် ဖုန်းထဲကနေ မက်ဆေ့ချ်ဝင်လာသည့်အသံလေး ထွက်လာသဖြင့် ခြံနားမှာ ကားရပ်ပြီး ဖွင့်ကြည့်လိုက်သည်။

**Good Night Hmaw.**

ဘယ်သူလဲ‥။

မှော် ခါးလေးမတ်သွား၏။ စာကို သေချာပြန်ဖတ်နေရင်း မင်းနေရာ ဆိုသည့်လူကို သတိရလိုက်သည်။ ညဘက်ဆို မှော် ဖုန်းပြောတတ်တဲ့အကျင့် မရှိပေ။ မက်ဆေ့ချ်ပို့ရအောင်လည်း ဖုန်းတွေ ထည့်လဲကိုင်နေပေမယ့် အများသိတာက ဖုန်းတစ်လုံးပဲ ဖြစ်၏။

ဒီဖုန်းကို ဒက်ဒီ လဲပေးထားတာ မကြာသေးပေ။ ကြိုင် တောင်မှ ဒီဖုန်းနံပါတ်ကို မသိသေးလို့ ဒီနေ့ ထွက်မသွားခင် စကားပြောလိုက်နိုင်တာ ဖြစ်သည်။

မင်းနေရာ ဆိုတဲ့လူ ဒီဖုန်းနံပါတ်ကို ဘယ်လိုသိတာလဲ‥။ သူပဲ ဖြစ်နိုင်တာမို့ မချင့်မရဲစိတ်နှင့် တနုံ့နုံ့ ဖြစ်နေမိ၏။ ခြံရှေ့ရောက်မှ မက်ဆေ့ချ်ဝင်လာတာမို့ မှော် ပြန်ရောက်ပြီဆိုတာကို သူ ဘာဖြစ်လို့ သိနေတာလဲ‥။

ကျေးဇူးတင်ခဲ့မိသည့်စိတ်တွေ ပျောက်ရှကုန်၏။ အလကား ယောက်ျားတွေ‥၊ ဒါပဲ‥။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၀ ]

ပန်းသွေးရင့်ရင့် ရှပ်ကော်လံလက်ရှည်၊ ခါးရှည်ကို ခါးပတ်နက်လေးနှင့် ဝတ်ထား၏။ အနီရောင် ဘေးစင်းပါသော ဘောင်းဘီရှည် အနက်က အကျပ်လည်း မဟုတ်၊ အပွလည်း မဟုတ်။

ကြိုးရှည်နှင့် အနီအနက်ကွက် ဘေးအိတ်လေးကို စလွယ်သိုင်းလျက် သူမ ကားပေါ်က ဆင်းလိုက်ကတည်းက ပတ်ဝန်းကျင် လှုပ်ရှားမှုမှန်သမျှ ဖျတ်ခနဲ ငြိမ်သက်ကုန်သည်။

ယောက်ျားတွေစီးသော အနက်ရောင်ပြောင်နေသည့် ရှူးဖိနပ်မျိုးကိုစီးကာ ကားပါကင်ကနေ ရူပါမားကက်ထဲ လှမ်းဝင်သွားတဲ့အထိ စူးနစ်မျှောပါသွားသည့် မျက်လုံးတွေဟာ သူမ ပျောက်ကွယ်သွားတာတောင် အားမလိုအားမရ ကျန်ခဲ့ကြပြီ..။

"တကယ်... တကယ်... မတွေ့ဖူးဘူး"

"သူ့ကိုမြင်လိုက်တာနဲ့ သူ့ခြေလှမ်းတွေနောက် ပါသွားသလိုပဲ"

"လှမ်းပုံသွားပုံကိုက တကယ့်အလန်းပဲ၊ ကားတွေ ထည်လဲစီးတာနော်၊ ဝတ်ထားလိုက်တာလဲ လွယ်တဲ့အိတ်တွေနဲ့ တစ်ကိုယ်လုံး ဝမ်းဆက်"

ပါကင်မှာ နေရာမကျသေးသည့် ပါဂျရိုးကားထဲက လူငယ်နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်သည်။





ထိုနေရာမှာ တက္ကစီသမားတွေရော၊ သစ်ပင်ရိပ်မှာ ထိုင်နေ..၊ ရပ်နေသူတွေရော အများကြီးရှိ၏။ အားလုံး ပြောနေကြတာ သူမ အကြောင်း..။

"နာမည်ကြီး မော်ဒယ်တစ်ယောက်လို စပွန်ဆာကောင်းကောင်း ရှိသလားမှ မသိတာ၊ ခုခေတ်မှာ အရမ်းလှနေတဲ့ မိန်းကလေးတိုင်းကို အထင်ကြီးလို့ မရဘူး၊ အထူးသဖြင့် နာမည်ကျော်ကြားစပြုလာတဲ့ မော်ဒယ်တချို့..."

"သူက မော်ဒယ် မဟုတ်ပါဘူး၊ သူ့အဖေက ကုန်သည်ကြီးများ အသင်းကလား ဘာလား မသိဘူး၊ ဟဲဗီးဝိတ်ပဲ၊ အရမ်းချမ်းသာတာ၊ အိမ်ကို ငါ တစ်ခါ လိုက်ပို့ဖူးတယ်"

လူငယ်နှစ်ယောက် ကားပေါ်က ဆင်းသည်။ ကြားရသမျှကို နားစိုက်ထောင်ရင်း မားကက်ထဲကို ဝင်ဖို့ ခြေလှမ်း စတင်၏။

တစ်ယောက်က မှော် ကားကို နောက်ပြန်ကြည့်ပြီးမှ...

"သူ့ကား ဟုတ်ရဲ့လား..၊ ကားတွေ အမျိုးမျိုးစီးနေတာဆို..."

"ဟုတ်ပါတယ်..၊ အဲဒါ အမျိုးမျိုးသော ကားတွေထဲက တစ်စီး..၊ ဟိုလူတွေ ပြောနေကြတာ မကြားဘူးလား၊ သွားလေရာမှာ သတင်းဖြစ်ကျန်ခဲ့တာ မှော် ဆိုတဲ့ မိန်းမတစ်ယောက်ပဲ ရှိကယ်"

"ဆိုးဆိုးရွားရွားတော့ မပါပါဘူး"

"သူတို့က လှတာပဲ မြင်တာကိုး.."

ရူပါမားကက်ထဲမှာ ဒုတိယထပ်ရောက်တာနှင့် ပန်းရင့်ရောင်လင်းနေသည့် မှော် ကို သူတို့မြင်လိုက်ရ၏။ မျက်မှန်ဆိုင်ရှေ့မှ ရှိုးကေ့စ်ပေါ်မှာ လက်တစ်ဖက်ထောက်၍ မျက်မှန်ကို ငုံ့ကြည့်နေတော့ အလယ်ခွဲမကျတကျ ဖြန့်ချထားသည့်ဆံပင်က တစ်ခြမ်းစောင်း ဖြာဆင်းနေကာ ဒီဘက်က ဆံပင်ကို နားတစ်ဖက်နောက်မှာ ဖြစ်သလိုညှပ်ထည့်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ကော့ညွတ်ယှက်ဖြာနေသော မျက်တောင်များတို့နှင့် ပန်းနုရောင် နုထွေးနေသည့် နှုတ်ခမ်းသားတို့သည် ဘေးတစောင်း ဖျတ်ခနဲ မြင် လိုက်တာပေမယ့် မျက်နှာ ချက်ချင်း ပြန်လွှဲပစ်လို့မရအောင် ညှို့သည်။ ထိုစဉ် အနက်ရောင်မျက်မှန်တစ်လက်ကို တပ်ပစ်လိုက်တော့ အကျီ ရောင်ဟပ်သွားသည့် အနီရိပ်သမ်းသောမျက်မှန်ကြောင့် ပိုလှသွားသည်။

"လှပြီးသားပါကွာ..၊ ဒီနားမှာ ရှိသမျှလူတွေ ခလုတ်တိုက်ကုန် ပါ့မယ်"

မျက်မှန်ချွတ်လိုက်ပြီး သူမမျက်နှာ လှည့်လာသည်။ မျက်တောင် နှစ်ချက်လောက်ခတ်ပြီး စိုက်ကြည့်လိုက်သည့်ပုံက ဘယ်သူဘယ်ဝါ မှန်း မမှတ်မိတာမျိုး..။ တစ်ဖက်ကလူ နှုတ်ခမ်းမှာ နာကြည်းခံပြင်း သော အပြုံးတစ်ချက် ထင်ကာ...

"ကိုယ့်နာမည်ကို မှတ်မိပြီး မင်း ခေါ်ခဲ့တဲ့အတိုင်း တစ်ခွန်း လောက် ခေါ်နိုင်ရင် ကိုယ် ခု လှည့်ပြန်သွားပါ့မယ်"

"အင်း... ပြန်တော့ ပြန်စေချင်ပေမယ့် ကျွန်မ မမှတ်မိတော့ဘူး၊ စိတ်မကောင်းစရာပဲ"

မှော် မျက်မှန်တစ်လက် ဝယ်သည်။ ပြီးတော့ အင်္ကျီဆိုင်၊ ပြီးတော့ ဖိနပ်ဆိုင်၊ ငဲ့ကြည့်လိုက်တိုင်း ဘေးမှာ အရိပ်ထင်နေသဖြင့် လမ်း ထောင့်ချိုးကိုမရောက်ခင် မျက်နှာချင်းဆိုင်ရပ်၍...

"ဘယ်ထိ လိုက်မလို့လဲ"

"မင်း စဉ်းစားလို့ရတဲ့အချိန်ထိ"

"ဘယ်သူက စဉ်းစားနေလို့လဲ၊ ကျန်ခဲ့တဲ့စာရင်းထဲက နာမည်တွေ ကို မှတ်မိဖို့၊ စဉ်းစားဖို့ လုံးဝ စိတ်မဝင်စားဘူး၊ ခေါင်းထဲမှာ delete လုပ်လိုက်ပြီးရင် ဘာမှမရှိတော့ဘူး၊ ရှင်းတယ်နော်"

"နေပါဦး"





ခြေလှမ်းပြင်လိုက်တာ..င် မှော့် ခြေထောက်အတိုင်း တစ်ထပ် တည်း ရွေ့၍ တားဆီးကာ..

"မင်းဖားသားကြီးဆိ ..ပို့လိုက်တဲ့အတွက် တောင်းပန်ချင်လို့ပါ၊ အဲဒီထဲမှာ ကိုယ့်နာမည်ကို ထည့်ပေးလိုက်ပေမယ့် ကိုယ် မင်းကို..."

"မလိုပါဘူး၊ ဒက်ဒီနဲ့ကျွန်မက သားအဖပေမယ့် မောင်နှမတွေ လိုပဲ၊ ပြဿနာမရှိဘူး"

"စိတ်ဆိုးလိုက်ပါ မှော်..၊ မင်းတုံ့ပြန်ရင် ကိုယ် ဘယ်လို တောင်း ပန်ရ တောင်းပန်ရပါ၊ မင်း ခုလို ဘာမှမခံစားတတ်တဲ့ပုံနဲ့ တုံ့ပြန်တာ မမိုက်ဘူးကွာ၊ တကယ်..."

မှော် က ဘေးမှာ မတ်တတ် မတ်တတ်နှင့် နှုတ်ဆိတ်နေသည့် တစ်ယောက်ကိုပါ လှမ်းကြည့်ကာ...

"ဒါဆို တစ်ယောက်တစ်ချက်စီ ပါးရိုက်ပေးလိုက်မယ်၊ ပြန် မလား"

"ဟာ!... ကျွန်တော် မပါပါဘူး"

ထိုတစ်ယောက်က ပြောပြီး နောက်ကို ခြေနှစ်လှမ်းဆုတ်သွား၏။ မှော် က သူ့ကိုပဲကြည့်ကာ...

"ရှင်တို့ အရူးပဲ..၊ ကိုယ့်ကို အရူးလုပ်နေမှန်းသိရက်သားနဲ့ အရူးလိုပဲ၊ ပြီးတော့ မိန်းမရှိင်းဆိုပြီး ခေါင်းစဉ်တပ်လိုက်သေးတယ်"

"အဲဒါတွေ ကိုယ် နောက်မှသိရတာ..."

"ထားလိုက်စမ်းပါ၊ မိန်းမရှိင်းဆိုဆို၊ ဘီလူးမပဲပြောပြော မှော် ဆိုတဲ့မိန်းမက ခံစားရရင်လဲ မျက်တောင်တစ်ခတ်ပဲ၊ ဂရုစိုက်တတ်တဲ့ အကျင့် မွေးကတည်းက မပါတာ.."

"မှော်..."

ခြေလှမ်းရွေ့လိုက်တာနှင့် သူက ဖျတ်ခနဲ ပိတ်ရပ်၏။



www.burmeseclassic.com

www.burmeseclassic.com



မော် သူ့ရင်ဘတ်ကို တွန်းချပစ်လိုက်သည်။ ဒယိမ်းဒယိုင် ကျန်ခဲ့ပြီးမှ အတင်းပြန်လိုက်လာရင်း…

"ရုပ်ပျက်ဆင်းပျက် မလုပ်ပါနဲ့"

အရုပ်တွေရောင်းသည့်ကြားထဲကနေ ချစ်ဖူး ထွက်လာ၏။ မော်နှင့် ထိုသူ့ကြားထဲမှာ ဝင်ရပ်လိုက်သဖြင့် မော် ပြန်ကြည့်လိုက်စဉ် အိတ်ထဲက ဖုန်းမြည်လာသည်။

"ဟလို…"

"…………"

"ဒီနေ့ မအားဘူး"

"…………"

"ဒီမှာတောင် ရှင်းလို့မပြီးသေးဘူး"

"…………"

"ဟုတ်တယ်..၊ ဒီရက်ပိုင်းမှာ ရှင်းဖယားတွေချည်းပဲဖြစ်မှာ၊ ရှင်ရောပဲ…"

ချစ်ဖူး နားစွင့်နေပြီးမှ လှည့်ကြည့်သည်။ မော် က ဖုန်းပြန်ထည့်လိုက်ပြီး ချာခနဲ လှည့်ထွက်သွား၏။ အနီးဆုံးမှာရှိနေသော အရောင်းကောင်တာက မိန်းကလေးတချို့ မျက်လုံးအဝိုင်းသားနှင့် ဟိုကြည့် ဒီကြည့် ဖြစ်ကုန်ကြသည်။

ဟိုဘက်က နှစ်ယောက်လား..၊ အလယ်က တစ်ယောက်လား၊ ဒါမှမဟုတ် ဖုန်းထဲက တစ်စုံတစ်ယောက်လား..။ အချစ်တွေ မကုန်နိုင် မခန်းနိုင် ပေါကြွယ်ဝသော သူမကိုယ်သူမ 'မော်' လို့ ထည့်ပြောသွားသော မော်ဆန်အောင်လှနေသည့် သူမသည်…





## အခန်း [ ၀၂ ]

"သမီးရေ လွယ်အိတ်ထဲက ဖုန်းမြည်နေတယ်"

"ယူခဲ့ပေးပါ မေချို"

မော် ကွန်ပျူတာရှေ့ကနေ ဖုန်းလှမ်းတောင်းသည်။ မေချို ရောက်လာတော့ ကွန်ပျူတာမှာ ပေါ်နေသည့် အမေရိကန်ကောင်လေးတစ်ယောက်ကို တအံ့တသြကြည့်လျက်…

"ဟိုမှာလဲ တစ်ယောက်…"

လို့ လက်ညှိုးထိုး၍ လေသံသဲ့သဲ့နှင့် ပြောသည်။ မော် က ရယ်လိုက်ပြီး ကလစ်တစ်ချက်နှိပ်၍ ဒီဘက်လှည့်သည်။ ထိုလူငယ် ပျောက်သွားမှ မေချို တံတွေးမျိုချလိုက်ပြီး ဖုန်းကို လှမ်းပေးကာ…

"ချစ်ဖူး တဲ့.."

မော် က ခေါင်းညိတ်၍ ဖုန်းကို ယူလိုက်သည်။ ဖုန်းနံပါတ်ကို နာမည်နှင့်ပဲ မှတ်ထားတာမို့ ဝင်လာတော့ ချစ်ဖူး နာမည်ကို မေချို ဖတ်ကြည့်လိုက်တာ ဖြစ်သည်။

"ဟလို…"

"မော်…"

"ပြောလေ…"



www.burmeseclassic.com

www.burmeseclassic.com



"မားကက်ထဲမှာ ကိုယ်နဲ့ ဟိုနှစ်ယောက် ဘာဖြစ်ကျန်ခဲ့လဲဆိုတာ နည်းနည်း စိတ်ဝင်စားကြည့်ပါလား"

"အဲဒီမှာတုန်းက ဝင်စားပါတယ်၊ ကားပေါ်ရောက်တော့ မေ့သွားလို့"

"သြော်..."

"အခုရော သိချင်လား"

"ရှင့်ကို ကျေးဇူးတင်ပါတယ်လို့ ပြောစေချင်လို့လား ချစ်ဖူး"

"တစ်ခုခုတော့ လိုချင်တယ်၊ ဒါပေမယ့် ကျေးဇူး မဟုတ်ဘူး၊ မှော့် ကို နောက်ထပ်တစ်စုံတစ်ရာကြောင့် စိတ်ထိခိုက်တာမျိုး မဖြစ်စေချင်လို့ ဝင်ပါလိုက်တာပါ၊ ဒါလဲ ကျေးဇူးတင်ခံချင်လို့ မဟုတ်ဘူး"

"ဒါဆိုလဲ ကျွန်မ ကျေးဇူးမတင်တော့ဘူးနော်၊ နောက်ပြီး ကျွန်မက ကြာကြာ စိတ်မထိခိုက်တတ်ဘူး"

"ဟုတ်ပါပြီ..၊ မင်း ဘယ်လို ပက်ပက်စက်စက်ပြောပြော ကိုယ်က နာကျင်ခံစားပြီး လှည့်ပြန်သွားမယ့်လူ မဟုတ်တော့ ပြဿနာ မရှိပါဘူး"

"သြော် ဟုတ်လား..."

မှော် ဒီဘက်မှာ မဲ့ရွဲ့သွားတာကို သူက ဘာတွေ သဘောကျသွားသည်မသိဘဲ ရယ်သံထွက်လာ၏။

"တကယ်ပါ..၊ ကိုယ် မင်းကို စိတ်ဝင်စားခဲ့တာ မင်းရဲ့စိတ်ဓာတ်နဲ့ အရမ်းလှနေတာကိုပဲ၊ ရည်းစားဖြစ်ဖို့အတွက် မဟုတ်ဘူး"

"ဒါကိုတော့ ကျေးဇူးတင်ချင်သလိုလိုပဲ"

"ဂုဏ်ယူစရာပေါ့၊ ဒါနဲ့ တစ်ခုလောက် မေးခွင့်ရှိမလား"

"မေးကြည့်..."

"အရှင်းဇယားတွေ လုပ်နေတယ်လို့ ကြားတယ်၊ အခု ဖြတ်နေ





တာလား၊ ဆက်နေတာလား"

"အဲဒါတွေ ရှင် စိတ်မဝင်စားနဲ့လေ"

"မင်းနဲ့ပတ်သက်တာ အကုန် သိချင်တယ်"

"သိချင်တဲ့လူ မေးလာတိုင်း ဖြေနေရအောင် ကျွန်မက..."

"မင်းကို ခုလိုပုံစံနဲ့ မမြင်ချင်ဘူး မှော်..၊ တကယ့်စေတနာနဲ့ပါ"

"ကျွန်မက မိဘကထားတဲ့ စေတနာကိုတောင် ဂရုစိုက်ခဲ့တာ မဟုတ်ဘူး၊ ရှင် စိတ်ပင်ပန်းလိမ့်မယ်၊ ဒါပဲ ဘိုင်..."

မှော် ဖုန်းချထားလိုက်ပြီး ကွန်ပျူတာရှေ့က ထရပ်လိုက်လျှင်...

"ဒက်ဒီ..."

ဦးသုဝေ က တံခါးဝမှာရပ်နေလျက် မှော် နှင့် မျက်နှာချင်းဆိုင်ကို လှျောက်လာ၏။

"ဒါ တကယ်ပြောတာလား သမီး"

မှော် မျက်နှာပျက်သွားသည်။

"အချိန်တိုင်း၊ လာသမျှ ဖုန်းတိုင်း ယောကျ်ားလေးတွေဆီက ဖြစ်နေတတ်တာကို နည်းနည်းပါးပါးတော့ ဆင်ခြင်နိုင်းဖို့လိုပြီထင်လို့ ဒက်ဒီ ဝင်လာတာ"

မှော် ခေါင်းငုံ့တာမဟုတ်ဘဲ မျက်လွှာချပြီး ဒီတိုင်း ရပ်နေ၏။

"ပြန်ပြောပါဦး..၊ ဒက်ဒီ့စေတနာကို သမီးက တကယ်ပဲ ရင်ထဲ မထည့်ခဲ့ဘူးလား"

"မဟုတ်ပါဘူး"

ဦးသုဝေ မျက်နှာ အနည်းငယ် ကြည်လင်သွား၏။ မှော် က မျက်လွှာပင့်လာပြီးမှ ဦးသုဝေ ကို မကြည့်ဘဲ...

"သမီး ဆင်ခြင်ဖို့ ဆုံးဖြတ်ထားပါတယ် ဒက်ဒီ၊ ပြီးတော့..."

"ပြီးတော့ ပြောလေ..၊ သမီး ဘာပြောချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို အိမ်ထောင်ချပေးဖို့ မစီစဉ်ပါနဲ့"

ဦးသုဝေ ၏ ဝင်းကြည်နေသည့်မျက်နှာ ညို့ခနဲ တစ်ချက်ဖြစ်၏။ ထို့နောက် နူးညံ့ရိဝေသော မျက်ဝန်းများနှင့် မှော့် မျက်နှာလေးကို ကြည့်၍…

"ဒက်ဒီ စီစဉ်ပြီးသွားပြီ"

ဟု ပြောရင်း မှော့် ဘေးကိုလာကာ နဖူးဆံစလေးတွေကို တယုတယ ပွတ်သပ်၏။

"ဒက်ဒီ သမီးလေးကို ချစ်လွန်းလို့ပါ၊ သမီး ဘယ်လောက်လှသလဲဆိုတဲ့ ဂုဏ်သတင်းတွေ ကြီးနေလေ စိတ်မချလေ‥၊ ပြီးတော့ သမီး လမ်းမှားကိုလျှောက်ခဲ့တဲ့ အစွန်းအထင်းတွေ…"

"သမီး ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်တယ် ဒက်ဒီ၊ မလိုလားတဲ့သူတွေ ဘယ်လိုပြောပြော…"

"ပြောချင်သလို ပြောနေကြတာကို ဂရုမစိုက်လို့ မရဘူး သမီး၊ ပန်းရဲ့သဘာဝဟာ နွယ်ပင်တွေမှာတွယ်တွယ်၊ ပင်ယံထက်မှာပဲရှိရှိ လူအန္တရာယ်၊ သဘာဝအန္တရာယ်၊ အမျိုးမျိုးသော ရိုက်ခတ်မှုတွေနဲ့ ကြွေကျပျက်စီးနိုင်တယ်၊ မိန်းကလေးတစ်ယောက်အတွက် ပတ်ဝန်းကျင်ဆိုတာ လိုအပ်ချက်တစ်ခုအဖြစ် ရှိဖို့မလိုသလို စွန့်ပစ်စာရင်းထဲကို ထည့်ခေါက်ထားလိုက်လို့လဲ မရဘူး၊ နိမ့်တဲ့ဘဝ၊ မြင့်တဲ့ဘဝ ဘယ်လိုဘဝမျိုးမှာဖြစ်ဖြစ် ပတ်ဝန်းကျင်ဆိုတာ ရှိတယ်"

"သမီးက ရည်းစားထားခဲ့တဲ့အပြစ်နဲ့ ကိုယ် မနှစ်သက်တဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ရတော့မှာလား ဒက်ဒီ၊ ဒက်ဒီပဲ မှားနေမှန်းသိရင် မှန်အောင် ပြင်လို့ရတယ်ဆို…"

"ပြင်လို့မရတဲ့အမှားဆိုတာ မရှိပေမယ့် ပြင်ရာဖျက်ရာဆိုတာကို မျှောက်ပစ်လို့မရဘူး သမီး၊ ဘဝအမှားကို ပြင်ဆင်တဲ့အခါ အမှန်ကို





ပြန်ရချင်မှရမယ်၊ ပြင်ဆင်ချက်ရှိထားတဲ့ အမှန်တရားက ရေပြင်မှာထင်နေတဲ့ လရိပ်လိုပေါ့၊ ပုံသဏ္ဍာန်အမှန်အတိုင်း ရပ်တည်နေနိုင်ခွင့်ရဖို့ ခဲယဉ်းမှာပဲ၊ လှိုင်းကြက်ခွပ်တွေဖြစ်တိုင်း အမျိုးမျိုး ပြောင်းလဲ လှုပ်ရှားနေရတဲ့ အဖြစ်မျိုး…"

ဦးသုဝေ က မှော့် နှုတ်ခမ်းလေးတွေ စေ့ပိတ်ထားတာကို ကြည့်ပြီး သက်ပြင်းချသည်။

"သမီး မှားယွင်းစွာ လျှောက်ခဲ့တဲ့လမ်းဟာ မိန်းကလေးတစ်ယောက်အတွက် ဘယ်လိုမှ မလျှောက်သင့်တဲ့လမ်း‥၊ အခု သမီးပြောတဲ့ ဆင်ခြင်တော့မယ်ဆိုတာလဲ သမီး ဆုံးဖြတ်လို့ မရတော့ဘူး"

ကော့နက်ရှည်လျားသည့် မျက်တောင်တွေ၊ မျက်ခွံပြေပြေမှာ ဖြန့်ကပ်နေတဲ့အထိ မှော့် က ဦးသုဝေ စကားကို နားစိုက်နေခဲ့သည်။

"သမီးကြောင့် ခံစားနေရတဲ့ လူငယ်တွေ အရေအတွက်အားဖြင့် ဒက်ဒီ မသိပါဘူး၊ ဒါပေမယ့် အဲဒီလူတွေထဲမှာ သမီးကို ကျေကျေနပ်နပ် လက်ပြ ကျန်ရစ်ခဲ့သူတွေချည်းပဲ ရှိနိုင်မလား…"

မှော့် မျက်ဝန်းထဲမှာ ပုံရိပ်တွေ ထင်လာ၏။ စားသောက်ဆိုင်ကြီးထဲမှာ သူမ ရင်ဆိုင်ခဲ့ရသည့်အဖြစ်ဆိုးတစ်ခု‥။

(… အသည်းခွဲတာလဲ… တစ်ဖက်ကမ်းခတ်…

… အရူးတွေလုပ်တာလဲ… တစ်ဖက်ကမ်းခတ်…

… ယောကျ်ားတွေကို… အရုပ်လိုကစားတဲ့… မိန်းမရိုင်း… )

ရယ်သံတွေနှင့်အတူ ကိုယ့်မျက်နှာကို တည့်တည့်ကြည့်ဆိုသွားတဲ့ စာသားတွေကိုပါ သတိရလာမိသည်။ ဒါမျိုးတွေ နောက်ထပ်ဖြစ်ဖို့ ရှိသေးသည်လို့ ဒက်ဒီ ပြောချင်တာလား‥၊ ဒါတွေ ဖြစ်ပျက်ခဲ့တာ ဒက်ဒီ မသိနိုင်ပါ‥။

ဒါပေမယ့် ဖြစ်လာနိုင်တာတွေကို ခန့်မှန်းပြောနေတာကတော့



www.burmeseclassic.com

www.burmeseclassic.com



ကွက်တိ မှန်ပါ၏။

"သမီးဘဝကို ထာဝရပိုင်စိုးပြီး လုံခြုံမှုတွေ ပေးစွမ်းနိုင်တဲ့ အရိပ်တစ်ခု လိုအပ်တယ် သမီး၊ အဲဒါ မိဘမောင်ဘွားတွေရဲ့အရိပ် မဟုတ်ဘူး၊ အုပ်ထိန်းသူ တစ်ဦးတစ်ယောက်နဲ့ နေထိုင်ခြင်းလဲ မဟုတ်ဘူး၊ လင်ယောက်ျားဆိုတဲ့အရိပ်. . ."

မော် ဘာမှမပြောနိုင်။ ဦးသုဝေ က ခဏငြိမ်နေပြီးမှ. . .

"သမီးကို ဒက်ဒီ အဲဒါပြောဖို့ စောင့်နေတာ. .၊ ဒက်ဒီ့မိတ်ဆွေ တစ်ယောက်နဲ့ သမီးကို လက်ထပ်ပေးဖို့ အားလုံး ပြောဆိုပြီးပြီ"

"ဟင်!. . ."

မော် မျက်လုံးဝိုင်းသွား၏။ ဦးသုဝေ က ပြုံးလိုက်ကာ. . .

"ဒက်ဒီ့မိတ်ဆွေဆိုတာ သက်တူရွယ်တူကို ဆိုလိုချင်တာ မဟုတ်ဘူး၊ မျိုးရိုးအဆင့်အတန်း မြင့်မြတ်ပြီး အရည်အချင်းရှိတဲ့ လူငယ်တစ်ယောက်ပါ၊ သမီးထက်တော့ အသက်ကြီးမှာပေါ့၊ သူ့မှာ ချမ်းသာတာထက်ပိုပြီး ကြီးကျယ်တဲ့ဂုဏ် ရှိတယ်၊ အဲဒါ အရည်အချင်းပဲ"

"အရည်အချင်းရှိတဲ့လူက ကိုယ် မမြင်ဖူးတဲ့ မိန်းမတစ်ယောက်နဲ့ လက်ထပ်ဖို့ကို သဘောတူပြီးသား ဖြစ်နေသလား ဒက်ဒီ"

ဦးသုဝေ က အပြုံးမပျက် ကြည့်နေ၏။

"သူ့ကို သမီးက ငြင်းဆန်မှာတွေ. .၊ ဒါမှမဟုတ် ယူပြီးမှ သမီးအပေါ်မှာ စိတ်တိုင်းမကျဖြစ်ရမှာတွေ. .၊ ဥပမာ သမီး ရည်းစား များခဲ့တယ်ဆိုတာကို သူက လက်ခံနိုင်သလား"

"ဒက်ဒီ သူ့ကို ပြောသင့်သလောက် အားလုံး ပြောထားတယ်၊ သူက ဒက်ဒီပြောတာကို လက်ခံထားလိုက်တာပါ၊ သမီးနဲ့တွေ့ပြီးမှ လက်ထပ်ဖို့ကို ဆွေးနွေးမှာ. . ."

"ဒက်ဒီက စေ့စပ်ထားရတာပေါ့"





"ဟုတ်တယ်. .၊ ဒက်ဒီက စ,ပြောခဲ့တာ၊ ပြောရတဲ့အကြောင်းက ဒက်ဒီ့သမီးလေးက သန့်သန့်စင်စင်လေးနဲ့ မှားယွင်းစွာ အယူလွဲနေတာတွေကို သိအောင်လို့ပါ"

"သမီးဓာတ်ပုံပြပြီး ဒက်ဒီ ဒီလိုပြောရတာကတော့. . ."

"မပြပါဘူး၊ သမီးက လှလို့ သူ လက်ခံလိုက်တယ်ထင်လို့လား၊ မဟုတ်ဘူး. . .၊ ဒက်ဒီ စိတ်ညစ်ရင် အလုပ်လုပ်တဲ့နေရာမှာ အခက်အခဲတွေ ဖြစ်တတ်တယ်၊ ပြီးတော့ သမီးနဲ့ ဒက်ဒီကြားက ချိတ်ဆက်လွဲနေတဲ့ အဆင်မပြေမှုတချို့ကို သူ နားလည်သွားတာလဲ ပါတာပေါ့၊ သူနဲ့ ဒက်ဒီ အရမ်းတော့ မရင်းနှီးဘူး၊ ဒါပေမယ့် ထူးဆန်းတဲ့သဘောထားတွေရှိကြတာချင်း တူတယ်"

ရင်ထဲမှာ ခံပြင်းသွားသည့်စိတ်ကို ဒက်ဒီ ဘယ်လို ဖြေသိမ့်ပြော နေနေ ကျေနပ်လိုက်လို့မရဘဲ ဖြစ်နေသည်။

ဒါဆို မော် က ရည်းစားများလွန်းလို့ မိန်းမဆိုးတစ်ယောက်ကို သူက ကာကွယ်မှုပေးရမယ့်အထာတွေနဲ့ပေါ့၊ သင်းက ဘာမို့လို့လဲ. .။

"သူက နိုင်ငံခြားက ပြန်လာကာစကတော့ Game developer ပဲ၊ သူ ဟိုမှာလဲ ဒါပဲ လုပ်ခဲ့တာ၊ ခုတော့ ဂျပန်စက်မှုဇုန်မှာ စက်ရုံတစ်ရုံ ကိုယ်ပိုင် ထူထောင်ဖို့ ကြိုးစားနေတယ်"

မော် နှုတ်ခမ်းမဲ့လိုက်သည်။

"နည်းပညာတွေထဲမှာ စက်မှုပညာနဲ့ အိုင်တီကို သူ ဝါသနာကြီးတယ်။ ရထားတဲ့ဘွဲ့တွေကလဲ ဒါတွေပဲ၊ ဘာပဲဖြစ်ဖြစ် သမီးနဲ့ အလိုက်ဖက်ဆုံးအိမ်ထောင်ဖက်လို့ ဒက်ဒီ ထင်တယ်၊ သမီးကို ငြင်းမယ်ဆိုရင် ငြင်းနိုင်တယ်လို့ ဒက်ဒီ လမ်းဖွင့်ပေးခဲ့တာပါ၊ သူနဲ့ စကားပြောတဲ့အဆင့်ထိ လက်ခံပြီဆိုရင်တော့ ဒါက စေ့စပ်တာပဲလို့ ဒက်ဒီ ယူဆမယ်၊ အခု သမီးရဲ့ဆုံးဖြတ်ချက်ကို ဒက်ဒီ့ကို ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးက အိမ်ထောင်ပြုဖို့ကို ဘယ်တုန်းကမှ ခေါင်းထဲထည့်ခဲ့တာ .မဟုတ်ဘူး၊ ဒက်ဒီ..."

"ခေါင်းထဲကိုထည့်ထားဖို့ ဒက်ဒီ ကြိုပြောခဲ့တာပဲ၊ သူ ဘယ်သူဆိုတာကို ပြောတဲ့နေ့မှာ သမီးရဲ့နာခံခြင်းကို သိရမယ်လို့ ဒက်ဒီ မျှော်လင့်ထားခဲ့တာ"

မှော် ဒက်ဒီ့ကို မယုံနိုင်သလိုကြည့်မိသည်။ ဒက်ဒီဟာ သူ ဖြစ်ချင်တာတစ်ခုကို ဘယ်နည်းနဲ့ဖြစ်ဖြစ် ရအောင်ယူတတ်သူပါလား..။

မှော် ရွံ့တတ်သည်။ ထင်ရာလုပ်ပစ်ရမှာလည်း ဝန်လေးတဲ့သူ မဟုတ်..။ ဒါပေမယ့် ဒက်ဒီ့ကိုကျတော့ နောက်ဆုံးရွေးချယ်ခွင့်ဆိုသည့်နေရာမှာ ဆုံးရှုံးမခံနိုင်..။ ဒက်ဒီကတော့ ရက်စက်ပြတ်သားနိုင်သူဖြစ်ပြီး သူမကသာ...

"သမီး ဒက်ဒီ့ကို စိတ်ဆိုးနေသလား"

မှော့် မျက်ဝန်းလေးတွေထဲကို စိုက်ကြည့်နေလျက်...

"ခုနေမှာတော့ ဒက်ဒီ့ကို သမီး အထင်လွဲနေဦးမှာပဲ၊ ဒါပေမယ့် ဒက်ဒီ ဖြစ်စေချင်တဲ့အတိုင်း သမီး ခေါင်းညိတ်လိုက်မယ်ဆိုရင် ဒက်ဒီ့ကို သမီး နားလည်လာမှာပါ၊ သမီးဘဝတစ်ခုလုံး လုံခြုံအေးချမ်းသွားမယ်လို့လဲ ဒက်ဒီ ယုံကြည်တယ်"

မှော် က ငြိမ်သက်နေရာကနေ မျက်နှာလေး မော့လာကာ...

"လက်ထပ်ဖို့ ခေါင်းညိတ်လိုက်ရမယ်ဆိုရင်တောင် သမီးအကြောင်း သူ့ကို ဒက်ဒီ ပြောပြထားခဲ့တယ်ဆိုတာအတွက် သမီး ခံရခက်နေတယ် ဒက်ဒီ၊ လက်မထပ်ခင်ကတည်းက သမီးကို သူ့ဘက်က ပြောဆိုနိုင်စားဖို့အတွက် အကွက်ရနေပြီ"

"ထန်းရည်မူးတော့ ကျွဲခိုးပေါ်တယ်ဆိုတဲ့ လမ်းပေါ်က ကလေကချေ မဟုတ်ဘူး သမီး၊ လူကြီးလူကောင်းတွေလဲ အောက်တန်းကျ





တတ်ကြတာရှိတယ်ဆိုရင်တောင် ဒီအတွက်ကြောင့် သမီး စိတ်ဆင်းရဲရမှာ မဟုတ်ဘူးဆိုတာ ဒက်ဒီ ပြောရဲတယ်၊ သူ အဲဒီလိုလူမျိုး မဟုတ်ဘူး"

"သူ့နာမည် ဘယ်သူလဲ ဒက်ဒီ..."

"မင်းနေရာ..."

မင်းနေရာ...၊

မှော့် ခေါင်းထဲမှာ နောက်ထပ် ထိုနာမည် မြည်ဟည်းသွား၏။

"မင်းနေရာ..၊ ဟုတ်လား..."

"ဟုတ်တယ်၊ သမီး သိနေလို့လား"

မှော် ခေါင်းခါလိုက်သည်။ ဒီလမ်းကို ဒီလိုသွားမိပြီး ဒုက္ခရောက်ခဲ့ရတဲ့အကြောင်းတွေပါ ပြောရတော့မှာမို့ ဝန်ခံလို့မဖြစ်..။

ဒါဆို ဒီလူက မှော့် ကို သိနေသည်ပေါ့..။ 'ဦးသုဝေ သမီးလား' လို့ သူ မေးလိုက်တုန်းက စိတ်ထဲမှာ ထူးဆန်းသွားပေမယ့် စကားတွေ ဟိုရောက်ဒီရောက်နှင့် အမှတ်တမဲ့..။ သူ ပြုံးလိုက်ပုံကြီး..ကို မြင်ယောင်ကာ နှုတ်ခမ်းကို တင်းခနဲ ဖိပိတ်ပစ်မိသည်။

"သမီးအဖြေကို ဒက်ဒီ ခုပဲ သိရပါစေ"

မှော် က ခေါင်းညိတ်လိုက်ပြီး...

"သမီး သူနဲ့ တွေ့ပါ့မယ်၊ ဒါပေမယ့် သမီးက ခေါင်းညိတ်လိုက်တယ်ဆိုပြီး ဒက်ဒီ စကားတွေ အများကြီး မကျွံပါနဲ့.."

"သမီး ဘာကို ပြောတာလဲ"

"ဒက်ဒီ့စကားကို နားထောင်ခဲ့တာပေမယ့် သမီး သူ့စကားကို နားထောင်မှာ မဟုတ်ဘူး"

ဦးသုဝေ မျက်ခုံးတစ်ဖက် မသိမသာ တွန့်သွားကာ မှော့် ကို အကြာကြီး စိုက်ကြည့်နေ၏။ ပြီးမှ ပင့်သက်တစ်ရှိုက်နှင့်အတူ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး"

"သမီး ထင်ရာတွေ လျှောက်လုပ်ပစ်မယ်လို့ ဆုံးဖြတ်လာခဲ့သမျှ ဒက်ဒီ့ဆီက မထင်မှတ်တဲ့ အလဲအလှယ်တွေနဲ့ အနားသက်မျဉ်းဆွဲပစ်လိုက်လို့ ခေါင်းညိတ်ခဲ့ရတာ..၊ အဲဒါ... အဲဒါ ဒက်ဒီ ဘယ်လိုထင်လဲ ဟင်၊ ဒက်ဒီ အမွေဖြတ်မှာကြောက်လို့လို့ ထင်လား"

ဦးသုဝေ ခေါင်းခါပြီး ပြုံးသည်။ ကြည်နူးသည့်အပြုံး ဖြစ်၏။

"ဒက်ဒီ နားလည်တယ်၊ ဒက်ဒီ့သမီးက ဒက်ဒီ့လိုစိတ်မျိုးနဲ့ပဲ သမီးရယ်၊ သမီးရင်ထဲက မကျေနပ်ဆဲဖြစ်နေတဲ့ စိတ်ရဲ့နောက်မှာ ဒက်ဒီ့ကိုချစ်တဲ့ ငုံ့စိတ်ရှိတယ်၊ အဲဒါ ဘာဖြစ်လို့ ရှိနေတာလဲ သမီးကိုယ် သမီးရော နားလည်ရဲ့လား"

ဦးသုဝေ က မှော့် ပခုံးလေးနှစ်ဖက်ကို နွေးထွေးစွာ ဖိဆုပ်ကိုင်လျက်...

"သမီးလေးကို ဒက်ဒီက သိပ်ချစ်နေလို့ပါ၊ သမီးမာမီ အထင်မြင်လွဲပြီး ဘယ်လိုနေခဲ့ပစေ မတုန်လှုပ်ခဲ့ပေမယ့် သမီးလေး ဒက်ဒီ့ကို စိမ်းစိမ်းကားကား ကြည့်လိုက်တိုင်း ဒက်ဒီ ဘယ်လောက် ခံစားရသလဲ ဆိုတာ ကိုယ့်ကိုယ်ကိုယ်ပဲ သိတယ်၊ အဲဒါကြောင့် ဒက်ဒီ့ကို အရွဲ့တိုက်ပြီး ထင်ရာလုပ်သွားခဲ့ရင် ဒက်ဒီတို့သားအဖ နားလည်နွေးထွေးခွင့် မရလိုက်ဘဲ တစ်သက်လုံး တစ်ယောက်တစ်လမ်းစီ ဖြစ်သွားကြမယ့်အတူတူ၊ ဒက်ဒီ ပြတ်သားတဲ့ ခွဲခွာခြင်းတစ်ခုကို ရွေးလိုက်တာပါ၊ ဒက်ဒီ သမီးလေးကို မျက်စိအောက်က ပျောက်သွားမှာစိုးလွန်းလို့ပါ သမီးရယ်၊ ဒက်ဒီ့ မေတ္တာစေတနာကို ယုံပါ၊ ကိုယ့်ဘဝအတွက်ပဲလို့ နားလည်ပြီး တည်ဆောက်လိုက်တဲ့ အိမ်ထောင်ရေးကို ခိုင်မြဲအောင် ကြိုးစားပါ၊ ဒက်ဒီကတော့ သမီး ခေါင်းညိတ်လိုက်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်"





ဦးသုဝေ တကယ် ကြည်နူးလိုက်လှဲနေသည့်အဖြစ်ကြောင့် အသံတွေပါ တုန်ချင်ချင်..။

"နောက်ထပ် အဆင်ပြေသွားလိမ့်မယ်လို့လဲ ယုံကြည်တယ်၊ မင်းနေရာ က ယောကျာ်းကောင်းတစ်ယောက်ပါ"

"သမီးအတွက်တော့ မလိုချင်တာနဲ့ လိုချင်တာကို လဲယူလိုက်ရတာမျိုးပဲ ဒက်ဒီ၊ ဒက်ဒီ့ကို ဆုံးရှုံးမခံနိုင်တဲ့အတွက် သူ့ကို လက်ထပ်မှာ..၊ သူ့ကို ဆုံးရှုံးရမှာ မကြောက်တဲ့အတွက် သမီး တစ်ခုခု မှားယွင်းဖို့တွေရှိနေတော့ ဒက်ဒီ နောက်ထပ် ရာဇသံတွေ ထပ်မထုတ်ဖို့လဲ ကတိပေးပါ"

"သူ့ကို ဆုံးရှုံးရမှာမကြောက်ဘူးဆိုတာ ဒက်ဒီ ယုံတယ်၊ ဒါပေမယ့် သူ့ကို ဆုံးရှုံးရခြင်းဟာ သမီးဘဝကို သမီး ဆုံးရှုံးလိုက်ရသလို ဖြစ်သွားနိုင်တယ်၊ ဒါတွေလဲ သမီး နားလည်လာမှာပါ၊ ဒက်ဒီ ကတိပေးတယ်၊ သမီးကို နောက်ထပ် ဘယ်လိုဖိအားပေးခြင်းနဲ့မှ စိတ်ဆင်းရဲအောင် မလုပ်ဘူး"

မှော် ကျေနပ်သွားသည်။ မင်းနေရာ ဆိုသည့်လူကို မြင်ယေရင်း မျက်နှာပေါ်က အရေးအကြောင်းတွေ မပါဘဲ စိတ်ထဲမှာ မှဲ့မှဲ့ရွှဲရွှဲတွေ ဖြစ်သွား၏။

ရှင့်ဘက်က 'ဟင့်အင်း' ဆိုရင် ဒီပွဲပျက်ပြီ မင်းနေရာ..၊ ပျက်ကို ပျက်စေရမယ်...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၀၃ ]

ဝင်ထားသည့် ဖုန်းနံပါတ်အတိုင်း ပြန်ဆက်တော့ သူပဲ ကိုင်၏။ ဒါပေမယ့်…

"ကိုယ် မအားဘူးကွ…၊ မင်းကို ပြောလိုက်သားပဲ ဆန်းဒေး တစ်ရက်ပဲ အိမ်မှာရှိမယ်ဆိုတာ…"

"ရှင်က အတောင်ပေါက်ပြီး လေထဲမှာ ပျံဝဲနေတာလား၊ အခု ဘယ်မှာရှိနေလဲ၊ ကျွန်မ ခုတွေ့ချင်တယ်"

"ကိုယ်ကလဲ တွေ့ချင်ပါတယ်၊ ဒါပေမယ့် မဖြစ်သေးဘူး"

"မင်းနေရာ…၊ ရှင့်ကို တွေ့ချင်မတွေ့ချင် မေးနေတာ မဟုတ်ဘူး၊ အခု ရှင် ဘယ်မှာလဲ"

"ထရေးဒါးမှာ…"

"ကျွန်မ လာမယ်"

မှော် ဖုန်းကို ဆိုဖာပေါ် ချထားလိုက်ကာ ကားကို ဦးတည်ရာ ပြောင်းလိုက်၏။

"တောက်!…"

ဘယ်လိုလူမို့လို့လဲ…၊ ရှင် ဘယ်လိုလူဖြစ်ဖြစ်…၊ ဘယ်နေရာမှာ ဖြစ်ဖြစ် ဆွဲထုတ်ပြမယ်၊ ကြည့်…။





မှော် ဆိုတာ အဲဒီလို ရိုင်းစိုင်းကြမ်းတမ်းတဲ့မိန်းမမှန်း ရှင် သိပါစေ…။ လမ်းပေါ်ကနေ ထရေးဒါးဟိုတယ်ရှေ့ကို ဝိုက်တက်ပစ်လိုက်ပြီး ပါကင်ယူဖို့ အရှိန်ယူနေဆဲ…

"ဒီနေရာမှာ ကားရပ်လို့ မရပါဘူး ခင်ဗျာ"

ဝတ်စုံပြည့်နှင့် ဝန်ထမ်းက အနားရောက်လာပြီး ချိုချိုသာသာ ပြောသော်လည်း…

"ဒီမှာလဲ ကားတွေ ရပ်ထားတာပဲဥစ္စာ…"

"ဟုတ်ပါတယ်…၊ ဟိုဘက်ဝင်းထဲမှာပဲ ရပ်လို့ရပါတယ်၊ ဒီမှာ လူကြီးကားတွေမို့လို့ပါ"

"ကျွန်မက ဦးမင်းနေရာ ရဲ့ဧည့်သည်…၊ သူနဲ့ အရေးတကြီးကိစ္စ ရှိလို့ လိုက်လာတာ…"

"ဗျာ!… ဟို…"

ဝန်ထမ်းလူရွယ်၏မျက်နှာ မအီမလည် ဘာဖြစ်သွားမှန်း မသိပေမယ့် မှော် က ကားကို နေရာချပြီး ဆင်းလိုက်သည်။

"သူတို့ ဘယ်အထပ်မှာလဲ ပြောပြနိုင်မလား"

"မသိဘူး ခင်ဗျ…၊ ဂျပန်က ဧည့်သည်တွေနဲ့ အထူးအစည်းအဝေး လုပ်နေတာတော့ သိတယ်"

"သန့်ခ်ယူ"

မှော် က မဲ့ပြုံးနှင့် ကျောခိုင်းသည်။ ခေါင်းကုတ်လျက် ပြုံးတော့မလို မဲ့တော့မလို ကျန်ရစ်သော မျက်နှာကြီးက ရယ်တော့ရယ်စရာ…။

ဦးမင်းနေရာ ကို သိနေ၍လား…၊ မသိဘဲနဲ့ လူကြီးတစ်ယောက်ယောက်ကို ပြောတာမှန်း နားလည်သွားလို့လား…။

ဝေခွဲရခက်နေတုန်းမှာ ထားရစ်ခဲ့လိုက်ပြီး မှော် အထဲကို ဝင်ခဲ့သည်။ ထိုစဉ်…



www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးတိုက်ပုံနှင့် လူကြီးတစ်ယောက်ရယ်..၊ အနောက်တိုင်းဝတ်စုံနှင့် လူတစ်ယောက်ရယ် ထွက်လာ၏။ ပြီးတော့ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ ထွက်လာကြသည်။

အစည်းအဝေး ပြီးသွားသည်လား..။

"ဒီမှာရှင်..၊ အထူးအစည်းအဝေး ပြီးသွားပြီလားဟင်"

ဖိုင်တစ်ထပ်ကိုကိုင်လျက် လှေကားဆင်းလာသည့် မိန်းကလေးတစ်ယောက်က မှော့်ကိုမြင်တော့ တအံ့တသြငေးကြည့်နေ၏။ ပြီးမှ ပျာပျာသလဲ ခေါင်းညိတ်ကာ...

"ပြီးသွားပါပြီ..၊ ဒါပေမယ့် အပေါ်မှာ ဧည့်သည်တွေတော့ ရှိသေးတယ်ရှင့်"

အပေါ်မှာဆိုသည့် ညွှန်ပြခြင်းကို မှတ်ထားပြီး မှော် လှေကားနှင့်ဝဲ တက်သွားလိုက်သည်။ အပေါ်ကျတော့ အလယ်ခန်းမဆောင်တစ်ခု ရှေ့မှာ မှော့် ခြေလှမ်းတွေ ရပ်သွား၏။

မင်းနေရာ...၊

ဟိုတယ်၏အစွန်ဘက် အခန်းတံခါးဖွင့်ထားသည့်ရှေ့မှာ နိုင်ငံခြားသားတွေနှင့် စကားပြော်နေကာ မှော် တက်လာသည့်ဘက်ကို ဘေးတစောင်းရပ်နေတာ ဖြစ်၏။

ထိုသူတွေထဲက တစ်စုံတစ်ယောက်၏ အကြည့်တစ်ချက် သိသိသာသာ စူးရောက်လာမှ သူ ဖျတ်ခနဲ လှည့်ကြည့်သည်။ မှော့် ကို တွေ့လိုက်တော့ အံ့သြသလို ခဏလေး ဖြစ်သွား၏။ စကားပြောမပျက် ပြန်လှည့်၏။

"ဦးမင်းနေရာ..."

မှော် က ရောက်သည့်နေရာမှာတင် ခြေစုံရပ်ပစ်လိုက်ပြီး ခေါ်သည်။ သူက အေးဆေးသည့်ပုံစံနှင့် ပြန်လှည့်ကြည့်ပေမယ့် သူမှလွဲ၍





အားလုံးက လှုပ်လှုပ်ရှားရှား ကြိုဆိုစေချင်သည့်ပုံတွေ ဖြစ်သွားကြသည်။

မှော် က လွယ်ထားသည့် ဆလင်းဘက်ခ်ကို ပခုံးပေါ် ထပ်ဆွဲတင်ပြီး မျက်နှာထက်မှာ မောက်မာရိုင်းစိုင်းမှုအပြည့်နှင့် အားလုံး၏ ပျူငှာမှုကို နင်းချေပစ်လိုက်၏။

"ရှင့်ကို ကျွန်မ ခေါ်နေတာ..၊ အားလုံးထက် အရေးကြီးတာတွေ ပြောမလို့၊ အဲဒီက အားလုံးကို ထားခဲ့ပြီး အခု လိုက်ခဲ့ပါ"

"ရတယ်..၊ ငါးမိနစ်ပဲ စောင့်"

"တစ်မိနစ်မှ မစောင့်နိုင်ဘူး"

သူက ပြုံးလိုက်သည်။ မှော့် ကို စိုက်ခနဲကြည့်ပြီးမှ ဧည့်သည်တွေ ဘာပြောလိုက်သည်မသိ..။ အားလုံး မှော့် ကိုလှမ်းကြည့်ပြီး ပြုံးပြုံးရယ်ရယ်နှင့် ခေါင်းညိတ်သွားကြ၏။

မှော့် စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားသည်။ ဒီထဲဝင်လာတုန်းက သူ့ကို အကြီးအကျယ် ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ဒုက္ခပေးဖို့ဖြစ်သည်။

စည်းဝေးနေတယ်ဆိုလည်း ခန်းမထဲက ဆွဲထုတ်မည်။ ဧည့်သည်တွေနှင့် စားသောက်နေရင်လည်း ဒီလူ အရှက်ရအောင် တစ်ခုခုလုပ်ပစ်ဖို့..။

မှော် ဆိုတဲ့မိန်းမက စတွေ့ကတည်းက ယဉ်သကိုဆိုတာမျိုး..။ ပဋိပက္ခတွေဖြစ်ပြီး ဘယ်လိုမှ ချိတ်ဆက်မရတော့အောင် ရည်ရွယ်ခဲ့သည်။

နောင် ဘယ်လို နားလည်ပေးဖို့မှ မစဉ်းစားရဲတော့အောင်လည်း ဖြစ်သွားစေချင်လို့..။ တကယ်ဆို အစည်းအဝေးပြီးသွားပြီဆိုကတည်းက ရည်မှန်းခဲ့သည့် အကြီးအကျယ်တွေ မဖြစ်နိုင်တော့ဘူးဆိုတာ သတိရသင့်၏။

ခုတော့ စိတ်ကူးထဲကလို လူတွေ တစုတဝေးတည်း မဟုတ်တော့ဘဲ...



www.burmeseclassic.com

"ရပြီ..၊ ဘာပြောမလို့လဲ"

မျော် က ကိုယ့်ခြေလှမ်းတွေကို ယုံကြည်ချက်တင်၍ ရှေ့ဆက်လှမ်းခဲ့ပြီး...

"ဘာပြောစရာမှ မရှိဘူး၊ စိတ်ကူးလာတုန်းက တစ်ခါတည်းန ပွဲသိမ်းဖို့ပေမယ့် အခု အနည်းအကျဉ်းလောက်ပဲ ဖြစ်သွားတော့ နောက်ထပ် အများကြီးလာဦးမှာ..."

"ဘာတွေလဲ..."

သူက လက်ပိုက်ထားလိုက်ပြီး မေးပုံက မထိတထိ..။

"ရှင်နဲ့ ပဋိပက္ခဖြစ်နေဖို့ အကြောင်းတွေလေ..၊ ဒုက္ခပေးဖို့နည်းတွေ ကျွန်မ ခေါင်းထဲမှာ ရှိသေးတယ်.."

သူက မျက်ခုံးတွေပင့်၍ အံ့သြထိတ်လန့်သလို တမင် ပခုံးတွန့်ပြသည်။

"ဟုတ်လား..၊ လောလောဆယ်တော့ မင်းက ကိုယ့်ဖနီးလောင်းဆိုတာ စောစောကဧည့်သည်တွေ သိသွားကြပြီ"

ပြောပြီး သူ့မျက်လုံးတွေ အပေါ်မှာ ဟိုဒီဝေ့လိုက်ပြီး...

"ဒီနားမှာ ကင်မရာတွေရှိနေတော့ ရုံးခန်းထဲမှာလဲ ကိုယ်တို့ဖြစ်ပျက်ပြောဆိုကြတာတွေကို မှတ်တမ်းတင်ပြီးလောက်ပြီ ထင်တယ်"

မျော် ဖျတ်ခနဲ မော့ကြည့်လိုက်တော့ သူက ခပ်ရိရိအပြုံးနှင့်...

"နောက်ထပ် ဒီလိုမဖြစ်စေချင်ရင် ကိုယ်နဲ့တွေ့ဖို့ ကြိုတင် ပြင်ဆင်မှုတွေ လုပ်ရမယ်၊ မင်းရဲ့ ဖြစ်ချင်ပျက်ချင်တာတွေကို ကိုယ်တ ယောက်တည်းသိအောင် ကင်မရာမရှိတဲ့နေရာတွေမှာ..."

"ရှင် ဘာတွေ ပြောလိုက်တာလဲ"

"မင်း ပိုင်စိုးပိုင်နင်း လာခေါ်တော့ ကိုယ့်ဒုတိယ ကိုယ့်အတွက် ကာ ယူရတာပေါ့၊ ကိုယ့်ထက် အသက်ငယ်တဲ့မိန်းကလေးတစ်ယောက်





လက်ညှိုးထိုး အမိန့်ပေးနေတာ၊ မောင်နှမဆိုရင် အစ်ကိုဖြစ်တဲ့သူက ဘယ်ငြိမ်နေမလဲ"

"နားပြာကြီး အောက်သွားမရှိဖြစ်နေတယ်ဆိုပြီး မယားကြောက်လိုလို..၊ နှာဘူးလိုလို ထင်သွားမှာကျတော့ ရှင် မရှက်ဘူးလား"

"မရှက်ပါဘူး..၊ ဘယ်လောက် ရာထူးကြီးကြီး အဲဒီယောက်ျားမှာ ဂရုစိုက်ရမယ့်သူတော့ ရှိတယ်၊ ဘယ်သူလဲ သိလား..."

မျော် က မမေးပါ..။ မျက်နှာကို ဆတ်ခနဲ လွှဲပစ်လိုက်တော့ သူက ဟွန့်ခနဲ ပြုံး၍...

"သူ့မိန်းမပေါ့...၊ ဂရုစိုက် အလိုလိုက်သင့်ဆုံးလူပဲ"

ဒီလူ ဘယ်လိုလူလဲ..၊ ပတ်ဝန်းကျင်မှာ ဘယ်သူတစ်ဦးတစ်ယောက်မှ ရှိမနေတာကို တစ်ချက်ဝေ့ကြည့်ကာ မျော် ဆလင်းဘက်ခ်ကြိုးလေးကို လက်ပြန်ချိတ်လိုက်ပြီး...

"နားထောင်လို့ မကောင်းဘူး၊ ရှင်နဲ့ ကျွန်မ နောက်ထပ် စစ်မြေပြင်တစ်ခု ရှာကြတာပေါ့"

မျော် က နှုတ်ဆက်ပြီး လှည့်ထွက်၏။ သူက လက်ကို ဖတ်ခနဲ ဆုပ်ကိုင်ပြီး ဆွဲလှည့်ပစ်လိုက်သည်။ ချာခနဲ ပြန်ပါလာသည့် မျော့ ခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ကာ...

"မင်း ကိုယ့်ကို လက်မထပ်ချင်ဘူးမို့လား"

"အတိအကျပဲ"

"အဲဒါကြောင့် ခုကစပြီး ကိုယ့်ဘက်က နောက်ဆုတ်သွားအောင် လုပ်ဖို့ ကြိုးစားမယ်၊ ဟုတ်တယ်မို့လား"

မျော် က သူ့လက်တွေကို ခါချပစ်လိုက်ပြီး ပခုံးနှစ်ဖက်ကို တ်သပ်ခဲ့ရင်း...

"ဒါက်ဒီကလဲ ပြောပြထားပြီးပြီ၊ အခု ကျွန်မရဲ့ရည်ရွယ်ချက်တွေ

www.burmeseclassic.com



ကိုလဲ သိနေပြီဆိုတော့ ရှင့်လိုလူတစ်ယောက်က ကိုယ် ဘာလုပ်သင့်တယ်ဆိုတာကို သဘောပေါက်မှာပါ"

သူက မော့် ကို စိုက်ကြည့်ပြီး ဘောင်းဘီအိတ်ထဲကို လက်ထည့်ထားလိုက်ကာ...

"ပေါက်တယ်..၊ စဉ်းစားဆုံးဖြတ်ပြီးပြီ ဆိုပါတော့၊ အတည်ပြုပြီးပြီဆိုရင် အားလုံး ပြီးသွားမှာပါ"

"လူစိတ်ဝင်စားအောင် လျှောက်ထွင်မနေစမ်းပါနဲ့..၊ အတည်ပြုတာ၊ ကန့်ကွက်တာတွေ ကျွန်မ မသိချင်ဘူး၊ ရှင်နဲ့ ကျွန်မ နောက်ထပ်ပဋိပက္ခနဲ့ အချိန်တွေမကုန်ရအောင် အဲဒီဆုံးဖြတ်ချက်ကို ကျွန်မ သိချင်တယ်"

သူ့နှုတ်ခမ်းမှာ အပြုံးနှင့်ဆင်တူသော လှုပ်ရှားခြင်းတစ်ချက် ဖြစ်၏။ တစ်ခါတစ်ခါ ရယ်သလိုရှိနေတတ်ပြီး တစ်ခါတစ်ခါကျတော့လည်း အကဲခတ်မလွယ်လောက်အောင် သူ့မျက်လုံးတွေ၊ နှုတ်ခမ်းတွေက လေးနက် စူးရှနေတတ်၏။

မင်းနေရာ ဆိုသည့်လူကို မော့် က တရားခံကြည့်သလို စိုက်ကြည့်နေလျက် ပြောလာမှာကို စောင့်သည်။ သူက စကားတစ်ခွန်းကို ထွက်ဆိုခဲ့သောပုံစံနှင့် ခဏကြာမှ...

"ကိုယ်တို့ ဆုံးဖြတ်ကြ..၊ အတည်ပြုကြတဲ့နေရာမှာ မင်းမလိုဘူး ထင်တယ်"

"ဘာ!..."

"ဟုတ်တယ်..၊ မင်းကို ကိုယ် မမြင်ဖူးခင်ကတည်းက ဒီကိစ္စ စ,ခဲ့တာလေ၊ မင်းကို မြင်ဖူးပြီးတော့ ကိုယ်က မင်းအဖေဆီမှာ သဘောတောင်းတယ်၊ သူက သဘောတူခဲ့တယ်၊ အဲဒီအထိ ကိုယ်တို့ ဆုံးဖြတ်ချက်တွေနဲ့ပဲ ရှိခဲ့ကြတာ..."





"ဦးမင်းနေရာ..."

"ပြော..."

"ရှင်က ကျွန်မကို အရုပ်တစ်ရုပ် မှတ်နေလို့လား"

"မဟုတ်ပေမယ့် ကိုယ့်အတွက်ကတော့ အဲဒီသဘောသာပဲ ရှိမယ်ထင်တယ်"

မော့် နှုတ်ခမ်းကိုက်ရင်း သူ့ကို စိုက်ကြည့်သည်။ မင်းနေရာက မော့် ဒေါသထွက်နေတာကိုပဲ အံ့ဩသလိုမျိုး..။

"မင်းနဲ့ကိုယ်က သိခဲ့ကြတာမှ မဟုတ်တာ၊ ခုလဲ ကိုယ်က မင်းကို ချစ်ပါရစေ၊ ကြိုက်ပါရစေလို့ ခွင့်တောင်းနေတာ မဟုတ်သေးဘူး၊ မင်းအဖေရဲ့ သဘောတူခြင်း,မတူခြင်းမှာ ကိုယ်တို့ လက်ထပ်ပွဲဖြစ်,မဖြစ် အဆုံးအဖြတ်ရှိမယ်၊ မင်းနဲ့ကိုယ် တိုက်ရိုက်ပြောဖို့ မလိုသေးဘူး"

"အခု လိုနေပြီ..၊ ကျွန်မ ရှင်နဲ့ပြောဖို့လာတာ..."

မော့် ဒေါသဖြစ်ဖြစ်နှင့် သူ့ရင်ဘတ်ကို တွန်းပစ်လိုက်သည်။ ယိုင်နဲ့နဲ့ဖြစ်သွားသည့်မျက်နှာက မတည်မပြုံးရှိကာ မော့် ရှေ့မှာပဲ ပြန်ရပ်၏။

"မော့်..၊ မင်္ဂလာကိစ္စကို ကိုယ် လုံးဝ စိတ်မဝင်စားဘဲနဲ့ တကယ်အတည်အတံ့ဖြစ်ဖို့ အချိန်ဖွဲ့နေရတာ၊ မင်းနဲ့ကိုယ် ဆွေးနွေးဖို့အတွက်လဲ အချိန်ထုတ်နုတ်ထားပြီးသား၊ ဒါပေမယ့် ဒီအချိန် မဟုတ်ဘူး၊ ဘယ်နေရာမှာပြောပြော ဒီစကားပဲလို့ မင်း ထင်ပေမယ့် ကြားဖြတ်ဝင်လာမယ့် စိတ်အနှောင့်အယှက်ဖြစ်စရာတွေအတွက် ကိုယ်ကတော့ အချိန်မပေးနိုင်ဘူး၊ အဲဒါကြောင့် နောက်မှ တွေ့ရအောင်..."

"ရှင် မကြီးကျယ်နဲ့..၊ မရဘူး..၊ ခုပြောမယ်.."

မော့် ဒေါသတွေ ပိုးစိုးပက်စက်ဖြစ်နေတာကို ထိန်းချုပ်လို့မရ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှာ သူမက ကမူးရှူးထိုးနှင့် ခပ်ရိုင်းရိုင်း အဆင်မပြေတတ်သည့် မိန်းမလား..။ သူမ စိတ်ဆတ်ပေမယ့် ထိန်းသိမ်းနိုင်စွမ်းတော့ ရှိတဲ့သူပါ။ သို့သော် မင်းနေရာ ဆိုသူ၏ ခန့်မှန်းမရနိုင်သော စိတ်ခါတ် အပြောအဆိုတွေကို သည်းမခံနိုင်..။

"ဒီမှာ ရှင် ကျွန်မကို လက်မထပ်ချင်ဘူးလို့ ငြင်းဆန်တာမျိုး မဟုတ်ဘဲ ဒီကိစ္စ သူ့အလိုလို ပျက်သွားအောင် နေတတ်သလိုနေပေး၊ မဟုတ်ရင် ရည်းစားများတဲ့နာမည်ပျက်နဲ့ ရှင့်ကို မနှစ်သက်တဲ့ ခပ်ရိုင်းရိုင်းမိန်းမကြောင့် ရှင် တစ်သက်လုံး စိတ်ဆင်းရဲရမှာပဲ၊ အဲဒါ မယုံမရှိနဲ့..."

"သိပြီးသားတွေကွာ..၊ အဲဒါတွေ ထားလိုက်စမ်းပါ"

သူက မှော့် ကို ခြေတစ်လှမ်းရွှေ့၍ ရောင်တိမ်းသွားမလိုပြင်ရင်း နာရီကိုကြည့်သည်။

"ကိုယ် အခု အချိန်မရဘူး၊ မန်းဒေးကျမှ မင်းရဲ့ရာဇဝင်တွေအရ မင်းချိန်းတဲ့တစ်နေရာရာကို ကိုယ် လာမယ်၊ ရပြီလား..."

"ရှင်!..."

"ဝါသနာပါရင် လက်နက်တွေပါ သယ်လာခဲ့ပါ၊ တိုက်ဖို့လိုရင် တိုက်ရတာပေါ့"

သူ လှစ်ခနဲ ပြုံးလိုက်ပြီး မှော့် ဘေးကနေ ကွေ့ရှောင်ထွက်သွား၏။

"မင်းနေရာ..."

မှော် သူ့ဘေးကနေ ပြန်လိုက်ကာ လက်မောင်းအင်္ကျီစကို အတင်း ဆွဲပစ်လိုက်၏။ သူ ခြေလှမ်းတွေ ရပ်သွားသည်။

"ရှင့်ဆီကို ကျွန်မ အခု ရောက်လာတာရော၊ နောက်ထပ် တွေ့ဖို့ ပြောဖို့ ရှိတာတွေရော ဒက်ဒီ့ကို ဘာမှသတင်းမပို့ပါနဲ့၊ ရှင် တကယ် သတ္တိရှိရင် နှစ်ယောက်တည်း ရှင်းမယ်..."





မင်းနေရာ က မှော့် လက်ကလေးကို ဖယ်ချပစ်လိုက်ပြီး လူရှင်းသည့် လှေကားဆီကိုပဲ ဦးတည်ကာ...

"မင်းကို လက်ထပ်ဖို့ ဆုံးဖြတ်ထားတဲ့လူကို သတ္တိ ဘယ်လောက်ရှိလဲလို့ မေးနေသေးလား"

ပြောပြီး ပထမဆုံး လှေကားတစ်ထစ်မှာ ခြေတစ်ဖက်ချ၍ မှော့်ကို ငဲ့ကြည့်သည်။ ပြီးတော့...

"ကိုယ်လဲ မင်းလိုလူပဲ..."

"တောက်..."

ဒေါသတွေဖြစ်ရလွန်းလို့ အစိမ်းလိုက် ဝါးစားပစ်ချင်၏။

'ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါးသို့...'



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၀၄ ]

မျှော်စင်ကျွန်းထဲကို ဝင်လာလိုက်ပြီး မျက်လုံးကစားလိုက်တာနှင့် မင်းနေရာ ၏ကားကို တွေ့လိုက်သည်။ နက်စွေးသော ပရာဒိုကားကြီး က နံနက်ခင်း၏နေရောင်အောက်မှာ ဖိတ်ဖိတ်လက်နေသည်။

မှော် တို့က ကိုယ့်စိတ်ကူးနှင့်ကိုယ် ကားတွေ အမျိုးမျိုးစီးခဲ့ပေမယ့် မင်းနေရာ ကတော့ ဒီကားတစ်စီးနှင့်ပဲ အမြဲရှိခဲ့သည်ဟု ဒက်ဒီကပြော ခဲ့၏။ ကန်ရေပြင်ထဲမှာ အစွန်းချ၍ တည်ဆောက်ထားသော စား သောက်ဆိုင်လေး၏ရှေ့မှာ ကားထိုးလိုက်လျှင် ရေစပ်နားက စားပွဲမှာ မင်းနေရာ ကို မြင်လိုက်ရ၏။

အဝါနုနှင့် ကြည်ပြာရောင်ရောသည့် အစင်းတွေပါသော ရှပ်အင်္ကျီ လက်တိုပွပွနှင့် ဘောင်းဘီရှည်နက်ပြာကို ဝတ်ထားသည်။

ပြီးတော့ သူ့ရှေ့မှာ အအေးဖန်ခွက်တစ်လုံး ဒါပဲဖြစ်၏။

မှော် ကားရပ်လိုက်တာကို တစ်ချက် လှမ်းကြည့်ပြီး နာရီ ငုံ့ကြည့် သည်။ မှော် က ကားသော့ကို လက်ချောင်းလေးမှာ နှစ်ချက်လောက် လှည့်လိုက်ပြီးမှ ပြန်ဖမ်း၍ ဒီဘက် လျှောက်လာသည်။

ခပ်ကျဲကျဲ စားပွဲဝိုင်းတွေမှာ စုံတွဲတစ်တွဲနှင့် ယောက်ျားနှစ်ယောက် ဒါပဲရှိသည်။ ပြီးတော့ တစ်ဆိုင်လုံးမှာရှိသည့် ဝိတ်တာတွေ..။





မှော့် ဆီမှာ မျက်လုံးတွေ စူးစိုက်လာကြ၏။

ကြည့်ကြစမ်း..၊ မှော် မျက်နှာကို ပင့်၍ ပိုလှအောင် လျှောက်၏။ ဒါပေမယ့် မင်းနေရာ ၏အကြည့်တွေ ဒီဘက်ရောက်မလာသဖြင့် ရင်ထဲမှာ ကသိကအောက်ဖြစ်သွားသည်။ သိစေချင်တာက သူ့ကို..။

"ရှင် ဒီကိုလာတာ ဒက်ဒီ့ကို ပြောခဲ့တယ်မို့လား"

မှော် က ခုံမှာထိုင်လိုက်တာနှင့် မေးခွန်းနှင့် စ,၏ သူက မေးတာ ကို မဖြေဘဲ မှော့် ပုံစံကိုကြည့်ပြီး မျက်ခုံးနှစ်ဖက် တွန့်ခနဲ ဖြစ်သွား သည်။

ပုလဲရောင်လိုလို ပန်းရောင်လိုလို အရောင်ပြေးက လက်တစ်လုံး ချိတ် တစ်ဆက်တည်းဂါဝန်ပျော့ဆိုတော့ ကိုယ်ပေါ်မှာ ပိုကပ်ပြီး ပို၍ တုန်ခါနေ၏။ ဟိုက်ထားသည့်ရင်ဘတ်မှာ ကကြီးပုံမို့ ရဲရဲမကြည့်ဝံ့ အောင် ဖြူဝင်းတင်းပြည့်သည့် ရင်ဘတ်တစ်ပြင်လုံးက ဒီတိုင်း..။

သေချာတာတစ်ခုက ဒီအင်္ကျီပုံစံအရ သူမ၏ပခုံးအောက် ကျော ပြင်တစ်ဝိုက်မှာလည်း အကာအကွယ်မဲ့လွင်ပြင် ဖြစ်နေလိမ့်မည်။

မင်းနေရာ တွန့်ကုတ်သွားသည့် မျက်ခုံးအစုံကို ပြန်ဖြေချကာ မျက်နှာလွှဲ၏။ မှော် က ပြုံးလိုက်ပြီး နှုတ်ခမ်းကို မဲ့ရွဲ့တွန့်ပစ်ကာ မျက်လုံးချင်းမဆုံဘဲ မျက်စောင်းထိုးသည်။ ပြောလိုက်စမ်းပါ "မင်း ဝတ်ထားတာ ရိုင်းလိုက်တာ" လို့..။

မပြောဘဲ မျိုသိပ်ထားလိုက်ပြီးတော့ 'ဒီမိန်းမမျိုး တော်ပါပြီ' လို့ စိတ်ပျက်ရွံ့ရှာသွားဦးမလား..။

နှစ်ခုစလုံးပဲ တစ်ခါတည်းပြောဆိုပြီး ဒီကနေ ထထွက်သွားမယ် ဆိုလည်း ဝမ်းသာလွန်းလို့ ထခုန်လိုက်ဦးမည်။

ရည်ရွယ်ခဲ့တာကိုက အဲဒီလိုဖြစ်သွားအောင်လို့..။ ဒါပေမယ့်...

"မင်း တစ်ခုခုမှာလေ..."



www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်လှည့်ကြည့်ပြီး ပြောလိုက်သည့်မျက်နှာမှာ ပြောင်းလဲမှု တစ်စုံတစ်ရာမှ မပါ..။ မှော် စိတ်တိုသလိုဖြစ်သွားကာ...

"ရှင့်ကို မေးနေတာ အရင်ဖြေပါ"

"ဘာတွေ ထူးခြားမှုဖြစ်နေလို့လဲ မှော်..၊ မင်းထွက်လာခါနီးတော့ ရော မင်းဒက်ဒီ မမေးဘူးလား"

ဟင်..! မှော် ကြောင်တောင်တောင် ဖြစ်သွားသည်။ ဒီအစီအစဉ် ကို ဒက်ဒီ အသိမပေးခဲ့ဘဲ ရေချိုးပြင်ဆင်နေခဲ့တာ ဖြစ်၏။

ထွက်လာခါနီးကျမှ ဒက်ဒီဆီက ဖုန်းဝင်လာပြီး မေးသည်။ 'သမီး နဲ့ မင်းနေရာ ဒီနေ့တွေ့လိုက်ကြရင် အဆင်ပြေမလား' တဲ့..။

ကိုယ်လည်း ချိန်းပြီးပြီ။ ကွယ်ဝှက်နေရမည့်ကိစ္စလည်း မဟုတ်လို့ 'တွေ့လိုက်မယ် ဒက်ဒီ' လို့ သူမ ပြန်ဖြေခဲ့သည်။ မင်းနေရာ က မှော့် မျက်နှာလေးကိုကြည့်၍...

"မင်းဒက်ဒီက မေးလို့ ဒီနေ့ တွေ့ဖြစ်မယ်လို့ ကိုယ် ပြောခဲ့တာ၊ ဘာဖြစ်လို့လဲ..."

မေးမိတဲ့ ကိုယ်ကပဲ အပြစ်ပြုမိသလိုလို မှော့် ပါးပြင်လေးတွေ ဒေါသရှိန်နှင့် နီတီတီအရိပ်တွေ စတင်ဖြစ်ခဲ့သည်။

"အခု ရှင် ရောက်လာတာ..."

"သုံးဆယ့်ငါးမိနစ် ရှိသွားပြီ၊ ကိုယ် တစ်နာရီလောက်ပဲ အချိန်ရ တယ်လို့ မင်းကို ပြောပြီးသား၊ နောက်ထပ် နှစ်ဆယ့်ငါးမိနစ်အတွင်း မင်း ကြိုက်တာ ပြောလို့ရတယ်"

"ရှင် ကျွန်မအကြောင်း တော်တော်လေ့လာထားပုံ ရတယ်၊ ဘာလဲ..၊ ရှင့်ကိုယ်ရှင် ထူးခြားတဲ့ယောကျ်ားတစ်ယောက်ပုံစံဖမ်းပြီး စိတ်ဝင်စားမှုတွေ ရယူချင်တာလား"

သူက ပြုံးလိုက်သလိုလို ရီဝေသည့်မျက်ဝန်းတွေမှာ ရယ်မြူးနိုင်





တို့ စွက်လျက်..။

"လိုလို့လား မှော်..၊ ခုချိန်မှာ မင်းကို အချိန်မရွေး ပိုင်ဆိုင်ခွင့် ရှိနေပြီးတဲ့ ကိုယ့်ဘက်က မင်း စိတ်ဝင်စားဖို့တွေ တန်းစီတွေးပြီး အချိန်ကုန်ခံနေဖို့ လိုသလား"

မှော့် မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

"သိပ်သေချာနေရင် ဒီကို ဘာဖြစ်လို့ လာတာလဲ"

"မင်းက ကိုယ်ယူမယ့်မိန်းမ ဖြစ်နေလို့"

"ရှင့်ကို ကျွန်မ လက်မထပ်နိုင်ဘူး"

"မင်းဒက်ဒီကို ပြောလေ..၊ ကိုယ်ကတော့ မင်း ကိုယ်ရှေ့ကို ရောက်လာတဲ့အချိန်ဟာ လက်ထပ်ဖို့ သဘောတူ၊မတူ မေးမြန်းဖို့ မဟုတ်ဘူး၊ ကိုယ့်ဘက်က ဝတ္တရားရှိတဲ့အတိုင်း မင်္ဂလာပွဲအတွက် မင်းဘက်က ဖြစ်ချင်တဲ့အတိုင်း အားလုံးပြည့်စုံအောင် ဖန်တီးပေးဖို့.."

"ရှင် ဘာဖြစ်လို့ ဒီလောက်တောင် လက်ထပ်ဖြစ်ဖို့ ကြိုးစားချင် တာလဲ မင်းနေရာ"

"မင်းကို လိုချင်လို့.."

"ကျွန်မက မလိုချင်ဘူးလို့ ဒီလောက်ပြောနေတာ..."

"ကိုယ့်ဘက်က အသိအမှတ်မပြုဘူးလို့ ပြောပြီးပြီလေ"

"ဇာတ်လမ်းတွေထဲကလို ကျွန်မကို ရှင်က ယောကျ်ားထုဘက်က နေ ပညာပြန်ပေးချင်လို့ ကြိုးစားနေတာလား"

"ယောကျ်ားတွေ ဘာဖြစ်နေကြသလဲ ကိုယ် စိတ်မဝင်စားပါဘူး၊ စိတ်ဝင်စားတာ မင်းကိုပဲ"

"သိပါတယ်..၊ လှတဲ့မိန်းမတစ်ယောက်မြင်ရင် စိတ်မဝင်စားတဲ့ ယောကျ်ား မရှိဘူး၊ ရှင်လဲ ကျွန်မလှလို့ အသည်းအသန် ဖြစ်နေတာ မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အသည်းအသန်တော့ မဟုတ်ဘူးထင်တယ်၊ ဒါပေမယ့် မင်းကို မြင်မြင်ချင်း သဘောကျသွားတာတော့ အမှန်ပဲ၊ နောက်ထပ် ဦးသုဝေရဲ့သမီး ဖြစ်နေမှန်းသိတော့ ကိုယ် လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ မိန်းကလေး ဖြစ်နေတဲ့အတွက် လုံးဝ ရမှ ဖြစ်မယ်ဆိုတာ ကိုယ့်ဘာသာ အတည်ပြုခဲ့တာ.."

ထိုညက တွေ့ဆုံမှုကို ပြန်သတိရကာ မှော် က မျက်မှောင်ကြုတ်နှင့် စိုက်ကြည့်၏။ သူကတော့ ပြုံးလိုက်ပြီး...

"မင်း ထင်နေသလို မင်းအဖေက သူ့သမီးအကြောင်းတွေ ပြောပြပြီး ကိုယ့်ကို လက်ထပ်ယူပါလို့ တိုက်တွန်းခဲ့တာ မဟုတ်ဘူး၊ မင်းအကြောင်းတွေကြားပြီး စိတ်ဝင်စားလို့ လက်ထပ်ဖို့ဖြစ်လာအောင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားခဲ့တာ၊ အဲဒီအချိန်ထိ မင်းကို မမြင်ဖူးသေးဘူး"

မှော် ဘာမှမမေးဘဲ နားထောင်နေခဲ့၏။

"မြင်ဖူးသွားတော့ သေချာအောင် ကိုယ် ထပ်ပြောခဲ့တယ်၊ တစ်ခုကို ရယူချင်ပြီဆို စိုက်ထုတ်မှုတစ်ခုခုတော့ ရှိရတာပဲ၊ မင်း အမြင်ကတ်နေတဲ့အထာတွေ ကိုယ့်မှာ မရှိဘူးဆိုတာ ပြောပြတာ..."

"ဒါပေမယ့် ရှင့်ကို ကျွန်မက လက်ထပ်ဖို့ထိ ဘယ်တုန်းကမှ စဉ်းစားခဲ့တာ မဟုတ်ဘူး၊ ကိုယ့်အမှန်တရားနဲ့ကိုယ် ပျော်မွေ့ချင်တဲ့ ကျွန်မနဲ့ ဒီဂရီ ဂုဏ်ဒြပ်တစ်သီကြီးနဲ့ ကောင်းကင်မှာလွင့်နေတဲ့ ရှင်၊ ဘယ်လိုလုပ် လက်ထပ်မလဲ..၊ နေရာတကာမှာ တော်နေပြီး ဒီနေရာကျမှ ညံ့လိုက်တာလို့ ရှင့်ကို လူတွေကဲ့ရဲ့ကြမှာပဲ၊ ရှင် ကိုယ့်ဘာသာ ရှောင်ရှားလိုက်ရင် ဒီပွဲပျက်မှာပါ၊ ကျွန်မနဲ့ဒက်ဒီ့ကြားက ရှောင်လွှဲမရတဲ့ ကတိကဝတ်တွေကိုသိလို့ လက်ထပ်ဖြစ်ရင် ပြီးရောသဘောနဲ့ဆိုရင်တော့ ရှင် နောင်တအကြီးအကျယ် ရမှာ..၊ အဲဒါ သိလား"

မင်းနေရာ က ဒီတိုင်းရှိနေသည့် နာနတ်ဖျော်ရည်ဖန်ခွက်ကို





ဘေးရွှေ့လိုက်ပြီး လက်တစ်ဖက် တင်၏။ ပြီးတော့ မှော့် ကိုကြည့်၍...

"ကိုယ့်အတွက် ပူနေတာလား"

သူ့မေးပုံက အေးဆေးလွန်းသဖြင့် မှော် ရုတ်တရက် စကားမပြန်နိုင်..။ သူက ဘာမှမပြောဘဲ မှော့် မျက်နှာလေးကနေ ဖွေးနုသည့် ရင်ဘတ်လှလှလေးဆီ အကြည့်တွေရှုံးစိုက်သွားတာ နောက်ထပ် နေရာမရွေ့..။

ဒေါသက ထောင်းခနဲ ဖြစ်သွားကာ မှော့် ကိုယ်လေး မသိမသာ တောင့်သွား၏။

"ရှင် ဘာကြည့်တာလဲ.."

"ဟင်!..."

သူက မှော် မပြောအပ်တာကို ပြောလိုက်လို့ အံ့ဩသွားသလို မျက်ခုံးပင့်ကြည့်၏။

"ကြည့်စေချင်လို့ ဖော်ထားတာ မဟုတ်ဘူးလား..၊ မင်း ဝတ်လာရကျိုးနပ်အောင် ကြည့်ပေးတာပါ"

"ဘာ!..."

"မင်း ဘာဝတ်ဝတ် လှပါတယ်၊ မြင်ရတဲ့နေရာကစပြီး မမြင်နိုင်တဲ့ အလှအပတွေအထိ တစ်ထိုင်တည်း စိတ်ဝင်စားသွားအောင် ဆွဲညို့တာမျိုး..."

သူ ပခုံးတွန့်ပြုံးပြီး မျက်နှာလွှဲပစ်လိုက်ပုံက လူကို မသတီစရာတစ်ခုလို..။ ပါးရိုက်ချလိုက်ဖို့ ဖျင်းခနဲ ဖြစ်သွားသည့်လက်ဖဝါးကို ဖိဆုပ်ထားလိုက်၍...

"ရှင့်လောက် ရွံစရာကောင်းတဲ့ မျက်လုံးမျိုးနဲ့ ဘယ်သတ္တဝါကမှ မကြည့်ခဲ့ဘူး"

သူ ဖျတ်ခနဲ ပြန်လှည့်၍...



www.burmeseclassic.com

www.burmeseclassic.com



"မင်း မကြည့်လို့ မမြင်တာပါ၊ အခု ကိုယ့်ရှေ့မှာ မင်းထိုင်တော့ ကိုယ့်မျက်လုံးတွေကို မင်း မြင်တယ်လေ၊ မင်း မမြင်တဲ့ အရပ် လေး မျက်နှာမှာ မင်းရဲ့အလှအပတွေ ပြိုးပြက်လက်နေတာ ဘယ်သူမှ စိတ် မဝင်စားဘူးလို့ မင်း ထင်လား…"

နီရဲနေသည့် မှော့် မျက်နှာလေးကို သူကလည်း ဂရုမစိုက်စွာ စူးစိုက်လျက်…

"မိန်းကလေးတွေ အဲဒီလို မပေါ့တပေါ်ဝတ်ပြီး လမ်းလျှောက် သွားတဲ့အခါ ကြည့်တဲ့ယောကျ်ားတွေရဲ့မျက်လုံးတွေကို မျက်လုံးရိုင်းလို့ ဘာကြောင့်ခေါ်ကြသလဲ သိလား‥"

မေးပြီး မှော် ဖြေတာကို စောင့်တာလည်း မဟုတ်ဘဲ…

"အကြည့်တစ်ချက်ရဲ့နောက်မှာ အဲဒီမိန်းကလေးရဲ့ တစ်ကိုယ်လုံး က အလှအပတွေကို စိတ်ခံစားမှုနဲ့ လိုသလို ဖြစ်ပျက်ရှုကြတယ်"

မှော့် မျက်နှာလေးကိုကြည့်၍ သူက ကျေနပ်စွာ ပြုံးလိုက်သေးသည်။

"မိန်းကလေးရဲ့ ဝတ်စားဆင်ယင်မှုအတိုင်း သူတို့စိတ်မှာ လှုပ် ရှားသွားသလောက်…"

"ဟုတ်တယ်‥၊ လှုပ်ရှားသွားပါစေ၊ သူတို့စိတ်မှာ ဖြစ်သွား သလောက်လဲ ကြိုက်သလို စိတ်ကူးယဉ်ကြပါစေ၊ ကျွန်မက အဲဒီလို Sexy ဖြစ်ချင်တာလေ‥၊ ဒီလိုမိန်းမမျိုးကြောင့် ရှင် မျက်နှာငယ် အရှက် ရမှာတွေ အများကြီး လာတော့မှာ၊ တမင်တကာ ဝတ်မှု၊ သွားမှုတွေ ဖြစ်လာဦးမှာမို့လို့ ရှင့်သိက္ခာတွေ မြောင်းထဲရောက်ကျန်မှာလဲ ရှိတယ်၊ ဘယ်လိုလုပ်မလဲ…"

မင်းနေရာ က ခေါင်းတညိတ်ညိတ်နှင့် သူမကို စိုက်ကြည့်နေ လျက်…

"လုပ်လေ‥၊ ဝတ်လစ်စလစ်နဲ့ မင်း လမ်းထွက်လျှောက်ရင်လဲ





ရတာပဲ၊ လူလိုသူလိုနေမှ လူကောင်းသူကောင်းဖြစ်မှာ‥၊ အရူးလိုနေ တော့ အရူးပေါ့၊ မိဘနဲ့နေတုန်းမှ မလိမ္မာခဲ့ရင် မိဘမနိုင်တဲ့သမီး၊ အိမ်ထောင်ပြုပြီးမှ မိုက်နေသေးရင် မင်း ဘယ်လိုမိန်းမမျိုးဖြစ်သွားမလဲ၊ ဘယ်လိုဂုဏ်ထူးတွေ ထပ်ရလာမလဲ"

"ရှင်နဲ့ အမြဲတမ်း ပဋိပက္ခဖြစ်နေရဖို့အတွက် ကျွန်မ ဘာမှ ဂရုမစိုက်ဘူးဆိုရင်ရော…"

"ဒါက မင်းအခွင့်အရေးပဲ၊ ပြောရမယ့်အတိုင်းအတာရှိလို့ ကိုယ် ပြောပြပြီးပြီ၊ နောက်ထပ် ဒီလိုဝတ်စားဖို့၊ ဒီ့ထက်ဆိုးရွားအောင် လုပ်ဖို့ မင်း ဘယ်လိုကြိုးစားကြိုးစား ကိုယ် ဂရုစိုက်မှာမဟုတ်ဘူး၊ ဒီလက်ထပ် ပွဲပျက်ဖို့ မင်း ကြိုးစားသမျှပေါ့"

ပြောနေရင်း နာရီ ကြည့်သည်။

"အဲဒီတော့ ကိုယ့်ဘက်က မင်းကို ရအောင်ယူဖို့တစ်ခုကလွဲပြီး နောက်ထပ်ပြောင်းဖို့ အစီအစဉ်မရှိဘူး၊ မင်းဘက်က ကြိုးစားလို့ အရာ ထင်တယ်ဆိုရင် ဒီညနေ ဖုန်းဆက်လိုက်…"

နှုတ်ဆက်တာမဟုတ်ဘဲ စကားဆုံးတာနှင့် ထရပ်လိုက်သည်။

"ရှင် ဘာလုပ်တာလဲ ဦးမင်းနေရာ…"

မှော် ဒေါသဖြစ်ဖြစ်နှင့် သူနှင့်အပြိုင် လိုက်ထ,ရပ်ကာ…

"ရှင် ပြောချင်တာတွေ ပြောလှည့်ပါလို့ ကျွန်မက ဖုန်းဆက်ထား တာလား"

နှစ်ယောက် မျက်နှာချင်းဆိုင် ရပ်လိုက်မိသလိုဖြစ်သွားလျက် သူက မှော့် ကိုကြည့်ကာ…

"မင်း ဖုန်းဆက်တာလေ‥၊ မင်းလိုချင်တဲ့အချိန် ကိုယ် ခေါင်း ညိတ်တယ်၊ မင်း သတ်မှတ်တဲ့နေရာကို အတိအကျ ရောက်ခဲ့တယ်၊ ကိုယ့်ဘက်က အများကြီးပေးထားခဲ့တာ…"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မ ပြောချင်တာတွေ မပြီးသေးဘူး"

"မင်း လက်မထပ်ချင်တာတွေ ဘယ်နှစ်ခေါက် ရွတ်နေချင်လို့လဲ၊ နားမထောင်ချင်လို့ မဟုတ်ဘူးနော်··၊ ကိုယ့်မှာ အချိန်တွေ အဲဒီလောက် မပေါဘူး၊ ပြီးတော့ တွက်နည်းတွေ ဘယ်လောက်များနေနေ ကိုယ့်ဘက်မှာ အဖြေက တစ်ခုပဲရှိတယ်၊ မထူးတာတွေအတွက် အလုပ်ရှုပ်မခံချင်ဘူး"

မင်းနေရာ က သူ့စကားကို သူ အဆုံးသတ်ပြီး ထုတ်ယူလိုက်သည့်ပိုက်ဆံကို စားပွဲပေါ်မှာ ချထားခဲ့၏။

မှော် လက်သီးလေးဆုပ်ပစ်ကာ အကျဲဆုံး ခြေလှမ်းများနှင့် ကားပေါ်တက်လိုက်သည်။ အစကတည်းက သူ့ကားရှေ့မှာ ရပ်ပစ်ခဲ့သည့်မို့ ကားကို ဘက်ခ်ဂီယာချိန်းလိုက်ပြီး···

"ဂျိမ်း···"

ပရာဒိုကြီး၏မျက်နှာနှင့် ပါဂျရို၏နောက်ပိုင်း မိတ်ဆက်သွားသည်။ မင်းနေရာ ဘယ်လိုဖြစ်သွားသည်ကို မသိပေမယ့် မှော် မျက်နှာလေးမော့၍ ရယ်ပစ်လိုက်၏။

နောက်ထပ် အပျက်အစီးတွေဖြစ်ဖို့ ရှိသေးတယ် မင်းနေရာ··။ တခြားမှာ မဟုတ်ဘူး ရှင့်ရင်ဘတ်ထဲမှာ··။





## အခန်း [ ၁၅ ]

"ဒီလောက်တောင် ဘာနဲ့ တိုက်မိတာလဲ သမီး၊ ဟိုဘက်ကကား ဘာဖြစ်သွားသလဲ၊ လူရော ဘာဖြစ်သွားသေးလဲ"

ဒက်ဒီ ဘော်ဒီရုံထိလိုက်လာပြီး ဆူသည်။ ကိုယ့်သမီး ကျန်းမာပါရဲ့လားလို့ မေးဖော်မရဘဲ ဟိုဘက်ကကားကိုပဲ စိုးရိမ်နေသေးသည်။

မင်းနေရာ ရဲ့ကားကြီး သွားပြီ··လို့များ ပြောချလိုက်ရင် ဒက်ဒီ ဘာဖြစ်သွားမည်မသိ··။ မှော် ကွာစေ့စားမပျက်ဘဲ ရုပုတ်ပုတ်လေး မော့ကြည့်တာကို ကြည့်ကာ ဦးသုဝေ ဒေါသဖြစ်ရခက်··၊ ချော့မော့ရခက်··။

တစ်နေရာမှာ ပြဿနာကြီးငယ်ဖြစ်ခဲ့ပြီး ကိုယ့်သမီးလေးကို ဝိုင်းဝန်းလက်ညှိုးထိုး ပြောဆိုလိုက်ကြသလားလို့ပါ··။

သူများကားက ဝင်တိုက်တာထက် ကိုယ့်သမီးက ပြန်ဆုတ်ရင်း ချိတ်မိတာပဲ ဖြစ်နိုင်တာမို့ ဒီပြဿနာကို ဘယ်လိုရှင်းခဲ့သလဲဆိုတာ သိချင်သည်။

"သမီး ဒက်ဒီ မေးတာ ကြားလား၊ ဟိုကား ဘာဖြစ်သွားသေးလဲလို့···"

"ဒက်ဒီကလဲ ကိုယ့်သမီးအတွက်တော့ မပူဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ဒက်ဒီ့ရှေ့မှာ မုန့်စားနေတာ ပူစရာမှမလိုတာ၊ ပြဿနာ ကျန်ခဲ့ရင် ဒက်ဒီ လိုက်ရှင်းရမှာလေ၊ အဲဒါကို ပြော…"

"ပြီးရော…"

မှော် က ဖုန်းနံပါတ်တစ်ခုကို ခေါ်လိုက်ပြီး ဟိုဘက်က ကိုင်လိုက်ပြီးမှ ဦးသုဝေ ကို လှမ်းပေးကာ…

"အဲဒါ ကားပိုင်ရှင်ပဲ"

ဦးသုဝေ ကပျာကယာ ယူနားထောင်လိုက်သည်။ မှော် က နောက်ဆက်တွဲ ဆူပူသံများကလွတ်အောင် နေရာမှ ထလာခဲ့ပြီး ထုနေ၊ မှုတ်နေကြသည့် ဘော်ဒီရုံဘက်ကို ဝင်ခဲ့သည်။

အတော်လှမ်းလှမ်းကျမှ ပြန်ငဲ့ကြည့်လိုက်တော့ ဒက်ဒီ့မျက်နှာကြီးက လည်ပင်းညှစ်ခံထားရသလိုဖြစ်လျက် မျက်လုံးကြီးတွေက မှော့်ဆီမှာ‥။

သိပ်မကြာလိုက်ခင် အနားရောက်လာပြီး ဒက်ဒီက မှော့် လက်ကလေးကို ဆွဲခေါ်ထုတ်ကာ…

"သမီး ဒက်ဒီ့ကားမောင်းပြီး ပြန်တော့…"

မှော့် ကိုဆူတာ မဟုတ်ဘဲ မျက်နှာကတော့ သုန်မှုန်နေဆဲနှင့်…

"ရုံးက ကားကိုပဲ လှမ်းခေါ်လိုက်တော့မယ်၊ ရောက်မလာခင် ခဏတော့ စောင့်ရမှာပဲ"

"ဒက်ဒီ့ဘာသာ ပြန်ပါ၊ သမီးက တက္ကစီဖြစ်ဖြစ်၊ လိုင်းကားဖြစ်ဖြစ် စီးပြီး သွားတတ်တယ်"

နောက်ထပ် မျက်လုံးကြီးတစ်ချက် ဝင်းခနဲ ကျရောက်လာသည်။ ဒါပေမယ့် အိမ်မှာတောင် ဘယ်လောက်ဒေါသဖြစ်ဖြစ် ညင်သာစွာ ပေါက်ကွဲခြင်းသာဖြစ်တတ်သော ဒက်ဒီ့မျက်နှာမှာ ပြင်းထန်သည့် တင်းမာခြင်းတွေ မဖြစ်‥။





"အေး…၊ ဒက်ဒီ့ကွယ်ရာမှာ သမီး လုပ်နေကျတွေ ရှိခဲ့ရင်လဲ ဒက်ဒီ့ရှေ့မှာတော့ ကိုယ့်အဆင့်အတန်းနဲ့ကိုယ် သေသေသပ်သပ် နေထိုင်သွားလာတာပဲ လိုချင်တယ်"

ဦးသုဝေ က မှော့် ကို ကားသော့လှမ်းပေးသည်။ မှော် က ယူလိုက်ပြီး…

"သမီးက ဒက်ဒီ ဒီမှာ ကျန်ခဲ့ရမှာစိုးလို့ပါ"

"ဒက်ဒီက မလိုပါဘူး"

မှော် ခေါင်းညိတ်ပြီး လှည့်ထွက်လာခဲ့သည်။ ကားကို ဘော်ဒီရုံမှာ ထားခဲ့ပြီး ပြန်ဖို့ပေမယ့် ပြန်သွားလည်း ဒက်ဒီ သိမှာပဲမို့ ဖုန်းဆက်ပြောလိုက်တာ ဖြစ်၏။

ပြီးတော့မှ ဘော်ဒီရုံမှာ ကားတွေထပ်နေသဖြင့် ကိုယ့်ကားကို ထားခဲ့ရမှာလည်း စိတ်မချတာကြောင့် ဖုန်းဆက်ပြီးမှ မပြန်ဖြစ်တော့ပေ‥။

ဒက်ဒီ ချက်ချင်းကြီး ရောက်လာမယ်လို့လဲ မထင်ခဲ့တာ အမှန်။ ဟိုလူက ဖုန်းထဲမှာ ဘာတွေပြောလိုက်သလဲ‥။

ကားမောင်းထွက်လာရင်း နောက်ထပ် ဖြစ်လာသည့်စိတ်ကူးက မင်းနေရာ ဆီ ရောက်သွား၏။ ထိုအခါ အနက်ရောင်လက်ရှည်ခါးတို ဂျက်ကက်လေးထပ်ဝတ်ထားသည့် ကိုယ့်ပုံစံကို မျက်လုံးပြန်ဝေ့သွားသည်။

ဒီလူ့ရှေ့ကို သွားတော့မယ်ဆိုမှ ဂျက်ကက်ကို တမင်ချွတ်ပစ်ခဲ့တာမို့ ဒါကိုမြင်လိုက်တာနှင့် သူ့မျက်နှာ ပျက်သွားတာကိုလည်း မှော် သေချာသိခဲ့သည်။

မင်းနေရာ ဆိုသည့်လူ ရင်ထဲမှာ ဘယ်လိုစေတသိက်တွေ ရှိနေသလဲ‥။ မှော် နဲ့ပတ်သက်ပြီး ဘယ်လို ခရီးဆက်ဖို့ ချိတက်နေတာလဲ၊ မခံချင်ဒေါသတွေနှင့် ယှဉ်တွဲလျက်‥။ ခေါင်းထဲမှာ မင်္ဂလာကိစ္စကပဲ ကြီးစိုးလာခဲ့၏။



www.burmeseclassic.com

ဒီကိစ္စကြောင့် မင်းနေရာ ဆိုတာကလည်း အတွေးထဲက မထွက်နိုင်..။ ဒေါသဖြစ်အောင် တမင်တကာ တိုက်ခိုက် စိန်ခေါ်တော့လည်း မပါ..။ စိတ်ပျက်စရာတွေ လုပ်ပြတာလည်း ဂရုမစိုက်သလို ဟန်ဆောင်သည်။ ထို့ပြင် နောက်ထပ် ကြိုက်သလို နေလိုက်ပါဆိုသော စိန်ခေါ်သည့်စကားတွေ၊ မဲ့ပြုံးတွေနှင့်..။

ဒီလူ မရိုးသားစွာ ချဉ်းကပ်ခြင်းဟု သတ်မှတ်နိုင်စရာအချက်တွေ ဖြစ်လာသမျှ လက်ထပ်ဖို့ကလည်း ပိုမို နီးစပ်လာခဲ့၏။ ဒက်ဒီ ဒါတွေကို အကဲမခတ်မိဘူးလား..။ စိတ်က ဟိုရောက်ဒီရောက်ဖြစ်နေစဉ် ဖုန်းသံကြောင့် လက်တစ်ဖက်က ထုတ်ဖွင့်လိုက်ရ သည်။

"ဟလို..."

"အသည်းစားမိန်းမရိုင်း ကွန်ကရက်ကျူလေးရှင်ပါဗျာ"

မှော် မျက်မှောင်ကြုတ်သွားသည်။ ဖုန်းထဲမှာ ဘယ်သူ့အသံဆိုတာကို ခွဲခြားလို့မရ။ ကားကို မီးပွိုင့်စောင့်ရင်း ခဏရပ်လိုက်ကာ...

"ဘယ်သူလဲ..."

"တစ်ယောက်ယောက်လို့ပဲ မှတ်လိုက်ပါ၊ နာမည်ပြောရင်တောင် မင်း မှတ်မိဖို့က မသေချာဘူးလေ၊ ဘောင်ချာအဟောင်းတွေ သိမ်းတတ်တဲ့အကျင့် မရှိတာ တို့ သိပါတယ်"

"ဘာကိစ္စလဲ..."

"လက်ထပ်တော့မယ်ဆိုလို့ မင်းရဲ့သတို့သားလောင်းကို စိတ်ဝင်စားပြီး ပတ်ရှာနေတာ"

"ခု သိပြီလား"

"ဟွန်း... မင်း တော်ပါတယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်၊ ဘာမှန်းမသိလိုက်ဘဲ မင်းရှေ့မှာ တဖြုတ်ဖြုတ်ကြွေဆင်းပြီး အသည်းကွဲသွားကြတဲ့ ကိုယ်တို့လိုကောင်တွေလို သူက ညံ့မှာမဟုတ်ဘူး"





မှော် ဘာမှမပြောဘဲ နားထောင်နေလိုက်၏။ မီးစိမ်းသွားပြီမို့ ကားကို လက်တစ်ဖက်နှင့် မောင်းထွက်လိုက်သည်။

"မင်း သိရဲ့လား၊ သူက Game developer ကွန်ပျူတာမှာလဲ Programmar"

"............"

"သတိပေးနေတာ မဟုတ်ဘူးနော်၊ မင်း ဝဋ်လည်တော့မှာကို အားရကျေနပ်နေတာ"

"ဒါဆိုလဲ အူနှိပ်ပြီး အားရပါးရ ရယ်နေလိုက်တော့.."

ဖုန်းပိတ်လိုက်သည့် မျက်လွှာတစ်ချက်အချမှာ ရှေ့မှာ ဘွားခနဲပေါ်လာသည့်အရိပ်ကြောင့် ထိတ်လန့်ကာ ဖိနင်းလိုက်မိတာက လီဗာဖြစ်နေခဲ့၏။

"ဂျိမ်း..."

"အား!..."

မှော် ခေါင်းထဲမှာ ရောင်စုံချားရဟတ်ကြီး လည်သွားတာ တဝိုးဝိုးမြည်လျက်..။

www.burmeseclassic.com



## အခန်း [ ၁၆ ]

တစ်ဖက်က တိုးရစ်တွေပါသည့် အဖြူရောင်တောင်းအေ့စ် ဖြစ်သည်။ နှစ်စီးစလုံး ရှေ့တစ်ပိုင်းလုံး စုတ်ပြတ်သွားကာ မော့် ကတော့ ခေါင်းမှာ ဒဏ်ရာရခဲ့ပြီး တခြား အကြီးအကျယ် ဘာမှမဖြစ်ခဲ့ပေ..။

တစ်ဖက်ကားမှာ တိုးရစ်တွေမို့ ဘာတွေဘယ်လို ဖြစ်ကုန်မှန်း မသိပေမယ့် ပြဿနာက ရှင်းဖို့ခက်လိမ့်မည်။ ထို့ပြင်...

ယာဉ်စည်းကမ်းအရ လမ်းကြောင်းမှားခဲ့တာကလည်း မော့် ပဲ ဖြစ်နေရာ...

"ကျွတ်!..."

မော့် ဘေးမှာ ပြိုကျတော့မယ့်မိုးလို မျက်နှာကြီးနှင့် ရှိနေလျက် ကျွတ်ခနဲ စိတ်ပျက်သလို အသံထွက်သွားပြီးမှ သတိရသွားသလို ဒက်ဒီ လှည့်ကြည့်သည်။ မျက်နှာကို အနည်းဆုံး စက္ကန့်ပိုင်းအတွင်း ပြင်ဆင် လျော့ချ၍ ပြုံးလို့မရဘဲ ပြုံးဖို့ ကြိုးစားကာ...

"သမီးကို မဟုတ်ဘူး၊ သမီး သက်သက်သာသာနေ..."

ဟု ဖုံးဖုံးဖိဖိပြောသည်။ ပြီးတော့ ဖုန်းဆက်မလို့ထုတ်လိုက်စဉ်...

"ဟော... မောင်မင်းနေ..."





မင်းနေရာ ဝင်လာတာကို ဝမ်းသာအားရကြီးဖြစ်သွားပြီး ရှေ့တိုး လျှောက်လိုက်ကာ...

"ပြောပါဦး...၊ အခြေအနေ ဘယ်လိုတဲ့လဲ"

"အသက်အန္တရာယ်တော့ မဖြစ်ကြဘူး အန်ကယ်၊ နှစ်ယောက်က တော့ ခေါင်းကိုထိတာ နည်းနည်းပြင်းတယ်"

မင်းနေရာ က ဖြေနေရင်း မော့် ကို လှမ်းကြည့်၏။ မော့် က မျက်နှာလွှဲပစ်လိုက်ပြီး တစ်ဖက်ကို စောင်းနေလိုက်၏။

သူမ ပထမဆုံး သတိရလာတော့ ဆေးရုံပေါ်ကို ရောက်နေပြီဖြစ် ကာ ဘေးမှာ ဒက်ဒီ ဖုန်းဆက်နေတာ မင်းနေရာ ဆီကို ဖြစ်၏။

"အားတော့နာပါတယ်ကွာ..၊ ဒါပေမယ့် အန်ကယ် ပူထူပြီး ဘာလုပ်ရမှန်းကို မသိတော့ဘူး၊ သမီးကလဲ ဒဏ်ရာရထားတော့ မထား ခဲ့နိုင်ဘူး၊ မင်း ခဏဖြစ်ဖြစ် လာပေးပါ"

ဟု အကူအညီတောင်းရင်း အက်ဆီးဒင့်ဖြစ်ပုံကိုပါ ပြောပြနေ သည်။ မင်းနေရာ က ချက်ချင်း ရောက်မလာဘဲ ဖုန်းပြန်ဆက်ပြီး သတင်းပို့တာလည်း မော့် ကြားနေရ၏။

ဟိုဘက်က ကားနှင့် လူနာကိစ္စကို သူ ဖြေရှင်းနေတာ ဖြစ်သည်။ ဒက်ဒီ့ကို ကျေးဇူးတင်ရင်း တောင်းပန်မိပေမယ့် သူ့ကိုတော့ မြင်တာနှင့် ဒေါသထွက်၏။

သူ့ကားကို တိုက်ချပစ်လိုက်သည့်နေ့မှာပဲ မော့် ကား ဒီလိုဖြစ်ခဲ့ရ သည့်အတွက် ရှက်လည်း ရှက်သည်။ အဲဒီမျက်နှာကြီးကိုလည်း မမြင် လိုပေ..။ သူ့ဟာသူ စေတနာနှင့်ဖြစ်ဖြစ် ရင်ထဲက ဘာတွေနဲ့ပဲလာလာ မော့် စိတ်ထဲမှာ အကောင်းမြင်လို့ကိုမရဘဲ ဖြစ်နေ၏။

"တော်တော် အရသာရှိသွားလား"

ဟင်!...



www.burmeseclassic.com

www.burmeseclassic.com



တွေးနေတုန်း အနားမှာ ကပ်လျက်ကြီး ပေါ်လာသဖြင့် မှော့် မျက်နှာ တင်းသွားသည်။ သူက အဖြူအနက်ကွက် ရှပ်အင်္ကျီလက်တို နှင့် ဘောင်းဘီရှည်အဖြူကို ဝတ်ထားကာ ဟိုအရင်ပုံစံ နောက်ကျော ကြီးဖောင်းနေတတ်သော ဂျာကင်အနက်ကြီးနှင့်။ မိုးရာသီမှာ ဒီလို ဂျာကင်နှင့်ဆို ဘယ်သွားသွား ထီးဆောင်းထားဖို့တောင် မလို..။

မှော် က သူ့ကို မျက်လုံးစွေကြည့်ပြီးမှ ပက်လက်ပြန်လှန်လဲလိုက် ပြီး တည့်တည့်ကြည့်၏။

"ယောကျ်ားဖြစ်ပြီး ထေ့ဖို့ငေါ့ဖို့လဲ ရှင် တတ်တာပဲလား"

"မင်းနဲ့ တွေ့မှပါ..."

"ကျွန်မက သူများ တမင်တကာ ဒုက္ခပေးသွားလို့ ခံလိုက်ရတာ မဟုတ်ဘူး၊ မတော်တဆဖြစ်သွားတာ၊ ကိုယ်ညံ့လို့ ကိုယ်ခံရတာကို များ၊ ဟွန်း.."

မှော် နှုတ်ခမ်းလေးမဲ့သွားတာကို သူက စိုက်ကြည့်နေသည်။ သူမ၏ အမှတ်တမဲ့အမူအရာလေးမှာ ပြောဖို့စကားတွေကို ရုတ်တရက် မေ့လျော့သွားတာမျိုးဖြစ်လျက်..။ ပြီးတော့မှ ဖြုံးကာ...

"ကိုယ် မင်းကို ထေ့ငေါ့ချင်လို့ မဟုတ်ဘူးကွ၊ တကယ် စိုးရိမ် သွားတာ..."

"ဘီလူးငိုတာ မြင်ရသလိုပဲ"

သူက မှော့် ဆံနွယ်လေးတွေ ခေါင်းအုံးပေါ်မှာ ဖရိုဖရဲပြန့်ကျနေ တာကိုပါ ငေးကြည့်၍...

"ကိုယ်က မင်း ဘာလုပ်လုပ် ခွင့်လွှတ်မယ့်သူပါ၊ သူတို့ကတော့ မင်းကို အပြစ်ပေးချင်နေကြတယ်"

မှော့် မျက်ဝန်းလေးတွေ ငြိမ်သက်သွား၏။ ပြဿနာအတွက် စိုးရိမ်စိတ်လေးတော့ ရှိနေဆဲ..။





ထိုစဉ် ဟိုဘက်လှဲလိုက်၊ ဒီဘက်လှည့်လိုက်နှင့် လှုပ်ရှားလွန်းသည့် ခေါင်းကဒဏ်ရာကနေ တဆစ်ဆစ် နာကျင်လာ၏။

ပြီးတော့ ဒူးဆစ်က ကွေးဖို့ကြိုးစားလိုက်တိုင်း နာသည်။ တစ် ရက်ကည်းနှင့် ပြဿနာရှာပစ်လိုက်တာ နှစ်ခါမို့ ဒက်ဒီ့ကို မသိစေတော့ ဘဲ ဒီဒဏ်ရာကို ကြိတ်မှိတ်ဖုံးဖိထားခဲ့မိသည်။

"တခြား ဘယ်မှာ ထိခိုက်မိသေးလဲ" လို့ မေး၍ ဒေါက်တာတွေ သူမခြေလက်တွေကို ကွ,မ,ဆန့်ထုတ်ကြည့်စဉ်ကလည်း အသည်းခိုက် အောင်နာကာ မျက်ရည်များပင် လည်၏။

ဒါပေမယ့် ကြာလာလေ ပိုနာလေမို့ ဒီဒဏ်ရာကို ကြာကြာဖုံးဖိ ဖျောက်ကွယ်ထားနိုင်ပါ့မလားဟု စိုးရိမ်လာမိသည်။

"ကိုယ် သွားမယ်..၊ မင်း နေကောင်းရဲ့လား"

"ကောင်းတယ်"

သူ ခဏတော့ စိုးရိမ်မကင်း ကြည့်နေသေးသည်။ မှော့် မျက်နှာ လေးက တင်းနေသဖြင့်...

"တစ်ခုခု မှာစရာရှိလား.."

"မရှိဘူး"

"စားချင်တာရှိရင် ဖုန်းဆက်လိုက်လေ..၊ ကိုယ် ပို့ပေးလိုက်မယ်"

မှော် ဘာမှပြန်မပြောဘဲ နေလိုက်၏။ သူ့ကို မပြောချင်တာရော ခေါင်းက အရမ်းနာနေတာရော..၊ ဖြစ်နိုင်လျှင် နာလိုက်တာလို့ စိတ်ရှိ လက်ရှိ အော်ချင်နေသည်။

သူ ထွက်သွားမှ ရှုံ့မဲ့ညည်းညူမိသည်။ အသံထွက်သွားပြီးမှ မျက်လုံးဖွင့်ကြည့်တော့ တော်သေးသည်။ ဒက်ဒီ အနားမှာမရှိ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၀၇ ]

ဖိတ်စာကို ဖန်ခွက်မှာ မှေးထောင်ထားကာ ရူးစိုက်ကြည့်နေသည့် သူ့မျက်လုံးတွေက မှေးစင်းသွားလိုက်၊ ပြေပြစ်ခြင်းကို ဖြစ်စေလိုက်..။

ခပ်ဖိဖိစေ့၍ အံကြိတ်ထားသည့် နှုတ်ခမ်းဖျားမှာ စီးကရက်က ခဏတစ်ဖြုတ်ပဲ အလည်အပတ်ရောက်တတ်ခဲ့ပြီး တွဲလွဲချထားသည့် လက်ကြားမှာပဲ တငွေ့ငွေ့ ကုန်ဆုံးခြင်းသို့ ရောက်၏။

ထိုစဉ် ဘေးမှာရှိနေသည့် ဟန်းဖုန်းစကရင်လေး ဖျတ်ခနဲ လင်းသွားကာ သံစဉ်လေးတွေ မြည်လာသည်။ သူ ကောက်ကိုင်လိုက်၏။

"ဟလို..."

"ချစ်ဖူး..၊ မင်း အသည်းကွဲနေပြီလား"

"အဖျားခတ်ရုံလောက်ပါ"

"ဒီတိုင်းပဲလေ..၊ ..က နင့်ကျန်ရစ်အောင် လုပ်ခဲ့တာတော့ မရှိဘူး၊ ဒါပေမယ့် ခံရခက်တယ်"

"ဘာကိစ္စလဲ"

"ငါပို့လိုက်တဲ့ဖိတ်စာ ရလား..."

"အင်း..."





"အဲဒါ စင်ကာပူမိတ်နော်..၊ အမေရိကား၊ ဂျပန်၊ ဖိတ်စာသုံးမျိုးတောင်၊ တကယ့် ဖူးလ်ပါဝါပဲ"

"............"

"မင်းနေရာ ကျတော့ တမင် ဖြန့်ခင်းတာ မဟုတ်ဘူးကွ၊ ဒီဘဲက ကြောင်လို လက်သည်းဝှက်တဲ့ကောင်ပါ၊ ငါ အတိအကျသိတာက မှော် တမင်ရစ်နေတာတဲ့"

"ငါ ကြားပါ..ယ်၊ အဘိုးကြီးအားကိုးနဲ့ မှော့် ကို သိမ်းပိုက်သွားတာ"

"ဘာပဲဖြစ်ဖြစ် မှော့် ပါးစပ်က ပြောတဲ့အတိုင်း သူ အကုန်ဖြစ်အောင် လုပ်ပေးသွားတာ၊ ပွဲကတော့ မင်းသား၊ မင်းသမီးတွေ အချင်းချင်း ပြန်ယူကြတဲ့ပွဲထက် မသာရင်တောင် လျော့မှာ မဟုတ်ဘူး၊ မင်းနေရာ က အတိုင်းတိုင်းအပြည်ပြည်က ရပ်ဆွေရပ်မျိုးတွေပါ ဖိတ်ထားတာ၊ မင်္ဂလာပွဲအတွက်ရော၊ လုပ်ငန်းရှင်တွေ ရောက်လာကြမှာက စီးပွားရေးလိုင်းတွေရော ပါမှာပေါ့ကွာ၊ မှော် ဆိုတဲ့အတိုင်း ..င်ရာတွေ လုပ်သွားနိုင်သလို နောက်ဆုံးမှာလဲ သရဖူဆောင်းသွား..ပဲ၊ တကယ့်ကို ပုရိသတိုင်းရဲ့ရင်ထဲမှာ ထာဝရအဖြစ် နေရာယူထားနိုင်တဲ့ ဘုရင်မတစ်ပါးပဲ"

"အဲဒီမိန်းမကို အထင်ကြီးလွန်းလို့ တိုင်နဲ့ခေါင်းနဲ့ ပြေးဆောင့်သေတော့မှာလား၊ ဒါဆိုလဲ ကြိုပြော..၊ ငါ မင်းကို မှာလိုက်စရာတွေ ရှိသေးတယ်"

"ဟား... ဟား... ဒါဆိုလဲ မမှာပါနဲ့တော့ကွာ၊ မင်း မှာမယ်ဆိုတာ ငါ သိပါတယ်၊ သူ့ကို ပြောလိုက်ပါ၊ ဆယ်သက်ဆယ်ကမ္ဘာ ရှေ့စေဦးတော့ အသည်းပေါက်မတတ် ဆက်ချစ်သွားမယ်ဆိုတာ..."

ဖုန်းကိုင်ထားသည့်လက်က တင်းခနဲ ဖြစ်၏။ တန်ခိုး ပျော်..



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်မှန်း သူသိသည်။

မော် ဆိုသည့်မိန်းမနှင့်ပတ်သက်၍ ပျော်စရာ၊ ရင်ခုန်စရာတွေကို ပြန်တမ်းတပြီး မျက်ရည်ဝေကြရလောက်အောင် တနင့်တပိုး ဖြစ်ကျန်ခဲ့ရတာမျိုး မရှိ..။

အသည်းကွဲပြီး သေရပါတော့မယ်ဆိုတဲ့အဖြစ်နဲ့ မချိတရိ လွမ်းလောက်စရာတွေလည်း မကျန်ရစ်ပါ..။

ဒါပေမယ့် ပိုင်ဆိုင်ရနိုး မျှော်ကိုးရင်းနှင့် သူမအလှ၏ ခြေထောက်ရင်းမှာ တမော့မော့ငေးရင်း မေ့မူးကျန်ခဲ့ရတဲ့သူတွေ..။

သူမ အခွင့်အရေးပေးလာမယ့်သူဟာ ဒီယောက်ျားတွေထဲက ဘယ်သူဖြစ်မလဲဆိုသည့် မမြင်မစမ်း ရင်ခုန်ရှူးသွပ်ခဲ့ကြတာတွေ..။

ဒီလူတွေထဲမှာ သူက နောက်ဆုံးလား..။

လက်ချောင်းတွေမှာ အပူဟပ်လာကာမှ ငုံ့ကြည့်ဖြစ်ကာ စီးကရက်တိုကို ခွက်ထဲ ပစ်ထည့်လိုက်သည်။ စီးကရက်က ခွက်ထဲရောက်ပြီးမှ ဟိုဘက်ကို လွန်ထွက်သွားလျက် ဖိတ်စာထောင့်စွန်းမှာ မီးခိုးတလူလူနှင့် ငြိမ်သက်သွား၏။

သူ စိုက်ကြည့်နေရင်း ပြုံးသည်။ ဒါပေမယ့် အတန်ကြာ စောင့်ကြည့်တဲ့အထိ မီးစွဲလောင်မြိုက်ခြင်း မရှိတော့..။ ခုံမှာ မှီထိုင်နေရာကနေ ဖျတ်ခနဲထ၍ စီးကရက်တိုကို ယူကြည့်လိုက်၏။

ပြာတွေကပ်နေသည့် ဖိတ်စာ၏အောက်ထောင့်အစွန်းသည် ပူနေသည်မှလွဲ၍ မီးကူးထားသည့်အရာ အနည်းငယ်မျှ မထင်..။

လက်မနှင့်လက်ညှိုးထိုးကာ ပြာတွေကို တောက်ထုတ်ပစ်လိုက်တော့ ဖိတ်စာက နဂို နုံ့သာရောင်လေးအတိုင်း နုအိသစ်လွင်နေမြဲရှိ၏။

ရုတ်တရက် မီးမစွဲ၊ ရေစိုမလွယ်သော အကောင်းစားဖိတ်စာရွက်





ကို စူးစိုက်ကြည့်ရင်း ချစ်ဖူး မေးရိုးနှစ်ဖက်မှာ တင်းခနဲ ကားခနဲ ဖြစ်နေသည်။

ပြီးတော့ ခပ်ကြိတ်ကြိတ် တက်ခေါက်သံ ထွက်လျက် ဖိတ်စာကို ပြန်ပစ်ချသည်။ ကိုယ့်ရပ်ရည် အရည်အချင်းကို ယုံကြည်စိတ်များနှင့် မော့် ကို သူ အများကြီး မျှော်လင့်ထားခဲ့၏။

ဒါက ဘယ်သူမှ မသိလိုက်သော စွဲလမ်းစိတ်ဖြစ်သည်။ နီးနီးလေးကြည့်လိုက်မိတိုင်း မြင်နေရသည့် သွေးကြောမျှင်လေးတွေ ယှက်ဖြာနေသော ပါးပြင် ဝင်းနှစ်နေတာလေးကို ဖိနှစ်နမ်းချင်သည်။ ထောင့်ချိုးလေးတွေပေါ်က ထူပြည့်နုအိနေသည့် နှုတ်ခမ်းသားလေးတွေမှာ ကြာရှည်သောအနမ်းများဖြင့် တိမ်းမူးချင်သည်။

ထို့နောက် ရှည်လျားကော့ညွတ်သည့် မျက်တောင်နက်တွေ၊ မထူမပါး သွယ်လျလှပသည့် မျက်ခုံးတန်းလေးတွေ..။

ဘာကိုမှ ချန်မထားဘဲ ထိုမျက်နှာလေးတစ်ခုလုံးကိုပဲ သိမ်းပိုက်ထားခဲ့မိတာလည်း စိတ်ကူးထဲမှာပဲ အခါခါ ရူးသွပ်ခဲ့ရပြီးပြီ..။ ၁ [illegible] တစ်ယောက်တည်း ပြိုင်ရင်း နိုင်ခဲ့ပြီ။ တစ်ယောက်တည်းပဲ ကျ[illegible] ခဲ့၏။

ဒါတွေ ဒီတိုင်း ထားလိုက်ရမလား..။ ပြိုင်ဘက်မရှိ ဗိုလ်စွဲသွားသည့် မင်းနေရာ ကို မကျေနပ်နိုင်ပါ။

မော် နဲ့ပတ်သက်သည့် နှလုံးသားရပ်ဝန်းထဲမှာ မပါခဲ့ဘဲ မဆိုင်သော အရပ်မျက်နှာကနေ ပေါ်လာပြီး အသာလေး ကောက်ယူသွားခဲ့တာ မျှတရဲ့လား..။

"တကယ်ကို အသည်းကွဲနေတာပါလား ချစ်ဖူး ရာ..၊ တကယ်ပါပဲ အန်တီ ပြောတာကို မယုံလို့ ဝင်ကြည့်တာ၊ ငါ့ညီက ဖိတ်စာတစ်စောင်ရှေ့မှာ ခေါင်းငိုက်စိုက်ဖြစ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မွှေးနေပေမယ့် ပြင်းရှရှ ရေမွှေးနံ့မျိုးကို သူ မကြိုက်ပေ..။ အစ်ကိုဝမ်းကွဲတော်သည့် ဂျေမီ က ရေမွှေးနံ့ထက်နောက်ကျပြီးမှ အထဲကို ခပ်လှုပ်လှုပ် လျှောက်ဝင်လာကာ...

"ငါကတော့ မြန်မာပြည်ပြန်ရောက်တုန်း ငါတို့ညီအစ်ကိုတွေကဲမယ်၊ ပျော်မယ်လို့ တွေးထားတာ၊ ဘယ်လိုဖြစ်တာလဲ..၊ ရည်းစားမပြတ်ဘူးတာ ကျနေတာပဲ"

သူ့ပခုံးတစ်ဖက်ကို ဖိဆုပ်လိုက်ပြီး ကဲ့ရဲ့သလိုလို..၊ အားပေးသလိုလို..။

"ကျွန်တော် အသည်းကွဲနေတာ မဟုတ်ဘူး"

"ဟင်!..."

"ရည်းစားလဲ မဟုတ်သေးဘူး"

"ဩော်...မောင်ကြံရွယ်တဲ့ စံပယ်ကုံး မင်း ဘယ်လိုတုံး ဆိုတာလိုလား၊ ကိုယ် မစ,ရသေးခင် ပါသွားတာလား"

ချစ်ဖူး ငြိမ်နေတာကို ငုံ့ကြည့်ပြီး ဂျေမီ က ရယ်သည်။ ပြီးတော့ စားပွဲပေါ်ကဖိတ်စာကို မျက်လုံးတစ်ဖက်ဝှေ့ကာ...

"ဖိတ်စာက လန်နေတာပဲ..၊ ဟွန်း... ထားလိုက်စမ်းပါကွာ၊ မိန်းကလေးတွေက ဒီလိုပဲကွ၊ ရည်းစားက တစ်ကန့်၊ အိမ်ထောင်ဖက်ရှာတော့ သပ်သပ်၊ သူတို့က သူတို့ဘဝကို မြင့်သထက်မြင့်ဖို့ပဲ စဉ်းစားတယ်၊ ကိုယ်နဲ့လဲ ချစ်သေးတာမှမဟုတ်တာ၊ သူ့မှာ ရွေးချယ်ခွင့်ရှိတယ်လေ၊ ကိုယ့်စိတ်ကို ချမ်းသာအောင် မွေးစမ်းပါ၊ ထ.. အပြင်သွားမယ်"

"မဟုတ်ဘူး..၊ ကျွန်တော်နဲ့မှ မဟုတ်ဘူး၊ သူ့မှာ ချစ်သူကိုမရှိခဲ့တာ၊ ဒီလူကိုလဲ သူ ချစ်တာ မဟုတ်ဘူး"

ကိုယ်ပြောတဲ့ စကားတွေရဲ့အဓိပ္ပာယ်ကို ကိုယ်ပဲ သိသည်။

မှော် ဟာ ယောကျ်ားလေးတွေကို အနိုင်နှင့်ပိုင်းဖို့ တစ်ခုတည်း







သာ အာရုံထားလျက် နူးညံ့နွေးထွေးသည့်အချစ်မျိုး သူမ နှလုံးသားထဲမှာ ရှိမနေနိုင်ဘူးဆိုတာ ဘယ်သူ သိသိ,မသိသိ သူ သိနေသည်။

သိနေသည့်အတွက်ကြောင့် သူမအချစ်ကို ပထမဆုံး ပိုင်ဆိုင်တဲ့သူဖြစ်ဖို့ သူ အကွက်ရွှေ့နေတုန်း...

"အေးပါ..၊ လူငယ်သဘာဝတွေမှာ ဇာတ်လမ်းတွေမှ အများကြီးရှိခဲ့ကြတာပဲ၊ ငါ မင်းအသက်လောက်တုန်းကဆို ရှင်းမရတဲ့ပြဿနာတွေလဲ ဖြစ်ခဲ့ဖူးတယ်၊ ဘာဖြစ်ဖြစ် ပြီးဆုံးသွားပြီဆိုရင် ဘယ်မှာမှ အရာထင်မကျန်ခဲ့တဲ့ ဝေဒနာပါ"

အရာမထင်တဲ့ဝေဒနာကို ပျောက်အောင် ဘယ်လိုကုမလဲ..။

မေးခွန်းနှင့်အတူ လက်ခနဲ ဝင့်တက်လာသည့် မျက်လုံးတွေကို ဂျေမီ က နားလည်သလိုပြုံး၍...

"ခံရခက်ဆုံးဝေဒနာဆိုတာလဲ မှန်တာပါပဲ၊ ဒါကို ကုစားဖို့ကအချိန်ပဲ ရှိတယ်၊ ဒီဟာအစား မင်း လုပ်ရမယ့်အလုပ်တွေ၊ ဖြတ်သန်းဖို့ရှိတာတွေကို အချိန်ထဲမှာ ပစ်ထည့်ထားလိုက်ပေါ့"

"မဟုတ်ဘူး အစ်ကို၊ ကျွန်တော် အဲသလောက် မဆိုးသေးဘူး၊ အခု ဖြစ်နေတဲ့ဝေဒနာက ခံရခက်နေတာ၊ အဲဒီ မင်းနေရာ ဆိုတဲ့လူကို ပေးလိုက်ရတဲ့ ခံပြင်းစိတ်ကို ဖျောက်လို့မရနိုင်ဘူး"

"ဘာ!..."

ဂျေမီ မျက်နှာမှာ ပေါ့ပါးသည့်ရယ်မြူးခြင်းတွေ ပျောက်ဆုံးကုန်၏။ မင်းနေရာ ဟု နှုတ်ခမ်းတွေလှုပ်ရှဲ ရေရွတ်လိုက်သည့် နာမည်အဆုံး မျက်လုံးက ဖိတ်စာဆီကို နောက်တစ်ခေါက် ပြန်ရောက်၏။

ပြီးတော့ သူ စားပွဲဘေးကို တိုးလိုက်ကာ ဖိတ်စာကို ကောက်ယူလိုက်သည်။

မင်းနေရာ နှင့် မှော် ဆိုပါလား..။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနှာမည်နောက်မှာ ဘွဲ့တွေ ပါနေပေမယ့် မင်းနေရာ နာမည်နောက်မှာ ဘာမှထည့်မထားတာကို မျက်မှောင်ကြုတ်၍ အကြာကြီး ကြည့်နေမိသည်။

“သူ့ကို သိလို့လား..”

ပြောင်းလဲသွားသည့် သူ့ပုံစံကို အကဲ ခတ်မိသွားသဖြင့် ချစ်ဖူးက မေးသည်။ ဂျေမီ က ခေါင်းညိတ်၍...

“မင်းနေရာ ကို သိတယ်”

မနေ့ကမှ အမေရိကားက ရောက်လာပြီး သိတယ်ဆိုတော့ သူပိုပြီး စိတ်ဝင်စားသွား၏။

“ကျွန်တော်ကတော့ သေချာ မသိခဲ့ဘူး၊ သူက ဘာလဲ..၊ အိုင်တီပညာရှင်လား”

“ဟုတ်တယ်..၊ အများကြီးကို ရှိသေးတယ်၊ ဒီဖိတ်စာပေါ်မှာ ဘာမှထည့်မထားတာ၊ သူ့ဘွဲ့တွေကို ထည့်ရိုက်ဖို့ မဆုံးတာဖြစ်လိမ့်မယ်”

မဲ့ပြုံးပြုံးနေသည့် ဂျေမီ့ မျက်နှာကို အကဲခတ်ကြည့်ပေမယ့် လှောင်ပြောင်ပြောနေတာလား၊ အတည်လားဆိုတာ မခွဲခြားနိုင်..။

သေချာတာတစ်ခုက ဂျေမီ မျက်နှာမှာ မကျေနပ်ချက်တစ်ခုခုတော့ ရှိနေခဲ့၏။ ဂျေမီ က ဖိတ်စာကို ပြန်ချလိုက်ပြီး...

“သူ့မှာ မိဘလဲ ဒီမှာ မရှိဘူး၊ အသက်ရှူချိန်မရအောင် အလုပ်များနေတတ်တဲ့လူက မင်းလိုလူလက်ထဲက မိန်းကလေးကို ရအောင် ယူသွားတယ်ဆိုတော့ တော်တော်ဆန်းတယ်၊ မှော် ဆိုတဲ့ ကောင်မလေးလှလား”

ချစ်ဖူး မျက်နှာမဲ့သွားပြီး တစ်ဖက်လှည့်ပစ်၏။ ပြောကို မပြောချင်တော့တာ..။





“ထားလိုက်ပါ..၊ ငါ အံ့ဩနေတာက မိဘချင်း ချိတ်ဆက်မိတာလဲမဟုတ်ဘဲ သူ့ကိုက မိန်းမပိုးရလောက်အောင်လဲ...”

“ဒါဆို အလုပ်များတဲ့လူတွေ မိန်းမ မယူကြဘူးလား”

ဒေါသငွေ့သမ်းနေသည့် ချစ်ဖူး ကို ငုံ့ကြည့်ပြီး ဂျေမီ ကိုယ့်စကားတွေကို ဘရိတ်အုပ်ဖို့ သတိရကာ ‘ဆောရီး’ လို့ပြောရင်း လက်ကာ၏။

မင်းနေရာ ကို သူ စိတ်ဝင်စားတာကတစ်မျိုး၊ ချစ်ဖူး အတွက်ကတော့ မသက်ဆိုင်တာတွေ ကြားနေရသလို ဖြစ်လိမ့်မည်။

“ဆောရီး ညီလေးရ”

သူ ထပ်တောင်းပန်ပြီး ချစ်ဖူး နှင့် မျက်နှာချင်းဆိုင် စားပွဲခွန်းမှာပဲ တင်ပါးလွှဲထိုင်လိုက်၍...

“မင်းနေရာ ကို ငါ သိထားတဲ့အပိုင်းတွေ မင်းက မသိခဲ့တော့၊ ခု ပြောနေတာတွေကို နားငြီးမှာပေါ့၊ ဆိုင်တာကိုပဲ ပြောမယ်ကွာ၊ ငါ ခံပြင်းသွားတာက ဒီကောင် ငါတို့နဲ့ပဲ ဘာဖြစ်လို့ လာငြိနေသလဲဆိုတာပါ”

“ဘယ်လို!...”

ချစ်ဖူး စိတ်ဝင်စားသွားတာ မြင်လိုက်မှ ဂျေမီ က ပိုင်နိုင်သည့် အပြုံးနှင့်...

“ဟုတ်တယ် ချစ်ဖူး..၊ ငါတို့ ညီအစ်ကိုချင်းမို့ ပွင့်ပွင့်လင်းလင်း ပြောရရင် သူ့ကြောင့် မင်းအဖေနဲ့ ငါတို့ရဲ့ ရေးဆွဲသမျှ Plan တွေ ဘာတစ်ခုမှ ဖြစ်မြောက်ခဲ့တာ မရှိဘူး၊ အကွက်ရွှေ့တိုင်း မှားတယ်၊ အဲဒီအချိန်တုန်းက ငါက အန်ကယ့်လ်ဘေးမှာ အစစအရာရာ တိုင်ပင်အကြံပြုနိုင်တဲ့ အလုပ်သင်အရွယ်ပေါ့ကွာ..၊ သူကလဲ သူ့အဖေဘေးမှာ ငါလိုမျိုးပဲ၊ မတူတာတစ်ခုက ဒီကောင်က အထက်တန်းကျောင်းသားဘဝကတည်းက Programmar ဖြစ်နေတာ...”



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ဦးနှောက်မျိုးမို့လဲ..၊ ချစ်ဖူး က မယုံကြည်သည့်မျက်လုံးတွေနှင့် ငေးစိုက် နားထောင်နေ၏။

"သူက တကယ်တော်တာပါ၊ ငါ့ထက် နှစ်နှစ်လောက် အသက်ငယ်တယ်၊ ဒါပေမယ့် သူ့အဖေ၊ မင်းအဖေတွေထက် တော်တယ်၊ ငါနဲ့ကတော့ မယှဉ်သာပါဘူး၊ ဟားဗက်မှ တက်နေတုန်း သူ့အဖေ ဆုံးသွားတော့ သူ့အဖေ အဆုံးမသတ်နိုင်ခဲ့တဲ့ ဆော့ဖ်ဝဲတစ်ခုကို သူ အဆုံးသတ်တယ်၊ အဲဒီ ဆော့ဖ်ဝဲကြောင့်ပဲ သူ့အဖေ အသတ်ခံရတာမှန်းလဲ အဲဒီမှာ သူ သိသွားတာ"

"ဘာတွေလဲ..၊ သူတို့က ဘယ်လိုလူတွေလဲ.."

"ပြောရရင်တော့ အိုင်တီ ပညာရှင်တွေပေါ့၊ တခြားလူတွေလို စီးပွားရေးလုပ်ငန်းတွေ ပွထနေအောင်ထူထောင်ပြီး ပြေးလွှားရှာဖွေနေရတာ မဟုတ်ဘူး၊ တော့ပ် ဖြစ်နေတဲ့ လုပ်ငန်းရှင်တွေနဲ့ အဖျက်သမားတချို့က သူတို့လိုလူတွေကို မီးသေတယ်၊ ကွန်ပျူတာရှေ့မှာထိုင်ပြီး ကလစ်တစ်ချက်နှိပ်ရုံနဲ့ အရာရာကို တည်ဆောက်နိုင်တယ်၊ ဖြိုဖျက်နိုင်တယ်"

"အစ်ကို ဒီလူ့ကို တော်တော်ရှုံးနိမ့်ခဲ့ရတယ် ထင်တယ်"

"မင်းအဖေရော ပါတယ်၊ ရှုံးတာတော့ မဟုတ်ပါဘူး၊ ပြိုင်ဆိုင်ခဲ့ကြတာမှ မဟုတ်ဘဲ၊ ဒါပေမယ့် သူနဲ့ထိပ်တိုက်ဖြစ်လာဖို့ရှိတိုင်း ငါတို့ရှောင်ခဲ့ရတာ..."

ဂျေမီ က ခပ်မှဲ့မှဲ့မျက်နှာနှင့် စားပွဲစွန်းမှာ ထိုင်ရာကနေ မတ်တတ်ရပ် လက်ပိုက်ကာ...

"ဒီကောင်က သူ့အဖေသွေး ပါတာ..၊ သူ့အဖေဆိုရင် ငါတို့သိရသလောက် ဆယ့်သုံးနှစ်သားကတည်းက ကိုယ်ပိုင် ပရိုဂရမ်တစ်ခု ဆွဲနိုင်ခဲ့တာ၊ အိမ်ထောင်ကျခဲ့တာလဲ ချစ်လို့ဆိုပေမယ့် အိမ်ထောင်ရေး





က မသာယာခဲ့ဘဲ မင်းနေရာ ကို မွေးပြီးတာနဲ့ ပြိုကွဲသွားခဲ့တယ်၊ သူတို့သားအဖက သပ်သပ်ဖြစ်ပြီး သူ့အမေကတော့ သေသလား၊ ဘယ်ရောက်သွားသလဲ မသိဘူး"

"ဒါဆို သူက မြန်မာ မဟုတ်ဘူးပေါ့"

"အဖေက ပြင်သစ်၊ အမေကတော့ မြန်မာ ထင်တာပဲ၊ မမြင်ဖူးပါဘူး၊ မင်းနေရာ က မြန်မာပြည်မှာ မူလတန်းအရွယ်လေးထိပဲ နေခဲ့တာ၊ နောက်ပိုင်းမှာ သူ့ဘဝက အမေရိကားမှာပဲ၊ ငါ့ထက် အသက်ငယ်ပေမယ့် အမေရိကားကိုရောက်သွားတာ ငါ့ထက်စောတယ်၊ နောက်ပြီး ငါကိုယ်တိုင် အိုင်တီပညာကို ဝါသနာကြီးလို့ လိုက်စားခဲ့ပေမယ့် hacker အဆင့်ထိတော့ မမှန်းနိုင်ခဲ့ဘူး၊ မင်းနေ့ရာ က ဟက်ကာတွေကို ဂရုမစိုက်တဲ့ ပရိုဂရမ်မာ ဖြစ်လာတယ်.."

ပြောနေရင်း စကားထဲက ပါလာပေမယ့် အဆုံးထိ မပြောမိအောင်တော့ ထိန်းနေရသည်။ အမေရိကားမှာ ဘဏ်လုပ်ငန်းတွေ အကြီးအကျယ် မြင့်တက်နေသည့်ကာလမှာ ဘဏ်လုံခြုံရေးအတွက် သူ့ငွေးတွေ အားကိုးရှာခဲ့တာ မင်းနေရာ ဖြစ်သည်။

ထို လုံခြုံရေးကို ချိုးဖောက်ဖို့အတွက် ဟက်ကာတွေရှာတော့ အဖွဲ့အစည်းထဲမှာ အဓိကလူယုံတွေဖြစ်သည့် ဂျေမီ တို့တူဝရီးက ဦးဆောင်ရ၏။ ဒါပေမယ့်...

မင်းနေရာ ပရိုဂရမ် ဆွဲထားသည့် လုံခြုံရေးစနစ်ကို ဟက်ကာတွေ တစ်ယောက်ပြီးတစ်ယောက် စိတ်ပျက်လက်လျှော့နေခဲ့လျှင် ဟက်ကာရှာရသည့် သူတို့မှာပဲ မျက်နှာငယ် အရှက်ရ၏။

အကြောင်းကြီးငယ်တွေဟာ ဤသို့ စ,ခဲ့ကြတာဖြစ်ကာ ထိပ်တိုက်ဖြေရှင်းကြရတာမျိုးမဟုတ်ဘဲ မင်းနေရာ ဆိုသည့် နာမည်ကမွည်းက သူတို့ဦးနှောက်မှာ ကျောက်စာထွင်းထားတာထက် ပို၍ နက်ရှိုင်းခဲ့ပြီ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

မင်းနေရာ ဘယ်လိုကောင်လဲ ဆိုတာကို သိရဖို့အတွက် သူတို့ အသေအလဲ ကြိုးစားရသည်။ မြန်မာမဟုတ်ဘူးလို့ ပြောနိုင်သလို မြန်မာလည်း ဖြစ်နိုင်လျက် အမေရိကားမှာ ကြီးပြင်းခဲ့သော မင်းနေရာ၏ ရာဇဝင်အတ္ထုပ္ပတ္တိသည်...

"ဒီလောက် တော်နေတယ်ဆိုရင် မြန်မာပြည်ပြန်လာပြီး ဘာလုပ်တာလဲ"

ချစ်ဖူး အသံက မကျေနပ်ခြင်းတွေ ပြည့်နှက်လျက်..။ လေးနက်နေသည့် ဂျေမီ မျက်နှာက ပြုံးယောင်သမ်းသွားခဲ့ပြီး...

"သူ့အကြောင်း ရှိမှာပေါ့ ညီလေးရာ..၊ ငါ ဒီမလာခင် နှစ်လလောက်က ကြားတာ..၊ ဂျပန်ကုမ္ပဏီတစ်ခုနဲ့ သူ ပြဿနာ နည်းနည်းရှိတယ်ကွ၊ အဲဒါကြောင့် သူ ဒီမှာ လက်ထပ်ဖို့တောင် လုပ်နေတယ်ဆိုတာကို အရမ်းကို အံ့သြသွားတာ၊ ဒီကိစ္စ အန်ကယ်လ် သိရင်လဲ စိတ်ဝင်စားမှာပဲ၊ ငါ မပြန်ခင် စုံစမ်းရမယ်၊ ဂျပန်မှာ သူ ရှိမနေဘူးဆိုရင်..."

တစ်ခုခု ကြံစည်လိုသည့် မျက်ဝန်းတွေက ကျဉ်းမြောင်းသွားခဲ့ပြီး နောက်တော့မှ ချစ်ဖူး ရှိနေတာကို သတိရသွားသလို ပေါ့ပါးဟန်နှင့် ပြုံးလိုက်၏။

"မင်းနဲ့ ကောင်မလေးကလဲ ချစ်သူတွေ မဟုတ်ကြသေးဘူးဆိုတော့ ခင်မယ်ဆို ခင်မင်ခွင့်တွေ ရှိနေသေးတာပေါ့နော်၊ ဟုတ်လား"

ချစ်ဖူး က မဖြေဘဲ မျက်မှောင်ကြုတ်သွား၏။

"ဘာပဲဖြစ်ဖြစ် မင်းနေရာ နဲ့ မင်း ပခုံးချင်းယှဉ်ခွင့်ရခဲ့တာပဲ၊ ဒါ ငါတို့ မရနိုင်တဲ့အခွင့်အရေး..."

"အစ်ကို ဘာတွေ ပြောနေတာလဲ"





"ပြောပြမယ်..၊ ဒါပေမယ့် အခု မဟုတ်သေးဘူး၊ ငါ မင်းနေရာ ဒီရောက်နေတဲ့အကြောင်းကို စုံစမ်းမယ်၊ မင်းတို့ဇာတ်လမ်းလေးကိုလဲ ဒီထက်သိချင်သေးတယ်၊ နောက် တစ်ပတ်လောက်ကျရင်တော့ ငါတို့ ညီအစ်ကိုတို့ဘဝအတွက် အရေးပါတဲ့ Plan တစ်ခုကို စတင်ချမှတ်ကြဖို့ ရှိလာမယ်ထင်တယ်၊ ဘာဖြစ်လဲ ညီလေးရာ..၊ စိတ်ထဲမှာ ပေါ့ပေါ့ ပါးပါးနေတတ်အောင် ထားလိုက်စမ်းပါ၊ မင်းနေရာ အကြောင်း မင်း ဒီထက် သိလာတဲ့တစ်နေ့ကျရင် 'ငါ ရှုံးခဲ့ရလေခြင်း' ဆိုတဲ့ ခံပြင်းစိတ်တွေ ရှိတော့မှာ မဟုတ်ဘူး"

ချစ်ဖူး မျက်နှာ တင်းခနဲ ဖြစ်သွား၏။

"ဘာလဲ..၊ သူရေးတဲ့ ပရိုဂရမ်တွေ၊ ဆော့ဖ်ဝဲတွေက ပြိုင်ဘက်ကင်းနေလို့လား..၊ အဲဒီ ပရိုဂရမ်တွေမှာ အချစ်နဲ့ပတ်သက်တဲ့ ရင်ခုန်သံ မရှိဘူး၊ သူ ဘာကောင်ဖြစ်နေနေ အလဲထိုးဖို့စိတ်ကူးတွေ ကျွန်တော့်မှာ အမြဲ သိမ်းထားမယ်၊ ကျွန်တော် သောကတွေ ဖြစ်ရသလောက် သူ ဒုက္ခများသွားအောင်လဲ လုပ်မယ်၊ အဲဒါ သူ့ထက် ကျွန်တော် ပိုကျွမ်းကျင်တဲ့ ရင်ခုန်သံဆော့ဖ်ဝဲ..."

ဂျေမီ ကျေနပ်စွာ ပြုံးသည်။

မျက်လုံးဖွင့်ပြီး အိပ်တတ်တဲ့လူ မရှိဘူးဆိုရင်တော့ တစ်နေ့နေ့ မင်းနေရာ ဆိုသူဟာလည်း..။

၅၀

၆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၈ ]

ဟိုနိုင်ငံလုပ်၊ ဒီနိုင်ငံလုပ်နှင့် တစ်မျိုးပြီးတစ်မျိုး မှာခိုင်းပြီး သိမ်းဖယားထဲပဲ ရောက်ကုန်ကာ ဆွီတီးဟုမ်းက ဝယ်ထားသည့် မွေ့ရာအိပ်ခင်းတွေကပဲ အိပ်ခန်းထဲမှာ တခမ်းတနား စံနေလေသည်။

ဖြူလွှသော နှစ်ယောက်အိပ် မွေ့ရာကြီးထက်မှာ အဖြူရောင်ဂါဝန်ကြီး၏အောက်ဖျားစ,ကို လုံးထွေးကိုင်ထားဆဲနှင့် မော် ဒီတိုင်းငုတ်တုတ်ငိုင်နေခဲ့တာ ကြာပြီ..။

ညှော်ခံပွဲမှာတော့ ဖြန့်ချတာလည်း မဟုတ်..၊ သိမ်းထားတာလည်း နောတ်ဘဲ ဘေးနှစ်ဖက်နှင့် ရှေ့ဆံပင်တွေပဲ သိမ်းတင်ထားခဲ့သော ပြုံးနောက ခုတော့ ဖားလျားဖြန့်ချထားပြီးဖြစ်၏။

အင်္ကျီလဲဖို့ကို စိတ်ကူးတွေ့ပဲဖြစ်ခဲ့ပြီး လူက လှုပ်တောင်မလှုပ်ချင်တော ပြောရင် ယုံမည်မထင်..။

ငါးရက်ဆက်တိုက် ဟိုတယ်တွေမှာချည်း ဖြစ်နေခဲ့သည့်အချိန်တွေမှာ လှလှပပလေး ပြင်ဆင်ပြီး နေပေးရတာပဲလို့ ထင်ခဲ့ပေမယ့် လက်တွေ့ကျတော့ ပင်ပန်းဆင်းရဲခြင်းတွေ ဖြစ်လာခဲ့တာ ထွက်တောင် ပြေးချင်မိသည်။





"ညှော်ခံပွဲတွေ အကြိမ်ရေ အများဆုံး ကျင်းပခြင်းနဲ့ ဖက်ရှင်လုပ်နေတဲ့ခေတ်မှာ မော် က နောက်ကျန်ခဲ့လို့ ဖြစ်မလား၊ အနည်းဆုံး ခြောက်ကြိမ် ဖြစ်ရမှာ.."

"လက်ဝတ်ရတနာကိုတော့ တစ်ပုံတစ်ခဲကြီး ကြိုမလုပ်ပါဘူး၊ ဝတ်စုံဆယ်စုံ ထားပေမယ့် စိန်နဲ့ ပတ္တမြားပဲ အဓိကရုံထားရင် ရပြီ၊ ဒါပေမယ့် ဆံဖျားကနေ ခြေဖျားထိ လှုပ်ခဲနေအောင် ဝတ်မှာ..၊ ဒက်ဒီ စီစဉ်ပေးဖို့ မလိုဘူး"

မော် သတ်မှတ် ကန့်သတ်နေသမျှ ဒက်ဒီ မျက်နှာပျက်နေပေမယ့် သူက တည်ငြိမ်စွာပဲ ရှိခဲ့သည်။

"သမီး စိတ်ထင်တိုင်း လျှောက်မလုပ်ရဘူး"လို့ ဒက်ဒီက တားတာတောင် "သူ ပြောပါစေ၊ ကျွန်တော့်ဘက်က ပြဿနာ မရှိပါဘူး"လို့ ကြီးကြီးကျယ်ကျယ်တွေ ဝင်ပြောသေးသည်။

တကယ်လည်း အပုံလိုက်ချပေးခဲ့သည်။ မော် ဘာတစ်ခုမှ မဝတ်ခဲ့ပါ..။ တမင်တကာ ဒုက္ခပေးချင်တာကိုသိအောင် ညှော်ခံပွဲတိုင်းမှာ လည်ပင်းအပြောင်သား၊ လက်ဗလာနှင့် နားကပ်လေး နားဆွဲလေးတောင်မှ မပန်..။

ဂါဝန်တွေ စိတ်ကြိုက်ချုပ်ပြီး မျက်နှာကို စိတ်တိုင်းကျပြင်သည်။ ကျန်တာ ဘာမှမပါ။ ဒါလည်း မင်းနေရာ ဆိုသည့်လူက တစ်ချက်ပဲ ကြည့်ပြီး တစ်ခွန်းမှ မဟ,ခဲ့ပေ..။

မင်္ဂလာပွဲဆိုတာလည်း လက်ချင်းချိတ်ပြီး ညှော်ခံရတဲ့အချိန်ထက် သူတခြား ကိုယ်တစ်နေရာစီ ဖြစ်နေတာကပဲများကာ ဒင်နာလိုလို၊ မိတ်ဆုံစားပွဲတစ်ခုလို..။

အားလုံးပြီးပြီဆိုတော့မှ သိလိုက်ရတာက မော် မတောင်းဆိုခဲ့ရင်လည်း သူ့ဘက်က ညှော်သည့်ပရိသတ်အင်အားအရ ညှော်ခံပွဲချိန်တွေ



www.burmeseclassic.com

www.burmeseclassic.com



ချိန်လောက်ဖြင့် ဘယ်လိုမှ မရနိုင်ခြင်းပင်..။

ထို့ပြင့် ဘယ်နိုင်ငံက ညွှဲ့သည် ရောက်လာလာ သူ မတတ်သည့် ဘာသာစကားလည်း မရှိ..။ မှော် တစ်ခါမှ မတွေ့ဖူးခဲ့သော ယောကျ်ား မျိုး ဖြစ်သည်။ တစ်ခါတစ်ခါ အံ့သြမိသလိုလို..၊ အထင်ကြီးရတော့ မလိုလို..။

ပင်ပန်းလာကာမှ ကိုယ့်ကို အသုံးချခံလိုက်ရသည့်အတွေးနှင့် ဒေါသတွေ ကျန်ရစ်ခဲ့သည်။ ထူးခြားချင်တာမဟုတ်ပေမယ့် ဒီလို ထူး ခြားကျင်းပဖို့ ကိုယ်ပဲ ကြံစည်ခဲ့တာဖြစ်၏။

တကယ် ထူးခြားသွားတော့ ကိုယ် မဟုတ်ဘဲ မင်းနေရာ ၏အရှိန် အဝါတစ်ခုပဲ ဖြစ်နေခဲ့သည်။ နေရာတကာမှာ ပေါ်လွင်ထင်ရှားခဲ့သည့် မှော် က သူ့ဘေးမှာတော့ သိပ်မဟုတ်တော့သလို ခံစားခဲ့မိ၏။

ည ဆယ့်တစ်နာရီအထိ တစ်ယောက်တည်း ငုတ်တုတ်ထိုင်တွေး ရင်း ဒီညမှာ ညွှဲ့ခံပွဲအစီအစဉ်တွေ အားလုံး ပြီးဆုံးသွားပြီဆိုသည့် အသိနှင့် လှုပ်လည်း မလှုပ်ချင်..။

စိတ်တွေကလည်း ရှေ့ရောက်လိုက်၊ နောက်ရောက်လာလိုက်..။ ဟိုညတွေတုန်းက မှော် အိမ်မှာပဲ ပြန်အိပ်ခဲ့သည်။ 'ဒီညတော့ သမီး လိုက်သွားရမယ်'လို့ ဒက်ဒီက ငြင်းဆန်ခွင့်မပြုသောမျက်နှာနှင့် အမိန့် ချခဲ့၏။

မင်းနေရာ ဘယ်ရောက်နေတာလဲ..။ အိမ်ထဲကို အတူတူ ဝင်လာ ခဲ့ကြပြီး 'ရော့'ဆိုသည့် ကားသံနှင့် သော့တစ်တွဲ မှော့် လက်ထဲကို ထည့်ပေးခဲ့၏။ ကြည့်လိုက်တော့ သူ့မျက်လုံးနှင့် ညွှန်ပြသွားသည့် အတိုင်း အပေါ်ထပ်ကိုပဲ တက်ခဲ့ရင်း ဒီအခန်းထဲရောက်ခဲ့တာ ဖြစ်သည်။

ဒါ မင်္ဂလာဦးညလား..။ မဟုတ်ဘူး..၊ ထိုင်ချလိုက်ပြီးကာမှ ပြန်မထချင်ဘဲ ထ,ရပ်လိုက်ပြီးသား ဖြစ်သွားသည်။





အိပ်ခန်းကပဲ ပေသုံးဆယ်ပတ်လည်လောက် ကျယ်ကာ အထဲမှာ မှန်တင်ခုံရယ်၊ စာကြည့်စားပွဲနှင့် ကုလားထိုင်ရယ်ကလွဲပြီး ဘာမှမရှိ..။

ပါကေးကြမ်းခင်းက ကျွန်းရောင်တဖိတ်ဖိတ်လက်နေလျက် မှော် ရပ်နေတော့ ကြမ်းပြင်မှာပဲ မှော့် ပုံစံအတိုင်း အရိပ်ထင်နေသည်။

ဆင်စွယ်ရောင် နုလှသည့် အခန်းနံရံများနှင့် တစ်ခန်းလုံးက အေးချမ်းနေသည်။ မှော့် ရင်ထဲမှာတော့ မအေးချမ်းသေး..။

သူမ အလေးထား ကိုးကွယ်ခဲ့သော သည်ဘဝ၊ သည်ခန္ဓာဟာ အပေးအယူဆန်ဆန်၊ ပုံမှန် စီးမျောခြင်းတစ်ခုလို ပျက်ရပြီးဆုံးသွားခြင်း မဖြစ်စေရ..။ ဒါဆို ဘယ်လိုလုပ်မလဲ..။

မှော် အခန်းပြင် ပြန်ထွက်ခဲ့သည်။ မှန်နက်တွေချည်း သုံးထား သည့် နှစ်ထပ်တိုက်ကြီးက ထည်ဝါပေမယ့် အခန်းကျယ်ကြီးတွေဖြင့် ဖွဲ့စည်းထားတာမို့ အခန်းတော့ သိပ်များများမရှိ..။

ကျောက်သားရေတံခွန်အတုလေး ရှိနေသည့် ဘေးဝရန်တာမှာ မင်းနေရာ က စီးကရက်သောက်လျက်..။

ညဥ့်နက်နေပြီမို့ ရေတံခွန်ငယ်လေး၏ ရေကျသံက သီသာစွာ တိုးဝှေ့နေသည်။ အပြာရောင်မီးလုံး၏ အလင်းရောင်နှင့်ဆိုတော့ ဒီ နေရာဟာ အိုအေစစ်လေးတစ်ခု ဖြစ်နေ၏။

သူ့ကျတော့ ပင်ပန်းလို့ အပန်းဖြေနေလိုက်တာ၊ တကယ့်နေရာ ကောင်း..။ ကိုယ့်ကိုတော့ အခန်းထဲသွား တဲ့..။

တံခါးဝမှာ ခဏရပ်လိုက်တာနှင့် မကျေနပ်ချက်တစ်ခု ချက်ချင်း တိုး၏။ သူမအရိပ်ကြောင့် မင်းနေရာ က လှည့်ကြည့်ကာ...

"မင်း မအိပ်သေးဘူးလား"

မှော် က မဖြေဘဲ သူ့နားတိုးသွားတော့ ဒရင်းမ်ဘက်ကို ကျောမှီ ကိုဖြုတ်ချပေးလိုက်၏။ ဘေးမှာထိုင်လို့ရအောင် နေရာပေးပေမယ့် မှော်



www.burmeseclassic.com

www.burmeseclassic.com



က ရေတံခွန်အစပ်မှာ သွားထိုင်လိုက်သည်။

အပြာရောင်မီးက သူ့မျက်နှာတစ်ခြမ်းကို မှောင်ရိပ်ဖြစ်စေလျက် မော်ကတော့ မျက်နှာမူထားလိုက်သလို ဖြစ်သွားသည်။ သူက မော့်ကို စိုက်ကြည့်ပြီးမှ မပြောချင်ပြောချင်ပုံစံနှင့်···

"ကျောမှာ ရေတွေ စင်မှာပေါ့၊ ကြာရင် ရွှဲသွားမယ်"

"ရွှဲပလေ့စေ၊ ဖြစ်နိုင်ရင် ရင်ပူနေတာပါပျောက်အောင် ရင်ဘတ်ပါ စိုစေချင်တာ"

"ဘာတွေ ရင်ပူနေတာလဲ"

မော်က ရုတ်တရက်မဖြေဘဲ ပြောဖို့ရှိနေတာကို စကားလုံးစီသည်။

"အကျီလဲ မလဲရသေးဘူး၊ ဘာတွေ ပူလောင်စရာရှိလို့လဲ၊ ပြော··"

သူ ထပ်မေးမှ···

"ရှင် အခန်းထဲ ဝင်အိပ်မှာလား"

သူက စိုက်ကြည့်နေပြီး ချက်ချင်း မဖြေ··။

"ဖြေလေ···"

"မင်း ဘာလုပ်မလို့လဲ"

"ကျွန်မက မေးနေတာလေ··၊ ရှင်က မဖြေဘဲ ဘာဖြစ်လို့ ပြန်မေးနေတာလဲ"

"အမေးအဖြေတွေ လုပ်နေမယ့်အစား မင်းပြောဖို့ သယ်လာတဲ့ စကားတွေကိုပဲ ပြောချလိုက်ပါ၊ ဘာဖြစ်ချင်လို့လဲ···"

မော် က နှုတ်ခမ်းလေး ဖိ၍ မဲ့လိုက်ပြီးမှ···

"ရှင်နဲ့ ကျွန်မ အကြင်လင်မယား မဖြစ်ချင်ဘူး"

"အဲဒါ အိပ်ခန်းထဲကို ကိုယ် ဝင်လာမှ မင်း ပြောသင့်တယ်"

"ဘာ!···"





"ကိုယ့်အတွက် အတူတူ အိပ်စက်ဖို့ မိန်းမတစ်ယောက် အရေးတကြီး လိုအပ်နေမယ်လို့ မင်း ထင်သလား"

မော် ကိုယ့်စကားကိုပဲ အမိအရ ပြန်ဖမ်းပြီး ဆုံးမရတော့မလို ဖြစ်သွား၏။

ဟုတ်သည်··၊ ဒီညကို သူ ဘယ်လောက်ထိ စိတ်ဝင်စားမှုရှိသလဲ ဆိုတာ အရင်မသုံးသပ်ဘဲ ကိုယ်က သူ့ကို ရှာဖွေပြီး ပြောခဲ့မိတာ ကိုယ့်အမှား··။

"မင်းကို ကိုယ် လိုချင်ခဲ့တယ်··၊ အဲဒါကြောင့် ကိုယ့်အချိန်တွေ၊ ကိုယ် ဘယ်တုန်းကမှ ဆုံးရှုံးမခံနိုင်ခဲ့တဲ့ တချို့သောကိစ္စတွေနဲ့ ပုံအောချိန်စက်ပြီး ရအောင်ယူခဲ့တာ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရဲ့ဘေးမှာ မင်းရှိနေမယ့်အဖြစ်ကို လိုချင်လို့··၊ ဘယ်အချိန် ဘယ်နေရာကကြည့်ကြည့် အမောပြေအောင်လှနေတဲ့ မင်းကို သူများလက်ထဲ အရောက်မခံချင်တာမျိုး၊ လောလောဆယ် မင်းရဲ့အလှကို စိတ်ဝင်စားတာကလွဲပြီး ဘာမှမပိုဘူး"

"လှတာ ဒီလောက်ကြိုက်ရင် လှတဲ့မိန်းမတွေ အများကြ ၊ ရှင် ကမ္ဘာပတ်နေတဲ့သူဖြစ်ပြီး ကျွန်မလိုမိန်းမကိုမှ မျက်စိကျရသလား၊ အဲဒီအတွက် ရှင် အမှားကြီးမှားပြီဆိုတာ မကြာခင် သိရတော့မယ်"

သူက မထိတထိပြုံး၍ ဒရင်းမ်ဘက်ကို ကျောမှီပြန်တင်သည်။ ထိုပေါ်မှာ လက်ပိုက်ပြီး လှဲလိုက်တော့ မီးရောင်က သူ့မျက်နှာတစ်ခုလုံးပေါ် ဖြာဆင်းလာ၏။

"ကမ္ဘာပတ်လာလို့ သိတာပေါ့နော်၊ မင်းလောက် ဘယ်သူမှ မလှဘူး"

"လှတာမက်ရင် ညစာခက်တယ်၊ ရှင်ကတော့ ညစာရော မနက်စာပါ ခက်မယ့်သူ၊ ကျွန်မခေါင်းထဲမှာ ရှင့်ကို ဒုက္ခပေးဖို့တွေ အများကြီး



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ထားပြီးသား..''

''ဘာတွေလဲ၊ ပြောပါဦး''

''ဇာက်ဖဲကို ချပြပြီး အလောင်းအစားလုပ်ရအောင် ကျွန်မက ရှုးနေတာမှမဟုတ်တာ''

''အဟွန်း...''

သူက လက်ပိုက်မဖြုတ်ဘဲ ရယ်သည်။ သွားတွေပေါ်အောင်ရယ်တာ မမြင်ဖူးသဖြင့် သူ့ကို မှော် စိုက်ကြည့်နေမိသည်။

မျက်ခုံးထူထူ၊ မေးရိုးကားကားမို့ ရင့်ရော်သလိုရှိနေသည့် မျက်နှာက သွားတန်းတွေပေါ်သွားတော့ နုပျိုချောမွေ့ခြင်းကို ဖြစ်သွားစေ၏။

ကြားလိုက်ရသည့်ရယ်သံသည် သူ့နှုတ်ဖျားမှ ထွက်ပေါ်လာသည်ဟု ထင်စရာမရှိလောက်အောင် နားထောင်၍ မငြီးငွေ့နိုင်သည့် အသံမျိုးဖြစ်သည်။ သူကလည်း မှော် ကို စိုက်ကြည့်လိုက်ရင်း...

''မင်းက မပြောရဲပေမယ့် ကိုယ်ကတော့ ပြောရဲပါတယ်၊ မင်း ဘယ်လောက်ဆိုးဆိုး၊ ကိုယ်ကျင့်တရား ဖောက်ပြန်တဲ့အထိ ဘယ်တော့မှ ဆိုးမှာမဟုတ်ဘူး''

''ဟွန်း...''

''ဦးသုဝေ ရဲ့သမီးအဖြစ် မင်း ဘယ်ကိုခြေလှမ်းလှမ်း ဂရုမစိုက်လို့ ရတယ်၊ မင်းနေရာ ရဲ့ဇနီးဆိုတဲ့ခြေလှမ်းကို မင်းမှားလို့ မရဘူး''

''ကျွန်မက ရှင့်ရဲ့သိက္ခာဆိုတဲ့ မြင့်မားထည်ဝါမှုတွေကို ရိုက်ချိုးဖို့ အစီအစဉ်တွေ ရှိနေသေးတယ်ဆိုရင်ရော...''

''ကိုယ့်သိက္ခာ မဟုတ်ဘူး မှော်..၊ မင်းရဲ့သိက္ခာပါ၊ မိန်းမတစ်ယောက်ရဲ့...''

''သိသားပဲ..၊ ရှင် ကျွန်မကို သည်းမခံနိုင်လို့ ကွဲကြကွာကြမယ်ဆိုရင် မိန်းကလေးဘက်က ဘယ်လိုနစ်နာမယ် ဘာညာ ရှင် ခြိမ်း





ခြောက်ပြောမလို့မို့လား၊ များသောအားဖြင့် မိန်းကလေးတွေ ယောက်ျားတွေအပေါ်မှာ ကျရှုံးကြရတာလဲ ဒါကြောင့်ပဲလေ...''

သူက ခေါင်းခါသည်။ မှော် ပြောပြီးကာမှ ပိုက်ထားသည့်လက်တွေကို ခေါင်းအောက်မှာ သွင်းထားလိုက်ပြီး...

''ဘာလုပ်မှာလဲ..၊ မလိုပါဘူး၊ မင်းကို ဘာနဲ့မှ မချည်နှောင်ချင်လို့တောင် လွတ်လပ်သလိုနေဖို့ ကိုယ် ပြောနေတာပဲ၊ အဲဒါ ကိုယ် အရမ်းသဘောထားကြီးပေးလိုက်တာတော့ မဟုတ်ဘူး၊ မင်းနဲ့ကိုယ်က မိဘသဘောတူလို့ လက်ထပ်ခဲ့ကြတဲ့ သမားရိုးကျအိမ်ထောင်ရေးမျိုး မဟုတ်တဲ့အတွက် အလွယ်တကူစီးမျောသွားဖို့ မလွယ်ဘူးဆိုတာ ကိုယ်သိတယ်၊ အဓိကက မင်းရင်ထဲက အနာအဆာတွေ ကိုယ် မလိုချင်ဘူး''

''ဘာ!...''

''အားလုံးကို ပြောတာ..၊ ဥပမာ အိမ်ထောင်ရေးကို မင်း နားလည်ထားတာက တစ်မျိုး၊ ကိုယ် သိတာကတစ်မျိုး ဖြစ်နေတာတွေ..''

''ရှင်က အိမ်ထောင်ရေးကို ဘယ်လောက် နားလည်လို့လဲ ဦးမင်းနေရာ..''

''အိမ်ထောင်ရေးမပြောနဲ့ ကိုယ်ယူလိုက်တဲ့ မင်းကိုတောင် နားလည်ဖို့ တော်တော်ကြိုးစားရမှာ..၊ တစ်ခုရှိတာက မင်းအဖေနဲ့ မင်းရဲ့ကြားက ခုချိန်ထိ လွဲမှားနေတဲ့ အယူအဆ၊ နားလည်မှုတွေပေါ့''

ဒက်ဒီ ဘယ်လောက်ထိ ပြောပြထားသလဲဆိုတာကို တွေးလိုက်မိသည်။ မင်းနေရာ ကတော့ အေးဆေးသည့်ပုံစံ မပျက်ပေ..။

''မင်းရဲ့စိတ်ထဲမှာ ယောက်ျားဆိုတဲ့ သတ္တဝါအပေါ် အမြင်တစ်မျိုးပြောင်းလဲလာတဲ့အချိန်...''

''ဘာမှ ပြောင်းလဲဖို့မရှိဘူးဆိုတာ သေချာတယ်''

မှော် က သူ့စကားကို ဖြတ်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မ ပြောင်းလဲလာမယ်လို့ ယုံကြည်လိုက်ပြန်ပြီလား ဦးမင်းနေရာ..၊ ကျွန်မကို အထင်ကြီးတာလား၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတာလား.."

"တစ်ယောက်က ပြောလို့မပြီးသေးဘဲ ဖြတ်မပြောရဘူးကွ..၊ စကားဆိုတာ ဆုံးအောင် နားထောင်ပြီးမှ ဝေဖန်ပိုင်းခြားလို့ရတာ..."

"ကျွန်မကတော့ စိတ်မဝင်စားတာတွေအတွက် အချိန်ကုန်မခံဘူး၊ အိမ်ထောင်ရှိတဲ့ ယောကျ်ားတစ်ယောက်က ငွေရှာနိုင်ဖို့ပဲ အဓိကလား၊ မသောက်မစား၊ မပွေမရှုပ်ရင် သိပ်ကိုတော်တဲ့ယောကျ်ားလို့ သတ်မှတ်နိုင်သလား.."

"ကိုယ့်ကို ဖြေစေချင်တာလား.."

မှော် က ဟွန့်ခနဲ မဲ့ကာ...

"အိမ်ထောင်ရေးတစ်ခုမှာ ဘာအရေးကြီးဆုံးလဲ မသိပေမယ့် လူတွေသတ်မှတ်တဲ့ အရည်အချင်းတွေ ပြည့်ဝနေတိုင်း မပြည့်စုံနိုင်ဘူး၊ သူတို့သတ်မှတ်ထားတဲ့ အပြစ်အနာအဆာတွေ ကင်းနေတိုင်းလဲ မသာယာနိုင်ဘူး၊ ဘေးလူတွေ မမြင်မကြားနိုင်တဲ့ အတွင်းလှိုက်စားမှုတွေ ရှိတယ်၊ အပြစ်လို့ ဆုပ်ဖမ်းမပြနိုင်ဘဲ သေလောက်တဲ့ဒဏ်ရာတွေ ရခဲ့ကြတာလဲ ရှိခဲ့တာပဲ"

မှော့် ရင်ထဲက ခံစားချက်တွေ ရှန်းကြွလာသည်။ ဒါတွေ သူ သိထားတယ်ဆိုရင်တောင် ဒက်ဒီ လက်ကိုင်ပြုထားတဲ့ အမှန်တရားတွေပဲ နေမှာပေါ့။ မိန်းမသားတစ်ယောက်ရင်ထဲက မျိုသိပ် နာကျင်ခဲ့ရတာတွေကို ဘယ်လို သိနိုင်မှာလဲ..။ ထို့ကြောင့် အိမ်ထောင်ရေးကို သူမ ကြောက်ခဲ့သည်။

ဒီအသက်အရွယ်၊ ဒီအချိန်မှာ မထင်မှတ်သည့် ပြကွက်ဆန်းတွေနှင့် အိမ်ထောင်သည်ဖြစ်ရဖို့ သူမ ကံကြမ္မာ ပါလာခဲ့မည်လို့လည်း





မထင်မှတ်ခဲ့ပါ။

ခုတော့ ဒက်ဒီ့စိတ်ဓာတ်၊ အယူအဆတွေနှင့် ဆင်ဆင်တူနေသော ယောကျ်ားကိုမှ သူမ လက်ထပ်ခဲ့ရသည်။ ဒါပေမယ့် မှော် ဟာ မာမီ့လိုနေရာမျိုးမှာပဲ ရပ်တည်ပြီး ဘဝဆုံးရမယ့်အဖြစ်ကိုတော့ ဘယ်တော့မှ အရောက်မခံ..။

မှော့် သည် မင်းနေရာ ၏မျက်နှာကို စူးစိုက်ကြည့်ကာ...

"ဒက်ဒီ့ကို ချစ်ပေမယ့် ဒက်ဒီနဲ့ ဆင်ဆင်တူတဲ့ အိမ်ထောင်ဖက်မျိုးကို ကျွန်မ အလိုမရှိဘူး၊ ကိုယ့်ကိုယ်ကိုယ် ယောကျ်ားကောင်းတစ်ယောက်ဆိုပြီး လက်မထောင်တဲ့ ယောကျ်ားမျိုးကို မုန်းတယ်..၊ အဲဒီ ယောကျ်ားမျိုးက ရှင်ဖြစ်နေတဲ့အတွက် ရှင်နဲ့ကျွန်မ အဆင်ပြေလာဖို့ကတော့ ကိုးဆယ့်ကိုးရာနှုန်းက မသေချာတဲ့ဘက်မှာပဲ ဦးမင်းနေရာ.."

မင်းနေရာ က စိတ်ဆိုးပုံမပြဘဲ ပြုံးလိုက်သေးသည်။

"မင်းအဖေက ကိုယ်မှ မဟုတ်ဘဲ၊ မင်းကလဲ မင်းရဲ့အမေ မဟုတ်ဘူးဆိုတော့ ကိုယ်တို့အိမ်ထောင်ရေးက စိတ်ဝင်စားဖို့တော့ ကောင်းမှာပါ၊ ကိုယ် ယုံကြည်တာတစ်ခု ထပ်ပြောမယ်၊ ဒေါသနောက်ထားပြီး နားထောင်ကြည့်ပါဦး"

သူက လူကို လှောင်ရယ်သလို ကြည့်လိုက်ပြီးမှ ဆက်ပြောသည်။

"ရှင်ဘုရင်ဆိုရင်တော့ သန်လျက်ကိုင်မှာပဲလေ၊ လက်မထောင်တယ်ဆိုတာလဲ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ကိုးစားပြီး အောင်မြင်နေကြတဲ့လူတွေပဲ၊ ယောကျ်ားကောင်းတစ်ယောက်ကို အလိုမရှိဘူးဆိုတဲ့ မိန်းမမျိုး မရှိနိုင်ဘူးဆိုတာမှန်ရင် မင်း ကိုယ့်ကို စွန့်လွှတ်ပြီး အသုံးမကျတဲ့ ကလေကချေတစ်ယောက်ယောက်ကို စဉ်းစားမှာ မဟုတ်ဘူး၊ အဲဒါ မင်းမုန်းတဲ့ ကိုယ့်ရဲ့ယုံကြည်ချက်..၊ နောက်တစ်ခုက မင်းကို ကိုယ်က ဘာတစ်ခုမှ တားဆီးမှာမဟုတ်ဘူး၊ မင်းလုပ်သမျှ မှန်တာဖြစ်ဖြစ်၊



www.burmeseclassic.com

www.burmeseclassic.com



မှားတာဖြစ်ဖြစ် ကိုယ်ရေးတဲ့အရုပ် ဘယ်လိုပုံထွက်လာရင် ကိုယ်တိုင် ဘယ်လို ခံစားရသလဲဆိုတာ မင်းကိုယ်တိုင် သိရမယ်''

''ရှင်က ကျွန်မကို ပြုပြင်ထိန်းသိမ်းရေးကျောင်းထဲက ယောကျ်ားသားတစ်ယောက်လို သဘောထားတာလား၊ ရှင်ပဲ အမှန်တွေသိပြီး ကျွန်မက အားလုံး မှားနေတယ်ပေါ့''

''မင်း သိလာမှာပေါ့''

မော် က ဆတ်ခနဲ ယရုပ်ပိုက်သည်။

''ဘာဖြစ်ဖြစ် ရှင့်ကို ကျေးဇူးတင်ပါတယ်''

''ဘာအတွက်လဲ..''

''ကျွန်မကို လွတ်လပ်ခွင့်ပေးခဲ့တဲ့အတွက်..''

''အကန့်အသတ်မဲ့တော့ မဟုတ်ဘူး မော်..''

မော် က ကျောခိုင်းလိုက်ပြီးမှ ပြန်လှည့်ကြည့်သည်။

''မင်းက ကိုယ့်မိန်းမဖြစ်နေတဲ့ ပတ်သက်မှုက မင်းနဲ့ကိုယ် ဒီတိုင်းသွားကြဖို့မှ မဟုတ်တာ...''

ဒေါသ ထောင်းခနဲ ဖြစ်သွားသည်။ ခုနပဲ ဆရာကြီးလေသံနှင့် အထက်စီးက ပြောသွားခဲ့တာ သူ့ကိုယ်သူ အကြားအမြင်တွေရနေတဲ့ သူတော်စင်လိုလို..၊ ခုတော့ တစ်မျိုး..။

ပြောဖို့စကားတွေ ရှိလာတာကို ပြန်လည်မျိုသိပ်ပြီး မော် ထွက်လာခဲ့သည်။ ဒက်ဒီနဲ့ဆဲင်ဆင်တူတာမဟုတ်..၊ ဒက်ဒီ့ထက် ဆယ်ပြန်လောက်ဆိုးမယ့် ယောကျ်ား..။

ဖျက်ပြမယ်..၊ ရှင့်ရဲ့ ယုံကြည်ချက်တွေကို..။





## အခန်း [ ၁၉ ]

''ဒါပဲလား မေချို..၊ ဘာရှိသေးလဲ''

''ဒါပဲလေ၊ သမီးလေးက ဟိုပါသွားပြီဆိုတော့...''

''သမီးတွက် မပါတော့ဘူးပေါ့''

''သမီးရယ်..၊ သတိတော့ ရတာပေါ့၊ ဒါပေမယ့် အိမ်ထောင်ကျပြီဆိုရင် မိန်းကလေးက ကိုယ့်အိမ်ထောင်ရေးအတွက်ပဲ စဉ်းစားရမှာလေ၊ ကိုယ့်ယောကျ်ား ကိုယ့်ကို ချစ်နေအောင်၊ အိမ်ပြန်ချိန်မှန်ဖို့ဆိုတာလဲ မိန်းမတစ်ယောက်ရဲ့ အရည်အချင်းပဲ၊ ဒီထဲမှာ အိမ်ထောင်မှုထိန်းသိမ်းနိုင်ခြင်းလဲ ပါတယ်''

''တော်ပါ မေချို ရာ..၊ ဘိုးတော်မင်းလက်ထက်က မိန်းမတွေကို လက်ထိပ်ခြေထိပ်ခတ်ခဲ့တဲ့ စကားတွေပါ၊ ဒီခေတ်မှာ ပြောင်းလဲကုန်ပြီ''

ထမင်းစားပွဲမှာ အကျအနထိုင်လိုက်ပြီး ရှိတာနှင့်ပဲစားဖို့ ဇွန်းခက်ရင်းကို ကိုယ့်ဘာသာ ယူလိုက်သည်။ ပြီးတော့ ဟင်းအမယ်တွေကို လည်ပင်းရှည်ကြည့်၏။

''ရော့... ဒါလေး သမီး ကြိုက်ပါတယ်၊ ပဲကြာဆံ သုပ်ထားတာလေ၊ မနေ့က ဆရာကြီး ဒါကိုပဲ စားသွားတာတွေ့လို့ ဒီနေ့ ထပ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာ၊ ဆရာကြီး ပြန်မရောက်သေးပေမယ့် သမီး ရောက်လာတော့ တစ်ဝက် ခွဲသုပ်လိုက်တယ်၊ မြည်းကြည့်ဦး…”

“မလိုဘူး ရတယ်၊ မေချို့ လက်ရာကို သမီးက ကြိုက်ပြီးသား”

မော် က ချက်ချင်း ခပ်ယူပြီး စားသည်။

“ဒီမှာ ကောက်ရိုးမှိုလေးရလာလို့ ကန်စွန်းရွက်လေးနဲ့ အချိုချက်ထားတာ၊ မှိုချက်ရင် အသားငါးရောတာမကြိုက်တဲ့ သမီးအတွက် အတော်ပဲ၊ ဒီတိုင်း ချိုချိုလေးပဲ”

မေချို က အနားမှာရင်နေပြီး ဟင်းတွေကို ပြောပြရင်း မော့်ရှေ့ကို တစ်ခုပြီးတစ်ခု ကပ်ပေးသည်။ မော် က အားလုံးကို စား၏။

မနေ့က ဟိုတယ်မှာ စားလိုက်‥၊ ဆိုင်မှာ သွားစားလိုက်နှင့် သူ ပြန်ရောက်နေတာတောင် မော် မရောက်သေးပေ‥။

သူ ဘာမှမပြောသော်လည်း ဗိုက်က လက်မခံချင်တာ ကိုယ့်ဘာသာ သိသည်။ စားတော့ အရသာမတွေ့ရတဲ့ထဲ မနက်ရော ညရော ထွက်စားပြီး တစ်ညလုံး ဗိုက်နာသလိုလို‥၊ ဝမ်းပျက်တော့မလိုလိုနှင့် နေမထိ၊ ထိုင်မသာ‥။

“နောက်နေ့ဆို မော် ဒီမှာပဲ လာစားမှာ၊ မေချို အရင်လိုပဲ မော့် အတွက် စီစဉ်ပေးထား‥”

“ဘယ်လို!…”

သဒ္ဒါလေးဝဖြင့် ကျွေးမွေးရင်း ပြုံးနေသည့် မေချို့ မျက်နှာ မျက်လုံးပြူးနှင့် ချက်ချင်းဖြစ်သွားသည်။

“ဘယ်လို သမီး‥၊ ဒီမှာပဲ လာစားမယ်၊ နေ့တိုင်းလား‥”

“ဟုတ်တယ်‥”

“ဘုရားရေ!… သမီးယောကျ်ားကို ဘယ်သူ ချက်ကျွေးမှာလဲ၊ သူကရော ဘာမှမပြောဘူးလား”





မော် က ထမင်းပေါ်မှာ ဟင်းတင်ပြီး ဖွန်းနှင့် အပြည့်သိပ်ခပ်ကာ ပါးစပ်ထဲ သွင်းလိုက်၏။ ပြီးတော့ နှစ်ချက်သုံးချက် ဝါးပြီး ပါးစောင်မှာ ခဏကပ်ထား၍ မျက်နှာမော့သည်။

“အဲဒါတွေ မမေးပါနဲ့‥၊ သူနဲ့မော် က ဘာမှပြဿနာမရှိဘူး၊ ဒက်ဒီနဲ့ ဒီမှာ မဆုံဖြစ်ဖို့ပဲ လိုတယ်၊ တကယ်လို့ ဆုံလိုက်ရင်လဲ ဒါမှမဟုတ် မော် ဒီမှာ စားနေတာသိသွားရင် မေချို က အဆင်ပြေသလို ပြောပေး‥”

“ဖြစ်ရလေ‥၊ ဆရာကြီးလိုလူကို မေချို က အဆင်ပြေသလို ဖြီးဖြန်းပြောရဲပါ့မလား၊ မေချို ကို ဒုက္ခရောက်အောင် မလုပ်ပါနဲ့ ကလေးရယ်၊ ခက်တော့တာပဲ‥”

မော် က ကိုယ့်ကိုယ်ကိုယ် မော် လို့ပြောလိုက်‥၊ သမီး ဖြစ်လိုက်၊ အမျိုးမျိုးပြောသလို မေချို ကလည်း သမီးလို့ ခေါ်တာရှိသလို ကလေး၊ မော်လေး စသဖြင့် အမျိုးမျိုး သုံးနှုန်းခေါ်တတ်၏။

“သမီးလေး…”

“ဟင်!…”

“ခေတ်တွေ ဘယ်လိုပြောင်းပြောင်း ပုခက်လွှဲသော လက်ပိုင်ရှင်ဟာ မိန်းမတွေပဲ သမီး၊ အခု တိုးတက်နေပါတယ်လို့ သမီး ပြောနေတဲ့ ခေတ်ထဲမှာ အဖေမဖော်ဘဲ ကလေးယူလို့ရပြီဆိုတာတွေလဲ အဲဒီကလေးကို မိခင်ကပဲ မွေးနိုင်တာ‥၊ ယောကျ်ားတွေမွေးလို့ မရဘူး”

“အခု ယောကျ်ားတွေ ကိုယ်ဝန်လွယ်နိုင်နေပြီတဲ့၊ မေချို သိလား”

မေချို က မော့် ပခုံးလေးကို ဖွဖွလေးဆုပ်ကိုင်ပြီး ဘေးမှာ ထိုင်လိုက်၏။

“သန္ဓေတည်ဖို့ဆိုတာကတော့ သစ်ပင်၊ ပန်းပွင့်တွေထဲမှာတောင် ရှိခဲ့ဖူးတာပဲ သမီးရယ်၊ စမ်းသပ်တီထွင်သူတွေ မရအရ လုပ်ယူခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိချင်ရှိမှာပေါ့၊ ဒါပေမယ့် သဘာဝအတိုင်း အားလုံး တစ်ထပ်တည်းဖြစ်အောင် လုပ်ယူဖို့က မလွယ်ပါဘူး၊ မချို ပြောတာကိုခေတ်တွေ၊ စနစ်တွေနဲ့ ပြန်ပြီးချေပဖို့ မကြိုးစားဘဲ နားထောင်ပါ သမီးရယ်နော်..၊ မိန်းမသားတွေဟာ အိမ်ထောင်ရေးခိုင်မြဲဖို့ ဘာလို့ကြိုးစားကြတာလဲ..၊ သူ့ယောကျ်ားရဲ့ စွဲလမ်းချစ်ခင်မှုကို ဘာဖြစ်လို့ အလိုရှိတာလဲ..၊ အားလုံးဟာ မိခင်နေရာကိုရောက်ကြမယ့် မသိစိတ်က ပြုပြင်မှုပါ၊ အိမ်ထောင်သည်ဖြစ်ပြီဆိုရင် မိခင်တိုင်းရဲ့ဘဝဟာ သားသမီးအတွက်ပဲ ဖြစ်ကြရတာ.."

မော် က အစားမြန်သလောက် ထမင်းစားရင်း စကားပြောတတ်တဲ့အကျင့်ရှိသူမို့ ပါးလေးတစ်ဖက် ဖောင်းနေအောင် ထမင်းတွေ ထည့်ဝါးရင်း တစ်ခွန်းမကျန် ပြန်ပြော၏။

"မချို ပြောမှပဲ ချက်ချင်း အိမ်ပြန်ပြေးပြီး မီးဖိုချောင်ထဲ ဝင်ရတော့မလိုလို၊ ပုခက်ချိတ်ပြီး ယောကျ်ားကို စောင့်ရတော့မလိုလို.."

"သမီးရယ်..၊ မချို ကလေ..."

"မချို မာမီ့ကို မြင်တယ်မို့လား၊ အဲဒါ မချို ပြောတဲ့ မိန်းမမျိုးလား.."

"မမလေးက အရမ်းကို အေးချမ်းသိမ်မွေ့တာ..."

"မော် ကတော့ မအေးချမ်းနိုင်ဘူး"

လက်စသတ် သွင်းလိုက်သည့် ထမင်းတွေကို ရေနှင့် မျှောချလိုက်ပြီး မြန်မြန်ဆန်ဆန် ရှင်းလင်းကာ...

"မော် ယောကျ်ားယူတာကိုက အဲဒီယောကျ်ားကို ကိုးကွယ်ဖို့ မဟုတ်ဘူး၊ တိုက်ခိုက်ဖို့..."

"ဟင်!..."

"ကဲပါ... မချို မျက်လုံးပြူးရတာတွေ များနေပြီ၊ ည



အိပ်မရဖြစ်နေဦးမယ်၊ မော် ပြန်တော့မယ်နော်၊ ဒက်ဒီ့ကို မော် လာသွားတာ ပြန်မပြောနဲ့..."

တိတ်ဆိတ်စွာကျန်ခဲ့သည့် မချို့ ရင်ထဲမှာ ဘာတွေ ဖြစ်ပျက်သွားပြီမှန်း မော် သိသည်။

အသက်ကြီးတဲ့ အမျိုးသမီးတွေဟာ ဘာဖြစ်လို့ ဒီလိုဆုံးမစကားတွေပဲပြောပြီး ကိုယ့်အမျိုးသမီးထုကို သူများ ခြေဖဝါးအောက်ရောက်မယ့် နည်းပေးလမ်းပြတွေ လုပ်နေကြတာလဲ..၊ ဘာဖြစ်လို့ မိန်းမတာဝန်တွေချည်းဖြစ်စေပြီး သူတို့ကျတော့ လွတ်လပ်ခွင့်တွေ ရနေတာလဲ..၊ အဓိပ္ပာယ်မရှိတာတွေ..။

မော် ကားမောင်းနေရင်း နှုတ်ခမ်းလေးက ဖိကပ် တွန့်မဲ့သွားသည်။ နာကျင်ခဲ့ရတာတွေဟာ မာမီနဲ့ထပ်တူ မဟုတ်ခဲ့ရင်တောင် သိပ်တော့ မလျော့နိုင်တာ သေချာပါသည်။

ထို့ပြင် မာမီ မရှိတော့ပေမယ့် ဒက်ဒီ့ပုံစံ အမူအရာတွေဟာ မော့် အပေါ်မှာလည်း ဒီတိုင်းပဲ ရှိနေခဲ့သည့်ကာလတွေ..။

"သမီးလေးကိုတော့ သူ ချစ်ပါတယ်၊ ဒါပေမယ့် သားလေးပဲ လိုချင်တာလို့ သူ့ပါးစပ်က ပြောခဲ့ဖူးတော့ မာမီ့သမီးလေးကိုလဲ သူ့နားကို ပေးမနေစေခဲ့ဘူး..၊

မာမီ သိပါတယ်၊ သူက သူ့ခြေရာနင်းမယ့်သားမျိုး လိုချင်တာ၊ သမီးဆိုတော့ အင်အားယုတ်သွားတာမျိုးလေ..၊ ဘာပဲဖြစ်ဖြစ် ကောင်းပါတယ်၊ သမီးလေးကို ပြုစုယုယနေတဲ့အချိန်တွေမှာပဲ မာမီ့ရင်ထဲက သောကတွေ ငြိမ်းချမ်းခဲ့ရတာ..."

မော် အသက်ငယ်သေးပေမယ့် ရင်ဖွင့်စရာ လူတစ်ယောက်အဖြစ် မာမီ စကားတွေပြောခဲ့၏။ ပြီးတော့ မော် အရွယ်ရောက်လာမှ ဖတ်ခွင့်ရခဲ့သည့် မာမီ့ဒိုင်ယာရီထဲက နာကျင်မှုတွေ...။

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူ မရှိခဲ့ဘူးလို့ သူပြောပေမယ့် ငါ့ကိုလဲ မချစ်ခဲ့ဘူး"

"သူ့အချစ်တွေ ဘယ်ရောက်နေခဲ့သလဲ.."

"အသက်ရှင်နေသရွေ့တော့ ရင်ခုန်နေတာပဲ၊ ဒါပေမယ့် ရင်ခုန်သံတိုင်း

အချစ်အတွက် မဟုတ်ဘူး"တဲ့..။

"ကျွန်မကတော့ သူ့ဆီက ရင်ခုန်သံတစ်ခွန်းတစ်စလေးသော်မျှ မကြား

ခဲ့ရပါ"

"နားလည်မှုဆိုတာ ဘာလဲ ကို..၊ တစ်အိမ်လုံးမှာ တစ်ယောက်တ

အဆင်ပြေသလို အိပ်တတ်ကြဖို့လား"

"အလုပ်သဘောအရဆိုပြီး မိန်းကလေးတွေနဲ့ တွဲနေသမျှ ကျွန်မ

သည်းခံနေဖို့လား..."

"သူဟာ ကျွန်မကလွဲ၍ ပတ်ဝန်းကျင်လူ အားလုံးအပေါ်မှာ နားလည်

သူပါ၊ ကောင်းပါတယ် ကို..၊ နောက်ထပ် ပါးတစ်ဖက် ကျန်ပါသေးတယ်"

"ထမင်းဟင်းတွေချက်ရင်း..၊ သမီးလေးကို ချော့သိပ်ရင်း နောက်

ပါးတစ်ဖက်ကို ပေးဆပ်ဖို့ ကျွန်မ အသင့်ရှိနေမှာပါ"

"'သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ'ဆိုတာ ဘာလဲ..."

"ရှင်က ဘယ်တော့မှ ကျွန်မအပေါ်မှာ ကောင်းမလာနိုင်တော့ဘူးဆို

ကျွန်မက သိပ်ဆိုးနေခဲ့လို့လား.."

မာမီ့ဒိုင်ယာရီထဲက မင်နီဖြင့် ရေးသော စာလုံးတွေဟာ စာ

မဟုတ်တော့ဘဲ မာမီကိုယ်တိုင် ရွတ်ပြနေတဲ့ ရှိုက်သံတွေ ဖြစ်လာသည်

ဒီလို မြင်ခဲ့ ကြားခဲ့ရတာတွေကို မှော် ဘယ်လို မေ့ပစ်ရမလဲ

စိတ်တို့သည် ကောင်းသည့်ဘက်မှာ မရှိတော့ဘဲ စိတ်အတိုင်း လက်

ရောက်ကာ ဂိမ်းစီးတီးဘက်သို့ ကားကို ကွေ့ဝင်လာခဲ့သည်။

အပေါ်ကို တောက်လျှောက်တက်ခဲ့ကာ သီချင်းဆိုဖို့စိတ်ကူး

အခန်းတစ်ခန်း ယူလိုက်၏။ ထိုစဉ် ဘေးကိုရောက်လာသည်က လူ





ယောက်..။

မှော် မျက်နှာတစ်ချက်ပျက်သွားပေမယ့် တည်တည်ငြိမ်ငြိမ်ပဲ

ရင်ဆိုင်လိုက်သည်။ သူတို့မျက်နှာတွေက မှော် ကို နာကြည်းတာတွေ၊

ပြက်ရယ်ပြုချင်တာတွေ..၊ ပြီးတော့ ဒုက္ခပေးဖို့ အပြင်းစားဖို့အားတွေ

ထည့်ထားသည့် မဲ့ပြုံးတွေနှင့်...

"အတူတူ ဆိုမယ်လေ.."

အလယ်လူဖြစ်သည့် ကောင်းခန့် က ဘေးနှစ်ယောက်၏ပခုံးတွေ

ပေါ်ကို လက်တစ်ဖက်စီတင်၍ ရီဝေဝေအကြည့်များနှင့် မှော် ကို

စွန်ချီဆန်ချီ ကြည့်၏။

"လာပါ..၊ တို့က အသည်းကွဲနေပေမယ့် မင်းရဲ့အောင်ပွဲအတွက်

ဂုဏ်ပြုတေးတွေပဲ ဆိုပေးမှာပါ၊ လိုက်ခဲ့မယ်နော်"

"ရှေ့ကဖယ်စမ်း ကောင်းသန့်..၊ ကိုယ်လမ်းကိုယ်သွား.."

"ကိုယ့်လမ်းကိုယ်သွားနေတာပါ၊ ဒါပေမယ့် သွားတဲ့နေရာတိုင်း

မှာ မင်းက ရှိနေတာကိုး၊ မင်းနေရာ ဆိုတဲ့ ပုဂ္ဂိုလ်က ကြီးကျယ်ခမ်းနား

အောင်နေပြီး ကိုယ့်မိန်းမကိုတောင် မထိန်းချုပ်နိုင်ဘူး ထင်တယ်၊

သူ့နေရာမှာ တို့ဆိုရင်တော့ မှော် ဆိုတဲ့မိန်းမကို ရအောင်ယူထားနိုင်တယ်

ဆိုပြီး ဒီလို စိတ်ချလက်ချ လုံးဝ လွှတ်မထားဘူး၊ ဘာဖြစ်လို့လဲ သိ

လား.."

အရက်မူးနေပုံရသည့် ကောင်းခန့် မျက်နှာက ရီဝေသွားလိုက်..၊

င်းမာသွားလိုက်နှင့်...

"မင်းမှာ အန္တရာယ်တွေ ရှိတယ်၊ မင်းလိုမိန်းမကို ဒီလို လမ်းဆုံး

စ်နေရာမှာ တွေ့လိုက်ရင် ဘယ်ကောင်မှ အလွှတ်ပေးမှာ မဟုတ်ဘူး၊

ဒ်နဲ့... ဒုက္ခဆိုတာ ကိုယ်တိုင်ခံစားဖူးမှ ချိုသလား၊ ခါးသလား

သိတာ၊ အဲဒါတွေ မင်း ခံစားဖူးမှ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



''တောက်!...''

''ဟာ!... ဟာ..''

မော် က ချာခနဲလှည့်၍ ဘေးကနေ ရှောင်ထွက်သွားသည်။ အစွန်လူက မော့် လက်ကို လှမ်းဆွဲလိုက်လျှင် ကြိုတွက်ထားပြီးသားမို့ ထိုလက်ကို မော် က ဆလင်းဘက်ခ်အိတ်နှင့် ဖြတ်ရိုက်ပစ်လိုက်သည်။

သီချင်းလည်း မဆိုဖြစ်တော့ပါ။ ကားပါကင်ကို ရောက်လာတော့ အဝင်ဝတံခါးနားမှ သီချင်းသံသဲ့သဲ့ ထွက်ပေါ်လာ၏။

မော့် တစ်ကိုယ်လုံး ဖြစ်လက်စ ဒေါသများနှင့် ဖျင်းခနဲ ပူနွေးသွားခဲ့သည်။

... ကဲ... ယုံချင်ယုံ... မယုံချင်နေ... သူတို့ဇာတ်လမ်း... ပုံပြင်တွေ... အသည်းကွဲရတဲ့ ငနဲ... တစ်ယောက်လောက်မှက... ဆုံရင်မေး...

... ယုံချင်ယုံ... မယုံချင်နေ... ဒါက သူ့ဂုဏ်အင်တွေ... ဒီလိုမျိုးမိန်းမ... ယောကျ်ားတွေရဲ့ကြား... ဂုဏ်တင်နေလဲ... အချစ်က ကစားစရာလို... မျက်နှာများတာမျိုး...

... ဘေးက ဝိုင်းစွပ်စွဲလာရင်... သူ့ဘဝ နစ်နာသွားမှာ စိုး... ဘဝမှာ အရေးကြီးဆုံးက မေတ္တာတရားပါလို့... မိန်းမရိုင်း... သိပါစေ... ရိုးရိုးသားသား အချစ်က ရှားလာလို့...

(... သူ့အလှအပတွေကို... ငါ မုန်းမိုက်... အာရုံတွေကို စူးစိုက်... စောင့်ရင်း စောင့်နေလိုက်... ကြောက်ဖို့ကောင်းတဲ့ မိန်းမရိုင်း...)

တံခါးကိုဖွင့်ဖို့ ကိုင်ထားပြီးမှ လက်က မလှုပ်ရှားဖြစ်ဘဲ ငြိမ်သက်သွားခဲ့သည်။

ဒီသီချင်း၊ ဒီအသံကို သူမ သွားလေရာမှာ ထုတ်လွှင့်နိုင်အောင်





ကြိုတင်ကြံစည်ထားသူဟာ တစ်ယောက်တည်းလား ဒါမှမဟုတ် ယောကျ်ားတိုင်း၏ရင်ထဲမှာ သူမက ဒီလောက်ထိ ရိုင်းစိုင်းနေခဲ့တာလား..။

... လူကို တစ်ကိုယ်လုံး သိမ်းပိုက်... မပျော်တော့ နောက်တစ်ယောက်ဆီ ယိမ်းလိုက်... ခုနေခါကြည့်... ရှုးချင်လာမိ... သိပ်ကြောက်ဖို့ကောင်းတဲ့ မိန်းမရိုင်း...

နားစွင့်နေရင်း အံကြိတ်မိ၏။ ကားထဲကို ဝင်ထိုင်ပြီး အလျှင်စလို ဘက်ခ်ဆုတ်လိုက်ကာ ထိုကားဆီကို မျက်နှာမူမိကာမှ သေချာကြည့်မိသည်။

ကားဘေးမှာ သုံးယောက်၊ ဘန်းနစ်ပေါ်မှာ တစ်ယောက်၊ ထို သုံးယောက်လုံးကို မော် မသိပါ..။ ဒါပေမယ့် အထဲကတစ်ယောက် ကျန်နေသေးတာကိုတော့ သဲကွဲစွာ မမြင်ရပေ..။

အပြင်လူတွေ၏မျက်နှာအရ ဒီသီချင်းကို တမင်တကာ ရည်ရွယ်ပြီး ဖွင့်လိုက်တာမှန်း သိသာနေသည်။

တစ်လမ်းလုံး စိတ်နှင့်ကိုယ်က မကပ်နိုင်..။

ထိုစဉ် ဖုန်းက ထ,မြည်လာ၏။ ကိုင်မည်ကြံပြီးမှ ဟိုတစ်ခါ ဖုန်းပြောရင်း အက်ဆီးဒင့်ဖြစ်ခဲ့တာကို သတိရကာ မကိုင်ဖြစ်..။

ဖုန်းက မရမကမြည်နေကာ မကိုင်မချင်း ရပ်မှာ မဟုတ်တာကို သိမှ နားထောင်လိုက်၏။

''ဟလို...''

''မော်...၊ ကိုယ် ရတု ပါ၊ မင်းကို ပြောစရာတွေ ရှိတယ်၊ သတိပေးချင်တာရောပဲ..၊ ကားကို ကမ်းနားဘက် ခဏမောင်းပါလား''



www.burmeseclassic.com

www.burmeseclassic.com



ရတု သူ့မဘေးမှာ သို့မဟုတ် နောက်မှာ ရှိနေပြီမှန်း သိလိုက်သည်။ ဘေးကို မျက်လုံးကစားလိုက်ပြီး မတွေ့တော့မှ…

"ကျွန်မ နားထောင်ဖို့ အချိန်မရှိဘူး"

"မင်းအတွက်ပါ မှော်..၊ ဒါကို အချိန်မပေးလို့ မရဘူး၊ မင်းလက်ထပ်ပြီးပြီဆိုတာ ကိုယ် သိတယ်၊ အခုဟာက…"

"ရတု..၊ ရှင် ကျွန်မအကြောင်းကို သိတယ်နော်၊ ဖုန်းထဲကဖြစ်ဖြစ်၊ ကျွန်မသွားမယ့် လမ်းရှေ့မှာဖြစ်ဖြစ် တစ်ခုခု တားဆီးဖို့ မကြိုးစားနဲ့၊ ကားချင်းဖြစ်ဖြစ်၊ လူချင်းဖြစ်ဖြစ် ကျွန်မ ဖြတ်တိုက်သွားမှာ.."

ဖုန်းကို ချပစ်လိုက်သည်။ ကိုယ့်ရည်ရွယ်ချက်ကို သိအောင် ရှေ့ကားနှစ်စီးကို ကြုံသလိုကျသလို ဝိုက်ဆွဲ ကျော်တက်ပစ်လိုက်၏။

ကားသမားတွေ လှည့်ကြည့်..၊ ပြောဆိုကျန်ရစ်တာကို မှော် တစ်ချက်မျှ ငဲ့မကြည့်..။ ဒေါသသည် ခြံထဲကို ကားဝင်လာခဲ့တဲ့အထိ ဟူးဟူးဒိုင်းဒိုင်း ဖြစ်နေခဲ့သည်မို့ ရပ်ပစ်လိုက်တော့ မှော် ကိုယ်တိုင် ကြွခနဲ ငိုက်ဆင်းသွားခဲ့၏။

အထဲတံခါးပွင့်နေသည်မို့ မင်းနေရာ ပြန်ရောက်ပြီမှန်း သိသည်။ ခေါင်းရင်းပတ်လည်မှာ ကားဂိုဒေါင်ထားကာ အထဲမှာ ကားသုံးစီးရှိသည်။

မင်းနေရာကတော့ ဒီကားတွေကို ထည်လဲစီးတာမဟုတ်ဘဲ အပိုရံထားတာ ထင်၏။ သူ အပြင်က ပြန်လာပြီဆို ဂိုဒေါင်ထဲထိ ကားတစ်ခါတည်းသိမ်းပြီးမှ အိမ်ထဲ ဝင်တတ်သည့်အကျင့် ရှိသည်။

မှော် ကတော့ ပေါ်တီကိုအောက်မှာပဲ ဒီတိုင်းထားခဲ့နေကျ အတိုင်း..။





## အခန်း [ ၂၀ ]

ဟိုနေ့တွေကတော့ ကိုယ့်အကြောင်း ကိုယ်သိနေသည်မို့ ညလယ်စာစားဖို့အတွက် စားစရာတစ်ခုခုကို အရံသင့် ဝယ်ထားတာရှိခဲ့သည်။

ဒီနေ့ သီချင်းကိုရော၊ လူတွေကိုရော ရှိသမျှဒေါသတွေ စုပြုံထွက်ရင်း ပြန်ချလာခဲ့တာ ကိုယ့်အတွက်ကိုယ်တောင် မေ့ခဲ့သည်။

ဗိုက်ဆာခြင်းကို သတိထားလိုက်မိတာနှင့် နာရီမော့ကြည့်လိုက်တော့ ည ကိုးနာရီ။ အဖြူရောင်ဖဲသားနှင့် ညဝတ်အင်္ကျီကို ခါးစည်းကြိုးပတ်ချည်လိုက်ပြီး မွေ့ရာပေါ်မှာ နောက်ပြန်ထိုင်လိုက်သည်။

ဒီအိမ်ကို ရောက်လာကာမှ ဘာတစ်ခုမှ အဆင်မပြေပါလား..။ ဂိမ်းဆော့မလို့ ကွန်ပျူတာရှေ့မှာ ထိုင်လိုက်တော့လည်း ထွက်လာလိုက်တာ ဘယ်လိုဂိမ်းအမျိုးအစားတွေမှန်း မသိ..။

ကစားလိုက်တာလည်း တစ်ပွဲမှ မနိုင်..။ တစ်ယောက်တည်း ရွှေးပြန်ပြီး စိတ်တွေတိုလာတာပဲ အဖတ်တင်သည်။ အိပ်မလို့ ရေချိုးပြီး ညဝတ်အင်္ကျီလဲလိုက်တော့ ဗိုက်က ဆာလာ၏။

ဒါလည်း စားစရာ ဘာမှမရှိသည့်အဖြစ်ကြောင့် ငုတ်တုတ်ထိုင်နေရပြန်ပြီ။ သူ ဘယ်လိုစားသောက်နေမှန်း မသိသလို ကိုယ်လဲ အိမ်မှာပဲ သွားစားနေတော့ ထမင်းစားခန်းထဲတောင် မထိုင်ဖြစ်ခဲ့တဲ့အထိ..။



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်!..."

ညဘက် အပြင်ထွက်တတ်သည့်အကျင့် မရှိသည်မို့ ဒီအချိန်ကြီး ကျမှ တစ်ယောက်တည်းထွက်သွားဖို့ကတော့ မဖြစ်နိုင်ပေ..။

ခလုတ်ထိမှ အမိ'တ' ဆိုတာလို မှော့် မှာတော့ အမိ'တ'ဖို့ မရှိပေမယ့် မေချို ရှိသည်။

"ဟလို..."

"မေချို..."

"ဟင်!... သမီးလေးလား..၊ တော်သေးတာပေါ့ မေချို က အိပ်ရာဝင်တော့မလို့"

"ဒက်ဒီရော..."

"သမီးဒက်ဒီ စာကြည့်ခန်းမှာ ထင်တယ်၊ ဘာဖြစ်လို့လဲဟင်"

"သမီး ဗိုက်အရမ်းဆာတာပဲ"

"ဟင်!..."

မေချို တော်တော်ကြီး ငေးငိုင်သွားပုံရကာ အသံ ချက်ချင်းထွက် မလာရှာ..။

"မေချို..."

"ဟင်... သမီး.."

"ခုနေ သမီး အပြင်ကို တစ်ခုခုထွက်ဝယ်စားရင် ကောင်းပါ့ မလားဟင်"

"တစ်ယောက်တည်းဆိုရင်တော့ ဘယ်လိုလုပ် သင့်တော်ပါ့မလဲ သမီးရယ်၊ ဒုက္ခပါပဲ..၊ ဟို... သမီးယောက်ျားကို ခေါ်ပြီး..."

"အို!... မခေါ်ပါဘူး"

"မခေါ်ရင်တော့ မဖြစ်ဘူးလေ သမီးရဲ့၊ မေချို တစ်ခုခု လာပို့ချင် ပေမယ့် ဒီအချိန်ကြီး..."





"ဟာ... အဲဒီလို မဖြစ်ပါဘူး၊ တော်ပြီ..၊ ဒီည ဒီတိုင်းပဲ လူးလှိမ့် အိပ်လိုက်တော့မယ် မေချို"

"ဟင်!..."

"မနက်ဖြန် သမီး ညလယ်စာအတွက် တစ်ခုခု လုပ်ထားပေး"

"အေးပါ သမီးရယ်..၊ မေချို ကလေးကို သနားလိုက်တာ၊ အဲဒါ မေချို သတိမရလို့၊ မေချို့ အပြစ်ပါ၊ တကယ်ဆို ကလေး ညလယ်စာ စားတတ်တာကို သတိရကို ရရမှာ..."

"ကဲပါ.. သူ နောင်တတွေရနေတာနဲ့ သူများ ဗိုက်ဝ,သွားမှာလဲ မဟုတ်ဘဲနဲ့၊ ဒါပဲနော်"

ဖုန်းချထားလိုက်ပြီး နေရာမှ ထ,ရပ်လိုက်မိသည်။ မီးဖိုချောင်ထဲ မှာ တစ်ခုခုများ ရှိမလား၊ သူ မအိပ်သေးတာ သေချာနေတော့ ဝင်ရှာ ရမှာလည်း ရှက်သည်။

သူ ဘာတွေ ဝယ်ထည့်ထားမှန်း မသိ..၊ ဘယ်နေရာလဲ မသိ..။ အခန်းထဲကထွက်ခဲ့ပြီး ရေခဲသေတ္တာ ဖွင့်ကြည့်မိသည်။ ရေသန့်ဘူး တွေ ပြူးပြူးပြဲပြဲကို စိတ်တိုစွာကြည့်မိရင်း သစ်သီးလေးဘာလေး တောင် ထည့်ထားရမှန်းမသိတာကို အပြစ်တင်မိ၏။

တံခါးပြန်ပိတ်ပြီး လှည့်ထွက်လိုက်လျှင် သူ့အလုပ်ခန်းဟု သတ် မှတ်ထားသည့်အခန်းထဲကနေ မင်းနေရာ ထွက်လာတာနှင့် မျက်နှာ ချင်းဆိုင်မိ၏။

"မင်း ဗိုက်ဆာလို့လား"

မှော် နှုတ်ခမ်းတစ်ဖက်ကို ပါးတစ်ဖက်ပါအောင် မဲ့ပစ်လိုက် ကာ...

"ဟုတ်တော့ ရှင် ချက်ကျွေးမလို့လား"

"အဲဒီသဘောပဲ ထားလိုက်ပါ၊ ထမင်းစားခန်းထဲမှာ သွားဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ၊ မင်း ကြိုက်တာတွေ့ရင် ယူစားပေါ့"

သူက အလုပ်ရှုပ်နေသည့်ပုံစံနှင့် အပေါ်ထပ်ကို တက်သွား၏။ မော် ကြောင်တက်တက်ပုံနှင့် ရပ်ကျန်ခဲ့သည်။ သူ တကယ် ချက်ပြုတ်ထားတာလား..။ အိမ်ထောင်ကျမှလား..၊ အမြဲတမ်း ဒီလိုပဲလား။

သူမကရော သူ ချက်ထားတာကို စားသင့်ရဲ့လား..၊ မစားသင့်ဘူးလား..။ မော် ခြေလှမ်း မရွေ့ရသေးခင် သူ ပြန်ဆင်းလာပြီး...

"သွားလေ..၊ ကိုယ့်အတွက် ကော်ဖီတစ်ခွက်လောက်ပါ လုပ်ပေး"

သူ ပြောပြီး အခန်းထဲ ပြန်ဝင်သွား၏။ မော် သူ့အခန်းကို စိုက်ကြည့်ရင်း ပြောခဲ့တာတွေကို သတိရသွားသည်။

"မင်း ဒုက္ခပေးမယ်ဆိုတာတွေကို ကိုယ် မကြောက်ပါဘူး၊ ကိုယ့်အလုပ်ချိန်ကို မနှောင့်ယှက်ပါနဲ့၊ အထူးသဖြင့် ညဘက် ကိုယ် အလုပ်ခန်းထဲဝင်နေရင် တံခါးတောင် မခေါက်ဖို့.."

သူပဲ ကြီးကြီးကျယ်ကျယ်တွေ ပြောထားပြီး ကော်ဖီဖျော်ပြီးတော့ ဘယ်ကို အကြောင်းကြားပေးရဦးမှာလဲ..။

မော် ထမင်းစားခန်းဘက်ကို ထွက်လာခဲ့သည်။ သူ့ကို ကော်ဖီဖျော်တိုက်ဖို့ စိတ်ကူးနဲ့ မဟုတ်ပါ။ ထမင်းဆာနေတာကလည်း ဒုတိယ နေရာကို ရောက်သွားပြီဖြစ်လျက် သူ ဘာတွေ လုပ်ထားတာလဲဆိုတာကို သိချင်တာ ဖြစ်၏။

နောက်ခန်း တစ်ခန်းလုံးကို ထမင်းစားခန်းလုပ်ထားတာဖြစ်ကာ မီးဖိုခန်းသပ်သပ် နေရာအကျယ်ကြီး ရှိနေတာကို ဒီတိုင်းထား၍ မီးဖိုနှင့် ထမင်းစားပွဲကို တစ်ခန်းတည်းလုပ်ထားသည်။ ထို့ပြင် မီးဖိုသုံး အိုးခွက်ပန်းကန် ပရိဘောဂဆိုတာလည်း စုံစုံလင်လင် သိပ်မရှိဘဲ နံရံကပ် စင်မြင့်ကြီးတစ်ခုပေါ်မှာ အိုးခွက်ပန်းကန်တွေကို တင်ထား၏။





ထမင်းစားပွဲရယ်၊ မီးဖိုစင်ရယ်၊ ဘေးမှာ ရေခဲသေတ္တာနှင့် ဟင်းချိုစက်တစ်လုံး၊ ပြီးတော့ မှန်၊ အလူမီနီယံဗီရိုလေးတစ်လုံးရယ် ဒါပဲ ရှိသည်။

အခန်းက အရမ်းကျယ်ပြီး ပစ္စည်းပစ္စယ သိပ်မရှိပေမယ့် မှန်ရောင်လက်နေအောင် သန့်ပြန့်ရှင်းလင်းနေပုံကတော့ စိတ်ချမ်းသာစရာပင်..။

ရေခဲသေတ္တာထဲမှာ ပန်းသီးနှင့် ပန်းသစ်တော် သုံးလုံး တွေ့သည်။ ဒါပဲလား..။

နောက်ထပ် ရှိသေးလားဆိုပြီး ရှာကြည့်တော့ မုန့်ဘူးတစ်ဘူး၊ ဒီမုန့်ကိုတော့ မော် ကြိုက်သည်။ ကော်ဖီမစ်ထုပ်တွေနှင့် သကြား၊ နို့ဆီ အားလုံးကိုလည်း တွေ့သည်။

ထပ်ရှာလိုက်တော့ ကြက်အူချောင်းနှင့် ပေါင်မုန့်လိပ်ကြော်ထားတာကို တွေ့လိုက်ရ၏။ ကြည့်လိုက်တာနှင့် ဆိုင်ကဝယ်ထားတာ မဟုတ်မှန်း မော် သိသည်။

အိုးခွက်တွေမှာကျတော့ ချက်ပြုတ်သုံးစွဲထားတဲ့ပုံ မရှိဘဲ ကိုယ်တိုင် ကြော်လှော်စားနေတာ သိတော့ ယောကျ်ားလေးဖြစ်ပြီး သန့်သန့်ပြန့်ပြန့် လုပ်ကိုင်တတ်တာကိုပါ သတိထားမိခဲ့သည်။ ထိုစဉ် နောက်ကခြေသံကြားကာ မင်းရဲ့နေရာ သူမဘေးကို ရောက်လာ၏။

"ဘာမှစားချင်စိတ် မဖြစ်ဘူးလား၊ ပေါင်မုန့်ကြက်အူချောင်းနဲ့ မကြိုက်ရင် ဒီတိုင်း မီးကင်ပြီး သကြားနဲ့ စားပါလား"

မော် က မျက်နှာကို ခပ်တည်တည်လုပ်ကာ...

"မကင်တတ်ဘူး"

သူက တစ်ချက်ပြန်ကြည့်ပြီး သူ့ဘာသာ ကော်ဖီဖျော်သည်။

"ပေါင်မုန့်ကင်ပေးဖို့တော့ ကိုယ် မအားဘူးကွ၊ ကော်ဖီ သောက်မလား၊ မုန့်နဲ့ မျှောချလိုက်ရင် အဆင်ပြေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မပျော်ရင် ဘယ်လိုလုပ်မလဲ"

"အဲဒီလိုဖြစ်တတ်ရင်တော့ မသောက်နဲ့..၊ ကိုယ်ကတော့ ကော်ဖီ ပဲ သောက်တတ်တာ၊ ဘယ်အချိန်ဖြစ်ဖြစ် ရတယ်၊ ဟိုပေါ်မှာ မုန့်ဘူး ဝယ်ထားတာ မင်းအတွက်နော်..၊ ဘယ်ဟာကြိုက်မှန်းမသိပေမယ့် ညဘက်ဗိုက်ဆာရင် ဘာမှရှိမှာ မဟုတ်တော့ စိတ်ကူးမိတာ ဝယ်လာခဲ့ တာ၊ ကိုယ်က မုန့်မစားတတ်ဘူး"

မင်းနေရာ က ကော်ဖီဖျော်ပြီး တန်းသောက်သည်။ စားပွဲမှာထိုင် လိုက်တော့ ကော်ဖီက တစ်ဝက်ကျနေပြီဖြစ်ကာ...

"ဗိုက်ဆာနေတယ်မို့လား၊ ဒီညတော့ ဗိုက်ပြည့်အောင် ကြိုက် ကြိုက်,မကြိုက်ကြိုက် မျိုချလိုက်ကွာ၊ နောက်ညတွေအတွက်က အဆင် ပြေသွားမှာပါ"

မှော် က မုန့်ဘူးကိုပဲယူ၍ သူ့ရှေ့မှာ ခုံဆွဲထိုင်လိုက်သည်။ ပြီး တော့ ဘူးကိုဖွင့်လိုက်ရင်း...

"ရှင်က အိမ်မှာ ချက်စားတာလား"

"အင်း...၊ ချက်တာပေါ့၊ ကိုယ် အပြင်မှာမစားတတ်ဘူး"

မှော် က အထင်သေးသလို မဲ့ချင်သည့်မျက်နှာလေးနှင့် မုန့်တစ်ခု စားလိုက်ရင်း ဆံပင်တစ်ဖက်ကို နားမှာ ညှပ်လိုက်သည်။

မင်းနေရာ က မှော့် မျက်နှာလေးကို စိုက်ကြည့်ရင်း ကော်ဖီ လက်ကျန်ကို မော့သည်။ သူမ၏ အထူးတလည် တန်းဆင်းလှပနေ သည့် နှာတံချွန်ချွန်လေးနှင့် မျက်လွှာချထားတိုင်းလှသော မျက်တောင် ရှည်တို့က ဤကဲ့သို့ ဆံပင်လေးတစ်ဖက်သိမ်းပြီး ငုံ့နေသည့် ပိုဆက်ရှင် လေးတွေမှာ ကြည့်မဝနိုင်အောင် ညို့သည်။

ထို့ပြင် မီးရောင်အောက်မှာဖြစ်ဖြစ် နေရောင်ဖြစ်ဖြစ် ဝင်းဖန့်နုမွတ် နေတတ်သော အသားအရည်၏ ကောင်းခြင်းကလည်း ပါရမီထူးသူ



လေးပါ။

ထိုစဉ် မှော့် မျက်တောင်ဖျားလေးတွေ ဖျတ်ခနဲ ပင့်တက်လာတော့ သူ့မျက်လုံးတွေကို တခြားသို့ မောင်းနှင်ပစ်လိုက်ရ၏။

"ရှင်က အဆန်းပဲနော်၊ တစ်ကိုယ်ရည်တစ်ကာယသမားတွေဆို အလုပ်သမားလဲ မရှိဘဲနဲ့၊ ချက်ပြုတ်စားဖို့အထိ စိစစ်မှာ မဟုတ်ဘူး၊ ရှင့်လောက် အလုပ်များနေတာလဲ ရှင်ပဲ ရှိတယ်၊ ဘာလဲ... ကပ်စေးနဲ တာလား"

မှော် မေးလိုက်တော့ သူက ပန်းကန်လုံးကို ပြန်ချလိုက်ပြီး ပြုံး သည်။

"ကိုယ် တစ်သက်လုံး မိဘကိုယ်တိုင် ချက်ပြုတ်ကျွေးတာကို မစားခဲ့ဖူးဘူး"

"ဟင်!..."

"အဲဒါ ယုံလား..."

ခေါင်းမညိတ်မိပေမယ့် သူ တကယ်ပြောတာမှန်း မှော် ယုံကြည် နေ၏။ ထိုခဏလေးအတွင်း ဒီစကားတစ်ခွန်းကြောင့် မှော့် ရင်ထဲမှာ ညှို့သက်သွားသည့်စိတ်က မျက်နှာပြင်မှာ ဘယ်လိုဟန်ဆောင်ဖုံးကွယ် ထားလို့မှမရအောင် တအံ့တသြ ငေးမောသွားခဲ့တဲ့အထိ..။

"ဒါနဲ့ ဒက်ဒီမပြောတော့ ရှင် အလယ်တန်းကျောင်းသားအရွယ်ထိ ရှင့်မာမီ ရှိသေးတယ်ဆို..."

"ခုလဲ ရှိတယ်"

"ဘယ်လို!..."

သူက စကားထပ်ပြောဖို့ ပြင်လိုက်ပြီးမှ နာရီ ငုံ့ကြည့်သည်။

"နောက်နေ့မှ ဆက်ပြောရအောင်၊ ကိုယ် အလုပ်မပြီးသေးဘူး"

"ကြီးကျယ်လိုက်တာ..၊ မပြောလဲ နေပေါ့"

www.burmeseclassic.com

မော် က နောက်ထပ် မုန့်တစ်ခုထုတ်လိုက်ပြီး မျက်နှာလွှဲပစ်၏။ သူက စဉ်းစားသလို တစ်ချက်ငြိမ်သွားပြီးမှ…

"ဒီလိုကွာ…၊ ဖေဖေနဲ့ မေမေရဲ့ အရင်ကအကြောင်းတွေကို မပြော တော့ဘူး၊ ဒါပေမယ့် အိမ်ထောင်ရေးကို စ,ခဲ့ကြတာက အခြေအနေ အချိန်အခါတွေ တွန်းပို့လိုက်သလိုဖြစ်ပြီး လက်ထပ်ခဲ့ကြတာ၊ မေမေက ပြင်သစ်မှာ မပျော်ဘူး၊ မြန်မာပြည်ကိုပဲ သစ္စာကြီးစွာ လွမ်းဆွတ်နေတာ မျိုး မဟုတ်ပေမယ့် ဖေဖေက ဂရုမစိုက်သလို နေခဲ့တဲ့အတွက် မိဘရှိရာ ကို ပြန်ချင်တာမျိုးပေါ့၊ ကိုယ် တစ်နှစ်သားလောက်မှာ မေမေ မြန်မာ ပြည်ကို ပြန်လာတယ်၊ ရှင်းရှင်းပြောရရင်တော့ ဖေဖေနဲ့ ကွဲလာတယ် ပေါ့၊ ဒီရောက်တော့လဲ အဘိုးအဘွားတို့က သက်တမ်းတိုတိုနဲ့ ဆုံးပါး ကုန်ကြပြီ၊ ကိုယ်တို့သားအမိ အဒေါ်နဲ့ နေကြရတာ…"

မော် က ခေါင်းညိတ်၍ မုန့်တစ်ခြမ်းလုံးကို ပါးစပ်ထဲသွင်းသည်။ မင်းနေရာ က သူ့မကို ကြည့်နေရင်း ဆက်ပြော၏။

"ကိုယ် လေးတန်းအောင်ပြီးတော့ ဒက်ဒီ အသည်းရောဂါနဲ့ ဆေးရုံတက်နေရတယ်ကြားပြီး ကိုယ်တို့ ပြင်သစ်ကို ပြန်ရောက်သွား တယ်၊ အဲဒီကတည်းက မြန်မာပြည် ပြန်မရောက်ခဲ့တာ…၊ အခု ကိုယ် ဒီရောက်တာ တစ်နှစ်ကျော်ပဲ ရှိသေးတယ်"

"ရှင့်အမေ ချက်ပြုတ်မကျွေးခဲ့တာတွေ ပြောပြဦးလေ"

"သိပ်တော့ မဆန်းပါဘူး၊ မေမေက ဖေဖေနဲ့ စိတ်ရောလူရော တူတဲ့ ကိုယ့်ကို မချစ်ဘူး"

"ဒါနဲ့ မိဘက ကိုယ့်သားသမီးကို မချစ်ဘူးဆိုတာ မရှိဘူးဆို…"

"ဟုတ်တယ်…၊ ချစ်လို့သာ ကျွေးမွေးစောင့်ရှောက်ခဲ့တာပေါ့၊ ကိုယ်ကတော့ ပြုစုမခံခဲ့ရတာ၊ ဖေဖေ့ရောဂါအတွက် မေမေပဲ အမျိုးမျိုး ပြုစု ဂရုစိုက်ပြီး ပျောက်အောင်လုပ်ပေးခဲ့တယ်၊ ဒါပေမယ့် ဖေဖေ



မေမေ အဲဒီကစပြီး ပိုပြီး အေးစက်ဝေးကွာသွားခဲ့ကြတယ်၊ ကိုယ်က တော့ အိမ်ထောင်ရေးတွေကို စိတ်မဝင်စားတတ်တဲ့အရွယ်လေ…၊ ပြီး တော့ မေမေ ပြုစုတာ,မပြုစုတာထက် ဖေဖေ တော်နေတတ်နေသလို ခြေရာနင်းနိုင်အောင်ပဲ ကြိုးစားနေခဲ့တာ၊ ဖေဖေနဲ့ ကိုယ်က သပ်သပ်၊ မေမေကသပ်သပ် ဖြစ်သွားတယ်"

"နိုင်ငံခြားမှာဆိုတော့ တစ်နယ်ရပ်ခြားမှာတောင် ရှင့်အဖေက မိန်းမကို ဦးစားမပေးဘူးလား"

"နိုင်ငံခြားသားကိုယူထားပြီး နားမလည်တတ်တဲ့ မိန်းမလို့ ဖေဖေ ဒေါသထွက်တာ ကြားဖူးတယ်၊ မေမေကလဲ သူ့ဆုံးဖြတ်ချက် မှားတယ် ပေါ့၊ ကိုယ့်ကြောင့် သည်းခံနေခဲ့တာလို့ မေမေ ပြောပေမယ့် ကိုယ့်ကို တော့ တစ်နေကုန်နေလို့ သားလို့ တစ်ခွန်းမခေါ်ခဲ့ပါဘူး၊ ဖေဖေနဲ့ကိုယ် က သွားအတူလာအတူ ဖြစ်နေပြီ၊ မေမေက သူ့ဘာသာ ချက်စားတော့ မေမေ့လက်ရာကိုလဲ ချိုသလား၊ ခါးသလား မမြည်းခဲ့ဖူးဘူး၊ ကိုယ် လူမှန်းသိတတ်စအရွယ်ကစပြီး မေမေ့ဆီက ကြင်ကြင်နာနာ ခေါ်ပြော ဆက်ဆံတာလဲ မကြားခဲ့ဘူး၊ မေမေ တယုတယ ကျွေးမွေးတာလဲ မစားခဲ့ဖူးဘူး၊ အဲဒါကြောင့် မေမေ့ဆီက ကိုယ် ဘာမှ မမျှော်လင့်တော့ တဲ့အကျင့်တစ်ခု ရလာခဲ့တယ်၊ ခုချိန်ထိပဲ…"

မော် စိတ်မကောင်းဖြစ်သွားခဲ့သည်။ သူ့မှာလည်း ဒီလို နာကျင် စရာတွေရှိခဲ့သလား…။ ဒါကြောင့် မင်္ဂလာပွဲမှာ သူ့ကိုယ်သူ မိဘမဲ့တစ် ယောက်လို ထားခဲ့ပြီး ဒက်ဒီကလည်း ဒီတိုင်းပဲ ကျေနပ်ခဲ့တာကိုး…။

ဒီအကြောင်းတွေ မော့် ကို ပြောပြသလို ဒက်ဒီ့ကိုလည်း ပြောပြ ထားခဲ့မည်ထင်သည်။

"ကိုယ့်ရဲ့အတိတ်ကို ဒီလောက်ထိ အသေးစိတ် ပြောပြဖူးတာ မင်းတစ်ယောက်တည်း ရှိသေးတယ်"

www.burmeseclassic.com



ဒါကိုပဲ တွေးနေတုန်းမို့ မော် မလုံမလဲကြည့်မိတော့ မျက်လုံးချင်း ဆုံသွားသည်။

"ကိုယ့်အဖေက ပြင်သစ်လူမျိုး"

"ဟင်!..."

"အဲဒါ မင်းဒက်ဒီပဲ သိတယ်"

ပြောပြီးမှ သူက တစ်စုံတစ်ခုကို စဉ်းစားမိသွားသလိုမျိုး...

"ကိုယ့်အကြောင်းကို သဲကြီးမဲကြီး လိုက်စုံစမ်းနေတဲ့သူ တချို့တော့ သိကြမယ်ထင်တယ်"

"ရှင့်မာမီကရော..."

"မေမေက မြန်မာပဲ"

"ဘာပဲဖြစ်ဖြစ် ရှင်က နိုင်ငံခြားမှာ ကြီးပြင်းခဲ့ပြီး ဖေဖေ၊ မေမေလို့ပဲ ခေါ်တာ အံ့သြစရာပဲ.."

"ကိုယ့်စိတ်ကူးတွေနဲ့ကိုယ် ရှိကြတာပဲလေ..၊ ခံယူချက်တွေလဲ ကွဲမှာပေါ့.."

"ဆက်ပြောလေ..၊ ရှင့်မာမီ... အဲ... ရှင့်အမေနဲ့အဖေ ဘယ်လို ဖြစ်သွားသလဲ.."

"မေမေက ဖေဖေ့ကို ကွာရှင်းပြီး နောက်အိမ်ထောင်ပြုလိုက်တယ်"

"ဟင်!..."

အားတင်းပြောလိုက်ရသည့်ပုံနှင့် နီမြန်းမြန်းဖြစ်နေသော သူ့မျက်နှာကိုကြည့်ကာ အားနာသွားမိ၏။ ဒီလိုတွေရှိခဲ့မယ်လို့မှ မထင်ဘဲ..။

သူက လူငယ်လေးတစ်ယောက်လို မျက်နှာခပ်ငုံ့ငုံ့နှင့် ကုတ်စပ်က ဆံပင်ကို တစ်ချက်သပ်လိုက်ပြီးမှ...

"ဖေဖေ့ထက် အများကြီးသာတဲ့ ပြင်သစ်ရောက် မြန်မာသူဌေး





ဆိုပါတော့..၊ ဒါပေမယ့် မတူပါဘူး၊ ဖေဖေက အိုင်တီသမား၊ သူတို့က ငွေကစားတဲ့သူတွေ..."

"သူက ရှင့်အဖေကို ပြန်ပြီး တိုက်ခိုက်တာမျိုးလားဟင်"

"ဒီတိုင်းပဲ သတ်မှတ်လို့လဲ ရတယ်..၊ ကြာလာတော့ ဘဝတစ်ကွေ့မှာ တွေ့ကြတာပေါ့၊ ပြောရရင် မင်း နားမလည်နိုင်လောက်တဲ့ အဖြစ်အပျက်တွေ အများကြီးရှိနေသေးတယ်၊ ကိုယ် မပြောချင်တော့ဘူး"

ကုန်စင်အောင် ထပ်သိချင်သေးပေမယ့် မော် ကျေနပ်လိုက်ရသည်။

"ကိုယ့်ရဲ့လုပ်ငန်းတွေနဲ့ပတ်သက်ပြီး တစ်နေ့နေ့မှာ ပြောဖို့ကြုံလာရင် ပြောပြမယ်၊ အခု မင်းကို သိစေချင်တာက ကိုယ် အပြင်က စားစရာတွေကို မမက်တဲ့အကြောင်း..."

ကိုယ် ပြောခဲ့တဲ့စကားကို ပြန်သတိရကာ မော် မျက်နှာလေးကို တည်တည်လေး ပြန်လုပ်၏။

"နည်းနည်းတော့ နားလည်လို့ရသွားမယ် ထင်တယ်၊ ကိုယ့် သက်တမ်းတစ်လျှောက်လုံး အဲဒါတွေမဲ့ စားသောက်လာခဲ့ရလို့ မစားချင်တော့တာ..၊ ကိုယ် ချက်ပြုတ်တာ နည်းလမ်းကျတာ,မကျတာ ထား၊ ကိုယ်တိုင် မီးဖိုပေါ်တင်ပြီးမှ ပန်းကန်ထဲရောက်လာတာကို မက်မောတယ်၊ အဲဒါကြောင့် မင်းဘဝက ကိုယ့်ထက် အများကြီးသာပါတယ် မော်..၊ ကမ္ဘာပေါ်မှာ ကြီးကျယ်အောင်မြင်လာခဲ့တဲ့ ပုဂ္ဂိုလ်ကျော်တိုင်းဟာ ခက်ခဲကြမ်းတမ်းတဲ့ ဘဝအကွေ့ပေါင်းများစွာကို ကျော်လွှားဖြတ်သန်းခဲ့ကြရတာ များပါတယ်၊ အောင်မြင်လာတဲ့ ဝမ်းစာတွေကို ဘဝနဲ့ ကြမ်းတုံးလုပ်ပြီး ရင်းနှီးခဲ့ကြတာ..."

ပြောပြီး သူ ထ,ရပ်လိုက်သည်။

"မနက်ကျတော့ မင်းရဲ့ မေချို့ ဆီကို ကိုယ် ဖုန်းဆက်ပေးမယ်၊ မင်းအတွက် စားသောက်ဖို့ အဆင်ပြေအောင် စီစဉ်ထားပေးဖို့.."



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောသွားတာ အကောင်းလား၊ အဆိုးလား မသိပေမယ့် မှော် မျက်နှာပူသလိုကြီး ဖြစ်ကျန်ခဲ့တာတော့ အမှန်ပင်‥။

ကိုယ်က ချက်ပြုတ်ကျွေးမွေးခြင်းမပြုသည့်ပြင် သူ့အစီအစဉ်တွေထဲကတောင် ယူစားလိုက်သေးသည်။ ဒါကို သူက ဘာဖြစ်လို့ ဘာမှ မပြောဘဲ ကျေနပ်ပြနေတာလဲ‥။

သူ့အတွက်ကို မပြောသည့်ပြင် မှော့် ကိုတောင် ကော်ဖီဖျော်ပေးတော့မလို ပြောသွားခဲ့သည်။ မုန့်တောင် အရသာမရှိတော့သလို မှော့် ခေါင်းထဲမှာ ရှုပ်ထွေးသွား၏။

ထိုည အိပ်ရာဝင်ချိန်မှာ ရင်ထဲရောက်လာသည့်ဆန္ဒတစ်ရပ်က မင်းနေရာ ဘယ်လိုလူလဲဆိုတာကို သိချင်စိတ်တွေ ပြင်းပြခဲ့ခြင်း‥။



BURMESE CLASSIC .com



## အခန်း [ ၂၀ ]

"ရည်းစားလိုချစ်ကြပြီး ဖြတ်တောက်သွားတာကမှ မင်းရဲ့ နှုတ်ခမ်းတွေ၊ မင်းရဲ့အပြုံးတွေကို အိပ်မက်ထဲမှာ ဆက်လက် သိမ်းပိုက်ခွင့်ရပြီး လွမ်းလောက်သေးတယ် မှော်‥၊ အခု မင်း ဘာတွေလုပ်ခဲ့တာလဲ မင်း သိလား"

"သိတယ်"

"မှော်‥၊ မင်း ဖုန်းမချလိုက်နဲ့နော်၊ ကိုယ် မင်းအိမ်ပေါ်ကို ဖွတ်ဝင်မလာရဲဘူးလို့ မထင်နဲ့၊ ချစ်လူမိုက်ဆိုတာ သီချင်းထဲမှာပဲရှိတာ မဟုတ်ဘူး"

"မှော် ဆိုတဲ့မိန်းမကို ရှင် အဲဒီလို ခြိမ်းခြောက်လို့ရမယ် ထင်နေသလား တန်ခိုး‥၊ ရှင်ကလဲ တန်ခိုး၊ ကျွန်မကလဲ မှော်၊ လုပ်ကြည့်လိုက်ပေါ့"

ပြောပြီး ဖုန်းချပစ်လိုက်သည်။

"တောက်!…"

ဒေါသဖြစ်ဖြစ်နှင့် မှော် ဆိုဖာပေါ်မှာ ဆောင့်ခနဲ ထိုင်သည်။ မိုးပြာရောင်လည်ကတ်လက်ရှည်မှာ အနားတွန့်လေးတွေပါသည့် အင်္ကျီနှင့် စကက်အရှည်အပြာရောင်သည် နက်ပြာရောင် အခက်ရိုက်လေးတွေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



နားဆွဲရှည်၊ လက်ကောက်နှင့် ဖိနပ်ကအစ ဆင်တူရွေးချယ်ပြီး သား..။ ဒီနေ့ မားကက်ကို ဝင်မည်၊ အပြန်မှာ မေချို့ ကို ဝယ်လာသမျှ ပေးပြီး စားချင်တာတွေ အကုန်လုပ်ခိုင်းမယ့် ရည်ရွယ်ချက်တွေနှင့်..။ အားလုံးပြင်ဆင်ပြီး ထွက်လာကာမှ...

"ကရင်..."

ကြိုးဖုန်းက ထ,မြည်လာတော့ ခြံစောင့်ဆီကမှန်း တန်းသိလိုက်၏။ မော့် ဖုန်းမကိုင်ဖြစ်သေးဘဲ ပြတင်းပေါက်ဆီ ပြေးသွားပြီး ခန်းဆီး စ,ကို တိမ်းဖယ်ကြည့်လိုက်သည်။

တန်ခိုး သည် ခြံအပြင်ဘက်မှာ ကားနှင့်အတူ ရပ်နေလျက် ခြံစောင့်ကြီးက အိမ်လေးထဲဝင်ပြီး ဖုန်းဆက်နေတာ ဖြစ်သည်။

မော့် ပြန်လှည့်လာပြီး ဖုန်းကိုင်လိုက်၏။

"သမီးရေ..."

"လုံးဝ မဖွင့်ပေးနဲ့ အဘ"

ခြံစောင့်ကို ပြောလိုက်ပြီးတာနှင့် ရဲစခန်းနံပါတ်ကို ချက်ချင်း ခေါ်လိုက်သည်။ ပြီးတော့ ဖုန်းချထားလိုက်ကာ ပြတင်းပေါက်ကနေ ရပ်ကြည့်နေမိ၏။

ကြည့်စမ်း..၊ တန်ခိုး နဲ့ ခြံစောင့် အချေအတင်တွေ ပြောနေကြ တာတွေ့ရပြီး တန်ခိုး က အိမ်ဆီကို လှမ်းကြည့်၏။ ထို့နောက် တံခါး ကို ကျော်ခွ၍ အထဲဝင်ဖို့ ကြိုးစားနေသည်။

ခြံစောင့်ကြီး ခြေကားယား၊ လက်ကားယားနှင့် ခြံထဲကနေ ပျာယာခတ်နေ၏။ ဘယ်လိုဒေါသတွေနှင့် လှမ်းခဲ့မိမှန်း မသိဘဲ မော့် ခြေလှမ်းတွေ လျှပ်စီးလက်သလို ရွေ့လျားကာ ခြံရှေ့ကို ရောက်လာခဲ့ သည်။ အနားကို ရောက်သွားတော့ မော့် လက်ထဲမှာ သစ်သားတုတ် တစ်ချောင်းနှင့်...





"တားလို့မရဘူး သမီး၊ ပေး... ပေး.. အဲဒီတုတ်..."

"အဘ ဖယ်နေ..၊ မော့် ဘာသာ ရှင်းမယ်"

မော့် က တန်ခိုး ဆင်းလာသည့်ရှေ့ကို အမြန်ဆုံး ရောက်အောင် သွား၍ တုတ်နှင့် တအားလွှဲရိုက်သည်။

"မော့်... နေဦး.."

တန်ခိုး က ဖျတ်ခနဲ ခုန်ရှောင်လိုက်ပြီး...

"မင်းနဲ့ကိုယ် ခဏပဲ တွေ့ခွင့်ရချင်တာ မော့်..၊ ပြောစရာတွေ ရှိတယ်၊ အဲဒါ ချစ်ဖူး အကြောင်း..."

"ဘယ်သူ့အကြောင်းမှ မလိုဘူး၊ ငါ့ခြံထဲထိ ဝင်လာရဲတဲ့ နင့်ကို ကျိုးကန်းသွားအောင်လုပ်ပြီးမှ ရဲလက်အပ်မယ်"

"မော့်...၊ မင်း မှားမယ်နော်.."

မော့် က လိုက်ရိုက်သည်။ တန်ခိုး က အသေအလဲ ရှောင်၏။ တုတ်က သိပ်မရှည်။ တန်ခိုး ကလည်း ကိုယ်ခံပညာ အနည်းအကျဉ်း တော့ တတ်ထားသည်မို့ ကိုယ်ကိုမထိအောင် ရှောင်တိမ်းနေလို့ရသည်။

ဒါပေမယ့် ခြံစောင့်ကြီးကပါ တုတ်ပြေးဆွဲတာ မြင်လိုက်တော့ တန်ခိုး မျက်နှာတင်းသွား၏။

"မင်း ငါ့ကို အချုပ်ထဲထည့်နိုင်ရင် ထည့်လိုက်..၊ ဒါပေမယ့် မင်းရဲ့သိက္ခာ၊ မင်းဘဝတစ်ခုလုံးက ငါ့ပါးစပ်ထဲမှာ..၊ ငါ့စကား တစ်ခွန်းတည်းနဲ့ အမျိုးမျိုး ပြောင်းလဲသွားလို့ရတယ် နားလည်လား၊ မင်း အခုရပ်ပြီး ငါ့ကို စကားပြောခွင့်ပေး..."

"လူယုတ်မာ..၊ နင့်ပါးစပ်ထဲက သွားတွေကို ရိုက်ချိုးဦးမှာ"

"တီ.."

ကားဟွန်းသံကြောင့် တန်ခိုး ဖျတ်ခနဲ ခုန်ရှောင်သလို မော့် လည်း ရွယ်ထားသည့်လက်က မြှောက်လျက်သားနှင့် ရပ်တန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ပရာဒိုကို မြင်လိုက်သဖြင့် မှော် တစ်ကိုယ်လုံး ဖျင်းခနဲ ဖြစ်သွားသည်။ မင်းနေရာ က ကားမှန်ချလိုက်ပြီး မြင်ကွင်းကို လှမ်းကြည့်၏။ ခြံစောင့်က တံခါးပြေးဖွင့်ပေးလိုက်မှ အထဲကို မောင်းဝင်လာကာ မှော် တို့ဘေးမှာ ရပ်သည်။

တန်ခိုး မျက်နှာက မင်းနေရာ ဆင်းလာတာကို မြင်လိုက်သည်နှင့် သူခိုး လူမိသလို မျက်လွှာချပစ်လိုက်၏။ ပြီးမှ မကျေမနပ် စူတင်းသည့် မျက်နှာမျိုး ဖျတ်ခနဲ ပြန်မော့လာသည်။

မင်းနေရာ က သူ့မျက်နှာကို စိုက်ကြည့်နေရင်းမှ မှော့် ဘက်ကို လှည့်၍…

"ဘာဖြစ်နေတာလဲ.."

"ဒီကောင် ခြံကျော်ပြီး ဝင်လာတာ လူလေး..၊ အဘ ရဲစခန်းကို ဖုန်းသွားဆက်မယ်"

"အဘ နေဦး…"

မှော် က သူမ ဆက်ပြီးပြီလို့ ပြောမလို့ ရှိသေးသည်။ မင်းနေရာ က တားဆီးလိုက်သဖြင့် မပြောဖြစ်..။

"သူများကိုလဲ ဒုက္ခရောက်အောင် မလုပ်ချင်ဘူး၊ မင်း အခု ဒီ ခြံထဲက ထွက်သွားလိုက်ပါ"

"အို!… မရဘူး၊ သူများကို ဒုက္ခရောက်အောင် မလုပ်ချင်လဲ လုပ်ရမှာပဲ၊ သူက စိန်ခေါ်ပြီး ဝင်လာတာ.."

မှော် က တုတ်ကိုကိုင်ပြီး ရှေ့ထပ်တိုးလိုက်သဖြင့် မင်းနေရာ က တုတ်ကိုဆွဲယူပြီး လွှင့်ပစ်လိုက်သည်။

"ရှင် ဘာလုပ်တာလဲ..၊ ဒါ…"

"မင်း အထဲဝင်တော့.."

"ဦးမင်းနေရာ…"





"အဘ သူ့ကို ခေါ်သွားလိုက်ပါ"

ထိုစဉ် ရဲကားတစ်စီး ခြံဝမှာ ထိုးရပ်သွားခဲ့ပြီး ကားပေါ်ကနေ ရဲဝတ်စုံနှင့်သုံးယောက် ဆင်းလာ၏။

မှော် ဝမ်းသာသွားကာ လက်ကိုလာကိုင်သည့် ခြံစောင့်ကြီးလက်ကို ဖယ်ချပစ်လိုက်၏။ တန်ခိုး မျက်နှာပျက်သွားလျက် မှော့် ကို စူးစူးရဲရဲ လှမ်းကြည့်သည်။ ပြီးတော့…

"မင်းကို ငါ အံ့သြတယ် မှော်..၊ မင်းက မိန်းမရိုင်းဆိုတာထက် ပိုဆိုးတယ်၊ မင်း လုပ်ပါ.."

"ဟော့.. ဒီမှာ…"

မှော့် ကို စေ့စေ့ကြည့်၍ နာကြည်းစွာပြောလိုက်တော့ မင်းနေရာ က တန်ခိုး လက်မောင်းကို ဆုပ်ကိုင်၍ သူ့ကိုယ်နှင့် ပူးကပ်ပစ်လိုက်ကာ…

"မင်း ကြိမ်းဝါးနေရင် ဒီ့ထက်အပြစ်ပိုကြီးသွားတာပဲ ရှိမယ်၊ ဘာဖြစ်လို့ အပိုတွေ လုပ်နေတာလဲ"

ခပ်ကြိတ်ကြိတ်ပြောကာ ရဲတွေ ဝင်လာတာကို ပြန်လှည့်ကြည့်လိုက်ပြီး…

"စခန်းမှူးကြီးကိုယ်တိုင် ပါလာတာလား၊ ဒုက္ခပေးမိသလိုတော့ ဖြစ်ကုန်ပြီ၊ အားနာလိုက်တာဗျာ.."

တရင်းတနှီး လက်ဆွဲနှုတ်ဆက်တော့ စခန်းမှူးမျက်လုံးက ကျွန်တဲ့လူတွေဆီ ရောက်သွား၍…

"စခန်းကို မိန်းကလေးတစ်ယောက် ဖုန်းဆက်ထားတယ်၊ ဒီ မိန်းကလေး ထင်တယ်"

"ဟာ… ဟုတ်ပါတယ်၊ ကျွန်တော့်ဇနီးပါ၊ သူက ကျွန်တော့်မိတ်ဆွေ၊ ကျွန်တော် မရှိတုန်း ရောက်လာတော့ အထင်တွေမှားပြီးခိုလို



www.burmeseclassic.com

www.burmeseclassic.com



မဖွယ်မရာတွေ ဖြစ်ကုန်ရတာ၊ ကျွန်တော် ရောက်တာ နည်းနည်းနောက်ကျသွားလို့ပါ၊ စခန်းမှူးကြီးတို့ကို ဒုက္ခပေးလိုက်မိတဲ့အတွက် တောင်းပန်ပါတယ်"

"ဒီလိုလား..."

စခန်းမှူးကြီးမျက်နှာမှာ ခုမှ ဘဝင်ကျသွားသည့်ပုံနှင့် ကြည်လင်သွား၏။ မသက်သာသလို ဟိုရောက်ဒီရောက် မျက်လုံးတွေက မင်းနေရာကို လိုက်လှဲသည့်အပြုံးနှင့် နှုတ်ဆက်ခြင်းသို့ ပြန်လည် ရောက်ရှိခဲ့ပြီး...

"အေးဗျာ..၊ မကောင်းမှုကျူးလွန်ဖို့ အသင့်ရှိနေတဲ့လူတွေ အတင့်ရဲမလာအောင် ကျုပ်တို့က အထူးကြပ်မတ်ရမှာဆိုတော့ ဒီလိုပြဿနာမျိုးရှိလာရင် ပေါ့ဆလို့ မရဘူး"

"ဟုတ်ပါတယ် ခင်ဗျ၊ စခန်းမှူးကြီးကို ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးဗျာ၊ အမှုအခင်းမရှိလေ တိုင်းပြည် အေးချမ်းလေပါ၊ ကျေးဇူးတင်ဖို့လဲ မလိုဘူး၊ အားနာစရာလဲ မလိုပါဘူး၊ ဒါဆို ကျုပ်တို့ကို ခွင့်ပြုဦး ကိုမင်းနေ..."

"ဟုတ်ကဲ့ပါ.. ဟုတ်ကဲ့ပါ၊ စခန်းမှူးကြီးတို့ တခြား လိုအပ်တဲ့ အကူအညီရှိရင်လဲ ကျွန်တော့်ဘက်က အချိန်မရွေး အဆင်သင့်ပါပဲ"

"ဟာ... ရပါတယ်၊ သွားပြီဗျာ"

တစ်ယောက်နှင့်တစ်ယောက် ပုတ်ခတ် နှုတ်ဆက်နေကြတာကို တန်ခိုး က စိုက်ကြည့်နေ၏။

မှော် ကလည်း မျက်တောင်မခတ် ကြည့်နေလျက် ဒီလူ ဘာအရေး ထတာလဲဆိုသည့် မကျေနပ်ခြင်းတွေ တလှိုက်လှိုက် တက်လာခဲ့သည်။

ကိုယ်နှင့်ပတ်သက်တဲ့ကိစ္စ၊ ကိုယ့်ပြဿနာ ကိုယ်ရှင်းမည်။ သူက ဘာလုပ်တာလဲ..၊ မင်း ဘာတွေဖြစ်နေနေ ဂရုမစိုက်ဘူးဆိုသည့် ဥပေက္ခာတွေကို ပြချင်တာလား..။





ကိုယ့်မိန်းမတစ်ယောက်လုံးကို ခြံထဲထိ ဝင်ဆွဲမလို စော်ကားခဲ့သည့်ကိစ္စ..၊ ဂရုစိုက်စရာမလိုဘူးဆိုရင်လည်း မဆိုင်သလို ဘေးထွက်နေပါလား..။

တရိပ်ရိပ်ဆူဝေလာသည့် ဒေါသကြောင့် သူ့ကိုစိုက်ကြည့်ရင်း မှော် အသက်ရှူ ပြင်းလာခဲ့၏။ ရဲတွေအားလုံးပြန်သွားမှ မင်းနေရာက ဒီဘက်ကို ပြန်လှည့်လာခြင်းနှင့်ထပ်တူ မှော့် လက်ကို လှမ်းဆွဲထားလိုက်ကာ...

"ကဲ... မင်း ပြန်လိုက်တော့.."

မှော့် မျက်နှာကို တစ်ချက်မှမကြည့်ဘဲ ခြံစောင့်ဘက်ကို ကြည့်ကာ...

"အဘ တံခါးပြန်ပိတ်ထားလိုက်ပါ"

မှော့် ကို ကားထဲတွန်းထည့်လိုက်ကာ တံခါးကို ဆောင့်ပိတ်ပစ်လိုက်ပြီး ဟိုဘက်က သွားဝင်ထိုင်၏။ ကားသည် အလှမ်းမကွာသော နေရာလေးကို ဝေါခနဲ ဆောင့်ထွက်သွားလျက် တသိမ့်သိမ့်တုန်ခါခြင်းဖြင့် ရပ်၏။

"ဖယ်... လွှတ်..."

အိမ်ထဲဝင်တဲ့အထိ သူပဲ ဆွဲခေါ်သွားသဖြင့် မှော် က လက်ကို ဆောင့်ရုန်းလိုက်ပြီး...

"လွှတ်လပ်သလို နေ..၊ ကြိုက်သလောက်ဆိုးလို့ ရှင် ပြောခဲ့တာ၊ မင်း ဒုက္ခပေးမှာတွေကို ဂရုမစိုက်ဘူးဆိုတာလဲ ရှင် ပြောတာပဲလေ၊ အခု ဘာဖြစ်လို့ ဝင်ပါတာလဲ"

"မပါလို့ ရမလား၊ မင်း ဖြစ်နေတာ ကိုယ့်မျက်စိရှေ့မှာ..."

"မျက်စိထဲပဲ ဝင်နေနေ မျက်နှာပြေးသစ် ပြန်ထွက်သွားလို့ရသေး၊ အဲဒါ ကျွန်မရည်းစား..."



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်..၊ မင်းဘေးမှာရှိနေတဲ့ကောင် ဘယ်ကောင်ဖြစ်ဖြစ် ဒါကလွဲပြီး ဘာမှမဖြစ်နိုင်ဘူးဆိုတာ သိတယ်၊ ဒါပေမယ့်..."

"ဒါပေမယ့် မနေနဲ့..၊ ရှင့်ကိုယ်ရှင် ယုံကြည်ချက်တွေနဲ့ ဥပေက္ခာတွေနဲ့ အခိုင်အမာ ရပ်တည်ခဲ့တာ မဟုတ်ဘူးလား၊ သူ့ပြဿနာ သူရှင်းဆိုပြီး နေလိုက်ရုံပဲ၊ ခုတော့ ရဲတွေရောက်လာပြီး ကြည့်သွားတာ ကျွန်မကပဲ အရှုံးလိုလို..."

"ကျွတ်!..."

မင်းနေရာ နဖူးတစ်ချက် ဖိလိုက်ရင်း လက်ကို ပြန်ဆန့်ချသည်။ ဒီမိန်းကလေး တော်တော်ခက်ပါလား..။

"မှော်..၊ အခု အဲဒီကောင်ကို မင်းကိုယ်တိုင် ခေါ်တွေ့မှာဆိုရင် ပြန်ခေါ်ပေးမယ်၊ မင်း ကြည်ကြည်ဖြူဖြူ ဆက်ဆံနေတာဆိုရင်လဲ ကိုယ် မမြင်ချင်ယောင် ဆောင်နေလိုက်ရုံပဲ၊ အခု အဲဒီလို ဟုတ်သလား"

"မဟုတ်လို့ ရဲကို ဖုန်းဆက်ထားတာ ရှင် မမြင်ဘူးလား၊ ကျွန်မကို ဘယ်လောက်ထိ စော်ကားမော်ကား ပြောဆို စိန်ခေါ်ဝင်လာသလဲဆိုတာရော ရှင် သိလို့လား၊ အဲဒီလိုလူကို ကျွန်မက ဘာမှမတတ်နိုင်ဘဲ ပြန်လွှတ်ပေးလိုက်ရတယ်၊ ကျွန်မက အများတကာရှေ့မှာ..."

"တော်တော့ မှော်..."

မင်းနေရာ မျက်နှာက စိတ်ပျက်ခြင်းအစား စိတ်မရှည် ဖြစ်လာသည့်ပုံပေါက်လျက်...

"ဘယ်ရှေ့မှာဖြစ်ဖြစ် မင်းက ကိုယ့်မိန်းမဖြစ်နေတဲ့အတွက် မင်းကို ကိုယ် စီမံခွင့်ရှိတယ်၊ အဲဒါ မင်းအရှက်ကို ခွဲတာ မဟုတ်ဘူး၊ ရှက်စရာလဲ မလိုဘူး၊ မင်းယောကျ်ားဆိုပြီး ကိုယ်က မထွာပ်တိုင်တက်ပြနေတယ် မထင်နဲ့..၊ ပြောဖို့လိုလာလို့ ပြောပြတာ.."

"မသိဘူး..၊ မပြောနဲ့၊ ကိုယ်ထင်ရာကိုယ်လုပ်ကြေးလို့ ကြေညာ





ပြီးသား၊ ဘွာမခတ်နဲ့.."

"မှော်..."

"ရှင်... လွှတ်နော်.."

မှော် က ပြောချင်ရာပြောပြီး အထဲကို ဝုန်းဒိုင်းကြဲဝင်၏။ မင်းနေရာ က ပခုံးနှစ်ဖက်ကို ပြန်ခွဲ၍ မျက်နှာချင်းဆိုင် ကြည့်လိုက်ရင်း...

"ကိုယ်ထင်ရာကိုယ်လုပ် ဆိုတဲ့ထဲမှာ မင်းကို လုံးဝ ဥပေက္ခာထားပေးလိုက်တာ မဟုတ်ဘူး၊ ဖြစ်ချင်ရာဖြစ်သွားပါစေဆိုပြီးတော့လဲ မထားလိုက်နိုင်ဘူး၊ မင်းရဲ့လွတ်လပ်ချင်တဲ့စိတ်လေးတစ်ခုကိုပဲ ချက်ချင်းကြီး ချုပ်ကိုင်မပစ်ချင်တာ..၊ အဲဒါကြောင့် ပက်လက်လှန်ပြီး တံတွေးထွေးမှာမျိုး ကိုယ် ခွင့်မပြုနိုင်ဘူး"

မှော် က သူ့လက်တွေကို ပခုံးပေါ်ကနေ အတင်းတွန်းဖယ်ချ၏။ အတင်း ဖိဆုပ်ချုပ်ကိုင်ထားခြင်းကြောင့် မအောင်မြင်..။

"လှည့်ပတ်ပြောမနေနဲ့..၊ ရှင် အသားယူလိုက်တယ်ဆိုတာ အသိသာကြီး၊ အဲဒီလူယုတ်မာကို ထောင်ချမပစ်လိုက်ရတဲ့အတွက် ရှင့်ကို မကျေနပ်ဘူး"

"သူ့ကို ထောင်ချလိုက်လို့ မင်းမှာ ဘာတွေ အကျိုးဖြစ်သွားမလဲ"

"ကျေကျေနပ်နပ် ဟားတိုက် ရယ်ပစ်လိုက်မှာပေါ့၊ 'လုပ်လိုက်လေ' ဆိုပြီး စိန်ခေါ်လာတဲ့လူကို 'လုပ်တယ်' ဆိုပြီး လက်ထိပ်ခတ်လိုက်ရုံပဲ"

"တရားဥပဒေက မင်း လက်ညှိုးညွှန်လိုက်ရုံနဲ့ စီရင်ချက်ချလိုက်မှာ မဟုတ်ဘူး၊ အဲဒါ နားလည်လား..၊ မျက်စိရှေ့မှာ လူသတ်သွားတာမြင်ရင်တောင် စွဲချက်တင်နိုင်ဖို့ သက်သေဆိုတာ မပြည့်စုံလို့ မရဘူး၊ ရုံးရောက်ဂတ်ရောက်နဲ့ ဖြစ်ကုန်ရင် မင်း ဘာဖြစ်သွားမယ် ထင်လဲ..."

မှော့် မျက်လုံးတွေ ရူးရူးရဲရဲ ဖြစ်နေပေမယ့် နောက်ထပ် စောဒက



www.burmeseclassic.com

www.burmeseclassic.com



မတက်နိုင်..။ မပြောမဆိုတတ်လို့တော့ မဟုတ်ပေ။ တန်ခိုး ကြီမ်းဝါး လိုက်သော စကားသံတွေကို ပြန်လည် ကြားယောင်သွားခဲ့၍ ဖြစ်သည်။

"မင်း ငါ့ကို အချုပ်ထဲထည့်လိုက်တာနဲ့ မင်းဘဝ ငါ့ပါးစပ်ထဲမှာ အမျိုးမျိုး ပြောင်းလဲသွားလို့ ရတယ်"တဲ့..။

ဒါတွေကို မင်းနေရာ ကြားခဲ့ရတာမဟုတ်ဘဲ ဒီလိုဖြစ်လာနိုင်တာကို ထောက်ပြလိုက်သဖြင့် သူမ ဆွံ့အ,သွားခဲ့ခြင်းဖြစ်သည်။ မင်းနေရာက မှော့် မျက်ဝန်းလေးတွေကို စိုက်ကြည့်၍...

"အမှုကို စစ်ကြဆေးကြရင် နောက်ထပ် ဘာအကြောင်းတွေ ထပ်ထွက်လာနိုင်တယ်ဆိုတာရော မင်း တွေးမိရဲ့လား..၊ ဒီလို အမှုအခင်းမျိုးကို စစ်ဆေးတဲ့အခါ တရားခံကလဲ လွတ်ဖို့ ကြိုးစားမယ်၊ တရားလိုကလဲ နိုင်မာသထက် နိုင်မာအောင် စွဲချက်တင်မယ်၊ ဘယ်လို မေးခွန်းမျိုးတွေ ထွက်လာလာ မင်း ဖြေရတော့မှာ..၊ ဖြစ်နိုင်ခြေရှိတဲ့ မေးခွန်းမျိုးတွေ ကိုယ် ပြောပြရဦးမလား မှော်..."

"ဖယ်..."

မှော် သူ့လက်တွေကို မရအရ ဖယ်ချပစ်၍ နောက်ဆုတ်ရပ်သည်။ မျက်နှာပေါ် ဝဲကျလာသည့် ဆံပင်တွေကို ခေါင်းဆတ်ခါပစ်လိုက်ရင်း စိတ်တင်းလိုက်တာမျိုး မျက်နှာမော့၏။

သူပြောသမျှ လက်ခံနိုင်စရာတွေ ဖြစ်ပေမယ့် မကျေနပ်ခြင်းက ဘာကြောင့် ကျန်ရစ်မှန်း မသိ..။

"ထားလိုက်ပါ..၊ ရှင် အဲဒါတွေကို ကျွမ်းကျင်ပါတယ်"

"နေဦး..."

မှော့် ကို သူ လှမ်းဆွဲမလို့ လက်ပြင်လိုက်ပြီးမှ မဆွဲဖြစ်..။

မှော် ဘယ်လိုမှ ကျေနပ်မှာ မဟုတ်ဘူးဆိုတာ နားလည်လိုက်သည်မို့ သူ့မှာ နောက်ထပ်အပြုံမရတော့ခြင်းမှာ ရှေ့ဆက်ပြောဆိုခွင့်





ကို ပိတ်ပင်လိုက်သလိုပင်..။

သူ လေဆိပ်ကိုသွားဖို့ကိစ္စ ရှိနေသည်။ နာရီ ပြန်ကြည့်လိုက်ပြီး မျက်လုံးက မှော် ထွက်သွားသည့်ဘက်ကို တစ်ချက်ဝေ့ ရောက်လိုက်သေးသည်။

ဒါပေမယ့် ခြေလှမ်းတွေက စာကြည့်ခန်းထဲ ရောက်လာခဲ့လျက် လိုအပ်သည့်ပစ္စည်းတစ်ခုကို ထုတ်ယူနေရင်း...

"နောက်ဆုံးဗျာ..၊ မိန်းကလေးသဘာဝက အချော့ကြိုက်တယ်၊ သူ စိတ်ကောက်သွားတိုင်း ကျွန်တော် မချော့ဖြစ်ဘူး၊ ကျွန်တော့်စိတ်ကိုက စိတ်ကောက်တာဟာ နားလည်မှုမရှိတာဘဲလို့ ယူဆထားတဲ့အတွက် ဒါကိုမကြိုက်တဲ့ စိတ်ခံတတ်ခံကလဲ ရှိခဲ့တယ်လေ၊ တစ်ခါတလေ စိတ်အေးချမ်းနေတဲ့အခါကျမှ နားလည်မှုတွေရအောင် ပြောဆိုကြည့်မယ်၊ အဲ... ပြောရရင်တော့ ချော့မယ်ပေါ့ဗျာ..၊ အဲဒီလို တွေးထားပေမယ့် သူ ဘာမှမခံစားခဲ့ရသလို ကြည်ကြည်လင်လင်ပုံစံနဲ့ပဲ မျက်နှာချင်းဆိုင်မိကြတော့ ဖြစ်ခဲ့တာတွေကို မေ့သွားခဲ့ပြန်ရော၊ အဲဒီလို ကျွန်တော့်ဘက်က ပေါ့ပေါ့ပါးပါး မေ့ပျောက်သွားခဲ့သမျှအားလုံးဟာ သူ့ရင်ထဲမှာ အစိုင်အခဲတွေအဖြစ် တည်ရှိအုံ့ဖွဲ့နေခဲ့ဟယ်၊ ဒါတွေကို အချိန်လွန်မှ ကျွန်တော် သိလာခဲ့ရတာ.."

လူက ကားမောင်းထွက်လာခဲ့ပေမယ့် စိတ်ကတခြား ဖြစ်နေခဲ့၏။ ဦးသုဝေ ထံမှ ကြားခဲ့ရသော အိမ်ထောင်ရေး ပြိုကွဲပျက်စီးခဲ့ရခြင်း အကြောင်းတချို့က သူ့ခေါင်းထဲမှာ အစီအရီ ပြန်ပေါ်နေခဲ့၏။

ဦးသုဝေ နဲ့သူ တိုက်ရိုက်ထိတွေ့ ရင်းနှီးခဲ့တာ မဟုတ်ပါ။ ဦးသုဝေ ၏ သားအဖနှစ်ယောက် နားလည်မှု လွဲမှားနေခဲ့သော စိတ်ညစ်စရာအကြောင်းတွေ မိတ်ဆွေတွေထဲမှာ သတင်းကြီးလာခဲ့လို့သာ သတိထားမိလာခဲ့ခြင်းက စ,ခဲ့တာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သားရေးသမီးရေးတွေ ပြောဆိုဖြစ်တဲ့အထိ ပတ်သက်ကြဖို့ ဖြစ်လာတော့ မိဘမရှိသော သူ့အတွက် ဦးသုဝေ နှင့် တိုက်ရိုက်မေးမြန်း ပြောဆိုခဲ့ရသည်။

ဒါကြောင့် မှော် ရဲ့ အတ္တအစွဲအလမ်း၊ သူမရဲ့ စရိုက်သဘာဝကို သေချာသိခွင့်ရခဲ့၏။ ခုဖြစ်တဲ့ပြဿနာဟာ ဦးသုဝေ တို့ အိမ်ထောင်ရေးမှာ ဒဏ်ရာထင်စေခဲ့သော အကြောင်းအရာမျိုး၏နိဒါန်း ဖြစ်လာမလား..။

ဦးသုဝေ တို့ဇနီးမောင်နှံက တစ်ယောက်ကိုတစ်ယောက် ချစ်ခဲ့ကြသည်လို့ ဆိုသည်။ မှော် ကတော့ သူ့ကို မုန်းတီးစိတ်တောင် ဖြစ်နေနိုင်သေးသည်။ သူ ဒီတိုင်း ထားလိုက်နိုင်သလား..။

မင်းနေရာ မျက်ခုံးတန်းတို့ကို တွန့်ကုတ်နေခဲ့လျက်၊ ရှေ့မှာမြင်နေသမျှ မြင်ကွင်းအားလုံးက ကျဉ်းမြောင်းနေခဲ့၏။

ခေါင်းထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ရှိနေခဲ့တာ သူမအကြောင်း..။





## အခန်း [ ၂၂ ]

"မှော်..."

တံခါးကို နှစ်ချက်ဆင့်ခေါက်လိုက်ပြီး ခေါ်တော့ ဘာသံမှ ထွက်မလာ..။

"မှော်...၊ ဟော့... တံခါး ခဏဖွင့်.."

"ကျွန်မက ဒီမှာ..၊ ဘာလဲ တံခါးပိတ်ပြီး ကြိတ်ငိုနေမယ် မှတ်လို့လား"

သူ နောက်ကို လှည့်ကြည့်လိုက်လျှင် မှော် က အနက်ရောင်ဂါဝန်ရှည်ကြီးနှင့် တကယ်ပဲ မှော် ဆန်အောင် လှနေသည်။ အနက်ရောင်လည်ပတ်ပခုံးချိတ်လေးမို့ ဆံပင်တွေ ဖြန့်ချထားသည့် သူမမျက်နှာဝင်းညက်ညက်လေးက ထင်းရှင်းနေသည်။

လက်ပိုက်ထားလျက် ရန်သူတစ်ယောက်ကို မထီမဲ့မြင်ကြည့်နေသော မျက်ဝန်းလေးတွေကအစ စူးစူးလက်လက်နှင့် ချစ်စရာကောင်းသည်။ သူမ မျက်နှာလေးကို ငေးခနဲ ကြည့်မိရင်း မင်းနေရာ က ပြုံးလိုက်ကာ...

"ဟုတ်တယ်..၊ မင်း တစ်နေကုန် အခန်းအောင်းပြီး ဘာမှ မစားမသောက်ဘဲနေပြီ မှတ်နေတာ..."



www.burmeseclassic.com

www.burmeseclassic.com



"ပွန်း…"

မော် က ညှော့ခန်းဘက်ကို လှည့်ထွက်သွားရင်း သူ့ကိုလည်း မျက်တောင်ဖျားတွေ စင်း၍ ကြည့်သွားလိုက်သေးသည်။ မင်းနေရာ က သူမနောက်ကနေ လိုက်လျှောက်ခဲ့ရင်း…

"ကိုယ် မင်း အိမ်ကို ဖုန်းဆက်ကြည့်သေးတယ်၊ ဒေါ်ချို နဲ့တွေ့ တယ်"

မော် က ညှော့ခန်းကို ခြားထားသည့် ငါးကန်ကြီးဘေးမှာ ရပ် လိုက်ပြီး သူ့ကို ပြန်လှည့်ကြည့်၏။

"ဘာကိစ္စနဲ့ ဆက်တာလဲ"

"မင်း ရောက်နေသလားလို့ပါ"

"ကျွန်မ ဘယ်ရောက်နေနေ ရှင်နဲ့ ဘာဆိုင်လို့လဲ‥၊ ကျွန်မ တကယ် အပြင်ထွက်သွားလို့ ရှင် ဒီလို ဟိုဖုန်းဆက် ဒီဖုန်းဆက်လုပ် နေရင် ကောင်းလား‥"

မင်းနေရာ က ငါးကန်ကို ပခုံးစောင်းနှင့်မှီပြီး ရပ်နေလိုက်ကာ…

"ကိုယ် အဲဒီလို လုပ်ဖူးလို့လား မော်‥"

"အခု လုပ်တာကိုပဲ ပြောနေတာ‥"

"မင်း အပြင်ထွက်ဖို့ ပြင်ဆင်ထားတာမှန်း ကိုယ် တွေးမိလို့လေ၊ မနက်တုန်းက…"

"ရှင် ပြောဆိုသွားတာကို ကျွန်မက ဂရုစိုက်ပြီး အခန်းအောင်း နေပြီပေါ့"

"ကိုယ့်ကို စကားဆုံးအောင် ပြောခွင့်ပေးပါလား‥"

"ကျွန်မမှ နားမထောင်ချင်တာ‥"

"ဒါပေမယ့် ထောင်ရမှာပဲ‥၊ မင်း ပြောနေတာတွေ ကိုယ် စိတ်မဝင်စားတာရှိလာရင်လဲ ပြီးဆုံးအောင်တော့ နားထောင်လိုက်တာပါ





ဒါက ကောင်းမြတ်တဲ့ လူ့ကျင့်ဝတ်တစ်ခုပါ‥"

"အဲဒီကျင့်ဝတ်တွေ ကျွန်မ နားမလည်ခဲ့ဘူး ဦးမင်းနေရာ၊ နေရာ အလိုက်မှာ တာဝန်ကိုယ်စီ၊ ကျင့်ဝတ်ကိုယ်စီ ရှိကြပေမယ့် ဂရုစိုက်ရ မှန်းလဲ မသိခဲ့ဘူး၊ တကယ်လို့ လင့်ဝတ္တရားဆိုတဲ့ ကျင့်ဝတ်တွေကိုသာ ကျွန်မ ဟိုးအရင်ကတည်းက သိထားခဲ့ရင်…"

မော် စကားမဆက်ဘဲ တစ်ထောက်နားသွား၏။ ပြီးမှ…

"အဲဒီကျင့်ဝတ်တွေကို ရွတ်ပြပြီး ဒက်ဒီ့ကို မေးခွန်းတွေအများကြီး မေးပစ်မှာ‥၊ အရှုံးပေးဖို့ချည်းပဲ အမြဲတမ်း အဆင်သင့်ဖြစ်နေတဲ့ မာမီ့ မျက်ရည်တွေကိုလဲ ရပ်တန့်စေနိုင်တဲ့ သမီး ကျွန်မ ဖြစ်ခဲ့မှာပဲ‥"

ဘယ်နေရာမှာ နက်ရှိုင်းစွာ ထင်ကျန်ရစ်မှန်းမသိသော ဒဏ်ရာ၏ နာကျင်မှုက ဘာတွေဖြစ်နေနေ၊ ဘာတွေကြားနေနေ နောက်ဆုံး သစ် ရွက်လှုပ်သွားတာတောင်မှ ဒေါသ အလိုလိုထွက်၍ မုန်းတီးချင်သည်။

သူ့ရှေ့ကနေ လှည့်ထွက်လာခဲ့ရင်း မျက်ရည်က အလိုအလျောက် ဝေ့လည်လာ၏။ ဗိုက်ထဲက ဟာငွမ်ငွမ်မြည်နေတာကို တစ်နေ့ကုန် တောင့်ခံနေရသည်။

စိတ်သွားတိုင်း ကိုယ်ပါနေကျ အကျင့်တွေ ရှိခဲ့ပေမယ့် ဒီတစ်နေ့ လုံးမှာ မော် ဒီတိုင်း ငုတ်တုတ်မေ့ခဲ့၏။ ဒါတွေက သူနဲ့ချည်းပဲ သက် ဆိုင်နေတာဖြစ်သည်။

တကယ်တော့ မော် ဂရုမစိုက်ဘဲနေမည်ဟု ဆုံးဖြတ်ခဲ့သော လက်ထပ်ခဲ့ခြင်းဟာ ဘဝတစ်ခုလုံး ထောင်ကျခဲ့ခြင်းသာ ဖြစ်၏။

"မင်းကို ကိုယ် လက်ဖျားနဲ့မထိဘူး၊ လူကို သိမ်းပိုက်နိုင်မှ မင်းကို ကိုယ် ပိုင်ဆိုင်မှာမဟုတ်ဘူးဆိုတာ မင်း လက်တွေ့သိလာမှာပါ၊ မင်းက မိကောင်းဖခင်သားသမီးတစ်ယောက် ဖြစ်နေတဲ့အတွက်‥၊ ပြီးတော့ မင်းကိုယ်တိုင်က ကိုယ်ကျင့်သိက္ခာကို လေးစားမြတ်နိုးတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေကြောင့် မင်း ကိုယ့်အပေါ်မှာ ပြိုင်ဆိုင် အနိုင်လုချင်တာတွေ၊ ဒုက္ခပေးဖို့ ကြံစည်မှုတွေအားလုံးက အိမ်ထောင်ရေး ပြိုကွဲလောက်တဲ့ အထိ ဘာမှဖြစ်လာနိုင်မှာ မဟုတ်ဘူး၊ ဒီယုံကြည်မှုက ငါ့ကိုယ်ငါ မဟုတ်ဘူး မှော်..၊ မင်းရဲ့မျက်လုံးတွေကို ဖတ်ပြီးမှပြောတာ၊ မင်းကို ယုံကြည်တာ..၊

"လူတစ်ယောက်ရဲ့ ရင်ထဲက စိတ်ခံစားမှုတွေဟာ လောကမှာ ဖြစ်ပျက်တွေမြင်နေရတာတွေထက် အများကြီး ပိုတယ်၊ အထူးသဖြင့် အစွန်းရောက် စွဲလမ်းတတ်တာ အတ္တပဲ၊ အတ္တကြီးတဲ့လူတွေဟာ ကိုယ့်ကိုယ်ကို အမြဲတမ်း ဟန်ဆောင်လိမ်ညာတတ်တယ်၊ မှားနေမှန်းသိလဲ မမှားဘူးလို့ ဝန်မခံတတ်တာ..၊ လိုချင်နေပေမယ့် မလိုချင်သလိုနေတာ အားလုံးပေါ့..၊ အားနည်းချက်တစ်ခုက သူတို့ကိုယ်သူတို့ ဘယ်တော့မှ ပြန်လည် သုံးသပ်တတ်ခြင်း မရှိကြတာဘဲ..၊

"စာမျက်နှာသေးသေးလေးပေါ်က သချ်ာပုစ္ဆာတစ်ပုဒ်တောင်မှ တွက်ပြီးရင် ပြန်စစ်ရတယ်၊ ဘဝစာမျက်နှာတွေကို ကိုယ့်အမှန်တရားနဲ့ ကိုယ် ထင်သလိုသွားနေသမျှ အမှတ်ပြည့်နဲ့ အောင်ပွဲဝင်ဖို့ လွယ်ပါ့ မလား၊ ဘဝက ကြက်ခြေခတ်မှာပဲ.."

ပြောလိုက်သမျှ သူ့ယုံကြည်ချက်တွေ၊ သူ့အမှန်တရားတွေသာ ပထမ။ မှော် ဟာ ကျားရှေ့ရောက်နေသည့် လိပ်တစ်ကောင်လိုလား..။

မှောက်လိုမှောက်..၊ လှန်လိုလှန် သူ့အစာဖြစ်ရမှာပဲဆိုသည့် သူ့ စကားတွေ၊ သူ့အပြုံးတွေ တစ်နေကုန် ဒါတွေပဲ တန်းစီတွေးရင်း ဘာမှလည်း စားချင်စိတ်မရှိ၊ အပြင်ဆိုတာလည်း ခေါင်းတောင် ပြူ မကြည့်ချင်..။

သူပြောတဲ့အတိုင်း ဖြစ်လာခဲ့တာတွေအပေါ် အရှုံးတိုက်ပြီး ရှေ့ ဆက်တိုးဖို့ သူမ၏ မသိစိတ်တစ်နေရာက တားမြစ်နေခဲ့၏။





ဒါဟာ အပြင်ကိုသွားမိတိုင်း တစ်ခုခု ပြဿနာတွေ့လာရမြဲဖြစ် သည့် လက်ထပ်ပြီးနောက်ပိုင်းမှာ ဖြစ်လာသော ပြောင်းလဲမှုကြောင့် သာ..။ သူမ ထင်ခဲ့သော ယောကျ်ားတွေကို ဒုက္ခပေးခြင်းဆိုတာတွေက န့်ရုံကို ပစ်ပေါက်လိုက်မိသော ဂေါ်လီလုံးတွေလို..၊ သူမထံကိုသာ မိုးသီးမိုးပေါက်တွေကဲ့သို့ တန်ပြန် လွင့်စဉ်လာခဲ့ကြ၏။ ရှေ့ဆက်တိုးဖို့ မှော့် ခြေလှမ်းတွေ တွေဝေသွားခဲ့၏။

ဘာတွေ ထပ်ဖြစ်လာဦးမလဲဆိုတာကို တွေးမိလာသည်။ ဒီနေ့ ဖြစ်ခဲ့သည့်ပြဿနာကြောင့် ပိုဆိုးသည်။ ဟိုတစ်နေ့က ရတု တစ်ခါ ဖုန်းဆက်သည်။ အခု တန်ခိုး က ခြံကျော်ပြီး ဝင်လာခဲ့၏။

ဒါကို ချက်ချင်းကြီး ကားသော့လေးကိုင်ပြီး အပြင်ကို ကြော့ကြော့ မော့မော့ထွက်သွားဖို့ သူမ ဘယ်လိုအင်အားမွေးလို့မှ မရတော့ပေ..။

သူပြောသည့် စကားတွေအတိုင်း ကိုယ် ဖြစ်နေခဲ့တာကို မကျေနပ် နိုင်ဘဲ သူမမာနတွေနှင့် သတ်ပုတ်နေခဲ့မိ၏။ အခန်းထဲက ပြတင်း တံခါးကို ဖွင့်လိုက်ပြီး အပြင်ကို တောင့်တောင့်လေးငေးကာ မှော် မျက်ရည်ကျခဲ့သည်။ လူတွေကို မုန်းသည့်ဘဝကိုလည်း မုန်းသည်။ င်းနေရာ ဆိုသည့်လူကြီးကိုလည်း မုန်းပါ၏။

"မှော် ကိုယ် ဝင်ခဲ့မယ်"

တံခါးစေ့ထားမှန်းသိတော့ အသံပေးရင်း သူ ဝင်လာသည်။ မှော် လှည့်မကြည့်ပါ..။

"ကိုယ် ထမင်းကြော်ထားတယ်၊ နည်းနည်းလေး မြည်းကြည့် လား"

"ကျွန်မ တစ်ယောက်တည်း နေချင်တယ်.."

"နှစ်ယောက်နေချင်လို့ လက်ထပ်ထားတာပဲကွ..၊ တစ်ယောက် စ်နေရာစီ နေ့နေ့ညည မခေါ်မပြောဘဲ နေကြတာ ဘာအဓိပ္ပာယ်ရှိမ



www.burmeseclassic.com

www.burmeseclassic.com



လဲ‥၊ လာပါ… မင်းနဲ့ကိုယ် သင့်မြတ်ဖို့ မကြိုးစားပါဘူး၊ မတည့်တာ တွေပြောပြီး ရန်ဖြစ်နေကြရင်လဲ ရန်ဖြစ်ရင်း စကားပြောဖြစ်တာပေါ့”

မော် က ကျောခိုင်းနေရာကနေ ချာခနဲ လှည့်လာ၏။ ဆာမှန်း မသိ ဆာနေသည့်ဗိုက်ထဲက ဒီဘက်လှည့်လိုက်မှ နှာခေါင်းထဲ ဝင်လာ သည့် ဝက်အူချောင်းကြော်နံ့ကြောင့် လှုပ်လှုပ်ရွရွ ထ,ဖြစ်လာသည်။

ဆာလောင်ခြင်းနှင့် ဒေါသပေါင်းကာ သူ့ဘက်လှည့်လိုက်သည် နှင့် မျက်ရည်က မြန်မြန်ဆန်ဆန် ပြည့်တက်သွားခဲ့၏။

“ရှင့်ကိုပဲ မမြင်ချင်တာ‥၊ ဘာမှမစားဘူး၊ ဘာမှ လာမမေးနဲ့…”

“မော်…”

မော် က အင့်ခနဲ ရှိုက်ငိုကာ စားပွဲပေါ်မှာရှိနေသည့် ကြိုးသိုင်း အိတ်လေးကို ကြိုးရော အိတ်ရောပါအောင် ဖြစ်သလို ဆွဲယူလိုက် သည်။ ပြီးတော့ သူ့ကို ကွေ့ရှောင်ထွက်၏။

“ဟော့… ဘယ်ကိုလဲ‥၊ မော်… နေဦး‥”

ငိုနေရင်း လက်မောင်းလေးတစ်ဖက် ပင့်၍ မျက်ရည်သုတ်ကာ မော် က ပြေးထွက်၏။ အတင်းလိုက်ဆွဲတာတောင် မမီလိုက်ဘဲ လှေ ကားတစ်ဝက်လောက်ကျမှ သူ ရှေ့ကနေ ပိတ်ထားလိုက်နိုင်၏။

မော် က လှေကားတစ်ထင့်အမြင့်မှာရပ်လျက် မျက်ရည်ကို ကြမ်း တမ်းစွာ သုတ်ပစ်၏။

“ဘာတွေဖြစ်လို့ ဒီလောက် ဝမ်းနည်းနေတာလဲ‥၊ ကိုယ့်ကြောင့် လား၊ ကိုယ့်ကြောင့်ဆိုလ ဘာဆိုတာ ပြောမှပေါ့၊ မင်းပဲ ကြိတ်မှိတ် မျိုသိပ်ထားမှာ မဟုတ်ဘူးဆို‥၊ ခု ဘာဖြစ်လို့ ကြိတ်ငိုနေတာလဲ”

“ရှင် မေးခွန်းတွေ တသီကြီး လာမေးမနေနဲ့၊ ကျွန်မ တွန်းချ လိုက်မှာနော်”

“တကယ်လား‥၊ လုပ်ပါ…”





မင်းနေရာ က လက်ရန်းမှာတင်ထားသည့်လက်ကိုပါ ဖြုတ်ချ လိုက်ပြီး လှေကားထစ်ပေါ်မှာ နောက်ပြန်ရပ်နေတဲ့ပုံစံအတိုင်း လက် နှစ်ဖက် စုံချထားလိုက်၏။

“တောက်…၊ မလုပ်ရက်ဘူးထင်ပြီး ဖီးလ်မြင့်မသွားနဲ့‥၊ ရှင့်ကို မသတ်ရက်လို့ မဟုတ်ဘူး၊ လူမသတ်ရဲသေးလို့‥”

မင်းနေရာ က ချစ်စနိုးမျက်ဝန်းများနှင့် စိုက်ကြည့်ပြီး ပြုံးသည်။

“လူသတ်ချင်လောက်အောင် ကျွန်မအမုန်းတွေ မီးမြင့်လာရင် ကျွန်မ အရင်ဆုံးသတ်မိမှာ ရှင်ပဲ”

“အဲလောက်တောင် ချစ်တာလား”

မော် က နှုတ်ခမ်းလေး တင်းတင်းစေ့ထားပြီး မျက်မှောင်ကြုတ်နှင့် ကြည့်နေ၏။

“ကိုယ် မင်းအတွက် အချိန်တွေ အများကြီး ပေးထားတာ၊ ချက်ပြုတ်တာ မကျွမ်းကျင်ပေမယ့် တတ်သလောက်တော့ ကောင်း အောင် လုပ်ထားတယ်၊ အဲဒါကို ကျွေးချင်လို့ပါ၊ ပြီးတော့ အခု မင်း အပြင်ထွက်သွားရင် လမ်းမှာ မိုးချုပ်သွားမယ်၊ မိန်းကလေးတစ်ယောက် အတွက် မကောင်းပါဘူး၊ ကိုယ် လိုက်ပို့မယ်ဆိုလဲ မင်း ကြိုက်မှာ မဟုတ်တော့‥၊ အဲဒါကြောင့် တားတာ”

သူက ပြောနေရင်း ရှေ့က ပိတ်ရပ်ထားသည့်ပုံစံကို ဖယ်ပေးလိုက် သလို တစောင်းပြောင်းရပ်လိုက်ပြီး…

“ကိုယ်နဲ့အတူတူ မစားချင်ရင် မင်း တစ်ယောက်တည်း ဝင်စား လိုက်ပါ၊ အပြင်ကို မသွားပါနဲ့‥”

မော် ကိုယ်တိုင် ထမင်းဟင်းဆို အပြင်မှာ မစားတတ်သည့် အကျင့်ရှိတော့ ဗိုက်ဆာသည့်အချိန်မှာ မွှေးကြိုင်လာသည့် ဝက် အူချောင်းကြော်နံ့က နှာခေါင်းထဲမှာ စွဲနေပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆာလောင်နေသော ကိုယ်ဟာ စားသောက်ကောင်းမည့်ဆိုင်ကို ပတ်ရှာနေဖို့တောင် အင်အားရှိသေးရဲ့လားမသိ··။

ထို့ကြောင့် သူ အောက်ဆင်းသွားတဲ့အထိ ရပ်ကြည့်ရင်း တွေဝေနေသည့်စိတ်က ကြာကြာမခံနိုင်ဘဲ ထမင်းစားခန်းထဲကို ရောက်လာခဲ့၏။ ဝက်အူချောင်းကြော်က ကြွေပန်းကန်လုံးဖြူဖြူလေးထဲမှာ နီရဲစိုရဲနေသည်။ ပြီးတော့ ထမင်းအုပ်လေးထဲမှာ အငွေ့ပင်မပျောက်သေးပေ··။

ပြီးတော့ စားပွဲပေါ်မှာပဲ ဆော့ တစ်ပုလင်းနှင့် ပန်းကန်လုံးသေးသေးလေးနှစ်လုံးကို အလွတ်အတိုင်း အဆင်သင့်ချထားသည်။ ဘေးမှာ စိုစိုလန်းဆန်းနေသည့် ဆလတ်ရွက်တွေနှင့် တခြား ဖွယ်ဖွယ်ရာရာ ဘာမှမပါတော့ပေမယ့် မော့် ဟန်မဆောင်နိုင်··။

နှစ်ယောက်အတူစားဖို့ ပြင်ထားပုံရသည့်စားပွဲမှာ ခုံဆွဲထိုင်လိုက်ပြီး တစ်ယောက်တည်း မစာမနာ စားပစ်လိုက်ဖို့ ချက်ချင်း ဆုံးဖြတ်၏။

ဝက်အူချောင်းကို ဆလတ်ရွက်ထဲမှာ ထည့်လိပ်ပြီး ဆော့ နည်းနည်းလေးတင်လိုက်တာနှင့် ပါးစပ်ထဲမှာ နတ်သုဒ္ဓါထက် ကောင်းသည်ဟု ထောက်ခံချက်ဖြစ်သွားသည်။

တစ်သက်လုံး စားလာခဲ့သမျှ ဒီအစားသာ အကောင်းဆုံးဟု ကိုယ့်ဘာသာ ဝန်ခံခဲ့မိသည်။ ထမင်းကိုတော့ ပန်းကန်လုံးလေးနှင့် နည်းနည်းပဲ စားဖြစ်ခဲ့သည်။

ထိုအချိန်မှာ တင်းသွားခဲ့သည့် ဗိုက်ထဲမှာ တစ်ညလုံး တိုက်ပွဲတွေဖြစ်နေခဲ့ပြီး မော့် မိုးမလင်း င် လန့်နိုးခဲ့ရသော ထူးဆန်းသည့်နေ့ တစ်နေ့လည်း ဖြစ်လေသည်။





## အခန်း [၂၄]

"မော့် မင်း ဘယ်နှစ်ခါရှိပြီလဲ··"

ဗိုက်နာနေသဖြင့် သူမေးတာကို မော့် မဖြေနိုင်··။ မနက် ငါးနာရီကတည်းက သူ ရေအိမ်ကို လာခေါက်သွားသေးသည်။

ပြီးတော့ သူ့ဘာသာ အောက်ထပ်ဆင်းသွားပုံပေါ်ကာ အလုပ်သွားဖို့ အခန်းထဲက ထွက်လာတော့လည်း ညဝတ်အင်္ကျီလေးနှင့် နေသည့် မော့် ကို တွေ့သွား၏။

ပြန်မဖြေခဲ့ဘဲ သူ မော့် ဘေးက ပါလာကာ···

"ဘာဖြစ်တာလဲ··၊ ဝမ်းပျက်သွားတာလား"

"ဟုတ်တယ်"

"ဘယ်နှစ်ခါရှိပြီလဲ··၊ ကိုယ့်ကိုယ်ကိုယ် ပုံမှန်မဟုတ်တော့တာကို မသိဘူးလားကွာ··၊ စောစောက ပြောတာ မဟုတ်ဘူး"

မော့် အခန်းတံခါးဖွင့်လိုက်ပြီးမှ မဝင်ဖြစ်ဘဲ သူ့ကို ဒေါသဖြစ်နေရသေးသည်။

"စောစောက မပြောတော့ ဘာဖြစ်သွားနိုင်လဲ··၊ ရှင့်ဟာရှင် သွားစရာရှိတာ သွား··၊ အသက်နဲ့ အဝေးကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မဝေးဘူး..၊ ဝမ်းသွားတယ်ဆိုတာ သွားပုံသွားနည်းတွေ ကွဲပြားသေးတယ်၊ တစ်နေ့ကုန်သွားနေလဲ မျှော့သွားတာပဲရှိပြီး ဘာမှမဖြစ်တဲ့သူ ရှိသလို သုံးလေးကြိမ်လောက်သွားတာလေးနဲ့ အသက်ပါသွားတာတွေ မင်း မကြားဖူးဘူးလား"

"အဲဒီတော့ ကောင်းတာပေါ့၊ ရှင်ကြီးနဲ့ မြန်မြန်ဝေးသွားအောင် လုပ်ကြံနေဖို့ မလိုတော့ဘူး"

"လုပ်ကြံမနေနဲ့..၊ ဝေးချင်တိုင်းလဲ ဝေးခွင့်မပေးနိုင်ဘူး၊ ဝင်... အထဲကို..."

သူက မော့် လက်မောင်းလေးကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်လိုက်ပြီး လက်တစ်ဖက်က တံခါးကိုဖွင့်၍ အထဲထိ လိုက်လာ၏။

မော့် တကယ့်ကို မဟန်နိုင်တော့တာမို့ သူ ခေါ်တဲ့အတိုင်း ပါလာခဲ့ပြီး အိပ်ရာပေါ်မှာ လှဲလိုက်သည်နှင့် ခေါင်းထဲမှာ တဝှီရိပ်ရိပ်မူးကာ မျက်လုံးတွေ ပြာဝေလာ၏။

သူ အပြင်ထွက်သွားပြီး ဆရာဝန်ကို ဖုန်းဆက်နေတုန်း နောက်ထပ် ဝမ်းသွားချင်လာပြန်သည်။ မဖွင့်တော့သည့် မျက်လုံးတွေကို အတင်းပြန်ဖွင့်၍ မလှုပ်မလှဲချင်ဖြစ်နေသော ကိုယ်ခန္ဓာကို မွေ့ရာထက်ကနေ ထ,နိုင်ဖို့ အတော် ကြိုးစားရ၏။

သို့သော် မတ်တတ်ရပ်နိုင်ပေမယ့် ခြေလှမ်းလိုက်တာနှင့် လူက ခွေခနဲ ပြိုကျသွားသည်။

"ဟာ!... မော့်..."

ဖုန်းတစ်ဖက်နှင့် မင်းနေရာ ပြေးလာပြီး မော့် ကို ပွေ့ယူလိုက်၏။

"မော့်..."

"အင်း... အရမ်းမူးတာပဲ"

"မူးမှာပေါ့..၊ ဝမ်း တအားသွားထားတာကိုး၊ အခု ဘာလုပ်မလို့





ထ,လာတာလဲ"

"ရေအိမ်သွားချင်တယ်"

"ဒုက္ခပဲကွာ..."

သူ မော့် ကိုပွေ့၍ ထ,ရပ်လိုက်ကာ ရေအိမ်တံခါးဖွင့်ပေးတဲ့အထိ လုပ်၍ တံခါးနားမှာပဲ ရပ်စောင့်နေသည်။

"တံခါးပိတ်မထားနဲ့နော်..၊ မင်း မခေါ်ဘဲ ကိုယ် တံခါးကို မထိဘူး၊ အထဲမှာ တစ်ခုခုဖြစ်နေမှာစိုးလို့.." တဲ့..။

သူပြောတဲ့အတိုင်းပဲ မော့် ကိစ္စပြီးပေမယ့် မတ်တတ်ခိုင်အောင် မရပ်နိုင်တော့ပေ..။

"ဦးမင်းနေရာ..."

"ဟင်!... ကိုယ် လာရမလား.."

"အင်း..."

ရှက်တာတွေ၊ ငြိုငြင်နေတာတွေ ဘယ်ရောက်ကုန်မှန်း မသိ..။ မင်းနေရာ က မော့် ကို အိပ်ရာထဲထိ ပြန်ချသိပ်ပြီး ဓာတ်ဆား ဖျော်သည်။

"ဒေါက်တာ မလာခင် ဒါလေး သောက်ထားနော်"

"ဟင့်အင်း..."

"သောက်ပါကွာ..၊ သီးစုံလိုတော့ မမွေးဘူး၊ မင်း အရမ်းဖြစ်နေလို့ ဒါနဲ့မှ ရမှာ..၊ ကိုယ်က အိပ်ရေးပျက်လွန်းရင် ပရက်ရာကျတတ်တော့ ဒါကို ဆောင်ထားရတယ်၊ ဝမ်း ဘယ်လိုသွားသွား ဓာတ်ဆားရည် အချိန်မီရင် အသက်အန္တရာယ် မရှိဘူး"

ခုနကပြောတော့ သုံး,လေးခါသွားတာနှင့် သေတဲ့လူတွေ ရှိတယ်တဲ့..။ အဲဒီလူတွေကတော့ ဓာတ်ဆားရည် မသောက်လို့လား..။

ပြောဆိုချင်သည့်စိတ်တောင် မရှိအောင် ဖြစ်နေသော်လည်း စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ တွေးမိပြီး ရေရွတ်လိုက်သေးသည်။

"အစားမှားသွားတယ် ထင်တယ်"

ဆရာဝန်ကပြောတော့ မော့် မျက်လုံးတွေ သူ့ဆီ ရောက်လာ၏။ မင်းနေရာ က ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်ရင်း ဝင်လာလိုက်၊ ပြန်ထွက်သွားလိုက် ဖြစ်နေသမျှ မော့် မျက်ဝန်းလေးတွေကြောင့် ပြုံးဖြစ်သွားသည်။

ပြီးတော့ ဖုန်းကို အိတ်ထဲထည့်ထားလိုက်၍ မွေ့ရာစပ်မှာ တင်ပါးလွှဲဝင်ထိုင်ကာ…

"အခု ဘယ်လိုအခြေအနေလဲ ဒေါက်တာ…"

"ဒရစ်ချိတ်ဖို့တော့ မလိုပေမယ့် ချိတ်မယ်ဆိုရင်…"

"မချိတ်ချင်ပါဘူး၊ အရမ်းပျင်းဖို့ကောင်းတာပဲ"

မော့် က ဝင်ပြောပြီး နဖူးဆံစလေးတွေကို သပ်ပေးနေသည့် သူ့လက်ကို ဖယ်ချပစ်သည်။ ဆရာဝန်က သူတို့ကိုကြည့်၍ ပြုံးနေကာ ထိုးဆေးတွေ၊ စားဆေးတွေ ပြည့်စုံအောင်ပေးပြီး ပြန်သွား၏။

"ရှင်လဲ သွားလေ…၊ ဘာလုပ်နေတာလဲ"

"ဘယ်ကို သွားရမှာလဲ…"

"သွားစရာရှိတာ သွားပါ"

"သွားစရာကတော့ ရှိတာပေါ့ကွာ…၊ မင်းတစ်ယောက်တည်း ဘယ်လိုလုပ်ထားခဲ့မလဲ…၊ ဒေါ်ချို့ ကို ဖုန်းဆက်ပေးရမလား"

မော့် က သူ့ကို မျက်စောင်းထိုးသလို စိုက်ကြည့်သည်။

"မဆက်ပါနဲ့…၊ အဲဒါ ရှင့်အလုပ် မဟုတ်ပါဘူး၊ ကိုယ်ညံ့လို့ ခံရတာ၊ ဘယ်သူသိအောင် ကြေညာရဦးမှာလဲ.."

"ဘာ!…"

"ဟုတ်တယ်…၊ စစ်မြေပြင်မှာ ရန်သူတည်ခင်းတဲ့ စားစရာကို





ဘယ်တော့မှ မစားပါနဲ့၊ အငတ်ခံပြီး သေသွားမယ်ဆိုရင် သင်က သူ့ရဲကောင်းပါပဲ တဲ့…၊ ကျွန်မက ငတ်တောင်မငတ်သေးဘဲနဲ့ အဆာမခံနိုင်လို့ ရှင် ကျွေးတာတွေကို စားလိုက်မိတာလေ.."

"ဟော..ဗျာ…"

သူ့ မျက်ခုံးနှစ်ဖက် မြင့်တက်သွား၏။ ပြီးတော့…

"ဟား… ဟား… ဟား…"

ရယ်ပစ်လိုက်တာ ပခုံးတွေပါ လှုပ်၏။ မော့် အံကြိတ်နေသည့် မျက်နှာလေးနှင့် ပက်လက်ကလေးကနေ စိုက်ကြည့်နေခဲ့သည်။

"ကိုယ်က မင်းရဲ့ရန်သူလား…၊ ကိုယ်တို့က စစ်တိုက်နေကြတာပေါ့"

မေးခွန်းတွေ မေးလိုက်.. ရယ်လိုက်..၊ မော့် စိတ်ထိန်းလို့မရတော့ဘဲ လက်လှမ်းမီလိုက်သည့် ဖုန်းကို လှမ်းဆွဲပြီး သူ့မျက်နှာကို ပေါက်ချလိုက်ဖို့ ရွယ်လိုက်လျှင်…

"နေပါဦး…၊ မရှင်းတာလေး မေးချင်လို့ပါ"

မင်းနေရာ က မော့် လက်ကောက်ဝတ်လေးကို ဖမ်းဆုပ်ထားလိုက်ပြီး…

"မင်းကို ကိုယ် ကျွေးလိုက်တဲ့ထဲမှာ ဝမ်းနုတ်ဆေးတွေ ထည့်ထားတယ်လို့ ပြောချင်တာလား၊ ပြောပါဦး…၊ ဘယ်ထဲမှာ ပါနိုင်မယ်ထင်လဲ"

မေးတာကို မဖြေတတ်ဘဲ ဒေါသတွေပဲ ထွက်၏။ သူက ရယ်နေသည့်မျက်နှာနှင့် မော့် မျက်နှာလေးကို ငုံ့မိုးကြည့်ကာ…

"ဖြေလေ…၊ ကိုယ်က မင်းကို ဝမ်းသွားအောင်လုပ်ပြီး ဘယ်လိုဖြစ်သွားစေချင်တာမျိုးလဲ"

"အဲဒါ ရှင့်ကိုယ်ရှင် ပြန်မေးပေါ့…၊ ရှင် ဘာမှမစားရသေးဘူးဆိုပြီး ကျွန်မပဲ စားလိုက်ရတာ၊ ရှင်ကတော့ ဘာစားခဲ့လို့လဲ.."



www.burmeseclassic.com

www.burmeseclassic.com



"အစက အတူတူ စားကြဖို့လေ..၊ မင်းက စားပြီးသွားမှ ကိုယ် ဘယ်လိုလုပ်စားရမှာလဲ..၊ စားပွဲပေါ်မှာ ရှိတာအားလုံး ချထားတာ..၊ အပို ဘာမှမထားဘူး၊ မင်း စားလို့ပြီးသွားရင် ကျန်တာက စားကြွင်းပဲ၊ ကိုယ် ဘယ်တော့မှ စားကြွင်းမစားဘူး"

ရှင်က အဲလိုလူကိုး..၊ မှော့် မျက်နှာ ‌ေ ပက်စက်လေး ဖြစ်သွား၏။ ပြောတော့ နေရာ ‌ကာ လင်နဲ့မယား တဲ့..။

ဒီနေရာမှာကျတော့ နှစ်ယော က်စာထဲက တစ်ယောက်စာကျန်တာကို စားကြွင်းလို့ သတ်မှတ်လိုက် ်သည်။

အိုးထဲမှာ အပိုချန်မထားခဲ့တာ အပြစ်လား..၊ မှော် အရင်စားလိုက်မိတာ အပြစ်လား..။ ခဏအတွင်းမှာ သိလိုက်ရသည့် မင်းနေရာ၏ အကျင့်တစ်ခုကို မလိုလားစွာ မှတ်သားလိုက်ရ၏။

"အဲဒီလို အကျင့်ရှိခဲ့တာကို ပြောတာ..၊ မင်းနဲ့ကျမှ ခွဲခြားတာ မဟုတ်ပါဘူး၊ ပြီးတော့ ထမင်းစားပြီးခြင်း,မပြီးခြင်းကလဲ ကိုယ့်အတွက် အဆန်းမှ မဟုတ်တော့တာ..."

သူ ဆက်ရှင်းပြတာကို နားမထောင်ချင်သလို မှော် က မျက်နှာ တစ်ဖက်လှည့်ပစ်၏။ သူ ဆုပ်ကိုင်ထားသည့်လက်ကိုလည်း ရုန်းပစ်လိုက်ပြီး ခါးထိတင်ထားသည့် စောင်ထဲကို ထည့်ထားလိုက်သည်။

မင်းနေရာ က မှော့် လက်ထဲက ယူထားလိုက်သော ဖုန်းကို ငုံ့ကြည့်နေရင်း ဖုန်းဘုတ်ထဲက နာမည်တွေကိုပါ ဖွင့်ကြည့်နေလျက်...

"မနက်စာကို ပေါင်မုန့်နဲ့ ကော်ဖီသောက်ပြီး တစ်နေကုန် ကိုယ် ဘာမှမစားဘူး"

သူ့ကို လှည့်ကြည့်မိတော့မလို ဖြစ်သွားသည်။ ဒါပေမယ့် မကြည့်ဖြစ်ဘဲ နားပဲ စွင့်နေလိုက်မိ၏။

"သူများတွေ တစ်နေ့ကို ထမင်းနှစ်နပ်စားကြပေမယ့် ကိုယ်





တစ်နပ်ပဲ စားတယ်၊ တစ်ခါတလေ အဲဒီညစာကိုလဲ လွတ်သွားခဲ့တာတွေ ရှိတာပဲ..၊ ထမင်းစားချိန်မရှိလောက်အောင် အလုပ်များနေတာတော့ မဟုတ်ဘူး၊ ဒါပေမယ့် စားဖို့အတွက် ချက်ပြုတ်လုပ်ကိုင်တာတွေကို အချိန်မပေးနိုင်ဘူး၊ အပြင်မှာ အလွယ်တကူ ဝယ်စားဖို့ဆို ထမင်းဟင်း မပြောနဲ့ အအေးတစ်ခွက်တောင် မသောက်ဘူး၊ ခြွင်းချက်က မိတ်ဆွေတွေနဲ့ လက်ဆုံစားသောက်တဲ့ပွဲမျိုးတွေမှာတော့ တို့တို့တိတိ စားလိုက်ရတာမျိုးတွေ ရှိတယ်၊ မင်းနဲ့ကိုယ် တစ်ယောက်ပေါ်တစ်ယောက် မသိမမြင်နိုင်သေးတဲ့ စရိုက်သဘာဝတွေ အများကြီး ရှိသေးတယ် မှော်..၊ ကိုယ် မင်းကိုနားလည်ဖို့ ကြိုးစားနေပေမယ့် မင်းက ကိုယ့်ကို မုန်းတဲ့သူ ဖြစ်နေတယ်၊ အဲဒါတွေကြောင့် မင်းဘက်က ကိုယ့်မှာမရှိတဲ့ မှားယွင်းမှုတွေကို မင်းမျက်လုံးနဲ့ မင်းအမှားလို့ သတ်မှတ်ပြီး နောက်ထပ် ရင်ဆိုင်ဖြေရှင်းစရာတွေ ရှိနေဦးမှာပဲ"

မှော် ဖျတ်ခနဲ ပြန်လှည့်လာကာ...

"ရှင့်မှာ အမှား ဘယ်တော့မှ မရှိတော့ဘူးပေါ့၊ ဟုတ်လား.."

"ခုထိတော့ ကိုယ် မမှားသေးဘူး"

"ဘာလို့ မမှားရမှာလဲ..၊ ကျွန်မကို လက်ထပ်ဖို့ ကြိုးစားကတည်းက မှားခဲ့တာ..၊ ခုထိ မှားနေတုန်း"

သူက လေးနက်ခြင်းတွေပြည့်နှက်နေသည့် မျက်ဝန်းများနှင့် ငုံ့မိုးကြည့်ပြီး ပြုံးသည်။

"ထားပါတော့..၊ ဒါပေမယ့် အဲဒီအမှားက ကိုယ် ကျေကျေနပ်နပ် ရယူခဲ့တဲ့အမှားပါ"

"ဦးမင်းနေရာ..."

"ပြောလေ..."

"ရှင် ပြောခဲ့တုန်းက မိုးတစ်လုံး လေတစ်လုံးနဲ့..."



www.burmeseclassic.com

www.burmeseclassic.com



မော် က မခံချင်စိတ်တွေ ပြည့်နှက်လာသည့်အသံနှင့် လှဲနေရာက နေ ငုတ်တုတ်ထ,ထိုင်လိုက်ကာ…

"အစကတော့ ကျွန်မက မိဘဆိုဆုံးမမရတဲ့ သမီးမျိုးမို့လို့ စိတ်ဝင်စားခဲ့တာလိုလို..၊ ကျွန်မ ဘယ်လောက်ဆိုးဆိုး တစ်နေ့နေ့မှာ လွှမ်းမိုးနိုင်တဲ့သူဖြစ်ဖို့ပဲ ကြိုးစားချင်တာလိုလို "

"ခု ဘာဖြစ်လို့ပဲ.."

"ရှင် ကျွန်မကို ချစ်နေတာ.."

မော် က တိုက်ရိုက်စွပ်စွဲ၏။ မင်းနေရာ သည် သူ့ရှေ့မှာ နီးနီးလေးရှိနေသည့် မျက်နှာနုနုလေးကို စူးစိုက်ကြည့်နေရင်း ခပ်ယဲ့ယဲ့ ပြုံး၏။

"မင်းကို မချစ်ပါဘူးလို့ ကိုယ် မပြောခဲ့ဘူး ထင်တယ်"

မော် မျက်နှာပျက်သွား၏။ သူမ တစ်ဖက်လှည့်ပစ်လိုက်တာကို ကြည့်၍ သူက အပြုံးမပျက်နေရင်း…

"ကိုယ်က ချစ်နေတယ်ဆိုရင် မင်း ဒီလို လွတ်လပ်ခွင့်တွေ ရနေမှာ မဟုတ်ဘူး မော်..၊ အဲဒီတော့ လောလောဆယ် ကိုယ်တို့ ချစ်တာတွေ၊ မေတ္တာတွေ ဖယ်ထားပြီး စိတ်သဘောချင်းညီမျှအောင် အရင်ကြိုးစားမယ်"

"ဘယ်တော့မှ ညီမျှမှာ မဟုတ်ဘူးဆိုတော့ ကြိုးစားမနေနဲ့..၊ ရှင်ဟာ ကျွန်မ တစ်သက်လုံး မုန်းတီးနာကျင်ခဲ့ရတဲ့ ယောက်ျားအမျိုးအစားတွေထဲက ဖြစ်နေတဲ့အတွက် ရှင်နဲ့ကျွန်မ ညီမျှခြင်း ဖြစ်လာဖို့က အဝေးကြီးပဲ"

"ကိုယ်က ဒီလို မထင်ဘူး"

အမြဲတမ်း ယုံကြည်ချက်တွေနဲ့ ပြောတတ်သည့် သူ့မျက်လုံးတွေက စူးရဲနေလျက်…





"မင်း မုန်းတီးခဲ့တဲ့ ယောက်ျားမျိုးဟာ မင်းရဲ့အဖေ ဖြစ်နေခဲ့တယ်ဆိုတော့ နောက်ထပ် မင်းရဲ့ခင်ပွန်းဖြစ်လာတဲ့ တစ်ယောက်ကိုလဲ မင်း လက်ခံရဦးမှာပဲ"

မော့် မျက်ဝန်းလေးတွေ လက်ခနဲ ဖြစ်သွား၏။

"ကိုယ်ကတော့ မင်းရဲ့ အံ့ဖွဲ့နေမယ့် မကျေနပ်ချက်တွေကို မသိလိုက်ဘာသာထားပြီး ဘာမှန်းမသိတဲ့ အိမ်ထောင်ရေးထဲမှာ ပိတ်မိခံသွားမှာ မဟုတ်ဘူး"

သူ ပြောနေတုန်း ဖုန်းဝင်လာသဖြင့် နေရာမှ ထ,ရပ်လိုက်ပြီးမှ ပြန်ငုံ့ကြည့်ကာ…

"ဘာပဲဖြစ်ဖြစ် ကိုယ့်ရဲ့ရည်ရွယ်ချက်အားလုံးဟာ မင်းကို ပျော်ရွှင်စေချင်တာတွေပါ"

ဖုန်းထုတ်လိုက်ပြီး အပြင်ကို ထွက်သွားသည်။

ဘယ်လို သက်ရောက်စေသည့်စကားတွေ ပြောသွားတာလဲ..။ ချစ်တယ်လို့ ပြောသွားသည်လား..၊ မချစ်ဘူးဆိုတဲ့ သဘောနဲ့လား..။

သူ့စကားတွေဟာ တစ်ခုခုကို ဦးတည်လိုက်ပေမယ့် အဆုံးသတ်မှာ ဟိုမရောက်ဒီမရောက် ဝေ့လည်သွားခဲ့သည်ပဲ ဖြစ်သည်။

တစ်ခုခုကို သိချင်လာမိတာကတော့ သေချာလေသည်။

ဘာဖြစ်လို့ သိချင်နေမှန်း..၊ ဘာကို သိချင်နေတာမှန်း မော် ကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် သတိမထားမိခဲ့..။

အဖြေတစ်ခုခုတော့ ရှိနေမှာပါ..။



www.burmeseclassic.com

## အခန်း [ ၂၄ ]

"စားလေ သမီး၊ ခံတွင်းမတွေ့ဘူးလား"

"မဟုတ်ပါဘူး"

သတိလက်လွတ် ငိုင်နေတတ်ပြီး မေချို မေးလိုက်မှ စားသောက် ခြင်းကို ပြန်ပြန်ဆက်နေရတော့ အရသာတွေ ဘယ်လိုရှိနေမှန်းလည်း မသိတော့ပါ..။

"သမီး ပြန်ရင် ညလယ်စာတွေရော၊ နောက် မနက်စာအတွက်ပါ နှစ်ရက်စာ မေချို ပြင်ထားပြီးပြီ၊ အိမ်ပြန်ရောက်ရင် ဖရီဇာမှာ ထည့် ထားလိုက်ရုံပဲ၊ နောက်ဆို နေ့တိုင်း လာယူနော်၊ သမီးက ဘာမှ မချက်တတ်တာနဲ့ ယောက်ျားကလဲ မချက်ရကောင်းလားဆိုပြီး အပြော အဆိုမရှိတာနဲ့ ငါ့သမီး ဟင်းချက်တတ်ဖို့က မလွယ်သေးဘူး"

"မေချို က သူ အပြောအဆိုမရှိတာကို ကဲ့ရဲ့နေတာလား၊ ချီးမွမ်း နေတာလား"

မှော် က မေးလိုက်တော့ အိုးခွက်ပန်းကန်တွေ ဆေးနေရင်း မေချို က ရယ်သည်။

"ကဲ့ရဲ့စရာလား သမီးရယ်..၊ မေချို က သမီးရဲ့မေချို ပဲဟာ ကိုယ့်ကလေးကို အလိုလိုက် ဂရုစိုက်ထားတယ်ဆိုတာ ဝမ်းသာစရာ





ဟာ၊ ဒါပေမယ့် သူ့ဘက်က တို့ထောင်ပေးမယ့် မိဘမောင်နှမတွေ အနားမှာရှိနေရင်တော့ သမီးကို သူ အဲဒီလို အလိုလိုက်ထားတာကို ကဲ့ရဲ့မယ်၊ ဒီလို မထားနဲ့၊ ဒီလိုထား ဆိုတာတွေပြောပြီး တို့ထောင်ပေး ကြမယ်၊ အိမ်ထောင်ရေးဆိုတာ အရမ်းကိုနက်နဲတယ် သမီးရဲ့၊ အထူး သဖြင့် ကြင်စဦးဆိုတဲ့ အိမ်ထောင်ရေးအစမှာ အရေးကြီးတယ်"

သူကတော့ ဒီလို တို့ထောင်ပေးတဲ့စကားမျိုးတွေကို နားထောင် ရောယောင်ပါနိုင်တဲ့လူမျိုး ဟုတ်မည်မထင်ပါ..။

အမြဲတမ်း ယုံကြည်ချက်တွေ ပြည့်နှက်နေသည့် မျက်ဝန်းတွေမှာ သူ့ကိုယ်သူထက် ဘာကိုမှ မယုံကြည်တတ်သော အတ္တတွေအပြည့်..။

ဟင်းမျိုးစုံပြည့်နေသည့် စားပွဲရှည်ကြီးကို စိုက်ခနဲ ငေးသွားမိ လိုက်၊ စားသောက်ခြင်းကို ခဏခဏ တစ်ကနေ ပြန်စ လိုက်နှင့် ဟုတ်တိပတ်တိလည်း မစားနိုင်ဘဲ ထမင်းစားသည့်ကိစ္စ ပြီးသွားခဲ့၏။

မေချို က သူမ စကားတွေများနေသည့်အဖြစ်ကြောင့်ဟု ရေရွတ် ရင်း စိတ်မကောင်းဖြစ်နေသေးသည်။

တကယ်က မှော့် စိတ်တွေ ညဘက်ကျမှ ထမင်းစားသည်ဟု သိခဲ့ရသော မင်းနေရာ နှင့် သူ့ရဲ့ထမင်းစားခန်းကြီးဆီကို ရောက်နေခဲ့ တာ ဖြစ်သည်။

အပြင်စာတွေကို တစ်သက်လုံးစားလာခဲ့ရလို့ မစားချင်တော့ပါ ဆိုပြီး ကိုယ်တိုင်လည်း ဘာမှ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်တတ်တာ မရှိ..။

"မီးဖိုချောင်ထားပေမယ့် နေ့တိုင်း ဆားပြေးကိုင်၊ နနွင်းပြေးကိုင် လုပ်ဖို့တော့ အချိန်မရှိဘူးလေ..၊ တမင် အချိန်ယူပြီး ဖွယ်ဖွယ်ရာရာ ချက်ပြုတ်မယ်ဆိုရင်တောင် ကိုယ် မချက်တတ်ဘူး" တဲ့..။

သူပြောတာ အပိုမဟုတ်မှန်း ဘူးပြည့်၊ ပုလင်းပြည့် ရှိနေသည့်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဆီ၊ ဆား၊ အချိုမှုန့်ဘူးတွေက သက်သေခံနေကြသည်။

ပြီးတော့ သူနှင့် မော့် လက်ထပ်ခဲ့ပြီးတာ တစ်လပြည့်တော့မည်။

သူ စားတာကို မြင်ခဲ့ရသမျှတော့ ကြက်အူချောင်းကြော်၊ ကြက်ဥကြော်အပြင် တစ်ခါတလေ ရယ်ဒီအသားဘူးတွေကို အိုးထဲပြန်ထည့်ပြီး ကြော်စားတာလည်း တွေ့သည်။

ဒီတိုင်းပဲ အမြဲတမ်းစားလာခဲ့ပြီး ဒီတိုင်း နောက်ထပ် စားသွားဖို့လည်း မငြီးမငွေ့ရှိနေခဲ့သည့်လူ..။

မော့် ကို လက်ထပ်ခဲ့ပေမယ့် ချက်ပြုတ်ပေးပါလည်း မတောင်းဆိုမချက်ပြုတ်တတ်တာကိုလည်း ငြူစူကဲ့ရဲ့ခြင်းမရှိသည့်ပြင် သူ လုပ်ကိုင်ထားတာတွေကိုတောင် စားပါ၊ သောက်ပါလို့ ပြောနေသေးသည်။

ဒီကနေ့ စားစရာတွေသယ်သွားပြီး ကျွေးရင်ရော သူ စားပါ့မလား၊ ဒါက မသေချာပေ..။

"ဟုတ်ကဲ့..၊ ဟုတ်ကဲ့ ဆရာကြီး"

ဖုန်းပြောနေသည့် မေချို့ ဆီ မော့် လှမ်းကြည့်လိုက်စဉ် မေချိုကလည်း လှည့်ကြည့်တာမို့ ဒက်ဒီ မော့် ကို မေးနေမှန်း သိလိုက်သည်။ မေချို က ဖုန်းချထားလိုက်ပြီး လှည့်ထွက်လာကာ...

"သမီးရေ..၊ မပြန်နဲ့ဦးတဲ့၊ သမီးဒက်ဒီ လာမယ်တဲ့၊ မေချို ဘာမှမပြောဘူးနော်၊ ဆရာကြီးက သမီး အိမ်မှာလားလို့ မေးတာနဲ့ ဟုတ်ကဲ့ လို့ ပြောလိုက်ရတာ.."

မေချို က တစ်ခါတည်း ရှင်းပြနေသည်။ မော့် အိမ်မှာ စားနေတာကို ဒက်ဒီသိလျှင် အိမ်ရှင်မဆောင်ပုဒ်ကြီးတွေ ဘာညာတွေ ထောက်ပြပြီး ပြောဟောလာနိုင်တာကြောင့် ဒက်ဒီ မရှိတဲ့အချိန်တွေပဲ မော့် လာခဲ့တာ ဖြစ်သည်။

ဒက်ဒီ့ကားသံ အိမ်ရှေ့မှာကြားလျှင် နောက်ဖေးပေါက်က ထွက်





ပြေးနိုင်အောင် ဒီကိုလာတဲ့အခါ ကားမပါတာက များသည်။

ဒက်ဒီကလည်း အိမ်ကိုဖုန်းဆက်ပြီး အဆင်ပြေရဲ့လား ဘာညာမေးတတ်သော်လည်း ကိုယ်တိုင် တစ်ခါမှ ရောက်မလာခဲ့ဖူးပေ..။

"မေချို..၊ ဒက်ဒီက ဘာလုပ်ဖို့တဲ့လဲ"

"သြော်... မေချို ဘယ်လိုလုပ် သိမှာလဲ ကလေးရယ်၊ ပြောတဲ့ပုံကတော့ သမီးနဲ့ စကားမပြောရတာကြာလို့ ပြောချင်တဲ့ပုံစံမျိုးပါ၊ အေးဆေးပဲ"

ဒက်ဒီ မအေးဆေးတာ ဘယ်တုန်းကရှိလို့လဲ..၊ သူ့အတွက် အရာအားလုံးက အမြဲတမ်း အေးချမ်းနေသည်ဟု သတ်မှတ်၍ ဥပေက္ခာပါရမီနှင့် ရင့်သန်နေတဲ့သူ..။

"သမီးလေး..."

"ဟင်!..."

မေချို က မော့် ဘေးမှာ လာထိုင်ကာ...

"မင်းနေရာ နဲ့ အဆင်ပြေရဲ့လားဟင်"

မော့် ခေါင်း အရင်ညိတ်လိုက်ပြီးမှ...

"အင်း ပြေပါတယ်..၊ ဘာဖြစ်လို့လဲ..."

"မေချို့ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေလို့ပေါ့၊ ဒီအချိန်ဆို မိန်းကလေးက မိဘအိမ်ကို ရတ်တရက် မခွဲနိုင်သေးတော့ နေ့တိုင်း ရောက်လာမယ်၊ ယောကျ်ားဖြစ်တဲ့သူကလဲ မမောနိုင်မပန်းနိုင် လိုက်ပို့ရ၊ ပြန်ကြိုရ ဒါမျိုးတွေ ရှိနေသင့်တာလေ၊ အခု သမီးက ရောက်လာပေမယ့် တစ်ယောက်တည်း လာ၊ တစ်ယောက်တည်း ပြန်..၊ တစ်ခါတလေ ဆရာကြီးကိုရှောင်ပြီး နောက်ဖေးတံခါးက ထွက်ပြေးခဲ့တာတွေလဲ ရှိသေးတယ်၊ မေချို ဘယ်လိုလုပ် စိတ်ချမ်းသာပါ့မလဲ"

မော့် က ဘာမှမဖြစ်နိုင်တာကို ပူနေပြန်ပြီဆိုသည့် အပြုံးနှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ကလေးပိုက်လိုက်သေးသည်။ ဒါတောင် ဟိုနေ့က ဝမ်းလျှောပြီး အိပ်ရာထဲလဲခဲ့သည့်ကိစ္စကို မေချို ကို ပြန်မပြောဘဲ ထားခဲ့လို့..။

ဒါမျိုးတော့ မှော် စိတ်မကူးပါ။ အိမ်ထောင်ကျပြီးကာမှ ထစ်ခနဲရှိ ပြေးပြော၊ ပြေးတိုင်နဲ့ မလုပ်ချင်။ နောက်တစ်ခုက ဒီအိမ်ထောင်ရေး အတွက် ကိုယ့်ဖိတ်ကူးက တစ်မျိုးမို့ တခြားလူတစ်ယောက်ယောက်နှင့် တိုင်ပင်နေလို့ မဖြစ်..။

အထူးသဖြင့် ထိုတစ်ယောက်ယောက်ဟာ ဒက်ဒီနှင့် မေချို တို့ ဖြစ်လို့မရခြင်းပင်..။

"ဟော... ဆရာကြီး ရောက်လာပြီ"

ဒက်ဒီ့ကားကို မြင်သည်နှင့် မေချို တံခါးသွားဖွင့်ကာ အိမ်ထဲကို ပြန်ဝင်သွားခဲ့၏။

"သမီး ထမင်းစားပြီးပြီလား"

"ဟုတ်.."

ဦးသုဝေ က ဝင်လာလာချင်း ပြုံးနေသည့်မျက်နှာနှင့် နှုတ်ဆက် ပြီး မှော် ကို အကဲခတ်သလိုကြည့်၏။ ထို့နောက် လက်ကိုင်အိတ်ရှည် ကြီးကို စားပွဲပေါ်ချထားလိုက်ပြီး မှော့် ရှေ့မှာပဲ ဝင်ထိုင်သည်။

"ဒက်ဒီ အဝတ်စား သွားလဲပါဦး၊ သမီး စောင့်နေပါ့မယ်"

"ရပါတယ် သမီးရယ်..၊ သမီးလဲ ဒီမှာ တစ်နေကုန်ဆိုတော့ ပြန်ချင်နေရော့ပေါ့"

မျက်လွှာချထားသည့် မှော့် မျက်တောင်ဖျားတွေ ဖျတ်ခနဲ လှုပ် ခတ်သွား၏။ မှော် ဒီမှာ တစ်နေကုန်ရှိနေတာ ဒက်ဒီ ဘယ်လိုလုပ် သိနေတာလဲ..။ ဒါဆို မကြာခဏ နေ့စဉ်ရက်ဆက် ရှိနေတယ်ဆိုတာ ရော သိနေသလား..။

"သမီးကို ဒက်ဒီ မေးစရာရှိတယ်"





ဦးသုဝေ သည် မှော့် အတွေးတွေကို ဂရုစိုက်နေပုံမရှိဘဲ သိချင် တာတစ်ခုအပေါ်မှာပဲ လေးနက်မှုရှိနေသော မျက်နှာနှင့်...

"သမီးဆီကို တန်ခိုး ဆိုတဲ့ကောင်လေးတစ်ယောက် ရောက်လာ တယ်ဆို..."

"ဟင်!..."

ဒက်ဒီ မေးလိုက်တာနှင့် မင်းနေရာ မျက်နှာကို တန်းခနဲ မြင်လိုက် ၏။ သူ ပြောလိုက်လို့ ဒက်ဒီ သိတာပဲ ဖြစ်မည်။ ဒီလိုအကျင့်တွေ ရှိနေရက်နှင့်များ သူ့ကိုယ်သူ ဘာလိုလို..။

"ဒက်ဒီ တွေးနေမိတာ"

ဦးသုဝေ က သူ့စကားကို ရှေ့ဆက်ဖို့ စ,ပြီးမှ ခဏ ငိုင်နေပြန် သည်။ ပြီးတော့မှ...

"ကိုယ်ချစ်တဲ့လူကို လက်ထပ်ခွင့်ရတဲ့ မိန်းကလေးတွေတောင်မှ မိဘအိမ်ကို ရုတ်တရက် မမေ့နိုင်ကြဘူး၊ သမီးကတော့ အိမ်ကနေ ထွက်သွားပြီးကတည်းက ဒက်ဒီ့ကို ရင်မဆိုင်ဘူး၊ ထမင်း လာစားတာ ကလွဲပြီး အိမ်ထောင်ရေးနဲ့ အိမ်သားအကြောင်း ဖွဲ့သည်မည်းသည် ဘာမှပြောမလာဘူး၊ သမီး ဒက်ဒီ့အိမ်မှာ ဝင်ထွက်နေတာ ဒက်ဒီ သိတယ်၊ ကိုယ့်သမီးလေး သူစိမ်းတစ်ယောက်နောက် လိုက်သွားရတာ အဆင်ပြေရဲ့လား ဒက်ဒီ မသိချင်ဘဲနေမလား"

မှော် မျက်လွှာချလိုက်မိပြန်သည်။ ဦးသုဝေ က သူမကိုပဲ ကြည့် ၍...

"မချို ကို မေးလိုက်တိုင်း သမီး ဘယ်လိုပြောသွားပါတယ်ဆိုတာ မပါဘူး"

"ဘာဖြစ်လို့လဲ ဒက်ဒီ..၊ ကိုယ့်အိုးကိုယ့်အိမ်နဲ့ရှိပြီးမှ ပူတာစပ်တာ တွေ လာပြောနေတော့ ဒက်ဒီ စိတ်ဆင်းရဲရမှာပဲ မဟုတ်ဘူးလား



www.burmeseclassic.com

www.burmeseclassic.com



သမီး မချစ်တဲ့သူကို လက်ထပ်ခဲ့ရတဲ့ကိစ္စမှာ ပျော်ပျော်ရွှင်ရွှင် ရှိမနေနိုင်ဘူးဆိုတာတော့ ဒက်ဒီ သိမှာပေါ့"

"သိတယ်..။ သိလို့ ပူတာ..၊ သမီးရဲ့စိတ်ကို ဒက်ဒီ အသိဆုံးပေါ့၊ မင်းနေရာ ကို ဒက်ဒီက အကောင်းဆုံးလို့ သတ်မှတ်ပြီး ရွေးချယ်ပေးခဲ့တယ်၊ သမီးက အပြုံးတရားတွေနဲ့ လက်ခံခဲ့တယ်၊ ဒီအိမ်ထောင်ရေးကို ငါ့လက်ထဲကျမှ ဘယ်လိုပုံစံချရေးမယ်ဆိုတဲ့ အပြုံးအတွေးတွေနဲ့.."

ဟုတ်တော့ ဟုတ်ခဲ့ပေမယ့် တကယ်တမ်းကျတော့ သူ့ကို မပစ်ရသေးခင် ကိုယ့်လက်ကို ပြန်စူးနေတာမို့ ရှေ့မတိုးနိုင် နောက်မဆုတ်နိုင်ဖြစ်နေဆဲမှာ မေ့ ဘာလုပ်ခဲ့လို့လဲ..။

မိန်းမတစ်ယောက်အတွက် ရွံ့တတ်၊ စောင်းတတ်သည့်အကျင့်ဟာ ဘယ်လောက်အန္တရာယ်ကြီးမှန်း ရှေ့တိုးဖို့ကြိုးစားလေ ပိုသိလာလေ..။

အိမ်ထောင်ကျပြီးမှ ကိုယ့်ခြေလှမ်းတွေကို မယုံကြည်နိုင်တော့ခြင်းဟာ ဘယ်လိုဆူးညှောင့်ခလုတ်ကိုမြင်လို့မှ မဟုတ်ဘဲ အလိုအလျောက် ဖြစ်လာခဲ့သည့် ခံစားချက်ဖြစ်သည်။ ထို့ပြင် မေ့ အတွက်က ပိုဆိုးပါသည်။

ချစ်ခင်တွယ်တာခဲ့တဲ့သူတစ်ယောက်မှ မဟုတ်ခဲ့ဘဲ ချစ်သူတွေအဖြစ်နှင့် ထိပါးနှောင့်ယှက်နေကြခြင်းကို ခံနေရသည်။ ထင်သလိုသွားလာနေမည်၊ ဒီလူ ဒေါသတွေဖြစ်လာအောင်၊ ဘယ်လိုမှ သည်းမခံနိုင်တော့အောင် အပျိုတုန်းကထက် ပိုကဲအောင်နေဖို့ ဆုံးဖြတ်ချက်တွေဖြစ်ခဲ့တာလည်း ဒီအရှုပ်ထုပ်တွေကြောင့် ဟိုလမ်းရှောင်ရ ဒီလမ်းရှောင်ရနှင့် အဆင်မပြေ..။

ရှင်းပြချင်တာက မေ့ ဘာတစ်ခုမှ မဆိုးခဲ့သေးဘူးဆိုတာပါ။ ဒက်ဒီကတော့ မရမက စစ်ဆေးဖို့ရှိနေသော ရှေ့နေတစ်ယောက်၏





မျက်ဝန်းများနှင့်...

"သမီးကို ဒက်ဒီ ပြောခဲ့ဖူးတယ်၊ သူ့ကို ဆုံးရှုံးခံနိုင်ပေမယ့် သူ့ကိုဆုံးရှုံးခြင်းဟာ သမီးဘဝကို ဆုံးရှုံးခြင်းပဲဆိုတာ..."

"တန်ခိုး ရဲ့ပြဿနာက ဒက်ဒီ ထင်သလို ဖြစ်ခဲ့တာ မဟုတ်ဘူး၊ သူ ဘာမှမသိဘဲနဲ့ ဘာမှလဲ မမေးဘဲ ဒက်ဒီ့ကို သက်သက်ထောင်ပေးတာ..."

"သူ ပြောတာ မဟုတ်ဘူး"

"ဟင်!..."

"စခန်းမှူး ဦးညွန့်လွင် ကိုယ်တိုင် ပြောတာ..၊ သွားလာရင်းနှုတ်ဆက်ဖြစ်ကြလို့ သူပဲ စ,ပြောခဲ့တာ၊ ဦးညွန့်လွင် က မင်းနေရာနဲ့ ရင်းနှီးတယ်၊ အဲဒီနေ့ကအဖြစ်ဟာ မင်းနေရာ တမင် အလျှော့ပေးလွှတ်လိုက်မှန်း သူ ရိပ်မိနေတယ်ပေါ့၊ ဖုန်းဆက်တာ မင်းနေရာ ရဲ့ဇနီးဆိုတော့ သမီးကို မမြင်ဖူးခဲ့ပေမယ့် ဒက်ဒီ့သမီးမှန်း သိလိုက်ပြီး ဒါတွေကို သူ စ,ပြောတာပဲ"

ယောက်ျားတွေ အတင်းပြောတာကမှ ကြောက်စရာကောင်းတာပါလား..။ သူများအတွင်းရေးကိုမှ နှိုက်နှိုက်ချွတ်ချွတ်..။

"သူပြောတာက မင်းနေရာ ကို မလိုလားတဲ့သူ တစ်ယောက်ယောက်က ယောက်ျားကိုမနိုင်လို့ မိန်းမကို အန္တရာယ်ပေးချင်တာမျိုးဖြစ်နေရင် ဒီလို အလျှော့ပေးလိုက်တာ အန္တရာယ်များတဲ့အကြောင်းပါ၊ ဒက်ဒီကတော့ ဒါ မင်းနေရာ ရဲ့အနှောင့်အယှက် မဖြစ်နိုင်ဘူးဆိုတာသိတယ်"

"အဲဒီတစ်ယောက်က တန်ခိုး ပါဆိုတာ ဒက်ဒီ ဘယ်လိုလုပ်သိတာလဲ"

ဒါကို မင်းနေရာ ကိုယ်တိုင် မသိခဲ့ပေ။ ပြဿနာဖြစ်ခဲ့တဲ့ခဏမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီနာမည်ကို ထည့်သွင်းမပြောခဲ့မိတာ သေချာ၏။

"ဦးညွန့်လွင် ပြောတာပဲ..၊ ဒါတွေက အရေးမပါဘူး သမီး၊ သမီး အခု ဘယ်လိုလှိုင်ဂုက်ချက်တွေနဲ့ ငြိမ်သက်နေခဲ့တာလဲ၊ ဒက်ဒီ့ကို ဆိုးသည်ကောင်းသည် ဘာမှပြန်မပြောဘဲ ဒီအိမ်ထောင်ရေးကို ဘယ်လို ဆက်လက်မောင်းနှင်ဖို့ စိတ်ကူးနေသလဲ.."

"သမီး ဘာမှမလုပ်ခဲ့သေးဘူး ဒက်ဒီ..."

"မလုပ်သေးတာက လုပ်ဖို့တော့ အစီအစဉ်တွေ ရှိနေတယ်မို့လား၊ အခု ပထမခြေလှမ်း စ,လိုက်တာလား၊ ဟင်... သမီး မိုက်လှချေလား၊ ဒါ မိန်းမကောင်းတွေလုပ်တဲ့အလုပ် မဟုတ်ဘူး".

မော့် မျက်နှာလေးမှာ မဟုတ်လို့ မခံနိုင်တာရော..၊ နဂိုကတည်းက မာနကြီးခဲ့သည့် စိတ်ဓာတ်အရင်းခံကိုက ကြောက်ရွံ့မှုနည်းတတ်တာရော စုပေါင်းကာ ဦးသုဝေ ကို လက်တောက်နေသည့် မျက်ဝန်းများနှင့် စူးစိုက်ကြည့်နေခဲ့၏။

နာကျင်သည့်ရင်ဘတ်က တဆစ်ဆစ် တိုးဆောင့်နေသလား မသိ..။ ဒက်ဒီဟာ သူပြောပြီဆို တစ်ခုမှ မှားယွင်းတာမပါတာမျိုးနှင့် ဒီလိုပဲ အမြဲရှိခဲ့သူ..။

"ချစ်သူခင်သူ ဝိုင်းဝိုင်းလည်နေတာ ကောင်းတယ်၊ အဲဒါက မိမိမနောရဲ့ဖြူစင်မှုကြောင့် အများရဲ့ မေတ္တာ၊ ကရုဏာကို ရတာမျိုး၊ ရည်းစားတွေ ဝိုင်းဝိုင်းလည်နေတာ ဂုဏ်ယူစရာမဟုတ်ဘူး သမီး၊ မင်းနေရာ ရှေ့မှာ အဲဒီလို ပေါက်ပန်းလေးဆယ်တွေနဲ့ သမီး..."

"ဒယ်..ဒီ..."

တစ်သက်မှာတစ်ခါ ဒက်ဒီ့ရှေ့မှာ ဤသို့ ရိုင်းပျခဲ့မိခြင်း ဖြစ်၏။

မော် နေရာမှ ဝုန်းခနဲ ထရပ်ကာ ဒက်ဒီ့ကို မယုံကြည်နိုင်သည့် မျက်ဝန်းများနှင့် စူးစူးစိုက်စိုက် ကြည့်လိုက်မိရင်း...





"သမီး... သမီး... အဲဒီလို သွေးဆိုးသွေးညစ်မျိုးနဲ့မိန်းမ မဟုတ်ဘူး"

လက်သီးဆုပ်လေးနှစ်ဖက်ကို ကိုယ်မှာ ဖိဆုပ်ကပ်ထားရင်း မျက်ရည်တွေ နေရာယူလာကြသည်။

"ဒက်ဒီကျွေးတာ အဆိပ်တွေဖြစ်နေလို့ မျိုမချနိုင်ရင်တောင် သမီး ဒက်ဒီ့ရှေ့မှာ တွေးထုတ်ပစ်မိမှာ မဟုတ်ဘူး ဒက်ဒီ၊ ဘယ်နေရာမှာ ဘယ်လောက်ပဲ ရိုင်းစိုင်းနေပါစေ..၊ ဒက်ဒီနဲ့ပတ်သက်လာရင် သမီး အမြဲတမ်း တစ်ထစ်လျှော့ပြီးသားပါ"

မော့် စကားတွေကို ငေးစိုက်ထောင်ရင်း ဦးသုဝေ မျက်ဝန်းများမှာလည်း အံ့သြမှင်တက်မိနေခြင်းတွေဖြစ်လာခဲ့ပြီး ဘာမှလည်း ဝင်မပြော..။

"ဒီအိမ်ထောင်ရေးကို သမီး ဘယ်လောက်ပဲ မနှစ်မြို့ပါစေ၊ ဒက်ဒီတို့ မာမီတို့ရဲ့သိက္ခာကို ဘယ်တော့မှ ရိုက်မချိုးဘူး၊ သမီးကိုယ် သမီး မိန်းမတစ်ယောက်ဆိုတာကိုလဲ မမေ့ဘူး၊ ဒက်ဒီ ဘာဖြစ်လို့ အဆုံးစွန်ထိ တွေးပစ်လိုက်တာလဲ..၊ တကယ်အံ့သြတယ် ဒက်ဒီ၊ ဒက်ဒီ တစ်သက်လုံး ထိန်းကျောင်းခဲ့တဲ့ သမီးတစ်ယောက်အပေါ်မှာ..."

"သမီး.. ဒက်ဒီ ပြောဦးမယ်.."

"ဟင့်အင်း..၊ သမီး ဒက်ဒီ့ဆီကိုလဲ နောက်မလာတော့ဘူး"

"သမီး..."

မော် တစ်ခါတည်း ပြေးထွက်သွားခဲ့ပြီး ကားပေါ်တန်းရောက်၏။ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက်ကျနေရင်း ကားက လမ်းပေါ်ရောက်လာတော့ ကားတွေ တစ်စီးပြီးတစ်စီး သည်းထိတ်ရင်ဖို ဖြတ်သန်းသွားကြသည်။

မော် ကိုယ့်ကိုယ်ကိုယ် သတိမထားမိသေးပေ..။

ဝီစီမှုတ်သံ စူးခနဲ ကြားလိုက်မှ ကားကို အရှိန်လျှော့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယှာဉ်ထိန်းရဲတွေ လက်ပြနေတဲ့အတိုင်း ကားကို ဘေးကပ်ရပ်လိုက်စဉ် မော့် ကားနောက်မှာ ပါလာသည့် ပရာဒိုအနက်ရောင်ကလည်း ရှေ့နောက် ရပ်ပစ်လိုက်၏။

မင်းနေရာ ၏ကားမှန်း မော့် သိလိုက်ကာ သူ ဘယ်ကနေ ပါလာတာလဲဟု တွေးလိုက်မိသည်။ သူ့ ကားပေါ်ကဆင်းကာ ဒီဘက်ကို လှမ်းကြည့်ပြီး ယာဉ်ထိန်းရဲတွေနှင့် စကားပြောနေ၏။ တစ်အောင့်ကြာတော့ မော့် ကားကို ထွက်လို့ရပြီဖြစ်တဲ့အကြောင်း၊ တစ်ယောက်က လက်ပြသည်။ သူကတော့ လှည့်မကြည့်ပါ။ ပြောဆိုလက်စနှင့် ကျန်ခဲ့လေသည်။

မော့် အိမ်ပြန်ရောက်လာသော်လည်း ကားပေါ်မှာပဲ ငုတ်တုတ်ထိုင်နေခဲ့တာ အကြာကြီးဖြစ်သွား၏။

ပါးပြင်ထက်မှာ မျက်ရည်တွေ ခြောက်သွေ့နေပြီဖြစ်ပေမယ့် မျက်တောင်ဖျားတို့မှာ စိုစွတ်နေဆဲကို မျက်တောင်ခတ်လိုက်တိုင်း သိနေ၏။

ချောသည်၊ လှသည်၊ ကျိုကျိုတက်ချမ်းသာ၏။ ပြီးတော့ အရည်အချင်းရှိပြီး ချမ်းသာသော ယောကျ်ားကောင်းနှင့် လက်ထပ်ခဲ့သည်ဟုလည်း နာမည်ကျော်ခဲ့သော မော့် ဆိုသည့် သူမသည် တကယ်တမ်း ဘာမှမရှိ၊ ဘာမှပိုင်ဆိုင်နိုင်စွမ်းမရှိခဲ့သော မိန်းမတစ်ယောက်ပါလား..။

သော့ခတ်ထားသည့် အိမ်တံခါးရှေ့မှာ ခြေစုံရပ်နေပြီးတော့လည်း ဖွင့်လိုက်ဖို့ကို စိတ်ကမပါ..။ သူမနားထဲမှာ ဒက်ဒီ့စကားသံ၊ စိတ်မျက်ဝန်းထဲက ဒက်ဒီ့မျက်လုံးတွေ..၊ ထို့နောက် သူမဟာ ဘယ်လိုမိန်းကလေးမျိုးလဲဆိုသည့် မေးခွန်း..၊ ဒါတွေပဲ ထပ်တလဲလဲ ပေါ်လာနေခဲ့၏။

ဖုန်းသံ ဆူညံလာမှ လက်က အိတ်ဆီကိုရောက်သွားသည်။ ဒါပေမယ့် ဖုန်းကိုင်ဖို့မဟုတ်ဘဲ သော့ထုတ်ယူပြီး တံခါးကို အရင်ဖွင့်သည်။

တံခါးပွင့်သွားပြီးမှ ဖုန်းထုတ်ကိုင်လိုက်တော့ ချစ်ဖူးအံ့..။





"မော့် နေကောင်းရဲ့လား၊ ကိုယ် သတိရလို့ ဆက်လိုက်တာ.."

ဖွင့်လိုက်တာနှင့် သူပဲ ပြောသွားလိုက်တာ၊ တကယ့် မိတ်ဆွေဟောင်းတွေလိုလို..။ တန်ခိုး ပြောသွားခဲ့သည်။ ချစ်ဖူး က ဒုက္ခပေးဖို့ ကြိုးစားနေသည်ဟု..။

ဘယ်သူက ဒုက္ခပေးမယ်မှန်း မသိသေးပေမယ့် မော့် ခုပဲ ဒုက္ခတွေ့နေပြီ ဖြစ်သည်။

"မော့် တို့ ဓနီမောင်နှံကို ကိုယ် အကောင်းဆုံးဟိုတယ်တစ်ခုမှာ ဒင်နာကျွေးချင်တယ်၊ စကားပြောချင်တာကတော့ မော့် နဲ့ပါပဲ၊ ဒါပေမယ့် မော့် ဘက်က ငြင်းလာမယ့်အကြောင်းကို ကြိုတွေးမိလို့ ဦးမင်းနေရာ ကို ဖိတ်ရတာ..၊ ဘယ်လိုလဲ..."

ဖုန်းကို ရွံစရာကောင်းသည့်ပစ္စည်းတစ်ခုလို စူးစူးရှားရှား ထောင်ကြည့်ကာ ချစ်ဖူး အသံထွက်နေဆဲကို ကြားရလေ၊ ဒေါသဖြစ်လာလေ..။

"တောက်..."

ဖုန်းကို စိတ်ရှိလက်ရှိ ဖိဆုပ်၍ တက်ခေါက်ပစ်လိုက်မိကာ...

"သွား..ဟာ..."

ရောက်ချင်ရာရောက် ကိုင်ပေါက်ပစ်ထည့်လိုက်၏။ အကောင်းစား ဟန်းဆက်တစ်လုံးသည် ခွမ်းခနဲ ကွဲထွက်သွားခြင်းဖြစ်လျက် ကွဲစများရှေ့မှာ မင်းနေရာ ၏ကားက သိမ့်ခနဲ ထိုးရပ်သွား၏။

မော့် နှင့်သူ မျက်လုံးချင်းဆုံသွားသည်။ မော့် သည် ဆံပင်တွေ ခါထွက်သွားတဲ့အထိ မျက်နှာ ဆတ်ခနဲ လွှဲပစ်ကာ အိမ်ထဲ တန်းဝင်သွားပြီး မင်းနေရာ က ဟန်းဆက်ကွဲကို ငုံ့ကောက်လိုက်၏။

နားလည်မှုတွေ ကွဲရှ ပျက်စီးနေခဲ့ကြသည့်နောက်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၅ ]

သူ လေဆိပ်မှာ ပစ္စည်းစောင့်နေတုန်း ဖုန်းဝင်လာသဖြင့် ကြည့်လိုက်တော့ မော့် ဖြစ်နေ၏။

"ဟလို…"

"ဦးမင်းနေရာ…"

"အင်း…၊ ပြောလေ မော့်…"

"ရှင့်အလုပ်ခန်းထဲက အသံတစ်မျိုး မြည်နေတယ်၊ အဲဒါ ကျွန်မ ဘာလုပ်ရမလဲ…၊ ဘယ်ကမြည်တာလဲ၊ ဒီတိုင်း ထားလိုက်လို့ရလား"

"နေဦး…၊ နေဦး ခဏလေး…"

သူ ညာဘက်အိတ်ထဲက ရေဒါစက်လေးတစ်လုံးကို ထုတ်ယူကြည့်လိုက်သည်။ ပြီးတော့ ပြန်ထည့်ထားလိုက်ကာ…

"အခု ကြားသေးလား မော့်…"

"ဟင့်…အင်း မကြားရတော့ဘူး၊ ဒါဆို မလိုတော့ဘူးပေါ့"

"မော့်… ခဏ…၊ မင်း အခု အပြင်မှာလား"

"အိမ်မှာပဲ"

"ဘာလုပ်နေလဲ"

"ထမင်းချက်နေတယ်"

"ဘာ!…"





မော့် ဖုန်းချသွားတဲ့အထိ သူ့နှုတ်ခမ်းတွေ ပြန်မစေ့ဖြစ်သေး။ ထိုစဉ် သူ့ဘေးမှာ လူရိပ်တွေရောက်လာခဲ့ပြီး…

"ကိုမင်းနေရာ…"

"မောနင်း ကိုမင်းနေ…"

သူ လှည့်ကြည့်လိုက်ပေမယ့် ဘယ်သူ့ကိုမှ မသိ…။ သူတို့ကတော့ ပြုံးအီနေသည့်မျက်နှာများနှင့်ရှိကာ…

"ကိုယ်တိုင်လာထုတ်ရတဲ့ပစ္စည်းဆိုတော့ အရေးကြီးမှာပဲနော်"

သူနှင့် မတိမ်းမယိမ်းအရွယ်တွေပဲဖြစ်ကာ နှစ်ယောက်စလုံးက အနောက်တိုင်းဝတ်စုံတွေကို စမတ်ကျကျဝတ်ထားပြီး ခြေထောက်နှင့် သံမံကလင်း မထိလောက်အောင် မြောက်ကြွနေသည့်ပုံစံများနှင့်ဖြစ်သည်။

ပြီးတော့ အပြည်ပြည်ဆိုင်ရာလေဆိပ်ထဲမှာ လူလာကြိုသလား…၊ ပစ္စည်းကြိုတာလား တခြားလူ မသိနိုင်ပေမယ့် သူတို့က ပြောချလိုက်တော့ မင်းနေရာ မျက်မှောင်ကြုတ်သွား၏။

"အိုင်တီပညာရှင် ဖလော့ရက်ရှ် ရဲ့သားဖြစ်နေတဲ့အတွက် ဒီနေရာမှာ မင်းလိုလူက ကိုယ်တိုင်လာကြို ဖိတ်ကြားလောက်စရာ တစ်စုံတယောက်တော့ မရှိနိုင်ဘူးလေ၊ ဂျပန်ကရောက်လာမယ့် မင်းရဲ့…"

"စကားဆိုတာ သိတိုင်း မပြောရဘူး"

မင်းနေရာ က ပိတ်ပြောသည်။ နှစ်ယောက်စလုံး မျက်နှာပျက်သွားကြလျက်…

"ဟုတ်ပါတယ်…၊ ဒါပေမယ့် ကိုယ်တို့ ဘယ်သူတွေဆိုတာ မင်းက မသိသေးတော့…"

"အခု သိသွားပြီ၊ မင်းတို့ရဲ့နာမည်တွေကို မဟုတ်ဘူး၊ အမေရိကားမှာ ခေါလီခံလိုက်ရတဲ့ ဘဏ်သုံးခုက သူဌေးရဲ့လက်စွဲ ဦးမြမင်း…"

"ဟုတ်တယ်…၊ ကိုယ်က ဦးမြမင်းအဲ့ ရဲ့တူ၊ သူကဌေး



www.burmeseclassic.com

www.burmeseclassic.com



သားကြီး မြတ်လင်းအံ့…”

“ကိစ္စက…”

“အန်ကယ်လ်လဲ အခု ဒီကိုရောက်နေတယ်၊ ကိုယ်တို့ စကား အေးဆေးပြောရအောင် တစ်နေရာရာမှာ ဒင်နာစားဖို့ ဖိတ်ခေါ်ပါတယ်”

“ငါ့မှာ အေးဆေးဖို့အချိန် မရှိဘူး၊ ဦးမြမင်းအံ့ ကိုလဲ ပြောလိုက်ပါ၊ ဘယ်တုန်းကမှ စေ့စပ်လို့မရခဲ့တာကို အချိန်ကုန်ခံမနေဖို့၊ ငါ့အလုပ် ကလွဲပြီး သူများတွေကိစ္စကို ငါ စိတ်မဝင်စားဘူး”

“မင်းနေရာ…”

ဂျေမီ က လိုက်ဆွဲမတတ်ဖြစ်သွားသည့် မြတ်လင်းအံ့ ရဲ့လက်ကို ဆွဲထားလိုက်ကာ…

“နေပါစေ..”

“နေလို့ဖြစ်မလား ကိုဂျေ..၊ ဒီလူနဲ့ ဟိုကိစ္စအဆင်ပြေမှ ကျွန်တော် တို့သားအဖတွေ အမေရိကားကိုပြန်သွားဖို့ အခွင့်သာမှာ၊ ကုမ္ပဏီမှာ နေရာပြန်ရဖို့ကလဲ ဒါ အဓိကပဲ…”

“အေးပါ..၊ အဲဒါတွေ ငါက မင်းထက်ပိုသိပါတယ်၊ ဟိုမှာ ငါတို့ တူဝရီး ဘယ်လိုရင်ဆိုင်ခဲ့ရတာ ငါ မေ့နိုင်ပါ့မလား မြတ်လင်း ရာ..။ ဒါပေမယ့် ငါတို့က မဖြစ်နိုင်တာကို လုပ်ရမှာလေ၊ အချိန်ယူမှဖြစ်မယ်”

မြတ်လင်းအံ့ မကျေနပ်သေးပါ..။

အဝါနုပေါ်မှာ ရှားရင့်ရောင် ကန့်လန့်စင်းနှင့် ရုပ်အင်္ကျီလက်တိုကို ဘောင်းဘီရှည်အနက်နှင့် ဝတ်ထားသော မင်းနေရာ ဆိုသည့်လူ၏ အရိပ်နောက် တကောက်ကောက် မျက်လုံးပါနေရင်း စိတ်မြန်လက်မြန် ရှင်းပစ်လိုက်ချင်စိတ်တွေသာ ဖြစ်နေခဲ့၏။ ဒီလူက ဘာမို့လဲ..၊ မင်း နေရာ ဖြစ်ဖြစ်၊ သိကြားမင်းနေရာ ဖြစ်ဖြစ် လူလူချင်း..။ ရင်ဆိုင်တွေ့ နေကြကာမှ စကားပြောပါရစေလို့ ခွင့်တောင်းနေစရာလား..။





ကိုယ့်အတွက် သေရေးရှင်ရေးလောက် အရေးကြီးနေတာကို သူ့ ဘက်က လက်လေးတစ်ချက်တင်လိုက်ရုံပဲဟာ။ ဒီလောက် ကြီးကျယ် ခမ်းနားနေရသလား..။ သူ့မျက်စိထဲမှာ လေးထောင့်ဆန်ချင်သော မျက် နှာဖြူဝင်းဝင်းနှင့် မျက်ခုံးထူထူနှစ်ဖက်တို့ ထင်းနေသောပုံရိပ်က အားလုံး ထဲမှာ ထင်းထင်းကြီး ဖြစ်နေသလောက် လေဆိပ်အဆောက်အအုံထဲမှာ တလွှားလွှား သွားလာ အလုပ်ရှုပ်လျက်..။ ဒီကလူတွေကို တစ်ချက်မှ ငဲ့ကြည့်ဖော်မရသည့်အဖြစ်က ခံရခက်နေ၏။

အရပ်က အားလုံးထက် ပိုကျော်နေကာ ခြေလှမ်းက ကျဲလိုက်သေး သည်။ ဒီပုံစံကိုက ဘယ်သူ့မှ ထီမထင်သည့်လှုပ်ရှားမှုတွေကို ဖြစ်နေစေ သည်လား မသိ..။ နှုတ်ခမ်းစေ့၍ မှုန်ကုတ်ကုတ်ကြည့်နေသည့် မြတ် လင်းအံ့ ၏ဒေါသတွေကိုနားလည်ကာ ဂျေမီ က အနားတိုးလိုက်ပြီး…

“သူ့ကိုကြည့်ပြီး ဒေါသဖြစ်မနေနဲ့..၊ မင်းနေရာ ဆိုတဲ့ကောင်က မျက်တောင်တစ်ချက်ခတ်ရင် ဒေါ်လာတစ်သန်းတန်တဲ့ ကောင်မျိုး၊ သူ့ရဲ့စိတ်ကူးတိုင်းက ဒေါ်လာ ဖြစ်တယ်၊ ငါတောင် သူ့ကို မြန်မာပြည် ရောက်မှပဲ သေချာ အနီးကပ်မြင်ဖူးတာ…”

“အခု မှတ်မိအောင် တမင်ရပ်ကြည့်နေတာလား”

ကိုယ်နဲ့ပြောဆိုတာ အဆင်မပြေဘဲ ရပ်ကြည့်နေသလို လုပ်နေ တာကို မြတ်လင်းအံ့ က မကျေနပ်..။ ဂျေမီ က သက်ပြင်းချလိုက်ပြီး သူ့ကိစ္စပြီးသွားလို့ အဆောက်အအုံအပြင် ပြန်ထွက်သွားသည့် မင်း နေရာ ကို လိုက်ကြည့်နေကာ…

“ဟုတ်တယ်..၊ ပိုသေချာချင်လို့”

ဟု ဖြေလိုက်ပြီးမှ မြတ်လင်းအံ့ ပခုံးကို ဖက်လိုက်ပြီး…

“လာ ပြန်မယ်..၊ ငါတို့မှာ ဝက်ဖဲတစ်ချပ် ရှိသေးတယ်၊ အန်ကယ်လ်နဲ့တိုင်ပင်ပြီး တို့ကိစ္စကို ဆက်လှုပ်ရှားလို့ ရနိုင်ဦးမှာပါ”



www.burmeseclassic.com

www.burmeseclassic.com



အမေရိကားကိုပဲ အလွန်အမင်း သွားရောက် အခြေချချင်နေသည့် မြတ်လင်းအံ့ ကတော့ မြန်မာပြည်ကို ပြန်လည် လွင့်စဉ်လာခဲ့ရသည့် အိပ်မက်ဆိုးကြီးကနေ အမြန်ဆုံး နိုးထချင်နေခဲ့သည်။ ဟိုက ကုမ္ပဏီကြီးမှာ တစ်နေရာရထားပြီးကာမှ ပြဿနာတစ်ရပ်ကို မရှင်းနိုင်ခဲ့ဘဲ ပြုတ်ထွက်လာခဲ့ရသည်။ ဒီအဖြစ်ကို သူ နာကြည်းနေမိ၏။ ဒါတွေအားလုံး ပြေလည်ဖို့က မင်းနေရာ နှင့်အဆင်ပြေမှဖြစ်မည်။ တစ်ယောက်နှင့်တစ်ယောက် အပေးအယူတစ်ခု ဖြစ်မြောက်သွားတာနှင့် သူလည်း ဒေါ်လာတွေ အထပ်လိုက်အပုံလိုက် ရမည်။

ကိုယ့်အတွက်လည်း တစ်ဘဝလုံးစာ စိတ်ချသွားနိုင်မည်ဖြစ်၏။

ဒုစရိုက်မှောင်ခိုလုပ်ကြရမှာလည်း မဟုတ်ဘဲနှင့် ဒါကို နင်ဂျာတစ်ယောက်လို သွေးအေးပြတ်သားနေခဲ့တာ အသည်းယားဖို့ ကောင်းနေသည်။

သူ နောက်မှ ရောက်သွားတာပေမယ့် အမေရိကားမှာ နာမည်ကျော်ခဲ့တာက ဖလော့ရက်ရှ် ဆိုသည့် ပညာရှင်ပဲ ဖြစ်သည်။ သူ့သားဆိုတာမပါပေ..။ ဒက်ဒီတို့ပါးစပ်ထဲမှာပဲ သားဖြစ်သူ မင်းနေရာ က မပါမပြီး ဖြစ်နေခဲ့၏။ "ဒီလူက ဘာမို့လို့လဲ..၊ ကျွန်တော် သွားတွေ့မယ်"လို့ ပြောမိတိုင်း "မင်းက ဒီကိစ္စတွေမှာ သိပ်မကျွမ်းကျင်ဘူး"လို့ ဒက်ဒီက အမြဲ ကန့်ကွက်၏။ ပြီးတော့ ပြောသေးသည်။

"မင်းနေရာ နဲ့ အဆင်ပြေဖို့ သိပ်မလွယ်ဘူး"တဲ့..။

သူက ဘာမို့လဲ..၊ ငွေဆိုတာ သည်းခြေကြိုက်..။ သူ တတ်ထားတဲ့ပညာတွေကို ဘာကြောင့် သင်ခဲ့တာလဲ..၊ သူ ဒီလို တော်နေတာကို ဘာအတွက် အသုံးချနေလဲ၊ ထို့ကြောင့် မင်းနေရာ ကို ပြောဆိုစည်းရုံးဖို့ မလွယ်ဘူးဆိုသည့်အချက်ကို သူ လက်မခံနိုင်..။ မြတ်လင်းအံ့ တစ်ယောက်တည်း တိုးတိတ်စွာ ကြံစည်ရင်း ဤကဲ့သို့..။





## အခန်း [ ၂၆ ]

"မှော်..."

ရေချိုးခန်းထဲကနေ ခေါင်းပေါင်းလေးနှင့် ထွက်လာသည့် မှော် က ပြန်လှည့်ကြည့်၏။ မင်းနေရာ က သူမနားကို လျှောက်လာရင်း...

"ထမင်းစားပွဲပေါ်က ဟင်းတွေ မင်း ချက်ထားတာလား"

"အင်း..."

ခေါင်းညိတ်ပြေပြီး ဆက်သွားဖို့ပြင်တော့...

"ကိုယ် စားလို့ရလား"

"ဆန္ဒရှိရင် စားပေါ့၊ ရှင်က အစားရွေးတဲ့သူဆိုတော့ စားပါ သောက်ပါလို့ ကျွန်မကတော့ ပြောမှာ မဟုတ်ဘူး၊ စာအုပ်ကြည့်ပြီး ချက်ထားရတာ၊ ကောင်းဖို့,မကောင်းဖို့ကလဲ မသေချာဘူး"

မှော် က ထွက်သွားသဖြင့် သူကလည်း ဒေါမှပါလာတာ

"မင်း ချက်ထားတာဆိုရင် ကောင်းကောင်း,မကောင်းကောင်း ကိုယ် စားချင်ပါတယ်၊ ကိုယ့်အတွက် ထည့်ထားတာမဟုတ်ဘဲ စားမိရင်တော့ ရှက်စရာကြီးကွ"

မျက်စောင်းရွယ်ပြီး ကြည့်လိုက်မိပေမယ့် ပြုံးကြည်နေသည် သူ့မျက်နှာကြောင့် မှော် မျက်ဝန်းတွေကို တခြားသို့ ရွေ့ဖယ်ပစ်လိုက်၏



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြုံးနေတာတွေ မြင်ဖူးခဲ့သမျှထဲမှာ ဒီမျက်နှာမျိုးတော့ မဟုတ်ဘူးလို့ ထင်သည်။

သူ ပျော်နေတာလား၊ ကျေနပ်နေတာလား‥။

မျော် ချက်ပြုတ်လာတာကို ရိုးသားစွာ ဝမ်းသာခြင်းမဟုတ်ဘဲ တစ်နေ့နေ့ ဒီလိုဖြစ်လာမှာပဲလို့ သူ လျှို့ဝှက်ယုံကြည်ခဲ့သည့် မျှော်မှန်းချက် အောင်မြင်ခဲ့လို့ ကျေနပ်တာမျိုးဆိုလျှင်…

"ကိုယ် ယုံတောင်မယုံနိုင်ဘူး၊ ဟင်းတွေကိုကြည့်ပြီး ချက်ပြုတ်ထားတာမှန်း သိရဲ့သားနဲ့ မင်း ချက်ထားတာ ဖြစ်လိမ့်မယ်ဆိုတာကို မယုံနိုင်ဘူး၊ ကိုယ် စားခွင့်ရှိတယ်ဆိုရင် မင်းနဲ့အတူ စားချင်တယ်"

မျော် ဖျတ်ခနဲ လှည့်ကြည့်သည်။ သူက ငေးကြည့်နေတာနှင့် မျက်လုံးချင်းဆုံ၏။

"ကျွန်မ ဆံပင်ပေါင်းထားတာ ကြာဦးမှာ၊ ပြီးတော့ ခေါင်းလျှော် ရေချိုး၊ အကျီလဲတာနဲ့ အနည်းဆုံး တစ်နာရီလောက်…"

"ကြာပါစေ…"

"ဒီ့ထက် ပိုကြာချင် ကြာမယ်၊ ဒီနေ့ လက်သည်းနီ ဖျက်ဖို့,ဆိုးဖို့တွေက ရှိသေးတယ်"

သူက ပြုံးလိုက်ကာ…

"ဘယ်လောက်ကြာကြာ ကိုယ် စောင့်မယ်၊ မင်း ထွက်မလာမချင်း…"

ပြောပြီး သူ လှည့်ထွက်သွားသည်။ သူမ ဘာဖြစ်လို့ လက်ခံလိုက်တာလဲ။ 'ရှင့်မျက်နှာကြီးကို ကြည့်ပြီး မစားချင်ဘူး' လို့ ပြောလိုက်ပါလား‥။ မဟုတ်ရင်လဲ 'စားပြီးပြီ' လို့ ပြောလိုက်လို့ ရသည်။

မျော် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိရင်း နေရာမှာပဲ ခဏကြာအောင် ရပ်နေမိခဲ့သည်။ ကိုယ့်ဘာသာ အိမ်မှာပဲ ချက်ပြုတ်စားတော့





မလို့ ရည်ရွယ်ချက်တွေဖြစ်လာခဲ့တာဟာ ကိုယ်တိုင်က အပြင်က ထမင်းဟင်းတွေကို မစားတတ်တာဖြစ်သလို မိဘအိမ်မှာချည်းပဲ ခိုးချောင်ခိုးဝှက် ဝင်ထွက်စားသောက်နေရတာကိုလည်း ကြာလာတော့ မာနစိတ်က လက်မခံချင်‥။

ဥပမာ ဟိုနေ့က ဒက်ဒီနှင့်တည့်တည့်တိုးပြီး မလိုလားအပ်သော အကြောင်းအရာတွေ ပြောဆို ကြိမ်းမောင်းခံခဲ့ရတာမျိုး‥။

ဒါဟာ သူမ အသွားမတော်တာပဲ ဖြစ်သည်။ သူများပြောတာမှ မကြိုက်လည်း မပြောအောင် နေရမည်။ ထို့ကြောင့် ဆုံးဖြတ်ချက်က ကိုယ် တိုင် ချက်ပြုတ်စားဖို့ ဖြစ်ခဲ့၏။ နောက်တစ်ချက်က…

မျော် ရေချိုးပြီး ဆံပင်တွေသုတ်နေရင်း မှန်ထဲက ကိုယ့်ပုံရိပ်ကို မလိုလားစွာ မျက်လုံးရောက်၏။ မေချို ချက်ပြုတ်ကျွေးမွေးသည့် ဖွယ်ဖွယ်ရာရာတွေကိုစားရင်း မင်းနေရာ ဆိုသည့်လူ အမြဲ စားသုံးနေရသည့် ထမင်းပွဲကို အာရုံထဲက ဖျောက်လို့မရခြင်းသည် လူကြီးလေသံနှင့်ပြောရလျှင် မျိုမကျနိုင်ခြင်းမျိုးလား‥။

မဟုတ်ဘူးဆိုသည့်အတွေးနှင့် ဖျောက်ပစ်ရင်း မျော် ထမင်းစားခန်းထဲ ဝင်လာခဲ့သည်။ ဧည့်ခန်းမှာ စာအုပ်ထူကြီးတစ်အုပ် ထိုင်ဖတ်နေသည့် မင်းနေရာ က သူမ ထွက်လာတာကိုမြင်မှ ထ,လိုက်လာကာ…

"ခေါင်းကို ဒရိုင်ယာ မမှုတ်ဘူးလား"

"မြန်မြန်ခြောက်သွားတာ မကြိုက်လို့…"

"ဆံပင်ပေါင်းထားရင် ဒရိုင်ယာနဲ့ ခြောက်လိုက်မှ ပိုပျော့တာမို့လား"

မျော့ မျက်လုံးတွေ သူ့ဆီရောက်လာသည်။ သူက စားပွဲမှာ လက်နှစ်ဖက်ထောက်၍ မထိုင်သေးဘဲ ဟင်းတွေကို ငုံ့ကြည့်နေလျက်…

"ပေါင်းခံခြင်းရဲ့သဘောကို ပြောပြတာ‥၊ သူက အနွေးခံတတ်ရဲ



www.burmeseclassic.com

ဖွဲ့စည်းတာလေ၊ ကိုရီးယားမှာ မိတ်ကပ်နဲ့ အလှကုန်ပစ္စည်းကုမ္ပဏီတွေ ခေါင်းထောင်လာတာ အဲဒီ ဖော်မြူလာတွေကြောင့်ပဲ၊ သူတို့မှာ အရမ်း အေးတော့ အနွေးဓာတ်ရဲ့သဘောကို အမျိုးမျိုး အသုံးတည့်အောင် ယူတယ်၊ ဘယ်နေရာမှာဖြစ်ဖြစ် ဆန့်ကျင်ဘက်သဘာဝနှစ်ရပ် ပေါင်း စည်းလိုက်မှ ပြောင်းလဲခြင်းဖြစ်တာ..၊ မိတ်ကပ်သုံးတာချင်းတူပြီး သူတို့နိုင်ငံကလူတွေ ပိုလှတယ်လို့ထင်ရတာ အဲဒါကြောင့်ပေါ့၊ မြန်မာ နိုင်ငံရာသီဥတုနဲ့ကျတော့ အပူသဘောဆောင်တဲ့ မိတ်ကပ်က သူ့ချည်းပဲ အသုံးမဝင်တော့သလို ဖြစ်သွားတယ်၊ အချိန်ကာလရယ်၊ လိမ်းမယ့်လူ ဖြူသလား၊ ညိုသလားဆိုတာရယ်၊ ပြီးတော့ မိတ်ကပ်သုံးစွဲသူရဲ့ပညာ ရယ်၊ အဲဒီကွာဟချက်တွေကြောင့် မိန်းကလေးတိုင်း မိတ်ကပ်နဲ့ မလိုက် တော့ဘူး"

"ရှင် အဲဒါတွေ လုပ်ဖူးခဲ့လို့လား"

မှော် က သူ့အတွက် ထမင်းပန်းကန်ချပေးလိုက်မှ ခုံဆွဲထိုင် လိုက်ရင်း...

"လုပ်ဖူးတာ မဟုတ်ဘူး၊ လေ့လာကြည့်ဖူးတာ၊ လူမည်းတွေရဲ့ ပါကီတစ်ခုမှာ သူတို့ ပြင်ဆင်လာတာတွေကို ယှဉ်ကြည့်လိုက်မိပြီး အသိပြန့်ပြီး မလှတဲ့ အမျိုးသမီးတစ်ယောက်နဲ့ အဆီမပြန်ဘဲ လှနေတဲ့ မျက်နှာကို ကွာဟချက်ဂျာတာပေါ့"

မှော် က လှောင်ရိပ်သမ်းသည့်အပြုံးနှင့် ထိုင်ချလိုက်ကာ...

"အိုင်တီသမား ဆိုပြီးတော့ ဒါတွေလဲ ရတယ်နော်"

"ဟုတ်တယ်..၊ ကိုယ် စဉ်းစားကြည့်လို့ မရဘူးဆိုရင် အဲဒါကို မရမက တွေးနေတတ်တဲ့အ ကျင့် ကိုယ့်မှာ ရှိတယ်၊ အဲဒီပါတီတက်ပြီး မိတ်ကပ်တွေအကြောင်း ကိုယ် စပ်စုနေတော့ ကိုယ့်အသက် ဆယ့်နှစ် နှစ်ပဲ ရှိသေးတာ..."





မှော် က ဟင်းတစ်ခွန်းခပ်ပြီး သူ့ကို ဦးချပေးလိုက်ရင်း မျက်နှာကို ကြည့်သည်။ မင်းနေရာ က မှော် ထည့်ပေးလိုက်သည့် ငါးသလောက် ပေါင်းကို သေချာစိုက်ကြည့်နေရင်း ဟင်းကို စိတ်ဝင်စားတာမျိုးလည်း မဟုတ်ဘဲ...

"ဒက်ဒီနဲ့ကိုယ် အဲဒီမှာ ပြဿနာ အကြီးအကျယ် တက်ကြတာပဲ၊ ဒက်ဒီက သူ့လိုသားမျိုး ဖြစ်စေချင်တာ၊ ကိုယ်က မိတ်ကပ်ဖော်မြူလာ တွေကို စိတ်ဝင်စားနေလို့..."

ပြောနေရင်း ပြုံးကာ သူက ထမင်းတစ်ခွန်း ခပ်စား၏။

"ရယ်ရတယ်နော်..၊ ဗီဇဆိုတဲ့ မျိုးစေ့ဝါသနာက ဘိုးဘွား မိဘဆီကနေ အမြစ်တွယ်လာခဲ့တယ်၊ ကိုယ်ကတော့ အဲဒီလို မဖြစ်သင့် ဘူး ထင်တဲ့လူ"

မင်းနေရာ က မှော့် ပန်းကန်ထကို ဟင်းတွေ စုံအောင် ခပ်ထည့် ပေးနေရင်း စကားပြောမပြတ်..။

"ကိုယ် သွားလေရာမှာ ကိုယ့်အဖေရဲ့နာမည်က ထီးတစ်ချောင်း လို အမြဲ မိုးနေခဲ့တယ်"

"ရှင်က မိဘအရိပ်ကိုကျော်လွန်ပြီး ကိုယ့်ကျော်ကြားမှုတွေ ဖြစ် ချင်နေတာလား၊ ဒါဆိုရင်တော့ ရှင့်ကိုယ်ရှင် ပြန်ငုံ့ကြည့်ဦး..၊ ခြေ ထောက်နဲ့မြေကြီး လွတ်နေပြီ ထင်တယ်"

"မဟုတ်ပါဘူး၊ ကိုယ်က ကျော်ကြားနေတာကို မကြိုက်တာ.."

သူက ချက်ချင်း ဖြေရှင်း၏။

"ကိုယ် အလုပ်တစ်ခုမှာ အာရုံစိုက်နေရင် နောက်ထပ် အာရုံစိုက် စရာတစ်ခု မလိုချင်ဘူး၊ ကျော်ကြားမှုဆိုတာ ကိုယ် မဖြစ်ချင်တာတွေ ကို ဖြစ်နေရတယ်၊ ရှောင်နေချင်လဲ မရ၊ ဆောင်ထားလို့လဲ မဖြစ်တာ မျိုး၊ ကိုယ့်ကို ဘယ်သူမှမသိကြတဲ့နေရာကွက်ကွက်လေး ကိုယ် [illegible]

www.burmeseclassic.com



တယ်၊ အဲဒီမှာ ကိုယ် စိတ်ဝင်စားတာကို အေးဆေးလုပ်နေချင်တယ်၊ ကိုယ့်သဘောက အဲဒါပဲ''

သူ ဘယ်လောက်ထိ ကျော်ကြားနေပါသလဲ..၊ ဒက်ဒီကလည်း အများကြီး ပြောမပြခဲ့သလို မှော် ကိုယ်တိုင် စိတ်မဝင်စားခဲ့သည့် မင်းနေရာ ဆိုသော ယောကျ်ား၏ဘဝ တစ်စိတ်တစ်ပိုင်းကို သိချင်စိတ်တော့ ဖြစ်ခဲ့၏။ ဒါပေမယ့်...

''ဟင်းတွေ ကောင်းသားပဲ၊ အားလုံး စာအုပ်ကြည့်ချက်တာလား''

ပြောနေရင်း တခြားစကား ရောက်သွားသဖြင့် မှော် က ခေါင်းညိတ်၍...

''ဟုတ်တယ်..''

''မင်း တော်သားပဲ..၊ စာအုပ်ကြည့်ချက်တာနဲ့ မတူဘူး၊ တကယ် ကျွမ်းကျင်သွားရင် ကိုယ် အကျင့်ပျက်တော့မှာ ကျိန်းသေတယ်''

''ရှင်က ကိုယ်တိုင်လဲ မချက်တတ်ဘူး၊ မိဘချက်ပြုတ်ကျွေးမွေးတာလဲ မစားဘူးဘဲနဲ့ အိမ်ထမင်း၊ အိမ်ဟင်းကို ဘယ်လောက်ကောင်းတာတွေ စားဖူးလို့လဲ..၊ မုန်လာဥချဉ်ဟင်းက မန်ကျည်းသီးနဲ့ နည်းနည်းထွက်နေတယ်၊ ချဉ်ဟင်းချက်ပြီး ရောက်သီးသုပ်လုပ်ထားတာက အစပ်အဟပ် မတည့်ဘူးလေ၊ ပြီးတော့ ချဉ်ဟင်းချက်တဲ့အခါ အသီးအရွက်ကြော်တွေ မလုပ်ရဘူးတဲ့..၊ ကျွန်မက ကြက်ကန်စွန်း ကြော်ထားသေးတယ်''

မှော် ရွတ်ပြနေတာတွေကို သူက လိုက်ကြည့်ပြီး ပါးစပ်ထဲကို ထမင်းရောက်နေမှ နှုတ်ခမ်းတွေပိတ်ထားပြီး ရယ်သည်။

ထိုအခါ ဒီတိုင်းနေလျှင် သတိမထားမိခဲ့သော ပါးချိုင့်ရှည်တစ်ဖက်က ခပ်ရေးရေး ထင်လျက်..။ ယောကျ်ားပီသခြင်းမှာ နုပျိုချောမွေ့ခြင်းက အပိုဆောင်းသွား၏။





''ဒါတွေ မင်း သိနေသားနဲ့ ဘာဖြစ်လို့ ချက်ထားတာလဲ''

''ဟုတ်တယ်..၊ ဝမ်းသွားပြီးမှ သုံးရက်လောက် အစားရှောင်လိုက်ရတာကို အရမ်းငတ်သွားသလိုပဲ၊ အဲဒါကြောင့် စားချင်တာတွေ အားလုံး တစ်ပြိုင်တည်း ချက်ပစ်လိုက်တာ၊ ပေါ့တာက ပေါ့၊ ငန်တာက ငန်နဲ့ ရှင်က ဘာဖြစ်လို့ ကောင်းတယ်ချည်းပဲ ပြောနေတာလဲ''

သူက ချဉ်ဟင်းကိုပဲ ထပ်ခပ်၍ သောက်လိုက်သေးသည်။ ပြီးမှ...

''ကိုယ့်အတွက်က နတ်သုဒ္ဓါထက် ကောင်းနေလို့ပေါ့၊ နတ်သုဒ္ဓါ ဘယ်လိုနေမှန်း မသိပေမယ့် မင်းချက်ထားတာ သိကတည်းက အရမ်းကောင်းသွားတာ...''

မျက်စောင်းထိုးလိုက်တာပေမယ့် မျက်လုံးဆုံသွားစဉ်မှာ မှော့်ရင်ဘတ်တစ်ခြမ်းက ဒိန်းခနဲ ခါသွားသည်။

''တကယ် ခံစားတဲ့အရသာက အစာအိမ်ထဲကို မဟုတ်ဘဲနဲ့ တစ်ကိုယ်လုံးထိ ပျံ့နှံ့ချိုအီသွားတာကွ၊ ဘာဖြစ်လို့လဲဆိုတော့ အိမ်ရှင်မတစ်ယောက်ရဲ့လက်ရာမျိုး၊ ကိုယ်မှ မစားဖူးခဲ့တာ''

ပြောနေရင်း သူ့စိတ်တွေ အငြိတ်ကို တစ်ပတ်လှည့် ပြေးသွားသည် ထင်၏။

''သူများမိဘက သူတို့ရဲ့သားသမီးကို ကျွေးမွေးနေတုန်း 'သားစားလေ' ဆိုတာမျိုးတွေနဲ့ ကိုယ့်ကိုကျွေးတယ်၊ မာမီ... အဲ... မေမေ ငုတ်တုတ်ရှိနေရက်နဲ့၊ 'မင်းရဲ့ဒက်ဒီနဲ့ လိုက်သွား..၊ တစ်ခါကည်း စားသောက်လာခဲ့'' ဆိုတာမျိုးတွေပေါ့၊ ဒက်ဒီက သူ့လို ဖြစ်စေချင်တဲ့လောဘနဲ့ မာမီက ဖအေတူသားဆိုပြီး ပုတ်ခတ် ဖယ်ကြဉ်ခံရတဲ့ဘဝ၊ အဲဒီကြားထဲမှာ ကိုယ့်ဘဝက လမ်းပေါ်ကကလေးတစ်ယောက်နဲ့ ဘာမှ မထူးပါဘူး၊ ဘိုးဘွားစဉ်ဆက်ကနေ ကုဋေကြွယ် ချမ်းသာလာခဲ့ကြတယ်ဆိုတာ ဘယ်လိုချမ်းသာခြင်းကို ပြောတာလဲ မသိဘူး၊ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အတွက်ကတော့ ဘာချမ်းသာမှုမှ မရှိခဲ့ဘူးလို့ အမြဲ ခံစားခဲ့ရတယ်"

"ဆောရီးပါ၊ ကျွန်မက ရှင့်ကို အဲဒီလိုပြောချင်တာ မဟုတ်ပါဘူး"

"ကိုယ် နားလည်ပါတယ်"

"အဲဒီလို ခံစားချက်တွေရှိနေသားနဲ့ ရှင် ကျွန်မလိုမိန်းမမျိုးကို လက်မထပ်သင့်ဘူး၊ ပြီးတော့..."

သူက မော့် ကို ပြောခွင့်မပေးဘဲ ခေါင်းခါလိုက်ရင်း...

"အသက်တစ်ချောင်းဟာ စိတ်နဲ့ ရပ်တည် ရှင်သန်နေတာပဲ မော်၊ စိတ်အာဟာရမှာ ထမင်းကောင်း၊ ဟင်းကောင်းတွေပဲ စားဖို့ လိုအပ်နေတာမှ မဟုတ်တာ၊ မိမိစိတ်ကို ချမ်းသာ ပျော်ရွှင်စေနိုင်မှ ပြည့်စုံချမ်းသာမှာ..."

သူက မော့် စားနေတာကိုကြည့်၍ မော့် လှမ်းကြည့်လိုက်သော ဟင်းကို သူကိုယ်တိုင် ခပ်ထည့်ပေးလိုက်တာတွေလည်း ရှိကာ...

"ထမင်းဟင်းကောင်းတွေ မဟုတ်ဘဲ အသီးအရွက်တွေချည်း ပြုတ်သုပ်စားနေလဲ အသက်ရှင်လို့ ရတယ်၊ ကိုယ့်အတွက် လိုအပ်နေပြီဆိုတဲ့အရာကို တောင့်တတိုင်း ရမလာရင် စိတ်ချမ်းသာနိုင်မလား..၊ ကိုယ့်အတွက် မင်းရှိမှဖြစ်မှာ..."

မော့် မျက်နှာပူသလိုကြီးဖြစ်ကာ ထမင်းကို လက်စသတ်လိုက်ပြီး လက်လှမ်းမီရာ ဆွဲယူလိုက်တော့ ရှောက်သီးသုပ်ပန်းကန် အနားရောက်လာသည်။ စားချင်တာ မစားချင်တာထက် နားရှက်လာသည့်ဒုက္ခကြောင့် ပါးစပ်ကို အလုပ်မရှိအလုပ်ရှာဖို့ စိတ်ကူးလိုက်ကာ...

"ဗိုက်လဲ ပြည့်နေပြီပဲကွာ..၊ အစားတွေ စုံပြီး ဒုက္ခဖြစ်ဦးမယ်၊ တော်ပါတော့"

မင်းနေရာ က သူ ထမင်းစားနေခြင်းကိုပါ လက်စသတ်လိုက်ပြီး မော့် ကို တားဆီးသည်။ သိပ်တော့ စားချင်လှတာမဟုတ်သော်လည်း





အရှိန်နှင့်မို့ ပါးစပ်ထဲကို နှစ်ဇွန်း၊ သုံးဇွန်းတော့ ရောက်သွား၏။

မော် ဇွတ်လုပ်မှာပဲဆိုတာကို သိထားပြီး ဆက်မတားတော့ပေမယ့် နှုတ်ခမ်းဖျားလေးတွေမှာ ချွေးစို့ကာ ရှူးရှူးရှဲရှဲဖြစ်လာတော့ မင်းနေရာ ဓာတ်ဘူးထဲက ရေနွေးပူပူကို ကြွေခွက်လေးနှင့် သွားထ,ယူ၏။

"ရော့... ရေတွေသောက်ရင် အစပ်မပြေဘူး၊ ဗိုက်လဲ နာမယ်၊ ဒါလေး မှုတ်သောက်လိုက်..."

ကော်ဖီဖျော်ဖို့ထားတဲ့ ရေနွေးအဖြူထည်ကြီးကို ဘယ်လိုသောက်ရမလဲ..၊ ကော်ဖီဖျော်စက် ဝယ်ထားပြီးတော့လည်း စက်နှင့်မဖျော်..။ ဟင်းနွေးစက်ရှိပေမယ့်လည်း ဝယ်ခြမ်းထည့်ပြီး နွေးပြုစားတာ မရှိ။ ရေနွေးအဖြူကိုကြည့်ပြီး မော့် စိတ်ပျက်ခြင်းများစွာနှင့် ရှုံ့မဲ့နေတာကို သူက သိကာ...

"ဒီတစ်ခါတော့ ဒါပဲ သောက်လိုက်ပါ၊ မွှေးနေတဲ့ အကောင်းစား လက်ဖက်ခြောက် နောက်တော့ ဝယ်ထားပေးပါ့မယ်..နော်..၊ ရော့..."

ဒီတစ်ခါ တအားစပ်နေတာကို မခံနိုင်တာမို့ မော့် နားထောင်လိုက်သည်။ လိမ်လိမ်မာမာ နေပေးလိုက်တာ မဟုတ်သော်လည်း ရေနွေးကြောင့် လျှာတွေနာသွားသလို ရုတ်တရက်ထင်ရပေမယ့် သိသိသာသာ အစပ်ပြေသွားသဖြင့် ငြိမ်နေလိုက်တာဖြစ်၏။

မင်းနေရာ က မော့် ရေနွေးသောက်နေတုန်း စားထားသည့် ပန်းကန်တွေကို စုထပ်နေသဖြင့်...

"အို!... ဘာလုပ်တာလဲ၊ မော့် ဘာသာ ဆေးမယ်၊ ထားလိုက်ပါ"

'ကျွန်မ'ပဲ ပြောနေရာကနေ 'မော့်'လို့ အမှတ်တမဲ့ ပြောင်းသွားတာလေးကို ဆုပ်ဖမ်းထားလိုက်ပြီး သူပြုံးမိသည်။ ပြီးတော့ မော့် အနားရောက်လာတာကိုရှောင်၍ ပန်းကန်တွေကို ဘေစင်မှာသွားထားလိုက်ကာ..

"ကိုယ့်ပန်းကန် ကိုယ်ဆေးလာခဲ့တာ အကျင့်ပါနေပြီ၊ မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်ကိုတော့ မင်း ငရဲကြီးမှာစိုးလို့ ထားခဲ့လိုက်မယ်နော်''

''ဘယ်ပန်းကန်မှ မဆေးပါနဲ့၊ ဆေးရမှာကို ဖြစ်မှာဆိုလဲ အားလုံး ဆေးသွားလိုက်''

မှော် ဒေါသဖြစ်သွားတာကို လှည့်ကြည့်ပြီး သူ ပြန်လှည့်လာ၏။ ပြီးတော့ ရေနွေးမှုတ်သောက်နေသည့် မှော့် နှုတ်ခမ်းလေးကိုကြည့်၍...

''ကိုယ်တို့ ဘာနဲ့တူနေပြီလဲ မသိဘူးနော်''

မှော် က မကြားသလို လုပ်နေလိုက်၏။ သူက မှော် နဲ့ နဖူးချင်း ထိမတတ် ငုံ့လာကာ...

''မင်းကိုယ်မင်းရော ဘယ်လိုထင်လဲ..''

''ဘာတွေ လာမေးနေတာလဲ..''

''ဒီလိုလေ..၊ ကိုယ်တို့မှာ ဘယ်သူ့ဘက်က ဘာဝတ္တရားတွေရှိတယ်ဆိုတာမျိုး..''

''ဘာဝတ္တရားရှိရှိ..''

''အဲဒီလို မင်း နေပါ၊ မင်း ဘယ်လိုနေနေ ကိုယ် ကျေနပ်တယ်၊ ဒါပေမယ့် ကိုယ်ကတော့ ဝတ္တရားကျေချင်နေတယ်၊ ဘာမှန်းလဲ မသိဘူး''

မှော် ရှက်လာခဲ့သည်လား..၊ ဒေါသလား မသေချာဘဲ ရင်ခုန်သံတွေ မြန်လာ၏။ သူစိမ်းယောက်ျားတစ်ယောက်နှင့်ပတ်သက်ပြီး ရင်ထဲမှာ တစ်စုံတစ်ရာ ထိရှတုန်ခါသွားသလို တလှပ်လှပ် ဖြစ်သွားတတ်တာ ဒါနဲ့ဆို နှစ်ခါ..။

တစ်နေ့တည်း..၊ တစ်ချိန်တည်းမှာ ဖြစ်သွားခဲ့တာ သူ့ကြောင့်ပဲ ဖြစ်လေသည်။

''မှော်...''

''အမယ်လေး!...''

''ခွမ်း..''





ခုန်နေသည့် ရင်ထဲကနေ သူ့ခေါ်သံကြောင့် တစ်စုံတစ်ရာ ဆောင့်ခါထွက်သွားသလို ရေနွေးတစ်ဝက်ကျန်နှင့် ကြွေခွက်က လက်လွှတ်စပယ် ကျကွဲသွားခဲ့၏။

ရေနွေးတွေ ရှိနေသေးတာရော၊ ခြေထောက်ပေါ် ကြွေခွက်ကျသွားမှာစိုးတာကြောင့် မင်းနေရာ က မှော့် ပခုံးလေးကို ကမန်းကတန်း ဆွဲယူလိုက်၏။

ရင်ခွင်ထဲကို နွေးခနဲရောက်လာသည့် မှော့် ကိုယ်လေးကို အမှတ်တမဲ့ ဖက်ထားလိုက်မိပြီးမှ ပြန်လွှတ်ဖို့ မေ့သွားသည်။

ဝင်းမွတ်သော မျက်နှာလေးသည် သူ့ကို အလန့်တကြား မော့ကြည့်လိုက်သဖြင့် ပြာလဲ့ရွှန်းစိုသော မျက်ဝန်းလေးတွေ ဝိုင်းနေ၏။

နှုတ်ခမ်းလွှာအစုံ၏ လိပ်ပြာတောင်ပံခတ်သံတို့ကြောင့် ပွေ့ပိုက်ထားမိသည့် သူ့လက်တွေ တင်းတင်းကျပ်ကျပ် ဖြစ်သွားခဲ့သည်။

ပင့်ကပ်နေသော မှော့် မျက်တောင်ဖျားတို့ ဖျတ်ခနဲ လှုပ်ရှားသွားကာ သတိဝင်လာသလို ခေါင်းတွင်တွင်ခါ၏။

''ဟင့်အင်း..၊ လွှတ်...''

သူမ ရုန်းနေတာကို မလွှတ်ဘဲ ခွတ်တရွတ် နမ်းပစ်ဖို့ စိတ်က ဖြစ်သွားပြီးမှ သူ့မျက်နှာကို ပြန်ဆုတ်လိုက်မိသည်။

သူ ရယူချင်တာ ဒီလိုပုံစံမျိုးနှင့် မဟုတ်ပါ..။

မှော့် ကို သူ ပြန်လွှတ်ပေးလိုက်သည်။ ပြီးတော့ မူးမိုက်ကျန်ရစ်သည့် နှလုံးသားကို ကြံဖန်ဖြေသိမ့်ဖို့ ကြိုးစားရသည်။

မလွယ်ပါလား..။ မှော် ထွက်သွားသည့်နောက်ကို လိုက်ကြည့်ငေးရင်း ပင့်သက်ရှိုက်မိ၏။ တကယ်ဆို အဲဒါ အမှန်အကန်တွေ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၇ ]

မင်းနေရာ ကို ဒက်ဒီ သဘောကျသည့် အရည်အချင်းကောင်းများ အရ တကယ့်လူတော်တစ်ယောက်ဆိုတာထက် ပိုပြီး မော် ဘာမှ တိတိကျကျ မသိသေးပေ..။

အလုပ်သွားတယ်ဆိုတာ ကုမ္ပဏီတစ်ခုမှာ ထိုင်တာလား၊ စက်ရုံ တစ်ခုမှာလား..။ မေးလည်း မမေးဖြစ်ပါ။ ဒါပေမယ့် သူများတွေလို အချိန်မဟုတ်ဘဲ ပြန်ရောက်ချင် ရောက်လာပြီး ပြန်ထွက်သွားတာမျိုး ရှိသည်။ မထွက်ဘဲ နေတာလည်း ရှိ၏။

တစ်နေကုန်ရှိနေပြီး မိုးချုပ်ခါနီးမှ ထွက်သွားတာမျိုးလည်း တစ် ခါတစ်ရံ ရှိတတ်ကာ ဒီနေ့ကျတော့ မနက်ကတည်းက အလုပ်ခန်းထဲ ဝင်နေခဲ့တာ မနက်ကိုးနာရီလောက်ကျမှ တစ်ခါထွက်လာ၏။

"မင်း သွားစရာရှိသေးလား"

ပန်းရောင်ဂါဝန်လက်ပြတ်လေးနှင့် ဂျင်းဂျက်ကက်လက်ရှည် ခါးတိုကို ဝတ်ထားသော မော့် ကိုကြည့်ပြီးမှ မေး၏။

မော် က ကိုင်လာသည့် ဘီးကုပ်အနီရောင်လေးကို နဖူးကနေ သိမ်းတင်ထိုးလိုက်ရင်း သူ့ကို မော့ကြည့်ကာ...

"ခုတော့ မရှိသေးဘူး"





"မရှိရင်လဲ ဘာမှမချက်နဲ့တော့.."

"ဘာ!..."

သူ ပြောလိုက်တယ်လို့တောင် မထင်..။ မနေ့ကတော့ သူပဲ အိမ်မှာချက်တဲ့ ထမင်းဟင်းကို စားရတဲ့ ရင်ခုန်သံတွေ အဆုံးအစမဲ့ ရေရွတ်သွားခဲ့သည်။ သူက စီဒီပြားလေးတစ်ချပ်ကို ကိုင်ထားရင်း အထဲပြန်ဝင်မည့်ပုံစံ ဖြစ်နေလျက်နှင့် မော့် ကို လှည့်မှာနေတာဖြစ်သည်။

"ကိုယ် အလုပ်အရေးကြီးနေတယ် မော်..၊ မင်းအတွက် နောက် ဆံ မတင်းချင်လို့ပါ"

"နောက်ဆံတင်းရအောင် ကျွန်မက ဘာတွေ လုပ်နေမှာမို့လို့လဲ၊ ရှင်ကရော ဘယ်နိုင်ငံ သွားမှာလဲ..."

"မဟုတ်ဘူး.."

သူ့ပုံစံက စိတ်မရှည်ပုံလည်း ပေါက်နေကာ မော့် ကိုလည်း မဆူရက် မပြောရက် ဖြစ်နေတာမျိုး..။

"ကိုယ် ရှင်းပြမယ်၊ ဒါပေမယ့် နောက်မှကွာ..နော်..၊ မင်း မီးဖိုချောင် မှာချက်ပြုတ်ရင်း တစ်ခုခုဖြစ်သွားရင် ကိုယ့်အလုပ်မှာ ပျက်စီးကုန်မှာ.."

မော် က အပိုတွေလို့ ပြောချင်သည့်မျက်နှာလေးနှင့် ပြန်စိုက် ကြည့်ကာ...

"ရှင် အဲဒီအခန်းထဲဝင်နေရင် တံခါးအလုံပိတ်ပြီး တစ်ယောက် တည်း ကမ္ဘာတည်နေတာပဲ..၊ အပြင်မှာ ဘာဖြစ်နေနေ ဂရုမစိုက်နဲ့ပေါ့"

"မငေါ့ပါနဲ့ မော် ရာ..."

သူ စိတ်ပျက်လက်ပျက်ပြောကာ နာရီကိုလည်း ငုံ့ကြည့်သည်။ သူ့မှာ အချိန်နဲ့စက်ပြီး ဘာတွေ လုပ်နေရလို့လဲ..၊ မော် က ခပ်ရွဲ့ရွဲ့ ပြန်ကြည့်နေ၏။

"ကိုယ့်ဘက်မှာ ဘာကိုမှ ဆုံးရှုံးခံလို့ မဖြစ်လို့ပါ၊ နောက်တွေ



www.burmeseclassic.com

www.burmeseclassic.com



မင်း နားလည်အောင် ပြောပြမယ်၊ အခု ဘာမှမချက်နဲ့နော်··"

သူ တကယ် အတည်ကြီးတားနေတော့ မှော် ဒေါသထွက်သွား၏။ သူ့ကိုပဲ ဒီက ချက်ကျွေးချင်လွန်းလို့ ထင်နေသလား··။

"ရှင်လဲ ရှင့်အလုပ် ရှင် လုပ်နေတာ··၊ ကျွန်မအလုပ်ကို ဘာဖြစ်လို့ လာတားနေတာလဲ ဦးမင်းနေရာ··၊ မှော် တို့ကလဲ ခိုင်းရင် လုပ်ချင်တာ မဟုတ်ဘူး၊ တားမှ ပိုလုပ်ချင်တာ···"

"ကဲ··· လုပ်ကွာ··၊ ပြီးရော···"

သူ ဒီတိုင်းပြောပြီး လှည့်ထွက်သွား၏။ ပြီးတော့ ချက်ချင်း ပြန်လှည့်လာကာ မှော့် လက်ဖျားလေးကို ဖမ်းဆုပ်ထားလိုက်ပြီး··

"ဂတ်စ်ဖိုကိုင်တာ ဂရုစိုက်နော်··၊ မီးဖိုကို ကျောခိုင်းပြီး အမြဲ တလျှော့ မနေနဲ့··"

မှော် သူ့မျက်နှာကို ရန်လိုစွာစိုက်ကြည့်နေတာလည်း ဂရုမစိုက်ဘဲ··

"မတော်တဆ တစ်ခုခုဖြစ်ရင် မပျာရဘူး··၊ အကြောက်ကြီးရင် ပိုဆိုးသွားတတ်တယ်"

"သိပြီ··၊ ရှင် အဲဒါတွေကိုကြောက်လို့ ထမင်းဟင်း မချက်ရဲတာ··"

မှော် ဝေဖန်ပစ်လိုက်တာကို သူ အံ့သြဟန်ဖြစ်သွားပြီးမှ ပြုံးလိုက်ကာ···

"ဟုတ်တယ်··၊ အခု အဲဒါထက် ပိုကြောက်နေတာက မင်း ထိတ်လန့် ဗျာများသွားမှာကို···"

ပြောပြီး စီဒီချပ်ကိုင်ထားသည့် လက်ဖနောင့်နှင့် မှော့် နဖူးလေးကို လှမ်းထု၏။ မကျေနပ်သလို ကျောခိုင်းပစ်လိုက်ပြီးမှ မှော် ပြုံးလိုက်မိသည်။ သံသယတစ်ထစ်တော့ ပြိုဆင်းသွားခဲ့၏။

မှော် ပုံစံပြောင်းလာအောင် သူ နည်းမျိုးစုံနှင့် စည်းရုံးသိမ်းသွင်းနေတာ မဟုတ်နိုင်··။ သူမကရော သူပြောသမျှ ဘဝအနာအဆာတွေ





အကြောင်းကို ဘာဖြစ်လို့ ရင်ထဲထည့်သိမ်းပြီး စာနာပေးနေတာလဲ··။

ထမင်းတွေ၊ ဟင်းတွေကျက်လို့ မှော် ရေချိုးပြီးတဲ့အထိ သူ ထွက်မလာပါ။ အချိန်ကိုကြည့်ကာ လိုအပ်တာတွေ ဝယ်ခြမ်းဖို့ ဆလင်းဘက်ခ်ထဲမှာ ပိုက်ဆံနှင့် ဖုန်းကို ထည့်လိုက်ပြီး ထွက်လာခဲ့လျှင် အပြင်ဖုန်းက ထ,မြည်လာ၏။

"ဟလို···"

"သမီးရေ··၊ မောင်မင်းနေ ရဲ့ ရုံးကကား လာတယ်၊ အလုပ်ကိစ္စရှိလို့တဲ့"

အိမ်ကို တစ်ခါနှစ်ခါ လာဖူးထားသည့် မင်းနေရာ ၏မိတ်ဆွေတချို့နှင့် ရုံးကားတွေကို ခြံစောင့်ကြီးက မှတ်ထားသည်။ ဒါပေမယ့် အကြောင်းမကြားဘဲတော့ မဖွင့်ပါ··။

"လွှတ်လိုက်လေ အဘ···"

သူကတော့ ထွက်တွေ့မှာမဟုတ်ပေမယ့် အကျိုးအကြောင်း မေးမြန်းထားဖို့တော့ လုပ်ပေးသင့်သည်ဟု သတ်မှတ်လိုက်ပြီး မှော် ဆိုဖာပေါ်မှာ ထိုင်စောင့်နေလိုက်၏။

ဝင်လာသည့်ကားကို ကြည့်လိုက်တော့ ကားထက်အရင် မြင်လိုက်ရသည့် ချစ်ဖူးအံ့ မျက်နှာကြီးကြောင့် မှော် တအံ့တသြ ဖြစ်သွားသည်။ ဒီလူက မင်းနေရာ ရဲ့ အလုပ်သမားတော့ မဖြစ်နိုင်ပါ။

တစ်ခုခုတော့ လွဲနေပြီကို သိလိုက်၏။ ခြံစောင့်ကြီး၏ပေါ့ဆမှု မဟုတ်နိုင်မှန်း တွေးလိုက်မိသည်နှင့်··၊ ချစ်ဖူးအံ့ ၏ မရိုးသားစွာပြုံးနေသောမျက်နှာကို တရားခံတစ်ယောက်လို ရူးရူးရဲရဲ ကြည့်မိ၏။

"ဟား··· မှော် က အရင်အတိုင်းပဲ၊ တစ်စက်မှ မလျော့ဘူးကွာ"

အိမ်ထဲကို လှမ်းဝင်လာရင်း ခပ်ကြိတ်ကြိတ်ပြော၍ 'ကျွတ်'ခနဲ လုပ်သေးသည်။ အဖြူရောင်ဒူးနားတွန့်နှင့် စကာက်အပျော့သားလေးကို



www.burmeseclassic.com

အဖြူရောင်ပိုးပျော့ လည်ကပ်လက်ပြတ်လေးနှင့် တွဲဝတ်ထားသဖြင့် မော့် တစ်ကိုယ်လုံး နှင်းပွင့်လေးလို ဖြူဖွေးနေ၏။

ကိုယ်ခန္ဓာအလှ၏ ကောက်ကြောင်းလေးတွေအတိုင်း ချပ်ချပ်ရပ်ရပ်ရှိနေသဖြင့် ဝတ်စုံနှင့် ကိုယ်လုံးအလှက ချစ်ဖူး မျက်လုံးထဲမှာ သည်းထိတ်ရင်ဖိုမြင်ကွင်းတစ်ခုကို ကြည့်နေရသလို…

"ဦးမင်းနေရာ မရှိဘူးလား"

"သူ ရှိနေလို့ ရှင် ဒီထိ ဝင်လာခွင့်ရတာ…၊ ဘာကိစ္စလဲ…"

မော့် က ပြတ်ပြတ်ပဲမေးသည်။ ချစ်ဖူးအံ့ က အပြုံးမပျက်သည့် မျက်နှာနှင့် မော့် ကိုပဲ ငေးမောလျက်…

"ထိုင်မယ်နော်"

ခွင့်တောင်းလိုက်ပြီး ခွင့်မပြုဘဲ ဝင်ထိုင်လိုက်ကာ…

"ဦးမင်းနေရာ နဲ့ တွေ့ဖို့ကတော့ မှန်တယ်၊ ဒါပေမယ့် တို့က မော့် နဲ့ စကားပြောချင်လို့ စွန့်စားပြီး ဝင်လာတာ"

မော့် က မဲ့၍ တစ်ဖက်လှည့်ပစ်သည်။

"တို့ အခု ဦးမင်းနေရာ ရှေ့မှာပဲ မင်းကို ခေါ်မှာပါ၊ ဒီနေ့ တို့ရဲ့ မွေးနေ့၊ ဆိုင်မှာ တစ်ခုခု လိုက်ကျွေးပါရစေ"

"မွေးနေ့မို့ ဒါနပြုချင်ရင် တိရစ္ဆာန်တွေ အစာသွားကျွေးပေါ့၊ ရှင့်မွေးနေ့ တစ်နှစ်တည်းမှာ ဘယ်နှစ်ရက် ဖြစ်နေသလဲ၊ ကျွန်မ စိတ်မဝင်စားဘူး၊ အခု အဲဒီအတွက်နဲ့ ကလိမ်ကကျစ်လုပ်ပြီး ဝင်လာတာလား"

"ဟုတ်တယ်…၊ တို့က ရိုးရိုးသားသား မိတ်ဆွေအနေနဲ့ပါ မော့်၊ မင်း အိမ်ထောင်ကျပြီးသွားမှ ဘာဖြစ်လို့ ဒီလောက်ထိ ပြောင်းလဲသွားရတာလဲ…၊ ဟိုတစ်လောက တန်ခိုး နဲ့ဖြစ်သွားတဲ့ပြဿနာလဲ တို့ကြားလိုက်တယ်၊ တကယ်ဆိုရင် ဒီဘက်မှာလဲ ဘော်ဒါကဏ္ဍအနေနဲ့ လက်တွဲသွားလို့ ရပါတယ်"





မော့် က ချစ်ဖူးအံ့ ကို စူးစိုက်ကြည့်ရင်း အံကြိတ်၏။ ပြီးတော့ ပင့်သက်ရှိုက်၍…

"တန်ခိုး တုန်းက ဦးမင်းနေရာ က သဘောထားကြီးစွာ ပြန်လွှတ်ပေးလိုက်တာပဲဆိုပြီး ရှင်က အခုလာတာလား"

"ကိုယ်က သူ့လို သူခိုးကျင့်သူခိုးကြံလာတာ မဟုတ်ဘူး၊ မင်း ယောကျ်ားနဲ့လဲ ပြောစရာရှိတယ်၊ မင်းနဲ့လဲ တွေ့ချင်လို့"

"ကျွန်မက ဘယ်ယောကျ်ားနဲ့မှ မတွေ့ချင်ဘူး၊ ပုရိသဆိုတဲ့ သတ္တဝါဟာ ကျွန်မရင်ထဲမှာ အမြဲတမ်း မုန်းတီးနေခဲ့တဲ့ ရန်သူတွေပဲ"

"ဟား… ဟား… ဟား…"

သူက မျက်နှာ ငုံ့ပစ်လိုက်ပြီး အသံမထွက်အောင် တိုးတိုးကြိတ်ကြိတ် ရယ်၏။

"အဲဒီထဲမှာ မင်းနေရာ ကတော့ မီးလျှံနှာကြီးမို့လို့ လက်ထပ်ထားလိုက်တယ်ပေါ့၊ ကောင်းပါတယ်…၊ မင်း မမှားဘူး"

ချစ်ဖူး က နာကျင်သွားသည့်မျက်ဝန်းများနှင့် စိုက်ကြည့်လျက်…

"မင်းနေရာ မို့လို့ မင်းလိုမိန်းမကို ရအောင်ယူနိုင်တာ၊ မော့် ဆိုတဲ့ မိန်းမမို့လို့လဲ မင်းနေရာ ကို မင်း ရသွားတာပဲ"

မင်းနေရာ ၏ဂုဏ်အင်တွေကို အထပ်ထပ် ရွတ်ပြပို့ချပြီး မနာလို မဖြစ်ဖို့ လူကြီးတွေက အတန်တန် နားချခဲ့သည်။

ဘာတွေကို ဖျောက်ဖျက်ပစ်ပြီး ဘယ်လို ရှေ့ဆက်ရမှာကို နားလည်ဖို့…။ ဒါပေမယ့် ယောကျ်ားမာနက ပြိုင်ဘက်ကို ပြိုင်ဘက်လို့ပဲ မြင်သည်။ ထို့ပြင် မော့် အချစ်ကို သူ ရအောင် ကြိုးစားနိုင်သည်ဟု သေချာယုံကြည်ပြီး ခြေလှမ်းပြင်နေတုန်း ပွဲက မစ ရသေးဘဲ ပြီးဆုံးခဲ့ရတာ ဘယ်လို ဖျောက်ဖျက်ပစ်ရမလဲ…။

"မော့်…"

www.burmeseclassic.com



"ဟော်… ဦးမင်းနေရာ…"

ခေါ်သံကို မော် က လှည့်မကြည့်ဘဲ ချစ်ဖူးအံ့ က ပြုံးရယ်ပြပြီး လှမ်းနှုတ်ဆက်၏။ မင်းနေရာ က ပြေပြစ်သည့်မျက်နှာမျိုးနှင့် ခေါင်း ဆက်ညိတ်ပြီး ပြုံးပြဖော်မရတော့ တင်းခနဲ ဖြစ်သွား၏။

"ကိုယ် အပြင်သွားမလို့…၊ မင်းညှော့သည်ကို အပြင်မှာ တစ်ခုခု လိုက်ကျွေးလိုက်ပါလား"

"ဘယ်လို!…"

"ကောင်းသားပဲ မော်…၊ ကျွန်တော် ခုပဲ ပြောနေတာပါ၊ မွေးနေ့မို့ လို့ လာဖိတ်တာလေ…၊ ဦးမင်းနေရာ 'ကိုလဲ…"

"ကိုယ်က အလုပ်ရှိသေးတယ်"

"ဒီလိုပါ…၊ ဦးမင်းနေရာ ကို ဖိတ်တာက မွေးနေ့သက်သက်တော့…"

"မအားလို့ပါ"

မင်းနေရာ က မျက်နှာတည်တည်နှင့်ပြောကာ မော့် ကို ဘယ်လို လဲဆိုသည့် အကြည့်နှင့် မေးဆတ်၏။ မော် နေရာမှ ဆတ်ခနဲ ထရပ် လိုက်ပြီး သူ့မျက်နှာရှေ့မှာ သေချာနီးအောင် ရပ်လိုက်သည်။

"အဲဒါမျိုးကို ခုန်ပေါက်ပြီး လိုက်သွားပြလိုက်ချင်တာ…၊ ဒါပေ မယ့် ရှင့်လိုလူကို ကျွန်မသိက္ခာနဲ့ရင်းပြီး ရွဲ့ချိတ်မနေချင်လို့ မသွားတော့ ဘူး၊ အဲဒီပြဿနာကို ရှင် မရှင်းနိုင်ရင် အပြင်ကနေ ဒီတိုင်းသော့ခတ်ပြီး ထားခဲ့လိုက်…၊ မိန်းမကို နောက်တစ်ယောက်နဲ့ အိမ်တံခါးပိတ်ထားခဲ့တဲ့ မဟာသူရဲကောင်းအဖြစ် ရှင် နာမည်ကြီးသွားလိမ့်မယ်"

"မော်…"

သူ့မျက်နှာ ရဲခနဲ ဖြစ်သွားကာ မော် ထွက်သွားတော့ ချစ်ဖူးအံ့ ဆီ အကြည့်ရောက်လာသည်။ ချစ်ဖူးအံ့ သည် ဂရုမစိုက်တတ်သော နှုတ်ခမ်းသားတို့ကို ဖိစေ့ရင်း နေရာမှ ထရပ်လိုက်ကာ…





"ကျွန်တော့်ကို နှင်လွှတ်မလို့လား"

"ဟုတ်တယ်…၊ သူ ကျေနပ်နေရင် သူ့အတွက် ငါ ဘာမဆိုဖြစ် နိုင်တယ်၊ မဟုတ်ဘူးဆိုရင်တော့ အခြေအနေမကောင်းဘူး၊ မင်း ပြန်တော့"

"ကျွန်တော်က မော် နဲ့ ရိုးသားခဲ့ပါတယ်၊ ခုလဲ…"

"သူ့ဘက်က မရိုးသားခဲ့တာ တစ်ယောက်မှ မရှိဘူးဆိုတာ သူများ မသိလဲ ငါ သိတယ်၊ သူ့ကိုယုံကြည်တယ်ဆိုတာ အဲဒါကြောင့်ပဲ၊ အခု မင်း ပြန်လို့ရပြီလား…"

ချစ်ဖူးအံ့ ၏ မကျေမနပ်အကြည့်တစ်ချက်က မီးထွက်မတတ် ပြင်း၏။ နဂါးမျက်စောင်းလို ပြာကျနိုင်သည်။

သူ့ဘက်မှာ မင်းနေရာ ဆိုသည့်လူကို မဖြစ်မနေ လိုလား တောင့်တနေကြသည်သာ မဟုတ်ခဲ့လျှင်…၊ ထို့ပြင် မင်းနေရာ ကို တခြားသောနည်းလမ်းတစ်စုံတစ်ရာနှင့် ချုပ်ကိုင်လွှမ်းမိုးနိုင်ဖို့ အကွက် ရွှေ့ထားပြီးသား မဖြစ်ခဲ့လျှင် ဖြစ်ချင်ရာဖြစ် ချက်ချင်းတုံ့ပြန် ပွဲကြမ်းဖို့ အတွက် သူ့မှာ အစီအစဉ်တွေရှိပြီး ဖြစ်၏။

ခုတော့ လူကြီးတွေက တားဆီးနေကြသည်။ အစီအစဉ်တွေ ချ ပေးနေကြ၏။ "ကိုယ် မရတော့ရင်တောင် သူလဲ မရနိုင်တော့ဘူးဆိုရင် မကျေနပ်ဘူးလား"တဲ့…။

"ဒီလိုလူနဲ့ ဒီမိန်းကလေးမျိုးကို ခွဲပစ်ချင်ရင် လွယ်လွယ်လေး" တဲ့…။ ဒီအစီအစဉ်တွေကြောင့် သူ့ဒေါသကို ဝက်အူရစ်တွေလို တရစ်ရစ် ပြန်လျှော့လိုက်ရသည်။ ဒီလို မောက်မာရင့်သီးစွာ ပစ်ပယ်ခံရခြင်းမျိုးကို ဒီတစ်ကြိမ်သာ ခံစားဖူးခဲ့သဖြင့် ရင်ထဲမှာ ထိချက်ပြင်းသွား၏။

မင်း သိမယ်…၊ မင်းနေရာ…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၈ ]

"ရှင် သိတယ်..၊ သိရက်နဲ့ တမင်လွှတ်တာ..."

"မင်း ထင်သလို ပြောမနေနဲ့ မော်..."

ဒေါသကြောင့် လေသံကို ဘယ်လိုမှ လျှော့ချလို့ မရလိုက်ပေ..။ အချိန်နာရီတွေ သူ့အတွက် ဘယ်လောက်အရေးကြီးနေသလဲ သူပဲသိသည်။

အလုပ်ခန်းကထွက်သည်နှင့် ရေမချိုးနိုင်၊ အင်္ကျီပြေးမလဲနိုင်ဘဲ အခန်းထဲတောက်လျှောက်ဝင်ကာ ကုတ်အင်္ကျီတစ်ထည် ထပ်ဝတ်လိုက်ခြင်းဖြင့် အပြင်သွားဖို့ကိစ္စအတွက် အပြီးသတ် ပြင်ဆင်ခြင်း လုပ်ခဲ့ရသည်။ ထွက်လာတော့ သူမက ညှို့သည်နှင့် စကားပြောလို့..။ အိမ်ထဲမှာ နှစ်ယောက်တည်းထားခဲ့ဖို့ မဖြစ်နိုင်သလို သူ့ညှို့သည်ကို ကိုယ်က နှင်လွှတ်လိုက်လို့လည်း မဖြစ်..။

အရေးကြီးသည့်အလုပ်ကိစ္စအပြင် နောက်ထပ် ခေါင်းထဲထည့်လိုက်ရသည့် ပြဿနာတစ်ခုကြောင့် အားလုံး ရှုပ်ထွေးကုန်ခဲ့၏။

သူ့တစ်သက်လုံး ဝါသနာရယ်၊ အလုပ်ရယ် နှစ်ခုထက်ပိုမရှိခဲ့သော စူးစိုက်တတ်သည့်အာရုံတွေက သူမနှင့်ကျမှ ပျက်ရတာတွေ၊ ရှုပ်ထွေးရတာတွေ..။





"မင်းမာမီကို ပြန်ကြည့်ပြီး အာရုံများမနေနဲ့ သား..၊ အောင်မြင်မှုကိုရဖို့က ကြိုးစားဖို့ပဲလိုတာ၊ သံယောဇဉ်တွေ မလိုဘူး၊ ချစ်ခြင်းမေတ္တာနဲ့မကင်းတဲ့ လူသားတွေဆိုပေမယ့် ဒက်ဒီတို့က လူချင်းတူလို့ မရဘူး၊ သူများနဲ့မတူမှဖြစ်မယ်၊ ဦးနှောက်နဲ့အမြင်အာရုံမှာ ဘာကြောင့်မှ ရှုပ်ထွေးနေလို့ မရဘူး၊ အဲဒါ မသေမချင်း မှတ်သွား"တဲ့..။

သူ မှတ်ထားခဲ့ဖူးပေမယ့် သူမနှင့်တွေ့တဲ့အချိန်မှာ လူထဲကလူပဲ ဖြစ်သွားခဲ့၏။ ခုတော့ ရှုပ်ထွေးခြင်းကို သည်းမခံနိုင်ခြင်းသည် နူးညံ့ကြင်နာလိုခြင်းများနှင့် ရန်းရင်းဆန်ခတ် ဖြစ်လာခဲ့၏။ ဒါကို သူ ရှင်းလည်း မရှင်းနိုင်..။

ချစ်ဖူးအံ့ ဟုခေါ်သော လူငယ်ကို ပြန်လွှတ်လိုက်ပြီးသည်နှင့် မော် က သူ့ကို အပြင်ထွက်ခွင့်မပေးတော့ပေ..။

ကျွန်းနှင့် မှန်ခုံးတပ်တံခါးကြီးကို အကြမ်းပတမ်း သွားပိတ်ပစ်လိုက်သည်။ ပြီးတော့ သူ မဟုတ်ခဲ့သော တလွဲ သုံးသပ်ချက်များနှင့် စွပ်စွဲနေတာ စကားတွေကလည်း ရေပက်မဝင်..။ မျက်ရည်တွေပါ စွန်းထင်နေခဲ့လျက်...

"ရှင် ဂရုမစိုက်တာတွေ သိပ်ကိုပြချင်နေတယ် ဟုတ်လား၊ ဒါပေမယ့် ကျွန်မက ယောက်ျားကိုရွဲ့ပြီး နင် တစ်လှမ်းဆို ငါ နှစ်လှမ်း လုပ်ပြတတ်တဲ့ ခပ်ကြောင်ကြောင်မိန်းမ မဟုတ်ဘူး၊ ယောက်ျားတစ်ယောက်ကိုရွဲ့ဖို့ ယောက်ျားတစ်ယောက်နဲ့ တွဲပြမှ စိတ်ကျေနပ်နိုင်မယ့်အထိ ပေါက်ကွဲလာချင်ရင် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပစ်မယ်"

"တောက်...၊ မင်း..ကွာ..."

မင်းနေရာ လက်ဆန့်ခါလိုက်ပြီး ကျွတ်ခနဲ စုတ်သပ်သည်။ ပြီးတော့ ခေါင်းတရမ်းရမ်းဖြစ်လျက် ဘာမှလဲ မပြောနိုင်..။

"ယောက်ျားဆိုရင် ကျွန်မ လူဖြစ်လာခွင့်ကိုပေးခဲ့တဲ့ ဒက်ဒီကို



www.burmeseclassic.com

www.burmeseclassic.com



တောင် မုန်းတယ်..''

''မင်း မုန်းနေတာတွေကို ကိုယ်နဲ့ ဘာဖြစ်လို့ ရောထွေးနေတာလဲ၊ ဒီကိစ္စမှာ ကိုယ်တွေးလိုက်တာ ဘာမှ ရှုပ်ထွေးမှုမပါဘူး၊ သူက မင်း ရဲ့ညှို့သည်..၊ သူ့ကို မင်းက...''

''ဟွန်း... ကိုယ့်အရှုပ်ကိုယ်ရှင်း ဆိုပြီး အပြင်မှာ သွားရှင်းကြဖို့ နှင်လိုက်တာလေ၊ ဘာတွေ ထပ်ရှိသေးလဲ..''

''ဟုတ်တယ်..၊ မင်းပြဿနာ မင်းရှင်းနိုင်မှန်း သိတယ်၊ အဲဒါ မင်းကို လက်လွှတ်စပယ်သဘောထားလိုက်တာ မဟုတ်ဘူး၊ ယုံကြည် တာ မင်းကို ကိုယ် လက်ထပ်လိုက်ပြီးမှ မင်းရဲ့ ဟိုအကြောင်း ဒီ အကြောင်းတွေ ကြားလိုက်ရ၊ မြင်လိုက်ရတိုင်း ခေါင်းတောင်ကြည့်ပြီး နားစွင့်နေရင်း မင်း ကျေနပ်မလား..''

မော် က ပေစောင်းစောင်းလေး ကြည့်နေ၏။

''ကိုယ်က လိုက်သဝန်တိုပြီး မင်းသွားလာသမျှ ကျိုးတိကြောင်တိ တကောက်ကောက်လိုက်ဖြစ်နေရင်ရော အဲဒါ ကောင်းလား''

မင်းနေရာ အားမလိုအားမရဖြစ်လာရင်း မော့် ပခုံးလေးနှစ်ဖက်ကို ဖိဆုပ်ပစ်လိုက်၏။

''ဖယ်ပေး...''

မော် က ခါချတာကို အတင်းဖိကိုင်ထားကာ...

''မင်းကို ငါ လိုချင်လို့ ရအောင်ယူထားခဲ့တာ၊ အဲဒီအတွက် ငါဝါသနာ၊ ငါ့ရဲ့ကြိုးစားမှုတွေကို အမြဲတမ်း အဓိကနေရာကနေ တစ် ထစ်ချထားခဲ့ရတယ်၊ ငါ့ရဲ့စိတ်၊ ငါ့ရဲ့တပ်မက်ခြင်းတစ်ဝက်လောက်က မင်းပဲ၊ မင်းအတွက် ငါ့ဘက်က လိုက်လျောခဲ့တာပဲ ရှိတယ်၊ ဥပေက္ခာ တစ်ခုတလေမှ မပါဘူး''

''ရှင် လွှတ်နော်...''





''မလွှတ်နိုင်ဘူး..''

ရုန်းတဲ့သူက ရုန်း၊ ဆွဲတဲ့လူက ဆွဲနှင့် အဆင်ပြေဖို့က မလွယ်..။

''လမ်းဆုံးအောင် လျှောက်ဖို့ ဆုံးဖြတ်ပြီးနေကာမှ တည့်တည့် မျက်နှာမမူဘဲ နောက်ပြန်လျှောက်ဖို့ မကြိုးစားနဲ့တော့ မော်..၊ အရာရာ တိုင်းမှာ ကန့်သတ်ချက်ဆိုတာ ရှိတယ်၊ မင်းနဲ့ငါ...''

စိတ်လှုပ်ရှားလွန်းကာ ဆုပ်ကိုင်ထားမိသည့်လက်တွေပါ ပြုတ်ကျ သွားခဲ့၏။

မင်းတွေငါတွေနှင့် အသံတွေပါတုန်အောင် ဒေါသထွက်နေသည့် သူ့ကို မော် က စိန်ခေါ်သလိုစိုက်ကြည့်ပြီး မဲ့ပြုံးနှင့်ခေါင်းညိတ်၏။

''ဟုတ်တယ်..၊ ကန့်သတ်ချက်ဆိုတာ ရှိတယ်၊ အခု ရှင် ဟောဒီ တံခါးကနေ အပြင်ကိုထွက်သွားလိုက်တာနဲ့ ရှင်ပြောခဲ့တဲ့ ယောက်ျား စကားတွေကို ကျွန်မ ဘယ်လိုနှင်းချေပစ်မလဲဆိုတာ ပြန်ကြည့်လိုက်..''

''မဟုတ်ဘူးဟေ့၊ မင်း အဲဒါကို...''

''လုပ်စမ်းပါ..၊ ရှင့်ရဲ့ဥပေက္ခာတွေကို ကျွန်မက, မရမက ဖော် ထုတ်ဖို့ ဆုံးဖြတ်ထားပြီးသား၊ အဲဒီဥပေက္ခာကို တိုက်ခိုက်ချင်လို့ ရှင့်ကို ကျွန်မ လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့တာ..၊ ပြိုင်ဘက်မရှိတော့ ပျင်းဖို့ ကောင်းတယ်''

''မော်.. ကိုယ် အဲဒီလိုမဟုတ်ဘူးလို့ မင်းကို ရှင်းပြနေတာရော..''

''မဟုတ်ဘူးဆိုတာကို ပိုင်နိုင်လုံသွားအောင် ရှင် ထိုင်နေလိုက်လေ''

''မင်းကို ကိုယ် ရှင်းပြလို့ရတယ် မော်..၊ ဒါပေမယ့် ဒီနေ့က လုံးဝ မအားလို့ပါ၊ အလုပ်ကိစ္စနဲ့ပက်သက်တာကိုတော့ မင်း မချုပ်ကိုင် ချင်ပါနဲ့၊ ကိစ္စပြီးရင် ကိုယ် ချက်ချင်း ပြန်ခဲ့မယ်''

မော် က လက်ပိုက်ပစ်လိုက်ပြီး မျက်ရည်စိုနေသည့် မျက်နှာလေး ကို ဆတ်ခနဲ ပင့်မော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မချုပ်ကိုင်ပါဘူး၊ ရှင် သွားချင်သွားလိုက်..၊ အလုပ်ကိစ္စနဲ့ပတ်သက်တဲ့ ဥပေက္ခာတွေအကြောင်း ကျွန်မလဲ တီတီပပ နားလည်သွားတာပေါ့"

ပြောပြီး ချာခနဲ လှည့်ဝင်သွား၏။

"မော်...၊ နေဦး..."

လက်ပြင်လိုက်ပြီးမှ 'ကျွတ်'ခနဲ မျက်လုံးတွေမှိတ်ပစ်ရင်း ထိုလက်က ဆံပင်တွေထဲ ရောက်၏။ သူ ဘာဖြစ်လို့ ဒက်ဒီလိုလူတစ်ယောက် မဖြစ်ခဲ့တာလဲ..။

ဥပေက္ခာတရားတွေကို မုန်းတီးနေခဲ့တဲ့ မိန်းကလေးကိုမှ သိမ်းပိုက်ချင်ခဲ့သည်။ သူ့ဘက်က ဘာကိုဖြစ်ဖြစ် ဥပေက္ခာနှင့် ဆင်ဆင်တူနေတာကိုတောင်မှ သူမကို အမုန်းပွားဖို့ပဲ ကြိုးစားနေခဲ့၏။

သက်တမ်းတစ်လျှောက်လုံး သူ ဖြတ်ကျော်လာခဲ့သမျှ ဥပေက္ခာတွေနှင့်လား..၊ ကိုယ့်ကိုယ်ကိုယ်တောင် နားမလည်နိုင်ခဲ့သည့် အောင်မြင်မှုတွေဟာ ဥပေက္ခာတရားတွေနှင့် ရင်းနှီးထားခဲ့သည်လား။ သို့ဆိုလျှင် သူမ စွဲလမ်းနေခဲ့သော ဥပေက္ခာတရားကို သူမနှင့်သူ တစ်ယောက်ဆီကနေ ခွာမထုတ်နိုင်သရွေ့..။

"ဟူး..."

မင်းနေရာ ခေါင်းငိုက်စိုက်နှင့် ဆိုဖာပေါ်ကို ခြေပစ်လက်ပစ်ကျလေသည်။

သူမအတွက် သူ့မှာ ဥပေက္ခာ မရှိပါ..။





## အခန်း [ ၂၉ ]

"စဉ်းစားပါဦး..၊ ဒီကိစ္စလေးတစ်ခုက ခင်ဗျားနဲ့ ခင်ဗျားရဲ့သမီးကမ္ဘာကျော် မီလျံနာကြီးတွေ ဖြစ်သွားမှာပါ၊ ပြီးတော့ ရာဇဝတ်မှုတစ်ခုလဲ မဟုတ်ဘူး"

ဦးသုဝေ မျက်စိလည်သွားရလောက်အောင် ရှုပ်ထွေးသည့်လုပ်ငန်းမျိုးကို မကြုံဖူးခဲ့ပေ..။ မသိခဲ့သော မျက်နှာစိမ်းလူတွေရောက်လာပြီး သူ မသိခဲ့သော လုပ်ငန်းအကြောင်းတွေကို ပြောပြ၏။ ဦးဝေညီချက်က မင်းနေရာ ဖြစ်နေသည်။

"သူက အလုပ်တစ်ခုကလွဲရင် ဘဝအနိမ့်အမြင့်ဆိုတာတွေကိုလုံးဝ ထည့်မတွက်ဘူး၊ ဒါပေမယ့် ဇနီးနဲ့၊ မိသားစုနဲ့ ဖြစ်လာတဲ့အခါ သူ စိတ်မဝင်စားရင်တောင် ဇနီးသားမယားကတော့ ဘဝရှေ့ရေးအတွက် မစဉ်းစားလို့ မရတော့ဘူးမို့လား၊ မိန်းကလေးရဲ့ဖခင်ဖြစ်တဲ့ ခင်ဗျားနဲ့ အများကြီးသက်ဆိုင်ပါတယ် ဦးသုဝေ"

"နေပါဦး..၊ ကျွန်တော်တို့သားအဖရဲ့ကံကြမ္မာကို ခင်ဗျားတို့က ဘာဖြစ်လို့ ဖတ်ရှုဝေဖန်ခဲ့ကြတာလဲ..၊ လောလောဆယ် ခင်ဗျားတို့ ဘယ်သူတွေလဲဆိုတာကို ကျွန်တော် သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဦးမြမင်းအုံ ပါ၊ မြန်မာပြည်မှာရှိတဲ့ စီးပွားရေး လုပ်ငန်းရှင်တိုင်း ဦးသုဝေ ကို မသိလို့ မရဘူးဆိုပေမယ့် ကျွန်တော် ကတော့ မြန်မာပြည်က လုပ်ငန်းရှင်တစ်ယောက်မဟုတ်တဲ့အတွက် ဦးသုဝေ ကို မကြာသေးခင်ကမှ သိတာပါ"

ဦးသုဝေ က စိတ်ဝင်တစား နားစိုက်ထောင်နေ၏။ အလုပ်ရုံးခန်း ထဲထိ ရောက်လာပြီး တခမ်းတနား တွေ့ဆုံကြပေမယ့် တခြားလူတွေ လို အလုပ်အတွက် ဆွေးနွေးဖို့မဟုတ်ဘဲ သူ မသိခဲ့သေးသော မင်း နေရာ ၏ အလုပ်ကိစ္စများနှင့် ပတ်သက်၍…

"သူ့လက်ချောင်းလေးတစ်ချက် လှုပ်ရှားလိုက်တာနဲ့ စိန်တောင် ကြီးတွေလဲ ပြိုကျသွားနိုင်တယ်၊ မီးတောင်တွေလဲ ပေါက်ကွဲကုန်နိုင် တယ်၊ ဒါတွေက သူတတ်ထားတဲ့ နည်းပညာတွေနဲ့ပတ်သက်ပြီး သူ့ ရဲ့ပါးနပ်မှုပေါ်မှာ ခံစားခွင့်ရှိတဲ့ ဆုံးရှုံးနိုင်တာတွေ၊ ရယူနိုင်တာတွေပါ"

ဦးမြမင်းအုံ လို့ သူ့ကိုယ်သူ မိတ်ဆက်ခဲ့သော ထိပ်ပြောင်ပြောင် မျက်နှာပြည့်ပြည့်နှင့်လူက သူပဲ ဦးဆောင်ပြောသွားကာ ပါလာသည့် လူငယ်နှစ်ယောက်ကတော့ ဘာမှ ဝင်ရောက်ပြောဆိုခြင်း မပြုပေ…။

"သူဟာ တခြားလူတွေလို ရင်းနှီးမြှုပ်နှံမှုကြီးတွေနဲ့ လုပ်ငန်းထူ ထောင် လုပ်ကိုင်နေတာမဟုတ်ဘဲ ကွန်ပျူတာစခရင်ပေါ်ကနေ သူ လိုတဲ့ ကိန်းဂဏန်းတွေကို အထုပ်လိုက်ဖြတ်ကျလာအောင် ထုတ်ယူ နိုင်တယ်၊ ခက်နေတာက ဝါသနာရှင်တွေရဲ့အတွေ့ သူ့မှာရှိနေတယ်ဗျာ၊ ရနိုင်တဲ့အခွင့်အရေးတွေကို လျစ်လျူရှုနေတယ်၊ ကိုယ့်အတွက်လဲ ဘာမှ မဟုတ်ဘူး၊ တခြားလူတွေလဲ အဆင်ပြေမယ်၊ ရလာမယ့်အကျိုးအမြတ် က ဒေါ်လာတွေ သိမ်းလို့မနိုင်အောင် ဖြစ်မယ်၊ ဒါကို လက်ခံရမှာပဲ မဟုတ်ဘူးလား"

"ဒါဆိုလဲ သူ့အလုပ် သူလုပ်နေတာ၊ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ





ဦးမြမင်းအုံ…၊ ကိုယ့်သမီးရဲ့ ခင်ပွန်းဖြစ်ပေမယ့် သူတို့ဘဝ၊ သူတို့ အကြောင်းတွေပါ၊ ငွေ မမက်တာ၊မက်တာလဲ သူတို့ကိစ္စပဲ"

"ဒါဆို ဦးသုဝေ ကိစ္စကိုပဲ ပြောပါရစေ…၊ ရှေ့က ပြောပြီးခဲ့တဲ့ အကြောင်းပဲပေါ့ဗျာ၊ ကျွန်တော်တို့ အသစ်ထူထောင်မယ့် ဘဏ်အတွက် လုံခြုံရေးပရိုဂရမ်ကို ဆွဲပေးဖို့ သူ လက်ခံအောင် ကြိုးစားပေးပါ၊ ဒီ အတွက် အဆင်ပြေသွားရင် ကျေးဇူးဆိုတဲ့စကားနဲ့ ထိုက်တန်အောင် ကျွန်တော်တို့ ပံ့အောပေးမယ်၊ သူတို့အတွက်ဆိုတာကတော့ ဒီလို အလုပ်အတွက် အတိုင်းအဆကို မင်းနေရာ သိပြီးသားပါ"

ဦးသုဝေ မျက်မှောင်ကြုတ်သွား၏။ မင်းနေရာ ဘယ်လိုလူစားလဲ ဆိုတာ ရင်းနှီးမှုနှင့်ပတ်သက်ခဲ့တာမဟုတ်လို့ သေချာမသိပေမယ့် ဘာ လုပ်တဲ့လူဆိုတာတော့ သိသည်။

ဒီလိုအလုပ်မျိုးအတွက် ဘာမှ လက်မခံနိုင်စရာမရှိဘဲ ဘာဖြစ်လို့ လက်မခံခဲ့တာလဲ…၊ ဒီလူတွေကရော မင်းနေရာ ကို တိုက်ရိုက်မပြောဘဲ ကိုယ့်ဆီရောက်လာတာ ဘာလဲ…၊ မရိုးသားတာတစ်ခုခုတော့ ရှိလိမ့်မည် ထင်သည်။

"ခင်ဗျား နားရှုပ်သွားတယ်ထင်တယ်၊ ဒီလိုပါ… သူ အခု မြန်မာပြည်မှာနေတာပေမယ့် နိုင်ငံခြားကအလုပ်တွေကို ဆက်သွယ်ပြီး ဒီမှာ ရုံးထိုင်နေတဲ့သဘောပဲ၊ Game developer ဆိုတာ သူ့ရဲ့သေးမွှားတဲ့ လုပ်ငန်းတစ်ခုပဲ ရှိသေးတယ် ဦးသုဝေ၊ တကယ်က hacker တွေ မနိုင်တဲ့ အတော်ဆုံး Programmar တစ်ယောက်ပဲ၊ ရှင်းရှင်းပဲ ဝန်ခံတော့ မယ်ဗျာ…၊ မဟုတ်ရင် ခင်ဗျား အရှင်းဆုံးထိ သိမှာ မဟုတ်ဘူး"

ဦးမြမင်းအုံ က လူငယ်တွေကို ငဲ့ကြည့်လိုက်သေးသည်။ ပြီးမှ ရှေ့ဆက်ပြော၏။

"စီးပွားရေးလောကမှာ သူ့ထက်ငါ အောင်မြင်ဖို့ ကြိုးစားနေ



www.burmeseclassic.com

www.burmeseclassic.com



ကြတာ ဦးသုဝေ သိပါတယ်၊ ပြောရရင် ဒါလဲ စစ်တိုက်သလိုပါပဲ၊ ကျွန်တော်တို့ရဲ့ဘဏ်လုပ်ငန်း အောင်မြင်ကျော်ကြားလာဖို့အတွက် တခြားလုပ်ငန်းတူတာတွေကို ကျွန်ခဲ့စေချင်တာ..၊ မတရားတာ မပါဘူးလို့ ထင်ပါတယ်၊ ဟုတ်တယ်မို့လား ဦးသုဝေ..''

ဦးသုဝေ က မရှင်းသေးသည့်မျက်နှာနှင့်ရှိကာ ဘာမှမပြောဘဲနေ၏။

''ကျွန်တော်တို့အတွက် သူ့ရဲ့အကောင်းဆုံးတွေကို ပေးမယ်ဆိုရင် သူ အခုလုပ်နေတဲ့ဘဏ်တွေက ချီးမြှင့်တာထက် အဆပေါင်းများစွာ ကျွန်တော်တို့ ပေးမယ်၊ ဦးသုဝေ အတွက်လဲ နိုင်ငံခြားဖက်စပ်လုပ်ငန်းတွေမှာ ပါဝင်ချင်သလား..၊ မြန်မာနိုင်ငံမှာပဲ အရင်းအနှီးအများဆုံးနဲ့ လုပ်ငန်းရှင်အဖြစ် ရပ်တည်ချင်သလား၊ စေလိုရာစေပါ..''

''ကြားရတာတော့ ကောင်းတယ်၊ ဒါပေမယ့် ခက်တာက ကျွန်တော်ကလဲ စီးပွားရေးတွေ ရင်းနှီးထူထောင်ဖို့ အစကတည်းက ဝါသနာမပါဘူးဗျ..၊ မိဘဘိုးဘွားက ကျွန်ရစ်တဲ့အမွေအနှစ်တွေကို ထိုင်သုံးနေတဲ့ မျိုးဆက်တစ်ယောက် မဖြစ်ဖို့သာ ကျွန်တော် အလုပ်လုပ်နေတာ၊ မင်းနေရာ က ခင်ဗျားတို့ပြောတဲ့ အခွင့်အရေးတွေကို ဘာဖြစ်လို့ လက်မခံခဲ့မှန်း မသိပေမယ့် ကျွန်တော်ကတော့ ငွေကို လောဘတကြီး မလိုချင်တဲ့သူပါ''

''မဟုတ်သေးဘူး ဦးသုဝေ၊ ကျွန်တော်တို့ပြောနေတာ အဖြူရောင်သက်သက်ထဲက စီးပွားရေးပါ၊ မကောင်းမှု မပါပါဘူး''

''ဟုတ်မှာပါ..၊ ဒါပေမယ့် အခု နားထောင်ရသလောက်ဆိုရင် ဦးမြမင်းအုံ တို့က စီးပွားဖက်အချင်းချင်းအပေါ်မှာ အနိုင်ရဖို့အတွက် မင်းနေရာ နဲ့ညှိနှိုင်းပြီး လိုတိုးပိုလျှော့တွေ လုပ်ချင်တဲ့ဆန္ဒ ရှိနေတယ်လို့ ကျွန်တော် ထင်တယ်''





ဦးမြမင်းအုံ သူ့လူတွေဘက်ကို မျက်နှာအနည်းငယ်လွှဲလိုက်သလိုဖြစ်သွားသည်။ ဦးသုဝေ က ကြည့်၍...

''လူတစ်ယောက်ကို ဓားနဲ့ထိုးသတ်တာမဟုတ်ဘဲ ပယောဂတစ်ခုခုနဲ့ သေစေနိုင်တယ်ဆိုရင် ဒါ ရာဇဝတ်မှုမမြောက်တော့ဘူးပေါ့၊ မင်းနေရာ ကတော့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မတရားမှုမြောက်တယ်လို့ယူဆလို့သာ ခင်ဗျားတို့အလုပ်ကို လက်မခံတာဖြစ်မယ်..''

ဦးမြမင်းအုံ မျက်နှာ တင်းသွားသည်။ သမက်နှင့်ယောက္ခမ အသံတူထွက်နေတာကို အံ့ဩမိသလို စိတ်က ထောင်းခနဲဖြစ်၏။

ဦးသုဝေ လို့ နာမည်ကျော်နေတာလည်း အလကားမဟုတ်မှန်းနားလည်လိုက်သည်။

ဒီလောက်ထိ အတိအကျမပါအောင် ကွေ့ဝိုက်ရှောင်တိမ်း ပြောနေဟာတောင်မှ အနီးစပ်ဆုံးထိ နားလည်သွားခဲ့၏။ ငွေကြောင့် အများအပြား ပျက်စီးနေကြသည့်ခေတ်ထဲမှာ ငွေမမက်သည့်လူတွေကို ဘယ်လို စီရင်မလဲ..။

သားဖြစ်သူ မြတ်လင်းအုံ နှင့် မျက်လုံးချင်း ခဏဆုံသွားကာ စိတ်ချင်းတိုင်ပင်လိုက်သည်။ မြတ်လင်းအုံ ၏ မသိမသာမဲ့ပြုံးကို မြင်လိုက်ရမှ အသက်ရှူချောင်သွားသလို ဦးမြမင်းအုံ ပြုံးလိုက်နိုင်သည်။ ဒါပေမယ့်...

''ဒါဆိုရင်လဲ သူ ဆုံးဖြတ်တာကို ကျွန်တော်တို့ကိုယ်တိုင် သိချင်ပါတယ်၊ မင်းနေရာ နဲ့ တွေ့ခွင့်ရအောင်ပဲ ဦးသုဝေ ကူညီပေးပါ''

ဦးသုဝေ မျက်ခုံးနှစ်ဖက် မသိမသာ မြင့်တက်သွား၏။ မင်းနေရာ က တွေ့တောင်မတွေ့ဘူးဆိုတော့...

''ဒီအတွက်လဲ ဦးသုဝေ ကို ကျေးဇူးအထူးဆပ်ဦးမှာပါ၊ ငွေစကားပြောတာ မဟုတ်ဘူးနော်၊ ကျေးဇူးဟင်တာသက်သက်ပါ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ အရမ်းကို အရေးကြီးနေတဲ့အချိန် ဖြစ်နေတာရယ်၊ လိုအပ်နေတဲ့ ပရိုဂရမ်မာဟာ သူပဲဖြစ်နေလို့၊ ဘဏ်အတွက် လုံခြုံရေးအားလုံး သူ့လက်ထဲ ထည့်လိုက်ချင်တာ…''

''မေးပေးပါဆိုရင်တော့ မေးကြည့်ပေးပါ့မယ်''

''တိုက်တွန်းပေးပါ ဦးသုဝေ..၊ နည်းနည်းလောက် ဆွေးနွေးကြည့်လိုက်ပါဦးဆိုတာလောက်တော့ ပြောပြပေးပါ၊ ကျွန်တော်တို့က ရေခြားမြေခြားကနေ ဒီကိစ္စတစ်ခုအတွက် ရောက်လာခဲ့တာ..၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဒါ အဆင်ပြေအောင်တော့ လုပ်ရမှာပဲ၊ နှစ်ဦးနှစ်ဖက် အကျိုးရှိစွာ ပြီးဆုံးသွားဖို့ အကောင်းဆုံးကို ရွေးချယ်စေချင်တယ်''

ဦးမြမင်းအဲ့ ၏ အရောင်ပြောင်းသွားသည့်မျက်လုံးတွေကို ဦးသုဝေ စိုက်ကြည့်ရင်း စိတ်ထဲမှာ တစ်စုံတစ်ရာကို ခံစားမိသလိုဖြစ်သွား၏။ ဒီကိစ္စတွေ ရိုးသားမှု ရှိရဲ့လား..။





## အခန်း [ ၄၀ ]

''ဟာ!… လာဗျာ.. ကိုမင်းနေ၊ ခုမှပဲ ကျွန်တော့်မွေးနေ့က ကာလာစုံတော့တယ်''

ဦးရာမ က မင်းနေရာ ကိုမြင်သည်နှင့် ဧည့်သည်တွေကနေ လှိုက်လှိုက်လှဲလှဲ ထွက်၍ကြို၏။ မွေးနေ့ဆိုဖပမယ့် အင်းလျားလိတ် ဟိုတယ်၏မြက်ခင်းပြင်မှာ တခမ်းတနား ကျင်းပတာမို့ အရောင်အသွေး စုံသလို စည်လဲ စည်ကား၏။

ဦးရာမ တို့ဖိနီးမောင်နှံက နှစ်ယောက်စလုံး နိုင်ငံခြားဆက်သွယ်ရေးလုပ်ငန်းတွေမှာ ဦးစီးသူတွေဖြစ်သလို ဘယ်နိုင်ငံ၊ ဘယ်လုပ်ငန်း မဆို အကျွမ်းတဝင်ရှိပြီးသား..။

''ခင်ဗျားကို ဧည့်သည်တွေနဲ့ မိတ်ဆက်ပေးရဦးမယ်''

ဦးရာမ က အားလုံးသောစားပွဲများနှင့် အနည်းငယ်လှမ်းသော သီးသန့်ပြင်ဆင်ထားသည့်နေရာမှာ နိုင်ငံခြားဧည့်သည်တွေနှင့် မိတ်ဆက်ပေးရင်း…

''စကားပြောရင်း အေးဆေး စားဗျာ..၊ ကျွန်တော်ကတော့ အိမ်ရှင်ဆိုတော့ အားလုံးပြီးစီးမှပဲ ပြောတော့မယ်၊ နှုတ်မဆက်ဘဲ ထပြန်မသွားနဲ့နော်''

စားစရာတွေကိုလည်း သူကိုယ်တိုင် ချပေး၍…



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း… မွေးနေ့အကြောင်းပြပြီး ဒုက္ခပေးတယ်တော့ မထင်နဲ့ ကိုမင်းနေ…၊ ခင်ဗျားကိုတွေ့ဖို့က ကျွန်တော်လဲ မအား၊ ခင်ဗျားကလဲ မလွယ်တော့…"

"ရပါတယ်"

ဆယ်ယောက်လောက်ထိုင်နိုင်သော စားပွဲရှည်ကြီးမှာ ထိုင်ခုံ တစ်လုံးတည်းသာ အလွတ်ကျန်ပြီး ထိုခုံမှာ မင်းနေရာ က ထိုင်လိုက်၏။

"ကိုမင်းနေရာ လက်ထပ်ပြီးပြီလို့ ကြားတယ်၊ တကယ်လား…"

တစ်ယောက်က ပြင်သစ်ဘာသာစကားနှင့် ပြောသည်။ တစ်ယောက်ချင်း မကြည့်ဖြစ်ခဲ့သဖြင့် စကားသံထွက်လာမှ မျက်လုံးချင်းဆုံ၏။

"ဟုတ်ပါတယ်"

ထိုအခါကျမှ တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲနှုတ်ဆက်ရင်း နာမည်တွေ ပြောဖြစ်ကြ၏။ သူတို့က ကိုယ့်ကို သိနေပြီး ကိုယ်ကတော့ မသိ…။

နိုင်ငံခြားသားသုံးယောက်မှာ နှစ်ယောက်က အမေရိကန်တွေဖြစ်ကာ တစ်ယောက်က ပြင်သစ်လူမျိုး ဖြစ်သည်။

ကျန်တဲ့လူတွေကလည်း နိုင်ငံခြားနှင့် ဖက်စပ်လုပ်ငန်းတွေ ရှိထားကြသော မြန်မာတွေပဲ ဖြစ်ကြ၏။ အားလုံးလိုလိုက အင်္ဂလိပ်လိုပြောရင်း မွေးနေ့နှင့်မသက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းတွေအကြောင်း…၊ ပြီးတော့…

သူ့ရဲ့အိမ်ထောင်ရေးနှင့် လက်ရှိလုပ်ကိုင်နေသည့် စီးပွားရေးက ဘာလဲ…၊ မင်းနေရာ မေးခွန်းတွေကို တတ်နိုင်သမျှဖြေရင်း တစ်မျိုးပြီး တစ်မျိုး ရောက်လာနေသော စားသောက်ဖွယ်ရာတွေကို စားမိလိုက်တာလည်း ရှိ၊ မစားတာလည်း ရှိ…။





"ဇနီး မပါဘူးလား ဦးမင်းနေ…၊ ဟိုတစ်ခါ ဒေါက်တာလှိုင်ဘွား ရဲ့ဒင်နာမှာတုန်းကလဲ တစ်ယောက်တည်းပဲ တွေ့သလားလို့…"

သူ့ကိုသိနေသော မြန်မာတစ်ယောက်က အင်္ဂလိပ်လို ခပ်လေးလေးပြောရင်း မေးမြန်းလာ၏။ သူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်…၊ သူမပါဘဲ သွားလိုက်တာပဲ များတယ်"

"ဦးမင်းနေရာ တို့ဇနီးမောင်နှံ အသက် ဘယ်လောက်ကွာလဲ၊ အမျိုးသမီးက တော်တော်လှတယ်"

"ကျွန်တော် ကိုယ့်အသက်တောင် မှတ်မထားမိဘူး"

"အိုး!…"

"ဒါနဲ့ ကိုမင်းနေရာကို မေးရဦးမယ်၊ အရမ်းလှတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်လိုက်တဲ့အတွက် ဘယ်လိုချမ်းမြေ့မှုတွေများ ရသလဲ၊ ကျွန်တော်ကတော့ လှတာကြောက်လို့ ရွက်ကြမ်းရေကျိုလောက်ကိုပဲ လက်ထပ်ခဲ့တာပါ၊ ဒါပေမယ့် စိတ်မချမ်းသာရဘူးဗျာ၊ စပ်စုတယ် မထင်ပါနဲ့…၊ တကယ် သိချင်တာပါ.."

မြန်မာဖြစ်ပေမယ့် အင်္ဂလိပ်လို လည်လည်ဝယ်ဝယ် ပြောသွားသည့် ကိုထွတ်မြတ် ခေါ် ဗျွန်ကလင်း ဆိုသူကိုကြည့်၍ မင်းနေရာ ပြုံးလိုက်သည်။

တမင်စပ်စုတာဖြစ်ဖြစ်၊ တကယ် သိချင်တာဖြစ်ဖြစ် သူ့ဘက်မှာ မပြောရဲစရာ ဘာမှမရှိ…။

"လှတာကိုပဲ ယူယူ၊ မလှတာပဲဖြစ်ဖြစ် ကိုယ်က ချစ်နေရင် အပြစ် မမြင်ဘူးမို့လား"

"ခင်ဗျားက သူ့ကို ချစ်လား"

"အင်း…"

သူ ခေါင်းညိတ်ပြီး မျက်လုံးတွေ ဇည့်ခံပွဲဆီကိုအရောက်



www.burmeseclassic.com

www.burmeseclassic.com



''ဟိုမှာ ဝင်လာတာ ကိုမင်းနေရာ ရဲ့ဇနီးမို့လား··''

သူ မြင်လိုက်တာနှင့်တစ်ပြိုင်နက်မှာ သူမကို သိသည့် ဘေးက လူနှစ်ယောက်ထံမှ အသံတွေ ထွက်လာကြသည်။ နေရာတကာ ဂရုမစိုက်ဘဲ နေလိုက်လို့ရတာတွေရှိပေမယ့် ဒီနေရာမှာ မှော့် ကို တွေ့လိုက်သည့်အတွက် မင်းနေရာ မျက်နှာတစ်ပြင်လုံး ပူနွေးသွားသည်။

မှော် သည် အနီရောင်သမ်းသော ပုစွန်ဆီရောင်ရင့်ရင့်ကို ပိုးပျော့သားနှင့် ဓာနှစ်ထပ် ဖြစ်၏။ ရင်ဘတ်တစ်ပြင်လုံးမှာ အသားရောင်ကမာအပါးသားနှင့် ပန်းပွင့်တွေ ကပ်တင်ထားသလို ခပ်ကျဲကျဲ ရှိနေသဖြင့် ရိုင်းတော့မရိုင်းပါ··။

ဒါပေမယ့် ရင်ဘတ်ကို အသားရောင်အတိုင်း မြင်နေရသလိုမို့ ပန်းတွေသာ ကပ်မထားခဲ့လျှင်···

''တော်တော်လှတာပဲ ကိုမင်းနေ၊ ကျွန်တော်တို့က ခုမှ သေချာတွေ့ဖူးတာ၊ တကယ် လေးစားတယ်ဗျာ··''

မင်းနေရာ မပြုံးဖြစ်လိုက်ဘူး ထင်သည်။ လိမ္မော်ရောင်ပြေပြေလေးနှင့် ဝင်းနှစ်နေသော မှော့် မျက်နှာလေးကို စိုက်ကြည့်နေမိ၏။

မှော် က တစ်ယောက်တည်းဝင်လာတာဖြစ်ကာ မွေးနေ့ရှင်၏ ဇနီးနှင့်အတူ သူတို့နဲ့ ဘယ်လိုတော်စပ်မှန်းမသိသော မိန်းကလေးနှစ်ယောက်တို့က ဆီးကြိုကြသည်။

သူမ ဘိုင်လိုက်တော့ သူရှိနေသည့်ဘက်ကို ဘေးတစောင်းအနေအထား ဖြစ်သွား၏။

''ကိုမင်းနေရာ နဲ့ ယှဉ်ကြည့်မယ်ဆိုရင်တော့ သူက နည်းနည်းယောက်ဖြစ်တယ်နော်··၊ ဘယ်ပွန်း··ပွန်း··· ခင်ဗျား အလိုလိုက်ထားတာ မြင်ရုံနဲ့ သိသာတယ်ဗျ၊ အဲဒီလောက်တောင် ချစ်တာလား··''

[illegible]ဘာမဟုတ်မှန်း သူ သိသည်။ မျက်ဝန်းတွေကို ရွှေဖယ်





လိုက်ပြီး မစားဖြစ်ခဲ့သည့် စားစရာတွေက ပါးစပ်ထဲ ရောက်လာခဲ့သည်။ အရသာတော့ မသိ··။

မှော့် ကို သူ နားလည်နိုင်သည်။ နေရာတကာအတွက် လွတ်လပ်စွာ နေပါစေဆိုတာလည်း သူကိုယ်တိုင် ကြည်ဖြူစွာ ခွင့်ပြုခဲ့တာပါ။ ဒီထဲမှာ ခုလို တစ်နေရာတည်း နှစ်ယောက် လာဆုံရသည့် မျက်နှာပူစရာအဖြစ်မျိုးတော့ မပါခဲ့ဘူးထင်သည်။

ဒေါသမဟုတ်တာ သေချာပေမယ့် သိမ်ငယ်ခြင်းဆိုတဲ့ ခံစားချက်က နှိပ်စက်လာသည်။ မိန်းမငယ်ငယ်ကိုယူထားပြီး မပြောရက်၊ မဆိုရက်၊ ဒါမှမဟုတ် မပြောရဲမဆိုရဲ ဒီတိုင်းလွှတ်ပေးထားရသည့် ခပ်တုံးတုံး ယောကျ်ားတစ်ယောက်လား··။

''ကဲ·· ကဲ··· ခင်ဗျားတို့ပြီးရင် ကျွန်တော့် အလှည့်နော်၊ ကိုမင်းနေ ကို တိုင်ပင်စရာလေး ရှိလို့···''

''သြော်··· လုပ်ပါဗျာ၊ လာပါ··· ဘာမှတော့ မစရသေးဘူး၊ ဦးရာမ က မွေးနေ့ရှင်ဆိုတော့ ဦးစားပေးရမှာပေါ့''

''ဟာ!··· ပြောင်းပြန်မပြောနဲ့လေ၊ ဒီက ဦးစားပေးခဲ့တာပါ၊ ကိုမင်းနေ ဆီက မွေးနေ့လက်ဆောင်ကို မလိုချင်ဘူး၊ တစ်ခုပဲ ပြောချင်တာ··''

ဦးရာမ က သူ့ဘာသာ နေရာယူလိုက်ပြီး စားပွဲမှာ ဝိုင်းထိုင်သည်။ အားလုံး၏အာရုံတွေက စီးပွားရေးဘက်သို့ ဦးတည်လိုက်ကြပေမယ့် သူ့စိတ်က မှော့် ဆီရောက်လိုက်၊ ရှေ့ပြန်ထားလိုက်··။

စီးကရက်တစ်လိပ် ထုတ်သောက်ရင်း အားလုံးနဲ့ ပြောဆိုနေတာတွေ မမှားအောင် ဂရုစိုက်နေရ၏။ နောက်ထပ် ချက်လုံးရောက်သွားစဉ်မှာ သူ့ဆီ တန်းခနဲရောက်လာသော အကြည့်တစ်ချက်နှင့် ထိပ်တိုက်ဆုံစည်းမိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဖူးအံ့…။

သူကတော့ မင်းနေရာ ကို ဒီနေရာမှာ ရှိနေမှာပဲဆိုတာ သိထားပြီး ဖြစ်ပုံနှင့် စကားပြောမပြဘဲ မျက်နှာလွှဲ၏။ စားပွဲတစ်ဝိုင်းတည်းမှာ ယောကျ်ားနှစ်ယောက်နှင့် မှော်…။

ချစ်ဖူးအံ့ ၏မဲ့ပြုံးကို မှော် ကတော့ မမြင်လိုက်ပေ။ ဂျေမီ က ချစ်ဖူးအံ့ မျက်လုံးနဲ့ပြသည့်နေရာကို လိုက်ကြည့်ပြီး မင်းနေရာ ကို တွေ့သွားတော့မှ ပြုံးကာ…

"ညီမက ကိုမင်းနေရာ နဲ့ အဆင်မပြေဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

"အတူတူမလာကြဘဲလို့လေ…၊ သူ ဒီညစ်ခံပွဲထဲမှာရှိနေတာ ညီမ မသိဘူးလေား"

သိပေမယ့် မသိဟန်ပုံစံနှင့် ခေါင်းခါလိုက်မိသည်။ မွေးနေ့သွား စရာရှိလို့ သူ ခေါ်တာကို မှော် ခေါင်းခါခဲ့၏။ နောက်တော့ ဘာဖြစ် လို့မှန်း ကိုယ့်ကိုယ်ကိုယ်မသိဘဲ ဒီပွဲကိုပဲ လာခဲ့မိသည်။

သူ့ကို ဖိတ်ထားခဲ့သလို ကိုယ့်ကိုလည်း ဖိတ်ထားတာမို့ တစ် ယောက်ကခြားစီ လာသလိုဖြစ်အောင် လုပ်ခဲ့တာက တမင်တကာ…။ ဘာပဲဖြစ်ဖြစ် မင်းနေရာကို သူမဘက်က ထပ်တူညီဖို့ ဘယ်တော့မှ မဖြစ်နိုင်တာကို သိစေချင်တာဖြစ်၏။

ဒီရောက်တော့ မသိမသာ ရှာကြည့်မိသေးသည်။ မင်းနေရာ ကို ဘယ်နေရာမှာမှ မတွေ့ပေ။ ရှာသူကိုမတွေ့ဘဲ မရှာတဲ့သူတွေက ရောက်လာကြသည်။

ဂျေမီ ဆိုသည့်လူက ဒယ့်ဒီမိတ်ဆွေဆိုပြီး ချစ်ဖူးအံ့ နှင့်အတူ သူမ ရှေ့ ရောက်လာ၏။ ပြီးတော့ စပ်စပ်စုစုတွေ ဟိုမေးဒီမေး…။

"ဩော်… ဒီလိုဆိုတော့ ဦးရာမ တို့က လင်မယားနှစ်ယောက်ကို





တစ်ဖက်စီ ဖိတ်မိကြတာ ထင်တယ်"

ဂျေမီ့ အသံကြီး ထွက်လာတော့ ပတ်ဝန်း ငေးသွားမိသည့်မျက်လုံးကို ပြန်သိမ်းကာ မှော် ကြက်သားလုံးကြော်ကို ဖဲ့၍ ပါးစပ်ထဲထည့်သည်။ စကားမပြောချင်လို့ စားသောက်နေရင်း ဘာမှမဖြေဘဲ နေလိုက်၏။

"အန်ကယ်လ်က ပြောတယ်၊ ညီမနဲ့ မင်းနေရာ တို့ သိပ်အဆင် မပြေဘူးဆို…"

"အဲဒါတွေက ရှင်နဲ့ဆိုင်လို့လား ဦးဂျေမီ…၊ ကျွန်မ မရှိင်းချင်ဘူး၊ စကားကို ဆင်ခြင်ပြောပါ"

ဂျေမီ က မျက်နှာပျက်သွားပေမယ့် ချစ်ဖူးအံ့ က ရယ်ကာ…

"ကိုယ်က မင်းအကြောင်းတွေ ပြောပြထားပြီးသားပါ မှော်…၊ မင်း ရိုင်းတာ၊ လွန်တာတွေကို နားလည်ဖို့ဆုံးဖြတ်ပြီးမှ ဒီမှာ ထိုင်ဖြစ်ကြ တာပါ"

"ကဲပါ မင်းတို့ အေးဆေးစကားပြောကြပါ၊ ငါက ငုတ်တုတ်ထိုင် ပြီး ပြောစရာမရှိ ပြောနေရင်း စကားတွေ မှားကုန်တော့မယ်၊ တော်ကြာ အနှောင့်အယှက်ဖြစ်ဦးမယ်"

ဂျေမီ က ရေခဲမုန့်ဖန်ခွက်လေးကို ကိုင်လျက် တခြားစားပွဲကို ထပြောင်းသွား၏။ ချစ်ဖူးအံ့ က စားပွဲပေါ်မှာ တံတောင်နှစ်ဖက်ထောက် တင်၍ လက်ပိုက်သလိုနေကာ မှော့် ကိုပဲ ရွှန်းရွှန်းစားစား ကြည့်နေ၏။

"စေ့စေ့မကြည့်မိအောင် နေတာပဲ မှော်…၊ ဒါပေမယ့် မင်း အရမ်းလှတယ်၊ ကြည့်လိုက်မိရင် သံလိုက်နားကိုရောက်သွားတဲ့ သံမှုန့် လေးလို ဖြစ်သွားတယ်၊ ဒီပွဲတစ်ခုလုံး မင်းရဲ့အလှကြောင့် တခြားသော အလှအပတွေ မျောလွင့်ပျက်စီးကုန်ပြီ ထင်တယ်"

"ဒီမှာ…"

"ဟင်!…"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မြန်မာလူမျိုး မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"ယောက်ျားရှိတဲ့ မိန်းမတစ်ယောက်ကို ကံသုံးပါးစလုံးနဲ့ ပြစ်မှားဖို့ ကြိုးစားနေတာ ရှင် မရှက်ဘူးလား"

"ကိုယ်က ဗုဒ္ဓဘာသာ မဟုတ်ဘူး"

မော့် မျက်ဝန်းလေးတွေ စူးရဲသွား၏။

"တိရစ္ဆာန်ကလွဲရင် ဖောက်ပြန်တဲ့အလုပ်ကို ရှက်ရမှန်း ဘယ်လူမျိုးမဆို သိတယ်"

ဒီတစ်ခါ ချစ်ဖူးအံ့ မရယ်နိုင်ဘဲ ဖြစ်သွား၏။

"ကိုယ့်ကို အဲဒီလောက် အထင်မသေးနဲ့ မော်..၊ ဒီနေရာမှာ မင်းသာမဟုတ်ခဲ့ရင် ကိုယ့်လိုလူက..."

"ကျွန်မကလဲ ဘယ်ယောက်ျားကိုမဆို အထင်မကြီးတတ်တဲ့မိန်းမဖြစ်နေတော့၊ ရှင် ကျွန်မကို နတ်သမီးလောက် လုပါတယ်ပြောလဲ ကျေးဇူးတင်မှာ မဟုတ်ဘူး"

"မင်း ကျေးဇူးမတင်တတ်တာကို သိတယ်၊ ကျေးဇူးကန်းတတ်တဲ့ မိန်းမဆိုတာကိုလဲ သိတာပဲ"

ချစ်ဖူးအံ့ မျက်နှာက အေးစက်သည့်အငွေ့အသက်တို့ ဖုံးလွှမ်းကာ စကားသံက ပြောနေရင်း တိုးလျှသွားခဲ့၏။

"နေရာတကာကို အကောင်းမြင်ဝါဒနဲ့မကြည့်ရင် မင်းကိုလဲ ဘယ်သူကမှ အကောင်းမြင်ကြမှာ မဟုတ်ဘူး မော်..၊ မြန်မာလူမျိုးနဲ့ ဗုဒ္ဓဘာသာကို မင်း မြတ်နိုးတတ်တယ်ဆိုပြီး ကျေးဇူးကန်းဖို့ ဝန်မလေးတတ်တာလဲ အံ့သြစရာပဲ"

မော် ကတော့ သူ့လို တိုးတိုးကြိတ်ကြိတ်လေး ရန်ဖြစ်ဖို့အတွက် မျက်နှာကိုလည်း ရှေ့မတိုး၊ လေသံကိုလည်း မလျှော့ပါ။ သူ့လိုပဲ





လက်ပိုက်သလို တံတောင်နှစ်ဖက်ကို စားပွဲပေါ် ကွေးတင်လိုက်ကာ...

"ဟုတ်တယ်..၊ ကျေးဇူးချည်းပဲ တင်တတ်နေရင် ကလိမ်ကကျစ် အောက်တန်းကျကျနဲ့ သူများချည်တုပ်တာ ခံရမှာ၊ ခံရမှာစိုးလို့ ကျေးဇူးကန်းတတ်အောင်လဲ လေ့ကျင့်ထားရတယ်၊ မိဘက မျက်လုံးနှစ်လုံး ထည့်ပြီး မွေးပေးလိုက်ရဲ့သားနဲ့ တစ်မျိုးတည်း၊ တစ်ခုတည်းပဲ မြင်တတ်နေလို့ ဘယ်ဖြစ်မလဲ၊ ရှင် ကျွန်မရဲ့အလှတွေကိုပဲ ကြည့်နေမယ့်အစား ကျွန်မ ဘယ်လိုလူမျိုးလဲဆိုတာကိုပါ၊ သိဖို့ကောင်းတယ်၊ တစ်ဖက်ကန်း မဟုတ်ဘူးဆိုရင်ပေါ့"

ချစ်ဖူးအံ့ က စူးစူးရဲရဲကြည့်နေရင်းကနေ ကောက်ကျစ်စွာပြုံး၏။ ခဏလေးပဲဖြစ်ကာ သွားတွေပေါ်အောင် ရယ်ပစ်လိုက်၍...

"မင်း မှန်ပါတယ်၊ ဒါပေမယ့် တို့လဲ မမှားဘူးနော်၊ အချစ်နဲ့ပတ်သက်ရင် စုံလုံးကန်းသွားတတ်ကြတယ်၊ အဲဒါတွေ ထားလိုက်ပါ၊ တကယ်ဆို တို့က မင်းရဲ့ဘောင်ချာဟောင်းတစ်ခုကိုတောင် ကိုင်မထားနိုင်ခဲ့တဲ့သူပါ"

အခြေအနေက အဆိုးရွားဆုံးကို ညွှန်ပြနေပြီးမှ ညံ့သက်ခြင်းသို့ ပြန်ရောက်သွား၏။ မော် က ဟိုဒီလိုက်ကြည့်ရင်း သူများတွေ သိနေကြပြီး သူမကတော့ မတွေ့သည့်အဖြစ်ကြောင့် မင်းနေရာ ကို ပေါ်ပေါ်တင်ကင်ပဲ လိုက်ရှာကြည့်လိုက်မိသည်။

တစ်နေရာ ထောင့်တစ်ထောင့်မှာ သူမ လှမ်းတွေ့လိုက်ရ၏။ ခုနစ်ယောက်၊ ရှစ်ယောက်လောက်ရှိသော လူတွေထဲမှာ မင်းနေရာ..။

အားလုံးလိုလိုက ကုတ်အင်္ကျီအနက်တွေပဲဖြစ်ကာ အတွင်းခံ ရှပ်အင်္ကျီအဖြူတွေမို့ စပို့ရှပ်လည်ကပ်အနက်၊ ကုတ်အင်္ကျီအနက်နှင့် သူ့ကို ထင်းခနဲ တွေ့လိုက်ရ၏။

တို့ပြင် အနည်းငယ် ရှည်ချင်နေပြီဖြစ်သည့် ဆံပင်တွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကုတ်ပေါ်ထိ ဆင်းနေကာ မျက်နှာတစ်ပြင်လုံးသည် နဖူးကနေ အပြောင် သိမ်းလှန်ထားသည့်ပုံနှင့်ဆိုတော့ ဗီလိန်ဆန်ချင်၏။

သူ့အရပ်အမောင်း၊ လေးထောင့်ဆန်သောမျက်နှာနှင့် နူးညံ့နေသည်မရှိတတ်သော အကြည့်များက သူ့ကို ချောမွေ့ခံ့ညားစေသည့် ယောကျ်ားအဖြစ်ကို ရပ်တည်ခွင့်မပြုခြင်းလား..။

မော့် ကတော့ ထိုပုံစံ၊ ထိုမျက်နှာကို သေချာစိုက်ကြည့်ပြီးမှ မျက်နှာလွှဲမိသည်။ သူ့နေရာကနေ မော့် ကို သူတွေ့နေရမှာပါ၊ ခုတော့ စကားပြောမပျက် တစ်ချက်လေးတောင် မျက်လွှာပင့်မကြည့်ခဲ့တာ တမင်တကာလား..။

ဒါမှမဟုတ် အကြည့်တစ်ချက်အတွက်လေးတောင် မအားလပ်တာလား..။ ကိုယ့်ဘက်က တမင်တကာတွေ ရှိခဲ့တာပေမယ့် သူ့ကိုတော့ ဒီလိုလုပ်ခွင့် မပြုချင်..။ မကျေနပ်စိတ်တွေ ဖြစ်လာခဲ့၏။

ကိုယ့်ရှေ့မှာ ချစ်ဖူး ကို မလိုလားစွာရှိနေရင်းကနေ လိုလားစွာ ရှိနေခြင်းသို့ ပြောင်းလဲရန် ချက်ချင်း ဆုံးဖြတ်ချက် ဖြစ်သွားသည်။

ဒီလိုမိုက်မဲဖို့ သူမ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးပါ။ ဒါပေမယ့်...

"မော့် ဘာမှလဲ ဟုတ်တိပတ်တိ မစားဘူး၊ ဘာဖြစ်လို့လဲဟင်..၊ ကိုယ် ဘာယူပေးရမလဲ"

ချစ်ဖူးအံ့ ကလည်း လျင်သည်။ မော့် မျက်လုံးတွေ ခဏအတွင်းမှာပဲ တရှပ်ရှပ် ပြေးလွှားပြောင်းလဲနေတာကို အကဲခတ်ပြီး အလိုက်အထိုက်ဖြစ်ဖို့ ကြိုးစား၏။

"ကျွန်မ ရေသောက်ချင်တယ်"

"သြော်... ဟုတ်တယ်၊ ရေခဲမုန့်တွေ ချပေးပြီး ရေ မပါသေးဘူး"

ချစ်ဖူးအံ့ ပျာယာခတ်အောင် လှုပ်ရှားသည်။ သူကိုယ်တိုင် ဖန်ခွက်ထဲကိုထည့်ပြီး နှုတ်ခမ်းဖျားထိ ပို့ပေးတော့မတတ်..။





ထိုစဉ် မင်းနေရာ တို့ လျှောက်လာကြတာ အလယ်လမ်းနားမှာ ရှိနေသည့် မော့် တို့စားပွဲဘေးမှာ ခဏရပ်၍...

"မင်း ပြန်လိုက်တော့မလား..."

မော့် ဖျတ်ခနဲ မော့ကြည့်၏။ မင်းနေရာ ဘေးမှာ မွေးနေ့ရှင်နှင့် သူမ မသိသော ယောကျ်ားတစ်ယောက်..၊ မျက်ဝန်းထဲက မကျေနပ်ချက်တွေကို ချက်ချင်းဖြေချလိုက်ပြီး ခေါင်းခါလိုက်တော့ တစ်ဖက် တည်းပန်ထားသည့် အနီရောင် နားဆွဲရှည်က တဖျပ်ဖျပ် လှုပ်ယမ်းသွား၏။

"မပြန်သေးဘူး"

ရေငွေ့တွေ ဖြန့်ခင်းပြီး မှုန်နေသောဖန်ခွက်ကို အချိုရည်သောက်သလို နှုတ်ခမ်းလွှာတို့မှာ တေ့ကပ်ထားပြီး တစိမ့်စိမ့် မျိုချနေသည်။

မင်းနေရာ က ချက်ချင်း ထွက်မသွားသေးဘဲ သူမကို မျက်မှောင် တစ်ချက်တွန့်သွားရင်း စိုက်ကြည့်သည်။ ဒါပေမယ့် အားလုံး လှမ်းကြည့် နားစွင့်နေကြသည်မို့ ခေါင်းညိတ်လိုက်၏။

"ဒါဆို ကိုယ် ပြန်နှင့်မယ်"

မော့် က မော့မကြည့်ဘဲ ခေါင်းညိတ်သည်။ လင်မယားနှစ်ယောက်၏ သင့်မြတ်ပြေလည်မှုကို လူအများက နားလည်သွားကြလိမ့်မည်။ မင်းနေရာ ဘယ်လိုမှ ဟန်ဆောင်ထားလို့မရဘဲ နှုတ်ခမ်းတွေ ဖိပိတ်ထားရင်း ထိုနေရာမှ ထွက်ခဲ့မိသည်။

"တစ်ခါတည်းပါအောင် ပြန်ခေါ်ပါလား ကိုမင်းနေ၊ ညမှုညတာ သူတစ်ယောက်တည်း..."

"အေးလေဗျာ..၊ ငယ်သူဆိုတာ မှားတတ်တယ်၊ နေရာတကာ အလိုမလိုက်ပါနဲ့၊ စိတ်တော့ မဆိုးနဲ့နော်၊ အိမ်ထောင်သည်ချင်းဆိုတော့ နားလည်လို့ အကြံသေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ပြုံးပြနှုတ်ဆက်ရင်း ကားပေါ်တက်သည်။ မီးရောင်စုံများနှင့် လှချင်တိုင်းလှနေသော မှော့် မျက်နှာလေးကို မြင်ယောင်ကာ သော့ကို တပ်ထားပြီးမှ မလှည့်ဖြစ်ဘဲ မွေးနေ့ပွဲဆီ မျက်လုံးတွေ ထပ်ရောက်သွားခဲ့၏။

နာရီကြည့်လိုက်တော့ ည ကိုးနာရီတိတိ..။

မျက်နှာတစ်ဖက်တည်းမှာ ဆံပင်တွေ ခပ်ပျော့ပျော့ ဖြိုးဆင်းနေလျက် တစ်ဖက်ဆံပင်တွေကို သိမ်းလှန်ထားသော မှော့် မျက်နှာစောင်းလေးကို မြင်လာပြန်သည်။

ဆံပင်မှာကပ်ထားသည့် ကလစ်တွဲနှင့် နားဆွဲက တင်ဒကာတည်းလို တလှုပ်လှုပ်နွဲ့ခါနေတာ ပခုံးထိတောင် ရောက်ချင်သည်။

နှုတ်ခမ်းလွှာတို့မှာ ဝတ်စုံနှင့်အရောင်တူ ဖူးအိနီမြန်းလျက်..။

သူ မျက်လုံးတွေကို မှိတ်ပစ်လိုက်ပြီး စက်နှိုးသည်။ ရက်ရက်စက်စက်လှနေသည့် သူမကို ရှေ့ကနေ ထိုင်ငေးပြီး ဘယ်ယောကျာ်းက မပြစ်မှားဘဲ နေမှာလဲ..။

ချစ်ဖူးအံ့ ဆိုသော လူငယ်၏ မျက်လုံးတွေကို သူ နားလည်သည်။ လောလောဆယ် အရိုင်းဆန်နေသည့် မှော့် ဘေးနားက တစ်နေရာကို သူသာ ပိုင်စိုးခွင့်ရထားသည့် အောင်နိုင်သူအပြုံးမျိုးနှင့်။ သူမကို သူ အထင်မသေးပါ။ သူမ၏နှစ်သက်လိုလားမှုကို ရရှိလာအောင် သူ့ဘက်မှာ ကြိုးစားဖို့ အချိန်မရှိခဲ့တာကိုဘဲ အားမလိုအားမရ ဖြစ်ခဲ့သည်။

တကယ်လို့ သူက ကြိုးစားခဲ့ရင်ရော သူမက အလွယ်တကူ ကြည်ဖြူပါ့မလား..၊ မှော် ထင်နေသလို အလုပ်တစ်ခုကလွဲပြီး ဘာမဆို ဥပေက္ခာထားလိုက်နိုင်တဲ့စိတ်မျိုး သူ့မှာ မရှိတာကတော့ သေချာပါ၏။

မှော့် ကို သူ နေချင်သလို နေခွင့်တော့ မပေးနိုင်..။ ဒါပေမယ့်





သူမကို စည်းရုံးဖို့၊ ချော့မော့ဖို့လည်း သူ့မှာ အချိန်မပေးနိုင်ခဲ့ရာ...

ကားက နောက်ကို တလှုပ်လှုပ်တိုးဆုတ်ရင်း ပြန်မည့်လမ်းကို ဦးတည်ပြီး ဖြစ်သွားသည်။ သူ့စိတ်တွေက ကားနှင့်အတူ မပါခဲ့ပေ..။

မှော့် မျက်ဝန်းလေးတွေကလည်း တစ်ချက်မှ မရွေ့လျားဘဲ ရေတစ်ဝက်ကျတဲ့အထိ တည်တည်ငြိမ်ငြိမ်လေး သောက်နေပြီးကာမှ...

"ကျွန်မ ပြန်တော့မယ်"

"ပြန်မယ်..၊ ဟာ!... မှော် ကလဲ ဟိုလူနဲ့ မလိုက်ဘူးဆိုတော့ ကိုယ်က အေးဆေးထိုင်ဦးမယ်ထင်တာ..."

မှော် က သူ့စကားကို ဂရုမစိုက်ဘဲ မွေးနေ့ရှင်မိသားစုကို နှုတ်ဆက်ဖို့ မတ်တတ်ရပ်လိုက်၏။

"သူတို့ ဟိုထောင့်ရောက်နေကြတယ် မှော် ရဲ့..၊ ပြန်သွားရင်း နှုတ်ဆက်လို့ ရတယ်၊ လာ..."

ချစ်ဖူးအံ့ က မှော့် လက်ကလေးကို အမှတ်မထင် ဆုပ်ကိုင်ပစ်လိုက်၏။ မှော် ရုတ်တရက်မို့ ငေးခနဲ ဖြစ်သွားသည်။ ရှက်သည့်စိတ်တွေ ဟုန်းခနဲ ခုန်ထလာပေမယ့် လူဘုံအလယ်မှာမို့ လက်ကိုပဲ ဆောင့်ရုန်းပစ်လိုက်ကာ...

"ဖယ်စမ်း..."

သူက မှော် ရုန်းလိုက်တာကို အံ့ဩစရာတစ်ခုလို လှည့်ကြည့်ပြီးမှ ပြုံး၏။ မှော် က ထိုမျက်နှာကို အံကြိတ်ထား၍ စိုက်ကြည့်နေရင်း...

"ကျွန်မအတွက် အန္တရာယ်ကြီးမားနေပြီဆိုရင်တောင် စောင့်ရှောက်ပေးဖို့အတွက် ယောကျာ်းမလိုဘူး ချစ်ဖူးအံ့၊ ခွေးတစ်ကောင်လောက်ဆို ဖြစ်တယ်"

မှော် ချာခနဲ နောက်ပြန်လှည့်သည်။ ဘယ်မျက်နှာကိုမှ မကြည့် ဘယ်သူ့ကိုမှ မနှုတ်ဆက်ဘဲ လမ်းကလေးအတိုင်း ပါကင်ဆီ ထွက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြန်သည်။

တစ်သက်မှာ မခံစားခဲ့ဖူးသည့်ဒေါသအမျိုးအစားတစ်ခုက ရင်ထဲကို ပြင်းရှစွာ နှိပ်စက်နေ၏။ "မင်း ပြန်လိုက်တော့မလား" တဲ့..။ ဒီလိုမေးခွန်းမျိုးတွေ ရှင် မေးခဲ့တာ နှစ်ခါရှိပြီ မင်းနေရာ..။

ကျွန်မ ဘယ်လို တုံ့ပြန်ခဲ့သလဲဆိုတာလည်း ရှင် သိတယ်။ မျက်ရည်က မြင်ကွင်းကို ဝေဝါးသွားစေခဲ့သဖြင့် မျက်နှာလေးမော့၍ မျက်တောင်တွေ ဖိခတ်ပစ်မိ၏။ သူမ လိုချင်တာက ကိုယ့်ကြောင့် သူ စိတ်ဆင်းရဲပါစေဆိုတဲ့ ဆန္ဒတွေမပါ။ သူ့ကြောင့် ကိုယ် ဘယ်တော့မှ ထိခိုက်ခံစားမှာ မဟုတ်ဘူးဆိုတာကို သိစေချင်တာပဲ ဖြစ်သည်။

သူဟာ သိပ်တော်တဲ့ယောကျ်ားတစ်ယောက် ဖြစ်နေခြင်းဖြင့် ဒီယောကျ်ားကို အထင်စာကြီး မကိုးကွယ်နိုင်..။ သူ တော်သလို ကိုယ် မညံ့တဲ့မိန်းမမျိုး ဖြစ်ရမည်။

မင်းနေရာကို သူမ ဘယ်တော့မှ ကျေလည်သည့်အမြင်မျိုးနှင့် ကြည့်ဖြစ်မှာမဟုတ်တာ သေချာနေသည့်အချက်သည် သူဟာ ဒက်ဒီလိုပဲ တစ်ကိုယ်ရည် ထူးချွန်ထက်မြက်နေသည့်ယောကျ်ား ဖြစ်နေခြင်းကြောင့်...

"ဒုန်း..."

ကားက ချိုင့်ခေါင့်သလို တစ်ချက်ခါသွားပြီး တုံ့ခနဲ ထိုးရပ်သွား၏။ ထပ်နိုးကြည့်ပေမယ့် လုံးဝ နိုးမလာတော့ကာမှ ဆီဂိတ်ကို ကြည့်လိုက်မိ၏။ ကားထဲမှာ ဆီတာခ်စက်မှ မရှိတော့။ ဒါ မဖြစ်နိုင်ပေ..။ ဒက်ဒီနှင့် နေစဉ်ကတည်းက ကားနှင့်အပြင်ထွက်ခါနီးတိုင်း ဆီရှိ၊မရှိ စစ်ကြည့်တတ်သည့်အကျင့်ကို ဒက်ဒီဆီကနေ သူမ ရခဲ့သည်။

ကားစက်နိုးပြီးတိုင်း ဆီဂိတ်ကို ကြည့်တတ်သည့် မျက်လုံးက အကျင့်ပါပြီးသား..။ ကားထဲမှာ ဆီရှိနေသည်။ ဟိုနှင့် ဒီခရီးလောက်ကို





ဆီကုန်ဖို့ မဖြစ်နိုင်မှန်း တွေးမိရင်း ဘာကြောင့် ဆီကုန်သွားသလဲဆိုတာထက် ညနှင့် ပတ်ဝန်းကျင်ကို စိတ်က အရင်ရောက်သွားသည်..။

မွေးနေ့အိမ်နှင့် အလှမ်းကွာလာပြီဖြစ်ကာ အိမ်ရောက်ဖို့က အဝေးကြီး လိုသေးသည်။ ညဘက် အပြင်မထွက်ဖူးသည်မို့ အမှောင်ထုကို ထိတ်လန့်စိတ်က ချက်ချင်းဖြစ်ခဲ့၏။

ဒီပွဲထဲမှာ မင်းနေရာ ရှိနေသည်ဆိုသောအသိနှင့် သူမ လာခဲ့တာဖြစ်သည်။ အတူတူမလာဖြစ်ခဲ့ခြင်းကိုပဲ လိုချင်တာဖြစ်လျက် အပြန်မှာတော့ သူနဲ့ကိုယ် အတူတူပဲဖြစ်မှာကို သေချာပေါက် တွက်ထားခဲ့၏။

ဒါဟာ သူ့အပေါ်မှာ ကိုယ်သာ အမြဲတမ်း အနိုင်ရနေမည်ဆိုသည့် အတိတ်နှင့်ဆိုင်သော စွဲလမ်းချက်တစ်ခု ဖြစ်သည်။

သူ ဘာဖြစ်ဖြစ် ကိုယ့်ကို တွေ့လိုက်ရင်တော့ အနားရောက်လာရမည်။ အတူတူပြန်ကြဖို့ပဲ ဖြစ်လာရမည်ဟု ထင်ခဲ့သမျှဟာ...

"တီ..."

မော့် ကားပေါ်မှာ တောင့်မတ်စွာရှိနေဆဲ ကားမီးရောင်တစ်ခုက ပတ်ဝန်းကျင်ကိုပါ လင်းထိန်သွားစေခဲ့ပြီး...

"ကားပျက်နေတာလား မော့်..."

ဘေးမှာ ကားထိုးရပ်ပြီး ချစ်ဖူးအုံ့ ၏မျက်နှာကို မြင်လိုက်ရလျှင် မော့် အားလုံးကို နားလည်သွားသည်။ ဖြူနုသော မျက်နှာချောချောနှင့် ကော်ရောင်စပို့ရှပ်ပေါ်မှာ အဖြူရောင်လက်ရှည်ခေါင်းစွပ်ပါသော အပေါ်ယံအင်္ကျီ ဝတ်ထားသည်မို့ ချစ်ဖူးအုံ့ ပုံစံက မင်းသား ရှုံးလောက်သည်။

မွေးနေ့ပွဲမှာ အပြုံးအရယ်တွေကို မှန်းတီးစွာ စေ့စေ့မကြည့်မိသလောက် အခု ကြည့်မိတော့လည်း သူ ချောနေတာတွေက ရှုံစရာပဲ ဖြစ်ခဲ့၏။

ကားပေါ်က ဆင်းလာပြီး မော့် ဘေးမှာ လာရပ်ကာ...



www.burmeseclassic.com

"တို့ မင်း တစ်ယောက်တည်းပြန်သွားတာကို စိတ်ပူလို့ လိုက်လာတာ"

"ဒီနေရာအရောက်မှာ ဆီကုန်အောင် လုပ်ထားခဲ့ပြီး ကွက်တိရောက်လာတာလို့ ပြောစမ်းပါ"

မှော် က နောက်ထပ် အနားရောက်လာကြသည့်ယောက်ျားတွေကို တစ်ယောက်စီလိုက်ကြည့်ပြီး မဲ့၏။

"ငါ့အတွက် ဘာမှမလိုဘူးလို့ ပြောခဲ့ပြီးသား၊ နင်တို့ ကိုယ့်လမ်းကိုယ်သွားကြ‥"

"မှော် ရယ်…"

ချစ်ဖူးအံ့ မျက်နှာက အံ့ဩသွားတာရော မှော့် မျက်နှာလေးကို တပ်မက်စွဲလမ်းစွာနှင့်ရောကာ စူးစူးငေးငေးကြည့်၏။ ပြီးတော့ မှန်ခြားထားသည့်အဖြစ်ကို မေ့နေသလို သူ နှာတံထိပ်ဖျားနှင့်နှုတ်ခမ်းတွေပါ မှန်မှာထိကပ်သွားအောင် ရှေ့တိုး၍…

"မာနကြီးလှချေလား မှော်‥၊ အဲဒီလို မာနတွေရယ်‥၊ ဘယ်ကောင်မှ မထိမတို့ခဲ့ဖူးတဲ့ မင်းရဲ့နှုတ်ခမ်းလေးတွေရယ် အားလုံး အားလုံးကို ကိုယ် သိမ်းကျုံးအပိုင်စီးပြီး တစ်လောကလုံးကို မေ့သွားအောင် ရင်ခုန်ချင်လိုက်တာ၊ တကယ် အရမ်းချစ်တယ်‥၊ မုန်းပြနေတာကိုပဲ ချစ်နေတာ၊ ရွံ့ရှာစွာ စိုက်ကြည့်နေမှန်းသိရက်နဲ့ မြတ်နိုးချင်တာ…"

"တောက်…"

မှော် ဒေါသတွေ ရှူးရှူးဒိုင်းဒိုင်း ထ,ဖြစ်ကာ တံခါးလော့ခ်ကို ဖြုတ်ချလိုက်ပြီး သူ့ကိုယ်ကြီးပါသွားအောင် အားရှိသမျှနှင့် ဖိတွန်းပစ်လိုက်၏။

တံခါးနှင့်အတူ ယိုင်ထွက်သွားခဲ့သည်။ ဒါပေမယ့် မှော် တံခါးပြန်ပိတ်လို့မရတော့ပေ‥။





"ဘာလုပ်တာလဲ‥၊ တိရစ္ဆာန်ကောင် လွှတ်စမ်း"

"စိတ်တော့ မကောင်းပါဘူး၊ ဒါပေမယ့်…"

"အား…"

ချစ်ဖူးအံ့ က တံခါးကို ပွင့်ထွက်သွားအောင် ဆွဲထားလိုက်ပြီး မှော့် ကို ကားပေါ်ကနေ ဆွဲချပစ်၏။

ထို့နောက် တံခါးကို ပြန်ဆောင့်ပိတ်လိုက်ကာ…

"လူယုတ်မာ နင် ငါ့အံ့သားကို မထိနဲ့နော်‥"

ချစ်ဖူးအံ့ အပြင် တခြားလူနှစ်ယောက်က မှော့် လက်တွေကို ဆွဲချုပ်ကာ ကားဘော်ဒီနှင့် ဖိကပ်ထားလိုက်၏။ ဘယ်နှစ်ယောက်မှန်းမသိသော ယောက်ျားတွေအလယ်မှာ မှော် ဘာမှမတတ်နိုင်‥။

"ဒီအဆင်ကောင်းတယ် ချစ်ဖူး၊ မင်း လိုချင်တာ ယူလိုက်‥"

"ချစ်ဖူး မင်း ငေးနေတာနဲ့ ကျော်နပ်လိုက်ချင်လို့လား"

"လုပ်လေ‥"

စကားလုံးတွေက ကြမ်းတမ်းလွန်းသည်။ နားတွေထဲမှာ သံပူရည်လောင်းချလိုက်သလို စီးဝင်သွားလျက် ချစ်ဖူးအံ့ မျက်နှာကြီး ရီဝေငေးမောရင်း ရှေ့တိုးလာတာကို ဖိချုပ်ခံထားရသည့်အဖြစ်နှင့် ကြည့်နေရင်း အရှက်သိက္ခာကြောင့် အကြောက်တရားကို မေ့သွား၏။

"တိရစ္ဆာန်ကောင်‥၊ ကဲ…"

သူ့မျက်နှာ ကပ်လာသည်နှင့် ခေါင်းနဲ့ ပစ်တိုက်ပစ်လိုက်၏။ နောက်ပြန်လန်ထွက်သွားသည်။ ထိုစဉ်မှာ ကားမီးရောင်တစ်ချက် ဝင်းခနဲ လက်သွားသော်လည်း မှော့် မျက်လုံးထဲမှာ မီးပွားတွေ ဖြာထွက်သွားခဲ့ပြီး အားလုံးက မှောင်အတိ‥။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၀]

"ပြန်ခေါ်သွားပါ"

"ကျွန်တော်တို့က ကူညီမလို့..၊ သူက မိုက်ရိုင်းနေတာနဲ့ ဒေါသတွေ ပါကုန်တာ.."

လူငယ်တွေ တစ်ယောက်တစ်ခွန်း ပြောကြပေမယ့် နောက်ဆုတ်ပေးသွားသည်။ ချစ်ဖူးအံ့ ကတော့ သွေးစီးကျနေသည့်နှာခေါင်းကို ဖိအုပ်ထားလျက် မော့် ကို သူ ပွေ့ခေါ်လာတဲ့အထိ စူးစိုက်ကြည့်နေပြီး ဘာမှဝင်မပြောဘဲ နေ၏။

အဖြစ်က ဒီလောက် မရိုးသားနိုင်ဘူး ထင်သည်။ ယောကျ်ားလေးတွေ၊ ခြောက်ယောက်၊ ခုနစ်ယောက်ရှိနေကြသည့်ထဲကနေ မော့် ကို ဘယ်လို ပြန်ရအောင်ယူရမလဲဆိုသည့် အတွေးတွေမဆုံးလိုက်ခင် သူ့ကိုမြင်တာနှင့် အားလုံးက လမ်းဖွင့်ပေး၏။

အစကတည်းကလည်း မကျေနပ်ခဲ့..၊ ချစ်ဖူးအံ့ ဆိုသည့်လူရွယ်မှာလည်း မော် ကြောင့် သွေးထွက်သံယိုတွေ ဖြစ်လာသေးသည်။

အကြောင်းကြောင်းကြောင့် ထိုးကြိတ်တိုက်ခိုက်ရတာတွေ မဖြစ်ခဲ့ရင်တောင် ဒီလို အဆင်ပြေစွာ ပြီးဆုံးသွားဖို့မလွယ်..။ သတိလစ်နေဆဲ





မော့် ကိုယ်လေးကို သူမ အိပ်ရာထက်မှာချသိပ်လိုက်ပြီး နဖူးဆံစလေးတွေကို တယုတယ ပွတ်သပ်ပေးမိ၏။ ထိုအခါ နဖူးပြင်မှာ ညိုညစ်ညစ်ဒဏ်ရာလေးနှင့် အနည်းငယ်ရောင်နေတာကို မြင်ရကာ ထိုနေရာလေးပေါ်မှာ သူ့လက်ဝါးနှင့် အသာလေး ဖိကပ်ထားလိုက်မိသည်။

သူ မှားသွားခဲ့သည်။ မော့် ကို သူ တစ်ခါတည်းပြန်ခေါ်ဖို့ သင့်ပါလျက်နှင့် သူမရဲ့စိတ်ကူးတစ်ချက်အပေါ်မှာ ငဲ့ညှာလိုသည့်အတွက်ကြောင့် ထားပစ်ခဲ့မိသည်။

ကိုယ်ခေါ်တုန်းက မလိုက်ခဲ့ဘဲ တစ်ယောက်တည်းရောက်လာပြီး ချစ်ဖူးအံ့ နဲ့ဆုံနေတာကိုတွေ့လိုက်သောအဖြစ်မှာ သူ ဟိုဟိုဒီဒီ တွေးလိုက်မိတာဖြစ်၏။

မော် ဟာ ဒီလိုမိန်းကလေးမဟုတ်နိုင်တာကို သိသည်။ သူမသည် ယောကျ်ားတစ်ယောက်၏ ချုပ်ကိုင်စိုးမိုးခြင်းကို မုန်းတီးတဲ့ စိတ်ရိုင်းလေးတွေရှိနေသည်မှလွဲ၍ အပျော်အပါးလွန်ကျူးလိုတာလည်းမဟုတ်။ ဖောက်လွဲဖောက်ပြန်အကျင့်စရိုက်မျိုးလည်း မရှိပေ..။

ဒါကိုနားလည်နေသားနှင့် မော် ဘယ်လိုဖြစ်ချင်နေသလဲဆိုသည့် သူမအလိုကို လိုက်ချင်သောစိတ်ကြောင့်...

"အား!... ကျွတ်.. ကျွတ်..."

"မော် သတိရပြီလား"

မော့် ကိုယ်လေး တွန့်သွားကာ မျက်နှာလေးတစ်ပြင်လုံး ရှုံ့မဲ့သွား၏။

"မော်.."

သူ မော့် လက်ဖျားလေးကိုဆုပ်ကိုင်ထားလိုက်ပြီး လှုပ်နိုးမိသည်။ မော့် မျက်လုံးတွေ ပွင့်လာ၏။ သူ့ကိုမြင်လိုက်သည်နှင့် မျက်လုံးက အိပ်ခန်းထဲကိုဝေ့သွားကာ ချက်ချင်းထ,ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မော် ကိုယ့်ကိုခွင့်လွှတ်ပါ..၊ မင်းကို..."

သူ့စကားမဆုံးခင် မော့် လက်တစ်ဖက် မြှောက်တက်သွား၏။ အနီးကပ်ရိုက်ချလိုက်သော ဖြန်းခနဲ ထိခွတ်သံနှင့်အတူ သူ့မျက်နှာ စိုက်ခနဲ လည်သွားသည်။

"မင်း..."

မိန်းမတစ်ယောက်က ပါးရိုက်လိုက်သည်ဆိုသောအသိမှာ ရှက်သည့်စိတ်က နာကျင်တာထက်ဆိုး၏။ သူ နားလည်ခွင့်လွှတ်ဖို့ ကြိုးစားသည့်ထဲမှာ ပါးရိုက်ခံဖို့ထိတော့ မပါခဲ့ပေ..။

သူမ ပခုံးနှစ်ဖက်ကို ဖျစ်ဆုပ်ဆောင့်ခါလိုက်ပြီး လက်ကို အားကုန်လွှဲပစ်လိုက်မိသည်။ သို့သော် မော် မျက်လုံးတွေကို မိုတ်ပစ်လိုက်ကာ ပါးတစ်ဖက်ထိုးပေးလိုက်သည့်မြင်ကွင်းကြောင့် မြှောက်ထားမိသည့်လက်က လေထဲမှာ ရပ်တန့်သွားခဲ့၏။

မော်သည် နှုတ်ခမ်းလေးကိုဖိပိတ်ထားရင်း အတင်းမိုတ်ထားခဲ့သည့်မျက်ဝန်းမှာ မျက်တောင်ဖျားတို့က လှုပ်လီလှုပ်လဲ့ကော့ညွတ်နေခဲ့သည်။ ရှိန်းမြဝင်းမွတ်နေသည့်ပါးပြင်လေးက မီးရောင်အောက်မှာ ထင်လင်းနေလျက်...

"တောက်.."

သူ့လက် တွဲလွဲပြုတ်ကျသွားခြင်းသို့ရောက်ခဲ့ပြီး မွေ့ရာစွန်းမှာ ထိုင်နေရာကနေ မတ်တတ်ရပ်လိုက်သည်။

ဖျတ်ခနဲ ပြန်ဖွင့်လိုက်သော မော့် မျက်ဝန်းတွေကို ပြန်၍ငုံ့မိုးကြည့်လိုက်ရင်း...

"မိန်းမတစ်ယောက်ကို အင်အားနဲ့နှိပ်စက်ဖို့မပြောနဲ့ ကိုယ့်ကြောင့် စိတ်ဆင်းရဲသွားမှာတောင် မလိုချင်ဘူး၊ ကိုယ်ကလဲ အဲဒီမိန်းမရဲ့ ပါးရိုက်နားရိုက် အနိုင်ယူတာကို ဒူးထောက်ခံယူနေမယ့်ယောကျ်ားမျိုး မဟုတ်





ဘူး၊ အဲဒါ အခုကစပြီး မင်း မှတ်ထားလိုက် မော်..၊ နောက် ဒီလို မင်း ထပ်စော်ကားလာရင် ကိုယ် သည်းခံနေဖို့က မသေချာဘူး"

ယောကျ်ားဆိုသည့်မာနနှင့် မင်းနေရာ အသံတွေ တုန်ယင်နေခဲ့၏။ ပြီးတော့ မော့် ကို ကျောခိုင်းလိုက်ကာ...

"မင်းရဲ့စိတ်ကို ကိုယ် နားလည်ဖို့မလွယ်သလို ကိုယ့်ကို မင်း နားလည်လာအောင်လဲ ကိုယ် မကြိုးစားနိုင်ဘူး၊ အဲဒါ မင်းနဲ့ကိုယ့်ရဲ့ တည်ဆောက်ဆဲ အိမ်ထောင်ရေးကာလရဲ့ နိဒါန်းပဲ"

ပြောပြီး သူ ဒီဘက်ပြန်လှည့်လိုက်ကာ...

"မင်းကို ကိုယ် နားမလည်နိုင်သေးဘူးလို့ ယူဆထားတဲ့အတွက် မင်း ဘာလုပ်လုပ် ခွင့်လွှတ်နိုင်အောင် ကြိုးစားပေးခဲ့တာ၊ မင်းဘက်က အဲဒီလိုမဖြစ်နိုင်ရင်တောင် မစော်ကားပါနဲ့၊ မင်း တွေ့ဖူးတဲ့ ယောကျ်ားမျိုးတွေထဲမှာ ကိုယ် မပါဘူး"

နီရဲနေသည့်ပါးတစ်ဖက်နှင့် သူ လှည့်ထွက်သွားတော့ မော် အိပ်ရာထက်မှာ ထိုင်လျက်သားလေး ကျန်ရစ်၏။ ပြီးတော့ ကျိန်းစပ်နာကျင်နေဆဲ လက်ဖဝါးကို မီးရောင်အောက်မှာ ဖြန့်ကြည့်မိသည်။

သူ့ပါးပြင်လိုပဲ သူမလက်ဖဝါးတစ်ပြင်လုံး ညိုရဲနေ၏။

သူမ မှားသွားသည်လား..၊ ဒီခြေလှမ်းကို ပထမဆုံးလှမ်းခဲ့တာ သူမပဲ ဖြစ်သည်။ ကိုယ့်စိတ်ထဲမှာ ဖြစ်ချင်တာတွေ မဖြစ်ချင်တာတွေကို သူ မသိနိုင်သည့် တကယ့်အဖြစ်မှာ သူ့ကြောင့်လို့စွပ်စွဲပြီး ရိုက်ပစ်လိုက်မိ၏။

မင်းနေရာ၏ လွှဲမြှောက်သွားသည့်လက်တစ်ဖက်ကို မြင်ယောင်နေမိသည်။ နီရဲပြင်းထန်သွားသည့်ဒေါသမျက်နှာ..၊

လက်ဖဝါးကို ဖိဆုပ်ပစ်လိုက်ရင်း မော် အိပ်ရာထက်သို့ တအိအိ ပြိုလဲသွားခဲ့၏။ ရိုက်ပစ်လိုက်ပါလား..၊ ဘာဖြစ်လို့လဲ...၊



www.burmeseclassic.com

သူတစ်ချက် ကိုယ်တစ်ချက်ဆို ကျေပြီပေါ့..၊

ခုတော့ သူမ ငိုချင်လာခဲ့သည်။ ဘာဖြစ်လို့ဆိုတာ မသိပေ၊ ရိုက်ပစ်ခဲ့တာထက် ပို၍နာကျင်သွားခဲ့တာဟာ ပါးပြင်မှာ အရာထင်တာထက် ဆိုးရွား၏။

ထိုညက ည နှစ်နာရီကျော်မှ ရေအိမ်ကိုသွားတော့ အောက်ထပ်ထမင်းစားခန်းမှာ မီးလင်းနေတာတွေ့၏။ မှော် ခြေသံဖွဖွနင်း၍သွားကြည့်လိုက်မိလျှင် စားပွဲပေါ်မှာ ပုလင်းထောင်၍ ဖန်ခွက်ကို တစ်ဖက်နဲ့ဖိဆုပ်ထားလျက် လျှော့ရိလျှော့ရဲထိုင်နေသော မင်းနေရာကို မြင်လိုက်ရသည်။

အပြင်နံရံမှာ ကျောပြင်လေးနဲ့ ကပ်မှီလိုက်ရင်း မှော် အကြာကြီးရပ်နေမိသည်။ ပြီးတော့ အထဲက ဖန်ခွက်နဲ့ပုလင်းထိခတ်သံ၊ အရက်ထည့်လိုက်သံတွေကိုကြားနေရင်း မှော့် ရင်ထဲမှာ အမှန်တရားနဲ့ မှားယွင်းခြင်းတွေ ရှုပ်ယှက်ခတ်ကုန်၏။

အခန်းထဲနဲ့ အပြင်က လူသားနှစ်ယောက်၏ အမှန်အမှားတွေကိုညက တိတ်ဆိတ်စွာ အကဲခတ်ကြည့်ရှုရင်း သက်ပြင်းချလျက်..။





## အခန်း [ ၄၂ ]

"အေး.. ငါ နေ့လယ်ခုလောက်ကျမှ လာခဲ့မယ်"

"... ... ..."

"နည်းနည်းပါ..၊ ဒါပေမယ့် စိတ်တွေနောက်နေလို့.."

သူ ဖုန်းပြောနေသံကြားလိုက်သဖြင့် မှော် ခြေလှမ်းတုံ့သွားမိသည်။

"အား!... ကျွတ်.."

နောက်ထပ်ညည်းသံသဲ့သဲ့နှင့်အတူ သူ မတ်တတ်ရပ်လိုက်တာကိုသိမှ နေရာအကွယ်ကနေ ဆက်ထွက်လာခဲ့မိ၏။

"မှော်..."

သူက မှော့် ကို မြင်တာနှင့် လှမ်းခေါ်ကာ...

"ကိုယ် ခေါင်းတွေကိုက်နေလို့ တစ်ခုခုလုပ်ပေးပါလား"

အရက်တွေ ဒီလောက်သောက်ထားတာ ကိုက်မှာပေါ့။ မှော် ပြန်ကြည့်လိုက်သည့်အကြည့်တစ်ချက်ကို မင်းနေရာ က နားလည်သွားကာ...

"ကိုယ် ညက နည်းနည်းများသွားတယ်၊ အဲဒီ ပြင်းရှရှ ပူလောင်သွားတဲ့အရသာကို အရင်က မကြိုက်ခဲ့ဘဲနဲ့ ညကတော့ ဘာဖြစ်လို့မျိုချနေမိမှန်း မသိဘူး၊ ဆောရီးပါ.. ကိုယ် အဲသလောက်များအောင်တစ်ခါမှ မသောက်ခဲ့ဖူးဘူး"

www.burmeseclassic.com



မော် မျက်လွှာချပစ်လိုက်မိသည်။ သူမလည်း ညက အိပ်ရာထဲမှာ နေပြီး ကောင်းကောင်းမပျော်ခဲ့ရပါ။

သူနဲ့ပတ်သက်ပြီး ညှို့သက်သွားခဲ့သည့်စိတ်ဟာ တစ်ယောက်တည်း ကျိတ်ငိုရင်း ညကပဲ ပြန်လည် အေးစက်သွားခဲ့သည်လား..။

သူ့ရှေ့ပြန်ရောက်သည့်အချိန်မှာ နူးညံ့ခြင်းတွေ ပျောက်ဆုံးနေပြန်သည်။

"ကိုယ့်အတွက် လုပ်ပေးနိုင်မလားဟင်.."

သူ ထပ်မေးတော့ မော် ပြန်မော့ကြည့်မိကာ...

"ကျွန်မ မလုပ်တတ်ဘူး၊ ဒက်ဒီ အဲဒီလိုဖြစ်ရင်တော့ ကော်ဖီပူပူထဲကို သံပရာရည်ညှစ်သောက်တယ်"

"အင်း.. အဲဒါပဲ လုပ်ပေးပါ"

သူ့မျက်နှာ ရှုံ့မဲ့သွားတာကိုမြင်ကာ မော် ထမင်းစားခန်းထဲ ဝင်လာခဲ့သည်။

ဒက်ဒီ့ကို မေချို လုပ်ပေးသလို သူ့အတွက် လုပ်ပေးခဲ့ပေမယ့် သူကတော့ မသက်သာ။ ထို့ကြောင့် သူ ဆိုဖာပေါ်မှာ မျက်နှာမော့လှန်ပြီး မှိန်းနေတုန်း မော် အပေါ်ထပ်တက်ခဲ့ပြီး မေချို့ ဆီ ဖုန်းဆက်မေးမိ၏။

"ဒါဆိုရင် နဖူးကို ရေခဲလေးကပ်ပေးလိုက် သမီး၊ ပြီးတော့ သမီးက သူ့နောက်ကနေ နားထင်ကို သာသာလေးနှိပ်ပေးလိုက်၊ အဲဒါ သောက်စမရှိလို့ဖြစ်တာ..၊ သမီး သေချာဂရုစိုက်လိုက်နော်"

မေချို က ဖုန်းထဲကနေ တရရမှာသည်။ မော် အပြင်ထွက်လာတော့ ရေခဲတုံးကလေးတွေပါသည့် ကြွေဇလုံကိုကိုင်လျက် သူ့ရှေ့မှာ သွားရမှာ ရှက်သလိုလို၊ မသွားဘဲနေလိုက်တော့မလို ဖြစ်သွားမိသေးသည်။

ယောကျ်ားဆိုတဲ့သတ္တဝါဟာ မိန်းမကို သူတို့ကိုပြုစုဖို့အတွက်သာ အသုံးဝင်သည်ဟု တွက်ထားကြတာမျိုး..၊





"ကျွတ်!... ဆိုးလိုက်တာကွာ.."

သူ့ဆီက ညည်းသံကို နောက်ထပ်ကြားရမှ ရှေ့ကို ခြေတစ်လှမ်းတိုး၍ကြည့်မိသည်။

မင်းနေရာ သည် ခေါင်းကိုနှိပ်ထားလျက် ဆိုဖာကျောမှီမှာ ခေါင်းတင်ထားလိုက်..၊ ပြန်မတ်ပြီး ရှုံ့မဲ့သွားလိုက်နှင့်...

"ဒီမှာ..."

"ဟင်!..."

သူ မော့် ကိုမြင်လိုက်သည်နှင့် ကြောင်တောင်တောင် တစ်ချက်ဖြစ်သွားကာပြီးမှ ကမန်းကတန်း ပြင်ထိုင်၏။

"လက်တင်မှာ ခေါင်းထားပြီး ခဏလှဲလိုက်၊ ရေခဲတင်ပေးမလို့"

မော် က စားပွဲကို နည်းနည်းရွှေ့လိုက်ပြီး ထိုင်ခုံပုလေးချ၍ ထိုင်လိုက်သည်။ မင်းနေရာ က သူမ ခိုင်းသည့်အတိုင်း ပက်လက်လှဲထားလိုက်ကာ...

"အဲဒီလိုလုပ်ရသလား၊ တော်သေးတာပေါ့၊ နည်းလမ်းတစ်ခုခုမှ မရှိတော့ရင် ခေါင်းက ပြုတ်ထွက်တော့မလား ထင်ရတယ်၊ အရမ်းကိုက်တာပဲ"

သူ့နဖူးကဆံပင်တွေကို မော် ပဲသပ်တင်လိုက်ရပြီး ရေခဲတုံးလေးတွေပေါ်မှာ ဖြန့်တင်ထားသည့်ပဝါလေးကို ခေါက်သည်။

နဖူးပေါ်မှာတင်ပေးထားလိုက်၍ ဟိုဘက်ဒီဘက်လှည့်ကပ်ပြီးမှ ပြန်ယူပြီး ရေခဲကပ်၊ ပြန်တင်..၊

သူ မျက်လုံးတွေမှိတ်ထားသဖြင့် တိုစိပ်စိပ်မျက်တောင်တွေနှင့် ထူနက်သောမျက်ခုံးတန်းတို့ကို မော် လွတ်လွတ်လပ်လပ်စိုးမိုးကြည့်မိ၏။

ထိဆက်လုလုထူနေသော မျက်ခုံးတွေနှင့် နားသယ်စပ်ဆံစတွေအောက်ထိဆင်းနေသောကြောင့် မျက်နှာက ကြမ်းသလိုထင်ရသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း အနီးကပ်ကြည့်တော့ သူ့မျက်နှာမှာ အဖုအပိမ့်လေးတောင်မရှိဘဲ မိန်းကလေးတွေလို နုမွတ်နေတာမျိုးလည်း မဟုတ်··။

ဇွေပိတ်ထားသည့်နှုတ်ခမ်းအစုံက အပေါ်အောက် အထူအပါးညီကာ အညိုရောင်သမ်းသဖြင့် ဖြူဝင်းသောမျက်နှာမှာ ကြည့်ကောင်းသည်။

"မော်···"

"ဟင်!···"

မော် လန့်သွားပြီး ချက်ချင်းထူးလိုက်မိတာ ဖြစ်၏။ သူ့မျက်နှာကိုငေးနေမိတုန်း မျက်လုံးတွေဖွင့်လာပြီး ခေါ်လိုက်သဖြင့် ရုတ်တရက် သတိမထားလိုက်နိုင်။ သူက သတိထားမိပုံ မရပါ··။

"ကိုယ် သက်သာသွားပြီ၊ ဒီလောက်ဆို နေသာထိုင်သာရှိပါပြီ"

မော် က ခေါင်းညိတ်ပြီး ပဝါကို ဇလုံထဲထည့်လိုက်သည်။ ထသွားမလို့ ဇလုံကိုကိုင်လိုက်ကာမှ သူက ပက်လက်ကနေ မော့် လက်ကလေးကို ဆွဲထားလိုက်၏။

"မော်···"

နောက်ထပ် မော့် လက်ထဲကဇလုံကို ဆွဲဖယ်ပစ်လိုက်ပြီး လက်တစ်ဖက်ကို ထပ်ဆုပ်ကိုင်လိုက်ကာ···

"ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး၊ ဖယ်ပါ··"

လက်နှစ်ဖက်စလုံးကို ဆုပ်ကိုင်ထားသဖြင့် ရုန်းလိုက်တာနှင့် သူက ဖိဆွဲထားတော့ သူနှင့်မော် ပိုနီးသွား၏။

"မင်းလက်ကလေးတွေ အေးစက်ကုန်ပြီ၊ ခဏလေးဖြစ်ဖြစ် ကိုယ်ဆုပ်ထားပါရစေ"

"အို!··· မလိုပါဘူးဆိုမှ···"

"လိုလို,မလိုလိုကွာ··၊ မင်းမျက်နှာလေးကို ဒီတိုင်း ခဏလောက်





ငေးနေချင်တယ်"

"ရှင်နော်·· ဝေဒနာဖြစ်နေလို့ ကျွန်မ လုပ်ပေးတာ၊ အခွင့်အရေး မယူနဲ့"

"အခွင့်အရေးယူချင်ရင် ဒီထက်ပိုလို့ရပါတယ် မော် ရယ်··၊ ကိုယ် အဲဒီလိုမလုပ်တတ်တာ မင်း သိပါတယ်"

မင်းနေရာ သည် မော့် လက်ဖဝါးလေးတွေကို တယုတယ ထွေးဆုပ်ပွတ်သပ်နေရင်း မျက်နှာလေးကို တမေ့တမောငေးသည်။ ပြီးတော့ ရင်ဘတ်ပေါ်မှာ တချို့တလေပြိုဆင်းနေသည့် ဆံစလေးတွေကို တို့ထိကိုင်တွယ်ရင်း···

"ကိုယ် ရင်ခုန်တတ်နေပြီထင်တယ်"

မော် ကတော့ တစ်ကိုယ်လုံး ပူပူထူထူကြီးနဲ့ပါ။ သူ့မျက်နှာကအောက်ကနေ မော့ငေးနေသဖြင့် မျက်နှာကို ဘယ်လွှဲလွှဲ သူ့အကြည့်တွေ က မလွတ်နိုင်··။

လက်နှစ်ဖက်ကိုပဲ ဆွဲကိုင်ထားတာပေမယ့် ရှက်နေမိသည့်စိတ်က ဒါ့ထက်အများကြီး ပိုနေ၏။ ယောကျ်ားတွေရဲ့ ရိုင်းသော၊ ယဉ်သော၊ တိမ်းမူးကြသည့်အကြည့်တွေ အမျိုးမျိုးကို ဂရုမစိုက်တတ်ခဲ့ဘဲ ဒီယောကျ်ားနဲ့ကျမှ···

"ညကကိစ္စ ကိုယ့်ကို ကျေနပ်သွားပြီပေါ့နော်"

ရိုက်ပစ်လိုက်တာက ကိုယ်ပါ။ မော် ဘာမှမပြောဘဲနေတော့ မင်းနေရာ က လှဲနေရာကနေ ထ,ထိုင်လိုက်သည်။ မော့် လက်ဖဝါးလေးနှစ်ဖက်ကို သူ့လက်နှစ်ဖက်နဲ့ ထပ်ဆုပ်ကိုင်ထားရင်း···

"ကိုယ် ဒေါသထွက်သွားပြီး ပြောဆိုခဲ့မိတာ တောင်းပန်ပါတယ်၊ တကယ်ဆိုရင် မင်းအတွက် ကိုယ့်ဘက်က ပျက်ကွက်ခဲ့တာ၊ ကိုယ့်ကြောင့် မင်း ဒုက္ခရောက်သွားတာပါ၊ ဒါကို ကိုယ် ဒေါသပြန်မထွက်



www.burmeseclassic.com

www.burmeseclassic.com



သင့်ဘူး''

''အဲဒါတွေ တော်ပါတော့၊ ထပ်မကြားချင်ဘူး''

''ဘာဖြစ်လို့လဲ..၊ ကိုယ့်ကို စိတ်ဆိုးမပြေတာလား.. ပြောပါမော့်၊ မင်းနဲ့ကိုယ် ဒီထက်ရင်းနှီးသင့်နေပြီ၊ ရင်းနှီးမှုတွေလဲ ကိုယ် လိုချင်ပြီ၊ ဒီအချိန်မှာ နောက်ထပ်အဆင်မပြေစရာတစ်ခုခုကို မလိုချင်ဘူး''

ရင်းနှီးမှုတွေလိုချင်ပြီဆိုတာကို မော့် ထိတ်ခနဲ ဖြစ်သွား၏။ တကယ့်အိမ်ထောင်သည်တွေဖြစ်ကြဖို့ကို ပြောတာလား..၊ ဒါကိုတော့ သူမ မလိုချင်ပေ..။

ယောကျ်ားတစ်ယောက်နှင့်ငြိစွန်းမိခြင်းဟာ ကျရှုံးခြင်းပဲလို့ ယူဆထားခဲ့သည့်ရင်ထဲမှာ ဒီလို မာနကြီးသည့်ယောကျ်ားမျိုးနဲ့ အထူးသဖြင့် ကင်းရှင်းချင်သည်။

''ကိုယ်ပြောတာ ကြားလား မော့်၊ မင်းနဲ့ကိုယ်...''

''ကျွန်မကတော့ ရှင့်ကို မရင်းနှီးချင်''

''ဘာဖြစ်လို့လဲ''

''အိမ်ထောင်သည်ဘဝကို ကျွန်မ မုန်းတယ်''

''ခုလဲ မင်း ကိုယ့်ရဲ့ဇနီးပဲ မော့်၊ ကိုယ်သာ မစောင့်ထိန်းခဲ့ရင်...''

''ကျွန်မဘက်ကရော အလိုက်သင့် ကြည်ဖြူမယ်လို့ ရှင် ထင်လို့လား ဦးမင်းနေရာ၊ ရှင့်ကို လက်ထပ်ဖို့သဘောတူခဲ့ပြီဆိုကတည်းက ကျွန်မဘက်က လိုအပ်ချက်တွေကို ရှင်နဲ့ဆွေးနွေးဖို့ မှင်နီသားထားပြီးသား''

မော့် က ရှန်းမရသည့်လက်ကိုပဲ ရှန်းထွက်ဖို့ ကြိုးစားနေရင်း...

''ရှင်ဟာ အခမ္ဗပြုတတ်တဲ့ယောကျ်ားဖြစ်ခဲ့ရင် မင်္ဂလာဦးညဆိုတာ ရှင်နဲ့ ကျွန်မရဲ့ တစ်စပြင်ဖြစ်သွားခဲ့မှာ..၊ အဲဒီလောက်ထိ ကျွန်မ ဆုံးဖြတ်ထားခဲ့တာ''

မော့် မျက်နှာလေးကိုငေးရင်း သူ သက်ပြင်းချသည်။ မော့် က





ပါးပြင်လေးတွေနီမြန်းနေတဲ့အထိ စိတ်လှုပ်ရှားသွားသော ဒေါသမျက်နှာပြင်ကို သဘောညီလိုက်ပြီးမှ...

''ကျွန်မကို မိန်းမလှလေးတစ်ယောက်ပဲမြင်ပြီး ခူးမယ်၊ ခြွေမယ်၊ ပန်မယ် ဆိုတဲ့ ယောကျ်ားတွေကို မုန်းတယ်၊ ရည်းစားများတဲ့မိန်းမလို့ လက်ညှိုးထိုးလာမှာကို ဂရုမစိုက်ချင်လောက်အောင် ယောကျ်ားတွေ ကျွန်မကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်သွားကြမှာကို အလိုရှိခဲ့တာ၊ ဖြစ်အောင်လဲ ကျွန်မ လုပ်ခဲ့တာပဲ၊ အားလုံး ကိုယ်လိုသလိုဖြစ်ခဲ့တာ ချည်းပဲမို့လို့ အဲဒီအတွက် ကျွန်မ အခု ပေးဆပ်ရတာ တန်ပါတယ်၊ မချိတရိကျန်ခဲ့တဲ့လူတွေ ကျိတ်မနိုင်ခဲမရ ကြိမ်းဝါးနေကြတာ ကျွန်မ အတွက်တော့ တူရိယာသံတွေထက် သာယာတယ်''

''အဲဒါတွေကို ကျေနပ်လိုက်ပါတော့လို့ ကိုယ် ထပ်ပြောပါရစေ၊ မင်း မကြောက်တတ်မှန်း ကိုယ် သိတယ်၊ ဒါပေမယ့် အရမ်းကို အန္တရာယ်များလို့ပါ၊ ကံကောင်းခြင်းဆိုတာ အကြိမ်ကြိမ်အခါခါ မရှိနိုင်ဘူး မော့်..၊ အမြဲတမ်း အနိုင်ရနေတဲ့သူလဲ မရှိဘူး၊ သဘာဝတရားကိုတော့ မင်း လက်ခံမှဖြစ်မယ်၊ မင်း ကံကြမ္မာ တိမ်းစောင်းသွားတဲ့အချိန် အားလုံးရဲ့မျက်ကွယ်ရာမှာ ကူကယ်ရာမဲ့ဖြစ်နေရင်...''

''ကျွန်မ အဲဒီလို အဖြစ်မဆိုးနိုင်ဘူး ဦးမင်းနေရာ..၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ဒုက္ခပေးခဲ့တာ စိတ်ခံစားမှုကိုပဲ၊ သူတို့ရဲ့ဘဝကို ကျွမ်းထိုးမှောက်ခုံလုပ်ပစ်တဲ့အထိ မပါဘူး၊ အဲဒါကြောင့် ကျွန်မဘဝ ပျက်ဖို့ မရှိပါဘူး''

မော့် က ယုံကြည်ချက်အပြည့်နှင့် တစ်ချက်မှမလျှော့ဘဲ ပြောနေသည်။ မင်းနေရာ တရိပ်ရိပ်မှုးဝေနေဆဲခေါင်းကို အနည်းငယ် မော့ပစ်လိုက်ရင်း ပင့်သက်ရှိုက်မိ၏။

သူမလက်ဟလေးတွေကိုတော့ သိမ်းပိုက်ထားမိဆဲရှိကာ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း မကျေနပ်ခဲ့တဲ့ယောကျ်ားမျိုးတွေထဲကနေ ကိုယ့်ကို ခွဲထုတ်ကြည့်ဖြုနိုင်တဲ့အထိ ကိုယ် စောင့်ပါ့မယ်၊ ဒါပေမယ့် မင်း ကိုယ့်ကို ဒီထက်ရင်းနှီးခွင့်တော့ ပေးပါ"

မှော် က မဖြေဘဲ သူ့မျက်ဝန်းတွေထဲကိုပဲ စိုက်ကြည့်နေ၏။ ရင်းနှီးခွင့်ဆိုတာကို ဒီထက်ပိုပြီး ရှင်းရှင်းလင်းလင်းသိချင်တာမှန်း သူ နားလည်သည်။ ထို့ကြောင့် သူ့နှုတ်ခမ်းတွေ ပြုံးယောင်သမ်းလျက်...

"ခုလိုမျိုး တစ်ယောက်နဲ့တစ်ယောက် လိုအပ်တဲ့အချိန်မှာ နွေးနွေးထွေးထွေး ရှိကြဖို့ပါ၊ ဖြစ်တယ်မဟုတ်လား"

မှော် မျက်နှာလွှဲပစ်လိုက်သဖြင့် သူက လက်မောင်းလေးတစ်ဖက်ကိုလှမ်းကိုင်ပြီး မျက်နှာပါလာအောင် အတင်းဆွဲလှည့်၏။

"မှော် မနက်ဖြန် ဆန်းဒေး ဆိုတော့ မင်းနဲ့ကိုယ် ပထမဆုံး ဆုံခဲ့ကြတဲ့ ပဲခူးလမ်းမကြီးဘေးကအိမ်ကို သွားလည်ရအောင်၊ လိုက်ခဲ့နော်"

"ဘယ်ကို..."

"မင်း ကားပျက်နေတုန်းက ကိုယ် ရောက်လာသေးတယ်လေ၊ အဲဒီကနေ လမ်းဘေးကို ဖဲ့ဆင်းသွားရင် ကိုယ့်ရဲ့ခြံနဲ့တိုက် ရှိတယ်၊ တိုက်ကတော့ ဟောင်းနေပါပြီ၊ ပြင်ဆင်ချိန်လဲ ကိုယ့်မှာမရှိဘူး၊ ဒီတိုင်းပဲကောင်းတယ်လို့ထင်တာနဲ့ ဆန်းဒေးတိုင်းမှာ အဲဒီမှာ သွားနေခဲ့တယ်၊ စိတ်အပန်းဖြေပေါ့၊ မင်းနဲ့လက်ထပ်ပြီးမှ ဒီနေ့ထိ မရောက်ဖြစ်ဘူး"

မှော် စိတ်ဝင်စားသွားသည်။ မေးစရာရှိလာတော့ သူကိုင်ထားတဲ့လက်ကို မရမက ရုန်းပစ်လိုက်မိ၏။

"ဖယ်စမ်းပါ၊ လက်တွေပူနေပြီ"

"ဟုတ်လား၊ ဆောရီး.."

လို့ဆိုကာ သူက တစ်ဖက်ကိုပဲ လွှတ်လိုက်ပြီး တစ်ဖက်ကိုတော့ လက်ကောက်ဝတ်လေးကနေ ဆုပ်ကိုင်ထားဆဲနှင့်...





"ဒီလောက်လေးကို တိုမနေပါနဲ့ကွာ၊ စိတ်ချ.. ဘာမှထပ်မပါစေရဘူး"

ပြုံးနေသည့် သူ့မျက်နှာကို မှော် မကျေမနပ်လေးကြည့်ကာ...

"အဲဒီမှာ ခြံစောင့်နဲ့ထားတာလား"

"ဟုတ်တယ်၊ အိမ်သော့လဲပေးထားတယ်၊ သန့်ရှင်းရေး သူပဲလုပ်နေတာလေ၊ အကျယ်ကြီးပဲ၊ မင်းရောက်ရင် ပျော်သွားမှာပါ၊ ပြတင်းပေါက်တွေမှာရပ်နေနေ၊ ဝရန်တာပဲထွက်ကြည့်ကြည့် ပတ်ဝန်းကျင်က စိမ်းစိုနေတာပဲ၊ လှလှပပဖန်တီးထားတဲ့ ဥယျာဉ်တွေလို မလှပေမယ့် ကိုယ်ကတော့ ကြိုက်တယ်၊ လိုက်မယ်မဟုတ်လားဟင်.."

"အင်း..."

မှော် ခေါင်းညိတ်လိုက်တာကို စိုက်ကြည့်နေပြီး သူ့နှုတ်ခမ်းတွေ ပြုံးနေခဲ့၏။ ထွက်သွားလို့လည်း မရဘဲ သူ့မျက်လုံးတွေအောက်မှာ မနေတတ်သလိုကြီး ဖြစ်လာသဖြင့်...

"ရှင် သက်သာသွားပြီလား"

"အင်း သက်သာတယ်၊ ဒါပေမယ့် နည်းနည်းမူးနေသေးတော့.."

"အို!... ဘာလုပ်တာလဲ.."

မှော့် လက်ခုံနုနုလေးကို သူ့နှုတ်ခမ်းနဲ့ ဖိကပ်နမ်းပစ်လိုက်ပြီး သွားတွေပေါ်အောင် ရယ်လျက်...

"ခု လုံးဝပျောက်သွားပြီ" တဲ့...။

နှုတ်ခမ်းသားလေးတွေကို ဖိကိုက်ထားလိုက်ရင်း မှော် မျက်နှာလွှဲပစ်လိုက်မိသည်။ အခွင့်အရေးမယူပါဘူးဆိုပြီးတော့...၊ လူညစ်ကြီး...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၃ ]

''သမီးယောက်ျားကို ဖုန်းဆက်လိုက်ပါ၊ ဒက်ဒီ ပြောစရာရှိလို့''

ဒက်ဒီ့ပုံစံက တစ်ခုခု အရေးကြီးနေပုံပေါ်သဖြင့် ကားထုတ်နေသည့်သူ့ကို လှမ်းကြည့်ရင်း စိတ်တော့ထင့်သွားမိသည်။

'ဆန်းဒေးဆိုရင် ဘယ်အလုပ်ကိစ္စကိုမှ ခေါင်းထဲမထည့်ဘူး၊ နားပြီဆိုရင် အဲဒီလိုနားလိုက်တယ်၊ မဟုတ်ရင် ညဘက်တောင်မှ အိပ်ချိန်သိပ်မရှိဘူး' လို့ ပြောဖူးတာကို သတိရမိလို့ဖြစ်သည်။

''သမီး မင်းနေရာ မအားလို့လား''

ဒက်ဒီအသံ ဖုန်းထဲက နောက်ထပ်ပေါ်လာတော့မှ…

''ခဏလေး ဒက်ဒီ..''

မော် ဆင်းလာတာမြင်သည်နှင့် သူ အပေါ်တက်လာသဖြင့် လှေကားသုံးထစ်၏ ဒုတိယအထစ်မှာ ဖုန်းက လက်ပြောင်းသွား၏။

''ကျွန်တော် သိတယ်''

''… … …''

''အဲဒါတွေ အန်ကယ်(လ်) ခေါင်းထဲမထည့်ပါနဲ့၊ သူတို့က လူကောင်းတွေ မဟုတ်ဘူး''

''… … …''

''ဟုတ်ကဲ့၊ ကျွန်တော် ဂရုစိုက်ပါတယ်''





သူ ဖုန်းပိတ်ပြီး အပြင်ထွက်ဖို့ကို ဆက်လုပ်နေသဖြင့် ဘာကိစ္စလဲဆိုတာ မော် မမေးဖြစ်တော့ပါ..။ နှစ်ထပ်တိုက်ကြီးက အဝေးပြေးလမ်းမကြီးနှင့် နှစ်မိုင်လောက် အကွာမှာရှိကာ တစ်မိုင်လောက်အကွာကနေစပြီး မြေနီလမ်းလေး လုပ်ထားတာ ပြန့်ပြူးနေသည်။

ခြံပတ်လည်မှာ သစ်ပင်မြင့်ကြီးတွေ ကာရံနေသဖြင့် အထဲကတိုက်ကို ဘယ်ကကြည့်ကြည့် ရုတ်တရက် သတိထားမိဖို့မလွယ်..။

''တောကြီးထဲ ရောက်နေသလိုပဲ''

အပေါ်ထပ်ဝရန်တာကနေ ပြန်ငုံ့ကြည့်ပြီးပြောတော့ သူက အနားရောက်လာကာ…

''သစ်ပင်တွေက ပိုမြင့်နေလို့ပါ၊ ပတ်ဝန်းကျင်မှာ တော မရှိပါဘူး၊ မင်း မကြိုက်ဘူးလား''

''နေ့ဆိုရင်တော့ ကောင်းပါတယ်၊ ညကျရင် တစ်ယောက်တည်းအိပ်ရဲမှာမဟုတ်ဘူး''

''ဒါဆို ဒီမှာ ညအိပ်ဖြစ်အောင် ကိုယ်ကြိုးစားမှဖြစ်မယ်''

''ဟွန့်..''

မော် က နှုတ်ခမ်းလေးမဲ့ပစ်လိုက်ပြီး မျက်စောင်းထိုးတော့ သူက ဆံပင်တွေသပ်ရင်း ရယ်၏။ ပြီးတော့ မော့် လက်ကလေးကို ဆွဲခေါ်သွားကာ…

''အထဲမှာ လိုက်ကြည့်ဦး၊ တကယ်လို့ ဒီမှာများ နေချင်စိတ်ပေါက်လာရင် တစ်ခါတည်းပြောင်းလိုက်လို့ရအောင် ပြင်တန်တာ ပြင်၊ ထည့်စရာရှိတာ ထည့်ထားလို့ရတာပေါ့''

နှစ်ထပ်စလုံးမှာ ဧည့်ခန်းမရှိပေမယ့် အပေါ်ထပ်တစ်ခြမ်းလုံးကဘုရားခန်းနှင့် နေရာကျယ်ကြီးတစ်ခုပဲရှိကာ တစ်ဖက်မှာ ဝရန်တာဖြစ်သည်။ နောက်ခြမ်းမှာတော့ အတွင်းဝရန်တာကို ဂငယ်ပုံစံထားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာကို မျက်နှာမူ၍ အခန်းတွေထည့်ထားပုံက ဟိုတယ်လ်တစ်ခု နှင့်တူ၏။

"ဟိုဘက်အဖျားမှာ မီးဖိုခန်းတစ်ခန်း ထည့်ထားတယ်၊ နှစ်ထပ်စလုံးမှာနေလို့ရအောင် လုပ်ထားတာထင်တယ်၊ ကိုယ်ကတော့ ဒီမှာနေပေမယ့် ဘာတစ်ခုမှပြင်မထားဘူး၊ ကိုယ့်ပစ္စည်းတချို့ကို အခန်းတွေထဲထည့်ပိတ်ပြီး အပေါ်နဲ့အောက် အိပ်ခန်းနှစ်ခန်းကိုပဲ သန့်အောင်ပြင်ထားတာ၊ အဆင်ပြေသလို အိပ်လို့ရအောင်လေ"

"ဟိုအခန်းတွေက ဘာတွေရှိလဲ"

"ပစ္စည်းအတိုအထွာတွေပေါ့၊ တောထွက်ရတနာတွေနဲ့ ရှေးဟောင်းပစ္စည်း တချို့တလေ.."

"တောထွက်ရတနာဆိုတာ ဘာလဲ.."

"ဆင်စွယ်တို့၊ ကျားစွယ်တို့၊ အရေခွံ ဘာညာတွေပေါ့"

"ရှင်က ဝါသနာပါလို့လား"

"ပါတယ်၊ ကိုယ် အသက်ဆယ့်ရှစ်နှစ်တုန်းက ဒက်ဒီနဲ့ အာဖရိကတောထဲအထိ လိုက်သွားဖူးတယ်၊ သိပ်နက်တဲ့တော မဟုတ်ဘူးလို့တော့ လမ်းပြက ပြောတာပဲ၊ ဒါပေမယ့် ကိုယ်တို့သားအဖ တောထဲမှာ တစ်ခါ ဖျားတယ်၊ ပြန်ရောက်လာကြတော့ နှစ်ပတ်လောက် အနားယူပြီးမှ ပြန်ဖိုစ်စဉ်ခဲ့ရတယ်၊ မရဘူးကွ၊ သူ့သဘာဝ သူ့အထာဆိုတာ ရှိတယ်"

မော် က ရှေ့ကသွားနေကာ သူက မော့် နောက်မကျတကျကနေ အတူလိုက်လာပြီး ရှင်းပြနေ၏။

"ရေသောက်ချင်တယ်"

"ထမင်းစားခန်းထဲမှာ ရေခဲသေတ္တာရှိတယ်၊ ကိုယ် လာမယ့်ညကတည်း ခြံစောင့်က ဖွင့်ထားပေးတာလေ"

ပခုံးကို သူ ဖက်လိုက်သဖြင့် အနေရခက်သွားမိသည်။ ဒါပေမယ့်





ဖယ်မချဖြစ်ဘဲ မီးဖိုခန်းထဲကို အတူဝင်လာခဲ့ကြ၏။ သူကိုယ်တိုင် ရေထည့်ပေးကာ မော် ရေသောက်နေတာကို လက်ပိုက်လျက်နှင့် ကြည့်နေ၏။ သူမသည် လည်စည်းပါသည့်အင်္ကျီတွေ၊ လည်ကပ်တွေပဲအဝတ်များကာ ခုလည်း ပန်းနုရောင်လည်ကပ်အင်္ကျီကိုပဲ ဝတ်ထား၏။ လည်တိုင်ဘေးနားမှာ အညိုရောင်နှင်းဆီပန်းတစ်ပွင့် ကပ်တင်ထားသလိုပါလျက် ပန်းနှင့်ရင်ဘတ်တစ်ခြမ်းစောင်းမှာ အညိုရောင်လက်နေတာတွေ ထိုးထား၏။

ခါးပတ်ကလည်း အညိုရောင်ပဲဖြစ်ကာ ခါးစောင်းမှာ ချိန်ကွင်းပုံစံနှင့် ပန်းပွားလေးတွေကို တွဲလွဲချထားသဖြင့် ခါးရှည်အင်္ကျီက ကျပ်ကပ်နေပေမယ့် မရိုင်းပေ..။ စတော့ကင်အနက်ရောင်နှင့် ဒေါက်မြင့် အညိုအနက်ကျားကို စီးထားသော သူမတစ်ကိုယ်လုံးက နေရာအလိုက် ကောက်ကွေ့ကြောင်းလေးတွေ ထင်းနေ၏။

ဟိုက်တာပေါ်တာတွေကို မပတ်တာတ်ဘဲနှင့် သူ့ကို မျှော်စင်ကျွန်းမှာတွေ့ဖို့ချိန်းတုန်းကတော့ ဝတ်လာလိုက်တာ ခုထိ သူ မမေ့နိုင်သေးပေ။

သူမကို အဲဒီတုန်းက ဝတ်စားပုံမျိုးနှင့် နောက်ထပ်မတွေ့ခဲ့ရတာ သေချာပါသည်။ ထပ်ပြီးသေချာတာက သူမကို သူ့ဘက်ကနေ စိတ်ပျက်ရွံရှာသွားအောင် တမင်တကာ ဝတ်ပြခဲ့သည်ဆိုတာပင်..။

"ရှင် ဘာပြုံးတာလဲ"

ရေသောက်နေတာကို စူးစူးစိုက်စိုက်ကြည့်ပြီး တစ်ယောက်တည်း ပြုံးလိုက်တာကို မော် က မကျေနပ်သည့်မျက်နှာလေးနှင့် ရေခွက်ကို ပြန်ထားကာ ရေခဲသေတ္တာကို ဆောင့်ပိတ်သည်။ သူက လက်ပိုက်ကို ဖြေလိုက်ပြီး အပြစ်ရှိသူလိုအပြုံးမျိုးနှင့်...

"ဆောရီး.. ကိုယ် အတွေးလွန်သွားလို့ပါ၊ မင်း ဒီနေ့ ဆံပင်တွေ စည်းထားတာ အရမ်းလှတာပဲ"

မော် က မကြားသလို ကျောခိုင်းထားခဲ့၏။ ပြီးတော့ အခန်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာရပ်ကာ တွန်းကြည့်လိုက်တော့ ပွင့်သွားသဖြင့် အထဲကိုဝင်လိုက်လျှင် သူက ပြောနေရင်း နောက်ကပါလာ၏။

"ဆံပင်တွေရှင်းသွားတော့ လည်တိုင်လှတာလဲ ပေါ်လာတယ်၊ နားသယ်စပ်လေးတွေစိမ်းနေတာလဲ မြင်ရတယ်၊ ဘယ်လိုဝတ်ရင် ဆံပင်ဘယ်လိုလုပ်ထားမယ်ဆိုတာ မင်း ကျွမ်းကျင်တယ်နော်၊ ဒါမှမဟုတ် ဘာလုပ်နေနေ လှကိုလှတာထင်တယ်"

ဒါတွေကိုမကြားချင်သည့်ပုံစံနှင့် မော် က နံရံကပ်ဗီရိုကြီးဆီလျှောက်သွားရင်း…

"ဒီထဲမှာ သားရဲတိရစ္ဆာန်အရေခွံတွေချည်း ထားတာလဲ မဟုတ်ဘဲနဲ့ ရှေးဟောင်းရုပ်တုတွေကို သူများခိုးသွားမှာ မကြောက်ဘူးလား၊ အခန်းက သော့လဲခတ်မထားဘူး"

စကားလွှဲပြောပစ်လိုက်သည်။ သူကလည်း ဂရုတစိုက်ရှင်းပြ၏။

"ကိုယ်လာမယ်ဆိုရင် အားလုံး ပွင့်နေတာပါ၊ ခြံစောင့်က စိတ်ချရတယ်"

ခြံဝမှာ တံခါးလာဖွင့်ပေးသည့် ဆံပင်ဖြူ ကျိုးတိုးကျဲတဲနှင့် အသက်ကတော့ ငါးဆယ်လောက်ပဲရှိနိုင်သေးသည့်လူကြီးကို ပြန်မြင်မိသည်။

မျက်နှာကတော့ သမာဓိရှိမယ့်ပုံစံပါပဲ။ စိတ်က တခြားတွေးရင်း ဒီတိုင်းစေ့ထားသည့်တံခါးကို ဆွဲဖွင့်လိုက်ရင်း…

"အား!…"

အမွေးဗလပျစ်နှင့် အစွယ်တွေဖြီးနေသောအကောင်ကြီးက မော့်ကို ခုန်အုပ်လိုက်၏။ မျက်လုံးတွေ ပြာခနဲ ဖြစ်သွားကာ ပြန်လည့်လိုက်တော့ မင်းနေရာ ရင်ခွင်ထဲကိုရောက်သွား၏။

"မော်‥ ဘာမှမဟုတ်ဘူး၊ အရေခွံကြီးပါ၊ ဟိုမှာကြည့်…"

ကိုယ့်ကို တကယ်ခုန်အုပ်လိုက်တာမြင်လိုက်သဖြင့် အရေခွံ ဆို





တာလည်းဖြစ်နိုင်လျက်နှင့် ကြောက်စိတ်က မပြေ‥။ သူ့ကျောပြင်မှာ ဖက်ထားသည့်လက်တွေကို မလွှတ်မိဘဲ သူမ ပုတ်ထုတ်ပစ်လိုက်သဖြင့် ဗီရိုမှာ ကျောကပ်မှီသလိုဖြစ်သွားသည့် အရေခွံကို ပြန်ငုံ့ကြည့်မိသည်။

လင်းနို့လို မျက်နှာစုတ်ချွန်းချွန်း အစွယ်ဖွေးဖွေးနှင့် မျက်လုံးအစုံကလည်း စူးတောက်နေဆဲဖြစ်၏။ ထို့ပြင် အရေခွံလိုမထားဘဲ ဗိုက်မှာဗိုက်သားကို မွေးပွပြန်ကပ်ပြီးချုပ်ထားသဖြင့် တကယ့်သက်ရှိကောင်လိုပင်‥။

"သူ့ကို လင်းနို့လူလို့ ခေါ်တယ်၊ သစ်ပင်မှာလဲကပ်နေနိုင်တယ်၊ လမ်းလျှောက်ရင် လူလိုပဲတဲ့၊ ကိုယ်တို့က မမြင်ဖူးပါဘူး၊ ဒီအရေခွံကို အမဲလိုက်သမားဆီက 'လက်ဆောင်ရလာတာ"

မော် အကြောက်မပြေသေးသလို ငုံ့ကြည့်ကာ…

"အရေခွံလဲ မဟုတ်ဘဲနဲ့‥"

"ဟုတ်တယ် အရေခွံပါ၊ သူက ဒီတိုင်းရပ်နေမှ ပိုလှတယ်ဆိုတော့ တခြားအရေခွံတွေလို နံရံမှာကပ်ထားရင် မကောင်းဘူးလေ၊ ဒါကြောင့် အကောင်တိုင်းဖြစ်အောင်ချုပ်ထားကြတာ၊ အရမ်းရှားတဲ့ကောင်၊ ဒီထဲက ပစ္စည်းတွေထဲမှာ ဒီအရေခွံလောက်ရှားပါးပြီး တန်ဖိုးကြီးတာ မရှိဘူးလို့တောင် ပြောလို့ရတယ်"

"မုန်းစရာကြီးပါ"

ဝက်ဝံကြီးတစ်ကောင်လောက်ကြီးသည်။ မျက်နှာက အဆမတန်အကျည်းတန်၏။ ကြောက်စိတ်ပြေသွားပေမယ့် ကြောက်ခဲ့ရတာကို ဒေါသတွေနှင့် ဆက်လက်ချီတက်နေမိကာ မော် သူ့ရင်ခွင်ထဲမှာပဲ ကျောပြင်ကိုဖက်ထားမိဆဲ ကိုယ့်အဖြစ်ကို သတိမရသေး‥။

"ရေသောက်လိုက်ပါလား၊ မင်းအသားတွေ အေးစက်နေတာပဲ"

လက်ပြတ်လေးဝတ်ထားသည့် မော့် လက်မောင်းလေးကို သူ ဖွဖွလေးဆုပ်ကိုင်ပြီးပြော၏။ ထိုအခါကျမှ မော် သတိရကာ ဖက်ထားမိ



www.burmeseclassic.com

www.burmeseclassic.com



သည့်လက်တွေကို ကယောင်ကတန်း ပြန်လွှတ်သည်။ သူမ အလန့်တကြား ရုန်းထွက်လိုက်သည့်ပုံစံကို ကြည့်ပြီး မင်းနေရာ က ပြုံးကာ…

"လှသူကင်းဝေးတဲ့နေရာ နှမ်ထပ်တိုက်ကြီးရဲ့အပေါ်ထပ်မှာ မင်းကို ကိုယ် ဇော်ကားချင်ရင် လွယ်လွယ်လေးပါ၊ ပြီးတော့ မင်းက ကိုယ့်မိန်းမ"

"ရှင်နော် အဲဒါ ဘာစကားလဲ"

"မင်း ကြောက်နေတာကို ပြောချင်တာ"

"ဘယ်သူက ကြောက်တယ်ပြောလို့လဲ"

မင်းနေရာ က မော့် မျက်နှာလေးကိုစိုက်ကြည့်ရင်း ပခုံးလေးကို ဆွဲဖက်ထားလိုက်၏။

"မော်…"

"အို!… ရှင်…"

မော် အထိတ်တလန့်ကြီးဖြစ်သွား၏။ ဒါပေမယ့် သူပြောတာတွေကိုသတိရကာ ရုန်းတော့ရုန်းမိပေမယ့် နည်းနည်းပါးပါးလျှော့၍…

"ရှင် ဒီတိုင်းပဲပြောပါ၊ ကျွန်မ မနေတတ်ဘူး"

"မနေတတ်လဲ နေလိုက်ပါ၊ ကိုယ် မင်းကို ပြောစရာတွေရှိတယ်၊ မရိုးမသားစကားတွေမို့လို့ သူစိမ်းတွေထက်တော့ ပိုမှဖြစ်မယ်"

မရိုးမသားဆိုလို့ ထိတ်ခနဲဖြစ်သွားကာမှ သူက မော့် မေးဖျားလေးကို မော့ယူလိုက်ပြီး…

"ကိုယ် တစ်ခါတလေ မင်းနဲ့အတူနေချင်စိတ်တွေ ဖြစ်တယ်"

"ဟင်!…"

အသံထွက်မလာပေမယ့် မော့် မျက်နှာလေးပျက်သွားတာကို သူက သတိထားကြည့်သည်။ ပြီးတော့ မှုန်ညက်နေသည့်ပါးပြင်လေးတစ်ဖက်ကို လက်ခုံနဲ့ ညင်ညင်သာသာလေး ထိကပ်ပေးနေကာ…

"လှတာတွေ အများကြီးရှိကြတဲ့အထဲမှာ မင်းက ပြင်ဆင်ထား





လို့ လှနေတာမျိုးမဟုတ်ဘဲ မပြင်လဲလှတယ်၊ ပြင်လိုက်ရင် ပိုလှတယ်၊ အစတုန်းက ကိုယ် မင်းရဲ့အလှကို စိတ်ဝင်စားရုံသက်သက်ပဲထင်တယ်"

သူ့ကိုယ်သူ ပြန်ပြီး မသေချာသလို ပြောနေသေးသည်။ ပြီးမှ…

"နောက်တစ်ခုက ခုခေတ်လူငယ်ဖက်ရှင်တွေနဲ့ဆိုရင် ကိုယ်က မင်းသဘောကျနိုင်လောက်တဲ့တိုက်ပ်မျိုး မဖြစ်နိုင်ဘူး၊ မိန်းမတစ်ယောက်ဆီက အချစ်ရယူဖို့ဆိုရင် ကာမဆန္ဒကိုမပြောနဲ့ အနမ်းတစ်ချက်ကိုတောင် ကိုယ် မလိုချင်ဘူး"

မင်းနေရာ က ဖက်ထားသည့်လက်ကို ပြန်ဖြေချလိုက်ပြီး မော့် လက်ဖဝါးလေးကိုပဲ ထပ်ဆုပ်ကာ အပြင်ကိုထွက်လာခဲ့၏။ နှစ်ယောက်အတူတူ တစ်လှမ်းချင်းလျှောက်နေကြရင်း သူ့စကား ရှေ့ဆက်သည်။

"မင်းကိုလက်ထပ်ယူခဲ့ပြီးမှ မင်းဆီက ကိုယ် ဘာမှမသိမ်းပိုက်ခဲ့တာ ကိုယ့်ကိုယ်ကိုယ် အဲဒီလိုခံယူထားလို့ပဲ၊ မချစ်ဖူးခဲ့ပေမယ့် ကိုယ်တိုင် မြတ်နိုးယုယချင်စိတ်ဖြစ်လာတာကို လိုချင်တယ်၊ သိပ်လှတဲ့ မိန်းကလေးကိုယူထားပြီး ကိုယ့်လိုလူကို သဘောကျနှစ်သက်လာဖို့ မလွယ်မှန်း သိနေတာတောင် အချစ်ကိုပဲလိုချင်တယ်၊ တကယ်ဆိုရင် ထောင့်ငါးရာ၊ ငါးရာနှစ်ဆယ့်ရှစ် စတဲ့ ချစ်ခြင်းအမျိုးမျိုးနဲ့ ကိုယ်က စိမ်းသက်ခဲ့တဲ့ လူပါ"

အတူတူ ပခုံးချင်းကပ်လျှောက်နေစဉ် သူ့ဆီက ဆွတ်ပျံ့လာခဲ့သည့်ရေမွှေးနံ့ကို မော် သတိထားမိခဲ့သည်။ ထိုရနံ့မျိုးကို သူမ နှစ်သက်၏။ ယောကျ်ားတစ်ယောက်တံမှ ကိုယ်သင်းနံ့တစ်မျိုးမျိုးကို ခံစားမိတဲ့အထိ ဘယ်လိုလူနဲ့မှ လက်ပွန်းတတီးမရှိခဲ့သော ကိုယ့်အဖြစ်ကို တွေးမိပြီး မျက်နှာလေးငုံ့၍ ပြုံးမိသည်။ အချစ်နဲ့စိမ်းသက်ခြင်းတွေ သူရွတ်ပြနေသလို မော် လည်း ဒီလိုပဲလို့ ပြောရင်တော့ သူ ယုံမည်မထင်…။

"ပြောချင်တာကလေ… မင်း ကိုယ့်အပေါ်မှ ယုန်ထင်ကြောင်ထင်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေနဲ့ ချောက်ချားမနေစေချင်တာ၊ မင်းဘက် ကိုယ့်ဘက် ညီမျှခြင်းမဖြစ်သေးဘဲ ကိုယ် တစ်ဖက်သတ်အဖြေမထုတ်ဘူးဆိုတာ ယုံစေချင်တယ်''

''ရှင်ကိုယ်တိုင်က ကျွန်မကို စိတ်ဝင်စားတာထက် မပိုခဲ့ပါဘူးလို့ ပြောချင်တာလား''

''အစက ဟုတ်ပါတယ်''

သူက ခြေလှမ်းတွေကိုရပ်ပစ်လိုက်ကာ မှော့် လက်ကလေးကို ဖိဆွဲထားလိုက်သဖြင့် နှစ်ယောက်အတူ မျက်နှာချင်းဆိုင်ဖြစ်သွားခဲ့သည်။

''ကိုယ့်ရင်ထဲမှာ အခုရှိနေတာတွေကို ပြောပြရမလား''

မှော့် ရုတ်တရက်မို့ ဘာဖြေရမှန်းမသိဖြစ်သွားကာ သူ့ကိုကြည့်နေမိ၏။ သူက ပြန်ငုံ့ကြည့်နေရင်းကနေ တဖြည်းဖြည်း ပြုံးယောင်သမ်းသွားသည့်နှုတ်ခမ်းများနှင့်...

''မင်း နားထောင်ချင်တဲ့အခါကျမှ ပြောမှာပါ၊ ဘောလုံးပစ်တမ်းကစားချင်ပေမယ့် တစ်ဖက်လူမရှိဘဲ ကိုယ် ပစ်လိုက်တာကို ဘယ်သူက ဖမ်းယူမှာလဲ''

''သြော်.. နံရံကိုမျက်နှာမူပြီး ဒီလိုပဲကစားကြတာ အများကြီးရှိပါတယ်''

မှော့် တမင်ပြောလိုက်တာကိုသိကာ သူက လက်ပိုက်လိုက်ပြီး ရယ်သည်။

''အဲဒါကျတော့ အပေးအယူ မဟုတ်တော့ဘူးလေ၊ ကိုယ် ပြောနေတာက နံရံကနေ ပြန်ကန်ထွက်လာတဲ့ တုံ့ပြန်မှုမျိုးမဟုတ်ဘူး''

''ပြောကြကြေးဆို ရှင်က မချစ်ခဲ့ဖူးလို့ အချစ်မသိတာ၊ ကျွန်မကတော့ ရှင်နဲ့တကွသော‌ယောက်ျားတွေကို ကြည့်လို့မရတဲ့သူ၊ အချစ်နဲ့ ဘယ်တော့မှမပတ်သက်အောင် ကျွန်မက နေတော့မယ်ဆိုရင်ရော..''





''ကိုယ်က ဒီလိုမထင်ဘူး''

တစ်ယောက်မျက်လုံးထဲကို တစ်ယောက်ကြည့်နေရင်း ငြိမ်သက်နေခဲ့ကြ၏။ မှော့် မျက်ဝန်းတွေ ဘေးကိုရွှေ့ဖယ်သွားတော့မှ သူက လက်ပိုက်ဖြေလိုက်ပြီး မှော့် လက်ကလေးတစ်ဖက်ကို ပြန်ဆွဲ၍ ဆက်လျှောက်၏။ ထို့နောက်...

''မင်းက ယုံကြည်ချက်တွေနဲ့ပြောရင် မကြိုက်ပေမယ့် ကိုယ်ကတော့ ယုံကြည်ချက်တွေနဲ့ ဘဝကိုတည်ဆောက်ခဲ့တဲ့သူမို့ အခုလဲ ယုံကြည်တာတွေပဲပြောမှာ၊ မင်းနဲ့ကိုယ်က ပျော်ရွှင်စွာနဲ့ ရိုးမြေကျပေါင်းရမယ့်သူတွေ...''

ပြောပြီးတော့ မှော့် ခေါင်းလေးကို ကလေးပုတ်သလိုပုတ်လိုက်ပြီး ပခုံးလေးကိုဖက်၏။ ဒီတစ်ခါ မှော့် အပြုံးမပျက်နေလိုက်နိုင်သည်။

ဒီလူနဲ့ တစ်ခါလောက် စကားတွေ အများကြီးပြောဖြစ်လိုက်တိုင်း ရင်ထဲမှာ တင်းကျပ်နေတာတွေ တစ်ခါ လျော့ပါးခဲ့၏။

ထို့ပြင် သူ့ရဲ့ ထိတွေ့ပြောဆိုသမျှ အားလုံးဟာ သူမအတွက် ပူလောင်စေခြင်းမဖြစ်ဘဲ ခင်မင်နွေးထွေးသည့် ရင်းနှီးစိတ်တွေသာ ဖြစ်ခဲ့သည်။ ဒါဆို သူပြောသလို ဖြစ်နိုင်သလား...၊

''မင်း ဗိုက်ဆာပြီလား''

''မဆာသေးပါဘူး၊ ဒါပေမယ့် စားသောက်ဖို့အတွက် ချက်ပြုတ်ရတော့မှာ..''

''ဟင်!...''

မင်းနေရာ က အံ့ဩဟန်နှင့် ပြန်ကြည့်သည်။

''စားစရာတွေထည့်ယူလာတယ်ဆိုတာ အစိမ်းတွေလား''

''စိမ်းတာရော ကျက်တာရောပေါ့၊ တချို့ဟာကျတော့ ပူပူနွေးနွေး စားမှ ကောင်းတာလေ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို စာအုပ်ကြီးပါ သယ်ရတာပေါ့၊ ဒုက္ခများအောင်ကွာ"

"မသယ်ပါဘူး၊ ကျွန်မ အလွတ်ချက်တတ်နေပြီ"

မှော် က မျက်ခုံးလေးပင့်ပြောတော့ သူက ရယ်သည်။

"ကိုယ်က နှစ်ယောက်တည်း အေးအေးဆေးဆေး အနားယူမယ်ဆိုပြီး ခေါ်လာတာ"

"ရှင် နားလေ..၊ စားကောင်းသောက်ဖွယ်လေးတွေ စားရင်းနဲ့ နားလို့ရအောင် ကျွန်မ ချက်ပေးမယ်"

တကယ်ပြောနေတာလားဆိုသည့် မယုံသလိုကြည့်လာသော မျက်လုံးတွေကို မှော် က မမြင်ချင့်ယောင်ဆောင်လိုက်ကာ...

"ယုံကြည်ထိုက်တဲ့သူလို့ သတ်မှတ်လိုက်တဲ့အတွက် ရှင့်ကို ကျေးဇူးဆပ်တာ၊ နောက်ကို အိမ်မှာပဲ ညမနက် ပြန်စားပါ"

"ဘာယုံကြည်တာလဲ..၊ အဲဒါကြီးပြောပြီး တစ်သက်လုံး စည်းခြားထားလို့ မရဘူးနော်၊ ကိုယ်ပြောတဲ့အထဲမှာ လစ်မှစ်ရှိတယ်"

မှော် က သူ မမြင်အောင် ငုံ့ပစ်လိုက်ပြီး ပြုံးသည်။ ပြီးမှ ခပ်တည်တည်လေး ပြန်မော့၍...

"ရှင့်လိုပဲ ယုံကြည်တာလေ၊ ရှင်ဟာ ကျွန်မအတွက် ယုံကြည်ထိုက်တဲ့သူပါ"

"ဟာ!.. အဲဒါက မဟုတ်...၊ မှော်.. နေဦး..၊ ကျွတ်!..."

သူ ဖြစ်ပျက်ကျန်ခဲ့တာကို တစ်ချက်မှပြန်မကြည့်တော့ဘဲ မှော် အောက်ထပ်ကို ပြန်ဆင်းခဲ့သည်။ ဟင်းချက်စရာတွေပါသည့် ရေခဲဘူးလေးကို ဆွဲယူလိုက်တဲ့အထိ သူမ ပြုံးနေမိသဖြင့် နောက်ကို တော်တော်နဲ့မလှည့်ဖြစ်ဘဲ ရှိလေသည်။ ဥပေက္ခာတွေမဟုတ်ဘူးဆိုလည်း ပြိုင်မှာပဲ..၊

ရှင်ပြောတဲ့ ယုံကြည်ချက်ချင်း..။





## အခန်း [ ၃၄ ]

ဓာတ်ပုံတွေကိုကြည့်ပြီး မင်းနေရာ မျက်နှာတစ်ပြင်လုံး တရိပ်ရိပ်ရဲတက်လာတာ အညိုသမ်းလာတဲ့အထိ..။

"ဒီပုံတွေကို အင်တာနက်မှာတင်လိုက်ရင်..."

"ဒါ သိပ်ကိုအောက်တန်းကျတဲ့အလုပ်ပဲ ဦးမြတ်မင်းအံ့"

"ဘာပဲဖြစ်ဖြစ် ဒီပုံစံဖြစ်သွားမှာပဲလေ၊ ဒီလောက်ထိပြောပြပြီဆိုတော့ ငါတို့အလုပ်က ဘာလဲဆိုတာ မင်းလဲ နားလည်နေပါပြီ၊ အောက်တန်းကျတာတွေ အထက်တန်းကျတာတွေပြောပြီး ကဲ့ရဲ့နေမယ့်အစား မင်းမိန်းမရဲ့အရှက်နဲ့ မင်းရဲ့သိက္ခာကို အဖတ်ဆယ်ဖို့ပဲ စဉ်းစားပါလား၊ အချိန်က အရမ်းကိုတန်ဖိုးရှိတာ မင်း ပိုသိပါတယ်"

ဖုန်းကို ဖိညှစ်ဆုပ်ကိုင်ပြီး ဖြစ်လာသည့်ဒေါသကိုတော့ ဘယ်မှာကိုင်ပေါက်လွှင့်ပစ်ရမှန်းမသိ။ စာအိတ်အထူတစ်လုံးနှင့် အနီရောင်ဘူးတစ်ဘူးကို လက်ဆောင်ပို့သလို ပို့ပေးလိုက်သည်။

သူ စာအိတ်ကိုဖွင့်ကြည့်ပြီးသည့်အချိန်ကွက်တိမှာ ဖုန်းဝင်လာခဲ့၏။ ဒီဓာတ်ပုံတွေကို အင်တာနက်ပေါ်မတင်စေချင်ရင် သူတို့လိုချင်တာကိုပေးဖို့..။



www.burmeseclassic.com

www.burmeseclassic.com



“မင်းကို ငါတို့က အန္တရာယ်ဖြစ်စေမှာမှ မဟုတ်တာ မင်းနေရာ၊ မင်းရဲ့အရည်အချင်းပညာနဲ့ ထိုက်တန်တာထက် အများကြီးပိုပေးမှာပါ၊ ငါတို့နဲ့လက်တွဲဖို့ ထပ်မပြောတော့ဘူး၊ မင်းလက်ထဲမှာရှိနေတဲ့ လျှို့ဝှက်ကုတ်နံပါတ်တစ်ခုကိုပဲပြောပြ၊ ဒီအတွက် မင်းနာမည် လုံးဝမပေါက်ကြားစေရဘူး၊ ငါတို့မှာလဲ မင်းလိုတော်တဲ့ ပရိုဂရမ်မာတွေ၊ ဟက်ကာတွေရှိတယ်၊ မင်းလိုလူကိုလဲ ဘယ်သူကမှ သံသယဖြစ်ဖို့မရှိဘူး၊ ငွေတွေအေးဆေးသုံ့ယူလိုက်ရုံပဲဟာ..၊ ဘာဖြစ်လို့ ခေါင်းခြောက်ခံနေမှာလဲ”

ကြားနေရတာတွေက လူကို အချက်ပေါင်းများစွာ ထိုးနှက်ကန်ကျောက်နေတာထက် ဆိုးသည်။ ဒီလိုပြဿနာတွေ မကြာခဏ ကိုယ့်ဆီရှာကြံရောက်လာတတ်လို့ ဟိုကနေ ဒီထိထွက်လာပြီး သီးခြားဆန်ဆန်နေခဲ့သည်။ ဒါလည်း မရ..။

ဒီနေ့ခေတ်ကြီးထဲမှာ ပရိုဂရမ်မာတွေ အများကြီးပါ။ သူ့လိုလူကတော့ သူပဲရှိသည် ထင်၏။ ဒါဟာ အဖေ့ခြေရာနင်းတဲ့သားမို့လား..၊ ဒါမှမဟုတ် ဘဏ်လုံခြုံရေးတွေအတွက် သူ ကြိုးစားခဲ့ရတဲ့ ရလဒ်တွေလား..။

မင်းနေရာ အံကြိတ်နေရင်း ဘာစကားမှမပြောနိုင်..။

သူလိုချင်တဲ့အောင်မြင်မှုက ဒီလိုမဟုတ်ပေ။ ကိုယ့်ကို ယုံကြည်စွာအပ်နှံထားသည့် တခြားလူတွေရဲ့ စည်းစိမ်ဥစ္စာရတနာတွေကို မကောင်းသူတွေရဲ့လက်ထဲ လက်ညှိုးထိုးပြီး ထည့်ပေးလိုက်ရမည့်အဖြစ်ဟာ..

“မင်းနေရာ.. ကျုပ်ပြောတာ မင်း ကြားပါတယ်နော်”

ဖုန်းထဲက နှစ်ခါသုံးခါ ထပ်မေးနေတာလည်း သူ ပြန်မဖြေနိုင်။ ဒီဘဏ်ရဲ့လုံခြုံရေးတစ်ခုလုံးက သူ့လက်ထဲမှာရှိသည်။ ဒါကို ဖောက်ထွင်းဖို့အတွက်က သူ တစ်ခွန်းပြန်ဖြေလိုက်တာနှင့် ပြီးသွားလိမ့်မည်။ ဒါပေမယ့်...





“ခင်ဗျား သိပ်လောဘကြီးလွန်းရာမကျဘူးလား ဦးမြတ်မင်းအံ့၊ ခင်ဗျားရဲ့သူဌေးနဲ့ ကျွန်တော် စကားပြောချင်တယ်”

“လုံးဝ မလိုဘူး၊ ငါ့ရဲ့သူဌေးက ခိုင်းရမယ့်လူရှိရင် ငွေပေးမယ်၊ ငွေလိုချင် တန်အောင်ပေး.. ဒါပဲ၊ သူ ဘာမှစိတ်မဝင်စားဘူး၊ ငါ အခု ကြိုးစားနေတာလဲ မင်းကိုင်ထားတဲ့ဘဏ်ထဲက ပစ္စည်းနဲ့ငွေတွေကို လိုချင်တာမဟုတ်ဘူး၊ ဒီဘဏ် မလုံခြုံဘူးဆိုတာ တစ်ခုပဲ”

ဒေါသက ထောင်းခနဲဖြစ်သွားသည်။ ဒါပေမယ့် ဦးမြတ်မင်းအံ့ ဆက်ပြောနေတာတွေက နားထဲကို အဆက်မပြတ် ဝင်လာနေသဖြင့်...

“hacker တွေ ဖျက်လို့မရတဲ့ ပရိုဂရမ်ဆိုတာ မင်းလက်ထက်ကျမှဖြစ်လာတာပါ၊ ငါတို့က ဒါကို ရအောင်ဖျက်နိုင်တယ်ဆိုရင်လဲ မင်းကို ဘယ်သူမှအပြစ်မတင်နိုင်ပါဘူး၊ ဒီဘဏ်ရဲ့ကျရှုံးခြင်း.. အောင်မြင်ခြင်းက မင်းကို ဘာမှထိခိုက်လာမှာ မဟုတ်ဘူး၊ စီးပွားရေးလုပ်ငန်းတွေ သူ့ထက်ငါ ခေါင်းတစ်လုံးကျော်နိုင်ဖို့ ကြိုးစားကြတာ မင်းတို့ငါတို့နဲ့ မဆိုင်ဘူးလို့ တွက်ထားစမ်းပါ”

“ဘယ်လိုတွက်တွက် ခင်ဗျားတို့လို လက်ပါးစေတွေရဲ့ အကျပ်ကိုင်ခံလိုက်ရမှာကို မလိုချင်တာ၊ ခင်ဗျားနဲ့ ကျုပ် တွေ့ချင်တယ်”

ဒေါသကြောင့် သူ့စကားလုံးတွေလည်း ကြမ်းတမ်းကုန်၏။

“ဒီလိုကိစ္စမျိုးကို ဖုန်းတစ်လုံးနဲ့ အပေးအယူလုပ်နေရတာ မတန်ပါဘူး”

“ဘယ်သူနဲ့မှတွေ့ဖို့ မကြိုးစားနဲ့ မင်းနေရာ..၊ မင်းရဲ့ခေါင်းက စိန်တွေရွှေတွေထွက်နိုင်တဲ့ခေါင်းဆိုတော့ မင်းကို စဉ်းစားချိန်ရသွားအောင် အခွင့်အရေးမပေးနိုင်ဘူး၊ ရွေးချယ်ဖို့စဉ်းစားမယ်ဆိုရင် မင်းမိန်းမနဲ့ မင်းရဲ့အလုပ်ကို ကြိုက်တာတစ်ခုရွေး၊ ဈေးဆစ်ချင်သေးတယ်ဆိုရင်တော့ ဘယ်လောက်ရမှ သဘောတူမယ်ဆိုတာ မင်း တောင်းဆိုပါ၊



www.burmeseclassic.com

www.burmeseclassic.com



မင်း ပြောသလောက်မဖြစ်ဘူးဆိုတာ မရှိစေရဘူး၊ ကျန်တာ ဘာမှ ပြောင်းလဲဖို့ မရှိတဲ့အတွက် လူချင်းတွေ့ရင်လဲ ဘယ်သူနဲ့တွေ့တွေ့ အလကားပဲ''

သူ့မျက်လုံးတွေ ဓာတ်ပုံဆီရောက်သွား၏။ မော့် ကို ကားဘေးမှာ ကျောကပ်လျက်သားနှင့် လူငယ်တွေဝိုင်းဝိုင်းလည်နေသည်။ ပြီးတော့...

ခြေထောက်တွေကြားထဲမှာ မော့် လဲကျနေကာ အင်္ကျီမှာကပ်ထားသည့်ပန်းတစ်ပွင့်က သူမဘေးမှာ ပြုတ်ထွက်နေလျက်...

ဓာတ်ပုံတွေကို ရှုထောင့်အမျိုးမျိုးကရိုက်ထားတာဖြစ်ကာ ည၏ အမှောင်နှင့်မို့ ဘာလိုလိုအရိပ်သဏ္ဍာန်တွေဖြစ်နေတာကာ အကျည်းတန်လွန်း၏။

ဘာပဲဖြစ်ဖြစ် မော့် ပုံစံနှင့် မျက်နှာလေးက ဖြူဖြူလင်းလင်းလေး ပေါ်နေသည်ဖြစ်ရာ ဒီပုံတွေသာ အင်တာနက်ထဲရောက်သွားရင်...

''လျှို့ဝှက်ကုတ်ကို မသိဘူး''

''မသိလို့မရဘူး မင်းနေရာ..၊ အဲဒါမသိရင် မီးခံသေတ္တာ ဘယ်လိုဖွင့်မလဲ၊ ကျုပ်တို့က အဲဒီထဲက လျှို့ဝှက်စာရွက်စာတမ်းတွေကို အခုက လိုချင်တာ၊ မီးခံသေတ္တာကို ကွန်ပျူတာနဲ့ထိန်းချုပ်ထားတာပဲ၊ အဲဒါတွေက မင်းလက်ထဲမှာပါ''

''ဘာဆိုင်လို့လဲ..၊ အဲဒါတွေ သိမ်းဆည်းချုပ်ကိုင်ထားဖို့က ကျုပ်အလုပ်မှမဟုတ်တာ၊ နေပါဦး.. ခင်ဗျားတို့ ဘဏ်ကိုဖောက်ချင်တာ မဟုတ်ဘူးလား၊ အခု ဘယ်ဟာ အဓိကလဲ..၊ လုံခြုံရေးပရိုဂရမ်ကို ဖျက်ဆီးချင်တာလား၊ မီးခံသေတ္တာ လျှို့ဝှက်ကုတ်ကို လိုချင်တာလား''

''အားလုံးကို အလုပ်တစ်ခုတည်းလို့ပဲ မှတ်လိုက်ပါ၊ မင်းအတွက်က...''

''ရွေးချယ်ခွင့်မရှိတော့တာ ထပ်မပြောနဲ့၊ အပေးအယူဆိုတာ





တစ်ခုကိုတစ်ခုချင်းပဲ ဖြစ်သင့်တယ်၊ လောဘတွေသိပ်များပြီး လွန်ကျူးလာရင် ကျုပ်ကလဲ ကြောက်ကြောက်လန့်လန့်နဲ့ သမ္မုဒ္ဒေထိုင်ရှုတ်နေမယ့်လူ မဟုတ်ဘူး''

''မင်းက ဘာကိုဆိုလိုတာလဲ''

''အဆမတန်တောင်းဆိုမှုတွေကို မလိုက်လျောနိုင်ဘူး၊ ဗီဇဝါသနာကို မိန်းမအတွက်နဲ့ အမြစ်ကနေခုတ်လှန်ရှင်းပစ်ဖို့ ကျုပ်လိုလူက လုပ်နိုင်,မလုပ်နိုင် ခင်ဗျား တွေးကြည့်လိုက်..''

ဦးမြမင်းအုံ အသံတစ်ချက်မှထွက်မလာဘဲ ငြိမ်သက်သွား၏။ သူကလည်း ဆက်မပြောဘဲ စောင့်နေခဲ့သည်။ အတော်ကြာသွားမှ...

''မော် ဆိုတဲ့ မိန်းမလှလေးမျိုး မင်း နောက်ထပ် မရနိုင်ဘူးနော်၊ သူ ဒီ မင်း တကယ်မညှာတာတော့ဘူးလား၊ ဒီအပေးအယူကို မင်းဘက်က ခေါင်းခါလိုက်တာနဲ့ မင်းရဲ့သိက္ခာ သမာဓိတွေလဲ...''

''ဒီမိန်းမကို စွန့်လွှတ်လိုက်တာနဲ့ အားလုံး ပြီးသွားမှာပါ''

သူ အပြတ်ပြောလိုက်သည်။ ဦးမြမင်းအုံ က မချိသည့်ရယ်သံ ခြောက်ကပ်ကပ်ကြီးနှင့်...

''မင်းနဲ့သူ လက်ထပ်ထားတာ ဘယ်လောက်ထိ အကျယ်တဝင့် တခမ်းတနားလဲ၊ ပြီးတော့ သူ့ကိုစွန့်လွှတ်လိုက်တာနဲ့ မင်း ပတ်ဝန်းကျင်နဲ့ မင်းရဲ့ရင်ဘတ်ကြီး နဂိုအတိုင်းတော့ နေရာမှန် ပြန်မဖြစ်နိုင်တော့ဘူးနော်''

''ကိုယ့်အလုပ်ကိုယ်လုပ်ပါ ဦးမြမင်းအုံ၊ မော် နဲ့ကျုပ်ရဲ့အနာဂတ်က ခင်ဗျားနဲ့မဆိုင်ပါဘူး''

''မင်းလဲသိနေတယ်ဆိုတော့ ကျုပ် ရှင်းရှင်းပဲပြောမယ်၊ အဖြစ်အပျက်တစ်ခုကို လိုချင်တဲ့ပုံစံ ဖန်တီးလိုက်တာပဲရှိတယ်၊ မိန်းကလေးမှာ အပြစ်မရှိပါဘူး၊ ကျုပ်တို့က...''



www.burmeseclassic.com

www.burmeseclassic.com



''ဦးမြမင်းအံ့...''

ဖုန်းကို တစ်ဖက်နဲ့ပြောင်းကိုင်ပြီး အမိန့်ဆန်စွာ အော်ဟစ်လိုက်တော့ ဦးမြမင်းအံ့ အသံတိတ်သွား၏။

''လိုချင်တာတစ်ခုကိုပဲပြော..၊ ဖြစ်နိုင်တာ မဖြစ်နိုင်တာ ကျုပ်စဉ်းစားမယ်၊ ခင်ဗျားတို့သိထားဖို့က ဒီလုပ်ကွက်အတွက် ငါတို့ပိုင်ပြီလို့ သေချာတွက်မထားဖို့ပဲ၊ မတန်မရာတွေ တောင်းဆိုလာရင် ဝေးပြီ''

ဦးမြမင်းအံ့ ဘက်မှ သက်ပြင်းချသံကိုကြားရ၏။ 'မိုက်လိုက်ပါဘိ'လို့ အပြစ်တင်ချင်သော ခပ်မျှဉ်းမျှဉ်းရယ်သံကို ဆက်တိုက်ပို့လွှတ်လိုက်သေးသည်။

သူ့ရင်ထဲမှာတော့ ကမ္ဘာမီးလောင်နေသလို လွှတ်ကျွတ်ရာပြေးဖို့လည်း ရှတ်တရက် လွှတ်လမ်းကိုမမြင်နိုင်ဘဲ ဖြစ်နေ၏။

မှော့် မျက်နှာလေးကို စိတ်ထဲမှာ မြင်ယောင်နေမိကာ ဓာတ်ပုံတွေကို ငုံ့မကြည့်ရက်ဘဲဖြစ်နေခဲ့သည်။ ဒီအလုပ်နဲ့ပတ်သက်၍ သူ ဒီလို အကျပ်အတည်းတွေ ရင်ဆိုင်ခဲ့ရဖူးသည်။

ဒီလောက် ပူလောင်ခဲ့သည်မထင်၊ ခုတော့.....။





## အခန်း [ ၃၅ ]

တစ်ပတ်အတွင်းမှာ နှစ်ခါပြန်လာခဲ့ဖူးတာမရှိသဖြင့် ဦးသုဝေနဲ့ မင်းနေရာ တို့ နောက်တစ်ခေါက်ရောက်သွားတော့ ခြံစောင့် ပျာပျာသလဲနှင့် အံ့လည်းအံ့သြနေပုံပေါက်၏။

အရင်လို ဘာမှ အဆင်သင့် ပြင်ဆင်ထားချိန်မရလိုက်သောကြောင့် တံခါးဖွင့်ပြီးတာနှင့် အပြေးအလွှားပါလာ၏။

''ဦးစော ကျွန်တော်တို့အတွက် ဘာမှလုပ်မနေနဲ့၊ ကော်ဖီနဲ့ ရေနွေးပဲယူခဲ့၊ အိမ်ထဲမဝင်တော့ဘူး''

''ဟုတ်ကဲ့.. ဟုတ်ကဲ့ပါ၊ ခဏလေး..''

ဦးစော ခေါင်းညိတ်ကာ ခြံထဲမှာ သူထိုင်နေရာကို အမြန်ဆုံးနည်းနှင့် ပြေး၍ သန့်ရှင်းလိုက်သည်။ ပြီးမှ အိမ်ကြီးပေါ် ပြေး၏။

သူတို့ ဟိုဒီလျှောက်၍ သောကကိုယ်စီနှင့် တိတ်ဆိတ်စွာရှိနေခဲ့ အပန်းဖြေစရာနေရာလေးအဖြစ် ဦးစော ပြင်ဆင်လိုက်တာ၊ သိပ်မကြာခင်မှာ ပြီးပြည့်စုံသွားသည်။

''အန်ကယ်လ် ကော်ဖီသောက်ပါဦး''

ဦးသုဝေ မထိုင်တော့ သူလည်း မထိုင်ဖြစ်ဘဲ ကော်ဖီပန်းကန်ကို ယူပေးလိုက်၏။ ဦးသုဝေ က ကော်ဖီကိုလှမ်းယူပြီး စိတ်က တခြားရောက်နေသည့်မျက်လုံးတွေနှင့် ငေးနေပြန်သည်။ ပြီးတော့ ကော်ဖီကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်ကျအောင် တစ်ခါတည်းသောက်ပစ်သည်။ မင်းနေရာ က နှစ်ကျိုက်လောက်ပဲသောက်ပြီး ချထားလိုက်သည်ကို ကြည့်နေလျက်…

"မင်းနေရာ… မင်း ဒီကိစ္စကို တခြားနည်းတစ်ခုခုနဲ့ ဖြေရှင်းသင့်တယ်လို့ အန်ကယ်လ် ထင်တယ်"

နှစ်ယောက်စလုံး ရင်ထဲမှာ ပြဿနာရှိနေသဖြင့် ထိုင်လည်းမထိုင်ဖြစ်ကြပေ။ ဦးသုဝေ က ကော်ဖီသောက်ဖို့ကို တာဝန်ကြီးတစ်ရပ်လို ဖိစီးနေသည့်ပုံနှင့် တစ်ကျိုက်တည်း မော့ပစ်လိုက်ပြီး စားပွဲပေါ်မှာ ပန်းကန်ကို ပြန်ထားလိုက်၍…

"မင်း လိုက်လျှောရမှာနဲ့ ပြဿနာက မတန်ဘူး၊ ပြီးတော့ ကိုယ့်ကိုယ်ကိုကြည့်ပြီး တစ်ဖက်က ရင်းနှီးမြှုပ်နှံထားတာတွေဟာ စည်းစိမ်ဥစ္စာချည်းပဲ မဟုတ်ဘူးနော်၊ ဒီထက်တန်ဖိုးကြီးတာတွေ အများကြီးပဲ"

"ကျွန်တော့်မှာ တခြားရွေးစရာမရှိဘူး အန်ကယ်လ်၊ ဒါ ဘယ်လောက်အရေးကြီးသလဲဆိုတာ သိပေမယ့် ဒါကိုလက်ခံပြီးမှပဲ ရှေ့ဆက်ဖို့ကို စဉ်းစားရမှာ"

"သူတို့ ဒီလိုလုပ်လို့ရနေရင် နောက်ထပ် လိုချင်တာရှိကိုင်း ဒီအဖြစ်မျိုးတွေ ထပ်ရှိလာဦးမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက ဘာနဲ့မှ မြှုခွယ်လို့မရတဲ့ပညာရှင်၊ သမီးကတော့ ဆိပ်ကိုမိုက်မဲတဲ့မိန်းကလေး‥ ဒီနှစ်ရပ်မှာ မသမာသူတွေ အများကြီး ခြေလှမ်းကျဲလာဦးမှာ"

"အန်ကယ်လ်က ဘယ်လိုဖြစ်စေချင်လို့လဲ"

ဦးသုဝေ ခဏတော့တိတ်ကျသွား၏။ လုပ်သင့်တာက တစ်ခုပဲရှိသည်။ ပြောရမှာကျတော့ မော် က သူ့ရဲ့ရင်သွေးရတနာ‥၊ ဒါပေမယ့်…

"ပြဿနာက အန်ကယ့်လ်သမီးကြောင့်ပါ၊ ဒီမိန်းကလေး ပြောဆိုမကောင်းတာကြောင့် သူများစားဖို့ အကွက်ရသွားတာ၊ အန်ကယ်လ်က ဖအေဖြစ်နေပေမယ့် လက်တစ်ချောင်း ခြေတစ်ချောင်း ပုပ်ပွနေပြီဆိုရင်





တော့ ကိုယ်တိုင် ခုတ်ဖြတ်စွန့်ပစ်ရတယ်"

ခြေမ‚မကောင်း ခြေမ၊ လက်မ‚မကောင်း လက်မ ဆိုသည့်စကားကိုတော့ ဦးသုဝေ ပြောမထွက်ဖူးထင်သည်။ မင်းနေရာ က နားထောင်နေရင်း ဦးသုဝေ ကိုပဲ ကြည့်နေ၏။

"အတွင်းလိုက်အစားခံပြီး ခန္ဓာကိုယ်တစ်ခုလုံး ပျက်စီးမယ့်အစား စွန့်သင့်တာကို စွန့်ရမှာပဲပေါ့၊ ပြောရရင် မင်း ဆုံးဖြတ်သင့်တာကို ရဲရဲတင်းတင်း ဆုံးဖြတ်လိုက်ပါ၊ မိန်းမဖျက်လို့ ပြည်ပျက်တယ်ဆိုတဲ့ စကား အန်ကယ်လ် လက်မခံဘူး၊ ဒီခေတ်မှာ အပြုတရားနဲ့ အဖျက်တရားကို ခွဲခြားသိနေကြပြီ၊ မင်းလိုလူတစ်ယောက် ဒီနည်းနဲ့ ချောင်ပိတ်ခံနေရတယ်ဆိုတာ လုံးဝကို မဖြစ်သင့်ဘူး"

"မော့်ကို စွန့်လွှတ်လိုက်ဖို့ပြောတာလား အန်ကယ်လ်"

"ဒီတိုင်းဖြစ်သွားဖို့ပဲရှိတယ် မင်းနေရာ၊ ယောကျ်ားကောင်းဆိုတာ မတွေ့ဝေသင့်တာကို မတွေ့ဝေရဘူး၊ ဒီကိစ္စမှာ 'မော်' ဆိုတဲ့မိန်းကလေးက မင်းနဲ့ ဘာမှမဆိုင်တော့ဘူးဆိုရင် အားလုံး သူ့အလိုလိုပြီးဆုံးသွားမှာ"

"မော် ဒီလိုဖြစ်လို့ ကျွန်တော်က စွန့်ပစ်လိုက်ပြီဆိုတဲ့နောက်မှာ သူ ဘယ်လိုဆက်လက်ရှင်သန်မလဲ အန်ကယ်လ်"

ဦးသုဝေ မျက်နှာ ဒေါသထန်လျက် ဆတ်ခနဲ ပင့်တက်လာ၏။

"ဒါကို မင်းထက် သူ ပိုသိရမယ်၊ ဒီလမ်းမသွားနဲ့ဆို မသွားသင့်မှန်း၊ မတော်ဘူးလို့တားရင် မကောင်းတဲ့အလုပ်မှန်း သူ သိကိုသိရမယ်၊ အခု မင်းက ဒီပြဿနာကို သူ့အပါအဝင် ဘယ်သူမှမသိအောင် ဖြေရှင်းလိုက်မယ်ဆိုရင် သူ့ခြေလှမ်းတွေ မှားနေတာ၊ မှန်နေတာ သူ ဘာမှသိမှာမဟုတ်တော့ဘူး၊ ဘယ်တုန်းကမှ ပြောဆိုမရခဲ့တဲ့မိန်းကလေးဟာ နောက် အမြဲတမ်း ဒီထက်ဆိုးဖို့အခွင့်အားတွေ ရှိနေတော့မယ်"

ဦးသုဝေ ပြောနေရင်း အသံတွေပါတုန်လာကာ မင်းနေရာ နေ့ကို



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင် လာရပ်၏။

"သူ့မိုက်ပြစ်ကို သူခံပါစေ၊ ဒီခြေလှမ်းရင် ဒီလိုမှားတတ်တယ်ဆိုတာ သူကိုယ်တိုင် နားလည်မှုဖြစ်မယ်၊ အန်ကယ့်လ်ကိုရော သမီးအတွက်ပါ မင်း မငဲ့ပါနဲ့၊ မော် ဆိုတဲ့ မိန်းကလေးနဲ့ တရားဝင်ကွာရှင်းလိုက်ပြီဆိုရင်..."

"ကျွန်တော် အဲဒီလိုလုပ်ဖို့ စိတ်ကူးတစ်ခုအနေနဲ့တောင် တွေးမကြည့်ခဲ့ဘူး အန်ကယ်လ်၊ ကျွန်တော့်အတွက် သမာသမတ်ကျကျ ဆုံးဖြတ်ခွင့်ပေးတဲ့အတွက် အန်ကယ့်လ်ကို ကျေးဇူးတင်ပါတယ်၊ မော်က ခုတ်ဖြတ်ထုတ်လိုက်သင့်တဲ့ လက်ချောင်းတစ်ချောင်းလို ပုပ်ပွနေတဲ့အထိ မဖြစ်သေးပါဘူး၊ ပြောဆိုမရဘူးဆိုတာလဲ စွဲလမ်းနေခဲ့တဲ့ သူ့ရဲ့ ခံယူချက်လေး တိမ်းစောင်းနေလို့ပါ၊ သူ့ကို ကျွန်တော် အုပ်ထိန်းသူတစ်ယောက်လို နားလည်ခွင့်လွှတ်ပေးနိုင်တယ်၊ လင်ယောကျ်ား တစ်ယောက်လိုလဲ မြတ်နိုးတယ်၊ ကျွန်တော့်အရိပ်မှာရှိနေတဲ့အတွက် သူ့ကို ကာကွယ်စောင့်ရှောက်ဖို့တာဝန် ကျွန်တော့်မှာရှိတယ်"

ဦးသုဝေ မျက်ဝန်းမှာ လေးစား၍ကြည်နူးခြင်းတွေ ပြည့်နှက်လာခဲ့သည်။ ပြီးတော့ သမီးမိုက်အတွက် ယူကျုံးမရခြင်းတွေလည်းဖြစ်ကာ...

"အန်ကယ်လ် မင်းကို ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်၊ လေးလဲလေးစားတယ်၊ သမီးအတွက် ဒီနေ့အထိ ရတက်မအေးခဲ့ရသမျှ အရမ်းကိုကြည်နူးမိပါတယ်"

လှိုက်လှိုက်လှဲလှဲပြောကာ မျက်ရည်ဝေ့ချင်လာသဖြင့် မျက်နှာတစ်ဖက်လွှဲ၏။

"ဒီပြဿနာမှာလဲ လောလောဆယ် ရှောင်လွှဲမရဘဲ ဆုံးဖြတ်လိုက်ရတာပါ၊ ကျွန်တော့်မှာ ဖြေရှင်းစရာနည်းလမ်းတွေ ရှာလို့ရပါသေးတယ်"

ဦးသုဝေ ဝမ်းသာသွားသည့်မျက်နှာကြီးနှင့်ပြန်လှည့်လာသည်။





စားပွဲနဲ့ကုလားထိုင်တွေနဲ့ ရှိနေပြီး ဘယ်သူမှလည်း မထိုင်ဖြစ်ကြ..။

"ဒီကိစ္စကို မော် လုံးဝမသိပါစေနဲ့ အန်ကယ်လ်"

"ဘယ်လို!..."

ဦးသုဝေ အံ့ဩသွား၏။ သူမ ဒီလိုမှားယွင်းခဲ့လို့ ဒါတွေဖြစ်ကုန်တာကို ပြောပြမှ ဆင်ခြင်ရမှန်းသိမှာ မဟုတ်လား..။

"မဟုတ်သေးဘူး မင်းနေရာ..၊ ဒါကို အန်ကယ်လ်တို့ဘာသာ ကျိတ်ဖြေရှင်းလိုက်ရင် သူ လုပ်သမျှ ဘယ်တော့မှ မမှားဘူးဆိုတဲ့ အလွဲတရားတွေနဲ့ ဒီမိန်းကလေး ပိုပြီး ဆုံးမရခက်တော့မှာ..."

"နောက်တော့ တဖြည်းဖြည်း သူသိမှာပါ၊ ပြဿနာဖြစ်နေတုန်းဆိုတော့ ရှက်ကြောက်ပြီး သူ နောက်ထပ်အမှားတွေ ထပ်လုပ်နိုင်တယ်၊ ပြီးတော့ သူ့ရင်ထဲမှာ တစ်စုံတစ်ခု အမြစ်တွယ်သွားရင် နုတ်ရခက်တယ်၊ လူတွေကို မုန်းတဲ့စိတ်တွေနဲ့ ရစ်ပတ်ရှုပ်ထွေးပြီး သူ ဘယ်တော့မှအေးချမ်းမှာမဟုတ်တော့ဘူး၊ ကျွန်တော် အဲဒီလိုအဖြစ်မခံနိုင်လို့ပါ"

ဦးသုဝေ ဘာမှမပြောတော့ပါ။ မင်းနေရာ၏ ယောကျ်ားပီသ၍ မြင့်မြတ်သောသည်းခံသည့်စိတ်ဓာတ်ကိုလည်း အထင်ကြီးမိသည်။

"သူတို့က လိုချင်တာကို ရအောင်ဘယ်လိုယူမလဲဆိုတဲ့ နည်းလမ်းတစ်ခုကိုပဲ ရှာဖွေတတ်တာ၊ ကျွန်တော် ရေးတဲ့ ပရိုဂရမ်အတွက် ကျွန်တော် စီရင်နိုင်တယ်၊ တစ်ခုတော့ရှိတယ်"

"ဘာလဲ.. ပြောပါ၊ အန်ကယ်လ် ဘာလုပ်ပေးရပေးရ.."

"ကျွန်တော် အမေရိကားကို ခရီးထွက်ရမယ်ထင်တယ်"

"ဒီကိစ္စကြောင့်လား"

"ဟုတ်တယ်၊ မော့် ကို အန်ကယ့်လ်ဆီမှာ ပြန်အပ်ခဲ့ရမှာ၊ ကျွန်တော် စိုးရိမ်တာက လိုအပ်တယ်လို့ယူဆလို့ပဲဖြစ်ဖြစ်၊ ဒေါသကြောင့်ဖြစ်ဖြစ် ဒီအကြောင်းတွေကို မပြောမိဖို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ သွားဖြစ်ခဲ့ရင် ဘယ်လောက်ကြာမှာလဲ.."

"သွားရမှာက သူတို့နဲ့အတူ ဒီပြဿနာကြောင့်ဆိုတာ ဒါကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ဖြေရှင်းဖို့ အခွင့်အရေးရလာရင် ကြာနိုင်တယ်၊ အမြန်ဆုံး ခြောက်လ၊ ကြာရင် တစ်နှစ်"

"သမီးက မင်းနဲ့လိုက်ချင်တယ်ဆိုရင်ရော..."

မင်းနေရာ အံ့သြစရာစကားတစ်ခွန်းကို ကြားလိုက်ရသလို ဖျတ်ခနဲ မျက်လွှာပင့်ကြည့်၏။ ပြီးတော့ ပြုံးဟာမဟုတ်ဘဲ ကုပ်ချီထားသည့် မျက်ခုံးခပ်တွန့်တွန့်ကို ဖြေချလိုက်ရင်း...

"ဒီလိုမဖြစ်နိုင်ပါဘူး၊ ကျွန်တော့်အပေါ်မှာ သူ သံယောဇဉ်နည်းတယ်၊ ဒါလဲ သူ့မှာ အပြစ်မရှိပါဘူး၊ အိမ်ထောင်ရေး သာယာလာအောင် ဖန်တီးဖို့အတွက် ကျွန်တော် အချိန်မပေးနိုင်ခဲ့တော့ သံယောဇဉ်ဆိုတာလဲ ဖြစ်လာဖို့ သိပ်မရှိဘူးလေ"

မင်းနေရာ မှော့် မျက်နှာလေး သတိရသွားမိသည်။ သူမဟာ အပြစ်ကင်းတဲ့မိန်းကလေးပါ။ ဒါကို သူ လုံးဝယုံကြည်နေသည်။

မွေးနေ့သွားခဲ့သည့်ညမှာ သူ့ဘက်က ပေါ့ဆခဲ့သည့်ခြေတစ်လှမ်းအတွက်ကြောင့် သူမ ဤသို့ ချုပ်ကိုင်ခံလိုက်ရခြင်းဖြစ်၏။

သူမ မှားခဲ့သည်ဆိုရင်တောင် သူလည်း မှားခဲ့သည်။ ကိုယ်နဲ့ပဲ ပတ်သက်သည်ဟု ယူဆခဲ့သည့်အတွက် မှော့် ကို မငြိုငြင်သည့်အပြင် သနားစိတ်တောင်ဖြစ်နေခဲ့သည်။

မေတ္တာပေးတိုင်း မေတ္တာ ပြန်မရခဲ့တာကတော့..။





## အခန်း [ ၃၆ ]

စားပွဲပေါ်မှာ လက်ပ်တော့တစ်လုံးနှင့် သားရေအနက်ရောင်မှုံးထားသည့် စာအုပ်လေးတစ်အုပ်၊ ပြီးတော့ ဘာပစ္စည်းတွေမှန်းမသိသော၊ ဖုန်းနဲ့တူသော ခပ်သေးသေး ရှည်ခံမျောမျောလေးတွေ..၊

Memory Card လို အချပ်သေးသေးလေးတွေ..၊ အားလုံးကို ဝေ့ကြည့်ပြီး အိပ်ပျော်နေသည့်သူ့ကို နှိုးသင့်၊ မနှိုးသင့် စဉ်းစားလိုက်မိသည်။ ဒီအိမ်ကို သူနှင့်အတူလိုက်နေခဲ့သည့်ကာလတစ်လျှောက်မှာ သူ့အလုပ်အပိုင်းအစတွေကို အပြင်မှာ ခုလိုတွေ့ရတာ ဒါ ပထမဆုံးပဲဖြစ်သည်။

မှော့် သူ့ဘေးမှာရပ်နေတုန်း ဒရင်းဘက်မှာ လက်ပိုက်အိပ်ပျော်နေသည့် မင်းနေရာ ထံမှ လှုပ်ရှားမှုကို တွေ့လိုက်ရ၏။ သူ လက်ပိုက်ဖြေလိုက်ပြီး မှော့် ကိုမော့ကြည့်လိုက်တော့ မျက်လုံးတွေကို ပြန်မှိတ်သေးသည်။ ပြီးမှ...

"မင်း မအိပ်သေးဘူးလား"

လို့မေးပြီး လက်ကနာရီကိုမြှောက်ကြည့်သည်။ ညဉ့်တစ်နာရီထိုးနေပြီ။

"ကျွန်မ တစ်ရေးနိုးလာတာ..၊ မီးသက်လေတိုက်နေတော့ ဝရန်တာတံခါး လှုပ်နေသံကြားလို့..."



www.burmeseclassic.com

www.burmeseclassic.com



''ကျေးဇူးပဲ၊ မင်းရောက်မလာရင် ကိုယ် နိုးမှာမဟုတ်ဘူး၊ မိုးရေစိုကုန်ရင် ဒါတွေ သွားပြီ''

သူက စားပွဲပုလေးပေါ်က ပစ္စည်းတွေကို မြန်မြန်ဆန်ဆန်သိမ်းပစ်ရင်း မိုးရွာချလိုက်မှာကိုလည်း တော်တော်စိုးရိမ်နေပုံ ပေါ်၏။

''ရှင့်ကို ကျွန်မ မနိုးရသေးဘူးလေ''

ဒရင်းဘက်ဒ်ကို ခေါက်နေရင်း သူက ပြုံး၍…

''မင်းရောက်လာလို့ ကိုယ် နိုးသွားတာ၊ မျက်လုံးက အကျင့်ပါနေလို့ထင်တယ်၊ အလုပ်လုပ်နေရင်း အိပ်ပျော်သွားရင် စခရင်မ်မှာ Lighting Play သွားတာနဲ့ နိုးတယ်၊ အနားမှာ တစ်ယောက်ယောက်လာရပ်လိုက်တဲ့အခါ လှုပ်နှိုးလိုက်သလိုဖြစ်သွားတတ်တာလဲ အကျင့်ပဲ၊ ကြက်အိပ်ကြက်နိုးအိပ်တတ်တာ ငယ်ငယ်တည်းက··''

အိမ်ထဲကို အတူတူပြန်ရောက်လာကြတော့ အပြင်မှာ မိုးစက်တွေကျလာသံ ကြားလိုက်ရ၏။

''ရှင်က ဘယ်လောက်တောင် အလုပ်ရှုပ်နေလို့လဲ၊ ငယ်ငယ်ကတည်းကဆိုတော့…၊ မအိပ်နိုင်မစားနိုင် ကြိုးစားရလောက်အောင် ဘာကို လောဘကြီးနေတာလဲ''

သူက သူ့အလုပ်ခန်းတံခါးရှေ့မှာရပ်ပြီးကာမှ အဖြူရောင်ဖဲသားညဝတ်အင်္ကျီပျော့ပျော့လေးနှင့် ဆံပင်တွေဖြန့်လျက်သား မှော့် ပုံစံကပိုကရိုလေးကို စိုက်ကြည့်သည်။

သူမလေးသည် ညဝတ်အင်္ကျီဆို ဖဲသားလေးတွေကိုပဲဝတ်တတ်ကာ အများအားဖြင့် ဝတ်ကြသလို ဇာစ်လွှာတည်းမဟုတ်ဘဲ သိုသိုသိပ်သိပ်လည်း နေတတ်သေးသည်။ အိပ်ရာဝင် တစ်ရေးနိုးလာတာတောင် ပန်းနုရောင်သမ်းပြီး မှုန်ညက်နေသည့်မျက်နှာလေးကိုငေးကာ ကိုယ့်အစီအစဉ်တွေကြောင့် ရင်ထဲမှာ ဆွေးသွားသည်။





သူမနှင့်သူ အခိုက်အတန့်လောက်တော့ ခွဲကြရဖို့ရှိလေသည်။ အတူတူနေကြတာတောင် သူမထံမှ ဒီထက်ပိုသာသောနွေးထွေးမှုကို သူ ရအောင်မယူနိုင်ခဲ့ပေ··။ အနေဝေးလို့ သွေးအေးသွားကြတဲ့အခါ ကိုယ့်အတွက် သံယောဇဉ်လက်ကျန်လေးတောင် ရှိပါ့မလား··။

''ရှင် ဘာကြည့်နေတာလဲ''

စူးစိုက်ကြည့်နေသဖြင့် မှော် မနေတတ်သည့်မျက်နှာလေးနှင့် ဆံပင်တွေကို တစ်ဖက်နဲ့ထိုးသိမ်းပစ်လိုက်ရင်း မေးသည်။ ဒီတော့မှ မျက်နှာလွှဲလိုက်မိရင်း…

''မင်းမေးတာကို ဖြေဖို့ တွေးနေတာပါ''

ကိုယ့်ဘာသာ မှသားသုံးပြီးမှ ပြုံးလိုက်မိသည်။ ပြီးတော့ အခန်းတံခါးကိုဖွင့် လိုက်ရင်း…

''မင်းကို ကိုယ် ပြောခဲ့ဖူးသားပဲ၊ ကိုယ် ဒီပညာကို ငယ်စဉ်တောင်ချေး ကလေးဘဝတည်းက ဝါသနာကြီးခဲ့တာ၊ သင်ယူတတ်မြောက်တာနဲ့တင်အားမရဘဲ လေ့လာလိုက်စားတာကိုလဲ ဝါသနာထုံတယ်၊ ကိုယ်ပိုင်ကြံဆတီထွင်တာတွေလုပ်ချင်တာတော့ အချိန်က ကိုယ့်အတွက် မလုံလောက်တော့ဘူး၊ အချိန်နဲ့ကိုယ် နပမ်းလုံးရင်း မရှုံးချင်တဲ့လူက အမှီလိုက်ရတယ်လေ၊ စားချိန်အိပ်ချိန်တွေထဲက ထပ်နုတ်တော့ အခုမင်းမြင်နေရတဲ့ 'မင်းနေရာ' ဆိုတဲ့ကောင် ဖြစ်လာတာပေါ့''

ပြောပြီး အသံမထွက်ပေမယ့် သွားတွေပေါ်အောင်ရယ်သည်။ မှော် ကတော့ ဘာမှထပ်မမေးနိုင်လောက်အောင် သူ့ကိုပဲ ငေးကြည့်နေမိခဲ့၏။ ဒက်ဒီ့ထက် အဆပေါင်းများစွာ အလုပ်ရှုပ် အပင်ပန်းခံတဲ့လူပါလား၊ ဒါတောင်မှ မှော့် အတွက် သူ အချိန်ပေးခဲ့တာတွေရှိသေးသည်။ ထမင်းစားရင်း စကားတွေပြောတာ၊ ချက်ပြုတ်တဲ့နေရာ ရောက်လာပြီး ဟိုမတ်တတ် ဒီမတ်တတ်နှင့် ရယ်စရာတွေ ရှာကြံပြောခဲ့တာတွေ··။



www.burmeseclassic.com

www.burmeseclassic.com



မော့် ဘယ်လိုမျက်နှာနဲ့ပဲနေနေ၊ ဘယ်လောက်ဒေါသဖြစ်စရာ ပြောပြော သူ ပေါက်ကွဲတော့မှာပဲလို့ အသေအချာတွက်လိုက်မိတဲ့ အခါမျိုးမှာတောင် အားလုံးကို ဥပေက္ခာထားပြီး ရှောင်ထွက်သွားခဲ့တာ တွေ ရှိသည်။

သူ့မှာ 'ငါ ယောကျ်ားကောင်း' ဆိုသည့် မာနမျိုး မရှိတာတော့ သေချာပါသည်။ ထို့ပြင် ဆိုးတာကို သည်းမခံနိုင်၊ အမှားကို ခွင့်မလွှတ် တတ်သည့် ဒက်ဒီ့လို ဥပေက္ခာမျိုးတွေလည်း ဒီနေ့ထိ မကြုံခဲ့ရဖူးပါ..။

သူမအတွက် ကျန်းမာရေး၊ လူမှုရေး ဘာဖြစ်ဖြစ် သူ ကြားလိုက် မြင်လိုက်သမျှမှာ ဂရုတစိုက် မေးမြန်း ဆောင်ရွက်ပေးတတ်၏။

မင်းနေရာ ကို သူမ စိမ်းသက်စွာနေဖို့တော့ မကြိုးစားတော့ပါ။ နှုတ်ဖျားက ပြတ်သားသောစကားတွေကို ဆိုနိုင်နေသော်လည်း ရင်ထဲ မှာ သူ့အပေါ် ရင်းနှီးနွေးထွေးခဲ့ပြီဖြစ်သည်။

"ဦးမင်းနေရာ.."

"ဟင်.."

အခန်းထဲဝင်လိုက်ပြီးမှ သူ ပြန်လှည့်ကြည့်သည်။

"ရှင် အလုပ်လုပ်မလို့လား"

"အင်း.. ကိုယ် အိပ်ပြီးသွားပြီ"

"ညလယ်စာတစ်ခုခု ကျွန်မ လုပ်ပေးမယ်"

သူ ဘာမှမပြောဘဲ မော့် ကို ဒီတိုင်းစိုက်ကြည့်နေ၏။ ပြီးမှ အခန်းပြင်ကိုပြန်ရောက်လာကာ...

"ကိုယ့်အတွက် စားစရာမဟုတ်ဘဲ တစ်ခုခု လိုအပ်နေတာဆိုရင် ပေးမလား"

ဟင်!...

မော့် ရင်ထဲမှာ ဒိန်းခနဲ လှိုက်ခါသွား၏။ ဒီလူနဲ့ကျမှ ဘာတွေဖြစ်





နေတာလဲ၊ တစ်ခါတလေ အကြည့်လေးတစ်ချက်နဲ့တင် ရင်တွေခုန်တတ် နေတာ၊ လက်ဖျားလေးဆွဲလိုက်တာကအစ ရင်ထဲမှာ ပူခနဲ ရှိန်းခနဲ..။

"မော့်.."

"အို!..."

မျက်နှာလွှဲပစ်လိုက်သည့် မော့် လက်ကလေးကို ဆွဲယူလိုက်သည်။ လန့်ဖျပ်မော့ကြည့်လိုက်သည့် သူမမျက်နှာလေးက သူ့မျက်ဝန်းတွေ အောက်မှာ...

"ကိုယ် နမ်းလိုက်ရင် မင်း စိတ်ဆိုးမှာလား"

"ရှင်.. ရှင် ဘာတွေပြောနေတာလဲ၊ လွှတ်စမ်းပါ"

သူက မလွှတ်ပါ။ မော့် မျက်နှာလေး မော့ယူလိုက်ပြီး နဖူးလေးကို နမ်း၏။ ထို့နောက် တစ်ကိုယ်လုံးကို နူးညံ့ညင်သာစွာ ပွေ့ဖက်ထား လိုက်ကာ ပါးချင်းကပ်၍ အကြာကြီးငြိမ်သက်နေခဲ့၏။

မော့် သူ့ရင်ခွင်ထဲမှာ ဘာဖြစ်လို့ငြိမ်နေခဲ့မိသည်မသိဘဲ သတိဝင် လာမှ...

"ဦးမင်းနေရာ.. ရှင်.. ရှင့်ကို ပြောနေတယ်နော်"

သူက ပါးချင်းထိကပ်ထားရာမှ ခွာ၍ သူမမျက်နှာလေးကို တစိမ့် စိမ့် ငေးသည်။ နဖူးပြေပြေလေးမှ စ၍ မျက်တောင်ကော့လေးတွေ၊ ချွန်ကော့နေသည့်နှာတံ၊ ပြီးတော့ ဘယ်အချိန်ကြည့်ကြည့် တင်းကပ် ခြောက်သွေ့နေသည်မရှိသော ဖူးအိနီမြန်းနေသည့် နှုတ်ခမ်းသားလေးတွေ မှာ စူးစိုက်သွားခဲ့ပြီး...

"ကိုယ် ဒီထက်ပိုချင်သေးတယ်"

တိုးတိတ်စွာပြောကာ ထိုမျက်နှာလေးကို သူ့ရင်ခွင်တစ်ခြမ်းမှာ ဆွဲယူပွေ့ဖက်ထားလိုက်သည်။ ပြီးတော့...

"ကိုယ့်ကို မကြောက်ပါနဲ့၊ မင်းကို ကိုယ်..."

ရွှေသမင်စာပေ

www.burmeseclassic.com

သူ စကားတွေပြောနေပြီး ဝါကျမစုံတာလည်းရှိ၊ စုံတာလည်းပါ၊ တိုးတိတ်လှုပ်ခတ်နေသည့်အသံကိုက မှော် ကို ရှန်းရင်းဆန်ခတ်တွေ မလုပ်ဖြစ်အောင် ချုပ်ကိုင်ထားခဲ့သလိုပင်..။ သူက မှော် ကိုယ်လေးကို အိပ်မက်မက်နေသူကဲ့သို့ မေ့မေ့မူးမူး ပွေ့ဖက်ထားလျက်...

"ကိုယ် ခရီးထွက်ရဦးမယ်ထင်တယ်၊ ကိုယ်လေ မင်း ဒီထက် ပိုပြီး စိမ်းသက်သွားမှာစိုးတယ်၊ ဒါပေမယ့်..."

ဒါလည်း သူ ဆုံးအောင်မပြောခဲ့ပါ။ သည်မိန်းကလေးကို သူ ယုံကြည်နေသည်။ သူမကိုယ်တိုင် ဆိုးသွမ်းဖောက်ပြားခြင်းအမှုကို ဘယ်သောအခါမှပြုမှာမဟုတ်တာကို သူနဲ့ရင်းနှီးခွင့်မရသေးခင်တည်းက ယုံကြည်ခဲ့တာ ခုချိန်ထိ..။

နောင်အနာဂတ်မှာလည်း သူ့ရဲ့ယုံကြည်မှုတွေ မမှားနိုင်ဘူး ဆိုတာ ကိုယ့်ကိုယ်ကိုယ် သေချာခဲ့၏။ ထို့ကြောင့် ပတ်ဝန်းကျင်မှာ သူမနဲ့ပတ်သက်တာတွေ ဘာတွေဖြစ်နေနေ၊ ဘာတွေရှိရှိ.. သူ့ဘာသာ ဖြေရှင်းနိုင်သရွေ့ သူမကို ဘယ်တော့မှ ပေးသိစေမှာ မဟုတ်ပါ..။

အတိတ်၏ခြောက်လှန့်ခြင်းကြောင့် သူမကို စိတ်ပင်ပန်းမှု မရစေလိုသည့်ပြင် ကိုယ်က ဒါကိုဖိနင်းပြီး အနိုင်ယူချင်သည့်သဘောမျိုး သူမစိတ်ထဲမှာ သက်ရောက်သွားမှာကို မလိုချင်..။

ကိုယ့်ရင်ခွင်ဟာ သူ့အတွက် အိုအေစစ်တစ်ခုမဟုတ်ခဲ့ရင်တောင် အရိပ်မဲ့လမ်းလိုတော့ မဖြစ်ချင်တာ သူမ အသိအမှတ်ပြုပြုမပြုပြု အလိုအလျောက်အတိုင်းထားမိခဲ့တဲ့ စေတနာတွေပါ..။

ဒါဟာ မေတ္တာလား..၊ ချစ်တာလား..၊ မရေရာတာကို တွေးထုတ်မယူတတ်ပေမယ့် တစ်ခုခုတော့ ဖြစ်လိမ့်မည်။





## အခန်း [ ၃၇. ]

ဒက်ဒီ နေမကောင်းဘူးဆိုလို့ မှော် စိုးရိမ်သွားမိသည်။ ကားမောင်းနေရင်း ဒီရက်ပိုင်းတွေမှာ ဒက်ဒီ့ဆီ တမင်မသွားဘဲနေခဲ့မိတာကိုတောင် တွေးမိပြီး စိတ်မကောင်းဖြစ်သွားခဲ့၏။

ကားကို ခြံထဲကွေ့ဝင်လိုက်လျှင် ပေါ်တီကိုအောက်မှာ မင်းနေရာ၏ကားနက်ကြီးကိုမြင်လိုက်ရသဖြင့် ခုတလော ဒက်ဒီ့ဆီကို မကြာမကြာ သွားနေတတ်သည့်အဖြစ်က သတိတရဖြစ်လာသည်။

အိမ်ကိုမရောက်ဖြစ်ပေမယ့် မေချို နဲ့တော့ နေ့စဉ်လိုလို ဖုန်းပြောဖြစ်သောကြောင့် ဒါကိုသိရတာပါ။ သူမသိရသလောက်ဆိုလျှင် ဒက်ဒီနဲ့ ဦးမင်းနေရာ တို့ ဒီလောက်ရင်းနှီးကြတာ မဟုတ်ပေ..။

သူမတို့လက်ထပ်ပြီးတော့လည်း တစ်အိုးတစ်အိမ်ထောင်ခွဲလိုက်တာမို့ အလုပ်ရှုပ်ကြတာချင်းလည်းတူကာ ဒက်ဒီနဲ့သူ ဒီလောက်ကြီးကူးလူးဆက်ဆံနေခဲ့တာ မရှိ..။

ခုတလောကျမှ ဘယ်လိုလုပ်ငန်းတွေ ပူးပေါင်းလုပ်ဆောင်နေကြလို့လဲ..၊ နောက်ကျကျမှာပဲ ကားကိုရပ်ခဲ့ပြီး မှော် အိမ်ထဲကိုဝင်လာတော့ ခြေလှမ်းတွေကို အလိုလို ဖော့လျှောက်မိပြီးသားဖြစ်သွားသည်။

"ဟော.."

ရွှေသမင်စာပေ

www.burmeseclassic.com



"ရှူး…"

မေချို နောက်ကနေထွက်လာပြီး မှော် ကိုမြင်လိုက်တော့ ဝမ်းသာအားရနှုတ်ဆက်မလို့ ဖြစ်၏။ မှော် က လက်ညှိုးထောင်ပြလိုက်ရင်း တိတ်တိတ်နေဖို့ အချက်ပြတော့ ချက်ချင်း အသံတိတ်၏။

"ဒက်ဒီရော…"

"အပေါ်မှာ…"

မှော် ခေါင်းညိတ်ပြီး အပေါ်ထပ်ကို ခြေသံမမြည်အောင် ပြေးတက်ခဲ့သည်။

ထင်သည့်အတိုင်းပါပဲ…။

"မင်း အတည်ဆုံးဖြတ်လိုက်တာလား မင်းနေရော…"

"ဒီတိုင်းလုပ်ဖို့ပဲ ရှိလို့ပါ"

"အန်ကယ့်လ်သမီးဖြစ်နေတာမို့လို့ မျိုသိပ်နေရပေမယ့် တွေးကြည့်ရင် ဒါဟာ တစ်ကိုယ်ကောင်းဆန်ဆန် ဆုံးဖြတ်လိုက်တာပဲကွ၊ ဒီဘဏ်ရဲ့လုံခြုံရေးတစ်ခုလုံးကို မင်းလက်ထဲမှာ ယုံယုံကြည်ကြည်အပ်ထားတာ၊ မင်းက ကိုယ့်မိန်းမရဲ့သိက္ခာဆိုတာတစ်ခုနဲ့ လဲယူဖို့ဆုံးဖြတ်တယ်၊ ဒီလုပ်ရပ်ဟာ ဘဏ်သူဌေးတွေပဲထိခိုက်တာမဟုတ်ဘူး၊ ပြည်သူအများ နစ်နာကြမှာ၊ စုဆောင်းအပ်နှံကြတဲ့လူတွေရဲ့ မျှော်လင့်ချက်တွေ၊ အနာဂတ်တွေ အားလုံး…"

"တော်ပါတော့ အန်ကယ်လ်၊ ကျွန်တော် ပြောပြီးပြီပဲ၊ ဒီလောက်ထိ ပျက်စီးဆုံးရှုံးမသွားအောင် ကျွန်တော် ကြိုးစားမှာပါ"

"ဒီဓာတ်ပုံတွေဆိုတာလဲ ကြိုက်သလို ပွားယူသိမ်းထားလို့ရတယ်၊ မင်း ဒီတစ်ခါ လိုက်လျောလိုက်ရတာနဲ့ ပြီးဆုံးမသွားခဲ့ဘူးဆိုရင် ဘာတွေဆက်ဖြစ်ဦးမလဲ…"

"အန်ကယ်လ် ကိုယ့်ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ၊ ကျွန်တော့်





ဘက်က အန်ကယ်လ့်ကို စကားကုန်ပြောမပြနိုင်သေးတဲ့အတွက် ဒီလိုစိုးရိမ်စရာတွေရှိနေတာလို့ သတ်မှတ်ပြီး ကျွန်တော် လုပ်နိုင်တယ်ဆိုတာကို ယုံကြည်လိုက်ပါ၊ သူတို့ဘက်က ပြင်းထန်နေတဲ့အတွက် အချိန်ဆိုင်းမရဘူး၊ ကျွန်တော် အမေရိကားကိုသွားနေတဲ့အချိန်မှာ အန်ကယ်လ်လဲ အနားယူရင်း မှော် ကို ဂရုစိုက်ပေးဖို့ပြောချင်တယ်၊ တစ်ခုကိုရှင်းလို့မပြီးသေးခင် တစ်ခုတပ်ဖြစ်မှာစိုးတယ်၊ ဒါတွေဖြစ်ပျက်နေတာလဲ မှော်လုံးဝ မသိစေချင်ဘူး"

"အေးလေ… မင်း အရည်အချင်းရှိတယ်ဆိုတာ အန်ကယ်လ်ယုံပါတယ်၊ သမီးကြောင့် မင်း ဒုက္ခများရတာကိုပဲ အားမလိုအားမရဖြစ်မိတာ၊ အသွားမတော်တစ်လှမ်း ဆိုတာမျိုး…"

"အဲဒါတွေထားလိုက်ပါ အန်ကယ်လ်၊ သူ့ကြောင့်လို့ မမြင်ဘဲ ကျွန်တော့်ကို အကျပ်ကိုင်ဖို့အတွက် မှော် က အသုံးချခံရတာလို့ မြင်လိုက်ရင် သနားဖို့တောင် ကောင်းပါသေးတယ်"

"မင်းနှယ်ကွာ…"

"ကျွန်တော် သွားမယ်"

"နေဦး… ဓာတ်ပုံတွေ ယူသွားဦးလေ"

"ဒီမှာပဲ သေချာသိမ်းထားလိုက်ပါ၊ ကျွန်တော် ခရီးသွားမှာ မှော် သေချာမသိသေးဘူး၊ ထပ်လဲမပြောတော့ဘူး၊ အနီးအပါး ခဏတဖြုတ်သွားသလိုပဲ သွားလိုက်မယ်၊ ဟိုရောက်မှပဲ ဘယ်လောက်ကြာမယ်ဆိုတာ ကျွန်တော် ဖုန်းဆက်မယ်"

"ကျုပ်ကလဲ မပြောရဘူးလား"

"အန်ကယ့်လ်ဆီရောက်လာရင်တော့ သူ မေးလာရင် ပြောလိုက်ပါ၊ ဘယ်လောက်ကြာမယ်ဆိုတာလဲ သူ စိတ်ဝင်စားမယ်မထင်ပါဘူး၊ ကျွန်တော် သွားမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မှော် နံရံတစ်ဖက်ထောင့်ကို ခုန်ကူးကာ ကျောကပ်နေလိုက်၏။

မင်းနေရာ သည် ဘောင်းဘီရှည်အနက်နှင့် ငှက်ခါးရောင်လောင်းကုတ်ရှည်ကိုဝတ်ထားကာ လက်ထဲမှာ ဖိုင်အပါးလေးတစ်ခုကို ကိုင်ထား၏။

နောက်ကို အနည်းငယ်မျှမကြည့်ဘဲ လှေကားကြီးဆီ ခြေလှမ်းကျဲများနှင့် တောက်လျှောက်ထွက်သွားသည့်ကျောပြင်ကို မှော် မျက်စိတစ်ဆုံး ငေးကြည့်ရင်း တောင့်မတ်စွာ ရပ်နေခဲ့မိသည်။

ဓာတ်ပုံ..၊

ဘာဓာတ်ပုံလဲ..။

ဒက်ဒီကတော့ ဒီပြဿနာနှင့်ပတ်သက်ပြီး မှော့် အပေါ်မှာ အတော်လေး စိတ်ပျက်လက်လျှော့ချင်ပုံပါ..။

တစ်နေရာတည်းမှာ ဆုံးဖြတ်ချက်ချလိုက်ရင်း မှော် နေရာမှခွာခဲ့သည်။

ဒီဇာတ်စွ သူမ သိရမှဖြစ်မည်။





**အခန်း [ ၃၈ ]**

"မင်း ဘယ်လိုလုပ်လိုက်တာလဲ မင်းနေရာ.."

ဒေါသကြောင့် လက်တွေက နုတ်ပူးသလိုလို တဲဆတ်ဆတ်တုန်နေခဲ့၏။ ဂျေမီ က အနားမှာ လက်ပ်တော့ပ်ကို အဆင်သင့်ဖွင့်ထားပြီး ငုတ်တုတ်ထိုင်နေ၏။

သူတို့မှာ လျှို့ဝှက်စွာကြံစည်လုပ်ရှားရင်း အချိန်တွေကုန် စိတ်ကူးတွေကုန်၊ တကယ့်အတော်ဆုံး hacker တွေနဲ့ချိတ်ဆက်မိဖို့ ဘယ်လောက်ထိ ရင်းနှီးလိုက်ရသလဲ..။

မျှော်လင့်ချက်တွေအရင့်အမာနှင့် ကြိုးစားလိုက်ရတာ၊ ဘာတွေကုန်ကုန် ဘယ်လောက်ပင်ပန်းပန်း ခုတော့ လုပ်သမျှအရာမထင်ဘဲ အဆင်မသင့်လျှင် နောက်ကွယ်က ပြဿနာတွေပါ အားလုံးပေါ်ပြီး မျိုးတုံးသွားနိုင်သေးသည်။

"မင်းလိုလူကို ဒီလိုအလုပ်မျိုးလုပ်လိမ့်မယ်လို့ ငါ မထင်ခဲ့ဘူး"

"ဒေါသ ဖြည်းဖြည်းထွက်ပါ၊ အခု ပြောချင်တာက ဘာလဲ"

"မင်းနေရာ..၊ မင်းလေသံက အေးဆေးလှချေလား၊ အခု မင်း ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဘယ်ရောက်နေနေ ခင်ဗျားလိုချင်တာကိုပေးလိုက်ပြီ၊ အခု ဘာဖြစ်ချင်တာလဲ ပြော…"

"မင်းပေးလိုက်တာ မပြည့်စုံဘူး၊ အခု အားလုံး ရှေ့တိုးမရ၊ နောက်ဆုတ်မရဖြစ်ကုန်ပြီ၊ ဘာလဲ မင်းက မင်းလက်ထဲကို ဓာတ်ပုံတွေ ရောက်ကုန်ပြီဆိုပြီး ဒီလိုလုပ်လိုက်တာလား၊ အလောင်းအစားလုပ်ကြရင်တောင် ဝှက်ဖဲဆိုတာ ရှိတယ်ကွ၊ ငါတို့လုပ်ခဲ့တာ အလောင်းအစား မဟုတ်ဘူး"

"ညစ်ပြီးရင်းညစ်လို့ရတဲ့ အောက်တန်းကျကျ အလဲအလှယ်တွေပါ၊ သိတာပေါ့"

"သိရင် မင်း ဒီလိုမလုပ်သင့်ဘူး၊ မီးခံသေတ္တာဖွင့်ဖို့ လျှို့ဝှက်နံပါတ်က အခု ဘာမှသုံးစားမရဘူး"

"အဟွန်း သုံးစားတတ်တဲ့ hacker တွေကို သုံးပေါ့၊ ခင်ဗျားရဲ့ hacker တွေ ဒီလောက်တောင် ညံ့နေသလား"

ဦးမြင့်အုံ 'မင်း' ဆိုသည့်စကားတစ်ခွန်းနှင့် အသက်ပြင်းပြင်း ရှူနေရသည့်အထိ ဒေါသတွေမြင့်တက်လာနေ၏။

မင်းနေရာ…၊

မင်းလိုကောင် လွယ်လွယ်နဲ့တော့ အရှေ့ခံဂဲမှာမဟုတ်ဘူးဆိုတာကို ငါ သိတာပေါ့..၊

ဒါကြောင့် ဒီအစီအစဉ်ကို စကတည်းက စိတ်ချလက်ချထားခဲ့တာမဟုတ်၊ ခုတော့…

"မီးခံသေတ္တာရဲ့ SAFEGUARD ကိုးလုံးက နှစ်လုံးဖွင့်မရဘူး၊ ကိုးလုံးမြောက်မှာ လျှပ်စီးပတ်လမ်းတွေဖွင့်ထည့်ထားတယ်၊ လျှို့ဝှက်နံပါတ်ပေးကတည်းက မင်း ဒါကို ဘာဖြစ်လို့ ထိမ်ချန်ထားခဲ့တာလဲ"

"အဟွန့်… ဟွန်း"





ဖုန်းထဲက မင်းနေရာ၏ရယ်သံကို နားထောင်ရင်း ဦးမြင့်အုံ အံကြိတ်လိုက်မိသည်။

"ဒါ… မင်း…မင်း တမင်လုပ်လိုက်တာပါ"

"ဆင်နင်းခံရပါတယ်ဆိုမှ 'နာသွားလား' လို့ မေးနေသေးတယ် ဦးမြင့်အုံ ရယ်..၊ ဝှက်ဖဲဆိုတာ ခင်ဗျားတောင် ထားတတ်နေသေးရင် ကျုပ်မှာ လက်နက်ပုန်းတွေ အများကြီးရှိတယ်ဆိုတာ ခင်ဗျား တွေးမိဖို့ကောင်းတာပေါ့၊ ဒါပေမယ့် အခုကိစ္စက ကျုပ်က လက်နက်ပုန်းမသုံးရသေးပါဘူး၊ SAFEGUARD တွေကိုဖွင့်ဖို့ ဒီလောက်မရိုးစင်းဘူးဆိုတာ ခင်ဗျားရဲ့ hacker တွေ သိရမှာပေါ့၊ လျှို့ဝှက်နံပါတ်ဆိုလို့ ကျုပ်က နံပါတ်ပေးလိုက်တာ၊ အဲဒီနံပါတ် မှားနေသလား"

ဦးမြင့်အုံ ဘာမှမပြောနိုင်..။ တကယ်ဆို မင်းနေရာ ဟာ အကောင်းဆုံး ပရိဂရမ်မာတစ်ယောက်ဆိုတာ သူ မမေ့သင့်..။

"ကျုပ် ထပ်ပြောမယ်၊ အဲဒီ SAFEGUARD တွေကို မရမကဖွင့်ဖို့ ကြိုးစားတဲ့အတွက် နံပါတ်ငါးအလုံး ပျက်သွားလိမ့်မယ်"

မင်းနေရာ ကွက်တိပြောလိုက်သဖြင့် ဦးမြင့်အုံ မျက်လုံးပြူးသွား၏။

"အဲဒီအလုံးပျက်သွားတာနဲ့ ခင်ဗျားတို့ဖွင့်ထားခဲ့တဲ့ နောက်ထပ်နှစ်လုံးထဲကို လျှပ်စီးပတ်လမ်းတွေ ပြောင်းပြန်စီးပြီး ပြန်ဝင်မယ်၊ ခုနစ်လုံးမြောက်ကို နောက်ဆုံးကုတ်ဒ်နံပါတ်နဲ့ အမှန်အကန် မဖွင့်နိုင်မချင်း ကျန်တာတွေ တစ်ခုပြီးတစ်ခု ပြန်ပိတ်သွားမှာ"

"ဒါဆို မင်းဆီက ကုတ်ဒ်ကိုမရဘဲနဲ့ ဖွင့်လို့မရနိုင်ဘူးပေါ့"

"ဟုတ်တယ်၊ အဲဒါကမှ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖွဲ့ပစ်နိုင်မယ်"

"မင်းနေရာ မင်း.. မင်းက ငါ့ထက်ပိုကောက်ကျစ်တဲ့ကောင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ရင် ကျုပ် ခံသွားရမှာပေါ့ ဦးမြမင်းအံ့၊ အခု ခင်ဗျားရဲ့ ဝှက်ဖဲဆိုတာတွေကို တစ်ချပ်ချင်း သုံးပြီး ကျုပ်ဆီက လိုချင်တာကို တစ်ခုချင်း ညှစ်ယူဖို့ ဆန္ဒရှိသေးလား”

“စဉ်းစားရဦးမယ်ဟေ့၊ အခု ငါ့ရဲ့ hacker တွေ ချိတ်ဆက်လွဲကုန်ပြီ၊ တစ်ယောက်က အဖမ်းခံလိုက်ရတယ်၊ ငါတို့က အလဲအလှယ်လုပ်ခဲ့တာမှန်ပေမယ့် မင်းက ငါတို့ကို ထောင်ချောက်ဆင်လိုက်တာ”

“ဒါတော့ လွဲသွားပြီထင်တယ်၊ ခင်ဗျားတောင်းတာကို ကျုပ်ပေးလိုက်တာမဟုတ်လို့လား၊ မီးခံသေတ္တာကို SAFEGUARD ခုနစ်လုံးနဲ့ ပိတ်ထားတာလဲ ထည့်ပြောလိုက်တယ်၊ ဒီလိုလုံခြုံရေးတွေမှာ ကုတ်ဒ်တစ်မျိုးပဲသုံးထားမှာ မဟုတ်ဘူးဆိုတာ hacker တစ်ယောက်က သိကိုသိရမှာ”

ဦးမြမင်းအံ့ မျက်လုံးတွေ ဂျေမီ ဆီရောက်သွား၏။ hacker တွေကိစ္စကို ဂျေမီ နဲ့အဖွဲ့က တာဝန်ယူထားတာဖြစ်သည်။ ဒီအတွက် ဂျေမီ ကို သူ လိုလေသေးမရှိ သုံးဖြုန်းခွင့်ပေးထားခဲ့၏။

ဂျေမီ က မင်းနေရာ ပြောသမျှကို ကြားနေရသဖြင့် ဦးမြမင်းအံ့ ကြည့်လိုက်သည့်မျက်လုံးတွေကို နားလည်သည်။ သူ့မျက်နှာကြီးလည်း နီရဲတင်းမာနေပြီ ဖြစ်၏။

“မင်းနေရာ..”

“ပြော.. ကျုပ် နားထောင်နေတယ်”

“အခု မင်း ဘာလုပ်သင့်တယ်ဆိုတာ ငါ ပြောရဦးမှာလား”

“ခင်ဗျားလုပ်သင့်တာကိုပဲ ကျုပ်ပြောမယ်၊ နားထောင်ပါ”

နှစ်ယောက်ကြားမှာ ခဏတိတ်သွားပြီးမှ...

“ဂိမ်းပရိဂရမ်တွေ ကျုပ် ဆွဲခဲ့သမျှမှာတောင် ဒီဂိမ်းမျိုးလောက် ပျင်းစရာကောင်းတာမပါဘူး၊ ဘာလုပ်မှာလဲ.. လမ်းဘေးက ပြန်ပေး





သမားတွေလို ခပ်ညံ့ညံ့ အလဲအလှယ်တွေ လုပ်မနေစမ်းပါနဲ့၊ ဓားဆို ဓားချင်း၊ လှံဆို လှံချင်းပေါ့.. ဘယ်လိုလဲ”

“ဟေ့.. မင်းနေရာ.. အခု မင်းလုပ်နေပုံကမှ လမ်းဘေးက ပြန်ပေးသမားနဲ့ တူနေတာ”

“ဘယ်ပုံစံနဲ့ဖြစ်ဖြစ် ရတယ်ဆိုတာ ခင်ဗျား သိစေချင်လို့ပါ၊ အခု ခင်ဗျားလုပ်ရမှာ နှစ်ခုရှိတယ်၊ ခင်ဗျားလက်ထဲမှာထားတဲ့ နောက်ထပ် ကောက်ကျစ်ဖို့ရှိနေသေးတာတွေ ကျုပ်ကို အပြီးသတ်အပ်ပါ”

“ဩော်.. မင်းက ဒါတော့ကြောက်သေးတာကိုး”

ဦးမြမင်းအံ့ ပိုင်နိုင်သည့်လေသံနှင့် တမင်တကာရယ်ပြလိုက်သည်။ မင်းနေရာ က ခဏနားထောင်ပြီးမှ...

“ဘယ်လောက်မြင့်မားတဲ့လူဖြစ်ဖြစ် ခွေးရူးတော့ကြောက်ကြတာပဲလေ၊ ခင်ဗျား ကြံဖန်ပြီး ဂုဏ်ယူပေါ့”

ကြည့်စမ်း..၊ သဘောက်မသား...။

ဦးမြမင်းအံ့ ဖုန်းထဲကနေ လှမ်းဆဲမိတော့မတတ် နှုတ်ခမ်းတွေတောင် လှုပ်သွား၏။

“ခင်ဗျား နောက်ဆက်တွဲစိုးရိမ်နေတာတွေ ဖြစ်မလာစေရဘူးလို့ ကျုပ် တာဝန်ယူတယ်”

“မင်းက ငါ့ကိုပြန်ကိုင်တာလား”

“ခင်ဗျားလုပ်တဲ့နည်းအတိုင်းပဲပေါ့၊ ဒီလိုမဟုတ်ဘဲ ညှစ်ဖို့ ထပ်ကြိုးစားရင် ကျုပ် သက်ညှာဖို့ မစဉ်းစားတော့ဘူး”

“အောက်ကနေပြီး ကြောက်ပြီလား မေးနေသေးတယ်ကွာ၊ မင်းမိန်းမရဲ့ အရှက်သိက္ခာတွေက ငါ့လက်ထဲမှာ အများကြီးရှိသေးတယ်၊ မင်း ဂရုမစိုက်လို့ရသလား”

“အခု ခင်ဗျားတို့ ဆွေစဉ်မျိုးဆက်ရဲ့ ဘဝတွေ၊ သိက္ခာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ချုပ်ကိုင်ထားလိုက်ပြီဆိုတာလဲ စဉ်းစားလေ၊ ခင်ဗျား လှုပ်ရှားနေတာ မြန်မာပြည်မှာမဟုတ်ဘူးနော်၊ ဒီခွက်ပုံတွေကို အင်တာနက်ပေါ်တင်ပြီး ဘာလုပ်မယ် ညာလုပ်မယ်နဲ့ ခင်ဗျားကြိမ်းဝါးသလို ကျုပ်ကတော့ မကြိမ်းဝါးဘူး၊ ခင်ဗျား ဘာတွေလုပ်ထားသလဲဆိုတာ ပြနိုင်ဖို့ပဲ၊ အဆင်သင့်ပြင်ဆင်ထားတယ်၊ မှော် ဆိုတဲ့မိန်းကလေးကို တစ်ကမ္ဘာလုံးသိသွားမှာနဲ့ ဦးမြမင်းအုံ ကို အမေရိကားကပုဂ္ဂိုလ်တွေ ရှုံ့ရှာသွားမယ်ကိစ္စ ဘာက အရေးကြီးသလဲ"

ဦးမြမင်းအုံ တစ်ကိုယ်လုံး ဖျင်းခနဲ ပူလောင်သွားသည်။ သူဌေး၏ အခွင့်အရေးပေးမှုကို ပြန်လည်ရရှိဖို့အတွက် သူတို့ ပြန်ကြိုးစားနေတာ၊ ဒီပြဿနာတွေကို အထက်ကပုဂ္ဂိုလ်တွေ ဘာမှမသိကြပေ..။

မင်းနေရာ ကို အပိုင်ကိုင်နိုင်ရရင် အဆင်ပြေမှာဖြစ်တဲ့အကြောင်း အရိပ်အမြွက်လောက် ဟင်ပြကြည့်တုန်းကတောင် သူဌေးရဲ့ပီအေက လက်ခံခဲ့တာမဟုတ်..။

"မင်းနေရာ အခု ဘာတွေလုပ်နေတယ်ဆိုတာ ဘယ်သူမှမသိဘူး၊ ဒီလူမျိုးက ခန့်မှန်းရခက်တယ်၊ မကြိုးစားပါနဲ့"လို့ ပြောခဲ့သည်။

ဂျေမီ နဲ့သားတွေ ဒီပြဿနာကို အစပျိုးတုန်းကလည်း သူ သိပ်မယုံချင်ခဲ့ပေ။ မထင်မှတ်ဘဲ သားငယ်နဲ့ မှော် ရဲ့ပတ်သက်မှုတွေကြောင့် သာ ယောက်ျားတစ်ယောက်၏ပျော့ကွက်တစ်ခုကို ရရှိပြီဟုတွက်၍ ဒီလမ်းကြောင်းပေါ် လျှောက်ခဲ့မိတာဖြစ်သည်။

ဘယ်လိုအဆုံးသတ်ရမလဲ..၊ ရှေ့ဆက်ဖို့ ခက်ခဲသွားပြီဖြစ်သလို နောက်ပြန်လှည့်ဖို့လည်း မဖြစ်နိုင်..။

"ပေး.. အန်ကယ်လ်.. ကျွန်တော် ပြောမယ်"

ဂျေမီ ဆတ်ခနဲထရပ်ကာ ဖုန်းနားမှာ ဝင်ထိုင်ဖို့လုပ်၏။ ဦးမြမင်းအုံ က သူ့ကိုတွန်းပစ်လိုက်ပြီး အနီးဆုံးနေရာမှာ ခပ်ဖြည်းဖြည်း ထိုင်ချ





လိုက်ရင်း...

"အေး.. မင်းက ဇာက်ကုန်ဖွင့်ဖို့ပြောပြီဆိုတော့ ကျုပ်က..ပဲ စဉ်းစားရတော့မှာပေါ့၊ ဒါပေမယ့် ကျုပ် လှုပ်ရှားထားခဲ့တာတွေကိုတော့ ဒီတိုင်းဆုံးရှုံးမခံနိုင်ဘူး၊ မင်းကို နိုင်အောင်ညှစ်ဖို့ ကျုပ် အချိန်ယူမယ်"

"ယူလေ၊ ခင်ဗျားရဲ့ hacker တွေကို တစ်ယောက်ပြီးတစ်ယောက် ဖမ်းနိုင်အောင် ကျုပ်ဘက်မှာလဲ အချိန်ရတာပေါ့"

"ဟော့...ဟော့.. နေဦး..."

"ပြော..."

"မင်းကို ဘယ်လိုဆက်သွယ်ရမလဲ"

"ကျုပ်ရှိနေမယ်ထင်တဲ့နေရာ ခင်ဗျား လှမ်းခေါ်လိုက်"

မင်းနေရာ အသံပျောက်ကွယ်သွားသည် ဦးမြမင်းအုံ ဒီတိုင်းငေးငိုက်ကျန်ခဲ့လျက် ဂျေမီ က တက်ခေါက်၏။

"မင်းရဲ့ဟိုတစ်ယောက် ဘယ်မှာလဲ ဂျေမီ"

"သူ့ကို ရှောင်ခိုင်းထားတယ်၊ လုံခြုံပါတယ်၊ သူ လုံးဝ မတွေ့နိုင်ဘူး"

"ဒီကောင် မလုပ်နိုင်ဘူးဆိုတာတွေ မင်း ထပ်မပြောနဲ့တော့"

ဦးမြမင်းအုံ ချက်ချင်းကြီး ထ,ပေါက်ကွဲ၏။ ဝုန်းခနဲ ထ,ရပ်လိုက်ပြီး ဂျေမီ့ ကိုလည်ပင်းညှစ်ပစ်တော့မလို မျက်လုံးစုံပြူးကျယ်နီရဲနေကာ...

"အခု သူ ဘယ်မှာရှိနေတယ်ဆိုတာတောင် မင်း သိလား"

ဂျေမီ မျက်နှာပုပ်ကြီးချထားလျက် ဘာမှပြန်မပြော..။

"ငါတို့ အမေရိကားကိုထွက်လာကတည်းက ဒီထိပါလာသလိုလို၊ ဂျပန်မှာလိုလို၊ မင်း စုံစမ်းတော့ ဂျပန်မှာရော ရှိလို့လား"

"မြန်မာပြည်မှာပဲနေမှာပေါ့၊ သူ့အစီအစဉ်နဲ့သူ သေချာပြီး ဟိုးအေးဆေးစောင့်ကြည့်နေတာ အသိသာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"သိသာတာကို အကဲခတ်နေရုံနဲ့မပြီးဘူး၊ ငါတို့သိထားတာ ဘာမှ မရှိလို့ခက်နေတာ၊ အခုဝင်လာတာ မြန်မာပြည်က မဟုတ်ဘူး"

ဖုန်းခလုတ်တွေပေါ်ကို လက်ဝါးနဲ့ရိုက်ပစ်လိုက်ပြီး ဦးမြမင်းအံ့က အော်သည်။

"အန်ကယ်လ်ကလဲ ဘယ်နိုင်ငံ ဖုန်းနံပါတ်လဲဆိုတာ ထိုင်ကြည့်နေရအောင် မင်းနေရာ က..."

"အေး.. ဒါကိုတော့ မင်း သိသားပဲ၊ မင်းနေရာ လိုကောင် ထဲမှာ ကျွမ်းထိုးမှောက်ခုံ ဘယ်လိုဖြစ်ဖြစ် အသက်ရှူမှားမှာ မဟုတ်ဘူး၊ တောက်..၊ စ,ခဲ့မိတာကိုက ငါမှားတာ"

"မမှားဘူး အန်ကယ်လ်၊ သူ ဘယ်လောက်တော်တော် ခုချိန်ထိ ကျွန်တော်တို့ကို ဂရုစိုက်နေရတုန်းပါ၊ သူလိုချင်တာ ကျွန်တော်တို့ ကိုင်ထားနိုင်သရွေ့ သူ ဘာမှမလုပ်နိုင်ဘူး"

ဒီလိုဖြစ်နိုင်ရဲ့လား..၊ နည်းနည်းတော့ အသက်ရှူချောင်သွားသလိုပင်။ ဒါဆို ဗိုင်းရပ်စ်ထည့်မယ့် hacker ကို အသာလေးဖမ်းချုပ် ထိန်းသိမ်းထားလိုက်တာ သူ့ရဲ့ညွှန်ကြားမှုကြောင့်လား၊ ဒီမှာ မအောင်မြင်တဲ့ ဖောက်ထွင်းမှုကြောင့်လား...၊

အပြင်က hacker ကိုတောင် ဖမ်းဆီးဦးမည်လို့ ကြိမ်းဝါးနေသေးသည်။ ဒါရော မဖြစ်နိုင်ဘူးလို့ ပြောမလား..၊

ဂျေမီ ကတော့ သူ့ကိုယ်သူ အောက်ရောက်နေသလား၊ အထက်ရောက်နေတာလား သိပုံမပေါ်ဘဲ ကြိမ်းဝါးနေတုန်း..။

"မင်း လေထဲမှာပဲ ကျွမ်းထိုးနေနိုင်မယ် မင်းနေရာ၊ ကျလာရင်တော့ ဇက်ကျိုးသေပြီသာမှတ်"





# အခန်း [ ၄၉ ]

"မင်း ဘာပြောတယ်၊ မင်း.. ကိုင်းကွာ..."

လက်သီးချက်က ဌပ်ခနဲဆို ပြီးသွားပေမယ့် ချစ်ဖူးအံ့ ခေါင်းတစ်ခုလုံး မပြီးမဆုံးနိုင်၊ ချာချာလည်နေသလိုထင်ရကာ ရောင်စုံမီးပွားတွေ စဉ်ထွက်သွားတာလည်း အပြာရောင်လွင်ပြင်ကြီး ဖြစ်ကျန်ရစ်ခဲ့၏။

လူက ယိမ်းယိုင်သွားကာ ရုတ်တရက် ဘာဆိုဘာမှ မမြင်တော့ပေ။ မြတ်လင်းအံ့ က ရှေ့ကိုတိုးလိုက်ပြီး ချစ်ဖူးအံ့ ၏အင်္ကျီရင်ဘတ်စကို ပြန်ဆောင့်ဆွဲကာ...

"ထပ်ပြောစမ်း ချစ်ဖူး၊ မင်း ဘာလုပ်ပစ်လိုက်သလဲ၊ ဖိုင်ထဲမှာပါ ဘာမှမရှိတော့အောင် ဖျောက်ပစ်လိုက်တာလား၊ ဟိတ်ကောင်.. ပြန်ပြောလိုက်စမ်း"

ချစ်ဖူးအံ့ မြတ်လင်း ရဲ့လက်ကို ခပ်ဆတ်ဆတ်ပုတ်ချပစ်လိုက်ကာ...

"ဟုတ်တယ်၊ လုံးဝမတရားတော့ဘူးထင်လို့ ဖျက်ပစ်လိုက်တာ"

"ဘာကွ!.."

"မှော် က အရမ်းကိုအပြစ်မဲ့တဲ့မိန်းမပါ၊ သူ့ဘက်က မပေးချင်တာကို မပေးဘဲနေခဲ့တာ၊ တခြားနှိပ်စက်ကလူပြုတာမျိုး ဘယ်သူ့ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



ကျူးလွန်ပုတ်ခတ်ခဲ့တာ မရှိဘူး၊ လိုတာမရခဲ့ကြတဲ့ယောကျာ်းလေးတွေရဲ့ တစ်ဖက်သတ်အချစ်တွေကြောင့် အလကားနေရင်း ပုတ်ခတ်ခံရတာ၊ သူ့ကို ဘယ်သူမှလဲ ဒုက္ခမပေးခဲ့ကြဘူး၊ ကျွန်တော်လဲ ဒီလောက်ထိ လုပ်ဖို့ ရည်ရွယ်ခဲ့တာမဟုတ်ဘူး၊ အစ်ကိုဂျေ နဲ့မင်းတို့ ကြံစည်လိုက်တာ ကြီးကျယ်လွန်းတယ်''

''ဟိုတ်ကောင်.. ဒါက ငါတို့မိသားစုရဲ့ဘဝအရေး၊ ဒက်ဒီ တစ်ယောက်တည်း တစ်ပြည်ရပ်ခြားမှာသွားပြီး ငါတို့ကို ကျွေးမွေးစောင့်ရှောက်ဖို့အတွက် ဝမ်းစာရှာနေခဲ့တာ ငါတို့ ပြန်သိတတ်ဖို့မလိုဘူးလား၊ အခု ဟိုမှာ ပြဿနာတွေတက်ပြီး ဒက်ဒီ ရှုးမတတ်ဖြစ်နေလို့ ငါတို့ ဝိုင်းကြံပေးကြတာလေ၊ မင်းက ဒါကို ဂုဏ်တောင်ယူရဦးမှာ''

''တခြားနည်းတွေပဲသုံးပါ၊ မိန်းကလေးတစ်ယောက်ကို ဒီလောက် နစ်နာအောင်လုပ်တာ မကောင်းပါဘူး''

''မင်း...''

မြတ်လင်းအုံ့ ၏နောက်ထပ်လက်သီးအရွယ်မှာ အီးမေးလ်ရောက်လာသဖြင့် သူ့မျက်လုံးတွေ ကွန်ပျူတာဆီ ရောက်သွား၏။

ချစ်ဖူး နောက်ဆုတ်ရပ်လိုက်ပြီး ပင့်သက်ရှိုက်မိသည်။ သူ ဒီအလုပ်ကိုလုပ်ဖို့ ဘာဖြစ်လို့ ကြံစည်မိခဲ့သလဲ မသိပေမယ့် မော့် မျက်နှာလေးကို မြင်လိုက်ရသည့်အချိန်မှာ သို့မဟုတ် မော့် မျက်နှာလှလှလေးမှာ ပြိုဆင်းလာသော မျက်ရည်တွေကို မြင်လိုက်ရသည့်နောက်...

ကျွတ်!...၊

မျက်လုံးတွေကိုမှိတ်ပစ်လိုက်ပြီး ဆံပင်တွေကို စိတ်ရှိလက်ရှိ ဖွမိသည်။ မိဘနဲ့ ချစ်တဲ့မိန်းကလေးတစ်ယောက်ရဲ့မျက်ရည်...၊ သူ အရွေးမှားခဲ့တယ်ဆိုရင်တောင် ထိုအမှားအတွက် ပေးဆပ်ဖို့အသင့်ပဲဖြစ်သည်။

မနေ့ညနေက မော့် သူ့ဆီ ရောက်လာခဲ့၏။ ရောက်လာပုံကိုက





သူ့အတွက် အထူးအဆန်းမို့ မော့် ကိုမြင်တော့ ယုံတောင်မယုံနိုင်..။

'ရှင် ဘယ်မှာလဲ'လို့ ဖုန်းဆက်မေးသဖြင့် မာမီ အသစ်ဆောက်နေသည့်ခြံနံပါတ်ကို သူ ပြောပြလိုက်သည်။

ထိုနေ့က သူလည်း မာမီခိုင်းသားလို့ ထိုနေရာမှာ တစ်နေကုန်ရှိနေခဲ့သဖြင့် မော့် ကို တမင်တကာ အဆောက်အအုံယဲရောက်အောင် ခေါ်လိုက်တာတော့ မဟုတ်ပါ..။

ဒါပေမယ့် သူမက တကယ်ရောက်လာခဲ့ပြီး...

''ရှင် ဘယ်သူ့ကိုမကျေနပ်လို့ လုပ်လိုက်တာလဲ''လို့ မေးသည်။

''မင်းကိုပေါ့''

ဒီအချိန်ထိ သူ့နှုတ်ခမ်းမှာ အောင်နိုင်သူအပြုံးနှင့် ဝင်ကြွားနေဆဲ..။

''အကျပ်ကိုင်တာတွေ.. ပြန်ပေးဆွဲတာတွေက သိပ်ကိုအောက်တန်းကျတယ် ချစ်ဖူးအံ့၊ ရှင် မကျေနပ်တာကို ဒီလိုတုံ့ပြန်မယ်ဆိုရင်တောင် ရှင်နဲ့ကျွန်မပဲ ဆိုင်တယ်၊ ဘာဖြစ်လို့ ဒက်ဒီနဲ့ ဦးမင်းနေရာတို့ ပါကုန်တာလဲ.. ပြောပါ၊ ကျွန်မတို့အိမ်ထောင်ရေးပြိုကွဲသွားရင် ရှင် ကျေနပ်မှာလား၊ ဒါမှမဟုတ် အကြွေပန်းဖြစ်ဖြစ် နမ်းမှာပဲ ဆိုတာမျိုးလား''

ယောကျာ်းမာနက ထောင်းခနဲ ထ၏။ သူမ ဘယ်လောက်လှနေနေ သူ ဒီလိုကောင်စားမျိုးမဟုတ်။ 'မင်းတို့ကွဲသွားကြရင် ကျေနပ်တယ်' ဆိုသည့်စကားကိုလည်း သူမရှေ့မှာ ပြောမထွက်ဘဲရှိဆဲ..။

''တစ်ခုခုဖြေစမ်းပါ ချစ်ဖူးအံ့၊ ဘာဖြစ်လို့ ပါးစပ်ပိတ်နေတာလဲ၊ နင် ငါ့ကို အသေရရ အရှင်ရရ လိုချင်နေတာလား''

''မင်း ငါ့ကို မစော်ကားနဲ့နော်''

''စော်ကားရုံပဲမဟုတ်ဘူး၊ ဒီပြဿနာ ငါ့ကြောင့် ဘာလို့ဖြစ်ရတာရတယ်ဆိုတာ နင် မပြောနိုင်ရင် ဒီနေရာမှာ အသက်ချင်းလဲသွားဖို့



www.burmeseclassic.com

ဆုံးဖြတ်ပြီးသား၊ ဒီဓာတ်ပုံတွေထွက်လာအောင် အဲဒီနေ့က တမင်တကာ အကွက်ချေ့ထားကြတာပေါ့.. ဟုတ်လား''

သူ မဖြေနိုင်ပါ။ ယုတ်မာသလိုဖြစ်သွားခဲ့ပေမယ့် သူက ယုတ်မာချင်တာ မဟုတ်ခဲ့ပေ..။

''ဦးမင်းနေရာ ကို မနိုင်လို့ ငါ့ကိုအသုံးချခဲ့တာ နင် ခေါင်းဆောင်လို့ဖြစ်သွားတာပဲ၊ အဲဒါ ဘာကိုဖြစ်ချင်တာလဲ၊ နင်လိုချင်တာကို ပြောစမ်းပါ''

မော် က ရှေ့ကိုတိုးသည်။ အပေါ်က ထပ်ဝတ်ထားခဲ့သည့် အပေါ်ထပ်အင်္ကျီအဝါရောင်ကို ချွတ်ပစ်လိုက်သဖြင့် အတွင်းခံ လည်ဟိုက်လက်ပြတ်အဖြူရောင်က ဖြူနုသော အတွင်းသားဝင်းဝင်းကလေးတွေကို ဖွင့်လှစ်ပြသလိုဖြစ်သွားကာ တိမ်းမူးဖွယ်အတိ..။

ဒါပေမယ့် သူ ကမ္ဘာပြိုသလို တုန်လှုပ်ချောက်ချားကာ နောက်ကိုပင် ခြေနှစ်လှမ်းခန့်ဆုတ်မိသွားခဲ့သည်။ မော် သည် မျက်ရည်တွေပြည့်သိပ်လာသည့်မျက်ဝန်းများနှင့် သူ့ကိုကြည့်လျက်...

''နင်လိုချင်တာက ဒါပဲမို့လား.. ယူပါ၊ ငါက ငါမှားတယ်ဆိုရင် ကိုယ့်အမှားကို သူများဖျက်ပြင်ပေးတာ မလိုချင်ဘူး၊ ငါ့ကြောင့်ဆိုတဲ့ အပြစ်တင်သံကို ခေါင်းငုံ့ခံပြီး ဒီလင်.. ဒီအဖေရှေ့မှာ မျက်နှာငယ်စွာ တစ်သက်လုံးနေရမယ့်အစား ငါကိုယ်တိုင် ဖြေရှင်းမယ်၊ ဘယ်လိုပုံစံနဲ့ ဖြစ်ဖြစ်...''

''မဟုတ်ဘူး မော်..၊ ငါ အဲဒီလို မယုတ်မာဘူး''

''ဒါဆိုရင် ဘာလဲ..၊ ဘာလဲဆိုတာကို ပြောလိုက်စမ်းပါ''

မော်သည် မျက်ရည်ဖြိုင်ဖြိုင်ကျလာခဲ့ရင်း သူ့ရင်ဘတ်ကို စိတ်ရှိလက်ရှိဆုပ်ဆွဲခါပစ်လျက် ပါးတစ်ဖက်ကိုရိုက်ချပစ်လိုက်တာ ဖြောင်းခနဲ..၊





သူ့ကိုယ်သူ မတ်တတ်ရပ်နေသည်လား၊ လဲကျသွားခဲ့သည်လား ရုတ်တရက်မသိလိုက်တဲ့အထိ ရိုက်ချက်က ပြင်း၏။

''နင် ယောက်ျားမဟုတ်ဘူးလား ချစ်ဖူးအုံ့၊ ဒါတွေ နင်မလုပ်ဘူးဆိုရင် ငါ့ဓာတ်ပုံတွေ ရအောင်ရိုက်ယူပြီး နင့်အဖေလက်ထဲ ထည့်ပေးလိုက်တာ ဘာလုပ်တာလဲ..၊ နင့်အဖေက ဘာတွေနဲ့အကျပ်ကိုင်နိုင်းခဲ့လို့လဲ၊ ဒီလိုအလုပ်မျိုးကို ငါလိုမိန်းမတစ်ယောက်ကတောင် မလုပ်ဘူး၊ လူတစ်ယောက်ကို မနိုင်တာနဲ့ မဆိုင်တဲ့လူကို ဒုက္ခပေးတာ မရှက်ဘူးလား၊ အဲဒါတွေ နင်လုပ်လို့ရှုပ်ကုန်တာ၊ နင် ယုတ်မာတာ..''

''မော်...၊ ငါ...ငါ.. မဟုတ်ဘူးလို့ ပြောနေတယ်နော်''

''မဟုတ်ရင် အဲဒီဓာတ်ပုံနဲ့ပတ်သက်တာတွေအကုန်လုံး တစ်စမ ဘုန်း ဖျက်ပေး၊ ဒီတိုင်းမလိုက်လျောနိုင်ဘူးဆိုရင် နင် ငါ့ကို ကြိုက်သလိုလုပ်ပစ်လိုက်''

''မော် ဖယ်စမ်း..၊ မင်း...''

''မရဘူး''

မော် သူ့လက်မောင်းနှင့် အင်္ကျီရင်ဘတ်ကို ဟိုကဆွဲ ဒီကဆွဲနှင့် အရူးမလေးနှင့်တူနေ၏။ ဘယ်လိုဖယ်ချလို့မှမရဘဲ ပြောနေတာတွေကလည်း မကြားရဲလောက်စရာ..။

''နင် ငါ့သိက္ခာကို ဒီလောက်ထိ ရိုက်ချိုးဖို့ ကြံစည်ထားပြီးမှ အသက်ရှင်နေတော့ ဘာလုပ်ရမှာလဲ၊ ရွေး.. ခုချက်ချင်း နင် တစ်ခုခုကို ရွေး၊ ဓာတ်ပုံတွေကို ဖျက်ဆီးပေးမလား၊ ငါ့ကိုဖျက်ဆီးချင်တာလား၊ ဒါတွေကိုပျောက်ပစ်ဖို့အတွက် ငါ့ဆီက ဘာဖြစ်ဖြစ် လိုချင်တာယူလိုက်''

''မင်း ဒါကိုပဲ.. တောက်...''

သူ ဒေါသဖြစ်ဖြစ်နှင့် တွန်းပစ်လိုက်လျှင် မော် က ဘာမှမပြောဘဲ သူမရဲ့စလင်းဘက်ခ်အိတ်လေးပဲ ပြုတ်ကျသွားခဲ့၏။ ထို့ပြင် ဒေါက်ခနဲ

www.burmeseclassic.com



လိမ့်ထွက်လာသည့် အဖြူရောင်ဆေးမှုန့်တွေပါသော ပုလင်းလေး တစ်လုံးသည်…။

"မင်း…"

ပုလင်းနှင့် မော့် မျက်နှာကို တစ်လှည့်စီကြည့်ရင်း သူ ရုတ်တရက် ကြောင်ငေးသွားခဲ့၏။

မော် က မျက်နှာတစ်ချက်ပျက်သွားပြီးမှ အံလေးကြိတ်၍ ခေါင်းညိတ်သည်။

ပြီးတော့…

"ဟုတ်တယ်…"

ဆိုသည့်စကားကို အစမရှိ အဆုံးမသိ ပြောလိုက်သော်လည်း သူ နားလည်သွားခဲ့သည်။ လိုတာကိုယူပါလို့ ပြောနေသော သူမသည် အသက်နဲ့အရှက်အတွက် တစ်ထစ်ချ ဆုံးဖြတ်ခဲ့ပြီးဖြစ်ကာ…

"ကျွန်မပြောတာကို ရှင် လုပ်မပေးဘူးဆိုရင်…"

"တော်ပါတော့"

သည်နေရာမှာပဲ သူ ကျရှုံးခဲ့လေသည်။ အမြဲတမ်းလှပနေခဲ့သော မော် ဆိုသည့်မိန်းမလှမျက်နှာပေါ်မှာ ထိုခဏလေးမှာတော့ ဘီလူးသရဲထက် ကြောက်ဖို့ကောင်းနေခဲ့၏။

သူမ ငိုကြွေးခဲ့သည့်မျက်ရည်စက်တို့သည် သံရည်ပူတွေ မိုးစက်မိုးပေါက်ကဲ့သို့ ရွာကျနေတာနှင့်တူကာ သူ့တစ်ကိုယ်လုံး အခိုးအငွေ့တွေထွက်နေပြီ ဖြစ်သည်။

မသမာသည့်အမှုကို မပြုခဲ့ဖူးသောရင်ဘတ်က ဒီလောက်ထိ ပူလောင်တာကို မခံစားနိုင်သည့်အဆုံးမှာ မော် ကို သူ ကတိပေးခဲ့မိသည်။

ထို့ကြောင့် သူမ ဖြစ်စေချင်သည့်အတိုင်း…

"ချစ်ဖူး…"





အီးမေး ဖတ်ပြီး ရှေ့ကိုပြန်ရောက်လာသည့် မြတ်လင်းအဲ့ မျက်နှာက လူသတ်ချင်စိတ်ပေါက်နေသလားတောင် မသိ…။

"ဟိုမှာ ဘာတွေဖြစ်ကုန်ပြီလဲ မင်းသိလား၊ သွား… အီးမေးလ်သွားဖတ်"

လက်မောင်းကို တွန်းလွှတ်လိုက်ပေမယ့် ချစ်ဖူး ကိုယ်တစ်ခြမ်းစောင်းသွားတာပဲရှိကာ ကွန်ပျူတာရှေ့ကိုမရောက်ပေ။ မြတ်လင်း က သဘောပေါက်သွားသဖြင့် တက်ခေါက်ပစ်လိုက်၏။

"အေး… မဖတ်ချင်လဲ မင်း တော်လွန်းလို့ ငါတို့တစ်မိသားစုလုံး ခွေးဖြစ်မယ့်ကိစ္စကြီးကို ပြောပြမယ်၊ မင်းနေရာ ဆိုတဲ့လူ အကွက်ရွှေ့လိုက်တာ ဒက်ဒီတို့ ဟိုမှာ ဒုက္ခရောက်ကုန်ပြီ၊ ဒီမှာ ဒါတွေမရှိတော့ ရင် သွားပြီ၊ အားလုံး ဘာမှပြန်မရတော့ဘူး၊ မင်း ဘယ်လိုလုပ်မလဲ"

နှောင်တရနေတာမဟုတ်သော ချစ်ဖူးအဲ့ မျက်နှာ ခပ်တင်းတင်းက မြတ်လင်း ၏ဒေါသတွေကို အဆင်းဘီးတပ်ပေးသလို ဖြစ်နေခဲ့၏။

"ဒါကြောင့် မင်းနေရာ က တစ်ကွက်ချန်ပေးထားခဲ့တဲ့ အခွင့်အရေးကို ဘယ်လိုယူမလဲ၊ ဟိတ်ကောင် ပါးစပ်ပိတ်မနေနဲ့… ပြောစမ်း"

"ဘာမှမရတော့ဘူး၊ ကျွန်တော် အားလုံးဖျက်ပစ်လိုက်ပြီ"

လက်သီးတစ်ချက် နောက်တစ် ပစ်ဝင်လာ၏။

ချစ်ဖူး အံကြိတ်နေလိုက်သည်။ ရှိပါစေ… ဒါက အမှန်တရားအတွက်…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၀ ]

"အလက်ထရစ်ကွန်ထရိုးကို မင်းသွားလိုက်၊ ကိုးနာရီကနေ နှစ်နာရီအထိ ငါးနာရီတွင်းမှာ လေဆာအော့ဖ်လုပ်ထားဖို့ ပြော၊ ငါ ဂျပန်ကိုရောက်တာနဲ့ ညွှန်ချုပ်ကိုဆက်သွယ်မယ်၊ ပြောတဲ့အတိုင်းနော်"

သူ မတ်တတ်ကနေပြောနေတာကို စူးစိုက်ကြည့်ရင်း စေ့ထားသည့်တံခါးကို တွန်းဖွင့်လိုက်မိသည်။ ဒီအခန်းကို သူ ဝင်နေချိန်မှာရော မဝင်သည့်အချိန်မှာပါ အမြဲတမ်း ပိတ်ထားတာဖြစ်၏။

သူမကလည်း စိတ်ဝင်တစား မရှိခဲ့ဖူးပါ..။

ဒါပေမယ့် ဒီနေ့ စိတ်ဝင်စားမှုဖြစ်မှာမို့ အခန်းတံခါးကို ကိုယ့်သဘောနဲ့ကိုယ် ဖွင့်ပစ်လိုက်သည်။

သူက ဖျတ်ခနဲလှည့်ကြည့်ပြီး အံ့သြသွားသည့်ပုံဖြစ်ပေမယ့် အောက်ကိုပြန်ငုံ့သွားကာ သတင်းပို့ခြင်း၊ ယူခြင်းကိစ္စကို ပြီးအောင်လုပ်၏။ ပြီးတော့ ကွန်ပျူတာကိုပါ လှည့်ပိတ်လိုက်ပြီး...

"ခဏလေး.. ကိုယ် ပြီးပြီ"

မှော် ကတော့ စကားမပြန်ပါ။ နိုင်ငံခြားရုပ်ရှင်တွေထဲမှာ ကြည့်ဖူးသည့် ပါဝါကွန်ထရိုးခန်းကြီးနှင့်တူနေသော တစ်ခန်းလုံးကို စူးစူးစိုက်စိုက် ပိုက်စိပ်တိုက်ကြည့်သည်။





ကွန်ပျူတာငါးလုံးရှိရာ ရိုးရိုးအိမ်သုံးတွေလိုရှိနေတာ မဟုတ်ဘဲ အလူမီနီယံမျက်နှာပြင်ချပ်ကြီးပေါ်မှာ မှန်တွေကပ်သလို ကပ်ထည့်ထားတာ ဖြစ်၏။ ထိုအပေါ်မှာ ပြီးတော့ အောက်ဘက်တွေမှာ ခလုတ်ခုံတွေ နည်းနည်းနောနောမဟုတ်၊ ကြိုးသေးသေးလေးတွေ ရောင်စုံရောထွေးနေတာကလည်း ဘာတွေမှန်းမသိ..။

မင်းနေရာ ဆိုတာ ဘယ်လိုလူလဲ..၊

မှော် ခုမှ သေချာသိရတော့သည်။ လုပ်ငန်းပြထားတော့ ကွန်စထရုပ်ရှင်းလေးတစ်ခုနှင့် နေ့တိုင်း အလုပ်သွားထိုင်နေသလိုလို..။

သူ ဒီဘက်ကိုလှည့်လျှောက်လာတော့ အပြီးသတ်ပိတ်သွားသည့် ကွန်ပျူတာက စခရင်မ်ပေါ်ကပုံကို မှော် မျက်လုံးတွေ စူးစိုက်သွားခဲ့ပြီး...

"လှသားပဲ"

"ဟင်!..."

ရုတ်တရက် သူက ဘာမှန်းမသိသလို နောက်ကိုပြန်လှည့်ကြည့်သေးသည်။ ပြီးမှ...

"သြော်..."

သူက ပြုံးလိုက်ပြီး မှော့် ကိုကြည့်၍...

"မင်းလောက်မလှပါဘူး"

"ရှင် ဒီအခန်းထဲကို တစ်ယောက်တည်းဝင်နေတာ ဒီပုံကိုကြည့်နေတာလား"

သူက ဘာမှမပြောဘဲ ရယ်လိုက်တော့ မှော် ဒေါသထွက်သွား၏။

"အခု ကျွန်မ အထဲကိုဝင်မှာစိုးလို့ ရှင့်ကိစ္စတွေကို ဖြတ်ထားလိုက်တာဆိုရင် ပြန်လုပ်ပါ၊ ကျွန်မက သေချာဝင်ကြည့်ဦးမှာဆိုတော့..."

"ဘယ်လို!..."

သူ မျက်နှာပျက်သွားသည်။ ခြေလှမ်းပြင်လိုက်သည့် မှော်ပခုံး



www.burmeseclassic.com

လေးကို ဖျတ်ခနဲ လှမ်းကိုင်၍…

"နေဦး မော်.."

"ဘာလဲ.."

"ဒါတွေက မင်းနဲ့မသက်ဆိုင်တာတွေပါ"

"ကျွန်မကလဲ ရှင့်ကို အင်တာဗျူးမှာမှ မဟုတ်ဘဲ၊ ကြည့်ခွင့်တောင် မရှိဘူးလား"

မော် က သူ့လက်ကိုဖယ်ချပစ်၏။ သူက ဇွတ်ပြန်ဆွဲထားကာ…

"ရှိပါတယ်၊ မင်းသိချင်တာတွေကိုလဲ တစ်ခုချင်း ကိုယ်ပြောပြပေးလို့ရတယ်၊ ဒါပေမယ့် အခု မဖြစ်လို့ပါ၊ တစ်ခုခုတိမ်းစောင်းသွားလို့ မရတာတွေရှိလို့.. နားလည်ပါကွာ နော်၊ ကိုယ် အပြင်ကပြန်လာရင်…"

"အပြင်ဆိုတာ ဘယ်ကိုလဲ.."

သူ နောက်ထပ် မျက်နှာတစ်မျိုးဖြစ်သွားတော့ မော် က မဲ့ပြုံးနှင့် လက်ပိုက်သည်။ ဟိုနားဒီနားသွားမယ်လို့ပြောပြီး အမေရိကားထိသွားမယ့်မျက်နှာကို သေချာစိုက်ကြည့်ရင်း ခုနကမှမြင်လိုက်ရသည့် wall paper တင်ထားသော အမျိုးသမီးပုံကိုကြည့်နေမိ၏။

ဆံပင်အထက်ပိုင်းမှာ အဖြောင့်အတိုင်းဖြစ်ပြီး အောက်ပိုင်းကနေ ရင်ညွန့်အထိ အကွေးအလိပ်တွေ ချထားသည်။ မျက်ခုံးက အနီအညို ရောသော အနက်မဟုတ်သည့်အရောင် ဖြစ်၏။

နှာတံက ချွန်ကော့နေကာ နှုတ်ခမ်းအစုံကို အထူးလှအောင် ပုံချ ထားသဖြင့် ကျွန်းရောင်စိုလက်နေပုံက ဆွဲဆောင်မှုအပြည့်နဲ့ဖြစ်သည်။

သေချာပြောနိုင်တာက သူမ အတိအကျလှ၏။

ဒါပေမယ့် အသက်အားဖြင့်တော့ မင်းနေရာ ထက် နည်းနည်း ပိုကြီးနိုင်သလို ဘယ်လောက်ပိုနိုင်သလဲဆိုတာကို ခန့်မှန်းရခက်လောက် အောင်ပင်..။





ဒီအခန်းရှေ့ကို သူမ ရောက်လာခဲ့ရသည့်ရည်ရွယ်ချက်က ဒီပုံကို မြင်လိုက်ကာမှ ပျက်ပြားခဲ့ရတာဖြစ်၏။

ဝေါလ်ပေပါတင်ထားသည်အထိ ဖြစ်နေတာကျတော့ မော် ကိုယ့် ကိုယ်ကိုယ် သိမ်ငယ်သွားမိသလိုလို၊ ဒါမှမဟုတ် ကိုယ်ဟာ ဘာမဟုတ် ဲ့ မိန်းမတစ်ယောက်ဆိုတဲ့ ခံစားချက်မျိုး ဖြစ်သွားခဲ့သလိုလို..။

သူမ သဝန်တိုနေတာမဟုတ်ဘူးဆိုတာကိုတော့ ဘယ်သူမေးမေး မေးမေး ကိုယ့်ဘာသာဆန်းစစ်ရင်း အဖြေထုတ်ပြီးဖြစ်သည်။ အခန်း အောင်းပြီး သူထင်သလိုနေတဲ့ကိစ္စကို ကိုယ် ဘာမှမသိခဲ့ဘူးလား။

"မင်းကို ကိုယ် ပြောမလို့ပါ၊ ဒါပေမယ့် ခရီးတိုဖြစ်မလား၊ ရီးရှည်လားဆိုတာ မသေချာသေးလို့ မပြောဖြစ်တာ"

"ခု ပြောလို့ရပြီလား"

"မရသေးဘူး၊ ဒါပေမယ့် ဒီညနေ ကိုယ် သွားစရာရှိတယ်၊ စ်ရက်နှစ်ရက်တော့ ကြာမှာ၊ ညနေစာစားပြီးတာနဲ့ မင်းကို အန်ကယ့်လ် ် ကိုယ် လိုက်ပို့မလို့"

"ကျွန်မ ခုတလော ဒက်ဒီ့ဆီသွားတာ ရှင် မြင်လား"

သူ့အပေါ်မှာ မော့် စိတ်ထားတွေပြောင်းလဲနေပါပြီ။ ဒါပေမယ့် ဏလေးမှာတော့ ရင်ထဲမှာ မကျေနပ်ခြင်းတွေဖြစ်နေခဲ့တာ ဘယ် န်းကနဲ့မှမတူ..။

သူက မော့် မျက်နှာလေးကိုကြည့်ကာ အကျပ်ရိုက်သွားသည့်ပုံ ် ရုတ်တရက် တိတ်ကျသွား၏။

"ကျွန်မ ဒီမှာပဲနေမယ်"

ပြောပြီး မော် က အထဲကို ခြေတစ်လှမ်းပြင်၏။ သူက လျော့ရိ ှ့ရဲဖြစ်သွားသည့်လက်ကို ကမန်းကတန်းပြန်ဆုပ်ထားလိုက်ကာ..

"ဟုတ်ပြီ..၊ ကိုယ်တို့ အပြင်မှာပြောရအောင်..နော်.."

www.burmeseclassic.com



မင်းနေရာ က မှော့် ပခုံးလေးကို လက်တစ်ဖက်တည်းနှင့် တင်းခနဲ ဆွဲဖက်ကာ တစ်ဖက်က တံခါးကိုဖွင့်၍ အပြင်ရောက်အောင်ထွက်လိုက်သည်။ မှော် က သူ နောက်ပြန်တံခါးပိတ်ပစ်လိုက်သည့်လက်ကို ဒေါသတကြီး ဆွဲဖြုတ်ချလိုက်ပြီး…

"ရှင် ဘာလုပ်တာလဲ၊ မရဘူး… ခုပြန်ဖွင့်၊ အဲဒီကွန်ပျူတာပေါ်မှာ တင်ထားတာ ဘယ်သူ့ပုံလဲ၊ အခန်းတံခါးပိတ်ပြီး လုပ်ချင်တာလုပ်နေ သမျှ လူရှေ့သူရှေ့ကျတော့ သဘောထားပြည့်ဝတဲ့ လင်ကောင်း သား ကောင်းပုံစံမျိုးနဲ့…"

"မှော်…"

"ဒီလောက်ကြာအောင် ရှင် မမေ့နိုင်ခဲ့တဲ့မိန်းမကို ကျွန်မက ခုမှသိရတယ်၊ လက်မထပ်ခင်ကတည်းက ဒီလိုကိစ္စတွေကို ပွင့်လင်းကြ ရတယ်ဆိုတာ ရှင် နားမလည်ဘူးလား၊ ကိုယ့်အဖြစ်ကိုတော့ လုံးဝ ဖုံးကွယ်ထားပြီး ကျွန်မကတော့ ရည်းစားများခဲ့တဲ့မိန်းမဆိုတဲ့ ဖြစ် ချက်နဲ့…"

"မင်းအပေါ်မှာ ကိုယ် ဘယ်လိုအမူအရာ၊ အပြောအဆိုတွေနဲ့များ အနိုင်ယူခဲ့ဖူးလို့လဲ"

'ဒါပေမယ့် တခြားယောကျ်ားတွေပြောကြတဲ့စကားမျိုး ရှင်ပြောခဲ့ ဖူးသလား' ဆိုသည့်မေးခွန်းက ရင်ထဲမှာ ကျယ်လောင်စွာဖြစ်ထွန်း၏။ အလိုလိုက်သည်၊ သည်းခံခဲ့သည်၊ ဒက်ဒီပြောတဲ့စကားလုံးမျိုးတွေ တောင် သူ မပြောခဲ့ဖူးပါ။ သို့သော် ဘာဖြစ်လို့ ဒီလောက်လိုက်လျော နေတာလဲဆိုလျှင် အဖြေက မရှိ…။

သူ့မျက်နှာမှာ ချစ်စနိုးအမူအရာတွေ ဖြစ်နေတတ်ခဲ့သည်။ ယုယ ကြင်နာတတ်တဲ့သူမှန်း သိသာစေလောက်သည့် နူးညံ့မှုတွေလည်း ရှိနေ ခဲ့၏။ နောက်ဆုံး ဒက်ဒီကိုယ်တိုင် ခွင့်မလွှတ်ဖို့ပြောသည့် တကယ့်ကြီး





မားသောအရေးအခင်းကြီးတစ်ခုကိုတောင် မှော့် ကို မသိစေဘဲ သူ့ဘာသာ ကျိတ်ဖြေရှင်းဖို့ ကြိုးစားနေတဲ့သူ…။

အဲဒီလောက် ဘာဖြစ်လို့ ဂရုစိုက်နေခဲ့တာလဲဆိုတာကျတော့ သူ ဘာပြောခဲ့ဖူးသလဲ၊ ယောကျ်ားပီသပါသည်ဆိုသော မျက်နှာကို စူးစိုက် ကြည့်နေရင်း မှော် နှုတ်ခမ်းသားလေးကို ဖိကိုက်အံကြိတ်သည်။

သူမ ဘာဖြစ်နေပါသနည်း…၊ မင်းနေရာ ဆီက သူမ ဘာကို လိုချင်နေခဲ့တာလဲ။ မာနကြီးသည့်မျက်ဝန်းတွေက ကိုယ့်ရင်ထဲကိုမဟုတ် ဘဲ သူ့မျက်နှာထက်မှာပဲ ပြစ်ချက်များနှင့် စူးနစ်နေခဲ့ပြီး…

"ရှင် ကျွန်မ မေးတာကိုပဲ ဖြေ…"

"အဲဒါ ကိုယ့်အမေပါ"

"ဘာ!…"

မှော် ချက်ချင်း ခေါင်းခါပစ်လိုက်မိသည်။ ဒါ မဖြစ်နိုင်။ အလွန် အမင်းဆွဲဆောင်မှုရှိနေသော ခေတ်လွန်အပြင်အဆင်ဒီဇိုင်းနှင့် ဒီမျက်နှာ ဟာ…

"ရှင် အဓိပ္ပာယ်မရှိတာ မပြောနဲ့"

သူ့မျက်နှာနှင့်နှိုင်းယှဉ်ကြည့်တော့လည်း တူတာ တစ်နေရာမျှမရှိ။ သူ တကယ်ပြောနေကာလားဆိုတာကို ချောက်ချားစွာ တွေးဖြစ်ရင်း ယုံလည်းမယုံနိုင်…။ သူက ပြုံးချင်သည့်မျက်ဝန်းများနှင့် မှော့် လက် ဖဝါးလေးတစ်ဖက်ကို ဆွဲကိုင်လိုက်ကာ…

"ဟုတ်တယ်၊ မာမီ… အဲ… မာမီနဲ့ ကိုယ် အဆင်မပြေကြဘူး"

သူသည် မာမီ ဒက်ဒီလို့ခေါ်ရာတွင်လည်း နှုတ်ကျိုးနေပြီဖြစ်ကာ မြန်မာဆန် ဆန် မေမေ ဖေဖေလို့ပဲ ခေါ်ချင်သည့်ပုံနှင့် ဒီစကားတွေပါလာတိုင်း ထစ်ငေါ့သွားတတ်၏။

"အရင်ကတော့ မာမီ့ပုံစံက သိပ်မဆန်းပါဘူး၊ အမေရိကန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ နောက်အိမ်ထောင်ပြုလိုက်ကာမှ အဲဒီပုံ ဖြစ်သွားတာ"

ဒါဆို ဒါ ငယ်ငယ်ကပုံ မဟုတ်ဘူးပေါ့။ သားတစ်ယောက် ဒ် အရွယ်နှင့် မိန်းမတစ်ယောက်က ဒီလောက်ထိ လှနေသလား..။

မော် သူ့ကို စွပ်စွဲထားမိသည်မို့ ရှက်လည်းရှက်သည်။ အားလည် နာသည်။ သူများရှေ့မှာ သိမ်ငယ်စွာ မျက်လွှာချလိုက်ခြင်းကို ပထမဆ လုပ်ခဲ့မိရင်း...

"ဆောရီးပါ"

သူက ပြုံးလိုက်ပြီး ဆုပ်ကိုင်ထားသည့် မော့် လက်ဖဝါးလေးက ဖိညှစ်ပစ်လိုက်ရင်း...

"မတောင်းပန်ပါနဲ့၊ မင်း ကိုယ့်ကို စိတ်ဝင်စားတတ်လာတ ဝမ်းသာစရာပါ"

သဝန်တိုတာကို ပြောချင်တာလား၊ စိတ်ဝင်စားရုံပဲလို့ ပြောလိုက တာလား၊ မော် ကတော့ အနေခက်သွားသဖြင့် မျက်နှာလွှဲပစ်လိုက်မ

"တကယ်တော့ကွာ ဒက်ဒီက ဝါသနာကြောင့် မာနကိုမချတ မာမီကျတော့ အရွဲ့တိုက်ပြီး နောက်အိမ်ထောင်ပြုသွားခဲ့တာ၊ ဒက် က ဝါသနာရှင်သက်သက်ဆိုတော့ မာမ့်ရဲ့နောက်အိမ်ထောင်က ဒက် ထက် အများကြီးချမ်းသာပါတယ်၊ သူ့ကို အလိုလဲလိုက်တယ်လို့ကြာ တယ်၊ ဒါပေမယ့် မာမီ မပျော်ပါဘူး၊ မာနတွေထားပြီး တလွဲစီဖြစ်ကုန တဲ့အထဲမှာ ကိုယ်က မိတက္ကဲဖတက္ကဲပေါ့၊ ကိုယ်တို့လက်ထပ်တော့ မာမီ လာမယ်လို့ ဖုန်းဆက်သေးတယ်၊ ကိုယ်က လက်မခံခဲ့တာ"

"ဟင်!.. သူက ခုထိရှိသေးတယ်ပေါ့၊ ဒါ...ဒါနဲ့ ရှင်က မိဘမဲ့ ဆို..."

"အားလုံး ဒီလိုပဲထင်နေကြတာဆိုတော့ ဒီတိုင်းထားလိုက်တာပဲ ကောင်းတယ်၊ မာမီ ပေါ်လာပြီး မိသားစု ပြဿနာတွေကို လူတွေ





ပြန်ပြီး စိတ်ဝင်စားလာမှာလဲ မလိုချင်ဘူး၊ ဒါပေမယ့် ဟိုမှာ မင်း နာမည်နဲ့ ဘဏ်အကောင့်ဖွင့်ပေးထားတယ်လို့ ပြောတယ်"

"အို.. မြင်တောင်မမြင်ဖူးဘဲနဲ့..."

"ကိုယ်တို့မင်္ဂလာပွဲနေ့တွေ အင်တာနက်ထဲမှာ ပလူပျံသွားတာပဲ မာမီ မင်းကိုသိတာပေါ့"

"ဘာပဲဖြစ်ဖြစ် ကျွန်မတို့ မခိုင်မြဲရင် ဒါက အဓိပ္ပာယ်မရှိဖြစ်သွား မှာပေါ့"

"ကိုယ့်ကိုပေးချင်တာလေ၊ ကိုယ် သူ့ဆီက ဘာမှမယူခဲ့တာ၊ မပတ်သက်ချင်တော့ပေမယ့် မိဘဆိုတော့လဲ သက်ရှင်ထင်ရှားရှိနေ သေးတာကို ကျေနပ်နေမိတယ်၊ အဲဒါကြောင့် မင်းမြင်တဲ့ပုံလေးကို တင်ထားတာ၊ မင်း သံသယရှင်းရဲ့လား.."

မော် က မျက်နှာတစ်ခြမ်းမှာ ပြုဆင်းနေသည့်ဆံပင်တွေကို လက် တစ်ဖက်နဲ့ သိမ်းဖယ်ပစ်လိုက်ပြီး မော့ကာ...

"ခဏခဏ တောင်းပန်စေချင်လို့လား"

"မဟုတ်ပါဘူး၊ ကိုယ့်ဘဝမှာ မာမီကလွဲပြီး ဘယ်မိန်းမနဲ့မှ ရင်းနှီးပတ်သက်ခဲ့တာမရှိဘူး၊ အဲဒါကြောင့် တလွဲအထင်မခံနိုင်ဘူးလေ၊ ပြီးတော့ အခု ကိုယ် ခရီးသွားဖြစ်ရင် မင်းနဲ့ကိုယ်က..."

"ရှင် အမေရိကားကိုသွားမှာမဟုတ်လား၊ ဟိုဝေ့ဒီဝေ့ပြောမနေပါ နဲ့၊ ကျွန်မ သိပြီးပြီ"

"ဟင်!..."

မင်းနေရာ မျက်နှာ ပုံပျက်ပန်းပျက်ဖြစ်သွားတာကို မော် က အေးစက်စက်လေး ကြည့်နေလျက်...

"အဲဒီပြဿနာတွေ အားလုံး ပြီးသွားပြီ"

"ဘာ!..."



www.burmeseclassic.com

www.burmeseclassic.com



မင်းနေရာ မျက်နှာ ရဲခနဲဖြစ်သွား၏။ နူးညံ့နွေးထွေးစွာ ဆုပ်ကိုင်လာသည့်လက်က ပခုံးသားလေးတွေဆီ တင်းကျပ်စွာဖိဆုပ်လိုက်ခြင်းသို့ရောက်လျက်…

“ဘာပြောလိုက်တာလဲ‥၊ မင်း… မင်း‥ ဘာပြောလိုက်တာလဲ မှော်‥”

“ဟုတ်တယ်၊ ကိုယ့်ပြဿနာကို ကိုယ့်ဘာသာ ရှင်းလိုက်တာ၊ ချစ်ဖူးအုံ နဲ့ ကျွန်မ…”

“မှော်‥ မင်း…”

မှော့် ပခုံးနှစ်ဖက်ကို နှစ်ချက်လောက်ဆောင့်ခါပစ်လိုက်ကာ…

“ချစ်ဖူးအုံ နဲ့ မင်း ဘာတွေ အပေးအယူလုပ်ပစ်လိုက်တာလဲ၊ မင်း ဘာလုပ်ခဲ့သလဲ ပြောစမ်း”

အော်ငေါက်ခံနေရတာကိုလည်း စိတ်တိုသွားသည်။ ပခုံးနှစ်ဖက်မှာလည်း နာကျင်နေ၏။ သူ့လက်တွေကို မရမက ဖယ်ချပစ်လိုက်ပြီး မှော့် ဆံပင်တွေ ခါထွက်ကုန်အောင် ခေါင်းယမ်းပစ်လိုက်သည်။

“ဟုတ်တယ်၊ အပေးအယူတွေလုပ်ခဲ့တယ်၊ ကိုယ်လိုချင်တာရှိရင် သူလိုချင်တာလဲ ပေးရတာပေါ့၊ ရှင့်ကို သူတို့ အကျပ်ကိုင်ထားတာတွေ ဘာမှမရှိတော့ဘူး၊ ဒါကြောင့် ခရီးထွက်ရမှာဆိုရင် မလိုတော့ဘူးလို့ ပြောတာ”

“ကြည့်စမ်း‥၊ မင်း… တော်တော်မိုက်မဲတဲ့မိန်းမ‥ တောက်”

“အား…”

မှော့် ကို ဆောင့်လွှတ်ပစ်လိုက်သဖြင့် ကြမ်းခင်းပေါ် ပစ်ကျမသွားအောင် မနည်းထိန်းလိုက်ရသည်။ မှော့် မျက်နှာလေးမှာလည်း ရဲတွတ်သွားခဲ့လျက်…

“ရှင်က ကျွန်မကို မသတီတော့လို့လား၊ ခွင့်လွှတ်နိုင်တယ်‥





သည်းခံနိုင်တယ်ဆိုတဲ့ ပုံပြင်တွေ ထပ်ရွတ်ပြဖို့ ခက်ကုန်ပြီပေါ့”

“တိတ်စမ်း မှော်၊ ကလေးကလားစကားတွေ ပြောမနေနဲ့၊ မင်းဖြစ်ခဲ့တာတွေ‥၊ ငါက ဖြစ်ချင်တာတွေ မင်းကို ဘာများ ငါ ပြောခဲ့ဖူးသလဲ၊ မင်းကို ငါ အရိပ်တကြည့်ကြည့်နဲ့ ညီမလေးတစ်ယောက်လို စောင့်ရှောက်ခဲ့တာ၊ မင်းရဲ့အလှ မင်းရဲ့ဘဝလေးကို လေစိမ်းတိုက်မှာ စိုးတဲ့အထိ တန်ဖိုးထားယုယခဲ့တာ‥ အဲဒါဘာဖြစ်လို့လဲ သိလား‥၊ မင်းဟာ ဥပေက္ခာတွေကိုမုန်းတီးစွာ တိုက်ခိုက်နေတဲ့ မေတ္တာဝတ်မွတ်ခဲ့တဲ့ မိန်းကလေးမို့လို့…”

“ဘယ်လို!‥”

“မင်းအဖေဆီက မင်း မရခဲ့တဲ့ ဂရုစိုက်ကြင်နာမှုရဲ့ကွက်လပ်ကို ယောကျ်ားလေးတွေအပေါ်မှာ အသာစီးရခဲ့တဲ့ ဥပေက္ခာတွေနဲ့ဖြည့်ဖို့ မင်း ကြိုးစားခဲ့တာ ရလို့လား မှော်”

သူ့စကားတွေဟာ မှော့် ကို ကျောက်ရုပ်လေးဖြစ်သွားစေခဲ့၏။ သူမပုံစံဟာ ဤကဲ့သို့ သနားစဖွယ် ဖြစ်နေခဲ့သည်လား…။

“ကိုယ်လဲ ဒီလိုပါပဲ၊ ဒါပေမယ့် ကိုယ်တောင့်တခဲ့တာက မေတ္တာမဟုတ်ဘူး၊ အဲဒါကြောင့် ဘယ်သူ ချစ်ချစ်,မချစ်ချစ်၊ ဂရုစိုက်စိုက် မစိုက်စိုက် ကိုယ် ဘာမှမဖြစ်ဘူး၊ မင်းကတော့ ဘဝတစ်လျှောက်လုံး မေတ္တာတရားအတွက် တိုက်ပွဲဝင်နေခဲ့တာ၊ ကိုယ် မင်းကို အဲဒီလို နားလည်ခဲ့လို့ ဂရုစိုက်ခဲ့တာ မင်း နားလည်ဖို့ ကောင်းပါတယ်၊ ဘာဖြစ်လို့ ထင်သလို လျှောက်လုပ်ပစ်တာလဲ၊ မင်း သိသွားရင် ဒီလိုတွေဖြစ်ကုန်မှာသိလို့ ကိုယ် တမင်မပြောဘဲထားခဲ့တာ”

“ဒါ ကျွန်မကိစ္စ ကျွန်မ မရှင်းသင့်ဘူးလား”

“ကျွတ်!…”

“ဒီပြဿနာကို ရှင်က ရှင်းနိုင်တယ်ပဲထား‥ သဘောထားတွေ



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကြီးပါတယ်ဆိုဆို ဒက်ဒီ့ရဲ့မျက်လုံးစိမ်းအောက်မှာ ကျွန်မက ဒီထက်ပိုပြီး မျက်နှာငယ်စွာနေရတော့မှာ၊ အဲဒါကြောင့်…"

"မင်း တော်တော့"

သူ မှော့် ရှေ့ကို တစ်လှမ်းတည်းနှင့် ရောက်လာ၏။

"မိဘကို အမြဲတမ်းဖက်ပြိုင်နေတဲ့စိတ်တွေရှိသမျှ မင်း ဘယ်တော့မှ အေးချမ်းမှာမဟုတ်ဘူး"

"ပြိုင်တာမဟုတ်ဘူး၊ ကြားတဲ့မြင်တဲ့အတိုင်း ခံစားပြီးပြောတာ၊ ကျွန်မ ဘာဖြစ်နေနေ ရှင် ဝင်မရှုပ်ဖို့တောင် ဒက်ဒီ ပြောခဲ့တာ၊ ကွဲချင်ကွဲ ကွာချင်ကွာလိုက်ဖို့ ဆုံးဖြတ်ချက်တွေ ရှင့်ကိုပေးနေတာရော…"

မင်းနေရာ သူမကို အံ့သြစွာစိုက်ကြည့်မိ၏။ သူတို့ ဒီပြဿနာ အကြောင်းပြောနေတာတွေ သူမကိုယ်တိုင် ကြားသွားခဲ့တာလား…။

"သူ ပြတ်သားသလို မှော် ဆိုတာကလဲ ဦးသုဝေ ရဲ့သမီးပဲ၊ အဲဒါကြောင့် ကျွန်မ ဖြေရှင်းနိုင်တယ်ဆိုတာ ပြလိုက်တာ"

"မင်း ဖြေရှင်းနိုင်တယ်လို့ ဘယ်သူပြောတာလဲ၊ မင်း သက်သက် သူများလိမ်ညာတာကိုခံလိုက်ရတာ အဲဒါသိရဲ့လား၊ တောက်‥မင်းကွာ‥"

သူ တက်ခေါက်လိုက်၊ စုတ်သပ်လိုက်နှင့် တစ်ခါမှမမြင်ဖူးခဲ့သော ဒေါသအတိုင်းအဆများနှင့် ဆံပင်တွေ ဖွလိုဖွ‥၊

ပြီးတော့ မှော့် လက်မောင်းတွေကို ပြန်ဆုပ်ကိုင်ကာ…

"ငါ့ကို ဘာကောင်မှ အကျုပ်ကိုင်လို့မရဘူး၊ အထူးသဖြင့် ငါ တန်ဖိုးထားတဲ့မင်းကို ထိပါးလာတဲ့အတွက် ဒါကိုဖြေရှင်းဖို့ ငါ့ဘာသာ ကြိုးစားနေခဲ့တာ၊ ခုတော့ သွားပြီပေါ့၊ မင်းသိပ်မိုက်တယ် မှော်၊ လူယုတ်မာဆိုတာ ဘယ်လိုအရောင်အဆင်းနဲ့လာသလဲ မင်း သိလား"

"ရှင် ဘာဖြစ်သွားတာလဲ‥၊ ကျွန်မကိုယ်မှာ ငြိစွန်းသွားပြီဆိုပြီး ရှင်ထုမနှာဖြစ်နေတာလား"





"ဟုတ်တယ်"

ဒေါသနှင့်ပြောချလိုက်သည့် 'ဟုတ်တယ်'ဆိုသောအသံက မှော့် နားထဲမှာ ပဲ့တင်ထပ်ကျန်၏။

"ရှင်ထုမနှာဖြစ်နေတာ မင်းဘဝ နစ်မွန်းသွားပြီဆိုပြီးတော့ပဲ၊ ဒါပေမယ့် မင်းထင်နေသလို မဟုတ်ဘူး၊ လူယုတ်မာတွေ အနိုင်ယူသွားတာကို မခံနိုင်တာ၊ ဖြေရှင်းလို့ရနေတဲ့ပြဿနာကို အသားလွတ်ကြီး အမြတ်ထုတ်ခွင့်ပေးလိုက်တဲ့ မင်းကို ရိုက်သတ်ပစ်ချင်တာ"

မှော့် ပခုံးလေးတွေကိုလွှတ်လိုက်ပြီး နံရံကို လက်သီးနဲ့ တအားထိုးပစ်လိုက်သည်။ ဒီလောက်ထိ ပေါက်ကွဲသွားတာကို ထိတ်လန့်အံ့သြကာ သူ့လက်သီးကို လိုက်ငုံ့ကြည့်မိ၏။

လက်ဆစ်ထိပ်တွေမှာ ပေါက်ပြဲသွေးစို့လျက်…

"ရှင်…"

မှော် သူ့ကို လက်ညှိုးလေး ကတုန်ကယင်ထိုးရင်း မျက်ရည်တွေ ဝေ့လာသည်။ သူမ ဘာမှမဖြစ်ခဲ့တာကိုလည်း ပြောချင်စိတ်မရှိတော့ဘဲ…

"ရှင် ဒီလောက်ထိ ဖြစ်စရာမလိုဘူး ဦးမင်းနေရာ၊ ကျွန်မကို ကွာရှင်းပစ်လိုက်ပါ"

"ဘာကွ‥"

"ကျွန်မက အစကတည်းက အဲဒီလိုမိန်းမ"

"မှော်‥ မင်း စကားတွေကို ရပ်စမ်း"

သူ မှော့် ရဲ့လက်တစ်ဖက်ကို ဆောင့်ဆွဲ၍ မျက်နှာချင်းထိမတတ် ငုံ့ကျလာကာ…

"မင်းဟာ စေတနာနဲ့မတန်တဲ့မိန်းမ၊ ဘယ်လောက်ရှင်းရှင်း နား[illegible] မဝင်ဘူး၊ ဘယ်လိုပြောပြော လက်မခံဘူး၊ မင်းမျက်လုံးထဲမှာ အ[illegible]လုံးကို ဖောက်ထိုးမိုးမျှော်မြင်နေတာလား၊ ဟင်‥ မင်း ပြော[illegible]‥"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်၊ အဲဒီအတိုင်းပဲ''

''တော်ကက်..''

သူ ဝုန်းဒိုင်းကြဲပြီး အပေါ်ထပ်တောက်လျှောက်တက်သွား၏။ မှော် ရှိုက်ကြီးတငင် ငိုပစ်လိုက်မိသည်။

မှော့် လုပ်ရပ်နှင့်ပတ်သက်ခဲ့သမျှ ဒက်ဒီလည်း ဒီလောက်ထိ မပေါက်ကွဲဖူးပါ။ သူ့မျက်နှာက ဒေါသမျိုးကိုလည်း ဒက်ဒီ့မျက်နှာထက်မှာ မမြင်ဖူးခဲ့ပေ..။

ဒါပေမယ့် ဒက်ဒီဟာ မှော့် ကို အမြဲတမ်း ဥပေက္ခာထားခဲ့သူမို့ ဂရုမစိုက်တာတွေရော၊ စိုက်ခဲ့တာတွေရော သူမရင်ထဲမှာ အရာမထင်..။

ခုကျမှ ငိုချင်နေခဲ့၏။ ဝုန်းဒိုင်းကြဲ၍ ပြန်လည်တိတ်ဆိတ်သွားခဲ့သော နောက်ကွယ်မှာ မှော့် ရင်တွေ တနင့်တပိုးကြီး ပူလောင်ကျန်ရစ်ခဲ့သည်။ ရင်တစ်ပြင်လုံးမှာ အသည်းကလီစာတွေတောင် မရှိတော့သလို လှိုက်ဟာသွားခဲ့ပြီး နေရာမှာပဲ ဒူးညွှတ်ခွေဆင်းသွားခဲ့လေသည်။

သူမ တကယ်ပဲ မေတ္တာငတ်မွတ်နေခဲ့တာလား..၊ ဒါကို သူက ပေးနေခဲ့သည်ဟုဆိုလျှက် ခုကျတော့ ဥပေက္ခာတွေပဲ မဟုတ်ဘူးလား..။

မျက်ရည်တွေ မကုန်နိုင်မခန်းနိုင် စီးသွယ်ကျနေရင်း သူမ ပြန်လိုချင်နေသော တစ်စုံတစ်ရာကို နာကျင်စွာ ရှာဖွေမိခဲ့၏။

သူ တကယ် ရွံမုန်းစိတ်နာသွားခဲ့ပြီလား..။





## အခန်း [ ၄၀ ]

''မင်း ဘယ်ကိုလဲ မှော်..''

''ဘယ်ဖြစ်ဖြစ် ရှင် မမေးပါနဲ့၊ ကျွန်မကိုကွာရှင်းပေးပါလို့ ရှင့်ကို ပြောပြီးသား၊ ဒီနေ့ကစပြီး ကျွန်မတို့က ဘာမှမဆိုင်တော့တဲ့သူတွေ''

''မင်း ဘယ်လိုပြောလိုက်တာလဲ..''

ထိုစဉ် ခြံထဲကိုကွေ့ဝင်လာသည့်ကားတစ်စီးနှင့် ကားပေါ်မှာ ချစ်ဖူးအံ့..၊

မှော် က မျက်ရည်တွေဝေ့နေသည့်အကြည့်နှင့် သူ့ကို စိုက်ကြည့်ပြီး မဲ့သည်။ ထိုမျက်ဝန်းတွေကြောင့် သူ့ကို မှော် ရွဲ့တော့မှာကို နားလည်လိုက်၏။ ကားရပ်လိုက်တာနှင့် မှော် က ဆလင်းဘက်ခ်ကို ပခုံးပေါ်ထပ်ဆွဲတင်ကာ ခြေလှမ်းပြင်လိုက်၏။

''မင်း မသွားရဘူး''

''ရှင်နော်.. ကျွန်မ အပြတ်ပြောပြီးပြီ၊ လက်ကိုလွှတ်''

''မလွှတ်နိုင်ဘူး၊ မင်းကိုလဲ ကွာရှင်းမပေးနိုင်ဘူး''

''အို.. ရှင့်ကို ကျွန်မ မပေါင်းဘူး..၊ လွှတ်..''

''မသွားရဘူး၊ မင်းကို ကိုယ်ခွင့်မပြုဘူးနော်.. မှော့.. မှော်''



www.burmeseclassic.com

www.burmeseclassic.com



သူ ဖျတ်ခနဲဖြစ်သွားကာ နဖူးပေါ်တင်ထားသည့်လက်က အလို လို မြောက်တက်သွား၏။ အိပ်မက်မက်နေတာ..။

ဒရင်းဘက်ဒ်ပေါ်မှာ သူ ဝင်လှဲလိုက်ပြီး မျက်လုံးတွေမှိတ်၍ နဖူးပေါ်လက်တင်ရင်း စိတ်ကူးတွေရှုပ်ထွေးကာ ဘယ်လိုအိပ်ပျော်သွား ခဲ့မှန်း မသိ..။

မိုးတွေရွာနေသံကိုကြားလိုက်ရသဖြင့် ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ ကာ နာရီကြည့်လိုက်တော့ ညနေ လေးနာရီ။

သူ ခရီးသွားရမှာဖြစ်သည်။ ဒီညထွက်မှာမဟုတ်သေးပေမယ့် ဒီည ဒီအိမ်ကနေထွက်ပြီး အလုပ်လုပ်ဖို့တွေ ရှိနေ၏။

မော် ဘယ်မှာလဲ..၊

သူ အခန်းပြင်ကို ခြေလှမ်းကျဲနိုင်သမျှ ကျဲ၍ လျှောက်ထွက် ခဲ့ရင်း...

"မော်...."

အပေါ်ထပ်အခန်းတံခါးကိုသွားခေါက်တော့ ဘာသံမှမကြား၊ တံခါးဟ,ထားတာကို တွန်းဖွင့်လိုက်သည်နှင့် အထဲမှာ လူမရှိတာကို သိလိုက်ရကာ စိုးရိမ်သွားမိ၏။

မော့် ကို သူ ပြောဆိုပစ်ခဲ့တာတွေ လွန်သွားတာကို သတိရလိုက် ပြီး ခြေလှမ်းတွေက မပြေးရုံတစ်မယ်ဖြစ်သွားခဲ့၏။

သူ အပြင်သွားရတော့မည်၊ မော် ဘယ်ရောက်နေသလဲ..။

"မော်.. မင်း ဘယ်မှာလဲ"

မိုးစက်တို့၏အသံတွေသာ ကြီးစိုးနေလျက် တုံ့ပြန်သံက မလာ၊ ဖုန်းကိုင်လိုက်ပြီးမှ ဦးသုဝေ ဆီကို သွားမှာမဟုတ်မှန်းတွေးမိပြီး ပြန် ချသည်။ သူ ရင်တွေ အဆမတန်ပူလောင်သွား၏။ အိပ်မက်ထဲကလို အရွဲ့တိုက်ပြီး မော် ထွက်သွားပြီဆိုလျှင်...





"မော်"

တစ်ချပ်ပွင့်နေသည့် ဝရန်တာတံခါးကို ဆွဲဖွင့်ပစ်လိုက်လျှင် မော် က အနီရောင် ပလတ်စတစ်ကုလားထိုင်လေးပေါ်မှာ လက်ပိုက်ထိုင် ရက်လေးနှင့် နံရံကိုမှီရင်း အိပ်ပျော်နေ၏။

ပြောင်တင်းနေသောပါးပြင်လေးတွေနှင့် စိုတွဲနေဆဲ မျက်တောင် ရှည်ဝိုဝိုကိုမြင်ကာ သူမ အပြင်းအထန်ငိုထားခဲ့မှန်း သိလိုက်သည်။

အမိုးရိပ်အောက်မှာပေမယ့် မိုးပက်ထားသဖြင့် သူမကိုယ်မှာ ရေသီးလေးတွေတင်နေလျက်...

"မော် ရယ်.."

သူ မော့် ကိုယ်လေးကို ကမန်းကတန်းပွေ့ယူလိုက်၏။

"မော်.."

"ဟင်.. ရှင်.."

ရန်တွေ့တော့မလို ရှန်းပစ်လိုက်ပြီးမှ မော် မျက်ရည်တွေ ပြည့် ပြည့်သိပ်သိပ်ဖြစ်လာ၏။ ပြီးတော့...

"ပြန်ချပေး၊ ဟင့်အင်း.."

"မိုးရေတွေလဲ စိုကုန်ပြီကွာ၊ ခဏလေးငြိမ်ငြိမ်နေ"

"ဟင့်အင်း"

မော် အတင်းရုန်းတာလည်း မဟုတ်ဘဲ သူပွေ့တဲ့အတိုင်း ပါလာ ရင်း ရှိုက်ငိုလေသည်။ မွေ့ရာပေါ်မှာထိုင်လျက်လေး ချပေးလိုက်ပြီး မော့် ဘေးမှာ သူ ဝင်ထိုင်လိုက်ကာ...

"ကိုယ် တောင်းပန်ပါတယ်ကွာ၊ တိတ်တော့နော်၊ အဲဒါတွေအား လုံးကို မေ့လိုက်ရအောင်"

"မေ့ရမယ် ဟုတ်လား"

"ဟုတ်တယ်၊ ဒါမှ မင်း စိတ်ချမ်းသာရမှာ၊ ကိုယ်ပြောခဲ့မိတာတွေ



www.burmeseclassic.com

www.burmeseclassic.com



က မင်းအတွက်ပါ၊ မင်းကို သနားလို့ ကရုဏာဒေါသနဲ့ ပြောလိုက်မိတာ''

သူ မျက်ရည်သုတ်ပေးတော့ မော် က မျက်နှာကိုတိမ်းပစ်၏။ ပခုံးလေးကိုဖက်လိုက်တော့ လက်ကို ဖယ်ချဖို့ပဲကြိုးစားနေကာ···

''ကျွန်မကိုယ်ကျွန်မ နားလည်သွားပြီ၊ ရှင်လဲ နားလည်ပြီးသားမို့လား·· သွားပါ၊ ကျွန်မနဲ့ ဝေးဝေးနေပါ''

''ဘာလို့နေရမှာလဲ၊ မင်း ကိုယ့်ကိုယ်ကိုယ် နားလည်ရင် ကိုယ့်ကိုလဲ နားလည်ပေးဖို့ ကြိုးစားပါလား၊ မင်းကိုလက်ထပ်ထားခဲ့တာ သည်းမခံနိုင်တာတွေရှိလာရင် ကွာရှင်းပစ်လိုက်မယ်ဆိုတဲ့ စိတ်ကူးတွေနဲ့ မဟုတ်ဘူး၊ ဒီမှာ မော်···''

သူ မော့် မျက်နှာလေးကို အတင်းပါလာအောင် ဆွဲယူ မော့လိုက်ကာ···

''အစကတည်းက ဒီပြဿနာဟာ မင်းကြောင့်လို့ ကိုယ် သဘောထားခဲ့တာ မဟုတ်ဘူး၊ ခုဖြစ်ခဲ့တာတွေအတွက်လဲ ကိုယ် ခွင့်လွှတ်နိုင်တယ်၊ အဲဒီထဲမှာ မင်းကိုအနိုင်ယူချင်တာတွေ၊ ဖိအားပေးမှာတွေ ဘာမှမပါဘူးဆိုတာ ယုံစမ်းပါ မော် ရယ်··၊ မင်း နောက်ထပ် ကိုယ်မသိဘဲ ခုလိုဆုံးဖြတ်ချက်မျိုးတွေ မချပါဘူးဆိုတဲ့ ကတိလေးပဲ ပေးပါ''

မော် က အင့်ခနဲရှိက်လျက် သူ့လက်ထဲကနေ မျက်နှာလေးလွှတ်မြောက်ဖို့ကို ဘယ်ညာလွှဲပြီး ရုန်းနေ၏။

သူ မချင့်မရဲဖြစ်လာကာ မော့် တစ်ကိုယ်လုံးကို သိမ်းကျုံးပွေ့ယူကာ တင်းကျပ်နေအောင် ဖက်ထားလိုက်၏။

''သူတို့ ကိုယ့်ကို အကြီးအကျယ်ဒုက္ခပေးလို့ မရပါဘူး၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကြံစည်နေတဲ့ဘဏ်က·ကိုယ်ပိုင်တဲ့ဘဏ်''

ရုန်းလို့မရအောင် ဖက်ထားသည်မို့ မော် ငြိမ်ငြိမ်သက်သက်လေး





ဖြစ်သွား၏။

ပြီးတော့ အံ့သြဖွယ်တွေပြောနေသည့် သူ့စကားတွေထဲမှာ နစ်မျော သွားခဲ့သည်မို့···

''သူတို့ တစ်ရစ်ပြီးတစ်ရစ် ဒုက္ခပေးလာမှာကို သိနေလို့သာ၊ မဟုတ်ရင် တစ်ချက်တည်းနဲ့ အလဲထိုးပစ်လိုက်လို့ရတယ်၊ အဲဒီအတွက် ကိုယ် အချိန်ယူနေတာ မင်း သက်သက်မဲ့ တန်ဆာခံဖြစ်သွားတာကို ဘယ်လိုမှကို ဖြေလို့မရဘူး၊ ဒီပြဿနာကို ဖြေရှင်းမရနိုင်တော့အောင် ရှုပ်ထွေးနေရင်တောင်မှ မင်းအပေါ်မှာ လုံးဝ ရိုက်ခတ်မှုမဖြစ်စေဘဲ ကိုယ်တစ်ယောက်တည်း ရင်ဆိုင်ဖို့ထိ ဆုံးဖြတ်ပြီးသား''

အဲဒီစေတနာတွေကလည်း ညီမလေးတစ်ယောက်လို စောင့်ရှောက်ချင်တာပဲလား··၊

မော် နှုတ်ခမ်းလေးဖိပိတ်ထားရင်း ပေါပေါများများကြီးပေးနေတဲ့ စေတနာတွေကို ဘယ်မှာသိမ်းဆည်းရမလဲလို့ မေးလိုက်ချင်တဲ့အထိ ဖြစ်လာခဲ့၏။ မော် ဟာ သူ့ရဲ့ဇနီးအဖြစ်နဲ့ရှိနေပြီး သူကတော့ သူနဲ့ မထိုက်တန်သလိုမျိုး သဘောထားခဲ့သည်လား··၊

နောက်ထပ်ပြိုဆင်းလာသည့်မျက်ရည်တို့သည် ယောကျ်ား တစ်ယောက်ထံမှ အထင်ကြီးယုံကြည်မှုကို အလိုရှိနေသော ရှက်ရွံ့အားငယ်သည့်မျက်ရည်တွေမှန်း ကိုယ့်ကိုယ်ကိုယ် နားလည်လိုက်ကာ···

''မှန်းတယ် သိလား··၊ အရမ်းမုန်းတယ်''

ပြောမိပြီး သူမ ကျရှုံးခဲ့ပြီဆိုတာကို တိကျစွာသိလိုက်ရလျှင် ဟီးခနဲ ငိုချလိုက်မိ၏။ ဒက်ဒီ အနားမှာရှိနေလျှင် သိလိမ့်မည်။

''သမီးဟာ ငယ်ငယ်လေးကတည်းက ကလေးပီပီ အော်ဟစ်ခြေဆင်းငိုခဲ့ဖူးတာ မရှိဘူး၊ ဒီအရွယ်ရောက်လာတဲ့အထိ ဒက်ဒီကို ကျေနပ်တာတွေ၊ မကျေနပ်တာတွေ ဘယ်လောက်ရှိရှိ၊ ဒက်ဒီ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ရှုရှူ မျက်ရည်လည်ရွဲဖြစ်မသွားခဲ့ဘူး၊ အဲဒီလိုမာကျောတာတွေက ဒက်ဒီ့ကို အမြဲတမ်း အတိုက်အခံစိတ်တွေနဲ့ရှိနေဖို့ စုဆောင်း ပြင်ဆင်ထားတာပဲ''တဲ့··။

မချင့်မရဲပြောသံတွေ ဒက်ဒီ့ဆီက ကြားရတတ်သည်။ ခုတော့ သူမ အော်ဟာစ်ဒိုကြွေးတတ်ခဲ့ပြီ။ သူ့အတွက် မော့် ရင်ထဲမှာ အတိုက်အခံစိတ်တွေ မွေးလို့မရတော့ဘူးလား။ ကိုယ့်အဖြစ်ကိုတွေးရင်း ငိုချင်ရင်းနှင့် ရှိုက်လို့မပြီးနိုင်တော့။ သူက မော့် ဆံပင်တွေကို တယုတယ ပွတ်သပ်နေရင်း ပင့်သက်ချလိုက်တာကို သိသည်။

''မှန်းပါ ချာတိတ်ရယ်၊ မင်း ဘာတွေပေးပေး ကိုယ်က ကျေကျေနပ်နပ်လက်ခံမှာပါ၊ ဒါပေမယ့် ကိုယ့်စကားကိုတော့ နည်းနည်းလောက် ဂရုစိုက်ပေးပါ၊ ကိုယ် ခရီးသွားရာက ပြန်မလာခင်···''

သူ့စကားမဆုံးခင် ဖုန်းဝင်လာသည်။ ဖက်ထားသည့် သူ့လက်တွေ ပြေကျသွားကာ အိတ်ထဲကဖုန်းကို ထုတ်ယူလိုက်၏။

''ဟလို''

''.........''

''ဟုတ်ကဲ့·· ကျွန်တော် သွားမှာ၊ နည်းနည်းတော့နောက်ကျမယ် ထင်တယ်''

သူ မော့် ကိုလှည့်ကြည့်လိုက်ပြီး ပါးလေးတစ်ဖက်ကို သူ့လက်မဲ့ ဖိပွတ်ပစ်လိုက်ကာ···

''တော်ပါတော့ကွာ''

မျက်နှာသည် ရေငွေ့ရိုက်ထားသည့်မှန်ချပ်လို မှုန်ရီဝေလျက်။ ဖုန်းကို တွဲလွဲကျသွားသောလက်တစ်ဖက်မှာ ဆုပ်ကိုင်ရင်း အပြင်ကို ထွက်သွား၏။

''မော့် စိတ်မကောင်းဖြစ်မှာစိုးလို့ ပြောပြနေတာ၊ တကယ်လို့





သူ ဒီမှာပဲနေမယ်ဆိုရင် ဒေါ်ချို ကို အန်ကယ်လ် လွှတ်ပေးပါ၊ ဒီမှာက ခြံစောင့်ပဲရှိတာလေ''

''.........''

''မဖြစ်ဘူး၊ တခြားသူစိမ်းနဲ့မဖြစ်နိုင်ဘူး၊ ဒေါ်ချို ကိုပဲ လွှတ်ပေးပါ''

ဒေါ်ချို ဆိုလျှင် မော့် ကို အလိုလိုက်နေမယ့်သူမို့ ဦးသုဝေ က စိတ်မချတာတွေပြောနေသည်။ ဒါပေမယ့် တခြားသူစိမ်းဆိုရင်ကော မော့် ကို အုပ်ချုပ်နိုင်မယ့်သူမှ မဟုတ်ဘဲ··။

သူ နာရီတစ်ချက်ကြည့်ကာ မိုးတိတ်သွားသည့်အဖြစ်ကိုပါ သတိထားကြည့်မိ၏။ ထို့ပြင် မော့် ကိုယ်မှာ ရေစက်မှုန်တွေစိုထားသည်ကို သတိရလိုက်ရင်း အဝတ်အစားမလဲခိုင်းဘဲ စကားတွေပြောနေမိတာကို နောင်တရပြန်သည်။ သူ ပွေ့ဖက်ထားသည့်အဖြစ်ကြောင့် အဝတ်တွေ ခြောက်ကုန်ခဲ့သည်ဆိုရင်ရော အအေးတွေဘာတွေ ပတ်မလား··။

အလုပ်လုပ်နေစဉ် စိတ်တွေဆောက်တည်ရာမရ လွင့်ပျံ့နေတာမျိုး သူ မဖြစ်ခဲ့ဖူးပေမယ့် ခုတော့ ဖြစ်ဖူးခဲ့ပြီလား··၊

ဖုန်းချသွားလိုက်ပြီး မော့် ဆီပြန်သွားဖို့ စိတ်ကူးလိုက်သေးသည်။ နာရီကြည့်လိုက်တော့လည်း သူ့အတွက် အချိန်မရတော့ပေ··။

အိပ်ခန်းထဲပြန်ဝင်ကာ လိုအပ်တာတွေထည့်လျှိုပြီး လက်ကိုင်အိတ်ကိုပြန်ပိတ်၍ သော့ခတ်လိုက်သည်။ နောက်ထပ် ကုတ်ဒိထည့်ထားသည့် ခလုတ်တစ်ခုထပ်နှိပ်ပြီး သူ ပြန်လာတော့ မော့် က သူ ထင်ထားသလို မဟုတ်··။

''မော့် မင်း ဘယ်ကိုလဲ''

မော့် က သူ့ကို တစ်ချက်မှလှည့်မကြည့်ပေ။ ရင်ဘတ်နှင့်အကျႌ ပြင်မှာ အကာအကွယ်မဲ့နေသော ကုပ်ပိုးနောက်မှာ လည်စည်းတော်ပ်ထား



www.burmeseclassic.com

သည် ပန်းရင့်ရောင်တစ်ဆက်တည်းဂါဝန်ကို ဝတ်ထားသည်။

ဆံပင်တွေကို နောက်မှာ ခပ်မြင့်မြင့်စည်းတင်ထားသဖြင့် အင်္ကျီပုံစံက ပို၍အကြည့်ရဆိုးနေ၏။ သူ ထွက်သွားသည့်ခဏလေးအတွင်းမှာ အင်္ကျီလဲခြင်း၊ ဆံပင်စည်းခြင်းတွေ ပြီးစီးအောင်လုပ်ပစ်လိုက်သည့် မော့် ကို တအံ့တသြကြည့်ရင်း အနားကို ဘယ်လိုရောက်သွားမိမှန်း မသိ..။ ဒီလိုအချိုးမျိုးနဲ့ သူမကို ဘယ်လိုစိတ်ချလက်ချထားခဲ့ရမလဲ..။

"ကိုယ်မေးတာကိုဖြေစမ်း မော်၊ မိုးချုပ်နေပြီ၊ မင်း ဘယ်ကိုလဲ"

မော် က မဖြေဘဲ မျက်ရည်ဝေ့နေဆဲမျက်ဝန်းတွေကို တို့ပတ်ဖိနှိပ်သိပ်ပစ်ရင်း ပါးပြင်တွေကိုပါ ရိုက်ပုတ်ပစ်၏။ ပြီးတော့ ပန်းရင့်ရောင် နှုတ်ခမ်းနီကို ဆိုးဖို့ဖွင့်လိုက်လျှင်...

"ဟော့.. မေးနေတာကိုဖြေဦး"

နှုတ်ခမ်းနီဘူးကို သူ လုယူပစ်လိုက်သည်။ မော် က နောက်ထပ်တစ်ဘူးကိုကောက်ဖွင့်၏။ သူမပုံစံက မိတ်ကပ်ပြင်နေတာနှင့်မတူဘဲ အသိမဲ့စွာ ထင်ရာလုပ်နေသလိုပင်..။

"တောက်.. ကွာ.."

စိတ်တိုလာသည်နှင့် သူမပခုံးကိုကိုင်လိုက်တော့ အရှိန်ပြင်းပြင်းနှင့် ပုတ်ထုတ်ပစ်လိုက်ကာ...

"မကိုင်နဲ့၊ ရှင့်အလုပ် အရေးကြီးသလို ကျွန်မအတွက်လဲ အရေးကြီးတယ်"

"ဘာပြောတယ်"

"ရှင်.. လွှတ်.."

သူ လိုက်ဆွဲသမျှ ပုတ်ချပစ်ကာ မော် က ထပ်ဝတ်အင်္ကျီအပါးလေးကိုဆွဲယူပြီး ဝတ်ဖို့ပြင်လိုက်လျှင်...

"ဝတ်မနေနဲ့၊ မသွားရဘူး"





မင်းနေရာ က အင်္ကျီကိုဆွဲယူပြီး လုံးထွေးပစ်ပေါက်လိုက်သည်။ မော် ၏မီးဝင်းဝင်းတောက်သောမျက်လုံးတွေကို သူ့ဆီ ရောက်လာ၏။

"ရတယ်၊ ကျွန်မ ဒီတိုင်းသွားလဲဖြစ်တယ်"

"ဟော့.."

"အို!... မကိုင်နဲ့..၊ သွား..."

သူ အတင်းပြန်ဆွဲလိုက်တော့ မော့် ကိုယ်လေး ဒယိမ်းဒယိုင်ပါလာ၏။ မပြီးဆုံးနိုင်သည့်မျက်ရည်တွေ သူမပါးပြင်မှာ စီးလာခဲ့ပြန်ကာ...

"ရှင်ကတော့ အလုပ်ကြိုးစားနေတဲ့ အိမ်ထောင်ဦးစီးကောင်းပေါ့ ဟုတ်လား၊ ကျွန်မကို ဘယ်လိုထားခဲ့မှာလဲ၊ ရှင့်ရဲ့ညီမတစ်ယောက် အဖြစ်လား၊ ရှင် ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ မိန်းမဆိုးတစ်ယောက် အနေနဲ့လား"

"နေဦး.. မော်..."

"မထိနဲ့နော်.. ရှင်..."

မော် က သူ့လက်နဲ့လွတ်အောင် ထပ်ဆုတ်ပစ်လိုက်ပြီး...

"ရပ်ကွက်ကို အပ်ခဲ့မှာလား၊ ဦးသုဝေ ဆိုတဲ့ သူဌေးကြီးဆီမှာလား ပြောစမ်းပါ၊ ကျန်ခဲ့ရမယ်ဆိုရင်လဲ ကျွန်မ ဘယ်လိုပုံစံနဲ့ ကျန်ခဲ့ရမှာလဲ သိပါရစေ"

"မော်.. ကိုယ်..."

"ရှင် ဘာရည်ရွယ်ချက်တွေနဲ့ ဟန်ဆောင်ကောင်းနေတာလဲ ဦးမင်းနေရာ၊ ဇာတ်လမ်းတွေထဲကလို ကျွန်မနဲ့ပတ်သက်တဲ့ မကျေနပ်ချက်တစ်ခုခုကြောင့်လား၊ မဟုတ်ရင် ဘာလဲ..၊ ဒီမိန်းမကို ရအောင် ယူနိုင်တယ်ဆိုတဲ့ အဖြစ်တစ်ခုကိုပဲ လိုချင်တာလား၊ ရှင် ကျွန်မကို... ကျွန်မကို..."

မော် ငိုပြန်ပါပြီ။

www.burmeseclassic.com



မင်းနေရာ သည် သူမကို နားမလည်နိုင်သည့် မျက်ဝန်းများနှင့် ကြည့်နေလျက်…

"ကိုယ်.. ကိုယ်… အဲဒီပုံစံမျိုးပေါက်နေသလား၊ မင်းအတွက် အကောင်းဆုံးဖြစ်ဖို့ကြိုးစားခဲ့သမျှ မင်းမျက်လုံးထဲမှာ ဒီတိုင်းပဲမြင်နေခဲ့ တယ်ပေါ့"

"ဟုတ်တယ်.. ရှင် တော်ပါတယ်၊ ကျွန်မမှာမရှိတဲ့ ဥပေက္ခာ မျိုး၊ ကျွန်မ မမြင်ဘူး မကြုံဘူးခဲ့တဲ့ ဥပေက္ခာတွေ ရှင် ထားနိုင်တယ်"

"လုံးဝမဟုတ်ဘူး၊ မင်းကို ကိုယ် အရမ်းကိုမြတ်နိုးခဲ့တာ"

"ဟွန်း… မြတ်နိုးတယ် ဟုတ်လား၊ မြတ်နိုးခဲ့တယ်ပေါ့၊ ဒါဆို အခု ကျွန်မဘဝ ပျက်စီးသွားပြီဆိုတော့ ရှင်နဲ့ကျွန်မ မတန်တော့လို့ ထွက်သွားဖို့ပြင်တာလား"

"မဟုတ်ဘူး မှော်..၊ အဲဒါ လုံးဝကိုခက်တာကွာ.."

သူ မှော့် ပခုံးစွန်းလေးမှာလက်တင်ထားရင်း မျက်နှာအပျက်ကြီး ပျက်နေ၏။ ပြီးတော့ မှောင်ရိပ်သမ်းနေပြီမို့ မီးခလုတ်ကို လှမ်းဖွင့် လိုက်ကာ..

"ဒီခရီးကို ကိုယ် မသွားလို့မဖြစ်ဘူး၊ အဲဒါ…"

"သွားလေ.. သွားလို့ပြောနေတာပဲ"

မှော် ငိုသံလေးနှင့်ပြန်အော်ကာ အပြင်ကိုထွက်ပြေးဖို့ လှည့်လိုက် သော်လည်း ဆတ်ခနဲပြန်ပါသွားကာ သူ့ရင်ခွင်ထဲကိုပဲ…၊

"ကိုယ် ဒီထက် မထိန်းချုပ်နိုင်တော့ဘူး"

မင်းနေရာ သည် မှော့် မျက်နှာလေးကို မက်မောမြတ်နိုးစွာ ဖိကပ်နမ်းနေ၏။ စည်းတင်ထားသည့်ဆံပင်တွေကို ဖြေချပစ်လိုက်၏။

ထိုစဉ် ဖုန်းမြည်သံက တိုးလျစွာထွက်ပေါ်လာခဲ့လျှင် ဖုန်းကိုပိတ် ပစ်လိုက်ပြီး မှော့် ကိုယ်လေးကို ပွေ့ယူလိုက်သည်။





"ရှင်.. ရှင် ဘာလုပ်မလို့လဲ၊ အမေ့!…"

မွေ့ရာပေါ်ကို ပစ်ကျသွားသည်နှင့် ထပ်ဝတ်အင်္ကျီမပါသေးဘဲ လည်စည်းလေးချည်းရှိနေသော ကိုယ့်ရင်ဘတ်ကိုသတိရကာ ခေါင်း အုံးဆွဲယူပြီး ရင်ဘတ်ပေါ်မှာ ကပ်ထားလိုက်မိသည်။

သို့သော် ထိုခေါင်းအုံးကို ဆွဲဖယ်ပစ်လိုက်ပြီး မှော့် မျက်နှာလေး ထက်မှာ သူ့ကိုမြင်လိုက်ရလျှင် မှော် 'အား' ခနဲအော်ကာ မျက်လုံးတွေ ကို ပိတ်ပစ်လိုက်မိ၏။ အနမ်းတို့သည် ရင်ခုန်မှေမှုးဖွယ်မဟုတ်ဘဲ ထိတ်လန့်ကြောက်ရွံ့ခြင်းတွေ ကမ္ဘာပြိုမတတ်ဖြစ်ခဲ့ရကာ…

မှောင်မိုက်လာခဲ့သည့်ညသည် ရင်ခုန်သံများ၏ စည်းချက်နှင့်အညီ ခုန်ပေါက်မြူးထူးနေခဲ့လျက်..။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [ ၃၂ ]

''မှော် စောင်ကြီးဖယ်ပါကွာ၊ စကားပြောရအောင်''

''ဟင့်အင်း၊ ရှင် ဒီထဲကထွက်''

''ဘကယ် ထွက်သွားရမှာလား''

''သွား..''

သူ ခပ်သဲ့သဲ့ရယ်ပြီး စောင်နဲ့ရစ်ပတ်ထားသည့် မှော့် ကိုယ်လုံးလေးကို ပွေ့ဖက်ထားလိုက်သည်။

''ကိုယ်သွားမယ်ဆိုတော့ တအားအော်ငိုတာ ဘယ်ချာတိတ်မလေးလဲ''

မှော့် အသံလေးတိတ်သွား၏။

''မျက်နှာလေးတော့ဖော်ပါကွာ၊ နော်.. ချာတိတ်က လိမ္မာတယ်''

''ရှင် သူများကို အဲဒီလိုအမွေ ဘာမှမယူဘူးဆိုပြီးတော့..၊ လုံးဝမကျေနပ်ဘူး၊ သွားဆို သွားနော်''

''ပြီးရော..၊ ကိုယ်ကလဲ မသွားတော့ဘူးလို့ဆုံးဖြတ်ပြီးပြီဆိုတော့ ဒီအိပ်ရာပေါ်ကနေ ခြေတစ်ဖဝါးတောင်ခွာမှာမဟုတ်ဘူး၊ အဲဒီတော့..''

''ရှင်.. ရှင် ဖယ်နော်..၊ လွှတ်.. ခုလွှတ်လိုက်''





ခေါင်းမှာဆွဲခြုံထားသည့်စောင်ကို အတင်းဖယ်ချပစ်လိုက်တာနှင့် မှော် အသည်းအသန် ထ,အော်သည်။ ပြီးတော့ စောင်ကို မရမကဖိဆွဲထားပေမယ့် မနိုင်တော့မှန်းသိလိုက်ကာ...

''အဲဒီမီးရောင်ကြီး ပိတ်ပစ်ပေး''

''မျက်နှာလေးကို ကြည့်ချင်လို့ပါဆို.. ဘာဖြစ်လို့လဲ''

''ဟင့်အင်း.. ရှက်တယ်''

မီးရောင်မှောင်ကျသွားပြီဆိုမှ စောင်ကိုဖယ်ရဲသည်။ သူ့မျက်နှာကိုလည်း မကြည့်ရဲ၊ အသံကြားတာတောင် ရင်တွေတုန်သည်။ အဲကွန်းဖွင့်ထားလျက်နှင့် မှော့် ကိုယ်မှာ ချွေးစို့လျက်...

''ဟိတ်.. ဘယ်ကိုလဲ''

''ရှင်နော်..''

မှော် အသံတွေတုန်ကာ ငိုချပစ်လိုက်သည်။ ခုတင်ပေါ်ကနေ ဆင်းပြေးဖို့ပြင်သည့် မှော့် ကိုယ်လေးကို စောင်ထုပ်လေးအတိုင်း သူ သိမ်းဖက်ထားလိုက်ကာ....

''အရမ်းရှက်နေလားဟင်၊ ကိုယ် တောင်းပန်ပါတယ်၊ တကယ်ပါ၊ အခွင့်အရေးယူလိုက်တာ လုံးဝမဟုတ်ဘူး၊ ကိုယ် အခွေ့ဆန်သွားမှန်းသိပေမယ့် ကိုယ်လေ မင်း ကိုယ့်အတွက် ခံစားတတ်နေမှန်းသိလိုက်ရတော့ စိတ်တွေလှုပ်ရှားကုန်တာ ထိန်းလို့မရဘူး၊ မင်းဆီမှာ ကိုယ့်အတွက် တစ်နေရာစာယူနိုင်ဖို့ ဒီအချိန်မှာ မျှော်လင့်မထားခဲ့တော့ ဒါ ဘယ်လိုမှ ကြိုတင်စိတ်ကူးမယဉ်မိခဲ့တဲ့ ခံစားချက်သပ်သပ်ပါ''

''ရှင် ကျွန်မဆီက ရယူနိုင်တာတွေကို ရွတ်ပြီး ပီတိဖြစ်နေတာလား''

''ဟုတ်တယ်..၊ မင်းရဲ့ အလေးထားဂရုစိုက်မှုတွေ ကိုယ်ဒီနေ့ ရခဲ့တယ်၊ ပြီးတော့ မင်းရဲ့ဘဝကို ဒီနေ့မှ ကိုယ် တကယ်ပိုင်ဆိုင်ခဲ့ရတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဦးမင်းနေရာ..."

"ဟင်!..."

မော် သည် ဘာကိုဒေါသထွက်သွားမှန်းမသိဘဲ နောက်ကနေသိုင်းဖက်ထားသည့်လက်တွေကို ဆွဲဖြုတ်ပစ်ကာ မျက်နှာချင်းဆိုင်လှည့်လိုက်သဖြင့် မွေ့ရာက သိမ့်ခနဲညွတ်သွားခဲ့၏။ ပြီးတော့...

"ရှင်က အချစ်ကို စိတ်မဝင်စားတတ်တဲ့လူလား၊ ဒါမှမဟုတ် သူများကိုလဲ ချစ်ချင်၊ သူများဆီကအချစ်ကိုလဲ မမျှော်လင့်တတ်တာလား၊ ရှင့်စကားထဲမှာ အချစ်နဲ့ပတ်သက်တာ ဘာမှမပါပါလား..ဟင်..၊ ရှင် အခု ကျွန်မဘဝကိုသိမ်းပိုက်ပစ်လိုက်တာ ကျွန်မဘက်က ငြင်းဆန်နိုင်စွမ်းမရှိခဲ့တာလဲ ဖြစ်နိုင်တယ်လို့တော့ မတွက်ခဲ့မိဘူးလား"

မင်းနေရာ သူမကိုပဲ တိတ်ဆိတ်စွာကြည့်နေခဲ့၏။

"ဒီလိုမဟုတ်ဘူးဆိုရင် ကျွန်မ ဘယ်လိုခံစားချက်တွေ ဖြစ်နေနေ ငါလိုချင်ရင် ယူနိုင်တာပဲဆိုတဲ့ အောင်နိုင်သူအပြုံးကိုပဲ အလိုရှိခဲ့တာလား"

"တစ်ခုမှမဟုတ်ဘူး မော်၊ အချစ်ဆိုတာကို ကိုယ် တန်ဖိုးထားတတ်တယ်၊ ဒါပေမယ့် မင်း သတ်မှတ်ထားသလိုတော့ တစ်ထပ်တည်းကျချင်မှကျမယ်"

"မကျနိုင်ဘူးလေ၊ ရှင့်ရင်ထဲမှာ အချစ်မှမရှိတာ"

"သိပ်ရှိတာပေါ့၊ မြတ်နိုးတယ်ဆိုတာ ချစ်တဲ့စိတ်နဲ့ အစပျိုးပြီးမှ ဖြစ်လာတာပဲ၊ မင်းအတွက် ဘာမဆို ကိုယ် ဖြစ်ပေးနိုင်တာ၊ မင်းကို ပျော်စေချင်တာ၊ အရိပ်တကြည့်ကြည့်နဲ့ တစိမ့်စိမ့်ငေးနေချင်တာတွေ အားလုံးက ချစ်တယ်ဆိုတာထက် လေးနက်တယ်၊ မြတ်နိုးခြင်းရဲ့ သက်ရောက်မှုတွေဟာ နူးညံ့နွေးထွေးပါတယ်၊ တစ်ခုတော့ရှိတယ် မော်၊ မင်း ကြားဖူးနေကျစကားတွေထဲမှာ ကိုယ်က ချစ်တယ်ဆိုတဲ့





စကားကို ရောနှောပြောသွားမှာ မဟုတ်ဘူး၊ အဲဒါ..."

သူ ခဏရပ်သွားပြီးမှ ပင့်သက်တစ်ရှိုက်နှင့်အတူ...

"ချစ်တယ်ဆိုတာတွေထက် အများကြီး ချစ်ခဲ့လို့ပါ"

သူ မော့် ပခုံးလေးနှစ်ဖက်ကို ဖွဖွလေးကိုင်ပြီးမှ ခပ်ဖိဖိဖျစ်ဆုပ်၏။ ပြီးတော့ ရှေ့ကိုဆွဲယူရင်း သူ့မျက်နှာငုံ့ကျသွားကာ...

"မင်းဟာ ကိုယ် မြတ်နိုးတန်ဖိုးထားရဆုံး ထာဝရပွင့်လန်းနေမယ့် အသည်းပန်းလေးတစ်ပွင့်ပါ"

ကြာရှည်သောအနမ်းများနှင့် ချော့သိပ်ခြင်းမှာ မော် ဆုပ်ဆွဲပတ်ခြုံထားခဲ့သည့်စောင်လေး ပခုံးထက်ကနေ လျှပ်လီလျှပ်လဲ့လျှောဆင်းသွားခဲ့၏။ မော့်မော့်လေးရှိနေသော မော့် ရဲ့မျက်ဝန်းထောင့်ကနေ မျက်ရည်တစ်စက် အောင်နိုင်သူအပြုံးနှင့် တရွေ့ရွေ့ စီးမျောသွားသည်။

ကြည်နူးရင်ခုန်ခြင်းများနှင့် သူ့ကျောပြင်ကို ပြန်ဖက်ထားမိသည်။ ထို့နောက် အနမ်းတို့ကို တဒင်္ဂရပ်ဖယ်သွားချိန်မှာ မော် သူ့ရင်ခွင်ထဲ တိုးဝင်ခဲ့ရင်း...

"ရှင့်ကို ချစ်တယ်"

"မော် ရယ်.."

ကြည်နူးချမ်းမြေ့ခြင်းဖြင့် မော့် ကိုယ်လေးကိုပွေ့ပိုက်ရင်း ဆံပင်တွေကို အထပ်ထပ် နမ်းမိ၏။

သူမ မွန်းကျပ်နေမလားလို့တွေးမိတာတောင် တင်းကျပ်စွာ ဖက်ထားမိသည့်လက်တွေကို ဖြေချမပေးချင်..။

"ကိုယ့်ကို ချစ်တယ်" မေးတာမဟုတ်ဘဲ သူ နောက်ထပ်ရေရွတ်ပြီး မော့် မေးဖျားလေးကို မော့်ယူငေး၏။

"မော် လေ ကိုယ်ကမပေးချင်ဘဲနဲ့ ရှင့်ဆီက အများကြီးလိုချင်လာခဲ့တယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ ပြော..၊ အားလုံးပေးမယ်"

"အချစ်ပြီးရင် နောက်ထပ်အချစ်"

"ပေးမယ်"

"အို!.:. သူများပြောတာ မပြီးသေးဘူး..၊ ဖယ်..."

"ဒါဆို ဆက်ပြော"

"ဖယ်ပါဆို..၊ ဒီမှာ..."

"ခြုံမနေပါနဲ့ကွာ၊ လင်မယားဖြစ်သွားပြီ၊ မရှက်ရဘူး"

"ဟင့်အင်း၊ ဦးမင်း... မလုပ်နဲ့"

"မှောင်နေတာ ဘာမှမမြင်ရဘူး"

စောင်ကို ခုတင်အောက်ကျသွားအောင် တွန်းပစ်လိုက်ကာ မေ့ကိုယ်လေးကို သူ ဖက်ထားလိုက်ပြီး...

"ညနေတုန်းကတော့ ဒီတိုင်းပဲ မြို့ထဲသွားမလို့ဆို..၊ ကိုယ့်ကျမှ ရှက်နေရလား"

"အဲဒါ တမင်ရွဲ့ပြောတာ"

"ဟုတ်လား၊ ကိုယ့်မှာတော့ ကိုယ့်ပစ္စည်းလေး သူများငေးသွားမှာစိုးလို့ အမိအရဆွဲပြီး..."

"အနိုင်ကျင့်တာ.."

"ချစ်တာပါကွာ.."

သူက မေ့ ပခုံးလေးကို ငုံ့နမ်းသည်။ ပြီးတော့ လည်တိုင်နုနုလေးမှာ ခဏနားကာ...

"ကိုယ်လေ မင်းနဲ့ မင်းရဲ့အလှတွေကို တစ်ယောက်တည်း သိမ်းပိုက်ထားချင်ခဲ့တာ သိလား၊ ကိုယ်တို့ မျှော်စင်ကျွန်းကဆိုင်လေးမှာ ဆုံဖြစ်ကြတုန်း မင်း ဝတ်လာတာ မှတ်မိလား"

"အင်း.. တမင်ဝတ်လာတာလေ၊ အရမ်းဟော့ထ်တဲ့မိန်းမဆိုပြီး





လန့်သွားအောင်လို့.."

"လန့်တော့လန့်သွားတယ်၊ မင်းအလှကိုမြင်ပြီး ကိုယ် ရင်တွေ တအားလှုပ်ခါသွားတော့ တခြားရောင်တွေ ဒီလိုဖြစ်သွားမှာစိုးတာ၊ မင်းကို ကိုယ် ပိုင်ဆိုင်တဲ့ကမ္ဘာ.. အဲ...မဟုတ်ဘူး အိမ်ဖြစ်ဖြစ်၊ ခြင်းကလေး၊ တောင်းကလေးဖြစ်ဖြစ် တစ်ခုခုထဲမှာ ထည့်ပိတ်ထားချင်တယ်၊ မဖြစ်နိုင်မှန်း သိတော့လဲ မင်းသွားလေရာ တကောက်ကောက်လိုက်ပြီး မင်းရဲ့တစ်ပေပတ်လည်လောက်ကို ပဝါပါးလေးသိုင်း ခြုံပတ်ပေးထားချင်တယ်"

"အဲဒီလောက်ထိတောင်..."

"ဘယ်ကမလဲ၊ မင်း ရယ်မှာစိုးလို့ မပြောတော့ဘူး၊ အားလုံးကို ဘာမှလဲမတတ်နိုင်ခဲ့ဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက ကိုယ့်ကို ကြည့်တာတောင် မကြိုက်ခဲ့ဘူးမို့လား၊ မုန်းပြီး အဝေးကိုရောက်သွားမယ့်အစား ကိုယ်ပိုင်ဆိုင်ခွင့်ရနေမယ်ဆိုရင် ဘာဖြစ်ဖြစ် ကိုယ် တတ်နိုင်ရမှာပေါ့၊ အဲဒါကြောင့် ကိုယ်..."

"ပြောင်းလဲနေနိုင်တာကိုတော့ မတွေးမိခဲ့ဘူးလား"

"တကယ်ပါ၊ အဲဒါ ကိုယ်ညံ့ခဲ့ပါတယ်၊ ကိုယ်က မင်းထက် အသက်ကြီးတယ်လေ၊ ပြီးတော့ မင်း သဘောမကျဘူးဆိုတဲ့ ချစ်ဖူးအံ့လို ရုပ်ချောချောကောင်လေးနဲ့ယှဉ်ရင်တောင် ကိုယ့်ရုပ်က အများကြီး ကြမ်းပါတယ်"

"မေ့ မျက်လုံးထဲမှာတော့ ရှင်တစ်ယောက်ကပဲ ခန့်ညားဆုံးပါ"

သူက ရယ်ပြီး မေ့ ပါးလေးကို လက်နဲ့ဖျစ်သည်။ မေ့ က သူ့လက်ကို ထပ်အုပ်ကိုင်ကာ...

"ဦးမင်း..."

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



"မော် လေ ချစ်ဖူးအံ့ နဲ့ ဘာမှမငြိစွန်းခဲ့ဘူး"

"ဘယ်လို!..."

သူ မော့် မျက်နှာကို ဖျတ်ခနဲပင့်လိုက်ပြီး သေချာကြည့်၏။ မီးမှိတ်ထားပေမယ့် အပြာရောင်မီးရောင်လေးနဲ့ ကျင့်သားရသွားပြီမို့ တစ်ယောက်မျက်လုံးထဲကို တစ်ယောက်က မြင်နေရသည်။

မော် ကလည်း သူ့မျက်နှာကို မော့်ငေးနေလျက်...

"မော် တကယ်ငြိစွန်းခဲ့ရင် ရှင့်ရဲ့ရှေ့ကို ပြန်ရောက်လာမှာမဟုတ်ဘူး သိရဲ့လား"

"ဟင်!..."

ဟုတ်သည်။ ဒါကို သူ တွေးမိဖို့ကောင်း၏။

မော် ဟာ သူမကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်ခဲ့တဲ့ မိန်းကလေး..၊ အပြစ်အတွက် ဒီလိုစွန့်စားခဲ့ပြီဆိုရင်လည်း နောက်ထပ်ကြောက်မက်ဖွယ် ဆုံးဖြတ်ချက်တစ်ရပ်လည်း ရှိထားပြီးဖြစ်လိမ့်မည်။

"မော်ရယ်.. မင်း..."

"ဟုတ်တယ်၊ အဲဒီခဓာတ်ပုံတွေ ပျောက်ပျက်သွားဖို့အတွက် ဘာဖြစ်ဖြစ်ပေးရဲပေမယ့် အရှက်ကို ေ...လိုက်ရရင်တော့ အသက်နဲ့အရှက် လဲသွားဖို့ ဆုံးဖြတ်ပြီးသား.."

"ကျွတ်!..."

သူ မော့် မျက်နှာလေးကို ရင်ခွင်ထဲမှာ ဆွဲယူဖိကပ်ထားလိုက်ပြီး ရုတ်တရက် စကားပင်မပြောနိုင်၊ ပူကျူးမရစိတ်နှင့် သွေးဆူပြီး မော့်ကို သူ အပြစ်တင်ခဲ့သည်။

သူမကိုယ်တိုင် ဒီလိုဖြစ်ခဲ့တဲ့ပုံစံနှင့် ပြောဆိုနေတာမို့ ဤသို့ရှိခဲ့နိုင်တာကို အနည်းငယ်မျှပင် မတွေးမိခဲ့ပေ..။

မော် ရှိုက်ကြီးတငင်ငိုကြွေးခဲ့တာတွေကို ပြန်တွေးမိကာ ရင်ခုန်သံ





တွေဖြစ်လာခဲ့တာက ထိတ်လန့်တကြား..၊

မော့် ရင်ထဲမှာသာ သူ့ကို တိမ်းညွတ်နေသည့်စိတ်လေး ရှိမထားခဲ့လျှင် ဒါမှမဟုတ် သူမသာ ဟိုအများအတွက် အသက်ပေးသွားခဲ့လျှင်...

"ဒါတွေ ဘာဖြစ်လို့ မင်း သိသွားခဲ့တာလဲ မော် ရယ်၊ ကံကောင်းလို့ကွာ..."

မော့် ကိုသာ ဆုံးရှုံးလိုက်ရလျှင်ဆိုသည့်မိဟ်နှင့် ပျော့နွဲ့သင်းပျံ့နေသည့်ဆံနွယ်တွေကို ချောက်ချားမပြေစွာ နမ်းနေမိသည်။

"မော် ပြောတာ ယုံလားဟင်"

"ထားလိုက်တော့ကွာ၊ မင်း ဘာဖြစ်ဖြစ် ကိုယ်မြတ်နိုးတဲ့စိတ်က လျော့သွားမှာမဟုတ်ဘူး၊ ထပ်မပြောနဲ့တော့ နော်.. မကြားချင်ဘူး"

"ဘာဖြစ်ဖြစ်ဆိုပေမယ့် မော် က ကိုယ်ချစ်တဲ့သူကိုပဲ မော့် ရဲ့ တစ်ဘဝလုံး ပုံအပ်ချင်တာလေ၊ မသန့်စင်တဲ့ကိုယ်နဲ့ ရှင့်ရင်ခွင်ထဲကို ဝင်ချင်ပါ့မလား"

"ဟုတ်ပါပြီ၊ ကိုယ် ပဲ့ပါတယ်"

"ပြီးတော့ ချစ်ဖူးအံ့ ကလဲ မာနနဲ့သိက္ခာနဲ့ လူတစ်ယောက်ပါ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး သူ အားလုံးကို ဖျက်ချပေးမယ်လို့ ကတိပေးတယ်၊ အဲဒါ မော့် ဘဝနဲ့ရင်းပြီး လဲလှယ်ယူခဲ့တဲ့ကတိစကားပါ၊ သူနဲ့ မော် ဘာမှမဖြစ်ပေမယ့် ဒီကတိစကားက လေးနက်တယ်ဆိုတာ မော် ယုံတယ်"

"ကိုယ် ကျေးဇူးတင်ပါတယ်၊ ဒီလိုယောကျ်ားမျိုးလဲ ရှားပါတယ်၊ သူ့ရဲ့ဂုဏ်သိက္ခာနဲ့ကျေးဇူးကို တုံ့ပြန်တဲ့အနေနဲ့ သူ့ဒခဖေအပေါ်မှာ သက်ရောက်စေဖို့ ကိုယ်ပြင်ဆင်ထားခဲ့တာတွေကို ရုပ်သိမ်းပေးလိုက်မယ်"

"ဟင်!... ရှင့်မှာလဲ အဲဒီလိုတွေ ပြင်ဆင်ထားတာရှိတာ..."

"ရှိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မော် ဘာမှမသိရှာပါ။ ဒီဓာတ်ပုံကလေးတွေကနေ ကျယ်ပြန့်သွားခဲ့သည့် ဂယက် ဘယ်လောက်ထိပြင်းထန်လာမလဲဆိုတာ..။

"မော်.."

"ဟင်.."

"ကိုယ် အမေရိကားကို မသွားလို့မဖြစ်ဘူး"

"ဘာ!..."

မော့် ကိုယ်လေး တောင့်သွားကာ ရှန်းထွက်ဖို့ပြင်တော့ သူ အတင်းပြန်ဖက်ထားကာ...

"ကိုယ် နည်းနည်းပြောပြမယ်၊ ဒီပြဿနာနဲ့မဆိုင်တော့ဘူးလို့ ပြောလို့ရပေမယ့် ဒါကြောင့်ရှုပ်ထွေးခဲ့တဲ့ တချို့ကို ကိုယ် သွားရှင်းရမယ်၊ အဲဒါ ချစ်ဖူးအံ့ ပေးတဲ့ကဇာကို မယုံကြည်တာမဟုတ်ဘူး၊ အစကတည်းက သူ့ရဲ့အဖေ ဦးမြမင်းအံ့ က ငွေဖြူ နည်းနည်းပါးပါး ပြပြီး နောက်ကွယ်က မကောင်းမှုတွေလုပ်နေတဲ့ သူဌေးတွေရဲ့ လက်ကိုင်တုတ်"

မော် တအံ့တဩဖြစ်သွား၏။

"ကိုယ်နဲ့တိုက်ရိုက်မဟုတ်ခဲ့ပေမယ့် ဘဏ်တွေကိုဖောက်ထွင်းဖို့ ကြိုးစားနေတဲ့ သူတို့နဲ့ ဘဏ်လုံခြုံရေးတွေ ပရိုဂရမ်ဆွဲနေတဲ့ ကိုယ်တို့ သားအဖ မကြာခဏ ထိပ်တိုက်ဆုံမိဖို့တွေ ဖြစ်ခဲ့တယ်၊ ပြောရရင်ကွာ ကိုယ့်ဒက်ဒီက အရမ်းကိုလျှို့ဝှက်ခက်ခဲတဲ့ ဆော့ဖ်ဝဲတစ်ခုကို တီထွင်နိုင်ခဲ့တဲ့အတွက် အဲဒါကြောင့်ပဲ သူများလုပ်ကြံခံခဲ့ရတာ.."

"ဟင်!..."

နားထောင်နေရင်း မင်းနေရာ ဘယ်လိုလူစားလဲဆိုတာကို မော် နားလည်လာခဲ့၏။

"ကိုယ့်လက်ထက်ကျတော့ ဂိမ်းပရိုဂရမ်လေးတွေပဲ ရေးတယ်၊





လုပ်ငန်းကြီးပိုင်းတွေ လာချိတ်သမျှ ဘာမှလက်မခံခဲ့ဘူး၊ ဒါပေမယ့် လုံခြုံရေးပရိုဂရမ်တစ်ခုအတွက် စပြီး အခန်းအောင်းပြီဆိုကတည်းက အန္တရာယ်ပေးမယ့်သူတွေ ဝိုင်းလာတယ်"

သူ့မျက်နှာကိုကြည့်နေရင်း မော် စွန့်စားမှုဝတ္ထုဇာတ်လမ်းတစ်ပုဒ်ကို ဖတ်နေရသလို စိတ်ဝင်တစားဖြစ်လာခဲ့၏။

"ဘာပဲဖြစ်ဖြစ် ကိုယ် အလုပ်တစ်ခုလုပ်ပြီဆိုရင် ပြီးစီးအောင် အဆုံးသတ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ နောက်ထပ်ရေးဆွဲမယ့် ပရိုဂရမ်ဟာ ကိုယ့်ဘဝဖြစ်နေလို့..."

"အဲဒါ ရှင် ပိုင်တယ်ဆိုတဲ့..."

"ဟုတ်တယ်၊ အဲဒီဘဏ်အတွက် သူတို့က မင်းရဲ့ဓာတ်ပုံနဲ့ လုံခြုံရေးကို ဖျက်ဆီးဖို့ကြိုးစားကြတာ"

"သူတို့က ရှင် အပိုင်မှန်း မသိဘူးပေါ့"

"မသိဘူး၊ မင်းကလွဲပြီး ဒီမှာ ဘယ်သူမှမသိဘူး၊ ဟိုမှာလဲ ကိုယ် ဒါကို လျှို့ဝှက်စုစည်းထားခဲ့တာလေ၊ အဲဒါကြောင့် ဒီဓာတ်ပုံကိစ္စ မရှိတော့ပေမယ့် သူတို့ဘက်က နစ်နာခဲ့တာတွေရှိခဲ့တာရယ်၊ သူ့ရဲ့ back ground တွေ အများကြီးရှိနေသေးတာရယ်ကြောင့် ကိုယ်မရှိလို့ မဖြစ်ဘူး"

"ခုလဲ ရှင် ဒီမှာနေပြီး ဟိုကိုထိန်းချုပ်ထားတာပဲမို့လား"

"အဆင်မပြေတာတွေ အများကြီးရှိတယ် မော်၊ နိုင်ငံခြားမှာ အင်တာနက်ကွန်ယက်ကို ကလစ်တစ်ချက်နှိပ်တိုင်း လိုသလိုဖန်ဆင်းလို့ရတယ်၊ အထူးသဖြင့် တီထွင်သူတွေရဲ့အပိုင်းမှာ အများကြီးလွတ်လပ်တယ်၊ ဒီမှာ မရဘူး"

"ဒါပေမယ့် မကောင်းမှုဒုစရိုက်တွေ ကျူးလွန်ဖို့လွယ်တာ အဲဒီ နိုင်ငံတွေပဲ ဦးမင်း ရဲ့..၊ မြန်မာပြည်မှာ ရှင် ပိုပြီးလုံခြုံတယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းနေရာ က ခေါင်းညိတ်လိုက်သည်။

"မှန်တယ်၊ ဒါပေမယ့် ကိုယ် ဟိုမှာနေရမယ့်အချိန်နဲ့ မြန်မာပြည်မှာနေဖို့အချိန်ကို မင်းရဲ့ပျော်ရွှင်ခြင်းနဲ့ ပြန်ပြီး List လုပ်ရမှာ"

"ဟင်!.. ဘယ်လိုလဲ"

"မင်းကို ကိုယ် မထားခဲ့နိုင်ဘူးလေ၊ သွားလေရာပါအောင်ခေါ်နိုင်ဖို့က မင်း လိုက်ချင်ဖို့က ရှိသေးတယ်"

မော် အသံတိတ်သွားတော့ သူက မျက်နှာအောက်ကနေ လိုက်ငုံ့ကြည့်ကာ...

"ဘယ်လိုလဲ..၊ ကိုယ်နဲ့လိုက်မနေနိုင်ဘူးလား"

"ရှင်နဲ့နေချင်တယ်၊ ဒါပေမယ့်..."

"အကြာကြီးမဟုတ်ဘူး၊ မင်းမျက်နှာညှိုလာတာနဲ့ ကိုယ် ပြန်ပို့ပေးမယ်"

"ရှင်က ကျန်ခဲ့ပြီးတော့လား.."

"တစ်ခါတလေ ဒီလိုမျိုးလဲရှိချင်ရှိမယ်"

"မော် ရှင့်ကိုချစ်မိတာ မှားပြီထင်တယ်"

"ဘာ!... ဘယ်လို..."

သူ ထိတ်ထိတ်ပျာပျာမေးတော့ မော် က သူ့ရင်ခွင်တစ်ခြမ်းမှာ ပါးလေးကပ်မှီလိုက်ရင်း...

"သိပ္ပံပညာရှင်တွေဟာ သူတို့ဘဝကို သူတို့ရဲ့စမ်းသပ်ခန်းထဲမှာပဲ ထားကြတာ၊ ရှင်နဲ့ ရှင့်အမေဘောင် အိမ်ထောင်ရေးပြိုကွဲခဲ့တယ်မို့လား"

"မော်ရယ်.. ကိုယ့်မှာလဲ အဲဒီလို မသာယာခဲ့တဲ့ မိသားစုဘဝရဲ့သာဓကတွေ ရှိခဲ့တာပဲ၊ ဒီလို ဘယ်တော့မှအဖြစ်မခံဘူး၊ မာမီ စိတ်ဆင်းရဲနေတာ၊ အရွဲ့တိုက်ခဲ့တာတွေကိုကြည့်ပြီး ဒက်ဒီ့ကို ချစ်လို့ပဲဆိုတာ ကိုယ် ခံစားမိတယ်၊ ဒက်ဒီ့ကို မာမီ့အတွက်လဲ အချိန်ပေးစေချင်တဲ့စိတ်





တွေလဲ ဖြစ်ခဲ့ဖူးတယ်၊ ကိုယ့်အိမ်ထောင်ရေးကျရင် ကိုယ် မြတ်နိုးနိုင်တဲ့ မိန်းမကိုပဲ လက်ထပ်မယ်၊ အဲဒီမိန်းမအတွက် ကိုယ့်ရဲ့ဝါသနာက တစ်ဖက်စောင်းနင်း မဖြစ်ရဘူးဆိုတဲ့ ဆုံးဖြတ်ချက်တွေလဲရှိခဲ့တယ်၊ အခု ကိုယ့်အလုပ်ခန်း ဒီမှာရှိပေမယ့် မင်းအတွက် ကိုယ် အတတ်နိုင်ဆုံး နွေးထွေးခဲ့တာပဲ၊ တကယ်ဆိုရင် ဒက်ဒီက မာမီချစ်သလောက် မချစ်တတ်ခဲ့ဘူးလို့ ပြောရမလား..."

"ဘာဖြစ်လို့လဲ"

"မင်းအတွက် ကိုယ် အချိန်ပေးခဲ့တာတွေဟာ တကူးတက ထုတ်နုတ်ဖန်တီးရတာမှမဟုတ်တာ၊ မင်းကိုသတိရတဲ့အချိန်တွေက အလုပ်ခန်းထဲအထိ ပါလာတာ၊ မင်းနားမှာနေရရင် ကျေနပ်နေတဲ့ခံစားချက်တွေကို ကိုယ် အလိုရှိနေတာ၊ အဲဒါတွေက အားလုံး ရင်ထဲကဖြစ်တဲ့ အတိုင်းပဲ"

မော် က ရယ်သည်။ ပြီးတော့ သူ့လည်တိုင်ကို နှုတ်ခမ်းနှင့်ထိရုံလေး မော့နမ်းလိုက်ကာ...

"ယုံနေပြီ၊ ရှင် ဘယ်သွားသွား လိုက်မယ်၊ ဘယ်နေရာဖြစ်ဖြစ် ရှင် ရှိနေရင် ပျော်မယ်"

"တကယ်နော်"

"အင်း.."

မင်းနေရာ ကပြောနေရင်း ခလုတ်ဆီလက်လှမ်း၍ မီးဖွင့်ပစ်လိုက်၏။

"အို!... ဘာလုပ်လိုက်တာလဲ"

မော် မျက်လုံးလေးပြူးကာ ဟိုဆွဲဒီဆွဲနှင့်၊ ဘာမှမမိတော့ မွေ့ရာခင်းကို အတင်းဆွဲခြုံဖို့ ကြိုးစား၏။

"ဘာဖြစ်လဲကွာ..၊ ကိုယ့်မိန်းမ ဒီလောက်လှတာကို မှောင်မှောင်မည်းမည်းထဲမှာပဲ ပြီးရမှာလား"



www.burmeseclassic.com

www.burmeseclassic.com

ပြီး

"ဘာ!..."

"မိုးလင်းသွားမှာကို ပြောတာ"

"ဟင့်အင်း...၊ ဒီမှာ ဖရိုဖရဲနဲ့.. ရှင်...ရှင်နော်..."

"ရှက်ရင် ကိုယ့်ရင်ခွင်ထဲဝင်လိုက်၊ မှောင်သွားလိမ့်မယ်"

သူ့အနမ်းတွေ သိုသိပ်နွေးထွေးစွာ ဖြန့်ခင်းလာခဲ့၏။ မငြိမ်မသက်လှုပ်ခတ်နေသော အတင်းဖိပိတ်ထားသည့် မှော့် ရဲ့မျက်တောင်ရှည်လေးတွေကို သူ မြတ်နိုးစွာနမ်းခဲ့သည်။

ထို့နောက် နှုတ်ခမ်းသားလေးတွေနားမှာ မထိတထိ တိုးကပ်ရင်း...

"ထပ်ပြော... ချစ်တယ်လို့.."

မှော့် နှုတ်ခမ်းလေး ပြုံးယောင်သမ်းသွားကာ...

"ရှင့်ကို ချစ်တယ်"

ပရိသတ်အတွက်

ထာဝရ

ပြီး



BURMESE CLASSIC .com
www.burmeseclassic.com